အဋ္ဌကထာသံဂါယနာ

ဓုတီယသန္ဓိပါတ

သံဂါယနာစီစစ်ခဏ်း

ဓုတီယအုပ်

ပါဝင်သော အခက်များ

(၁) [illegible]
(၂) [illegible]
(၃) [illegible]



နိုင်ငံတော်ဗုဒ္ဓသာသနာအမွဲ

[illegible] ၂၅၀၂ [illegible]

၂၈၇၈

အဌကထာသံဂါယနာ

ဒုတိယသဋ္ဌိပါတ

သံဂါယနာစီစစ်ခဏ်း

ဒုတိယအုပ်

ပါဝင်သော အခက်များ

(၁) [illegible]
(၂) [illegible]
(၃) [illegible]



နိုင်ငံတော်ရှုခွဲသာသနာအဖွဲ့

[illegible] ၂၅၀၂ [illegible]



အ နီး စခန်းဆရာတော်

အဋ္ဌကထာသံဂါယနာ ဒုတိယသန္နိပါတ မဟာဓမ္မသဘင်ကြီးတွင် ဒီဃနိကာယ် မဟာဝဂ္ဂအဋ္ဌကထာနှင့် မဇ္ဈိမနိကာယ် အဋ္ဌကထာကြီးများကို စီစစ်လျှောက်ကြား တော်မူသော စစ်ကိုင်းတောင်ရိုး အနီးစခန်းချောင် အဂ္ဂမဟာပဏ္ဍိတ အနီးစခန်း ဆရာတော်ဘုရားပုံ



မဟာစည်ဆရာတော်

အဋ္ဌကထာသံဂါယနာ ဒုတိယသန္နိပါတ မဟာဓမ္မသဘင်ကျင်းပစဉ် ဖွင့်ပွဲနေ့(၁၁-၁၁-၅၇)၌ မဟာပဒါန သုတ် အဋ္ဌကထာမေးဖြေခက်းတွင် အမေးပုစ္ဆကအဖြစ်နှင့် နောက်ရက်များတွင် ဒီဃနိကာယ်-မဟာဝဂ္ဂ အဋ္ဌကထာရှေပိုင်းကို စီစစ်လျှောက်ကြားတော်မူသော ရုန်ကုန်မြို အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်ဘုရားပုံ



ဆရာတော် အရှင်ဝစ္ဆသာရာဘိဝံသ

အဋ္ဌကထာသံဂါယနာ ဒုတိယသန္နိပါတ မဟာဓမ္မသဘင်ကျင်းပစဉ် ဖွင့်ပွဲနေ့(၁၁-၁၁-၅၇)၌ မဟာပဒါန သုတ်တော် အဋ္ဌကထာမေးဖြေခက်းတွင် အဖြေဝိဿဇ္ဇကအဖြစ် ဆောင်ရွက်တော်မူသော မင်းကွန်း ဓမ္မနာဒတိုက် တိပိဋကဓရဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော် ဘုရားပုံ

အဋ္ဌကထာသံဂါယနာစီစဉ်ခက်ား

နိဒါန်း

ဆဋ္ဌသံဂါယနာတင်ခြင်း

သုံးလောကထွဋ်ထား ရှင်တော်မြတ်ဘုရား ဟောကြားတော်မူခဲ့သည့် သုတ်ဝိနည်းအဘိဓမ္မာ ဟူသော ပိဋကတ်သုံးဖြာ တရားရတနာကို နှစ်ကြာတည်တံ့ အရှည်ခံရန် မြောင့်ရွယ်ရည်လျက် ရှေးရှေး သာသနာပြုမင်းတို့သည် ပိဋကတ်သုံးပုံဆောင် မဟာထေရ်မြတ်ကြီးများကို အားထားရှေးရှု အမှီပြု၍ စတုပစ္စယမြောက်ခြီးလျက် ကြီးကျယ်သော သံဂါယနာဓမ္မသဘင်ကြီးများကို ငါးကြိမ်တိုင်တိုင် ဆင်ယင်စေခဲ့ကြဘိသကဲ့သို့ ယခုခေတ်တွင် ဗုဒ္ဓသာသနာတော် အထွန်းကားအစည်ပင်ဆုံးဟု ဆိုအပ်သော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၌ နိုင်ငံတော် သမ္မတကြီးမှအစ တောင်သူလယ်သမား အလုပ်သမားအဆုံး လူတန်းစား အားလုံး အမျှားဆုံးသော ဗုဒ္ဓဘာသာနယ်ဝင်တို့ကလည်း ဗုဒ္ဓမြတ်စွာသာသနာတော်၏ နှစ်ကြာစည်ပင် ကြည်လင်ထွန်းလင်းနိုင်ရေးကို ရှေးရှုနှလုံးသွင်းကြလျက် နိုင်ငံတော်တွင်းရှိ ပိဋကတ္တယဆေက ဂန္ထဓုရပါရဂူ နေလအတူ ထင်ရှားတော်မူကြသော ဆရာတော်ဘုရားကြီးများကို လျှောက်ထား၍ ထေရဝါဒငါးနိုင်ငံလုံးရှိ ရဟန်းရှင်လူတို့နှင့် တိုင်ပင်ညှိညှိတ်လျက် ၁၃၁၄-ခုနှစ်မှစ၍ နှစ်နှစ်ပတ်လုံး ရန်ကုန်မြို့ သီရိမင်္ဂလာကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ဝယ် ထွဋ်မြတ်ကြီးကျယ် အံ့ဘွယ်သရဲ ထူးကဲစည်ကားလှသော ဆဋ္ဌသံဂီတိ ပါဠိတော်သံဂါယနာကို ငါးရာ ငါးရာစီသော ထေရဝါဒသံဂီတိကာရက အရှင်မြတ်တို့သည် တညီတညွတ်တည်း ရွတ်ဖတ်လျက် ငါးရပ်ငါးကြိမ်သော သန္နိပါတတို့ဖြင့် ဓမ္မသဘင် ဆင်ယင်နိုင်ခဲ့ကြလေသည်။

အဋ္ဌကထာသံဂါယနာ

ထိုသန္နိပါတ ငါးကဏ္ဍဝေဘန်၍ သံဂါယနာတင်ခဲ့ကြသည့် ပိဋကတ္တယ ဓမ္မတော်အစဉ်သည်—

(၁) ဓမ္မဂဏ္ဌိရ = သဘာဝနိရုတ္တိပါဠိ၏ နက်နဲခြင်း။

(၂) အတ္ထဂဏ္ဌိရ = ယထာဘူတသဘာဝတ္ထ၏ နက်နဲခြင်း။

(၃) ဒေသနာဂဏ္ဌိရ = ထိုဓမ္မအတ္ထ နှစ်ဌာနဘို့ကို သဘာဝအလျောက် ရွေးကောက် ဟောပြောမှု၏ နုက်နဲခြင်း။

(၄) ပဋိဝေဓဂမ္ဘီရ = ထိုသုံးဖြာကို ယထာဘူတ ကျနထင်ရှု သိမြင်မှု၏ နက်နဲခြင်း-ဟု ဆိုအပ်သော နက်နဲခြင်းလေးဝကြောင့် ပါဠိတော်၏ သဘာဝတ္ထ အလင်းပြဖြစ်သော ပကိဏ္ဏကဒေသနာ အဋ္ဌကထာကို မြတ်စွာဘုရားဟောကြား ညွှန်ပြတော်မူသောအတိုင်း ရှေးရှေးသံဂါယနာသဘင်တို့ဝယ် တင်တော်မူခဲ့ကြသည့် ထိုးတမ်းစဉ်လာအရ ဤဆဋ္ဌသံဂါယနာသဘင် ဆင်ယင်ရာ၌လည်း အဋ္ဌကထာသံဂါယနာသဘင်ကို ၁၃၁၈-ခု နတ်တော်လပြည့်ကျော် ၉-ရက် ဗုဒ္ဓဟူးနေ့မှစ၍ ဆက်လက် ဆင်ယင်ခဲ့ကြပေသည်။

အဋ္ဌကထာစီစစ်ချက်များ စီစဉ်ဟောကြားရပုံ

ဤသို့ အဋ္ဌကထာသံဂါယနာဝင် ဆင်ယင်ကျင်းပရာဝယ် ယခင်ပါဠိတော်သံဂါယနာတွင် ပါဠိတော်ဆိုင်ရာ ခဲရာခက်ဆစ် စီစစ်ဝေဘန်ရာတို့ကို အမေးအဖြေပြုလုပ်၍ ထုတ်ပြရှင်းလင်းခဲ့ကြရသကဲ့သို့ အဋ္ဌကထာဆိုင်ရာ ဝေဘန်စရာ အသွယ်သွယ် အဓိပ္ပါယ်ပုဒ်နက် စီစစ်ချက်တို့ကို ထုတ်နုတ်ဟောကြားခြင်းဖြင့် တိကၠပုဂ္ဂိုလ်တို့ သံသယကင်းရှင်းခြင်း, မန္ဒပုဂ္ဂိုလ်တို့ သိသာထင်ရှားသဒ္ဓါပွါးခြင်းစသော အကျိုးတို့ကို မြော်ကိုးထောက်ရှုတော်မူလျက် ဟောပြောခြင်းငှါ စွမ်းနိုင်သော ပခုက္ကူမြို့ မဟာဝိဇယာရာမတိုက် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ဘုရားကြီး၊ ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ဘဒန္တသုန္ဒရမဟာထေရ်၊ စစ်ကိုင်းမြို့အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်နှင့် ရန်ကုန်မြို့ သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော်တို့အား ဆဋ္ဌသံဂါယနာ သံဃာ့ဝန်ဆောင်အဖွဲ့က ဟောပြောရေးအတွက် တာဝန်ဆောင်နှင်းတော်မူခဲ့သည့်အတိုင်း အထက်ပါဆရာတော်တို့က အဋ္ဌကထာ သံဂါယနာ ပဌမသန္နိပါတမှစ၍ အဋ္ဌကထာစီစစ်ချက်တို့ကို သက်ဆိုင်ရာအဖွင့်သံဝဏ္ဏနာ မှတ်သားဘွယ်ရာဝတ္ထုအကိုးအကားတို့ဖြင့် သန္နိပါတတိုင်း နေ့လယ် တနာရီမှ တနာရီ ၄၅-မိနစ် အထိ စီစစ်ဟောကြားတော်မူခဲ့ရာ ဓမ္မသဘင်သို့ တက်ရောက်သော သံဃာတော် အရှင်မြတ်များနှင့် တရားတော်နာ လာရောက်ကြသည့် လူပရိသတ်တို့မှာ မပြတ်သဒ္ဓါပွါး၍ အားရရွှင်လန်း ဝမ်းပန်းတသာ ရှိကြရပေသည်။

စီစစ်ချက်ကို ပုံနှိပ်ထုတ်ဝေခြင်း

နိုင်ငံတော်ဗုဒ္ဓသာသနာအဖွဲ့ကလည်း အဋ္ဌကထာကျမ်းတို့၏ အနှစ်အမြုတေဖြစ်သော ယင်းစီစစ်ချက်တို့ကို မပျောက်မပျက်ရန်နှင့် ဓမ္မသဘင်သို့ မဝင်ရောက်မနာ

ကြားနိုင်ကြသော နိုင်ငံတော်တွင်းရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူအများတို့ ထင်ရှားသိသာ လေ့လာ ကျင့်သုံးနိုင်ကြရေး အတွက် ကျမ်းစာအုပ်အဖြစ် စက်တင်ပုံနှိပ်ရန် စီစဉ်ဆုံးဖြတ်ခဲ့သည့် ဖြစ်သောကြောင့် ဤအဋ္ဌကထာ စီစစ်ချက်များကို အသံသွင်းဓာတ်ကြိုးမှ ကြိုးကြိုးစားစား ကူးယူလျက် စက်တင်ပုံနှိပ်ခဲ့ခြင်းဖြင့် ဤအဋ္ဌကထာစီစစ်ချက်ဟူသော ကျမ်းစာတဆူသည် ထွက်ပြူဖြစ်ပေါ်၍ လာခဲ့ရပေသည်။

ဤကျမ်းစာဖြင့် သာသနာစောင့် ရှောက်နိုင်ပါစေ

ဤအဋ္ဌကထာ စီစစ်ချက် ကျမ်းစာကို ဖတ်ရှုခြင်းဖြင့် အဋ္ဌကထာ ကျမ်းတို့ဝယ် မြုပ်ကွယ်နေသော အနက်အဓိပ္ပါယ်တို့ကို အလွယ်တကူ သိမြင်နိုင်သဖြင့် ယခင်က ထွက်ပေါ်ပြီးသော ပါဠိတော် အမေးအဖြေ ဖြစ်သည့် သံဂါယနာအမေးအဖြေကျမ်းနှင့် ပါဠိတော် မြန်မာပြန်ခေါ် မြန်မာပိဋကတ် ကျမ်းစာများ၏ အဓိပ္ပါယ်အခက်အခဲတို့ကို နက်နဲသလောက် ထိရောက်စွာ စိတ်ဖြာလျက် သိသာပွင့်လင်းအောင် သန့်ရှင်းစွာ စီစစ်ထားသည်ဖြစ်ရကား ယခင်ကျမ်းများကို ကြည့်ရှုဘူးသူတို့အဖို့ ပိုမို၍ အသိဉာဏ်တိုးပွါးလျက်၊ ယခင်ကျမ်းများကို မကြည့်ရှုရသူတို့ အဖို့လည်း အဋ္ဌကထာ ဗုဒ္ဓဘာသိတ ပကိဏ္ဏကဒေသနာအဓိပ္ပါယ်ထွတ်တို့ကို ကျကျနန သိမြင်နိုင်မည် ဖြစ်သဖြင့်၊ မဟာသမုဒ္ဒရာအတွင်း၌ နစ်မြုပ်၍နေကြကုန်သော ရတနာခုနစ်ပါးတို့ကို လွယ်လင့်တကူ ယူဆောင်သုံးစွဲနိုင်သကဲ့သို့၊ အံ့ဘွယ်ရှစ်ဖြာ မဟာသမုဒ္ဒရာ အလား မြတ်စွာဘုရား၏ သာသနာတော်မြတ်ကြီးမှ ဝိမုတ္တိရသ အမတ အမြိုက် ချမ်းသာတိုက်ကြီးကို နှိုက်ယူသုံးစွဲနိုင်ကြမည်ဖြစ်သောကြောင့်၊ ဤ အဋ္ဌကထာ စီစစ်ခဏ်းကျမ်းစာကို ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင်း မှီတင်းနေထိုင်ကြသူ ရဟန်းရှင်လူတိုင်း ရှင်ဖြူနှစ်သိမ့် ပီတိစိမ့်အောင် တမြိန့် မြိန့်လေ့လာကြပြီးလျှင် ဗုဒ္ဓဘာသာ သာသနာကို နှစ်ကြာတိုးတက် ရောင်ဝါ ထွက်အောင် ဆောင်ရွက်နိုင်ကြပါစေသတည်း။

အဂ္ဂမဟာပဏ္ဍိတ အရှင်နာဂံသာဘိဝံသ
အဂ္ဂမဟာပဏ္ဍိတ အရှင်ဝိသုဒ္ဓါဘိဝံသ
အကျိုးတော်ဆောင် ဆရာတော်များ
ဆဋ္ဌသံဂါယနာ ဝန်ဆောင်သံဃအဖွဲ့။

ဒုတိယသန္နိပါတ

အဋ္ဌကထာသံဂါယနာစီစစ်ခဏ်း

မာတိကာ

အကြောင်းအရာ					စာမျက်နှာနံပါတ်
မဟာပဒါနသုတ်အဋ္ဌကထာ မေးဖြေ	....	....	....		၁
ပုဗ္ဗေနိဝါသ စသည် အဖွင့်	....	....	....	....	၅
ပုဗ္ဗေနိဝါသဉာဏ် ရသူများ	....	....	....	....	၆
ကပ္ပပရိစ္ဆေဒဝါရ	....	....	....	....	၇
အာယုပရိစ္ဆေဒဝါရ	....	....	....	....	၁၀
အသက်ရှည်သည့် ပုဂ္ဂိုလ်တွေ	....	....	....		၁၂
ဥပဋ္ဌာကပရိစ္ဆေဒဝါရ	....	....	....	....	၁၂
နာဂသမာလ ရဟန်း	....	....	....	....	၁၄
မေဃိယ ရဟန်း	....	....	....	....	၁၅
အမြဲတမ်း အလုပ်အကျွေး	....	....	....	....	၁၆
ပယ်-လေးပါး	....	....	....	....	၁၇
ယူ-လေးပါး	....	....	....	....	၁၈

အဂ္ဂမဟာပဏ္ဍိတ, မဟာစည်ဆရာတော် စီစစ်ချက်များ

မဟာဝဂ္ဂအဋ္ဌကထာစီစစ်ခဏ်း

မဟာပဒါနသုတ်

ကျယ်ဝန်းလှသည့် မဟာပဒါန	....	....	....	၂၁
ဘာဏဝါရဆိုတာ	....	....	....	၂၂
ဥဒ္ဒေသကိုသာ ဟောရခြင်းမှာ	....	....	....	၂၃
သမ္မဟုလဝါရ	....	....	....	၂၄
ယုံမှားဖြစ်စရာတွေ	....	....	....	၂၅
မယုံကြည်သျှင် တရားမရနိုင်	....	....	....	၂၅

အကြောင်းအရာ					စာမျက်နှာနံပါတ်
ထူးဆန်းမှ အံ့သြစရာ	....	....	....	....	၂၆
ဗုဒ္ဓဘာသာ တရားအလို	....	....	....	....	၂၇
သူတို့အကြိုက်	....	....	....	....	၂၇
ဘုရားရှင်တို့ သားတော်များ		....	....	....	၂၈
ဗုဒ္ဓဝင်စာအုပ်ကလေး	....	....	....	....	၂၈
ကြင်ယာတော်များ	....	....	....	....	၂၉
ယာဉ်တော်များ	....	....	....	....	၃၀
အယမေတ္ထ ဓမ္မတာ	....	....	....	....	၃၀
သူအိုနိမိတ်	....	....	....	....	၃၁
အပြစ်တင် ဝါဒဖြန့်ချက်	....	....	....	....	၃၂
ခမည်းတော်ဆန္ဒ	....	....	....	....	၃၃
ဘုရားဖြစ်ပုံအခဏ်း	....	....	....	....	၃၄
အနေကဇာတင် ပဉ္စဇောမှု	...	....	....	....	၃၇
တဏှာလက်သမားကြီး	....	....	....	....	၃၈
နောက်နှစ်ဂါထာ အဆုံးအဖြတ်	....	....	....	....	၄၁
ပရိသတ်ရှစ်ပါးသို့ကြွ၍ တရားဟောခြင်း		....	....		၄၂
သူတို့ အသင်္ဂလိုဘဲ မြင်ရသည်	....	....	....		၄၃
ဆင်းတုတော်နှင့် မင်းမြောက်တန်းဆာ		....	....		၄၄
ဇမ္မုပတိ ချွတ်ခဏ်းမရှိ	....	....	....	....	၄၅
ဘာသာစကား	....	....	....	....	၄၅
တရားဟောစဉ်မှာ မသိကြ	....	....	....	....	၄၆
ဝါသနာဖြစ်စေရန်	....	....	....	....	၄၇
အမြတ်ဆုံးပူဇော်ခြင်း	....	....	....	....	၄၈
အဘယ့်ကြောင့် ပယ်မြစ်သနည်း	....	....	....		၅၀
ရဟန်းတော်ကို ရည်ရွယ်ရင်း	....	....	....	....	၅၁
လောကီသုခထက် သာလွန်တဲ့ ချမ်းသာ		....	....		၅၂
သိကြားမင်းနှင့် နှိုင်းကြည့်	....	....	....	....	၅၂
အာမိသဖြင့် သာသနာ မတည်တံ့နိုင်	....	....	....		၅၄

အကြောင်းအရာ					စာမျက်နှာနံပါတ်
အကျင့်ဖြင့်သာ တည်စေနိုင်သည်	....	....	....		၁၁
ဓမ္မ နှင့် အနုဓမ္မ	....	....	....	....	၁၅
အနောက်နိုင်ငံက အယူအဆ	....	....	....		၁၆
အနုဓမ္မစာရီ	....	....	....	....	၁၆
ဒကာ-ဒကာမတို့ အဘို့	....	....	....	....	၁၈
နောက်ဆုံးမိန့်ခွန်းတော်	....	....	....	....	၁၉
တရားကို ပညတ်တယ်ဆိုတာ	....	....	....		၆၀
အတိုချုပ်ဆိုလိုရင်း....	....	....	....	....	၆၁
ဘုရားအရာ တည်ရစ်လိမ့်မည်	....	....	....		၆၂
အကွရာတလုံး ဘုရားတဆူကိစ္စ	....	....	....		၆၃
အပ္ပမာဒတရား	....	....	....	....	၆၃
အပ္ပမာဒသည် ပိဋကသုံးပုံချိန်သည်	....	....	....		၆၅

အဂ္ဂမဟာပဏ္ဍိတ, အနီးစခန်း ဆရာတော် စီစစ်ချက်များ

မဟာပရိနိဗ္ဗာနသုတ်

အဇာတသတ်ကြားလျှင် နှလုံးကွဲလိမ့်မည်	....	....		၆၇
အဇာတသတ်ထံ လျှောက်ကြားခဏ်း....	....	....		၆၈
အဇာတသတ်ဖြစ်ထွေ	....	....	....	၆၉
အဇာတသတ်မင်း တမ်းတခြင်း	....	....	....	၇၁
ဓာတ်တော်များအတွက် ရာဇသံပို့ခြင်း	....	....		၇၂
ပါဝါပြည်သားတို့ နောက်ကျပုံ	....	....	....	၇၃
ခုနစ်ပြည်ထောင်မင်းများ ဝိုင်းရံခြင်း	....	....		၇၄
ကုသိနာရုံမှ ပြန်ကြားလိုက်ပုံ	....	....	....	၇၄
စစ်ဖြစ်လျှင် ကုသိနာရုံက နိုင်ဘို့ရှိခြင်း	....	....		၇၆
ဒေါဏပုဏ္ဏား	....	....	....	၇၆
ခန္ဓိဝါဒဖြင့် ဖျောင်းဖျခြင်း	....	....	....	၇၇
မင်းအပေါင်းတို့ ငိုကြွေးခဏ်း	....	....	....	၈၁
ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခဏ်း	....	....	....	၈၂

အကြောင်းအရာ စာမျက်နှာနံပါတ်

လက်ျာ စွယ်တော် ၈၂
ဒေါ်ကပုဏ္ဏား ဖြစ်အင် ၈၃
ဓာတ်တော်ပူဇော်ခဏ်းများ ၈၄
မိစ္ဆာဒိဋ္ဌိတို့ ကဲ့ရဲ့ခြင်း ၈၅
သိကြားမင်းအား တိုက်တွန်းကြပုံ ၈၅
သိကြားမင်း၏ ပရိယာယ် ၈၆
အဇာတသတ်အား ပြောကြားခဏ်း ၈၇
စေတီ တည်ကြခြင်း ၈၈
ဓာတ်တော် သိုမှီးခြင်း ၈၈
နဂါးတို့ သိမ်းသွားသော ဓာတ်တော် ၈၉
မဟာသာဝက စေတီ ၉၀
စေတီတော် အစီအစဉ် ၉၀
ရှင်မဟာကဿပ အဓိဋ္ဌာန်ခြင်း ၉၃
အဇာတသတ်၏ စာတမ်း ၉၃
ဝိသကြုံနတ်သား ၉၄

သင်္ကပဉ္ဉသုတ်တော်

သင်္ကပဉ္ဉသုတ်အစ ၉၇
ကြောင့်ကြ ဖြစ်ပုံ ၉၈
ပဋ္ဌနိမိတ်ငါးပါး ထင်လာလျှင် ၉၈
သိကြားမင်း သေဘေးမှ ကြောက်ပုံ ၉၉
ဘုရားသာလျှင် တတ်နိုင်ရာ၏.... .... ၁၀၀
ရှေးတုန်းက သွားခဲ့စဉ် ၁၀၂
သိကြားမင်း၏ အကြံ ၁၀၃
ပဉ္စသိခ နတ်သား ၁၀၄
ဗေလုဝပဏ္ဍု နတ်စောင်း ၁၀၆
ဂန္ဓဿာလလိုဏ်ဂုဟ် စုဝေးကြခြင်း ၁၀၇
လူတွေ အံ့သြကြပုံ ၁၀၈
ဘုရားထံချဉ်းကပ်ဘို့ မလွယ်ကူ ၁၁၀

အကြောင်းအရာ				စာမျက်နှာနံပါတ်
မြတ်စွာဘုရား သီတင်းသုံးလေ့ရှိပုံ	....	....	....	၁၁၁
ပဉ္စသိခ၏ စောင်းသံ	....	....	....	၁၁၂
မြတ်စွာဘုရားက ချီးကျူးခြင်း	....	....	....	၁၁၃
မြတ်စွာဘုရား၌ သာယာမှု မရှိ	....	....	....	၁၁၄
ဘာကြောင့် ချီးကျူးရသလဲ	....	....	....	၁၁၆
မြတ်စွာဘုရားက မိန့်တော်မူပုံ	....	....	....	၁၁၈
သီကြားက ပြန်၍လျှောက်ခြင်း	....	....	....	၁၁၈
နတ်ပြည်၏ ဓမ္မသတ်	....	....	....	၁၁၉
ဗိမာန်နှစ်ခု ကြားထဲဖြစ်လျှင်	....	....	....	၁၂၀
ဘုရားပွင့်လျှင် နတ်ပြည်စည်ကားသည်		....	....	၁၂၁
ဂေါပက နတ်သား	....	....	....	၁၂၂
သီလေသု ပရိပူရကာရိနီ	....	....	....	၁၂၃
မိန်းမအဖြစ် ငြီးငွေ့ပုံ	....	....	....	၁၂၃
ဂန္ဓဗ္ဗနတ်သား သုံးဦး	....	....	....	၁၂၄
အတိတ်က အဖြစ်အပျက်	....	....	....	၁၂၅
ကုတော မုခါ	....	....	....	၁၂၇
နှစ်ဦး သံဝေဂရခြင်း	....	....	....	၁၂၇
ပုစ္ဆာမေးခွန်း လျှောက်ထားခြင်း	....	....	....	၁၂၈
ဘာကြောင့် ငြိမ်းချမ်းရေး မရနိုင်သလဲ		....	....	၁၂၉
ငြိမ်းချမ်းရေး ဖျက်ဆီးသူများ	....	....	....	၁၃၀
ဣဿာမစ္ဆရိယ သဘာဝ	....	....	....	၁၃၁
ဣဿာ၏ လက္ခဏာစသည်	....	....	....	၁၃၂
မစ္ဆရိယ၏ လက္ခဏာစသည်	....	....	....	၁၃၃
အာဝါသ မစ္ဆရိယ	....	....	....	၁၃၄
ကုလ မစ္ဆရိယ	....	....	....	၁၃၅
လာဘ မစ္ဆရိယ	....	....	....	၁၃၆
ဝဏ္ဏ မစ္ဆရိယစသည်	....	....	....	၁၃၆
တနည်း မစ္ဆရိယ၏ အပြစ်များ	....	....	....	၁၃၇

အကြောင်းအရာ				စာမျက်နှာနံပါတ်
သောတာပန်သာ ပယ်နိုင်သည်	....	....	....	၁၃၇
ကမ္ဘာ့မီးတောက်ကြီးတွေ	....	....	....	၁၃၈
ဣဿာမစ္ဆရိယ ဘယ်သူ့ကြောင့်ဖြစ်သလဲ	....	....		၁၃၉
ချစ်ခြင်း, မုန်းခြင်းကြောင့် ဖြစ်၏	....	....	....	၁၄၀
အဓိပ္ပါယ် အကျယ်	....	....	....	၁၄၀
ချစ်ခြင်း, မုန်းခြင်း ဘာကြောင့်ဖြစ်သလဲ	....	....		၁၄၃
ချစ်ခြင်း, မုန်းခြင်းသည် တဏှာဆန္ဒကြောင့်ဖြစ်၏	....	....		၁၄၄
ဆန္ဒ ငါးပါး	....	....	....	၁၄၄
ပရိယေသန ဆန္ဒ	....	....	....	၁၄၅
ပဋိလာဘ ဆန္ဒ	....	....	....	၁၄၅
ပရိဘောဂ ဆန္ဒ	....	....	....	၁၄၆
သန္နိဓိ ဆန္ဒ	....	....	....	၁၄၆
ဝိဿဇ္ဇန ဆန္ဒ	....	....	....	၁၄၆
ဆန္ဒသည် ဝိတက်ကြောင့်ဖြစ်၏	....	....	....	၁၄၇
ဝိတက္ကနိဒါနော အကျယ်	....	....	....	၁၄၈
ဝိနိစ္ဆယ နှစ်မျိုး	....	....	....	၁၄၉
ဣဋ္ဌာရုံ နှင့် အနိဋ္ဌာရုံ	....	....	....	၁၄၉
ဝိတက်ဖြင့် ဆုံးဖြတ်ပုံ	....	....	....	၁၄၉
ဝိတက်၏ အကြောင်းရင်း	....	....	....	၁၅၀
သံသရာမဲ့သမား သုံးဦး	....	....	....	၁၅၁
အကျင့်ကို မေးလျှောက်ခြင်း	....	....	....	၁၅၂
ဝေဒနာ ကမ္မဋ္ဌာန်း	....	....	....	၁၅၃
နာမ်တရားက ပို၍ထင်ရှား၏	....	....	....	၁၅၄
ကမ္မဋ္ဌာန်း နှစ်မျိုး	....	....	....	၁၅၅
နာမ်ကမ္မဋ္ဌာန်း နှလုံးသွင်းပုံ သုံးမျိုး	....	....	....	၁၅၆
ဖဿပဉ္စမက တရားတွေ ဖြစ်ကြပုံ	....	....	....	၁၅၆
ဖဿပဉ္စမက၏ မှီရာ	....	....	....	၁၅၈
အကြောင်းအကျိုးအားဖြင့် ရှုလျှင်	....	....	....	၁၅၈

အကြောင်းအရာ စာမျက်နှာနံပါတ်.

တထိုင်တည်းဖြင့် အရဟတ္တဖိုလ်သို့ ၁၅၉
ဝေဒနာထင်ရှားခြင်း ဟောသည် ၁၆၀
ဥပေက္ခာ ပြဘို့ခဲယဉ်း၏ ၁၆၁
ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးဟောသည့် သုတ်တော်များ ၁၆၂
ဝေဒနာကမ္မဋ္ဌာန်း အကျယ် ၁၆၃
မမှီဝဲအပ်သော သောမနဿ ၁၆၅
မှီဝဲအပ်သော သောမနဿ ၁၆၆
နေကွမ်းသိတ သောမနဿ ၁၆၇
သေဝိတဗ္ဗံ အကျယ် ၁၆၈
သာလွန်သော သောမနဿ ၁၆၈
ရဟန်းနှစ်ပါး အရဟတ္တဖိုလ် တည်ကြပုံ ၁၆၉
အဝိတက္ကအဝိစာရ မြတ်ပုံ ၁၇၀
ဒေါမနဿဝေဒနာ ခွဲပြခက်း ၁၇၀
ဂေဟသိတ ဒေါမနဿ ၁၇၁
နေကွမ်းသိတ ဒေါမနဿ ၁၇၂
မှီဝဲအပ်သော ဒေါမနဿ ၁၇၃
ယံ စေ သဝိတက္ကံ သဝိစာရံ အကျယ် ၁၇၃
မှတ်သားအပ်သော နည်း ၁၇၄
အရဟတ္တဖိုလ် ရနိုင်ခဲ့၍ နှလုံးမသာယာပုံ ၁၇၅
မဟာသီဝ မထေရ်ကြီး ဝတ္ထု ၁၇၆
အားလပ်ခွင့် မရှိသော မထေရ်ကြီး ၁၇၇
သတိတရား ဖြစ်စေခြင်း ၁၇၉
အရည်ဝါသီ ခိုလှုံခြင်း ၁၈၀
မထေရ်မြတ်ကြီး၏ စိတ်အထင် ၁၈၁
မျက်ရည်တွေ့ ယိုစီးလာခြင်း ၁၈၂
အနှစ်သုံးဆယ် ကြာသည့်အခါ ၁၈၂
နတ်သမီးက ပြက်ရယ်ပြုခြင်း ၁၈၃
ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း ၁၈၄

အကြောင်းအရာ					စာမျက်နှာနံပါတ်
တပည့် သုံးသောင်းတို့ လာကြခြင်း	....	....	....		၁၈၄
သိကြားလာပြီး ခြေဆေးပေးခြင်း	....	....	....		၁၈၅
လူ၏အနှံကို နတ်မခံနိုင်	....	....	....	....	၁၈၆
သီလ ရနှံ့	....	....	....	....	၁၈၆
ပဏ္ဍိတတရ ဖြစ်ပုံ	....	....	....	....	၁၈၈
ဥပေက္ခာဝေဒနာခဏ်း	....	....	....	....	၁၈၈
မမျိုဝဲအပ်သော ဥပေက္ခာ	....	....	....	....	၁၈၈
မျိုဝဲအပ်သော ဥပေက္ခာ	....	....	....	....	၁၈၉
ဥပေက္ခာ သရုပ်ခဲ့	....	....	....	....	၁၉၀
ဒေသနာတော် နိဂုံး	....	....	....	....	၁၉၁
ထိုက်တန်သမျှ အမြိုက်တရား ရရှိကြ၏		....	....		၁၉၂
သိကြားဘဝ ဝန်ဖြစ်လဲပုံ	....	....	....	....	၁၉၃
သိကြားမင်း အကြံဖြစ်ပြန်ပုံ	....	....	....	....	၁၉၃
မြင့်မြတ်သောပြဿနာ ၁၄-ရပ်		....	....	....	၁၉၄
သိကြားမင်း၏ ဘဝအဆုံး	....	....	....	....	၁၉၄
သိကြားမင်း၏ အနာဂတ် သံသရာ	....	....	....	....	၁၉၅
သုခဘာဂိပုဂ္ဂိုလ် သုံးဦး	....	....	....	....	၁၉၅
သိကြားမင်းအား ပြက်ရယ်မှု မပြုကြရာ		....	....		၁၉၆

မဇ္ဈိမနိကာယ် စီစစ်ခဏ်း

ဓမ္မဒါယာဒသုတ်တော်					
ဓမ္မအမွေကိုသာ ခံယူကြကုန်	....	....	....	....	၁၉၇
သင်တို့လည်း ကဲ့ရဲ့စရာဖြစ်လိမ့်မည်		....	....	....	၁၉၈
ငါဘုရားအားလည်း ကဲ့ရဲ့စရာဖြစ်လိမ့်မည်		....	....	....	၁၉၈
သင်တို့လည်း ကဲ့ရဲ့ဘွယ်မဖြစ်	....	....	....	....	၁၉၉
ငါဘုရားလည်း ကဲ့ရဲ့ဘွယ်မဖြစ်		....	....	....	၁၉၉
ထို့ကြောင့် တရားအမွေကိုသာ ခံကြကုန်			....	....	၁၉၉
အဋ္ဌကထာဆရာ၏ ပဋိညာဉ်	....	....	....	....	၂၀၀

အကြောင်းအရာ				စာမျက်နှာနံပါတ်
ပစ္စည်းတွေ့ ပေါများလှခြင်း	....	....	....	၂၀၀
ဘုရားရှင်အား ရှာဖွေကြခြင်း	....	....	....	၂၀၁
ရဟန်းတို့အားလည်း ပေါများလှကုန်၏		....	....	၂၀၁
ပစ္စည်းဝေဘန်မှုဖြင့်သာ အချိန်ကုန်၏	....	....	....	၂၀၃
သိက္ခာပုဒ် ပညတ်ချိလည်း မဖြစ်နိုင်	....	....	....	၂၀၃
လောကုတ္တရာ တရားကိုသာ ယူကြကုန်		....	....	၂၀၅
ဓမ္မနှစ်မျိုး	....	....	....	၂၀၅
အာမိသနှစ်မျိုး	....	....	....	၂၀၆
မုချဓမ္မ	....	....	....	၂၀၆
ပရိယာယ်ဓမ္မ	....	....	....	၂၀၆
မုချအာမိသ	....	....	....	၂၀၆
ပရိယာယ် အာမိသ	....	....	....	၂၀၇
မုချဓမ္မသည် ဘုရား၏ဥစ္စာ	....	....	....	၂၀၇
ပရိယာယ်ဓမ္မလည်း ဘုရား၏ဥစ္စာ		....	....	၂၀၉
မုချအာမိသသည် ဘုရားပစ္စည်း		....	....	၂၀၉
ဆွမ်း ပစ္စည်း	....	....	....	၂၁၀
ကျောင်း ပစ္စည်း	....	....	....	၂၁၀
ဆေး ပစ္စည်း	....	....	....	၂၁၁
ပရိယာယ်အာမိသသည်လည်း ဘုရားဥစ္စာ		....	....	၂၁၂
ဓမ္မဒါယာဒါ မေ ဘိက္ခဝေ အဓိပ္ပါယ်	....	....	....	၂၁၂
မြတ်စွာဘုရား၏ အလိုတော်	....	....	....	၂၁၃
အပါယ်ဘေး မြင်တော်မူ၍	....	....	....	၂၁၄
ဂုဏ်ကျေးဇူးကို မြင်တော်မူ၍	....	....	....	၂၁၅
အပါယ်မှလွှတ်ပြီး ဂုဏ်ကျေးဇူး ရရှိရန်		....	....	၂၁၅
ဒင်္ဂါးအ-နှင့် ခြသေ့မင်းလို	....	....	....	၂၁၅
သဗ္ဗညု ဖြစ်ပါလျက်	....	....	....	၂၁၇
ဥပမာသော်ကား	....	....	....	၂၁၇
အပြစ်ကိုပြပြီး၍ အကျိုးကိုပြလို၍	....	....	....	၂၁၈

အကြောင်းအရာ	စာမျက်နှာနံပါတ်
ဘုရားချီးမွမ်းသူ	၂၁၉
ပုဒ် ပါဌ် အဖွင့်များ	၂၂၁
ပဝါရဏာ လေးမျိုး	၂၂၁
ယာဝဒတ္ထ ပဝါရဏာ	၂၂၂
ယာဝဒတ္ထော အဓိပ္ပါယ်	၂၂၃
ဥပမာမျှသာ	၂၂၄
သိယာပုဒ်၏ အနက်	၂၂၄
ပုဒ်ပါဌ် အနက်များ	၂၂၅
အပ္ပဟရိတေ အဓိပ္ပါယ်	၂၂၆
အပ္ပါဏကေ အဓိပ္ပါယ်	၂၂၇
ဘုရားချီးကျူးသော ရဟန်းမျိုး	၂၂၇
ချီးကျူးရခြင်း အကြောင်း	၂၂၈
ဝုတ္တသဒ္ဒါ၏ အနက်များ	၂၂၈
ပဌမ ရဟန်း	၂၂၉
ဒုတိယ ရဟန်း	၂၂၉
မမှီဝဲအပ်သော ဆွမ်းငါးမျိုး	၂၃၀
မြတ်စွာဘုရား၏ ဆွမ်းကျန်	၂၃၁
ဆွမ်း၌မထူး ပုဂ္ဂိုလ်သာထူးသည်	၂၃၂
ကိဉ္စာပိပုဒ် အဓိပ္ပါယ်	၂၃၂
အထူးသဖြင့် သာလွန်သောသူ	၂၃၂
ချန်းဖြင့်အုပ်၍ တားဆီးလိမ့်မည်	၂၃၄
သုဘရတာယ စသည်အကျယ်	၂၃၅
ကိုယ်တိုင်မွေးမြူခက်သော ရဟန်း	၂၃၅
ဒါယကာတို့ မွေးမြူခက်သော ရဟန်း	၂၃၆
မိမိကိုယ်တိုင် မွေးမြူလွယ်သော ရဟန်း	၂၃၆
ဒါယကာတို့ မွေးမြူလွယ်သော ရဟန်း....	၂၃၇
ချန်းတောင်းဖြင့် အုပ်နိုင်ပုံ	၂၃၇
အကယ်၍ ပျင်းရိခဲ့ပါလျှင်	၂၃၈

အကြောင်းအရာ					စာမျက်နှာနံပါတ်
ကထာဝတ္ထု ဆယ်ပါး	....	....	....	....	၂၃၉
ကထာဝတ္ထုပြည့်စုံလျှင် သိက္ခာသုံးပါးပြည့်စုံ၏	....	....			၂၄၀
သိက္ခာပြည့်စုံလျှင် အသေက္ခဓမ္မက္ခန္ဓာပြည့်စုံ၏	....	....			၂၄၁
ဓမ္မက္ခန္ဓာပြည့်စုံလျှင် နိဗ္ဗာန်ရောက်၏	....	....	....		၂၄၁
ဓမ္မဒါယာဒဒ္ဒံ တိုက်တွန်းတော်မူခြင်း	....	....	....		၂၄၂
ဣဒမဝေါစ ဘဂဝါ	....	....	....	....	၂၄၃
ဣဒံ ဝတ္ဝာန သုဂတော	....	....	....	....	၂၄၃
ဝိဟာရံ ပါဝိသိ	....	....	....	....	၂၄၄
ပြီးဆုံးအောင် ဘာကြောင့် မဟောသလဲ			....	....	၂၄၄
ပုဂ္ဂိုလ်ကို ချီးမွမ်းလိုလျှင်	....	....	....	....	၂၄၅
တရားကို ချီးမွမ်းလိုလျှင်	....	....	....	....	၂၄၆
ဤနေရာ၌ ဓမ္မကို ချီးကျူးလို၍	....	....	....		၂၄၇

စူဠဂေါသိင်္ဂသုတ်တော်

ရဟန်းတော် သုံးပါး	....	....	....	....	၂၄၉
နာတိကရွာ	....	....	....	....	၂၅၀
ဂိဠကာဝသထ အုတ်ကျောင်း	....	....	....	....	၂၅၁
ဂေါသိင်္ဂသာလဝန	....	....	....	....	၂၅၁
ဒါယသည် တော်၏အမည်	....	....	....	....	၂၅၂
သာမဂ္ဂိရသာကို ခံစားကြကုန်လျက်	....	....	....		၂၅၂
တပါးတည်း ကြွတော်မူခြင်း	....	....	....	....	၂၅၂
အဘယ့်ကြောင့် ကြွပါသနည်း	....	....	....		၂၅၃
မြတ်စွာဘုရား အကြံဖြစ်ပုံ	....	....	....	....	၂၅၃
နောင်အခါ အတုယူကြရန်	....	....	....	....	၂၅၄
ဘုရားရှင်တို့သည် တရားကို လေးစားကြကုန်၏	....	....			၂၅၄
တောစောင့်သူ	....	....	....	....	၂၅၅
မိမိအကျိုး မလိုလားသူ	....	....	....	....	၂၅၅
မိမိအကျိုး လိုလားသူ	....	....	....	....	၂၅၅

အကြောင်းအရာ	စာမျက်နှာနံပါတ်
တောစောင့်၏ စိတ်အထင်	၂၅၆
ဘုရားရှင်ကို မသိ၍ တားမြစ်၏	၂၅၇
တောစောင့်ကို ဟန့်တားခြင်း....	၂၅၈
ဧတဒဝေါစ	၂၅၉
မြတ်စွာဘုရား ကြွလာပါပြီ	၂၆၀
ဘာကြောင့် ခရီးဦး မကြိုသလဲ	၂၆၁
ညီညွတ်မှုကို ပြခြင်းငှါ	၂၆၁
ကေစိဝါဒ	၂၆၂
အဘိက္ကမထ အဓိပ္ပါယ်	၂၆၂
ပါဒေ ပက္ခာလေသိ	၂၆၃
ဘုရားခန္ဓာကိုယ်၌ မြူအညစ်အကြေး မရှိ	၂၆၃
အရှင်အနုရုဒ္ဓါ အကြီးဆုံး	၂၆၄
ဘိက္ခာစာရဝတ်ကို မေးမြန်းခြင်း	၂၆၅
ရဟန်းနှင့် ဆွမ်းခံဝတ်	၂၆၅
သာမဂ္ဂိရသကို မေးတော်မူခြင်း	၂၆၆
ခီရောဒကီဘူတာ	၂၆၇
ပိယစက္ခု	၂၆၇
အရှင်အနုရုဒ္ဓါက လျှောက်ထားခြင်း	၂၆၇
ညီညွတ်ပုံအကြောင်း မေးမြန်းခြင်း	၂၆၈
ယထာကထံပန အဓိပ္ပါယ်	၂၆၈
ကာယကံ မေတ္တာ	၂၆၉
မျက်မှောက်အတူနေ မျက်ကွယ်ခွဲခွါ	၂၆၉
မျက်မှောက် ကာယကံမေတ္တာ	၂၆၉
မျက်ကွယ် ကာယကံမေတ္တာ	၂၇၀
မျက်မှောက် ဝစီကံမေတ္တာ	၂၇၀
မျက်ကွယ် ဝစီကံမေတ္တာ	၂၇၀
မျက်မှောက်,မျက်ကွယ် မနောကံမေတ္တာ	၂၇၁
ခန္ဓာကိုယ်ကွဲသော်လည်း စိတ်မှာမကွဲပြား	၂၇၁

အကြောင်းအရာ				စာမျက်နှာနံပါတ်
နာနာဟိ ခေါ် နော ဘန္တေ ကာယာ....	....	....		၂၃၂
ကေဠေ ပန မညေ စိတ္တံ	....	....	....	၂၃၂
တစိတ်တည်းရှိပုံ အကျယ်	....	....	....	၂၃၂
မမွေ့မလျော့ နေထိုင်ကြကုန်၏လော	....	....	....	၂၃၃
အရှင်အနုရုဒ္ဓါက ပြန်လျှောက်ခြင်း	....	....	....	၂၃၄
နေပုံနေနည်း မေးမြန်းခြင်း	....	....	....	၂၃၅
နေထိုင်ကြပုံ အခြေအနေ	....	....	....	၂၃၅
သာဓု သာဓု အနုရုဒ္ဓါ	....	....	....	၂၃၆
ညီညွတ်မှု ရနိုင်ခဲလှ၏	....	....	....	၂၃၆
ကစ္စိ ပန ဝေါ	....	....	....	၂၃၈
အမှာကံ စသည် အဖွင့်	....	....	....	၂၃၈
ဆွမ်းစားကျောင်း၌ ကျင့်ဝတ်များ	....	....	....	၂၃၈
ပဌမ ထေရ်	....	....	....	၂၃၉
ဒုတိယ ထေရ်	....	....	....	၂၃၉
တတိယ ထေရ်	....	....	....	၂၄၀
ကျောင်းတွင်းကျင့်ဝတ် အဖွင့်များ	....	....	....	၂၄၁
နှုတ်ဖြင့်မခေါ် လက်ယပ်၍ခေါ်၏	....	....	....	၂၄၁
ဘာကြောင့် အသံမပြုသနည်း	....	....	....	၂၄၂
ပဥ္စာဟိကံ အဓိပ္ပါယ်	....	....	....	၂၄၃
ဗာဟိရကိစ္စတို့၌လည်း မမွေ့မလျော့	....	....	....	၂၄၄
ပဌမစျာန်ကို မေးမြန်းခြင်း	....	....	....	၂၄၄
ဥတ္တရိမနုဿဓမ္မ အဓိပ္ပါယ်	....	....	....	၂၄၆
အလမရိယဉာဏဒဿနဝိသေသော	....	....	....	၂၄၆
ကိ ဟိ နော သိယာ	....	....	....	၂၄၆
ဒုတိယစျာန် စသည်	....	....	....	၂၄၇
သမတိက္ကမာယ စသည်	....	....	....	၂၄၈
နိရောဓသမာပတ်ကို မေးခြင်း	....	....	....	၂၄၈
အရှင်အနုရုဒ္ဓါ လျှောက်ပြခက်း	....	....	....	၂၄၉

အကြောင်းအရာ				စာမျက်နှာနံပါတ်
နိရောဓသမာပတ်ထက် လွန်သောချမ်းသာ မရှိ....	....			၂၉၀
ဝေဒယိတသုခထက် အဝေဒယိတသုခက မွန်မြတ်၏	....			၂၉၀
မြတ်စွာဘုရား ပြန်ကြွသည့်အခါ	....	....	....	၂၉၀
ဓမ္မယာ ကထာယ	....	....	....	၂၉၁
သာမဂ္ဂိရသကိုသာ ဟောရခြင်းမှာ	....	....	....	၂၉၁
လိုက်ပို့ရာမှ ပြန်လာကြပုံ	....	....	....	၂၉၁
အရှင်အနုရုဒ္ဓါအား အပြစ်တင်ကြပုံ	....	....	....	၂၉၂
အဘိညာဉ်ဖြင့် သိခြင်း	....	....	....	၂၉၃
နတ်တို့က လျှောက်ထားခြင်း....	....	....	....	၂၉၃
မြတ်စွာဘုရားမေးမြန်း ဖြေခြင်းဖြစ်သည်....	....	....		၂၉၄
နတ်ဘီလူးက ကြည်ညာခြင်း	....	....	....	၂၉၄
ဒီဃပရဇန နတ်ဘီလူး	....	....	....	၂၉၅
ဂုဏ်ကို နှမြောကြကုန်၏	....	....	....	၂၉၆
ရှည်မြင့်စွာ ချမ်းသာသုခ ဖြစ်လေရာ၏	....	....		၂၉၆
ပုဒ်-အဖွင့်များ	....	....	....	၂၉၇

အဋ္ဌကထာသံဂါယနာစီစစ်ခဏ်း

ဒုတိယအုပ် မာတိကာ ပြီးပြီ။

အဋ္ဌကထာ

သံဂါယနာစိစစ်ခဏ်း

ဒုတိယသင်္ဂါယနာ ဖွင့်ပွဲနေ့

မဟာပဒါနသုတ်အဋ္ဌကထာ မေးဖြေ

အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ကမေး၍-တိပိဋကဓရ
ဓမ္မဘဏ္ဍာဂါရိက အရှင်ဝိစိတ္တသာရာဘိဝံသ ဆရာတော်က
ဖြေတော်မူသည်။

ပုစ္ဆာ။ ။အဋ္ဌကထာ သံဂီတိယာ အာဝုသော ပဌမေ သန်နိပါတေ သကလာ စ ဝိနယသံဝဏ္ဏနာ ဒီဃနိကာယေ စ သီလက္ခန္ဓဝဂ္ဂဝဏ္ဏနာ အဘိ-ဓမ္မေ စ ဓမ္မသင်္ဂဟသံဝဏ္ဏနာ သံဂီတာ ထေရေဟိ ဆဋ္ဌသံဂီတိ-ကာရေဟိ။ ဣဒါနိ ပန ဒုတိယေ သန်နိပါတေ ဒီဃနိကာယေ မဟာဝဂ္ဂဝဏ္ဏနာတော ပဋ္ဌာယ တဒဝသေသာနံ ယထာဝဝတ္ထိတ-သံဝဏ္ဏနာနံ သံဂါယနောကာသော အနုပ္ပတ္တော။ တသ္မာ ဣမိဿာ ဒုတိယသန်နိပါတသံဂီတိယာ ပုဗ္ဗကိစ္စဝသေန ယထာနုပ္ပတ္တာယ မဟာဝဂ္ဂေ မဟာပဒါနသုတ္တသံဝဏ္ဏနာယ ပုစ္ဆာဝိဿဇ္ဇနံ ကာတုံ သမာရဘာမ။ မဟာပဒါနသုတ္တဿ အာဝုသော နိဒါနေ ပရိယာ-ပန္နဿ "ကရေရိကုဋ္ဌိကာယ"န္တိပဒဿ အတ္ထော ကထံ အဋ္ဌကထာ-စရိယေန ကထိတော။

ဝိဿဇ္ဇနာ။ ။မဟာပဒါနသုတ္တဿ ဘဂ္ဂေ နိဒါနေ ပရိယာပန္နဿ ကရေရိ-ကုဋ္ဌိကာယန္တိပဒဿ အတ္ထော "ကရေရိကုဋ္ဌိကာယ"န္တိ * ကရေရီတိ ဝရုဏရုက္ခဿ နာမံ။ ကရေရိမဏ္ဍပေါ တဿာ

ကုဋိကာယ ဒွါရေ ဌိတော၊ တသ္မာ ကရေရိကုဋိကာတိ ဝုစ္စတိ။ ယထာ ကောသမ္ဗရက္ခဿ ဒွါရေဋိတတ္တာ ကောသမ္ဗကုဋိကာတိ ဧဝမာဒိနာ ဘန္တေ အဋ္ဌကထာစရိယေန ကထိတော။

မေး။ ။ပါဠိတော်၏အဖွင့် အဋ္ဌကထာတို့ကို သံဂါယနာတင်ရာ ဝယ် ပဌမသန္နိပါတ-ရှေးဦးစွာသော သံဂါယနာ အစည်းအဝေး ဓမ္မသဘင်၌ ဝိနည်းပိဋကတ်၏ အဖွင့် သံဝဏ္ဏနာ ဖြစ်သော သမန္တပါသာဒိကာ ဝိနည်း အဋ္ဌကထာကိုငင်း ဒီဃနိကာယ်၌ သီလက္ခန္ဓဝဂ် ပါဠိတော်၏ အဖွင့်အဋ္ဌကထာ ကိုငင်း အဘိဓမ္မာပိဋကဉ် ဓမ္မသင်္ဂဏိပါဠိတော်၏ အဖွင့်သံဝဏ္ဏနာ ဖြစ်သော အဋ္ဌသာလိနီ အဋ္ဌကထာကိုငင်း ဆဋ္ဌသံဂါယနာဝင် ထေရ်အရှင်တို့သည် ကောင်းစွာ သံဂါယနာတင်အပ်ခဲ့ပေပြီ၊ ယခု ဒုတိယသန္နိပါတ ဓမ္မသဘင် အစည်းအဝေး၌ ဒီဃနိကာယ် မဟာဝဂ်ပါဠိတော်၏ အဖွင့်ဟု စ၍ ယခုအကြိမ်တွင် သံဂါယနာတင်ရန် ပိုင်းခြားသတ်မှတ်ထားသော ကြွင်းကျန်သော အဋ္ဌကထာတို့ကို သံဂါယနာတင်ရန် အခါအခွင့် ရောက်လျက်ရှိနေပေပြီ၊ သို့ဖြစ်၍ ယခု ဒုတိယသန္နိပါတ သံဂါယနာ၌ ရှေသ့ားပုဗ္ဗကိစ္စ၏ အဖြစ်ဖြင့် အစဉ်ကျရောက်လျက်ရှိသော မဟာဝဂ် မဟာပဒါနသုတ် အဖွင့်၌ မေးခြင်း ဖြေခြင်းကို ပြုလုပ်ဆောင်ရွက်ရန် ကောင်းစွာ ကြိုးပမ်း အားထုတ်ကြပါစို့။

မဟာဝဂ် ပါဠိတော်တွင် ရှေးဦးစွာသော မဟာပဒါနသုတ်၌ "ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ ကရေရိကုဋိကာယံ" အစရှိသော နိဒါန်းပါဠိတော်ဝယ် သီလက္ခန္ဓဝဂ်၌ မဖွင့်ပြအပ်သေးသော ကရေရိကုဋိကာယံ ဟူသော ပုဒ်၌ ကရေရိပုဒ်ကား အဘယ်အနက်ရှိသနည်း၊ အဘယ့်ကြောင့် ကရေရိကုဋိကာ ဟု ခေါ်ဆိုရသနည်း၊ ၎င်း ကရေရိကုဋိသည် အဘယ်သို့သော အရာဖြစ်သနည်း အစရှိသည်ဖြင့် စဉ်းစားဘွယ် တွေးတောဘွယ် ရှိပါသည်၊ သို့ဖြစ်၍ မဟာပဒါနသုတ်၏ နိဒါန်း၌ ပါဝင်သော ကရေရိကုဋိကာယံ ဟူသော ပုဒ်၏ အနက်ကို အရှင်မဟာဇုဒ္ဓဿသ အဋ္ဌကထာဆရာသည် အဘယ်သို့ မိန့်ဆို ဖွင့်ပြတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ဒီဃနိကာယ်အဝင်အပါ သီလက္ခန္ဓဝဂ်, မဟာဝဂ်, ပါထိကဝဂ် ဟူသော သုံးပါးသော သုတ္တန်အစုတို့အနက် နှစ်ခုမြောက် ဖြစ်ကာ မဟာဝဂ္ဂ

သုတ္တန် အဝင်အပါ ရှေးဦးစွာသော ဝိပဿီမြတ်စွာဘုရား, သိခီ, ဝေဿဘူ, ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမမြတ်စွာဘုရား တည်းဟူသော ခုနစ်ဆူသော ဘုရားရှင်တို့၏ နောက်ပစ္ဆိမဘဝဝယ် ပွင့်တော်မူရာ ကပ်ကမ္ဘာ အပိုင်းအခြား, အမျိုးတော်အပိုင်းအခြား,အနွယ်တော်အပိုင်းအခြား, ဗောဓိပင် အပိုင်းအခြား, အသက်တမ်း အပိုင်းအခြား, အဂ္ဂသာဝကအပိုင်းအခြား, သာဝကသန္နိပါတ-တပည့်သာဝကတို့၏ အစည်းအဝေး အပိုင်းအခြား, အလုပ်အကျွေး ဥပဋ္ဌာကတို့၏ အပိုင်းအခြား, မယ်တော် ခမည်းတော် အပိုင်းအခြား တည်းဟူသော ပရိစ္ဆေဒဝါရ ကိုးပါးတို့ဖြင့် ဥဒ္ဒေသ နိဒ္ဒေသ နှစ်ဌာနဝေဘန်၍ ဝိပဿီမြတ်စွာဘုရားအတွက် သုံးဘာဏဝါရ၊ ထို့အတူ သိခီမြတ်စွာဘုရား, ဝေဿဘူမြတ်စွာဘုရား, ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပမြတ်စွာဘုရား, အစိန္တေယျ သုံးလောက ထွဋ္ဌထား ဂေါတမမြတ်စွာဘုရားတို့အတွက် သုံးဘာဏဝါရစီ သုံးဘာဏဝါရစီ၊ ခုနစ်ဆူပေါင်းသော် နှစ်ဆဲ့တဘာဏဝါရ ဘုရားသဗ္ဗညုဟောတော်မူ၍၎င်း၊ ထို့အတူ သုဒ္ဓါဝါသ အဝိဟာဗြဟ္မာတို့ သဗ္ဗညုမြတ်စွာဘုရားအား လျှောက်ထားသည်မှာ နှစ်ဆဲ့တဘာဏဝါရ၊ အတပ္ပါဗြဟ္မာတို့ လျှောက်ထားသည်မှာ နှစ်ဆဲ့တဘာ့ဏဝါရ၊ သုဒဿာဗြဟ္မာတို့ လျှောက်ထားသည်မှာ နှစ်ဆဲ့တဘာဏဝါရ၊ သုဒဿီဗြဟ္မာတို့ လျှောက်ထားသည်ကား နှစ်ဆဲ့တဘာဏဝါရ၊ အကနိဋ္ဌဗြဟ္မာတို့ လျှောက်ထားသည်ကား နှစ်ဆဲ့တဘာဏဝါရအား ဖြင့် ဘာဏဝါရပေါင်း တရာ့နှစ်ဆဲ့ခြောက်ဘာဏဝါရရှိသော **သုတ္တန္တရာဇာ** အမည်ရသော မဟာပဒါနပါဋ္ဌိတော် သုတ္တန်မြတ်၏ ပဌမသံဂါယနာဝယ် အရှင်အာနန္ဒာမထေရ်သူမြတ်, အရှင်မဟာကဿပမထေရ်သူမြတ်တို့ ထား တော်မူအပ်ခဲ့သော "ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ ကရေရိကုဋ္ဌိကာယံ" ဟူသော နိဒါန်း ပါဋ္ဌိတော်မြတ်ပါဋ္ဌဝယ် ရှေးဖြစ်သော သီလက္ခန္ဓဝဂ်၌ မဖွင့်ပြအပ်သေးသော အသစ်ဖြစ်သော ကရေရိကုဋ္ဌိကာယံ ဟူသောပုဒ်၏ အစိတ်အပေါင်းဖြစ်သော အနက် သံဝဏ္ဏနာကို—

ကရေရိကုဋ္ဌိကာယန္တိ* ကရေရီတိ ဝရုဏရုက္ခဿ နာမံ။

ကရေရိကုဋ္ဌိကာယံ ဟူသော ပါဋ္ဌိရပ်၌ ကရေရိ ဟူသော အမည်သည် ရေခတက်ပင်၏ အမည်ဖြစ်သည်။

ကရေရိမဏ္ဍပေါ် တဿာ ကုဋိကာယ ဒ္ဒါရေ ဌိတော၊ တသ္မာ ကရေရိကုဋိကာတိ ဝုစ္စတိ။ ယထာ ကောသမ္ဗရုက္ခဿ ဒ္ဒါရေ ဌိတတ္တာ ကောသမ္ဗကုဋိကာတိ။

ဇေတဝန်ကျောင်းတော်၏ အတွင်း တခုသော ကျောင်းဆောင်၏ တံခါးဝဝယ် ရေခတက်ပင် မဏ္ဍပ်တည်ရှိသောကြောင့် ထို ရေခတက်ပင် မဏ္ဍပ်ကို အစဲပြု၍ သဗ္ဗညုမြတ်စွာဘုရား ကိန်းစံတော်မူရာ ထိုကျောင်းဆောင်ကို ကရေရိကုဋိကာ ဟူ၍ ခေါ်ဆိုအပ်၏၊ ကျောင်းဆောင်၏ တံခါးဝဝယ် ကြို့ပင် ထင်ရှားရှိသဖြင့် ကောသမ္ဗကုဋိ ခေါ်ဆိုသကဲ့သို့တည်း ဟူ၍ ၎င်း—

အန္ဓောဇေတဝနေ ကိရ ကရေရိကုဋိ ကောသမ္ဗကုဋိ ဂန္ဓကုဋိ သလဋ္ဌဂဂါရန္တိ စတ္တာရိ မဟာဂေဟာနိ အစ္ဆိသည်ဖြင့်—

ဇေတဝန်ကျောင်းတော်၏အတွင်းဝယ် ကရေရိကုဋိ ခေါ်တွင်သော တံခါးဝ၌ ရေခတက်ပင် ပေါက်ရောက်သော ကျောင်းဆောင်တော်, ကောသမ္ဗကုဋိ ခေါ်တွင်သော တံခါးဝ၌ ကြို့ပင် ပေါက်ရောက်သော ကျောင်းဆောင်တော်,ဂန္ဓကုဋိကျောင်းဆောင်တော်, ထင်းရှူးကျောင်းဆောင်တော် ဟူ၍ သဗ္ဗညုမြတ်စွာဘုရား ကိန်းစံတော်မူရာ ကျောင်းဆောင်ကြီး လေးခု ရှိကြပါသည်။

ဧကေကံ သတသဟဿပရိစ္စာဂေန နိပ္ဖန္နံ။

ထို ကျောင်းဆောင်ကြီး လေးဆောင်တို့အနက် တဆောင် တဆောင်လျင် တသိန်းစီ တသိန်းစီသော အသပြာဖြင့် ဆောက်လုပ်လျှ။ဒါန်းအပ်ခြင်း ဖြစ်ပါသည်။

တေသု သလဋ္ဌဂဂါရံ ရညာ ပသေနဒိနာ ကာရိတံ။

ထို ကျောင်းဆောင်ကြီး လေးဆောင်အနက် သလဋ္ဌဂဂါရ အမည်ရသော ထင်းရှူးကျောင်းဆောင်ကို ပသေနဒိကောသလမင်းတရား တည်ဆောက်ကြောင်း၊ ထိုမှ ကြွင်းသော ကရေရိကုဋိကာ ကျောင်းဆောင်, ကောသမ္ဗကုဋိကျောင်းဆောင်, ဂန္ဓကုဋိကျောင်းဆောင် တည်းဟူသော

ကျောင်းဆောင်ကြီး သုံးခုတို့ကိုကား အနာထပိဏ်သူဌေး တည်ဆောက်ကြောင်း၊ ဤသို့လျှင် ဇေတဝန်ကျောင်းတိုက်အတွင်း ကျောင်းဆောင်ကြီးလေးခုတို့ ရှိကြသည့်အနက် အနာထပိဏ်သူဌေး တိုင်တို့၏အထက်ဝယ် ကောင်းစွာ တည်ဆောက်အပ်သော ကရေရိကုဋ္ဌိကာ အမည်ရသော ကျောင်းဆောင်၌ သဗ္ဗညုမြတ်စွာဘုရား ဣရိယာပုထ်လေးပါးဖြင့် သီတင်းသုံးစံနေတော်မူပါသည်။

ဤသို့ ကရေရိကုဋ္ဌိကာ ဟူသော ပုဒ်၏ အစိတ်အပေါင်း အဓိပ္ပါယ်တို့ ဖြစ်သော အနက်ဘို့ကို အဋ္ဌကထာဆရာ မဟာထေရ်မြတ်သည် လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဖွင့်ဆိုတော်မူအပ်ပါသည် အရှင်ဘုရား။

ပုဗ္ဗေနိဝါသ စသည် အဖွင့်

ပု။ ။တတ္ထဝ အာဝုသော နိဒါနေ ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဓမ္မိကထာ ဥဒပါဒိတိဝစနဿ အတ္ထော ကထံ အဋ္ဌကထာစရိယေန ကထိတော။

ဝိ။ ။တတ္ထဝ ဘဂ္ဂေ နိဒါနေ ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဓမ္မိကထာ ဥဒပါဒိတိဝစနဿ အတ္ထော ပုဗ္ဗေနိဝါသပဋိသံယုတ္တာတိ* ဧကမ်ိဳဇာတိံ ဒ္ဝေပိဇာတိယောတိ ဧဝံ နိဗ္ဗေန ပုဗ္ဗေနိဝုဋ္ဌခန္ဓသန္တာနသင်္ခါတေန ပုဗ္ဗေနိဝါသေန သဒ္ဓိံ ယောဇေတ္ဝာ ပဝတ္တိတာ။ ဓမ္မိတိ* ဓမ္မသံယုတ္တာ။ ဥဒပါဒိတိ* အဟော အစ္ဆရိယံ ဒသဗလဿ ပုဗ္ဗေနိဝါသဉာဏံ။ ပုဗ္ဗေနိဝါသံ နာမ ကေ အနုဿရန္တိ ကေ နာနုဿရန္တိတိ။ ဒိဋ္ဌိယာ အနုဿရန္တိ၊ သာဝကာ စ ပစ္ဆေကဗုဒ္ဓါ စ ဗုဒ္ဓါ စ အနုဿရန္တိ။ ကတရဒိဋ္ဌိယော အနုဿရန္တိ။ ယေ အဂ္ဂပတ္တာ ကမ္မဝါဒိနော တေပိ စတ္တာလသယေဝ ကပ္ပေ အနုဿရန္တိ၊ နော တတော ပရန္တိ ဧဝမာဒိနော ဘဂ္ဂေ အဋ္ဌကထာစရိယေန ကထိတော။

မေး။ ။ထို မဟာပဒါနသုတ် နိဒါန်းဦးပင်လျှင် “ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဓမ္မိကထာ ဥဒပါဒိ” ဟူသော ပါဠိတော်စကားရပ်၏ အနက်ကို အရှင်မဟာဗုဒ္ဓဃောသ အဋ္ဌကထာဆရာသည် အဘယ်သို့ ဖွင့်ပြမိန့်ဆိုတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို မဟာပဒါနသုတ် နိဒါန်း၌ပင်လျှင် “ပုဗ္ဗေနိဝါသပဋိ-သံယုတ္တာ ဓမ္မီကထာ ဥဒပါဒိ” ဟူသော စကားရပ်၏ အနက်အဓိပ္ပါယ်ကို အစိတ် အစိတ် အားဖြင့်—

ပုဗ္ဗေနိဝါသပဋိသံယုတ္တာတိ* ကေမို ဇာတိ ဒ္ဒပိ ဇာတိယောတိ ဧဝံ နိဗန္ဓေန ပုဗ္ဗေနိဝုဋ္ဌခန္ဓသန္တာနသင်္ခါတေန ပုဗ္ဗေနိဝါသေန သဒ္ဓိ ယောဇေတွာ ပဝတ္တိတာ။

ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဟူသည်မှာ “ကေမို ဇာတိ ဒ္ဒပိ ဇာတိယော တိဿောပိ ဇာတိယော စတဿောပိ ဇာတိယော ပဉ္စပိ ဇာတိယော ဒသပိ ဇာတိယော” အစရှိသည်ဖြင့် ပုဗ္ဗေနိဝါသ ကထာဝယ် သဗ္ဗညုမြတ်စွာဘုရား အကျယ်တဝင့် ဖွင့်ပြဟောကြားတော်မူအပ်သော ရှေး၌ ဖြစ်ဘူး နေဘူးသော ခန္ဓာအစဉ်ဟု ဆိုအပ်သော ပုဗ္ဗေနိဝါသနှင့်တကွ စပ်ယှဉ်လျက် ဖြစ်စေအပ်သော။

ဓမ္မီကထာ ဟူသော ပုဒ်ဝယ် ဓမ္မီဟူသော ပုဒ်၏အနက်မှာ ဓမ္မီတိ* ဓမ္မသံယုတ္တာ။ ဗာဟိရက တိရစ္ဆာနကထာ စကားနှင် မရော တရားနှင့်သာ စပ်ယှဉ်သော။

ဥဒပါဒိ၊ ထင်ရှားဖြစ်သည်ဟူသည်မှာ “အဟော အစ္ဆရိယံ ဒသဗလဿ ပုဗ္ဗေနိဝါသဉာဏံ” အစရှိသည်ဖြင့် သဗ္ဗညုမြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသဉာဏ်တော်နှင့် စပ်သော ရဟန်းတော်အရှင်သူမြတ်တို့ တရားနှင့် စပ်ယှဉ်သည့် စကား ဖြစ်သည်ဟူသည်မှာ “ငါ့ရှင်တို့....အားတော်ဆယ်ပါး ဉာဏ်တော်ဆယ်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရား၏ ပုဗ္ဗေနိဝါသကား အံ့သြဘွယ် ရှိပါပေစွ။

ပုဗ္ဗေနိဝါသဉာဏ် ရသူများ

ရှေး၌နေဘူးသော ခန္ဓာအစဉ်ကို အဘယ်သူ အဘယ်သူတို့ အောက်မေ့နိုင်ကြကုန်သနည်း၊ အဘယ်သူတို့ မအောက်မေ့ နိုင်ကြကုန်သနည်း ဟူမူကား သာသနာပြင်ပ ဗာဟိရကတိတ္ထိ အယူရှိကြသော ပုဂ္ဂိုလ်တို့သည်လည်း ပုဗ္ဗေနိဝါသ ရှေး၌ ဖြစ်ဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြကုန်၏၊ ဘုရားသာသနာတွင်းဝယ် ပကတိသာဝက, မဟာသာဝက, အဂ္ဂသာဝက,

ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့သည်၎င်း သဗ္ဗညုဗုဒ္ဓ အမည်ရသော လောကထွဋ်ထား မြတ်စွာဘုရားတို့သည်၎င်း ရှေးဦးဖြစ်ဘူးနေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့တော်မူနိုင်ကြကုန်၏။

တိတ္ထိများစွာ ရှိကြသည့်အနက် အဘယ်သို့သော သဘောရှိသော တိတ္ထိတို့သည် ရှေးဦး ဖြစ်ဘူးနေဘူးသော် ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြကုန်သနည်း, ပုဗ္ဗေနိဝါသဉာဏ်ကို ရကြကုန်သနည်း ဟူမူကား၊ ကမ္မဝါဒီပုဂ္ဂိုလ်တို့အနက် အထွဋ်အထိပ်ရောက်သော ကမ္မဝါဒီတိတ္ထိတို့သည် ပုဗ္ဗေနိဝါသကို အောက်မေ့နိုင်ကြကြောင်း၊ ထိုကမ္မဝါဒီတိတ္ထိတို့ပင်သော်လည်း လွန်လေပြီးသော မဟာကပ်လေးဆယ်တိုင်ရုံသာ အောက်မေ့နိုင်ကြကြောင်း၊ ထို့ထက်အလွန်ပို၍ မအောက်မေ့နိုင်ကြကြောင်း။

မဟာသဝကာ ရှစ်ကျိပ်တို့မှာ မိမိတို့ ဆုတောင်း ပါရမီဖြည့်စဉ်အတိုင်း မဟာကပ်တသိန်းတိုင်အောင် အောက်မေ့တော်မူနိုင်ကြကြောင်း၊ အဂ္ဂသာဝကာ နှစ်ဆူတို့မှာကား မိမိဘို့ ပါရမီ ဖြည့်ရာကာလအတိုင်း တသောင်းကျန့် ကမ္ဘာတသိန်းတိုင်အောင် ရှေးဦး နေဘူးကြသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြကြောင်း၊ ပစ္စေကဗုဒ္ဓါအရှင်သူမြတ်တို့မှာကား မိမိတို့ ပါရမီဖြည့်ရာကာလ အပိုင်းအခြားအတိုင်း နှစ်သောင်းကျန့် ကမ္ဘာတသိန်းတိုင်အောင် ရှေးဦး ဖြစ်ဘူးနေဘူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကြကြောင်းကိုလည်း။

သဗ္ဗညုဗုဒ္ဓ အမည်ရသော လောကထွဋ်ထား ဘုရားတို့မှာကား ကမ္ဘာပေါင်း ကျိ၍ ကျိမျှ စသည် အပိုင်းအခြားမရှိ၊ အလိုတော်ရှိသမျှကို အောက်မေ့တော်မူနိုင်ကြကြောင်း အစရှိသည်ကို ဖော်ပြလျက် "ပုဗ္ဗေနိဝါသပဋိသံယုတ္တာ ဓမ္မိကထာ ဥဒပါဒိ" ဟူသော ပါဠိတော်ချပ်၏ စကားအဓိပ္ပါယ်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အဋ္ဌကထာဆရာ မဟာထေရ်မြတ် ဖွင့်ပြ မိန့်ဆိုတော်မူအပ်ပါသည် အရှင်ဘုရား။

ကပ္ပပရိစ္ဆေဒဝါရ

ပု။ ။တသ္မိံ အာဝုသော မဟာပဒါနသုတ္တေ ဥဒ္ဒေသဝါရေ နဝသု ပရိစ္ဆေဒဝါရေသု ပဌမေ ကပ္ပပရိစ္ဆေဒဝါရေ ဘဒ္ဒကပ္ပေတိ* ပဒဿ အတ္ထော အဋ္ဌကထာစရိယေန ကထံ ကထိတော။

ဝိ။ ။တသ္မိံ ဘန္တေ မဟာပဒါနသုတ္တေ ဥဒ္ဒေသဝါရေ နဝသု ပရိစ္ဆေဒ-ဝါရေသု ပဌမေ ကပ္ပပရိစ္ဆေဒဝါရေ ဘဒ္ဒကပ္ပေတိ ပဒဿ အတ္ထော ဘဒ္ဒကပ္ပေတိ* ပဉ္ဆဗုဒ္ဓုပ္ပါဒပဋိမဏ္ဍိတတ္တာ သုန္ဒရကပ္ပေ သာရကပ္ပေတိ ဘဂဝါ ဣမံ ကပ္ပံ ထောမေန္တော ဧဝမာဟ။ ယတော ပဋ္ဌာယ ကိရ အမ္ဟာကံ ဘဂဝါ အဘိနီဟာရော ကတော၊ တေသ္မိံ အန္တရေ ကေသ္မိမ္ပိ ကပ္ပေ ပဉ္ဆဗုဒ္ဓါ နိဗ္ဗတ္တာ နာမ နတ္ထိတိ ဧဝမာဒိနာ ဘန္တေ အဋ္ဌကထာ-စရိယေန ကထိတော။

မေး။ ။ထို မဟာပဒါနသုတ်၌ ဥဒ္ဒေသ-အကျဉ်းဝါရ နိဒ္ဒေသ အကျယ်ဝါရ ဟူ၍ ဝါရကြီး နှစ်ပါးတို့ ရှိရာတွင် ဥဒ္ဒေသ-အကျဉ်းဝါရ၌ ကိုးပါးသော ပရိစ္ဆေဒဝါရတို့တွင် ရှေးဦးစွာသော ကမ္ဘာအပိုင်းအခြားကို ပြရာ ပရိစ္ဆေဒဝါရ၌ ဘဒ္ဒကပ္ပေ ဟူသော ပုဒ်ဝယ် ဘဒ္ဒသဒ္ဒါသည် အဘယ် အနက်ရှိသနည်း၊ အဘယ့်ကြောင့် ဘဒ္ဒသဒ္ဒါဖြင့် အထူးပြု၍ ဆိုအပ်သနည်း စသည်ဖြင့် စဉ်းစားဘွယ် တွေးတောဘွယ် ဖြစ်၍ နေပါသည်၊ သို့ဖြစ်၍ ဘဒ္ဒကပ္ပေ ဟူသော ပုဒ်၏ အနက်ကို အဋ္ဌကထာဆရာ မဟာထေရ်မြတ်သည် အဘယ်သို့လျှင် ဖွင့်ပြမိန့်ဆိုတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ထို မဟာပဒါနသုတ္တန် ပါဠိတော်မြတ်၌ ပင်လျှင် ခုနစ်ဆူ-သော ဘုရားရှင်တို့၏နောက်ဆုံး ပစ္ဆိမဘဝဖြစ်စဉ် အပဒါန်ကို ဖော်ပြရာဝယ် ဥဒ္ဒေသ, နိဒ္ဒေသ-အကျဉ်းအကျယ် နှစ်ဌာနထား၍ ဟောကြားတော်မူခဲ့ရာ အကျဉ်းဖြစ်သော ဥဒ္ဒေသဝါရ၌ ပွင့်တော်မူရာ ကမ္ဘာကို ဖော်ပြသော ကပ္ပ ပရိစ္ဆေဒဝါရ၊ အမျိုးကို ဖော်ပြသော ဇာတိပရိစ္ဆေဒဝါရ၊ အနွယ်တော်ကို ဖော်ပြသော ဂေါတ္တပရိစ္ဆေဒဝါရ၊ အသက်တမ်းကို ဖော်ပြသော အာယု ပရိစ္ဆေဒဝါရ၊ ပွင့်တော်မူရာ မဟာဗောဓိကို ဖော်ပြသော ဗောဓိပရိစ္ဆေဒဝါရ၊ အဂ္ဂသာဝကအစုံကို ဖော်ပြသော သာဝကယုဂပရိစ္ဆေဒဝါရ၊ သာဝက အစည်းအဝေးကို ဖော်ပြသော သာဝကသန္နိပါတ ပရိစ္ဆေဒဝါရ၊ အလုပ် အကျေး အပိုင်းအခြားကို ဖော်ပြသော ဥပဋ္ဌာကပရိစ္ဆေဒဝါရ၊ မယ်တော် ခမည်းတော်အပိုင်းအခြားကို ဖော်ပြသော ပိတိပရိစ္ဆေဒဝါရ အားဖြင့် ပရိစ္ဆေဒဝါရ ပေါင်း ၉-ပါးတို့ ရှိသည့်အနက် ရှေးဦးစွာသော ပွင့်တော်မူရာ ကမ္ဘာကို ဖော်ပြသည့် ကပ္ပပရိစ္ဆေဒဝါရဝယ် ရှေးဖြစ်သော ဝိပဿီမြတ်စွာ ဘုရား၏ ပွင့်တော်မူရာ ကမ္ဘာကို ဖော်ပြရာ၌—

ဝိပဿိသာ ဘိက္ခဝေ ဘဂဝတော ဣတော သော ဘိက္ခဝေ ဆနဝုတိ-ကပ္ပေ ယံ ဝိပဿီ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓါ လောကေ ဥဒပါဒိ—

အစရှိသည်ဖြင့် ဝိပဿီ မြတ်စွာဘုရား၏ ပဉ္စတော်မူရာ ကမ္ဘာကိုဎင်း၊ သိခီမြတ်စွာဘုရား, ဝေဿဘူ မြတ်စွာဘုရား နှစ်ဆူတို့၏ ပဉ္စတော်မူရာ ကမ္ဘာကိုဎင်း ကပ္ပေ ကပ္ပေ ဟု ကမ္ဘာသာမည ဟောတော်မူ၍ ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပမြတ်စွာဘုရား, အစိန္တေယျ သုံးလောကထွဋ်ထား သဗ္ဗညုမြတ်စွာဘုရား တည်းဟူသော ပဉ္စတော်မူပြီး လေးဆူသော ရှင်တော်ဘုရား တို့၏ ပဉ္စတော်မူရာ ဤကမ္ဘာအတွက်ကိုကား—

“ဣမသ္မိံ ယေဝ ဘိက္ခဝေ ဘဒ္ဒကပ္ပေ ကကုသန္ဓော ဘဂဝါ။ကောဏာ-ဂမနော ဘဂဝါ။ကဿပေါ ဘဂဝါ။ဣမသ္မိံ ယေဝ ခေါ ဘိက္ခဝေ ဘဒ္ဒကပ္ပေ အဟံ ဧတရဟိ အရဟံ သမ္မာသမ္ဗုဒ္ဓါ လောကေ ဥပ္ပန္နော”ဟူ၍ ကိုယ်တော်မြတ်တို့၏ ပဉ္စတော်မူရာ ဤကမ္ဘာကို ဘဒ္ဒကပ္ပေ ဟု ဘဒ္ဒသဒ္ဒါဖြင့် အထူးပြု၍ ဟောတော်မူရာ၌ အဘယ့်ကြောင့် ဘဒ္ဒသဒ္ဒါဖြင့် အထူးပြု၍ ဟောတော်မူရသနည်းဟူ မေးမြန်းဘွယ် ပုစ္ဆာရှိပါသောကြောင့် အဋ္ဌကထာဆရာ မဟာထေရ်မြတ်သည်—

ဘဒ္ဒကပ္ပေတိ* ပဥ္စဗုဒ္ဓုပ္ပါဒပဋိမဏ္ဍိတတ္တာ သုန္ဒရကပ္ပေ သာရကပ္ပေတိ ဘဂဝါ ဤမံ ကပ္ပံ ထောမေန္တော ဧဝမာဟ အစရှိသည်ဖြင့်—

ဘဒ္ဒကပ္ပေ ဟူသော ဘဒ္ဒသဒ္ဒါဖြင့် အထူးပြု၍ ဆိုအပ်သော ဤစကား ရပ်ကို ငါးဆူသော ဘုရားရှင်တို့ဖြင့် တန်းဆာဆင်အပ်သည်၏ အဖြစ်ကြောင့် အနှစ်သာရရှိသော အလှန်ကောင်းမွန်သော ကပ်ကမ္ဘာ၌ဟူ၍ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် ကိုယ်တော်မြတ်တို့၏ ပဉ္စတော်မူရာ ဤကမ္ဘာကို ချီးမွမ်းတော်မူလိုသည်ဖြစ်၍ ဘဒ္ဒကပ္ပေ ဟူ၍ ဟောဆိုတော်မူခဲ့ကြောင်းကိုဎင်း။

“ယတော ပဋ္ဌာယ ကိရ အမှာကံ ဘဂဝတာဘိနီဟာရော ကတော၊ တေသ္မိံ အန္တရေ ကေသ္မိမ္ပိ ကပ္ပေ ပဥ္စဗုဒ္ဓါ နိဗ္ဗတ္တာ နာမ နတ္ထိ”အစရှိသည်ဖြင့်—

ဤကမ္ဘာမှ ပဋိလောမအပြန် ရေတွက်သည်ရှိသော် လေးအသင်္ချေ ကမ္ဘာတသိန်းထက်၌ သာရမဏ္ဍကမ္ဘာမှစ၍ အစိန္တေယျ သုံးလောက

ထွဋ္ဌထား သဗ္ဗညုမြတ်စွာဘုရားသည် ဘုရားဆုပန် ဗျာဒိတ်တော်ခံခဲ့၏၊ ထိုလေးသင်္ချေနှင့် ကမ္ဘာတသိန်းမှသည် ဤဘဒ္ဒကမ္ဘာတိုင်အောင် ဤအတွင်းဝယ် တခုတခုသော ကမ္ဘာမှာမှ ဘုရားငါးဆူတို့ ပွင့်တော်မူကြသော မည်သည် မရှိကြကုန်၊ ဤသို့ အစရှိသည်ဖြင့် ဘဒ္ဒကပွေ ဟူသော ပါဋ္ဌိရပ်၏ အနက် အဓိပ္ပါယ်ကို အဌကထာဆရာ မဟာထေရ်မြတ် ဖွင့်ဆိုမိန့်မှာတော်မူအပ်ပါသည် အရှင်ဘုရား။

အာယုပရိစ္ဆေဒဝါရ

ပု။ ။စဘုတ္ထေ ပနာဝုသော် အာယုပရိစ္ဆေဒဝါရေ အပွံ ဝါ ဘိယျောတိ ဧတေသံ ပဒါနံ အတ္ထော ကထံ အဌကထာစရိယေန ကထိတော။

ဝိ။ ။စတုတ္ထေ ပန ဘန္တေ အာယုပရိစ္ဆေဒဝါရေ အပွံ ဝါ ဘိယျောတိ ဧတေသံ ပဒါနံ အတ္ထော "အပွံ ဝါ ဘိယျောတိ ဝဿသတတော ဝါ ဥပရိ အပွံ၊ အညံ ဝဿသတံ အပတ္ဝာ ဝီသံ ဝါ တိံသံ ဝါ စတ္တာလီသံ ဝါ ပဏ္ဏာသံ ဝါ သဋ္ဌိ ဝါ ဝဿာနိ ဇီဝတိ။ ဧဝံ ဒီဃာယုကော ပန အဘိဒုလ္လဘော၊ အသုကော ကိရ ဧဝံ စိရံ ဇီဝတီတိ တတ္ထ တတ္ထ ဂန္ဓာ ဒဋ္ဌဗ္ဗော ဟောတီ"တိ ဧဝမာဒိနာ ဘန္တေ တတ္ထ အဌကထာစရိယေန ကထိတော။

မေး။ ။လေးခုမြောက် ဖြစ်သော အသက်အပိုင်းအခြားကိုပြရာ အာယုပရိစ္ဆေဒဝါရ၌ ယော စိရံ ဇီဝတိ သော ဝဿသတံ—မြတ်စွာဘုရား လက်ထက်တော်အခါကာလက အသက်ဘမ်းပြည့် အသက်ရှည်သော ပုဂ္ဂိုလ်သည် အနှစ်တရာ ကာလပတ်လုံး အသက်ရှည်သည်ဟု မိန့်ဆိုတော်မူပြီးလျှင် အပွံ ဝါ ဘိယျော—အနည်းငယ် ကျော်လွန်၍လည်း အသက်ရှည်သေးသည်ဟု ဆိုရာ၌ အဘယ်မျှ ပိုလွန်၍ အသက်ရှည်နိုင်သနည်း၊ ရှေးအခါကာလက အနှစ်တရာထက် ကျော်လွန်၍ အသက်ရှည်ဘူးသော ပုဂ္ဂိုလ် အဘယ်သို့ ရှိခဲ့ဘူးသနည်း စသည်ဖြင့် စဉ်းစားဘွယ် မေးမြန်းဘွယ် ရှိပါသည်၊ သို့ဖြစ်၍ အပွံ ဝါ ဘိယျော—ဟူသော ဤပုဒ်တို့၏ အနက်ကို အဌကထာဆရာ မဟာထေရ်မြတ်သည် အဘယ်သို့လျှင် ဖွင့်ပြမိန့်ဆိုတော်မူအပ်ခဲ့ပါသနည်း ငါ့ရှင်။

ဖြေ။ ။ပရိစ္ဆေဒဝါရ ကိုးပါးတို့အနက် အသက်တော် အပိုင်းအခြားကို ဖော်ပြရာဖြစ်သော လေးခုမြောက် အာယုပရိစ္ဆေဒဝါရ၌ ဝိပဿီ

မြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားကို "ဝိပဿိသ ဘိက္ခဝေ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ အသီတိဝဿသဟဿာနိ အာယုပ္ပမာဏံ အဟောသိ" အစရှိသည်ဖြင့် ဝိပဿီ မြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားသည်ကား အနှစ်ရှစ်သောင်း၊ သိခီမြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားသည်ကား အနှစ် ခုနစ်သောင်း၊ ဝေဿဘူမြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားကား အနှစ်ခြောက်သောင်း၊ ကကုသန် မြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားကား အနှစ်လေးသောင်း။ ကောဏာဂုံ မြတ်စွာဘုရား၏ အသက်တမ်း အပိုင်းအခြားကား အနှစ်သုံးသောင်း၊ ကဿပမြတ်စွာဘုရား၏ အသက်တမ်းအပိုင်းအခြားကား အနှစ်နှစ်သောင်း ဟု ဟောကြားတော်မူပြီးလျှင် ကိုယ်တော်မြတ်၏ အာယုပရိစ္ဆေဒ အသက်အပိုင်းအခြားကိုကား—

မယုံ ဘိက္ခဝေ ဧတရဟိ အပ္ပကံ အာယုပ္ပမာဏံ ပရိတ္တံ လဟုကံ ယော စိရံ ဇီဝတိ သော ဝဿသတံ အပ္ပံ ဝါ ဘိယ္ယော။

ဤကဲ့သို့ ရဟန်းတော်များကို ချစ်သားတို့....ငါဘုရား၏ အသက်တမ်းကား နည်းပါးလှချေ၏၊ တိုတောင်းလှချေ၏၊ ငါဘုရားပင့်ရာ ဤယခုအခါဝယ် အကြင်သူသည် အသက်ရှည်၏၊ ထိုသူသည် အနှစ်တရာသာလျှင် အသက်ရှည်နိုင်၏၊ ထိုအနှစ်တရာထက် အနည်းငယ်မျှ ပိုလွန်၍သော်လည်း အသက်ရှည်နိုင်၏ ဟူ၍ ဟောကြားတော်မူခဲ့ရာ အပ္ပံ ဝါ ဘိယျော-ဟူသော ပါဠိရပ်၌ အနည်းငယ်မျှ တရာထက် ပိုလွန်၍ အသက်ရှည်နိုင်၏ဟူသော စကားအရ မည်၍ မည်မျှ အသက်ပိုလွန်၍ အသက်ရှည်နိုင်ကြောင်းကို ထင်ရှားစွာ ဖော်ပြတော်မူလိုသဖြင့် အဋ္ဌကထာဆရာ မဟာထေရ်မြတ်သည်—

အပ္ပံ ဝါ ဘိယျောတိ* ဝဿသတတော ဝါ ဥပရိ အပ္ပံ၊ အညံ ဝဿသတံ အပတ္ဝာ ဝိသံ ဝါ တိံသံ ဝါ စတ္တာလိသံဝါ ဝါ ပဏ္ဏာသံ ဝါ သဋ္ဌိ ဝါ ဝဿာနိ ဇီဝတိ-အစရှိသည်ဖြင့်—

အပ္ပံ ဝါ ဘိယျော-အနည်းငယ်မျှ ပို၍ အသက်ရှည်နိုင်သည် ဟူသည်ကား အနှစ်တရာထက် ပိုလွန်၍ အနည်းငယ်မျှ အသက်ရှည်နိုင်သည်၊ ဒုတိယ အနှစ်တရာသို့ မရောက်ပဲ ပဌမအနှစ်တရာထက် အသက်နှစ်ဆယ်ဖြစ်စေ သုံး

ဆယ်ဖြစ်စေ လေးဆယ်, ငါးဆယ်, ခြောက်ဆယ်ဖြစ်စေ အသက်ရှည်နိုင်သည်၊ ဤကဲ့သို့ အသက်တရာ့ခြောက်ဆယ်ရှည်သော ပုဂ္ဂိုလ်ကား အလွန်တရာ ရခဲလှစ့ဉ်၏၊ ဤမည်သော ပုဂ္ဂိုလ်သည် ဤသို့ အသက်တရာ ရှည်သတဲ့ ဟု ထိုထိုအရပ်သို့ သွားရောက်၍ အထူးတဆန်း ကြည့်ရှုယူရမလောက်အောင်ပင် ဖြစ်ချေသည်။

အသက်ရှည်သည့် ပုဂ္ဂိုလ်တွေ

ယင်းသို အသက်တရာကျော် နေရသော ပုဂ္ဂိုလ်တို့အနက် ပုဗ္ဗာရုံကျောင်းအမ ဝိသာခါ သူဌေးကတော်သည်၎င်း ပေါက္ခရသာတိ ပုဏ္ဏားသည်၎င်း ဗြဟ္မာယု ပုဏ္ဏားသည်၎င်း သေလပုဏ္ဏားသည်၎င်း ဗာဝရီ ပုဏ္ဏားကြီးသည်၎င်း အရှင်အာနန္ဒာ မထေရ်သူမြတ်သည်၎င်း အရှင်မဟာကဿပ မထေရ်သူမြတ်သည်၎င်း ဤခုနစ်ဦးသော ပုဂ္ဂိုလ်တို့သည် အသက်တရာ့ နှစ်ဆယ် ပြည့် နေတော်မူကြရကုန်၏၊ အသက်တရာ့ နှစ်ဆယ် ရှည်တော်မူကြကုန်၏၊ အရှင်အနုရုဒ္ဓါ မဟာထေရ်မြတ်သည်ကား အသက်တော် တရာ့ငါးဆယ် ရှည်တော်မူ၏၊ အရှင်ဗာကုလ မထေရ်သူမြတ်သည်ကား အသက်တော် တရာ့ခြောက်ဆယ် ရှည်တော်မူ၏၊ ဤအရှင်ဗာကုလမထေရ်သူမြတ်သည် အလုံးစုံသော သူတို့ထက် အသက်ရှည်သော ပုဂ္ဂိုလ်ပင် ဖြစ်ပေ၏၊ ထိုသို့ အသက်အရှည်ဆုံးသော ပုဂ္ဂိုလ် ဖြစ်တော်မူသည့် အရှင်ဗာကုလမထေရ်ပင်သော်လည်း ဒုတိယအနှစ်တရာ (၀၊)အနှစ် နှစ်ရာတိုင်အောင် အသက်ရှည်တော်မမူနိုင်၊ ဤသို့ အစရှိသည်ဖြင့် အပုံ ၀၊ ဘိယျော-ဟူသော ပါဠိရပ်၏ အနက်ကို လျှောက်ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် အဋ္ဌကထာဆရာ မဟာထေရ်မြတ် ဖွင့်ဆို မိန့်မှာတော်မူအပ်ပါသည် အရှင်ဘုရား။

ဥပဋ္ဌာကပရိစ္ဆေဒ၀ါရ

ပု။ ။အဋ္ဌမေ ပနာ၀ုသော ဥပဋ္ဌာကပရိစ္ဆေဒ၀ါရေ အာနန္ဒောတိပဒေကထံ အဋ္ဌကထာစရိယေန ၀ဏ္ဏိတော။

ဝိ။ ။အဋ္ဌမေ ပန ဘန္တေ ဥပဋ္ဌာကပရိစ္ဆေဒေ ပန အာနန္ဒောတိ နိဗ္ဗတ္တိပဋ္ဌာကဘာ၀ံ သန္ဓာယ ၀ုတ္တန္တိ ဧ၀မာဒိနာ ဘန္တေ အဋ္ဌကထာစရိယေန ၀ဏ္ဏိတော။

မေး။ ။ရှစ်ခုမြောက်ဖြစ်သော အလုပ်အကျေး ပုဂ္ဂိုလ်ကို ပြရာ ဥပဋ္ဌာက ပရိစ္ဆေဒဝါရဋ္ဌ အာနန္ဒော ဟူသောပုဒ်ရှိရာတွင် မြတ်စွာဘုရားသခင် အား လုပ်ကျေးပြုစုသော ပုဂ္ဂိုလ်တို့သည် အရှင်အာနန္ဒာတပါးတည်းသာ ရှိခဲ့လေသလော၊ အရှင်အာနန္ဒာမှ တပါးသော အခြားပုဂ္ဂိုလ်များ ရှိသေး သလော၊ ထိုသို့ အခြားပုဂ္ဂိုလ်များရှိလျှင် ထိုတခြားပုဂ္ဂိုလ်များကို မဖွင့်ပြဘဲ အာနန္ဒော ဟူ၍ အရှင်အာနန္ဒာတပါးတည်းကိုသာလျှင် အဘယ့်ကြောင့် ဖော်ပြခဲ့လေသနည်း စသည်ဖြင့် စဉ်းစားဘွယ် မေးမြန်းဘွယ်ရှိ၍ နေပါ သည်၊ သို့ဖြစ်၍ အာနန္ဒော ဟူသော ထိုပုဒ်၌ အဋ္ဌကထာဆရာ မဟာထေရ် မြတ်သည် အဘယ်သို့သော အနက်အဓိပ္ပါယ်ကို ဖွင့်ပြမိန့်ဆိုတော်မူအပ်ခဲ့ပါ သနည်း ငါ့ရှင်။

ဖြေ။ ။ရှစ်ခုမြောက်ဖြစ်သော အလုပ်အကျေး ရဟန်းတော် အရှင် မြတ်တို့ကို ဖော်ပြရာ ဥပဋ္ဌာကပရိစ္ဆေဒဝါရဋ္ဌ—

မယုံ ဘိက္ခဝေ တေရဟိ အာနန္ဒော နာမ ဘိက္ခု ဥပဋ္ဌာကော အဟောသိ အဂ္ဂုပဋ္ဌာကော—

ရဟန်းတော်များ အို့ချစ်သားတို့....ယခုအခါ ငါဘုရား၏ အမြတ်ဆုံး သော အလုပ်အကျေး ရဟန်းသည်ကား အာနန္ဒာ မည်သော ရဟန်းပင် ဖြစ်ချေသည် ဟု အရှင်အာနန္ဒာမထေရ်သူမြတ်ကို အထူးပြု၍ ဟောတော် မူအပ်သော အရာဝယ် သဗ္ဗညုမြတ်စွာဘုရားအား အရှင်အာနန္ဒာမှ တပါး လုပ်ကျေးပြုစုသော ရဟန်းတို့ မရှိပါလော ဟု စောကြော စစ်ဆေး မေးမြန်း ဘွယ် ရှိခဲ့ပါသည်။

ထိုသို့ မေးမြန်းဘွယ်ရှိသောကြောင့် အဋ္ဌကထာဆရာမဟာထေရ်မြတ် သည် “ဥပဋ္ဌာကပရိစ္ဆေဒေ ပန အာနန္ဒောတိ နိဗ္ဗုပဋ္ဌာကဘာဝံ သန္ဓာယ ဝုတ္တံ” အစရှိသည်ဖြင့် အရှင်အာနန္ဒာ ဟူ၍ အထူးသဖြင့် ဟောကြားတော်မူရ ခြင်းမှာ အမြဲတစေ ပြုစုလုပ်ကျေးတော်မူတတ်သည်၏ အဖြစ်ကို သဗ္ဗညု မြတ်စွာဘုရား ရည်ရွယ်တော်မူ၍ “အာနန္ဒော နာမ ဘိက္ခု ဥပဋ္ဌာကော အဟောသိ အဂ္ဂုပဋ္ဌာကော” ဤကဲ့သို့ ဟောတော်မူအပ်ပါသည်။

ဘဂဝတောဟိ ပဌမဗောဓိယံ အနိဗ္ဗိဒါ ဉပဋ္ဌာကာ အဟေသုံ။

အနည်းငယ်မျှ ဖွင့်ပြရပါမူ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားအား ပဌမဗောဓိ ဝါနှစ်ဆယ်အတွင်း၌ အလုပ်အကျွေး ဉပဋ္ဌာက မထေရ်တို့ကား အမြဲမရှိကြပေကုန်။

ကေဒါ နာဂသမာလော ပတ္တစီဝရံ ဂဟေတ္ဝာ ဝိစရိ။

တရံတခါ နာဂသမာလ မထေရ်သည် မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ယူဆောင်၍ မြတ်စွာဘုရားကို ပြုစုလုပ်ကျွေးလျက် ရှိပါသည်။

ကေဒါ နာဂိတော၊ တရံတခါ နာဂိတ မထေရ်၊ တရံတခါ အရှင်ဥပဝါန မထေရ်၊ တရံတခါ သုနက္ခတ္တရဟန်း၊ တရံတခါ အရှင်သာရိပုတ္တရာ၏ ညီ စုန္ဒ မထေရ်၊ တရံတခါ အရှင်သာဂတ မထေရ်၊ တရံတခါ အရှင်မေဃိယ မထေရ်တို့ အမြဲမရှိ သဗ္ဗညုမြတ်စွာဘုရားအား လုပ်ကျွေးခဲ့ကြပါကုန်သည်။

နာဂသမာလ ရဟန်း

တရံရောအခါ သဗ္ဗညုမြတ်စွာဘုရားသည် နာဂသမာလရဟန်းနှင့်အတူ တကွ အဓွန့်ရှည်သော ခရီးသို့ ဒေသစာရီ ကြွချီတော်မူရာဝယ် လမ်းနှစ်မြွာသို့ ရောက်သည်တွင် နာဂသမာလရဟန်းက ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....တပည့်တော်သည် ဤလမ်းဖြင့် သွားပါအံ့ ဟူ၍ လျှောက်ထားသည်တွင် သဗ္ဗညုမြတ်စွာဘုရားက ဧဟိ ဘိက္ခု ဣမိနာ မဂ္ဂေန ဂစ္ဆာမ “လာလော့ ချစ်သား ရဟန်း....ဤမှာ ဘက်လမ်းမှ သွားကြကုန်စို့” ဟူ၍ ကရဏာရှေးရှု ခေါ်တော်မူပါသော်လည်း ထိုနာဂသမာလ ရဟန်းက ဟန္ဒ ဘဂဝါ တုမှာကံ ပတ္တစီဝရံ ဂဏှထ။ “ယူလော့....ရော့၊ ဘုန်းတော်သခင် အရှင်မြတ်ဘုရား.... အရှင်ဘုရားတို့၏ သပိတ် သင်္ကန်းကို ယူတော်မူကြပါကုန်၊ တပည့်တော်သည် ဤဘက်လမ်းမှ သွားပါကုန်အံ့”၊ ဤကဲ့သို့ ပြောဆို ပြီးလျှင် မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို မြေကြီးအပြင်သို့ ချအံ့သော အမူအရာ ပြုလတ်သည်တွင် သဗ္ဗညုမြတ်စွာဘုရားက အာဟရ ဘိက္ခု “ချစ်သား ရဟန်း....ငါဘုရား၏ သပိတ် သင်္ကန်းကို ယူခဲ့လော့” ဟူ၍ မိန့်ကြား

တော်မူပြီးလျှင် ကိုယ်တော်မြတ်၏ သပိတ် သင်္ကန်းကို ကိုယ်တော်မြတ်ပင် ယူဆောင်၍ တခုသော လမ်းမှ ကြွသွားတော်မူခဲ့ပါသည်။

နာဂသမာလရဟန်းသည်လည်း တဖက်သော လမ်းမှ သွား၍ မျှား မကြာမီ ထိုနာဂသမာလ ရဟန်းကို လမ်းခရီးအကြား ခိုးသားတို့က သပိတ် သင်္ကန်းကို လုယက်, ဦးခေါင်းကိုလည်း ရိုက်နှက် နှိပ်စက်သဖြင့် ယိုစီးသော သွေးအတိပြည့်၍ သဗ္ဗညုမြတ်စွာဘုရားထံမှာက် တဖန်ပြန်၍ ရောက်လာသည်တွင် ကိမိဒံ ဘိက္ခု–ချစ်သား ရဟန်း....ဤအမှုကား အဘယ်နည်း ဟု မေးမြန်းတော်မူလတ်သောအခါ ဖြစ်ခဲ့သမျှအကြောင်း သဗ္ဗညုမြတ်စွာဘုရားကို ပြန်ပြောင်းလျှောက်ထားရာတွင် မာ စိန္တယိ ဘိက္ခု "ချစ်သား ရဟန်း....ထွေထွေရာရာ မကြံမိုင်လင့်၊ ဤအကြောင်းကိုပင် မြင်၍ ငါတို့သည် သင်ချစ်သားကို မြစ်တားကြပါကုန်သည်" ဤကဲ့သို့ မိန့်ကြားတော်မူခဲ့ရပါသည်။

မေဃိယ ရဟန်း

အခါတပါးဌ်လည်း သဗ္ဗညုမြတ်စွာဘုရားသည် မေဃိယရဟန်းနှင့်အတူ ပါစီနဝံသမိဂဒါယ တောအုပ်အနီး ဇန္တုရွာသို့ ခရီးဒေသစာရီ ကြွချီတော်မူလတ်သည်တွင် မေဃိယရဟန်းသည် ဇန္တုရွာအတွင်းမှ ဆွမ်းခံလှည့်လည်ပြီး အပြန်တွင် မြစ်ဆိပ်ဌ် မွေ့လျော်ဘွယ်ကောင်းသော သရက်ဥယျာဉ်ကို မြင်၍ ရှေးနည်းအတူ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကို မြတ်စွာဘုရားအား ပေးခဲ့သည်တွင် သဗ္ဗညုမြတ်စွာဘုရားက သုံးကြိမ်တိုင် မြစ်တားပါသော်လည်း တား၍ မရ၊ ဘုရားရှင်၏သပိတ် သင်္ကန်းကို ဘုရားရှင်အား အပ်နှံ၍ ထိုသရက်ဥယျာဉ်သို့ သွားရောက်သောအခါ ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက် တည်းဟူသော အကုသိုလ် ဝိတက်သုံးပါးတို့ မေဃိယရဟန်းအား နှိပ်စက်သည်တွင် သဗ္ဗညုဘုရားထံမှောက် လာရောက်၍ အကြောင်းစုံ ပြန်ပြောင်း လျှောက်ထားသောအခါ သဗ္ဗညုမြတ်စွာဘုရားက——

ဣဒမေဝ တေ ကာရဏံ သလ္လက္ခေတ္ဝာ နိဝါရယိမှ။

ချစ်သားမေဃိယ....ဤအကုသလဝိတက်တွေ ဖြစ်မည့်အကြောင်း ငါဘုရားသိမြင်သောကြောင့်ပင်လျှင် သင်ချစ်သားကို ငါဘုရားတို့ တားမြစ်ခဲ့ကုန်သည်။

အမြဲတမ်း အလုပ်အကျွေး

ဤကဲ့သို့ မိန့်ကြားတော်မူ၍ ခရီးဒေသစာရီ အစဉ်ကြွတော်မူ၍ သာဝတ္ထိပြည် အရပ်သို့ ရောက်လတ်သောအခါ များစွာသော ရဟန်းပရိသတ်တို့၏ အလယ်၌—

ဘိက္ခဝေ၊ ရဟန်းတော်များ အိုချစ်သားတို့....။ ငါဘုရားကား-မဟာလ္လကောသိ၊ အသက်အရွယ် ကြီးခဲ့လေပြီ။

ကစ္စေ ဘိက္ခဝေ။ ကုမိနာ မဂ္ဂေန ဂစ္ဆာမာတိ ဝုတ္တော အညေန ဂစ္ဆန္တိ။

တချို့ ရဟန်းတို့ကား ငါဘုရားက ဤခရီးဖြင့် သွားကြကုန်စို့ ဟု ပြောဆိုလတ်သည်ရှိသော် တပါးသော ခရီးဖြင့် သွားကြကုန်သည်၊ တချို့သော ရဟန်းတို့ကား ငါဘုရား၏ သပိတ် သင်္ကန်းကို မြေကြီးသို့ ချအံ့သော အမှုကို ပြုကြကုန်သည်။

ရဟန်းတော်များ အိုချစ်သားတို့....အသက်အရွယ် ကြီးရင့်ပြီ ဖြစ်သော ငါဘုရား၏အတွက် အမြဲအလုပ်အကျွေး ရဟန်းတပါးကို သိကြကုန်လော့ဟု သဗ္ဗညုမြတ်စွာဘုရား မိန့်ကြားတော်မူလတ်သည်တွင် များစွာသော ရဟန်းတော် အရှင်သူမြတ်တို့အား ဓမ္မသံဝေဂ ကြီးစွာ ဖြစ်ခဲ့ကြရပါကုန်သည်၊ ထိုနောက်ဝယ် အရှင်သာရိပုတ္တရာ အရှင်မဟာမောဂ္ဂလ္လာန်တို့မှအစ အသီတိသာဝကာ မထေရ်သူမြတ်တို့ ကိုယ်စီ ကိုယ်ငှ အလုပ်အကျွေး ဥပဋ္ဌာက ဖြစ်လိုပါကြောင်း လျှောက်ထားတောင်းပန်သည်ကို သဗ္ဗညုမြတ်စွာဘုရား လက်ခံတော်မမူလတ်သည်တွင် ရဟန်းတော် အရှင်မြတ်တို့က အရှင်အာနန္ဒာမထေရ်သူမြတ်ကို ဥပဋ္ဌာက အလုပ်အကျွေးရာထူး ဘုရားရှင်ကို တောင်းခံရန် တိုက်တွန်းကြသောအခါ သဗ္ဗညုမြတ်စွာဘုရားက—

ချစ်သား ရဟန်းတို့....အာနန္ဒာသည် သူတပါးတို့ တိုက်တွန်းမှ မိမိ၏ ဥပဋ္ဌာက ရာထူးကို တောင်းမည့်ပုဂ္ဂိုလ်မဟုတ်၊ မိမိဘာသာ သိမြင်ပြီးလျှင် ဥပဋ္ဌာကရာထူးကို တောင်းလိမ့်မည်၊ ဤကဲ့သို့ သဗ္ဗညုမြတ်စွာဘုရား အရိပ်အမြွက်စကား မိန့်ကြားတော်မူလတ်သည်တွင် ရဟန်းတော် အရှင်သူမြတ်တို့က—

ဥဋ္ဌေဟိ အာဝုသော အာနန္ဒ၊ ဥဋ္ဌေဟိ အာဝုသော အာနန္ဒ။

ထပါ ငါ့ရှင် အာနန္ဒာ၊ ထပါ ငါ့ရှင် အာနန္ဒာ။ သဗ္ဗညုမြတ်စွာဘုရားကို ဥပဋ္ဌာက ရာထူးတောင်းပါလေ့ ဟူ၍ ဝိုင်းဝန်းလျှောက်ထားကြသည်တွင် အရှင်အာနန္ဒာမထေရ်သူမြတ်သည် ရဟန်းပရိသတ် အလယ်မှ ထ၍—

ပယ် လေးပါး

၁။ ဘုန်းတော် ကြီးမြတ်တော်မူသော မြတ်စွာဘုရားသည် တပည့်တော်အား ရှင်တော်ဘုရား ရရှိသည့် မွန်မြတ်သော ဆွမ်းကို ပေးတော်မမူလျှင်ငင်း။

၂။ ရှင်တော်ဘုရား ရသည့် မွန်မြတ်သော သင်္ကန်းကို တပည့်တော်အား မပေးလျှင်ငင်း။

၃။ ရှင်တော်ဘုရားနှင့် ဂန္ဓကုဋီတိုက် အတွင်း အတူတကွ နေခွင့်မပြုလျှင်သော်ငင်း။

၄။ ရှင်တော်ဘုရားအား ဒကာ ဒကာမတို့ ပင့်ဘိတ်ရာအရပ်သို့ တပည့်တော်ကို ခေါ်၍ မသွားလျှင်ငင်း။

တပည့်တော်သည် ရှင်တော်ဘုရားအား ပြုစုလုပ်ကျွေးလိုပါကြောင်း လျှောက်ထားလတ်သည်တွင် သဗ္ဗညုမြတ်စွာဘုရားက—

ကံ ပနေတ္ထ အာနန္ဒ အာဒီနဝံ ပဿသိ။

ချစ်သား အာနန္ဒာ....ဤလေးဌာနတို့၌ အဘယ်အပြစ်ကို သင်ချစ်သားမြင်၍ ပယ်ဘိသနည်း ဟု မေးမြန်းတော်မူလတ်သည်တွင် အရှင်အာနန္ဒာမထေရ်သူမြတ်က—

ဘုန်းတော်နေဝန်း ထွန်းတောက်ပတော်မူသော မြတ်စွာဘုရား.... ရှင်တော်ဘုရားသည် အကယ်၍ ကိုယ်တော်မြတ်ရတော်မူသော ဆွမ်း, ကိုယ်တော်မြတ် ရတော်မူသော သင်္ကန်းတို့ကို တပည့်တော်အား ပေးတော်မူသည် ဖြစ်ပါအံ့၊ ရှင်တော်ဘုရားနှင့် ဂန္ဓကုဋီတိုက်အတွင်းဝယ် အတူတကွ နေခွင့်ပြုတော်မူသည်ဖြစ်ပါအံ့၊ ရှင်တော်ဘုရားအား ဒကာ ဒကာမတို့ ပင့်ဘိတ်ရာသို့ တပည့်တော်ကို ခေါ်၍ ကြွသွားတော်မူသည် ဖြစ်ပါအံ့၊ ထိုသို့သွားခဲ့လျှင် အရှင်အာနန္ဒာကား မြတ်စွာဘုရားအား လှူဒါန်းအပ်သော

ဆွမ်းကို, သင်္ကန်းကို အမြဲတစေ သုံးဆောင်၍ နေရပေ၏၊ မြတ်စွာဘုရားနှင့် ဂန္ဓကုဋ္ဌိတိုက်အတွင်း အတူတကွ နေရပေ၏၊ မြတ်စွာဘုရားအား ပင့်ဘိတ်ရာအရပ်သို့ ဘုရားနှင့်အတူတကွ တပါတည်း ကြွရပေ၏၊ အဘယ်သို့သော သူသည် ဤသို့သော ချီးမြှောက်ချက်ကို ရလျှင် မြတ်စွာဘုရားအား မလုပ်ကျွေးဘဲ ရှိပါအံ့နည်း၊ ဤသို့ အစရှိသည်ဖြင့် ကဲ့ရဲ့ပြစ်တင်စကား ပြောကြား ကြပါလိမ့်မည်၊ ဤကဲ့သို့ အပြစ်ဒေါသ အာဒီနဝကို မြင်သဖြင့် တပည့်တော်သည် ဤပယ်လေးပါးဆုများကို တောင်းရပါကြောင်း ပြန်ပြောင်းလျှောက်ထားပြီးလျှင်—

ယူ-လေးပါး

၁။ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော သဗ္ဗညုမြတ်စွာဘုရားသည် တပည့်တော် ပင့်ဘိတ်ရာအရပ်သို့ ကြွရောက်ချီးမြှောက်တော်မူလျှင်ငုင်း။

၂။ ဇနပုဒ်ခြား တိုင်းတပါးမှ ဘုရားဖူးလိုသောသူတို့ လာရောက်လျှင် ခဏအတွင်း ရှင်တော်ဘုရားအား ဖူးမျှော်ခွင့် ပြုနိုင်ပါလျှင်ငုင်း။

၃။ တပည့်တော်အား ယုံမှားသံသယ ရှိလတ်သောအခါ ယုံမှားသံသယရှိသော ခဏ၌ပင် ရှင်တော်ဘုရားအား မေးမြန်းလျှောက်ထားခွင့် ပြုတော်မူလျှင်ငုင်း။

၄။ တပည့်တော်၏ မျက်ကွယ်၌ ရှင်တော်ဘုရား ဟောကြားခဲ့သော တရားတို့ကို ပြန်ကြွတော်မူလာသောအခါ ဟဖန် တပည့်တော်အား ဟောကြားတော်မူပါလျှင်ငုင်း။

ဤလေးဌာနကို ရှင်တော်ဘုရား သနားပါမူ တပည့်တော်သည် ရှင်တော်ဘုရားအား ပြုစုလုပ်ကျွေးလိုပါကြောင်း တောင်းပန်လျှောက်ထားလတ်သည်တွင် သဗ္ဗညုမြတ်စွာဘုရားက—

ကံ ပနေတ္ထ အာနန္ဒ အာနိသံသံ ပဿသိ။

ချစ်သား အာနန္ဒာ....ဤလေးဌာန၌ အဘယ်သို့သော အကျိုးအာနိသင်ကို မြင်၍ သင်ချစ်သား လေးပါးသောဆုကို တောင်းသနည်း ဟု မေးမြန်းတော်မူလတ်သည်တွင် အရှင်အာနန္ဒာမထေရ်သူမြတ်က—

ဘုန်းတော်ကြီးမြတ်တော်မူသော မြတ်စွာဘုရား....သဒ္ဓါတရား ပေါများကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ရှင်တော်ဘုရားထံ ချဉ်းကပ်ရန်အရေး ဝန်လေးလှသဖြင့် တပည့်တော်ထံမှောက်လာရောက်ပြီးလျှင် "အရှင်အာနန္ဒာမထေရ်သူမြတ်ဘုရား....သဗ္ဗညူမြတ်စွာဘုရားကို ပင့်ဘိတ်၍ တပည့်တော်တို့အိမ် ကြွတော်မူပါဘုရား" ဟု လျှောက်ထားကြပါလိမ့်မည်၊ ထိုအခါ သဗ္ဗညူမြတ်စွာဘုရား ကြွတော်မမူခဲ့လျှင်၎င်း၊ ဇနပုဒ်ခြား တိုင်းတပါးမှ ဘုရားဖူးသောသူတို့ ရောက်လျှင် ရောက်ခြင်း ဘုရားဖူးမျှော်ခွင့် မပြုလျှင်သော်၎င်း၊ တပည့်တော် ယုံမှား သံသယရှိသော ခဏဝယ် ရှင်တော်ဘုရားထံမှောက် လာရောက်၍ မေးလျှောက်ခွင့် မပြုလျှင်သော်၎င်း "အရှင်အာနန္ဒာသည် သဗ္ဗညူမြတ်စွာဘုရားကို ရိုသေမြတ်နိုးစွာ ပြုစုလုပ်ကျွေးပါလျက် ဤမျှလောက်သော အဆထောက်အပံ့ကိုမျှ မရချေတကား" ဟူ၍ ပြောကြားကြပါမည်။

ရှင်တော်ဘုရား မျက်ကွယ်၌ ဟောကြားတော် မူအပ်သော တရားကို ဘုရားတပည့်တော် မကြားရ မနာရ၊ ပြန်ကြွတော်မူလာသောအခါ တပည့်တော်အား မဟောကြားခဲ့ပါမူ တစုံတယောက်သောသူတို့က "ငါရှင် အာနန္ဒာ....ဤမည်သော ဂါထာ ဤမည်သောသုတ္တန် ဤမည်သော ဇာတက ကို သဗ္ဗညူမြတ်စွာဘုရားအဘယ်အရပ်၌ ဟောကြားပါသနည်း" ဟု မေးမြန်းကြပါလိမ့်မည်၊ ထိုသို့မေးမြန်းသည့်အခါ တပည့်တော်သည် အပြည့်အစုံ မဖြေနိုင်ဘဲ ရှိပါလိမ့်မည်၊ ယင်းသို့ အပြည့်အစုံ မဖြေနိုင်ဘဲ ရှိလတ်သော် "အာနန္ဒာမထေရ်သည် အရိပ်ပမာ သဗ္ဗညူမြတ်စွာဘုရား၏ အနီးအပါးမှ ဆည်းကပ်ခစား၍ အမြဲတစေ ပြုစုလုပ်ကျွေးပါသော်လည်း ဤမျှပင် မသိရှိလေ" ဟု အပြစ်တင်စကား ပြောဆိုကြပါလိမ့်မည်။

ဤသို့သော အကြောင်းအရာကို သိမြင်သဖြင့် တပည့်တော်သည် ယူလေးပါး ဤဆုမျှားကို တောင်းခံရပါကြောင်း ပြန်ပြောင်းလျှောက်ထားခဲ့ပါသည်။

ထိုအခါ သဗ္ဗညူမြတ်စွာဘုရားသည် အရှင်အာနန္ဒာမထေရ်သူမြတ်ကို အလုပ်အကျွေး ဥပဋ္ဌာက ပြုလုပ်ရန် ခွင့်ပြုခဲ့ပါသည်။

ယင်းသို့ အမြတ်ဆုံးသော အလုပ်အကျွေး ဥပဋ္ဌာက ဖြစ်ရန် အတွက်ပင် ကမ္ဘာတသိန်း ပါရမီတို့ကို ဆည်းပူးခဲ့၍ ထိုကမ္ဘာတသိန်း ဆည်းပူးခဲ့သော

ပါရမီတို့ ထိုအခါဝယ် အကျိုးပေးခြင်း အထွဋ်အထိပ်သို့ ရောက်တော်မူခဲ့ပါသည်။

ထိုအခါမှစ၍ အရှင်အာနန္ဒာမထေရ်သူမြတ်သည် သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန် လားတော်မူသည့် ကာလတိုင်အောင် အမြဲတစေ နိဗ္ဗဒ္ဓ အလုပ် အကျေး ဥပဋ္ဌာက အဖြစ်ဖြင့် ပြုစုလုပ်ကျေးတော်မူခဲ့ပါသည်။

ဤကဲ့သို့ နိဗ္ဗဒ္ဓ ဥပဋ္ဌာက အမြဲအလုပ်အကျေး ဖြစ်သောကြောင့် အရှင် အာနန္ဒာမှ တပါး အရှင်နာဂသမာလ, အရှင်နာဂိတ, အရှင်ဥပဝါန, အရှင် သုနက္ခတ္တ, အရှင်စုန္ဒ, အရှင်သာဂတ, အရှင်မေဃိယ တည်းဟူသော ဥပဋ္ဌာက ရဟန်းတို့ ရှိခြားသော်လည်း အရှင်အာနန္ဒာမထေရ်သူမြတ်သာလျှင် နိဗ္ဗဒ္ဓ-အမြဲတစေ ဥပဋ္ဌာက အလုပ်အကျေးဖြစ်သောကြောင့် အရှင်အာနန္ဒာမထေရ် သူမြတ်ကို ရည်ရွယ်၍ သဗ္ဗညုမြတ်စွာဘုရားသည် "မယုံ ခေါ် ဘိက္ခဝေ တေရဟိ အာနန္ဒော နာမ ဘိက္ခု ဥပဋ္ဌာကော ဟောတိ အဂ္ဂုပဋ္ဌာကော" ဟူ၍ အရှင် အာနန္ဒာကိုသာ ဟောတော်မူရခြင်း အနက် အဓိပ္ပါယ်ကို လျှောက်ဆို အပ်ပြီးသော အခြင်းအရာဖြင့် အဋ္ဌကထာဆရာ မဟာထေရ်မြတ် ဖွင့်ဆို မိန့်မှာတော်မူအပ်ပါသည် အရှင်ဘုရား။

မဟာပဒါနသုတ် အဋ္ဌကထာ မေးဖြေ ပြီး၏

မဟာဝဋ္ဋ အဋ္ဌကထာ စီစဉ်ခက်း

အဂ္ဂမဟာပဏ္ဍိတ မဟာစည် ဆရာတော် စီစဉ်တော်မူသည်။

မဟာပဒါနသုတ်

မဟာဝဂ္ဂပါဠိတော် မဟာပဒါနသုတ်၌ ဥဒ္ဒေသဝါရ, နိဒ္ဒေသဝါရ နှစ်မျိုး ရှိရာတွင် ဥဒ္ဒေသဝါရ၏အဆုံးမှာ “ဣဒမဝေါစ ဘဂဝါ ဥဋ္ဌာယာသနာ သုဂတော ဝိဟာရံ ပါဝိသိ”ဆိုတဲ့ ပဌမသံဂါယနာတင် မဟာထေရ်မြတ်တို့ ဖေဖ်ပြထားတဲ့ အနုသန္ဓေစကားရပ်ကလေး ရှိပါတယ်ဘုရား။

အဲဒီ အနုသန္ဓေ စကားရပ်ကလေးထဲမှ ဝိဟာရံ ပါဝိသိ—ဆိုတဲ့ ပုဒ်ကလေးကို တည်ပြီးတော့ ဒီအဋ္ဌကထာမှာ ဖွင့်ပြထားပါတယ်။

ဘာကြောင့် ဒီလိုဖွင့်ပြရသလဲဆိုရင် ဣဒမဝေါစ ဘဂဝါ၊ ဤပြဆိုခဲ့ပြီးသော ဥဒ္ဒေသ စကားရပ်ကို မြတ်စွာဘုရား ဟောတော်မူပါသည်။ ဣဒံ ဝတ္ထုန သုဂတော၊ ဤဥဒ္ဒေသစကားကို ဟောတော်မူပြီးတဲ့နောက် မြတ်စွာဘုရားသည်။ဥဋ္ဌာယာသနာ၊ နေရာမှ ထတော်မူ၍။ ဝိဟာရံ ပါဝိသိ၊ ဂန္ဓကုဋိ ကျောင်းတော်သို့ ဝင်သွားတော်မူတယ်လို့ ဒီလိုဆိုတဲ့ အနုသန္ဓေစကားရပ်မှာ-“နောက်ထပ်လဲ ဟောစရာ ဒေသနာအကျယ်တွေ များစွာရှိပါသေးတယ်၊ သို့ အကျယ်တွေ များစွာရှိပါလျက်နှင့် တရားကို ပြီးဆုံးအောင် ဟောတော်မမူဘဲနှင့် အကျဉ်းချုပ်ဥဒ္ဒေသမျှသာ ဟောပြီးတော့ မြတ်စွာဘုရားက ကျောင်းတော်သို့ ဘာပြုလို့ ဝင်သွားရသလဲ”လို့ အဲဒီလို စဉ်းစားစရာ ရှိပါတယ်ဘုရား။

ကျယ်ဝန်းလှသည့် မဟာပဒါန

ဒါဟာ စဉ်းစားမယ်ဆိုလဲ စဉ်းစားထိုက်ပါတယ်၊ ဘာပြုလို့တုံးဆိုလျှင် ဒီမဟာပဒါနသုတ်မှာ ဟောထားတဲ့ ဒေသနာတွေက အကျဉ်းဥဒ္ဒေသ အနည်းငယ်မျှသာ ဖြစ်ပြီး အကျယ်နိဒ္ဒေသက အလွန်များပြားနေပါတယ်၊ အကျယ်နိဒ္ဒေသမှာ ဘုရားတဆူ တဆူ အတွက် အကြောင်းအရာ ဟောပြထားတဲ့ ဒေသနာစကားတော်တွေ ဟာ ဘာဏဝါရ အားဖြင့် သုံးဘာဏဝါရ ရှိပါတယ်ဘုရား။

ဘာဏဝါရဆိုတာ

ဘာဏဝါရဆိုတာဟာ ယခု သံဂါယနာတင် ရွတ်ဘတ်တော်မူတဲ့အခါ မှာ တဖွဲ့တဖွဲ့က မနားဘဲ တကြိမ်တကြိမ်ရွတ်တာမျိုးလိုဘဲ အဆက်မပြတ် ဘဲနှင့် တကြိမ်တကြိမ် ရွတ်လို့သင့်လျော်လောက်တဲ့ စကားရပ် အပိုင်းကို ဘာဏဝါရလို့ ခေါ်ပါတယ်၊ အဲဒီဘာဏဝါရဟာ ဂါထာအားဖြင့် ဆိုလျှင် တပါဒမှာ ရှစ်လုံးရှိတဲ့ ပါဒမျိုးနဲ့ လေးပါဒရှိပြီး အက္ခရာအားဖြင့် သုံးဆဲ့ နှစ်လုံးစီ ရှိတဲ့ ဂါထာတို့ဖြင့် ဖွဲ့မယ်ဆိုလျှင် ဂါထာပေါင်း နှစ်ရာ့ငါးဆယ်ဟာ တဘာဏဝါရဘဲလို့ ဆိုထားပါတယ်၊ ယခု ဆဋ္ဌသံဂါယနာမူနှင့် ရိုက်ထားတဲ့ စာမျက်နှာဖြင့်တွက်မယ်ဆိုယင် ဖျမ်းမျကျေးအားဖြင့် ဆဲ့နှစ်မျက်နှာလောက် ရှိပါတယ်၊ အဲဒီတော့ သုံးဘာဏဝါရဆိုလျှင် ဆဲ့နှစ်သုံးလီ-သုံးဆဲ့ခြောက် မျက်နှာခန့် ရှိပါတယ်၊ အဲဒါဟာ ဘုရားတဆူအတွက်ဘဲ ရှိပါသေးတယ်၊ ဘုရားခုနစ်ဆူ အတွက်ဆိုတော့ ဘာဏဝါရပေါင်း နှစ်ဆယ့် တဘာဏဝါရ ရှိပါတယ်၊ အဲဒါ မြတ်စွာဘုရားသခင် သီးခြားဟောတဲ့ ဒေသနာတော် ဖြစ်ပါတယ်။

အဲဒီကနောက် မြတ်စွာဘုရား သုဒ္ဓါဝါသဘုံ တက်သွားတဲ့အခါကာလ ကျတော့ အဝီဟာဘုံက ဗြဟ္မာတွေက ရှေးဘုရားတွေအကြောင်းကို လျှောက်ထားကြပါတယ်၊ ဝိပဿီ မြတ်စွာဘုရားလက်ထက်တော်အခါကာလက အနာဂါမ် ဖြစ်ပြီးတော့ အဝီဟာဘုံရောက်နေတဲ့ ဗြဟ္မာတွေရှိပါတယ်၊ အဲဒီ ဗြဟ္မာတွေက ဝိပဿီ မြတ်စွာဘုရား အကြောင်းကို လျှောက်ထားကြပါတယ်၊ ထို့အတူ သိခီမြတ်စွာဘုရား, ဝေဿဘူ မြတ်စွာဘုရား, ကကုသန် မြတ်စွာဘုရား, ကောဏာဂုံ မြတ်စွာဘုရား, ကဿပမြတ်စွာဘုရား လက်ထက်က အနာဂါမ် ဖြစ်ပြီးတော့ ဗြဟ္မာ့ပြည်ရောက်နေတဲ့ ဗြဟ္မာတွေကလဲဘဲ သူတို့ရဲ့ ကိုးကွယ်ရာ ဖြစ်တဲ့ မြတ်စွာဘုရားသခင်၏ အကြောင်း အင်္ဂုပ္ပတ္တိတွေကို လျှောက်ထားကြပါတယ်။

ယခု ဂေါတမမြတ်စွာဘုရား လက်ထက်မှာမှ အနာဂါမ် ဖြစ်ပြီးတော့ အဝီဟာဘုံရောက်နေတဲ့ ဗြဟ္မာတွေကလဲဘဲ ဂေါတမမြတ်စွာဘုရားအကြောင်းကို လျှောက်ထားကြပါတယ်။

အဲဒါ ဥပက, ပလဂဏ္ဍ, ပက္ကုသာတိ စသည်ဖြင့် ခုနစ်ဦးရှိတဲ့အကြောင်း သဂါထာဂဂ္ဂသံယုတ်ပါဠိ စာမှက်နှာ (၃၂)အစရှိတဲ့ ကျမ်းဂန်များမှာ အထင်အရှားရှိပါတယ်၊ အဲဒါက သာသနာ အဦးအစက အရေအတွက် ဖြစ်ပါတယ်၊ နောက်ကာလမှာတော့ အဲဒီ ခုနစ်ဦး အပြင်လည်း အခြားတပါးသော အနာဂါမ် ရဟန္တာ ဗြဟ္မာတွေ ရှိနိုင်ပါသေးတယ်။

အဲသလို လျှောက်ထားတာတွေကလဲ ဘုရားခုနစ်ဆူဆိုတော့ နှစ်ဆယ့်တဘာဏဝါရ ဖြစ်ပါတယ်၊ ပြီးတော့ အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌ ဆိုတဲ့ အခြားဘုံတွေက လျှောက်ထာကလည်း ဒီလိုဘဲ နှစ်ဆဲ့တဘာဏဝါရစီ ရှိပါတယ်၊ အားလုံးစုစုပေါင်း ဆိုလိုရှိလျှင် မြတ်စွာဘုရား ဟောတာက နှစ်ဆယ့် တဘာဏဝါရ၊ သုဒ္ဓါဝါသ ဗြဟ္မာတွေ အသီးသီး လျှောက်ထားတာကလဲ တရာနှင့် ငါးဘာဏဝါရ ရှိပါတယ်၊ အားလုံးပေါင်းလိုက်တဲ့ အခါကျတော့ ဘာဏဝါရပေါင်း တရာ့နှစ်ဆယ့်ခြောက် (၁၂၆) ဘာဏဝါရ ရှိပါတယ်၊ အဲဒီ တရာ့နှစ်ဆယ့်ခြောက် ဘာဏဝါရဟာ စာမျက်နှာ အားဖြင့် ယခု ဆဋ္ဌသံဂါယနာမူနှင့် ရိုက်ထားတဲ့ အခြေအနေမျိုးနှင့် တွက်ကြည့်လျှင် စာမျက်နှာပေါင်း တထောင့်ငါးရာနှင့် တဆဲ့နှစ် (၁၅၁၂)မျက်နှာလောက် ရပါတယ်။

အဲသလောက် ကျယ်ဝန်းတဲ့ ဒေသနာကြီးကို ဟောထားတဲ့အတွက် ဒီသုတ်ဟာ **သုတ္တန္တရာဇာ** သုတ္တန်ထည်းမှာဖြင့် အကြီးဆုံးဘဲလို့ အဋ္ဌကထာဆရာက အဆုံးသတ်မှာ ချီးကျူးထားပါတယ်။

ယခု ပါဠိတော်မူများမှာ သံဂါယနာ တင်ထားတာကတော့ ဝါစနာမဂ္ဂ[၁] အဖြစ်ဖြင့် ခံုးပြီးတော့ တင်ထားပါတယ်။ အဲဒီမှာ ပေယျာလ ထိုးပြီးတော့ ထားတဲ့ အတွက်ကြောင့် စာမျက်နှာပေါင်း လေးဆယ့်ခြောက်မျက်နှာဘဲ ရှိပါတယ်။ ပေယျာလမထိုးဘဲနှင့် အကုန်လုံး အပြည့် ဖြည့်ရိုက်မယ်ဆိုလို့ရှိလျှင် တထောင့်ငါးရာ ဆဲ့နှစ် (၁၅၁၂)မျက်နှာ ရှိနိုင်ပါတယ်။

ဥဒ္ဒေသကိုသာ ဟောရခြင်းမှာ

အဲဒီလောက် ကြီးကျယ်တဲ့ ဒေသနာကြီးကို ဆက်လက်ပြီး ဟောရဦးမှာ ဖြစ်ပါလျက်နှင့် ယခု ဥဒ္ဒေသစကားမျှလောက်ကို ဟောပြီးတော့ မြတ်စွာ

၁။ ဝါစနာမဂ္ဂ။ ပို့ချသင်ယူသည့်အစဉ်။

ဘုရားက ကျောင်းတော်ကို ဘာကြောင့် ဝင်ရသလဲလို့ ဒီလိုမေးစရာရှိလို့ ဟောဒီမှာ အဋ္ဌကထာဆရာက ဖွင့်ထားပါတယ်။

ဝိဟာရံ ပါဝိသီတိ၊ ဝိဟာရံ ပါဝိသိ....ဟူရာ၌။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝိဟာရံ၊ ကျောင်းတော်သို့။ ပါဝိသိ၊ ဝင်သွားပါသနည်း။ ဒီလို မေးစရာရှိပါတယ်တဲ့။

ဝင်ခြင်း၏ အကြောင်းကိုလဲ ဘဂဝါ ကိရ ဧတ္တကံ ကထေတ္ဝာ စိန္တေသိ—စသည်ဖြင့် ဖြေရှင်းပြီးတော့ ပြထားပါတယ်။

မြတ်စွာဘုရားသခင်က ဤမျှလောက်သော ဥဒ္ဒေသစကားကို ဟောတော်မူပြီးတဲ့ အခါကာလမှာ စဉ်းစား ဆင်ခြင်တော်မူပါတယ်၊ ငါဘုရားဟာ ခုနစ်ဆူသော မြတ်စွာဘုရားတို့၏ အကြောင်းအရာတွေကို မပြတ်ဆက်ပြီးတော့ အပြီးအဆုံး ရောက်အောင်တော့ မဟောရသေးဘူး၊ ယခုနေအခါမှာ ကျောင်းတော်သို့ ဝင်သွားလို့ရှိလျှင် ဓမ္မသဘင်မှာရှိတဲ့ ရဟန်းတော်တွေဟာ ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်ပြီးတော့ ချီးကျူးစကားတွေကို အတိုင်းထက် အလွန် ပြောကြဟောကြ ဆွေးနွေးကြလိမ့်မယ်၊ ထိုအခါကာလမှာမှ တဖန် ပြန်ကြွလာပြီးတော့ ဗုဒ္ဓဝံသ—မြတ်စွာဘုရား၏ အကြောင်းအရာတွေကို အပြီးအဆုံးတိုင် ဟောပြလို့ရလို့ရှိလျှင် ရဟန်းတော်များမှာ ပုဗ္ဗေနိဝါသဉာဏ်နှင့် စပ်ပြီးတော့ ဆွေးနွေးဘို့ရန် အချိန်အခွင့် ရသွားလိမ့်မည်၊ အချိန်အခွင့်ရအောင် အချိန်အခွင့် ပေးဦးမယ်လို့ နှလုံးသွင်းပြီးတော့ မြတ်စွာဘုရားဟာ နေရာမှထပြီး ကျောင်းတော်သို့ ဝင်သွားပါတယ်ဆိုတဲ့ အကြောင်းကို ဖြေရှင်း ပြသွားပါတယ်။

သမ္မဟုလဝါရ

အဲဒီ ဥဒ္ဒေသဝါရမှာ ပါဝင်တဲ့ ပရိစ္ဆေဒဝါရတွေက ကိုးဝါရရှိပါတယ်၊ ကျန်တဲ့ သမ္မဟုလဝါရ ဆိုတာကတော့ ပါဠိတော်မှာ တိုက်ရိုက် မရှိပါဘူးတဲ့၊ အဲဒီတိုက်ရိုက်မရှိတဲ့ သမ္မဟုလဝါရကိုလည်း ဆောင်ပြီးတော့ ဒီနေရာမှာ ပြသင့်ပါတယ်လို့ အဋ္ဌကထာဆရာက ရှေးဦးစွာ စကားပျိုးပါတယ်ဘုရား။

ပြသင့်ခြင်း၏ အကြောင်းကိုလဲ ဒီမှာ ပြထားပါတယ်၊ အလုံးစုံသော ဘုရားအလောင်းတော်တွေမှာ အမျိုးအနွယ်အားဖြင့် လျောက်ပတ်တဲ့ သားတော်တယောက် ဖွားမြင်လာတဲ့အခါ ကာလမှာ တောထွက်ပြီးတော့ ရဟန်း

ပြုတာဟာဖြင့် ဘုရားအလောင်းတော်တိုင်း ဘုရားအလောင်းတော်တိုင်းရဲ့ အနှယ်အစဉ်အလာဘဲလို့ ဆိုပါတယ်ဘုရား။

ဘာကြောင့် ဒီလို အစဉ်အလာရှိရသလဲလို့ ဆိုတော့ အားလုံးသော သဗ္ဗညုမြတ်စွာဘုရား အလောင်းတော်တွေမှာ မယ်တော်ဝမ်းသို့ သက်ရောက်ပြီး ပဋိသန္ဓေ နေသည်မှစပြီးတော့ မဟာပဒါနသုတ်မှာ ပြထားတဲ့အတိုင်း တလောကလုံး အင်မတန် ထွန်းလင်းတောက်ပတဲ့ အရောင်အလင်း အစရှိသော အံ့ဩဘွယ်တွေဟာ ဖြစ်ပေါ်လာပါတယ်။

ယုံမှားဖြစ်စရာတွေ

အဲဒီလို ဖြစ်ပေါ်လာတာတွေကို တွေ့ရတော့ လူတွေမှာ ယုံမှားသံသယတွေ ဖြစ်နိုင်ပါတယ်၊ ဘယ်လိုတုံးဆိုတော့ “အကယ်၍ ဘုရားအလောင်းတော်တွေမှာ မွေးဖွားရာမြို့ကလည်း မထင်ရှားဘူး၊ မယ်တော်ခမည်းတော်တွေကလည်း မထင်ရှားဘူး၊ကြင်ယာတော် မိဖုရားနှင့် သားတော်တွေလည်း မထင်ရှားဘူးဆိုလို့ရှိလျှင် ဒီပုဂ္ဂိုလ်ဟာ သူ့ရဲ့ မွေးဖွားရာ မြို့လဲ မထင်ရှားဘူး၊ မယ်တော် ခမည်းတော်လဲ မထင်ရှားဘူး၊ ကြင်ယာတော် မိဖုရားဆိုတာလဲ မထင်ရှားဘူး၊ သားတော်လဲ မထင်ရှားဘူး၊ ဒီတော့ လူစင်စစ်မှ ဟုတ်ရဲ့လား၊ ဒီ ဗုဒ္ဓဘုရား ဆိုတာဟာ လူသား ဟုတ်မှဟုတ်ရဲ့လား၊ ဒေဝခေါ်တဲ့ နတ်များလေလား၊ သက္ကခေါ်တဲ့ သိကြားလေလား၊ မာရခေါ်တဲ့မာရ်နတ်လေလား၊ ပဋ္ဌာန်းတွေ ဗြာဟ္မဏ လူမျိုးတွေက ကိုးကွယ်ပြီးတော့နေတဲ့ ဗြဟ္မဆိုတဲ့ ဗြဟ္မာကြီးများဖြစ်နေရော့သလား၊ နတ်တို့ သိကြားတို့ မာရ်နတ်တို့ ဗြဟ္မာတို့ ဆိုတာလဲ သူ့ပင်ကိုယ်ရင်းကတည်းက ဒီလို တန်ခိုးဣဒ္ဓိပါဒ်တွေ ရှိနေတာဘဲ၊ ဒီတော့ ဗုဒ္ဓဘုရားဟာ နတ် သိကြား ဗြဟ္မာမျိုး ဖြစ်နေလျှင် သူ့ရဲ့တန်ခိုးဣဒ္ဓိပါဒ်တွေဟာ ဘာမျှ အံ့ဩစရာ မရှိပါဘူးလို့ အဲဒီလို အောက်မေ့ပြီးတော့ လူတွေဟာ ဘုရားဟောတဲ့ တရားကို ယုံယုံကြည်ကြည်နဲ့ မနာယူဘဲလဲ ဖြစ်နိုင်ပါတယ်တဲ့၊ ယုံယုံကြည်ကြည်နှင့် မနာလို့ ရှိလျှင် တရားဆိုတာလဲ မရပါဘူးတဲ့။

မယုံကြည်လျှင် တရားမရနိုင်

ယုံယုံကြည်ကြည်နှင့် တရားမနာလျှင် တရားမရတာကတော့ သေချာနေပါတယ်ဘုရား၊ လေးဆဲ့ ငါးဝါကာလပတ်လုံး မြတ်စွာဘုရားဟောကြား

ပြီးတော့ ထားခဲ့တဲ့ တရားဒေသနာတွေ, ပိဋကတ်တွေ ထင်ရှားရှိနေပါတယ်၊ ဒါပေမယ်လို့ ဗုဒ္ဓဘာသာကို မယုံကြည်တဲ့ ပုဂ္ဂိုလ်အဘို့မှာ ဒီတရားတွေက ဘာမျှ အကျိုးမဖြစ်စေနိုင်ပါဘူး၊ ဗုဒ္ဓဘာသာလို့ အမည်ခံနေတဲ့ ပုဂ္ဂိုလ်တွေတောင်မှလဲဘဲ ဒီတရားတွေထည်းကပါတဲ့ အချို့စကားရပ်တွေကို မယုံမကြည် ဖြစ်ပြီးသကာလ အမျိုးမျိုး အထွေထွေ ပြောနေတာတွေလဲ ရှိတာပါဘဲ၊ အဲဒီလို မယုံကြည်တဲ့ သူတွေမှာ ဘာမျှ အကျိုးမရှိပါဘူး၊ ယုံကြည်မှ သာလျှင် တရားတော်ဆိုတာ အကျိုးရှိနိုင်ပါတယ်။

လောက ဥပမာအားဖြင့်ဆိုလျှင် ဆေးဆရာတွေက ဘယ်လိုပင် ဆေးအတတ်ကို တတ်စေကာမူ ဆေးစွမ်းတွေက ဘယ်လိုဘဲ အစွမ်းကောင်းနေစေကာမူ ရောဂါဝေဒနာရှိတဲ့ ပုဂ္ဂိုလ်တွေက အဲဒီ ဆေးဆရာကို ယုံကြည်မှ ဖြစ်ပါတယ်၊ ဒီဆေးဆရာကို မယုံကြည်လို့ရှိလျှင် အဲဒီ ရောဂါသည်မှာ ဘယ်နည်းနှင့်မျှ ရောဂါဝေဒနာ မပျောက်နိုင်ပါဘူး။

ထူးဆန်းမှု အုံသြစရာ

အဒဒတော့ လူတွေက "နတ်ဆိုတာ တနေ့ရှိနေတယ်၊ ယခု ဗုဒ္ဓဆိုတဲ့ ပုဂ္ဂိုလ်ကလဲ တန်ခိုးတွေ ရှိနေတယ်၊ ပြီးတော့ သူ့မှာ နတ်များလိုဘဲ မွေးရာဌာနကလည်း မထင်ရှား, မယ်တော် ခမည်းတော်တွေကလည်း မထင်ရှား, ကြင်ယာတော်လဲ မထင်ရှား, သားတော်လဲ မထင်ရှားဆိုတော့ ဒီဗုဒ္ဓဟာ လူသားမှ ဟုတ်မှ ဟုတ်ပါ့မလား၊ နတ်ဆိုလို့ရှိလျှင်တော့ သူ့မှာ အစကတည်းက တန်ခိုးရှိနေတဲ့ဥစ္စာ ဘာထူးဆန်းသလဲ" လို့ ဒီလို အောက်မေ့စရာ ရှိပါတယ်တဲ့။

ဒါလဲဘဲ မှန်ပါတယ်ဘုရား၊ ဘာပြုလို့လဲ ဆိုတော့ လောကမှာ ရှိကြတဲ့ ပကတိ လူတွေဟာ မြေပြင်က သွားနေရပါတယ်၊ ကောင်းကင်ကို သွားချင်လို့ မဖြစ်ပါဘူး၊ ဒါပေမယ်လို့ အခု လောကဓာတ် ပညာတွေနဲ့ တီထွင်လိုက်တော့ကာ ကောင်းကင်သွားနိုင်တဲ့ ယာဉ်တွေဆိုတာ ပေါ်လာပါတယ်၊ ပေါ်လာတော့ အဲဒီလို တီထွင်တဲ့ ပုဂ္ဂိုလ်တွေကို အတော်ဘဲ ချီးကျူးစရာ ကောင်းပါတယ်၊ အကယ်၍သာ ပကတိလူတွေဟာ ကောင်းကင်မှာ သူ့အလိုလိုဘဲ သွားနေနိုင်ကြလျှင်တော့ ဘာမျှ ချီးကျူးစရာ မရှိပါဘူး။

လောကမှာ ဌာက်တွေဆိုတာရှိပါတယ်၊ ဌာက်တွေဟာ ပကတိကိုက ကောင်းကင်သွားလာနိုင်ပုံနိုင်နေတဲ့ အဘွဲက် "ဒီဌာက်ဟာဖြင့် ကောင်းကင်

ပံ့နိုင်လိုက်ထာ”လို့ ဘယ်သူကမျှ မချီးကျူးပါဘူး၊ ချီးကျူးစရာလည်း မကောင်းပါဘူး၊ လူတွေဆိုတာကတော့ အစက ကောင်းကင်မှာ မပံ့နိုင်ကြဘူး၊ အဲဒီလူတွေအတွက် ကောင်းကင်သွားနိုင်အောင်လို့ လေယာဉ်တွေကို တီထွင်လိုက်တဲ့ ပုဂ္ဂိုလ်တွေဟာ အင်မတန်ကို အံ့သြစရာ ကောင်းပါတယ်။

ဗုဒ္ဓဘာသာ တရားအလို

ဒီပြင်လဲဘဲ ယခုလောကမှာ ထူးထူးဆန်းဆန်း တီထွင်တာတွေဟာ အင်မတန် အံ့သြစရာ ကောင်းထာချည့်ပါဘဲ၊ သို့သော်လဲဘဲ ဗုဒ္ဓဘာသာ တရားအလိုအားဖြင့် ဆိုလျှင်တော့ လူတွေရဲ့ အကျိုးစီးပွါး ဖြစ်စေနိုင်တဲ့ တီထွင်မှုတွေကိုသာလျှင် ချီးကျူးဘို့ ရှိပါတယ်၊ လူတွေကို ဘေးအန္တရာယ် ဖြစ်စေနိုင်တဲ့ တီထွင်မှုတွေကတော့ ဗုဒ္ဓဘာသာတရား အနေအားဖြင့် ချီးကျူးစရာ အကြောင်း မရှိပါဘူး။

အဲဒါကြောင့် ဘုရားဆိုတာဟာ လူသားစင်စစ်က နေပြီးသကာလ ထူးထူးခြားခြား တရားသိမြင်ပြီးတော့ ဘုရားဖြစ်သွားတာကမှသာလျှင် တကယ့်အခြေအမြစ်ကို လိုက်ပြီး စီစစ်တဲ့ ပညာရှိတွေမှာ ကြည်ညိုဘွယ် ဖြစ်ပါတယ်တဲ့၊ အခြေအမြစ်ကို မစီစစ်နိုင်တဲ့ သာမန်ပုဂ္ဂိုလ်တွေကတော့ ဘုရားဆိုတာ လူက ဖြစ်တယ်ဆိုတာကို သဘောကျချင်မှလည်း ကျတတ်ပါတယ်၊ ဒါကြောင့် ဗုဒ္ဓဘာသာမဟုတ်ဘဲ့ ပုဂ္ဂိုလ်တွေက **“ဘုရားဆိုတာ လူကနေပြီးတော့ ပွင့်ရတာဘဲ”** ဆိုတာကို သိပ်ပြီးတော့ သူတို့က မလေးစားချင်ကြပါဘူး။

သူတို့အကြိုက်

သူတို့ ကြိုက်ထာက ဘာလဲဆိုလျှင် ဘုရားဆိုတာ ဘယ်ကမှ မမွေးဖွားရဘူး၊ သူ့ဟာသူ အစကတည်းက ပကတ အတိုင်းရှိနေရမယ်၊ အသိလို့ အစဉ်ထာဝရရှိနေတဲ့ ဘုရားကို သူတို့က ကြိုက်နေကြတာကိုး။

ဒါကြောင့် သူတို့က “လူကနေပြီး ဘုရားဖြစ်တယ်”ဆိုတာကို မကြိုက်လို့ ကဲ့ရဲ့ထားတဲ့ စကားလုံးကလေးတွေလဲ ရှိပါတယ်။

အမှန်မှာတော့ အခြေအမြစ်နှင့်တကွ လိုက်ပြီး ရှာဖွေတဲ့ တပည့်တော်တို့ ဗုဒ္ဓဘာသာဝင် ပညာရှင်တွေအဘို့ကတော့ အခြေအမြစ် မရှိဘဲနှင့်

သူ့အလိုလိုရှိနေတယ်ဆိုတဲ့ အဲဒီ ထာဝရဘုရားမျိုးဟာ ယုံကြည်စရာ ယုတ္တိမရှိဘူးလို့ ယူဆကြပါတယ်၊ ပကတိ လူကနေပြီးတော့ မွေးဖွားလာတယ်၊ လူကနေပြီးတော့ တရားကျင့်သုံးလို့ ထူးခြားတဲ့ အသိဉာဏ်တွေ ရပြီးတော့ သွားလို့ သတ္တဝါတွေရဲ့ ကောင်းရာ ကောင်းကြောင်းတွေကို ဟောပြော ညွှန်ပြပြီးသကာလ သွားနိုင်တဲ့ ပုဂ္ဂိုလ်ဟာ ဗုဒ္ဓဘုရားဘဲလို့ ဆိုတာကို အခြေအမြစ် ရှာဖွေတဲ့ ပညာရှိ ပုဂ္ဂိုလ်တွေက နှစ်သက်သဘောတူကြပါတယ်။

ဒါကြောင့်မို့ မြတ်စွာဘုရားရဲ့ ဖွားမြင်ရာ ဌာန မြို့တော်ဆိုတာ ရှိရမယ်တဲ့၊ မယ်တော် ခမည်းတော်တွေ, ကြင်ယာတော်, သားတော်ဆိုတာတွေလဲ ကောန်ရှိရပါမယ်တဲ့၊ အဲသလို ရှိမှသာလျှင် မြတ်စွာဘုရား၏ သာသနာတော်ဆိုတာဟာ နိယျာနိက ဖြစ်ပါမယ်တဲ့။

ဒါကြောင့် အလုံးစုံသော မြတ်စွာဘုရားတွေမှာ အမျိုးအနွယ်အားသင့်လျော်လျောက်ပတ်တဲ့ သားတော်တဦး ထွန်းကားလာတဲ့ အခါကာလမှာ တောထွက်ပြီးတော့ ရဟန်းပြုပြီးတော့ ကျင့်ကြံအားထုတ်မှု ဘုရားဖြစ်တယ် ဆိုတာဟာဖြင့် အလုံးစုံသော ဘုရားတို့၏ အနွယ်ဘဲ၊အလုံးစုံသော ဘုရားတို့၏ အစဉ်အဆက်ဘဲတဲ့၊ သို့ ဖြစ်သောကြောင့် ဘုရားအလောင်းတော်တို့၏ သားတော်စသည်တို့ အလိုအားဖြင့် သမ္မဟုလဝါရဆိုတာကိုလဲ ဒီနေရာမှာ အကျယ်ဖွင့်ပြီး ပြသင့်တယ်လို့ အဋ္ဌကထာက အဆုံးအဖြတ်ပေးသွားပါတယ်။

ဘုရားရှင်တို့ သားတော်များ

အဲဒီထဲမှာ ခုနစ်ဆူသော ဘုရားရှင်တို့၏ သားတော် ခုနစ်ဦးကို ဂါထာကလေးနှင့် ဖွဲ့စီ ပြီးတော့ ပြထားပါတယ်။

သမဝတ္တက္ခန္ဓော အတုလော၊ သုပဗုဒ္ဓါ စ ဥတ္တရော။
သတ္ထဝါဟော ဝိဇိတသေနော၊ ရဟုလော ဘဝတိ သတ္တမော—

လို့ ဒီလိုပြထားပါတယ်၊ အဲဒါဟာ ဘုရားခုနစ်ဆူတို့၏ ဘုရားလောင်းခုနစ်ဦးတို့ရဲ့ သားတော်တွေ ဖြစ်ပါတယ်။

ဗုဒ္ဓဝင်စာအုပ်ကလေး

ရှေးက ဗုဒ္ဓဝင် စာအုပ်ကလေးတအုပ်မှာ ရေးထားတာ တွေ့ဘူးပါတယ်၊ အဲဒီမှာ ဘာရေးထားသလဲဆိုတော့ ဂေါတမမြတ်စွာဘုရားအလောင်း

တော်ရဲ့ သားတော်ဟာ ရာဟုလာ တယောက်တည်းမဟုတ်ဘူး၊ ဒီပြင် သား တော်တွေလည်း ရှိသေးတယ်လို့ ဆိုပြီးတော့ ရေးထားပါတယ်၊ ရေးထားရုံ တွင် မကသေးဘူး၊ သူက ကျမ်းညွှန်းလိုက်ပါသေးတယ်၊ ဘယ့်နှယ် ညွှန်း သတုံးဆိုတော့ မဟာဖဒါနသုတ် အဋ္ဌကထာမှာ အင်မတန်မှေ့နှောက်ပြီး ရှာနိုင်မှ ဒီဟာတွေ့တယ်လို့ ရေးထားပါတယ်။

အဲဒါဟာ သူတို့ လက်ထက်တုန်းကတော့ ဟုတ်လဲ ဟုတ်ပါလိမ့်မယ်၊ သူတို့လက်ထက်တုန်းက ပေစာတွေ့ ဆိုတော့ အင်မတန် ရှာဖွေကြည့်မှ ဒီဂါထာကလေးတွေ့သွားပုံ ပေါ်ပါတယ်၊ တွေ့တဲ့အခါကာလကျတော့လဲ ဂေါတမမြတ်စွာဘုရားအလောင်းတော်ရဲ့ သားတော်ချည်းဘဲရယ်လို့ ဒီလို ယူဆပြီးတော့ ဖော်ပြသွားတာနှင့် တူပါရဲ့။

အမှန်ကတော့ ဒီလို မဟုတ်ပါဘူး၊ ဒီမှာ ပြတာကတော့ သမဝတ္တက္ခန္ဓ ဆိုတဲ့ သားတော်က ဝိပဿီ မြတ်စွာဘုရား အလောင်းတော်ရဲ့ သားတော် ဖြစ်ပါတယ်၊ အတုလဆိုတာက သိခီမြတ်စွာဘုရား အလောင်းတော်ရဲ့ သားတော် ဖြစ်ပါတယ်၊ သုပ္ပဗုဒ္ဓဆိုတာက ဝေဿဘူ ဘုရားအလောင်း တော်ရဲ့ သားတော် ဖြစ်ပါတယ်၊ ဥတ္တရ ဆိုတာက ကကုသန် ဘုရားအလောင်း တော်ရဲ့ သားတော် ဖြစ်ပါတယ်၊ သတ္ထဝါဟ ဆိုတာက ကောဏာဂုံမြတ်စွာ ဘုရားအလောင်းတော်ရဲ့ သားတော်၊ ဝိဇိတသေန ဆိုတာက ကဿပမြတ်စွာ ဘုရား အလောင်းတော်ရဲ့ သားတော်၊ ရာဟုလာကတော့ ယခု ဂေါတမ မြတ်စွာဘုရား အလောင်းတော် သိဒ္ဓတ္ထမင်းသား ဖြစ်စဉ်က ရခဲ့တဲ့ သား တော် ဖြစ်ပါတယ် ဘုရား။

ကြင်ယာတော်များ

အဲဒီ သားတော် ခုနစ်ဦးကို ပြပြီးတော့ ဒီသားတော် ခုနစ်ဦးရဲ့ မယ် တော် ဖြစ်တဲ့ ကြင်ယာတော် ခုနစ်ဦးကိုလဲ ဒီမှာ ဂါထာကလေးနဲ့ ဖွဲ့စီပြီး တော့ ပြသွားပါတယ်။

သုတနာ သဗ္ဗကာမာစ၊ သုစိတ္တာ အထ ရောစိနီ။
ရူစဂ္ဂတီ သုနန္ဒာစ၊ ဗိမ္မာ ဘဝတိ သတ္တမာ။

အဲဒီမှာလဲ သုတနာက ဝိပဿီမြတ်စွာဘုရားအလောင်းတော်ရဲ့ ကြင်ယာ တော် စသည်ဖြင့် ဘုရားအလောင်းတော် ခုနစ်ဦးတို့ရဲ့ ကြင်ယာတော် ခုနစ်ဦး

အစဉ်အတိုင်း ဖြစ်ပါတယ်၊ အဲဒါက ကြင်ရာတော် အပိုင်းအခြားကို ပြတာ ဖြစ်ပါတယ်။

ယာဉ်တော်များ

ပြီးတော့ကာ ဘုရားအလောင်းတော် ခုနစ်ဦး တောထွက်တော်မူတဲ့ အခါမှာ စီးတဲ့ယာဉ်ဘေကိုလည်း ခဲ့ခြားပြီးတော့ ပြထားပါတယ်။

ဝိပဿီ မြတ်စွာဘုရားနှင့် ကကုသန် မြတ်စွာဘုရားနှစ်ဆူတို့ရဲ့ အလောင်းတော်များကတော့ အာဇာနည် မြင်းရထားများ စီးပြီးတော့ တောထွက်တော်မူကြတယ်လို့ ဆိုပါတယ်၊ သိဒ္ဓိမြတ်စွာဘုရားအလောင်းတော်နှင့် ကောဏာဂုံ မြတ်စွာဘုရားအလောင်းတော် နှစ်ဦးကတော့ ဆင်စီးပြီးတော့ တောထွက်တယ်လို့ ဆိုပါတယ်၊ ဝေဿဘူဘုရား အလောင်းတော်ကတော့ ရွှေထမ်းစင်စီးပြီး တောထွက်တယ်လို့ ဆိုပါတယ်။

ကဿပဘုရား အလောင်းတော်ကတော့ ပြာသာဒ်ပေါ်မှာ နေရင်းဘဲ အာနာပါဏစတုတ္ထစျာန်များကို ပွါးများပြီးတော့ ပြာသာဒ်ကြီးပါ ဗောဓိမဏ္ဍိုင် အရောက် တောအရပ် ရောက်အောင်လို့ အဓိဋ္ဌာန်ပြုပြီးတော့ ပြာသာဒ်ကြီးက အဓိဋ္ဌာန်အတိုင်း ဗောဓိမဏ္ဍိုင်အရပ် ရောက်တဲ့အခါကာလမှာ ပြာသာဒ်ပေါ်က ဆင်းပြီးတော့ ဗောဓိမဏ္ဍိုင်ကို ကြွသွားပါတယ်။

အဲသလို ကြွသွားတဲ့အခါ ပြာသာဒ်ကြီးကလဲ တမျိုးထဲ သူ့နေရာသူ ပြန်ရောက်သွားတယ်လို့ ဆိုပါတယ်၊ အဲဒီ ဘုရားတောထွက်ပုံကတော့ ဒီမှာ ချီးကျူးစရာ အံ့သြစရာ အကောင်းဆုံးဘဲလို့ ဘွဲ့ချပါတယ်ဘုရား။

ယခု ဂေါတမ မြတ်စွာဘုရားအလောင်း တော်ကတော့ ကဏ္ဍကမြင်းကို စီးပြီးတော့ တောထွက်တယ်ဆိုဘာ အမျှားသိပြီးသား ဖြစ်နေပါတယ်၊ အဲဒါက ယာဉ်အပိုင်းအခြား ဖြစ်ပါတယ် ဘုရား။

အယမေတ္ထ ဓမ္မတာ

ပြီးတော့ စာမျက်နှာ ၂၄-က အယမေတ္ထ ဓမ္မတာ—ဆိုတာကလေးကို အနည်းငယ် လျှောက်ထားချင်ပါတယ်ဘုရား။

ဗောဓိသတ္တဘုရားအလောင်းတော်ဟာ တုသိတာကနေပြီးတော့ မယ်တော်ဝမ်းကို သက်ရောက်ပြီး ပဋိသန္ဓေနေတဲ့အခါမှာ “သတော သမ္ပဇာနော မာတုကုစ္ဆိ ံ ဩက္ကမိ အယမေတ္ထ ဓမ္မတာ” လို့ ဆိုထားရာမှာ ဓမ္မတာ ဆိုတာ ဘာလဲလို့? မေးစရာရှိလို့ ဒါကလေးကို ဖွင့်ထားပါတယ်။

အယံ၊ ဤဆိုခဲ့ပြီးသော ဖြစ်ပုံအခြင်းအရာသည်။ ဇွတ်မာတုကုစ္ဆိ ဩက္ကမနေ၊ ဤအမိဝမ်းတိုက်သို့ ပဋိသန္ဓေ သက်ရောက်ရာ၌။ ဓမ္မတာ၊ ဓမ္မတာ ဘဲတဲ့။

ဒီအဖွင့်မှာ မူလပါဠိကလဲ ဓမ္မတာဘဲ၊ အဖွင့်ကလဲ ဓမ္မတာဘဲ ဖြစ်နေပါတယ်။ ဒီတော့ ဓမ္မတာက ဘာအနက်ရှိတုံးလို့ မေးစရာ ရှိတဲ့အတွက် အယံ၊ ဤသည်ကား။ သဘာဝေါ၊ သဘောတည်းလို့ ဒီလို ထပ်ပြီး ဖွင့်ပါတယ် ဘုရား။

အဲဒီသဘာဝေါကိုလဲဘဲ နားမလည်သေးလို့ရှိလျှင် နားလည်အောင်လို့ အံ့ နိယာမော၊ ဤသည်ကား ကိန်းသေ ဖြစ်မြဲသဘောတည်းလို့ ထပ်ပြီးတော့ ဖွင့်ထားပါတယ်ဘုရား။

ဒါကြောင့် ဓမ္မတာရယ်, သဘာဝရယ်, နိယာမရယ် ဆိုတာ အတူတူဘဲ ဖြစ်တဲ့အကြောင်းကို ရှေးက ဘုရားတပည့်တော်တို့ အဋ္ဌသာလိနီ အဋ္ဌကထာ သံဂါယနာ တင်တုန်းကလဲ နိယာမငါးပါးအဓ်ာမှာ ဝေဘန်ချက်ထဲမှာ ထည့်ပြီးတော့ ပြောခဲ့ပြီး ဖြစ်ပါတယ်။

ယခု ဒီမှာလဲ နိယာမငါးပါးကို ပြထားပါတယ်၊ ယခု ဒီမှာ ဓမ္မနိယာမ ဓမ္မတာဆိုတာကတော့ ဘုရားအလောင်းတော်များမှာ ပါရမီ ကုသိုလ်တည်း ဟူသော ဓမ္မတွေရဲ့ အစွမ်းကြောင့် ဒီလိုဘဲ ဖြစ်ရိုးဖြစ်စဉ် ဖြစ်တယ်လို့ ဆိုလို ပါတယ်ဘုရား။

သူအိုနိမိတ်

ပြီးတော့ စာမျက်နှာ နံပါတ် ၄၆-မှာ ပြောဦးရာ နည်းနည်းစဉ်းစား ထားပါတယ်ဘုရား၊ အဲဒီမှာ ဘုရားလောင်း ဥယျာဉ်တော် သွားတဲ့အခါ ကာလ လမ်းမှာ လူအိုကို မြင်တဲ့အကြောင်းကို “ဒီသွာတိ အစ္ဆုယောဇနပ္ပ-မာဏေန ဗလကာယေန ပရိဝုတော သုသံဝိဟိတာရက္ခော ဂစ္ဆန္တော ယဒါ

ရထော ပုရတော ဟောတိ ပစ္ဆာဗလကာယော၊ တာဒိသေ ဩကာသေ” စသည်ဖြင့် ပြထားပါတယ်။

အဲဒီ စကားရပ်ထဲက “ဘုရားအလောင်း ဥယျာဉ်တော်ကို ထွက်တော်မူတဲ့ အခါကာလမှာ ယူဇနာဝက်လောက် ကျယ်ပြန့်တဲ့ ဗလကာယ-ဗိုလ်ပါရဲမက်တွေ” ဆိုတာဟာ ယခု ကာလ ရဲအဖွဲ့တွေ စစ်တပ်တွေ အစောင့်အရှောက်တွေမျိုးပါဘဲ၊ ယခု ရာထူးဌာနန္တရကြီးတဲ့ ပုဂ္ဂိုလ်တွေ ထွက်တဲ့အခါ သွားတဲ့ လာတဲ့အခါမှာ ဆိုသို့ရှိလျှင် လုံခြုံမှုလဲရှိခအောင် ခမ်းနားမှုလဲရှိအောင်ဟာ စောစောကတည်းက လမ်းပန်းတွေသန့်ရှင်းအောင်လဲပြုပြင်ထားရပါတယ်၊ ပြီးတော့ ယာဉ်ရထား အသွားအလာ ရှင်းအောင်လို့လဲ စောင့်ရှောက်ပြီးတော့ နေရပါတယ်၊ ဘေးရန်အန္တရာယ်တွေ မရောက်အောင်လဲ စောင့်ရှောက်ပြီးတော့ နေရပါတယ်၊ ယခု ဘုရားအလောင်းတော်များး ထွက်တဲ့အခါမှာတော့ အထူးသဖြင့်ဘဲ အစောင့်အရှောက်ရှိပြီးတော့ နေပါတယ်။

အဲသလို ယူဇနာဝက်လောက်ရှိတဲ့ လက်နက်ဗိုလ်ပါ အစောင့်အရှောက်တွေနဲ့ လုံလုံခြုံခြုံကြီး စောင့်ရှောက်ပြီးတော့ ထားသော်လဲဘဲ အဲဒီ မမြင်သင့်မမြင်ထိုက်တဲ့ လူအိုကြီးကို သွားတွေ့တယ်လို့ ဆိုပါတယ်ဘုရား။

အပြစ်တင် ဝါဒဖြန့်ချက်

အဲဒါဟာ အနက် အဓိပ္ပါယ်ကတော့ ခက်ထာမဟုတ်ပါဘူး၊ သို့သော်လည်း ရည်ရွယ်ချက်ကလေးရှိပါတယ်၊ ယခုအခါ၌ ဗုဒ္ဓဘာသာကို အပြစ်တင်ချင်တဲ့ အခြားဘာသာဝင် အချို့က သုတနည်းပါးတဲ့ ပုဂ္ဂိုလ်တွေအား ဝါဒဖြန့်နေကြတယ်လို့ ကြားဘူးပါတယ်။

“ဘုရားဖြစ်မဲ့ ပုဂ္ဂိုလ်ထူး ဘုရားအလောင်းဆိုပြီးတော့ အိုရမှန်း နာရမှန်း သေရမှန်းတောင်မှ မသိဘူးတဲ့၊ သူများကို မေးပြီးတော့ ယူရသတဲ့၊ ဒီလို ပုဂ္ဂိုလ်က ဘုရားဖြစ်တယ်ဆိုတာ ဟုတ်ပါ့မလား”တဲ့၊ အဲသလို ဝါဒဖြန့်နေကြတာ ရှိပါတယ်ဘုရား။

အဲဒီလို ဝါဒဖြန့်တော့ သုတနည်းတဲ့ ပုဂ္ဂိုလ်တွေမှာ ဟုတ်ချင်ဟုတ်မှာဘဲလို့ ရောင်လယ်လယ် ဖြစ်ချင်လဲ ဖြစ်သွားနိုင်ပါတယ်။

အမှန်ကတော့ ဘုရားအလောင်းတော်များဟာ မွေးဖွားလာစကတည်းက လက္ခဏာ နိမိတ်ဘတ်ဘဲ့ ပုဏ္ဏားတော်တွေက ဒီပုဂ္ဂိုလ်ဟာဖြင့် ပုဂ္ဂိုလ်ထူး ပုဂ္ဂိုလ်မြတ်ဘဲ၊ သုံးဆဲ့နှစ်ပါးသော ယောကျ်းမြတ်တို့၏ လက္ခဏာတော်တွေနှင့် ပြည့်စုံတယ်၊ ဒီလက္ခဏာတော်တွေနဲ့ ပြည့်စုံတဲ့ ပုဂ္ဂိုလ်ဟာ လူ့ဘောင် လောကမှာ နေလို့ဒိုလျှင် လေးကျွန်းလုံးကို အစိုးရတဲ့ စကြာမင်း ဖြစ်မယ်၊ တောထွက်ပြီး ရဟန်းပြုလို့ရှိလျှင် သမ္မာသမ္ဗုဒ္ဓ ဘုရားဖြစ်မယ်လို့ ဒီလိုဟောကြပါတယ်။

ခမည်းတော်ဆန္ဒ

အဲဒီလို ဟောဘဲ့အခါမှာ ဘုရားအလောင်း၏ ခမည်းတော် ဖြစ်တဲ့ ပုဂ္ဂိုလ်ဟာ လောကထဲက ပုဂ္ဂိုလ်ဆိုတော့ သူက လောကထဲမှာ ကြီးပွါးထွန်းကားတာကို မြင်လိုပါတယ်၊ လောကဆဲမှာ စကြာမင်းကြီးဖြစ်ပြီး စကြာမင်း၏ ခမည်းတော်ကြီးဘဲဆိုတဲ့ နာမည်ကို လိုချင်ပါတယ်၊ ဘုရား၏ ခမည်းတော် ဖြစ်ဘို့ကိုတော့ ဒီလောက်တောင် စိတ်မဝင်စားပါဘူး၊ အဲဒီတော့ သူ့သားတော် တောမထွက်ရအောင် ကြံစည်အားထုတ်ပါတယ်၊ တောထွက်တဲ့အခါမှာ ဘယ်လိုဟာတွေ အကြောင်းပြုပြီး ထွက်မလဲဆိုတာကို စုံစမ်းတော့ ဒီလို သံဝေဂ ရစရာကောင်းတဲ့ လူအို့တွေ, လူနာတွေ, လူသေတွေ, ရဟန်းတွေကို တွေ့ပြီးတော့ သံဝေဂရပြီး တောထွက်လိမ့်မယ်ဆိုတာကို စောစော ကတည်းက ကြားသိထားပါတယ်။

ကြားသိထားတဲ့အတွက် ဘုရားအလောင်းတော်ဟာ သံဝေဂလုံးလုံး မရနိုင်အောင်လို့ လူအို့ဆိုလို့ရှိလျှင် လုံးလုံး မမြင်ရအောင်, လူနာ, လူသေ, ရဟန်းဆိုတာတွေကို လုံးလုံးမမြင်ရအောင် အစောင့်အရှောက်တွေနဲ့ လုံလုံခြုံခြုံထားပါတယ်၊ သူနှင့် အတူတူနေတဲ့ ပုဂ္ဂိုလ်တွေကလည်း ပျိုပျိုရွယ်ရွယ် တွေချည်းဘဲ၊ ဒါကြောင့် ဘုရားအလောင်းတော်ဟာ ခလေးအရွယ် ငယ်ငယ် ကလေးကစပြီးတော့ အို့မင်းတဲ့ ပုဂ္ဂိုလ်ဆိုတာ တခါမျှ မတွေ့ရပါဘူး၊ နာတဲ့ ပုဂ္ဂိုလ်, သေတဲ့ပုဂ္ဂိုလ်, ရဟန်းပုဂ္ဂိုလ်တွေကိုလဲ တခါမှ မတွေ့ရပါဘူး။

ယခု ဥယျာဉ်တော်ကို ထွက်လာတဲ့အခါမှာလဲ ရိုးရိုးလူအို့ဆိုလျှင် မမြင်နိုင် မတွေ့နိုင်ပါဘူး၊ အဲဒီလို မတွေ့နိုင် မမြင်နိုင်အောင်လို့ ယူဇနာဝက် လောက်ရှိတဲ့ ဗိုလ်ပါ ရဲမက်တွေက စောစောကတည်းက လမ်းတွေကို ဖယ်ရှားလူအို့ လူနာတွေ မမြင်သင့် မမြင်ထိုက်ထာတွေကို ဖယ်ရှားပြီးတော့ စောင့်

ရှောက်နေပါတယ်တဲ့၊ သို့ပင် စောင့်ရှောက်နေခြားသော်လဲ ဘုရားလောင်းတော် စီးတဲ့ရထားက ရွှေကရောက်ပြီး ဗိုလ်ပါတွေက နောက်ကျနေတဲ့ အခါကာလမှာ သုဒ္ဓါဝါသ ဗြဟ္မာတွေက လူအိုယောင် ဖန်ဆင်းပြီးတော့ ပြတယ် ဆိုတဲ့ အကြောင်းကို အတိုချုပ် ပြလိုရင်း ဖြစ်ပါတယ်။

အဲဒီလို ဖွင့်ပြတဲ့ စကားဖြင့် "အိုခြင်း နာခြင်း အစရှိသည်ကို ဘုရားအလောင်းတော် မသိရတာဟာ သူအို သူနာ စသည်ကို မတွေ့ရအောင်လို့ လုံလုံခြုံခြုံ ဖုံးကွယ်ထားတဲ့ အတွက်ကြောင့်ဘဲ" ဆိုတာ အဓိပ္ပါယ်ပေါ်လာပါတယ်ဘုရား၊ အဲဒါကို ဒီအပိုဒ်က တစိတ်တဒေသအားဖြင့် ပြထားပါတယ်။

ဘုရားဖြစ်ပုံ အခက်း

အဲဒီကနောက် ဘုရားဖြစ်တော်မူပုံကို ပြတဲ့အခက်း ပါဠိတော်မှာ ပဋိစ္စသမုပ္ပါဒ် အင်္ဂါများ ဆင်ခြင်ပုံကို ဇရာ မရဏကစပြီးတော့ ပြထားပါတယ်၊ အိုခြင်း သေခြင်းဟာ ဘာကြောင့် ဖြစ်ရသလဲ၊ ဇာတိရှိလို့ ဖြစ်ရတယ်၊ ဇာတိဟာ ဘာကြောင့် ဖြစ်ရသလဲ၊ ဘဝရှိလို့ ဖြစ်ရတယ် စသည်ဖြင့် ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ပဋိလောမအားဖြင့်စဉ်းစားပုံ,အနုလောမအားဖြင့် စဉ်းစားပုံ, သမုဒယနိရောဓဆိုတဲ့ အနုလောမပဋိလောမအားဖြင့် စဉ်းစားပုံ, အဲသလို စဉ်းစားဆင်ခြင်ပုံတွေကို ပါဠိတော်မှာဘဲ တိုက်ရိုက် ပြထားပါတယ်၊ အဲဒါတွေထဲက အနက်မပေါ်လွင်တဲ့ အချို့ပုဒ်များကို အဋ္ဌကထာမှာ ဖွင့်ပြသွားပါတယ်။

အဲဒီကနောက် ပါဠိတော်မှာ၊ အထ ခေါ် ဘိက္ခဝေ ဝိပဿီ ဗောဓိသတ္တော အပရေန သမယေန ပဉ္စသု ဥပါဒါနက္ခန္ဓေသု ဥဒယဗ္ဗယာနုပဿီ ဝိဟာသိ-လို့ ဥဒယဗ္ဗယဉာဏ်ဖြင့် ရှုနေပုံကို ပြထားပါတယ်၊ အဲဒီမှာ **အပရေန သမယေန**၊ ပဋိစ္စ သမုပ္ပါဒ်ကို ဆင်ခြင်ပြီးတဲ့နောက် တပါးသော အခါကာလမှာလို့ ဆိုတော့ အဲဒီ တပါးသော အခါက တရက် နှစ်ရက်-စသည် ကြာမှ လေလားလို့ ယုံမှားတွေးတောစရာ ရှိနေပါတယ်၊ အမှန်မှာတော့ တပါးသောအခါ ဆိုပေမယ်လို့ ရှည်ရှည်ဝေးဝေးကြီး မဟုတ်ပါဘူး၊ ဘုရားအလောင်းတော်ဟာ ဘုရားအဖြစ်သို့ ရောက်တော်မူမည့် ကဆုန်လပြည့်နေ့ ညနေချမ်း အချိန်မှာ ဗောဓိမဏ္ဍိုင်သို့ ရောက်ပြီးတော့ ဗောဓိပင်အောက် ရတနာပလ္လင်ထက်မှာ ထက်ဝယ်ဖွဲ့ခွေ ထိုင်နေတော်မူတဲ့ တထိုင် အတွင်းမှာဘဲ

ဖြစ်ပါတယ်၊ အဲဒီလို ထိုင်နေတော်မူစဉ် ညဦးယာမ်မှာ ပုဗ္ဗေနိဝါသဉာဏ်, သန်းခေါင်ယာမ်မှာ ဒိဗ္ဗစက္ခုဉာဏ်မျိုးကို ရတော်မူပါတယ်။ ပစ္ဆိမယာမ် ကျတော့ ပဋိစ္စသမုပ္ပါဒ် တရားတော်ကို အနုလုံ ပဋိလုံ ဆင်ခြင်တော်မူပါတယ်၊ အဲဒီလို ဆင်ခြင်ပြီးတဲ့နောက် အခြားမဲ့ ဖြစ်တဲ့ အဲဒီနောက်ပိုင်း ပစ္ဆိမယာမ် အချိန်ကလေးကိုဘဲ "အပရေန သမယေန" လို့ ပြဆိုပါတယ်၊ အဲဒါကို ထင် ရှားစေလိုတဲ့အတွက် ဒီအဋ္ဌကထာမှာ "အပရေန သမယေနာတိ ဧဝံ ပစ္ဆယဋ္ဌ ပစ္ဆယနိရောဓဋ္ဌ ဝိဒိတ္ဝာ တဒေတာ အပရဘာဂေ"လို့ ဖွင့်ပြထားပါတယ်၊ တပါး သော အခါ၌ဟူသည်မှာ "ဤပြခဲ့ပြီးသော နည်းဖြင့် အကြောင်းတရားကို ၎င်း၊ အကြောင်းတရားတို့၏ ချုပ်ခြင်းကိုဌင်း သိတော်မူပြီးလျှင် ထိုနောက် တဆက်တည်း ဖြစ်သော နောက်အဘို့ကာလမှာ "ဟူ၍ ယူအပ်ကြောင်း ဖွင့် ပြပါတယ်၊ ဒီအဖွင့်ဖြင့် "အပရေန သမယေန" ဟု ဆိုသော်လဲ ရှည်ရှည် ဝေးဝေး ကာလမဟုတ်ဘူး၊ အဲဒီ ပစ္ဆိမယာမ် တထိုင်အတွင်း ကာလမှာဘဲလို့ ဆိုတာကို တပည့်တော်တို့ မှတ်သိရပါတယ်ဘုရား။

ပြီးတော့ **ဥပါဒါနက္ခန္ဓေသု**-ဆိုရာမှာ ဥပါဒါနက္ခန္ဓာဆိုတာ ဘယ်လိုဟာ လဲလို့ ဒီလို မေးစရာ ရှိတဲ့အတွက် "ဥပါဒါနဿ၊ ဥပါဒါန်၏။ ပစ္စယဘူတေသု၊ အကြောင်း အာ၍ ဖြစ်ကုန်သော။ ခန္ဓေသု ၊ခန္ဓာတို့၌"လို့ ဒီလို ဖွင့်ပြတော် မူပါတယ်။ တဏှာ ဥပါဒါန်, ဒိဋ္ဌိဥပါဒါန် ဆိုတဲ့ စဲလမ်းတတ်တဲ့ တရားတွေ၏ အကြောင်း၊ စဲလမ်းစရာ အာရုံဖြစ်တဲ့ ခန္ဓာတွေ၊ အဲဒီခန္ဓာတွေမှာ ရှုတယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ **ဥဒယဗ္ဗယာနုပဿီ**-ဆိုတဲ့ ပုဒ်မှာ ဥဒယနှင့် ဝယကို ဘယ်လို ရှုတာလဲလို့ ဒီလို မေးစရာ ရှိတဲ့အတွက် "ပဋမံ ဒိဋ္ဌံ၊ ရှေးဦးစွာ မြင်အပ်ပြီး သော။ တမေဝ ဥဒယဋ္ဌ ဝယဋ္ဌ၊ ထိုဖြစ်ခြင်းကိုဌင်း ထိုပျက်ခြင်းကိုဌင်း။ အနုပဿမာနော၊ ရှုမြင်လျက်" လို့ ဖွင့်ပြပြန်ပါတယ်။ ပဋိစ္စသမုပ္ပါဒ် အကြောင်းအကျိုးတရားတွေကို ဆင်ခြင်စဉ်က ဖြစ်ခြင်းနှင့် ပျက်ခြင်းကို တွေ့မြင်ခဲ့ပါတယ်၊ အဲဒီ ဖြစ်ခြင်း, ပျက်ခြင်းကို ရှုတယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ **ဝိဟာသိ** ဆိုတဲ့ ပုဒ်ကိုလဲ "သိခါပတ်တံ၊ ခေါင်ထိပ်သို့ရောက် သော။ဝုဋ္ဌာနဂါမိနိဝိပဿနံ၊ ဝုဋ္ဌာနဂါမိနီ မည်သော ဝိပဿနာကို။ ဝဟန္တော၊ ဆောင်လျက်။ ဝိဟာသိ၊ နေတော်မူ၏"လို့ ဖွင့်ပြပြန်ပါတယ်။

ဒီနေရာမှာ အဖြစ်အပျက်ကို ရှုနေတယ်လို့ ဆိုပေမယ့်လို့ ဘင်္ဂြာဏ်ရဲ့ ရှေ့က ဥဒယဗ္ဗယဉာဏ် ရိုးရိုးလောက်နှင့် ရှုနေတာကိုသာ ဆိုလိုတာ မဟုတ် ပါဘူးတဲ့၊ အမှန်မှာတော့ အဲဒီ ရိုးရိုး ဥဒယဗ္ဗယဉာဏ်က စပြီးတော့ ခန္ဓာငါးပါးတို့၏ ခဏမစဲ ဖြစ်ခြင်း, ပျက်ခြင်း သဘောကို ရှုလို့ ဝိပဿနာဉာဏ် တွေ့ အစဉ်အတိုင်း တက်လာပြီးတော့ အရိယာမဂ်ဆီသို့ တဟုန်တည်း ထိုး တက်သွားတဲ့ ဝုဋ္ဌာနဂါမိနီခေါ်တဲ့ ခေါင်ထိပ် ဝိပဿနာဖြင့် ရှုနေသည် အထိ ပြတယ်လို့ ဆိုလိုပါတယ်။

အဲဒီ ဝုဋ္ဌာနဂါမိနီ ဝိပဿနာဖြင့် ခန္ဓာငါးပါး၏ အဖြစ်အပျက်ကို ရှုနေ စဉ်မှာဘဲ နိရောဓသစ္စာလို့ခေါ်တဲ့ နိဗ္ဗာန်အငြိမ်းဓာတ်ကို အရိယာမဂ်ဉာဏ် သေးပါးဖြင့် အစဉ်အတိုင်း မျက်မှောက်တွေ့မြင်ပြီးတော့ အလုံးစုံသော တရားတွေကို အကုန်အစင် သိမြင်နိုင်တဲ့ သဗ္ဗညုတဉာဏ်တော်ကိုလဲ ရပြီး သမ္မာသမ္ဗုဒ္ဓဘုရားအဖြစ်သို့ ရောက်တော်မူပုံကို "ဣမေသု ရူပါဒီသု ပဉ္စသု ဥပါဒါနက္ခန္ဓေသု-ရုပ် အစရှိသော ဤဥပါဒါနက္ခန္ဓာ ငါးပါးတို့၌။ ဥဒယဗ္ဗယာ နုပဿိနော ဝိဟရတော၊ အဖြစ်အပျက်ကို ရှုလျက်နေသော ဘုရားအလောင်း တော်၏။ စိတ္တံ၊ စိတ်နှလုံးတော်သည်။ အနုပ္ပါဒနိရောဓေန နိရုဇ္ဈမာနေဟိ၊ တဖန် မဖြစ်နိုင်သော ချုပ်ခြင်းဖြင့် အပြီးတိုင် ချုပ်သွားကုန်သော။ အာသ-ဝေဟိ ကိလေသေဟိ၊ အာသဝဆိုတဲ့ ကိလေသာတို့ဖြင့်။ ဝါ၊ ကိလေသာတို့မှ။ အနုပါဒါယ အဂ္ဂဟေတ္ဝာဝ၊ မစဲ့လမ်းမှ၍သာလျှင်။ ဝိမုစ္စတိ၊ လွတ်မြောက် တော်မူလေ၏" စသည်ဖြင့် ပြဆိုသွားပါတယ်။

အဲဒီလို ဘုရားဖြစ်တော်မူသည်နှင့်တပြိုင်နက် အရိယာမဂ်ဉာဏ် ၄-ပါး၊ ဖိုလ်ဉာဏ် ၄-ပါး၊ ပဋိသမ္ဘိဒါဉာဏ် ၄-ပါး၊ ယောနိပရိစ္ဆေဒဉာဏ် ၄-ပါး၊ ဂတိ ပရိစ္ဆေဒဉာဏ် ၅-ပါး၊ အသာဓာရဏ ဉာဏ်တော် ၆-ပါး အစရှိတဲ့ ဗုဒ္ဓ မြတ်စွာ ဘုရားမျှားမှာ ပြည့်စုံမြဲ ဖြစ်တဲ့ ဗုဒ္ဓဂုဏ်တော် အလုံးစုံတို့နှင့် ပြည့်စုံတော်မူ ပြီးတော့ မိမိ၏ ရည်ရွယ်ချက် ထမြောက်အောင်မြင်တော်မူတဲ့အတွက် အဲဒီ ဘုရားဖြစ်တော်မူခါစမှာ စိတ်သက်သက်ဖြင့် နှလုံးသွင်း ဆင်ခြင်ကာ ဥဒါန်း ကျူးတော်မူခဲ့တဲ့အကြောင်း ဒီနေရာမှာ ဖော်ပြထားပါတယ်၊ ဒီလိုပြတာကို ဒီနေရာမှာ ပြည့်ပြည့်စုံစုံ တွေ့ရပါတယ်၊ စိတ်ကြည်နူးစရာ ကြည်ညိုစရာလဲ အလွန်ဘဲကောင်းပါတယ်၊ မြတ်စွာဘုရား စိတ်နှလုံးတော်ဖြင့် ဆင်ခြင်ပြီး

ဥဒါန်းကျူးတော်မူပုံကို အာရုံပြုပြီး ကြည်ညိုကြရအောင် အဲဒီဂါထာကလေးများကို ယခု ရွတ်ဖတ်ပြီး လျှောက်ထားပါဦးမည်ဘုရား။

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရက ဒိဋ္ဌောသိ၊ ပုန ဂေဟ နံ ကာဟသိ။
သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခံတံ။
ဝိသင်္ခါရဂတံ စိတ္တံ၊ တဏှာနံ ခယမဇ္ဈဂါ။

ဒီ ဥဒါန်းဂါထာများကတော့ ဓမ္မပဒပါဠိတော်မှာ သံဂါယနာတင်ထားပါတယ်၊ စိတ်သက်သက်ဖြင့် နှလုံးသွင်း ဆင်ခြင်ပြီး ဥဒါန်းကျူးတဲ့ ဂါထာများ ဖြစ်တယ်လို့ ပဌမဗုဒ္ဓဝစနကို ပိုင်းခြားရာမှာ ခုဒ္ဒကပါဋ္ဌ အဋ္ဌကထာနှင့် ဋီကာများက ပြဆိုကြပါတယ်။

အနေကဇာတင် ပူဇော်မှု

အဲဒီလို ဘုရားဖြစ်တော်မူခါစက နှလုံးသွင်းပြီး ဥဒါန်းကျူးတော်မူတဲ့ ဂါထာများ ဖြစ်တဲ့အတွက် ယခုအခါမှာလဲ မြတ်စွာဘုရား၏ ရုပ်ပွါးဆင်းတု တော်များကို တည်ထား ကိုးကွယ်တဲ့အခါများမှာ ဒီဂါထာများဖြင့်ရွတ်ဖတ် ပူဇော်ပြီး ဗုဒ္ဓါဘိသေကမင်္ဂလာ ပူဇော်ပဲ့များ ပြုကြတာကို မြန်မာပြည်မှာ ခဏခဏဘဲ တွေ့နေကြရပါတယ်။ ဒါကြောင့် ဒီဂါထာများမှာ ရိုးနေသလောက် ရှိနေပါတယ်၊ သို့သော်လဲ ယခု စီစစ်ဘို့ရန် အစဉ်ရောက်နေတဲ့နေရာမှာ အနက်အဓိပ္ပါယ်ကိုလဲ အာရုံပြုပြီး ကြည်ညိုကြရအောင်လို့ ဘုရားတပည့်တော် အနက်ပြန်ပြီး လျှောက်ပါဦးမည်ဘုရား။

ဇာတိ၊ ဘဝအသစ် ဖြစ်ရခြင်းသည်။ ပုနပ္ပုနံ၊ အဖန်ဖန်အထပ်ထပ်။ ဥပဂန္ဆံ၊ ချဉ်းကပ်ခြင်းငှါ။ ဒုက္ခာ၊ ဆင်းရဲလှစွာ၏။

ဘဝအသစ်ဖြစ်လျှင် အိုရမယ်၊ နာရမယ်၊ သေရမယ်၊ စိုးရိမ်ပူဆွေးရမယ် စသည်ဖြင့် ဘဝနှင့်စပ်တဲ့ ဆင်းရဲတွေက တပုံတခေါင်းကြီး လိုက်ပြီးလာလို့ ဘဝအသစ်ဖြစ်ရတယ်ဆိုတာဟာ ဘယ်လိုဘဝဘဲဖြစ်ဖြစ် ထပ်ကာ ထပ်ကာ ဖြစ်ရန်မသင့်တဲ့ မကောင်းတဲ့ ကြောက်စရာ ဆင်းရဲတရားပါဘဲတဲ့။

သာ စ ဇာတိ၊ ထိုဘဝသစ် ဖြစ်ရခြင်းသည်လည်း။ ဂဟကာရေ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ်တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာယောက်ျား လက်သမားကို။ အဒိဋ္ဌေ၊ အရဟတ္တမဂ်ဉာဏ်ဖြင့် မှန်ကန်စွာ မတွေ့မမြင်ရသေးသည်ရှိသော်။ န နိဝတ္တတိ၊ ဆုတ်နစ်ရိုး ချုပ်ကွယ်ရိုး မရှိပေ။

တဏှာလက်သမားကြီး

အဲဒီ ဘဝသစ်ဖြစ်ရတာက မကောင်းပေမယ်လို့ သူ့ကို ပယ်ရှားပစ်ဘို့ ရန်ကလဲ မလွယ်ပါဘူးတဲ့၊ အဲဒီ ဘဝသစ်တွေ ဖြစ်ဖြစ်နေအောင် တီထောင်ဖန်ဆင်းပေးနေလို့ **ဂဟကာရလို့** ခေါ်ရတဲ့ တဏှာဆိုတဲ့ လက်သမားကြီး တရားဆိုးကြီး ရှိပါတယ်၊ အဲဒီတဏှာဆိုတဲ့ တရားဆိုးကြီးကို အရဟတ္တမဂ်ဉာဏ်နှင့် မမြင်သေးလို့ရှိလျှင် ဘဝအသစ် ဖြစ်ခြင်းဆိုတာကလဲ နောက်ဆုတ်ခြင်း ချုပ်ကွယ်ခြင်း မရှိပါဘူးတဲ့၊ ဘဝတွေဟာ ထပ်ကာ ထပ်ကာ ဖြစ်မြဲ ဖြစ်နေတာပါဘဲလို့ ဆိုလိုပါတယ်။

တသ္မာ၊ ထိုကြောင့်။ ဂဟကာရံ၊ အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာယောက်ျား လက်သမားကို။ ဂဝေသန္တော၊ ရှာမှီးနေစဉ်။ ဝါ၊ ရှာမှီးသော ငါသည်။ ယေန ဉာဏေန၊ အကြင်အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ဖြင့်။ တံ၊ ထိုတဏှာ ယောက်ျား လက်သမားကို။ ဒဋ္ဌုံသက္ကာ၊ မြင်စွမ်းနိုင်ရာ၏။ တံဉာဏံ၊ ထို အရဟတ္တမဂ်ဉာဏ် သဗ္ဗညုတဉာဏ်ကို။ အနိဗ္ဗိသံ အဝိန္ဒန္တော၊ မရသေးသည် ဖြစ်၍။ အနေကဇာတိသံသာရံ၊ အဖြစ်ပေါင်းများစွာရှိသော သံသရာကို။ ဝါ၊ အဖြစ်ပေါင်းများစွာရှိသော သံသရာဝဋ္ဌဆင်းရဲသို့။ သန္ဓာဝိဿံ သံသရိံ၊ ပြေးသွားကျင်လည်ခဲ့ရလှလေပြီ။

အဲဒီ ဘဝခန္ဓာအိမ်တွေကို ထပ်ကာ ထပ်ကာ ဖြစ်စေတတ် ဆောက်လုပ်တတ်တဲ့ တဏှာကို ဒီပင်္ကရာမြတ်စွာဘုရားလက်ထက်တော်မှာ နိယတဗျာဒိတ်ကို ခံယူလို့ အဲဒီကာလကတည်းက စပြီးတော့ ရှာမှီးလာခဲ့ပါတယ်တဲ့။

ဒီလို ရှာမှီးလာပေမယ်လို့ သူ့ကို မြင်နိုင်တဲ့ဉာဏ်ကို မရသေးတဲ့အတွက် ရုတ်တရက် မတွေ့နိုင်သေးဘဲ အချိန်တွေ ကြာညောင်းသွားခဲ့ပါတယ်၊ ဥပမာ အားဖြင့် အလွန်သေးမွှားလှတဲ့ မြူမှုံကလေးများကို ကြည့်ချင်ပေမယ်လို့ အဲဒါ

ကလေးတွေကို မြင်စေနိုင်တဲ့ မှန်ဘီလူး မှန်ပြောင်းများ မရှိလျှင် မမြင်နိုင်သလိုပါဘဲ၊ ဒီနေရာမှာ သာဝကများမှာတော့ အရဟတ္တမဂ်ဉာဏ် တမျိုးတည်းနှင့် တဏှာကို မြင်ခြင်းကိစ္စ ပြီးနိုင်ပါတယ်၊ ဗုဒ္ဓမြတ်စွာဘုရားများမှာတော့ သဗ္ဗညုတဉာဏ်ပါ ပြည့်စုံမှ မြင်ခြင်းကိစ္စ ပြီးပါတယ်။

ဒါကြောင့် အဲဒီမြင်စေနိုင်တဲ့ အရဟတ္တမဂ်ဉာဏ်နှင့် သဗ္ဗညုတဉာဏ် ၂-ပါးလုံးကို ရနိုင်လောက်အောင် ပါရမီမပြည့်သေးလို့ အဲဒီဉာဏ် ၂-ပါးကို မရသေးတဲ့အတွက် အဲဒီ ဒီပင်္ကရာ ဘုရားလက်ထက်တော်ကနေပြီး ယခုဘုရား ဖြစ်သည့်ဘဝကာလတိုင်အောင် အလောင်းတော်အဖြစ်နှင့် ဘဝပေါင်းများစွာ သံသရာဝဋ်ဆင်းရဲထဲမှာ တဘဝပြီးတဘဝ ပြေးသွားကျင်လည်ခဲ့ရတဲ့ အကြောင်းကို ပြန်လှန်ပြီး ဆင်ခြင်တော်မူပါတယ်ဘုရား။

ဂဟကာရ၊ အတ္တဘော တည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ်တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာယောကျ်ား ဟယ် လက်သမား။ ဣဒါနိ၊ ယခုအခါ၌။ တုံ၊ သင့်ကို။ ဝါ၊ သင့်သည်။ ဒိဋ္ဌော၊ ငါမြင်အပ်သည်။ အသိ၊ ဖြစ်ပေပြီ။

ခန္ဓာအိမ်ဆောက်လုပ်တတ်တဲ့ ဟေ့ တဏှာ။ ယခုတော့ မင့်ကို ငါတွေ့ပြီလို့ ရန်သူကို အနိုင်ရတဲ့အခါ ကံကျုးဝါးပြောဆိုနေသလိုဘဲ မြတ်စွာဘုရားက ပယ်အပ်ပြီး ဖြစ်တဲ့ တဏှာကို နှလုံးသွင်း ဆင်ခြင်ပြီး စိတ်ဖြင့် ပြောတော်မူပါတယ်။

တသ္မာ၊ ထိုကြောင့်။ တုံ၊ သင်သည်။ ဂေဟံ၊ အတ္တဘောတည်းဟူသော ငါ၏ခန္ဓာအိမ်ကို။ ပုန နကာဟသိ၊ တဖန်မပြုရ မဆောက်လုပ်ရတော့ချေပြီ။ တေ၊ သင်၏။ သဗ္ဗာ၊ အလုံးစုံသော။ ဖာသုကာ၊ ကိလေသာတည်းဟူသော အိမ်၏ အခြင်ရနယ်တို့ကို။ ဘဂ္ဂါ၊ ငါချိုးဖျက်အပ်ကုန်ပြီ။ ဂဟကူဋံ၊ အဝိဇ္ဇာတည်းဟူသော ခန္ဓာအိမ်၏ အထွဋ်ဦးကို။ ဝိသင်္ခတံ၊ ငါဖျက်ဆီးအပ်ပြီ။ မေ၊ ငါ၏။ စိတ္တံ၊ စိတ်နှလုံးသည်။ ဝိသင်္ခါရဂတံ၊ သင်္ခါရခပ်သိမ်း၏ ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်ဥဿ အာရုံပြုသောအားဖြင့် ကပ်ရောက်လျက် တည်လေပြီ။ တဏှာနံ၊ တဏှာတို့၏။ ခယံ၊ ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ အဓိဂတောဝ၊ ရခဲ့သိခဲ့ပေပြီ။

ဒီလို နှလုံးသွင်းပြီး ဥဒါန်းကျူးတော်မူတဲ့ အကြောင်းကို ဒီမှာ ပြထား ပါတယ်၊ ပြီးတော့ နောက်ဆက်ပြီး နှစ်ဂါထာလဲ ဒီလို ပြဆားပါသေးတယ်။

အယောဃနဟတသ္သေဝ၊ ဇလတော ဇာတဝေဒသော။
အနုပုဗ္ဗူပသန္တဿ၊ ယထာ နာ ဉ္ဇယတေ ဂတိ။
ဧဝံ သမ္မာဝမုတ္တာနံ၊ ကာမဗန္ဓောဃတာရိနံ။
ပညာပေတုံ ဂတိ နတ္ထိ၊ ပတ္တာနံ အစလံ သုခံ။

ဒီဥဒါန်း ဂါထာကလေး နှစ်ခုကတော့ ဥဒါန်းပါဠိတော်မှာ လာပါတယ်၊ အဲဒီမှာ ပြထားတာကတော့ အရှင်ဒဗ္ဗ မထေရ် ပရိနိဗ္ဗာန်ပြုတဲ့အခါမှာ တန်ခိုး နှင့် ကောင်းကင်သို့ တက်ပြီးတော့၊ မိမိခန္ဓာကိုယ်ကို တေဇောဓာတ်လောင် စေရန် အဓိဋ္ဌာန်ပြုပြီး ပရိနိဗ္ဗာန် ပြုသွားပါတယ်၊ အဓိဋ္ဌာန်အရ ခန္ဓာကိုယ်ကို တေဇောဓာတ်လောင်ကျွမ်းသွားတဲ့အခါမှာ ထောပတ်များ ဆီများကို မီး လောင်လျှင် ပြာလဲမကျန်ဘူး မင်လဲမကျန်ဘူး၊ အဲဒါလိုဘဲ အရှင်ဒဗ္ဗ၏ ဥတုဇရုပ်ကလာပ်မှ ပြာလဲမကျန် မင်လဲမကျန်ရစ်ပါဘူးတဲ့၊ ဒါကြောင့် အရှင် ဒဗ္ဗ၏ ပရိနိဗ္ဗာန်ပြုသွားရာမှာ ဓာတ်တော်များလဲ မကျန်ရစ်ဘူးလို့ မှတ်ရ ပါမည်။

ဒီလို အရှင်ဒဗ္ဗ ပရိနိဗ္ဗာန်ပြုရာတွင် ဘာမျှ အကြွင်းအကျန် မရှိသည်ကို ၎င်း ရဟန္တာပုဂ္ဂိုလ်တိုင်း ပရိနိဗ္ဗာန်ပြုသွားသောအခါ ဘဝသစ်ခန္ဓာတွေ့ ဘာမျှမကျန်ဘဲ အကြွင်းမဲ့ချုပ်ငြိမ်းသွားပုံကိုဂုင်း နှလုံးသွင်းတော်မူပြီး အဲဒီ ဂါထာများဖြင့် ဥဒါန်းကျူးတော်မူကြောင်း ဥဒါန်းပါဠိမှာ ပြဆိုထားပါတယ်။

ယခု ဒီအဋ္ဌကထာမှာတော့ ဘုရားဖြစ်တော်မူစကဘဲ ဒီဂါထာများဖြင့် ဥဒါန်းကျူးတဲ့ အနေနှင့် ပြထားပါတယ်၊ အဲဒါဟာ စဉ်းစားစရာပါဘဲ၊ မြတ်စွာဘုရားမှာ ဘုရားဖြစ်တော်မူပြီးစကဘဲ တရားအလုံးစုံကို ဆင်ခြင်တော် မူတယ်လို့ ဆိုတာနှင့် ထောက်ဆကြည့်လျှင်တော့ ဒီဥဒါန်းဂါထာများကိုလဲ ဆင်ခြင်တော်မူပြီး ဖြစ်တယ်လို့ ဆိုနိုင်စရာ အကြောင်းရှိပါတယ်၊ အနက် အဓိပ္ပါယ်ကတော့—

အဲယောဃနဟတသ္သ၊ သံတူဖြင့် ထုအပ်သည်ဖြစ်၍။ ဇလတော၊ လက် ကနဲ မီးပွင့်ကာ တောက်ပလာပြီးလျှင်။ အနုပုဗ္ဗူပသန္တဿ၊ အစဉ်အတိုင်း

ငြိမ်းအေးသွားသော။ ဇာတဝေဒသော၊ မီးပေါက်မီးပွါး၏။ ဂတိ၊ သွား ရောက်ရာအရပ်ကို။ နဉ္ဇယတေယျထာ၊ မသိအပ် မသိနိုင်ရာသကဲ့သို့။

မာကြောတဲ့ သံတုံး ကျောက်တုံးများကို သံတူနှင့် ထုလိုက်လျှင် လက်ကနဲ မီးပွါးကလေး ပွင့်လာတတ်ပါတယ်၊ အဲဒီ မီးပွါးကလေးဟာ လက်ကနဲ ပွင့်လာပြီး မကြာခင်ဘဲ ပျောက်ကွယ်သွားပါတယ်၊ အဲဒီလို ကွယ် ပျောက်သွားတဲ့ မီးပွါးကလေးကို ဘယ်နားမှာ တည်နေတယ်လို့ မပြောနိုင်ပါ ဘူး၊ အထက်နားမှာ တည်နေတယ်၊ အောက်နားမှာ တည်နေတယ်၊ ဘေး ပတ်ဝန်းကျင် အရပ်ရှစ်မျက်နှာထဲက ဘယ်အရပ်မှာ တည်နေတယ်လို့ ဒီလို မပြောနိုင်ပါဘူး၊ အဲဒါလိုဘဲ ရဟန္တာပုဂ္ဂိုလ်များ ပရိနိဗ္ဗာန်ဝင်စံသွားတဲ့ အခါမှာ ဘယ်ဌာနရောက်သွားတယ်၊ ဘယ်မှာတည်နေတယ်လို့ ပြောပြစရာ ဂတိမရှိတော့ပါဘူးတဲ့။ ဒါကြောင့်—

ဧဝံ၊ ဤအတူပင်။ သမ္မာဝိမုတ္တာနံ၊ မှန်ကန်စွာ လွတ်မြောက်တော်မူ ကုန်သည်ဖြစ်၍။ ကာမဗန္ဓောဃတာရိနံ၊ ကာမတည်းဟူသော အနှောင်အဖွဲ့ နှင့် သြဃလေးပါးကို ကူးမြောက်တော်မူကုန်ပြီးသော။ အစလံ သုခံ ပတ္တာနံ၊ လှုပ်ရှားခြင်းမရှိသော နိဗ္ဗာန်ချမ်းသာသို့ ရောက်တော်မူကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့၏။ ဂတိ၊ လားရာဂတိသည်။ ပညာပေတုံ၊ ပညတ်ဖော်ပြခြင်းငှါ။ နတ္ထိ၊ မရှိတော့သည်သာတည်းလို့-ဆိုလိုပါတယ်။

နောက်နှစ်ဂါထာ အဆုံးအဖြတ်

ဒီ နောက် ဂါထာနှစ်ခုဟာ ဒီအဋ္ဌကထာမှာ အနေကဇာတိသံသာရံ-အစရှိတဲ့ ရှေးနှစ်ဂါထာနှင့် တပေါင်းတည်းတည်ရှိပြီးတော့ "ဗောဓိပလ္လင်္ကေ နိသိန္နော၀၊ ဗောဓိပလ္လင်ထက်မှာ ထိုင်နေတော်မူလျက်ပင်လျှင်။ ဧဝံ မနသိ ကရောန္တော၊ ဒီလိုနှလုံးသွင်းတော်မူတယ်"လို့ ဆိုထားတဲ့အတွက်၊ ဒီ နောက် ဂါထာနှစ်ခုကိုလဲ ဗောဓိပလ္လင်မှာဘဲ တဆက်ထည်း နှလုံးသွင်းပြီး ဥဒါန်း ကျူးတော်မူတယ်လို့ မှတ်ယူဘို့ရှိပါတယ်ဘုရား။

သို့သော်လည်း ပါဠိတော် အထောက်အထားကတော့ ဘယ်မှာမျှ မတွေ့ရပါဘူး၊ ဥဒါန်းပါဠိတော်အရဆိုလျှင် ဒီနောက်နှစ်ဂါထာဟာ အရှင် ဒဗ္ဗမထေရ် ပရိနိဗ္ဗာန်ပြုတဲ့အခါမှာ မြတ်စွာဘုရားက ဥဒါန်းကျူးတော်မူတဲ့ ဂါထာလို့သာ ထင်ရှားပါတယ်၊ ဓမ္မပဒပါဠိတော်အရဆိုလျှင်လဲ ဘုရားဖြစ်

တော်မူစက ဥဒါန်းကျူးတော်မူတာဟာ အနေကဇာတိသံသာရုံ-အစရှိတဲ့ ရှေးနှစ်ဂါထာမျှဘဲလို့ ထင်ရှားပါတယ်၊ ပဌမဗုဒ္ဓဝစန-မြတ်စွာဘုရား၏ ပဌမစကားတော်ကို ပိုင်းခြားပြတဲ့ အဋ္ဌကထာမျှားမှာလဲ အဲဒီ ရှေးနှစ်ဂါထာကိုသာ ပြပါတယ်၊ ဒါကြောင့် မြန်မာပြည်မှာ ဆရာအစဉ်အဆက်ဆက်က အဲဒီ ရှေးနှစ်ဂါထာကိုသာလျှင် မြတ်စွာဘုရား၏ ပဌမဥဒါန်းစကားတော် အဖြစ်ဖြင့် အသိအမှတ်ပြုကြပြီးတော့ အနေကဇာတင်ပူဇော်ပဲ့မျှားမှာ ရွတ်ဘတ်ပူဇော်မှုကို ပြုလုပ်ကြခြင်း ဖြစ်ပါတယ်ဘုရား။

ဒီကနေ့အချိန်လဲ တော်တော်ကြာသွားပါပြီ၊ သို့ဖြစ်ပါသောကြောင့် ဘုရားဝန်းပည့်တော် လျှောက်ထားခဲ့သော ကြည်ညိုဘွယ် မှတ်သားဘွယ်ဂုဏ်တို့နှင့်ငင်း၊ မလျှောက်ထားရသေးတဲ့ အခြားသော ကြည်ညိုဘွယ် မှတ်သားဘွယ်ဂုဏ်တို့နှင့်ငင်း ပြည့်စုံသော သုမင်္ဂလဝိလာသိနီ မည်သော ဒီဃနိကာယ်၏ အဖွင့် မဟာဝဂ္ဂ အဋ္ဌကထာကို အစဉ်ရောက်ရာ အရပ်မှ စ၍ တပေါင်းတည်း အညီအညွတ် ရွတ်ဆိုကာ ဝမ်းမြောက်ဝမ်းသာနှင့် သံဂါယနာတင်ကြပါစို့ အရှင်ဘုရားတို့။

ဒီကနေ့ လျှောက်ထားဘို့ကတော့ မဟာဝဂ္ဂအဋ္ဌကထာ စာမျက်နှာ နံပါတ် ၁၅၀-က ပရိသတ်ရှစ်ပါးသို့ မြတ်စွာဘုရားသခင် ကြွရောက်တော်မူပြီး တရားဟောခြင်းအကြောင်း အဖွင့်ဆိုင်ရာကတခု။ စာမျက်နှာနံပါတ် ၁၆၈-က အမြတ်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ရန် မိန့်မှာတော်မူချက်က တခု။ စာမျက်နှာ ၁၈၃-က မြတ်စွာဘုရား၏ နောက်ဆုံး မိန့်ခွန်းတော်အဖွင့်- ဒါကတခု။ အဲဒီသုံးခုကို ယနေ့စီစဉ်လျှောက်ထားဘို့ စဉ်းစားထားပါတယ်ဘုရား။

ပရိသတ်ရှစ်ပါးသို့ ကြွ၍ တရားဟောခြင်း

စာမျက်နှာ ၁၅၀-က ပရိသတ် ရှစ်ပါးသို့ မြတ်စွာဘုရား ကြွရောက်တော်မူပြီး တရားဟောခြင်းကို စပြီး စီစဉ်လျှောက်ထားပါတော့မည်ဘုရား။

ပရိသတ် ရှစ်ပါး ဆိုတာဟာ (၁) ခတ္တိယ—မင်းပရိသတ်။ (၂)ဗြာဟ္မဏ-ပုဏ္ဏားပရိသတ်။ (၃) ဂဟပတိ-သူဌေးသူကြွယ်ပရိသတ်။ (၄) သမဏ-သာဝသနာပ ရဟန်းပရိသတ်။ ဒီလို လူ့ပြည်လောကက ပရိသတ်လေးပါး ရှိပါတယ်။ (၅) စတုမဟာရာဇ်နတ်ပရိသတ်။ (၆) တာဝတိံသာ စသော

အထက်နတ်ပရိသတ်။ (၇) မာရ်နတ်ပရိသတ်။ (၈) ဗြဟ္မာပရိသတ်လို့ ကောင်းကင်ဘုံက နတ်ပရိသတ်က လေးပါးရှိပါတယ်။

သူတို့ အသွင်လိုဘဲ မြင်ရသည်

အဲဒီ ပရိသတ်ရှစ်ပါးတွေဆီကို မြတ်စွာဘုရားကြွရောက်ပြီးတော့ တရားဆွေးနွေးခြင်း တရားဟောခြင်းမျှားကို ပြုလုပ်တဲ့အကြောင်း ပါဠိတော်မှာ တိုက်ရိုက်ပါရှိပါတယ်၊ အဲဒီလို ပါရှိရာမှာ အဲဒီအစည်းအဝေးတွေကို မြတ်စွာဘုရား ကြွသွားတဲ့အခါမှာ ဘယ်လိုပုံပန်းသဏ္ဌာန်ဖြင့် ကြွသွားပါသလဲဆိုလျှင် ယာဒိသကော တေသံ ဝဏ္ဏော ဟောတိ၊ တာဒိသကော မယှံ ဝဏ္ဏော-လို့ ပါဠိမှာဘဲ တိုက်ရိုက်လာပါတယ်။

အဲဒီ မင်းပရိသတ် ပုဏ္ဏားပရိသတ် အစရှိသော ရှစ်မျိုးသော ပုဂ္ဂိုလ်တို့၏ ဝဏ္ဏရှိသလိုဘဲ မြတ်စွာဘုရား၏ ဝဏ္ဏဟာလည်း ဒီအတိုင်းဘဲလို့ ဖော်ပြထားပါတယ်။

အဲဒီ ဝဏ္ဏသဒ္ဒါက သဏ္ဌာန်အနက် အဆင်းအနက် အမျိုးအနက် စသည်ဖြင့် အမျိုးမျိုးအထွေထွေ အနက်တွေ မျှားပြားပြီးနေတော့ ဒီနေရာမှာ ဝဏ္ဏသဒ္ဒါက ဘယ်အနက်ကို ဆိုလိုသလဲလို့ စဉ်းစားစရာ ရှိပါတယ်၊ ဒါကြောင့် ဒီအဋ္ဌကထာက ယာဒိသကော တေသံ ဝဏ္ဏောတိ တေ ဩဒါတာပိ ဟောန္တိ ကာဠာပိ မဂ်ုရစ္ဆဝိပိ-စသည်ဖြင့် ဖွင့်ပြသွားပါတယ်။

အဲဒီပုဂ္ဂိုလ်တွေနဲ့ ဝဏ္ဏချင်း တူတယ် ဆိုပေမယ်လို့ ဒီနေရာမှာ ဝဏ္ဏက အဆင်းကို မဆိုလိုပါဘူး၊ အဲဒီပုဂ္ဂိုလ်တွေကတော့ အဆင်းအားဖြင့် အသားဖြူတဲ့ ပုဂ္ဂိုလ်လဲ ရှိမှာဘဲ၊ အသားမဲတဲ့ ပုဂ္ဂိုလ်လဲ ရှိမှာဘဲ၊အသားညိုတဲ့ပုဂ္ဂိုလ်လဲ ရှိမှာဘဲ၊ မြတ်စွာဘုရားကတော့ဖြင့် ရွှေရောင်အဆင်း ဝါဝင်းသော အသားအရေ ရှိပါတယ်လို့ ပြသွားပါတယ်။

ဒီတော့ ဒီဝဏ္ဏသဒ္ဒါဖြင့် ဘာကို ဆိုပါသလဲလို့ ဆိုတော့ သဏ္ဌာနံ ပဋိစ္စ ကထိတံ၊ သဏ္ဌာန်ကို ရည်ရွယ်ပြီးတော့ ဆိုပါတယ်တဲ့။

နို့သဏ္ဌာန်ကလဲ အဲဒီပုဂ္ဂိုလ်တွေရဲ့ သဏ္ဌာန်နှင့် တထေရာတည်း အကုန်လုံး တူပါသလားလို့ဆိုတော့ သဏ္ဌာနမိ စ ကေဝလံ တေသံ ပညာယတိ-ယေဝ-သဏ္ဌာန်မှာလဲဘဲ သူတို့ရဲ့ စိတ်ထဲမှာ ထင်ရမြင်ရတာပါဘဲတဲ့။

နပန ဘဂဝါ မိလက္ခုသဒိသော ဟောတိ နာပိ အာမုတ္တမဏိကုဏ္ဍလော။

မြတ်စွာဘုရားကတော့ မိလက္ခုလူမျိုးလို ပုံသဏ္ဌာန်ရှိတာလဲ မဟုတ်ပါဘူးတဲ့၊ ပတ္တမြားနားဆွောင်းတွေ ဝတ်ဆင်ပြီးတော့ ထားတာလဲ မဟုတ်ပါဘူးတဲ့၊ ဒီလို ပြသွားပါတယ်ဘုရား။

ဟိုခေတ်တုန်းက မင်းတွေက နားဆွောင်းတွေ ဝတ်ဆင်ပုံရပါတယ်၊ ဒါကြောင့်မို့ ဒီမှာ အာမုတ္တမဏိကုဏ္ဍလ····အဲဒီမင်းတွေလို ပတ္တမြားနားဆွောင်းဆင်လျက်တော့ မဟုတ်ဘူးလို့ ဆိုသွားပါတယ်။

မြတ်စွာဘုရား၏ အသွင်အပြင်မှာ သက်နိုးတော် ဝတ်ရုံလျက်နှင့် ပကတိအချိုးအစား ပုံသဏ္ဌာန်အတိုင်းဘဲ ကြွသွားပါတယ်တဲ့။

တေ ပန အတ္တနော သမာနသဏ္ဌာနမေဝ ပဿန္တိ။

ဒါပေမယ့် အဲဒီမင်းပရိသတ် ပုဏ္ဏားပရိသတ် စတဲ့ ပုဂ္ဂိုလ်တွေကတော့ သူတို့ရဲ့ အသွင်အပြင်နှင့် အတူတူဘဲလို့ မြင်ကြရပါတယ်တဲ့။

ဒါကြောင့် မင်းပရိသတ် အစည်းအဝေးကို ဝင်ရောက်ပြီးတော့ ကြွသွားတော်မူတဲ့ အခါကာလမှာ ဆိုလျှင် မင်းများ၏ အသွင်အပြင်မျိုးနှင့် သူတို့က မြင်ပါတယ်တဲ့၊ မင်းမြောက်တန်းဆာတော်နှင့် ဆင်ယင်ထားတဲ့ သူတို့ရဲ့ အကြီးအကဲ မင်းကဲ့သို့ဘဲ တွေ့ရမြင်ရ ပါတယ်တဲ့၊ ပုဏ္ဏားပရိသတ်သွားလို့ရှိလျှင်လည်း သူတို့အသွင်အပြင်အတိုင်း ပုဏ္ဏားထဲက အကြီးအကဲလိုဘဲ၊ သူဌေးသူကြွယ်ထဲသွားလို့ ရှိယင်လဲ သူဘို့ရဲ့ အသွင်အပြင်အတိုင်း သူဌေးသူကြွယ်ထဲက အကြီးအကဲလိုဘဲ စသည်ဖြင့် အဲသလို တွေ့မြင်ရပါတယ်တဲ့။

ဆင်းတုတော်နှင့် မင်းမြောက်တန်းဆာ

အဲဒါဟာ အထူးသတိပြုစရာကောင်းတဲ့ အချက်တခုပါဘဲ၊ယခုကာလမှာ ကိုးကွယ်ပြီးထားကြတဲ့ ဘုရားရုပ်ပွါး ဆင်းတုတော်တွေဟာ အမျိုးမျိုးရှိနေပါတယ်၊ ဘုရားသက်နိုးတော်နှင့် ကိုးကွယ်ထားတဲ့ ဆင်းတုတော်တွေကတော့ အထူးစဉ်းစားစရာ မလိုပါဘူး၊ တချို့ဆင်းတုတော်တွေမှာ မင်းများရဲ့ ရုပ်ပုံများလိုဘဲ မင်းမြောက်တန်းဆာတော်နှင့် အပြည့်အစုံ ဆင်ယင်ပြီးတော့ ထားတာတွေ ရှိနေပါတယ်၊ အဲဒီဆင်းတုတော်တွေဟာ ဒီဒေသနာရပ်တော်နှင့်အညီ မင်းပရိသတ်တွေကို ကြွရောက်ပြီး တရားဟောစဉ် အခါကာလ

တုန်းက ပုံပန်းသဏ္ဌာန်မျိုးကို ရည်မှန်းပြီးတော့ ရှေးကအစဉ်အလာ ပြုလုပ်လာကြတယ်လို့ ယူဆစရာ အကြောင်းရှိပါတယ်။

တခို့ကတော့ အဲဒီဆင်းတုတော်တွေဟာ ဇမ္မုပတိခ္ခတ်ခဏ်းမှ ပုံသဏ္ဌာန်ကိုယူပြီးတော့ ပြုလုပ်ထားတယ်လို့ ဒီလို ပြောကြဆိုကြပါတယ်။

ဇမ္မုပတိ ခ္ခတ်ခဏ်းမရှိ

ဒါပေမယ်လို့ အဲဒီဇမ္မုပတိခ္ခတ်ခဏ်းဆိုတာက တပည့်တော်တို့ ထေရဝါဒ ပိဋကတ်တော်တွေထဲမှာဆိုလျှင် ပါဠိမှာလဲ မရှိပါဘူး၊ အဋ္ဌကထာမှာလဲ မရှိပါဘူး။ ဋီကာမှာလည်း မရှိပါဘူး။

ဒါဖြင့် အဲဒါကို ဘယ်မှာတွေ့ရသလဲလို့ ဆိုတော့ ဗမာပြည်ကရေးထားတဲ့ တထာဂတဥဒါနဒီပနီဆိုတဲ့ ကျမ်းမှာဘဲ ဒီဇမ္မုပတိခ္ခတ်ခဏ်းကို တွေ့ရပါတယ်။

ဒီတော့ အဲဒီ ဇမ္မုပတိခ္ခတ်ခဏ်းကို ရည်ရွယ်ပြီးတော့ ပြုလုပ်ထားတယ်လို့ ပြောဆိုတာထက် ဒီပါဠိတော်အရ အခြား အရပ်က မင်းပရိသတ် မင်းများအစည်းအဝေးကို ကြွသွားတဲ့အခါများမှာ အဲဒီ မင်းအစည်းအဝေးပရိသတ်များက ထင်မြင်ရတဲ့ အသွင်အပြင် ပုံသဏ္ဌာန်မျိုးကို မှန်းဆပြီးတော့ ပြုလုပ်တည်ထားကြတယ်လို့ ယူဆမယ်ဆိုလျှင် ကျမ်းဂန်အားဖြင့် ပိုပြီးလေးနက်စရာရှိပါတယ်ဘုရား။

ဘာသာစကား

ပြီးတော့ အဲဒီလို အခြားအရပ်က ပရိသတ်တွေထဲမှာ ဟောပြောတဲ့ အခါ မြတ်စွာဘုရား၏ အသံတော်နှင့် ဘာသာစကားက ဘယ့်နှယ်နေပါသလဲလို့ ဒီလိုလဲ မေးစရာရှိတဲ့အတွက် "ယာဒိသကော တေသံ သရော ဟောတိ၊ တာဒိသကော မယ္ဟံ သရော ဟောတိ" မြတ်စွာဘုရား၏ အသံနှင့် ဘာသာစကားဟာ အဲဒီပုဂ္ဂိုလ်တွေရဲ့ အသံမျိုး ဘာသာစကားမျိုးဘဲလို့ ပါဠိမှာ ပြထားပြန်ပါတယ်၊ ဒီနေရာမှာလဲ အလုံးစုံ တူထာမဟုတ်ပါဘူးဆိုတဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာက ဖွင့်ပြထားပြန်ပါတယ်။

အဲဒီ မင်းပရိသတ် ပဏ္ဏားပရိသတ်ဆိုတဲ့ ပုဂ္ဂိုလ်တွေကတော့ ကဲ့အက်တဲ့ အသံတွေ စူးရှတဲ့ အသံတွေ ကျိုးသံမျိုးတွေ စသည်ဖြင့် အသံအမျိုးမျိုး ရှိနေကြပါတယ်တဲ့၊ မြတ်စွာဘုရား၏ အသံတော်ကတော့ ဗြဟ္မဿရော-ဗြဟ္မာ၏

အသံကဲ့သို့ “သန့်ရှင်းသိသာ၊ သာယာနာဘွယ်၊ လုံးတယ် မကဲ့၊ နက်နဲပဲ့တင်၊ ဂုဏ်ရှစ်အင်”ဆိုတဲ့ အင်္ဂါရှစ်ပါးနှင့် ပြည့်စုံတယ်လို့ အင်မတန်သာယာကြည်နူးဘွယ်ကောင်းတဲ့ အသံတော်ဘဲ ဖြစ်ပါဘယ်တဲ့။

ဒါဖြင့် “တာဒိသော-ထိုသူဘွဲ့ရဲ့ အသံမျိုးဘဲ” ဆိုတာက ဘာကို ရည်ရွယ်ပါသလဲလို့ မေးစရာ ရှိတဲ့အဘွက် “ဣဒံ ပန ဘာသန္တရံ သန္ဓာယ ကထိတံ” အဲဒီ အသံချင်း တူတယ်ဆိုဘာကတော့ သူတို့ပြောနေတဲ့ ဘာသာခြား စကားသံကို ရည်ရွယ်ပြီးဟောတာပါတဲ့၊ ဒီအဖွင့်ကို တိုက်ရိုက်ယူမယ်ဆိုလျှင် မြတ်စွာဘုရားဟာ ရောက်ရာ ပရိသတ် အစည်းအဝေးများမှာ အဲဒီက ပုဂ္ဂိုလ်တွေပြောနေကျ ဘာသာစကားနှင့် ပြောဟောတယ်လို့ ဒီလို ယူရပါလိမ့်မယ်၊ ဒီလိုဆိုတော့ မြတ်စွာဘုရားဟာ မာဂဓဘာသာကိုသာ ပြောတယ်ဆိုတဲ့ ဝါဒနှင့် ဆန့်ကျင်သွားပါတယ်၊ အဲဒီလို မဆန့်ကျင်ရအောင် ရှေနားက အဆင်းသဏ္ဌာန်အခက်းမှာ ဖွင့်ခဲ့တဲ့နည်းအတိုင်း မြတ်စွာဘုရားကတော့ မာဂဓဘာသာနှင့်ဘဲ ဟောတယ်၊ အဲဒီပရိသတ်တွေကတော့ သူတို့ရဲ့ ပြောနေကျ ဘာသာစကားနှင့် ကြားကြရတယ်လို့ ဒီလိုယူသင့်ပါတယ်၊ ဒီလိုယူလျှင် ဧဝံ မေ သုတံ—အဖွင့် အင်္ဂကထာမှာ သကသကဘာသာနုရူပတော ဟောတာ ပထမာဂစ္ဆန္တံ-မြတ်စွာဘုရား၏ စကားတော်ဟာ နာယူသူတို့ရဲ့နားမှာ မိမိတို့ရဲ့ အသီးအသီးသော ဘာသာစကားအတိုင်း ကြားသွားတယ်လို့ ဆိုတဲ့အဖွင့်နှင့် ညီညွတ်သွားပါတယ်။

တရားဟောစဉ်မှာ မသိကြ

ပြီးဟော့ ဘာသမာနဉ္စ မံ နဇာနန္တိ-စသည်ဖြင့် ပါဠိတော်မှာ လာပြန်ပါတယ်။ မြတ်စွာဘုရားက ပြောဟောနေတုန်းမှာလဲ “ယခုပြောနေတာဘယ်သူ ဘယ်ဝါဘဲ”လို့ အဲဒီပရိသတ်တွေက မသိကြပါဘူးတဲ့၊ အန္တရဟိတဉ္စ မံ နဇာနန္တိ၊ အဲဒီလို ဟောပြောပြီးလို့ ပြန်ကြသွားတဲ့ အခါကျတော့လဲ “ခုနက အင်မတန်သာယာတဲ့အသံနှင့် အင်မတန်ကောင်းတဲ့ တရားစကားတွေ မိန့်ခွန်းတွေကို ဟောကြားသွားတာဟာ ဘယ်သူပါလိမ့်လဲ” လို့ စဉ်းစားပြီးတော့ ကျန်ရစ်ကြပါသတဲ့၊ ဘယ်သူရယ်လို့လဲ မသိနိုင်ကြပါဘူးတဲ့။

အဲဒီမှာ အင်္ဂကထာက ကော နု ခေါ အယန္တိ ဣမသ္မိံ ဌာနေ ဣဒါနေဝ မာဂဓဘာသာယ သီဟဠဘာသာယ·စသည်နှင့် ဖွင့်ပြထားပါတယ်၊ ဒီနေရာမှာ ခုနကတွင်ဘဲ မာဂဓဘာသာနှင့် သီဟဠဘာသာနှင့်“အင်မတန်သာယာတဲ့

အသံနှင့် ပြောဟောပြီးသွားတဲ့ သူဟာ ဘယ်လိုပုဂ္ဂိုလ်လဲ၊ လူဘဲလား၊ နတ်လေလား” စသည်ဖြင့် ဆင်ခြင်နေကြသော်လဲ ဘယ်သူဘဲလို့ မသိနိုင်ကြတဲ့ အကြောင်း ဖွင့်ပြပါတယ်၊ အဲဒီအထဲမှာ သီဟဠဘာသာယ၊ သီဟိုဠ်ဘာသာနှင့် ဟောတယ်ဆိုတာဟာ စဉ်းစားစရာ ကောင်းပါတယ်၊ ဘာကြောင့်လဲ ဆိုလျှင်၊ ဝိနယအဋ္ဌကထာ ဋီကာ ဒီပဝင် မဟာဝင် ကျမ်းဂန်များအရဆိုလျှင် ဘုရားလက်ထက်တော် အဲဒီခေတ်အခါကာလတုန်းက သီဟိုဠ်ကျန်းမှာ လူတွေ့မရှိသေးဘူးလို့ ယူဆစရာ ဖြစ်နေပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူတဲ့ နှစ်မှာဘဲ ဝိဇယတဲ ရောက်ပြီးတော့ သီဟိုဠ်ကျန်းဟာ လူနေဌာန ဖြစ်လာတယ်လို့ ဒီပဝံသ မဟာဝံသကျမ်းစသည်မှာ ဆိုထားပါတယ်၊ ပါရာဇိကကဏ္ဍ အဋ္ဌကထာ နိဒါန်းမှာလဲ မနုဿာဝါသံ အကာသိ၊ ဝိဇယမင်းက သီဟိုဠ်ကျန်းကို လူနေဌာနပြုလုပ်တယ်လို့ ဆိုထားပါတယ်၊ ဒီ့အလျောက်တော့ ဘီလူးတွေနေရာ ဖြစ်နေတယ်လို့ ဆိုပါတယ်၊ အဲဒီ ဒီပဝံသ မဟာဝံသ စသည်အလိုအားဖြင့် ဆိုလျှင် အဲဒီအခါတုန်းက သီဟိုဠ်ကျန်းမှာ လူမရှိသေးဘူးလို့ ယူဆစရာ ဖြစ်နေပါတယ်၊ လူရှိတောင်မှ ယဉ်ယဉ်ကျေးကျေးတော့ ရှိမည့်လက္ခဏာ မဟုတ်ပါဘူး၊ သို့သော်လဲ သီဟဠဘာသာယလို့ ဆိုထားတဲ့ ဒီအဋ္ဌကထာအရဆိုလျှင်တော့ အဲဒီတုန်းကတဲ့က သီဟိုဠ်ကျန်းမှာ လူနေရှိတန်သလောက် ရှိနေခဲ့တယ်လို့ ယူဆစရာ ဖြစ်နေပါတယ်၊ ဒီလိုယူလျှင် သီဟိုဠ်ကျန်းဟာ လူနေအလွန်များတဲ့ အိန္ဒိယနှင့် အလွန်နီးကပ်နေရတဲ့အတွက် သင့်စရာလဲရှိပါတယ်၊ ဒါလဲ စဉ်းစားစရာတခုပါဘဲ။

ဝါသနာဖြစ်စေရန်

အဲဒီလို အရပ်ခြား ဌာနတွေကို ကြွသွားပြီးတော့ ဘုရားရယ်လို့မှ မသိတဲ့ သူတွေကို တရားဟောတာဟာ ဘာအကျိုးရှိပါသလဲလို့ ဆိုတော့ ဝါသနတ္ထာယ၊ ဝါသနာအထုံ ဖြစ်ဘို့ပါဘဲတဲ့၊ အဲဒီလို တရားနာရတဲ့ သူတွေက ဟောတဲ့ပုဂ္ဂိုလ်ကို ဗုဒ္ဓဘုရားဘဲလို့ မသိကြရပေမယ်လို့ နာရတဲ့ တရားရဲ့ အနက်အဓိပ္ပါယ်တွေကိုတော့ သူတို့ သဘောပေါက်တန်သလောက် ပေါက်သွားကြတယ်၊ စိတ်လဲ ဝင်စားတန်သလောက် ဝင်စားသွားကြတယ်၊ ဒါကြောင့် နောင်သံသရာ ဘဝကာလတွေမှာ တရားထူးကို ရခြင်း၏အကြောင်း ဝါသနာပါရမီ ဖြစ်သွားတယ်၊ တရားထူးကို မရသေးတောင်မှ ဘုရား တရား

များကို တွေ့ရတဲ့အခါမှာ ကြည့်ညိုနိုင်ခြင်း သက်ဝင်နိုင်ခြင်း ပါရမီကုသိုလ် အသစ် ဖြစ်ပွါးစေနိုင်ခြင်း၏ အကြောင်း ဖြစ်သွားတယ်ဆိုတဲ့အကြောင်းကို ဒီမှာ ဖော်ပြသွားပါတယ်။

အမြတ်ဆုံးပူဇော်ခြင်း

ဒုတိယ အချက်ကတော့ အမြတ်ဆုံးပူဇော်ခြင်းဖြင့် ပူဇော်ဘို့ရန် မြတ်စွာဘုရား မှာကြားတော်မူတဲ့ စကားတော်အဖွင့် ဖြစ်ပါတယ်၊ စာမျက်နှာ နံပါတ် (၁၆၈)မှာရှိပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူခါနီး မလ္လာမင်းတို့၏ အင်ကြင်း ဥယျာဉ်အတွင်း အင်ကြင်းပင်ပျိုအစုံတို့၏ အကြားမှာ ခင်းထားတဲ့ ညောင် စောင်းပေါ်မှာ လက်ျာနံတောင်းဖြင့် လျောင်းစက်ပြီးတော့ နေတဲ့အခါ ကာလမှာ လူ့ပြည်ကနေပြီးတော့ ဗြဟ္မာပြည်တိုင်အောင် ကောင်းကင်တခု လုံးအပြည့် နတ်တွေ ဗြဟ္မာတွေ ပန်းအမျိုးမျိုးတွေနဲ့ နံ့သာအမျိုးမျိုးတွေနဲ့ တူရိယာအမျိုးမျိုးတွေနဲ့ သီဆိုခြင်း အမျိုးမျိုးတွေနဲ့ ပူဇော်နေကြတဲ့ အကြောင်း မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

အဲသလို မိန့်ကြားတော်မူပြီးတော့ ဤမျှလောက် ကြီးကျယ်တဲ့ ပူဇော်ခြင်းတွေ ပြုရုံမျှဖြင့် မြတ်စွာဘုရားကို ပူဇော်သည် မမည်သေးဘူးဆိုတဲ့ အကြောင်းကို မြတ်စွာဘုရားကိုယ်တော်တိုင် မိန့်မှာတော်မူခဲ့ပါတယ်။

နခေါ အာနန္ဒ ဇေတ္တာဝတာ တထာဂတော သက္ကတော ဝါ ဟောတိ ဂရုကတော ဝါ မာနိတော ဝါ ပူဇိတော ဝါ အပစိတော ဝါ။

အာနန္ဒ၊ ချစ်သား အာနန္ဒာ....။ ဇေတ္တာဝတာ၊ ဤမျှလောက်သော ပန်း စသည် ပူဇော်ခြင်းဖြင့်။ တထာဂတော၊ မြတ်စွာဘုရားကို။ သက္ကတော ဝါ နဟောတိ၊ ကောင်းစွာ အရိုအသေပြုအပ်သည်လည်း မဖြစ်သေး။ ဂရုကတော ဝါ နဟောတိ၊ အလေးပြုအပ်သည်လည်း မဖြစ်သေး။ မာနိတော ဝါ နဟောတိ၊ မြတ်နိုးအပ်သည်လည်း မဖြစ်သေး။ ပူဇိတော ဝါ နဟောတိ၊ ပူဇော်အပ်သည်လည်း မဖြစ်သေး။အပစိတော ဝါ နဟောတိ၊ ပ-သအပ်သည်လည်း မဖြစ်သေးဘူးလို့ အဲသလို မြတ်စွာဘုရားက ဟောကြားတော် မူခဲ့ပါတယ်။

အဲဒီမှာ မြတ်စွာဘုရား ဆိုလိုတဲ့ အဓိပ္ပါယ်ကို အဋ္ဌကထာဆရာက ဤဒံ ဝုတ္ထံ ဟောတိ-ဤသို့ ဆိုလိုပါတယ်လို့ ပလွင့်ခံပြီးတော့ ဖွင့်ပြသွားပါတယ်။

အာနန္ဒာ....ငါဘုရားသည် ဒီပင်္ကရာ မြတ်စွာဘုရား၏ ခြေရင်းမှာ လျောင်းစက်ပြီးတော့ ဗျာဒိတ်ရစေနိုင်တဲ့ ရှစ်ပါးသော ဂုဏ်အင်္ဂါတရား တွေ့ ကိုလဲ ပြည့်စုံစေပြီးတော့ ထိုစဉ်ကာလက ဘုရားဖြစ်ရန် စိတ်ကို ရှေ့ရှု ဆောင်ခြင်း ဆုတောင်းခြင်း အမှုကို ပြုခဲ့တယ်၊ အဲသလို ဆုတောင်းခြင်း အမှုကို ပြုခဲ့တာဟာ ယခုလို နတ်တွေ ဗြဟ္မာတွေက ပန်းနံ့သာ တူရိယာ အသီအဆိုအမျိုးမျိုးနှင့် ပူဇော်ခြင်းကို ရဘိုရာအတွက် ရည်ရွယ်ပြီးတော့ ဆုတောင်းခဲ့တာ မဟုတ်ပါဘူးတဲ့၊ ပန်းနံ့သာ စသည်ဖြင့် ပူဇော်ခြင်းကို ခံရဘိုရာ အတွက် ရည်ရွယ်ပြီးတော့ ပါရမီဆယ်ပါး စသည်တို့ကို ဖြည့်ကျင့်ခဲ့တာလဲ မဟုတ်ပါဘူးတဲ့။

ဒါကြောင့် အဲဒီ ပန်းနံ့သာ စသည်ဖြင့် ပူဇော်ခြင်းမျိုးနှင့် ပူဇော်ရုံမျှဖြင့် မြတ်စွာဘုရားက မိမိကို လူ နတ် ဗြဟ္မာတွေက ပူဇော်သည် မမည်သေး ဘူးလို့ဆိုလိုတဲ့ အကြောင်းကို အဋ္ဌကထာက အကျယ်ခဲ့ပြီး ဖွင့်ပြထား ပါတယ်။

ဒီတော့ကာ မြတ်စွာဘုရားဟာ ဘုရားအလောင်း ဖြစ်စဉ်က ဘုရား ဖြစ်ဘို့ရာ ရည်ရွယ်ပြီး ဆုတောင်းကတည်းကိုက ဒီလို ပူဇော်ခံရုံမျှ အကျိုးကို မရည်ရွယ်ခဲ့ဘူး၊ ဘာရည်ရွယ်သလဲဆိုလျှင် အဲဒါကိုတော့ ဒီမှာ တိုက်ရိုက် ပြ မထားပါဘူး၊ ဒါက ထင်ရှားလို့ မပြတာပါဘဲ၊ သတ္တဝါတွေကို သံသရာ ဝဋ်ဆင်းရဲက လွတ်မြောက်အောင် ထုတ်ဆောင်နိုင်ဘို့ရာ ရည်ရွယ်ခဲ့တဲ့ အကြောင်း ဗုဒ္ဓဝင် ပါဠိတော်မှာ အထင်အရှားရှိပါတယ်၊ အဲသလို ရည်ရွယ် ပြီးသကာလ ဘုရားဖြစ်ဘို့ ဆုတောင်းခဲ့တယ်၊ ပါရမီတော်တွေကို ဖြည့်ကျင့် ပြီးတော့ လာခဲ့တယ်၊ ဒီလို ရည်ရွယ်လာခဲ့ရာမှာ လူ နတ် ဗြဟ္မာ တွေဟာ ယခုလို ပန်းနံ့သာ စသည်ဖြင့် ပူဇော်နေရုံမျှနှင့်တော့ သံသရာဝဋ် ဆင်းရဲက လွတ်မြောက်ပြီလို့ မဆိုနိုင်ဘူး၊ အဲဒါကြောင့် မြတ်စွာဘုရားက မိမိ၏ ရည်ရွယ်ချက်နှင့် မကိုက်လို့ ဤမျှသော ပူဇော်ခြင်းဖြင့် ပူဇော်သည် မမည်သေးဘူးလို့ မိန့်ဆိုတဲ့ အကြောင်းကို ဒီမှာ အဋ္ဌကထာဆရာက ဖော်ပြ ပြီးတော့ သွားပါတယ်။

စီစစ်ခက်း ၂–၄

ဒီတော့ ယခုကာလမှာလဲ ဘုရားဖြစ်ဘို့ရာ ဆုတောင်းတဲ့ ဘုရားအလောင်း ပုဂ္ဂိုလ်တွေ ဆိုလို့ရှိလျှင် အဲဒီ သုမေဓာဘဝက ဘုရားအလောင်းတော်ရဲ့ စိတ်နေစိတ်ထားမျိုး ရှိရမှာပါဘဲ။

အဘယ့်ကြောင့် ပယ်မြစ်သနည်း

ပြီးတော့ ဒီနေရာမှာ ဘာကြောင့် မြတ်စွာဘုရားက ဒီလို ပူဇော်တာတွေကို ပယ်မြစ်တော်မူသလဲဆိုတာကို စဉ်းစားစရာ ရှိပါတယ်၊ ဒါကြောင့် အဲဒါကိုလည်း အဋ္ဌကထာ ဆရာက ဖော်ပြထားပါတယ်။

ကသ္မာ ပန ဘဂဝါ အညတ္ထ ဧကံ ဥမာပုပ္ဖမတ္တမ္ပိ ဂဟေတ္ဝာ ဗုဒ္ဓဂုဏေ အာဝဇ္ဇေတ္ဝာ ကတာယ ပူဇာယ ဗုဒ္ဓဉ္ဉာဏေနာပိ အပရိစ္ဆိန္နံ ဝိပါကံ ဝဏ္ဏေတ္ဝာ —

စသည်ဖြင့် မေးခွန်းထုတ်ပြီးတော့ ပြထားပါတယ်။

မြတ်စွာဘုရားသခင်ဟာ တခြားသော ဒေသနာစကားရပ်တော်တွေ မှာတော့ အောက်မဲ့ညို ပန်းတပင့်မျှကိုသော်လဲ ဆုတ်ခွဲးပြီးတော့ ဘုရားဂုဏ်ကို အာရုံပြုပြီး ပူဇော်ခဲ့လို့ရှိလျှင် အဲဒီလို ပူဇော်ခြင်းရဲ့ အကျိုးဝိပါက်တွေဟာ ဘုရားဉာဏ်တော်ဖြင့်သော်လဲ မပိုင်းခြားနိုင်ဘူး၊ အင်မတန် အကျိုးကြီးတယ်လို့ ချီးကျူးပြီးတော့ ထားပါတယ်၊ အဲဒီလို ချီးကျူးပြီးတော့ ထားပါလျက် ယခု ဒီမှာ အောက်မဲ့ညို ပန်းတပင့်မျှလဲ မကပါဘူး၊ ကောင်းကင်တပြင်လုံး ပြည့်နေအောင် အကြီးအကျယ် ပူဇော်နေကြတာတွေကို မြတ်စွာဘုရားက ဘာကြောင့် တားမြစ်ပါလိမ့်မတုံးလို့ ဟောဒီလို မေးစရာ ရှိပါတယ်တဲ့။

အဲဒီမှာ အဖြေက ပရိသာနုဂ္ဂဟေန စေဝ သာသနဿ စ စိရဋ္ဌိတိကာမတာယ-လို့ ဖြေထားပါတယ်။

ပရိသတ်ကို ချီးမြှောက်လိုတဲ့ အကြောင်းက တခု၊ ပြီးတော့ သာသနာတော်၏ ရှည်မြင့်စွာ တည်စေလိုတဲ့ အကြောင်းက တခု၊ ဒီအကြောင်း ၂-ခုကြောင့် မြတ်စွာဘုရားက မိန့်တော်မူတာပါ၊ အကျိုးမရှိလို့တော့ မဟုတ်ပါဘူးတဲ့၊ ဒီလိုဆိုလိုပါတယ်။

အဲဒီမှာ ပရိသာနုဂ္ဂဟေန-ပရိသတ်ကို ချီးမြှောက်လိုပုံကို ဒီလို အကြောင်းပြပြီးတော့ အကျယ်ခဲ့ပြပါတယ်။

အကယ်၍ မြတ်စွာဘုရားက ဒီလိုသာ မပယ်မြစ်ခဲ့လို့ရှိလျှင် နောင်အခါ ကာလကျတော့ မြတ်စွာဘုရားက သီလကိုကျင့်ဘို့ ဟောထားတဲ့နေရာတွေ့ မှာလဲ သီလကိုကျင့်ကြမှာ မဟုတ်ဘူးတဲ့၊ သမာဓိကို ကျင့်ဘို့ရန် ပြထားတဲ့ နေရာတွေမှာလဲ သမာဓိကို ပြည့်စုံအောင် ကျင့်ကြမှာ မဟုတ်ဘူးတဲ့၊ ဝိပဿနာကျင့်ဘို့ရန် ပြထားတဲ့ နေရာတွေမှာလဲ ဝိပဿနာကို ပြည့်စုံအောင် ကျင့်ကြမှာ မဟုတ်ဘူးတဲ့။

ဒါဖြင့် ဘာတွေ့ လုပ်နေကြမလဲလို့ ဆိုလျှင်၊ ဥပဋ္ဌာကေ၊ အလုပ်အကျွေး ဒကာ ဒကာမတွေကို။ သမာဒပေတ္တာ၊ ဆောက်တည်စေ၍ နှိုးဆော်တိုက်တွန်း၍။ ပူဇော်ယော ကာရေန္တာ၊ ပူဇော်မှုကဲ့သာ ပြုလုပ်စေကုန်လျက်။ ဝိဟာရိဿန္တိ၊ နေကြပါလိမ့်မယ်တဲ့။

မိမိတို့ရဲ့ အလုပ်အကျွေးဖြစ်တဲ့ ဒကာ ဒကာမတွေကို နှိုးဆော်တိုက် တွန်းပြီးတော့ ပူဇော်ပဲ့တွေချည်း လုပ်နေကြပါလိမ့်မယ်ဘဲ့၊ ယခုကာလ လုပ် နေကြတဲ့ မီးထွန်းပဲ့တွေ ဆွမ်းတော်ကပ်ပဲ့တွေ ဒီလိုပူဇော်ပဲ့တွေကို ဆိုလိုဟန် တပါတယ်။

ရဟန်းတွေကို ရည်ရွယ်ရင်း

ဒီစကားကတော့ တပည့်တော်တို့ ရဟန်းတွေကို ရည်ရွယ်ပြီးဆိုတဲ့ စကားပါဘဲ၊ လူဝတ်ကြောင်တွေကို ရည်ရွယ်လျှင်တော့ "ဥပဋ္ဌာကေ သမာဒ ပေတ္တာ"ဆိုတဲ့ ဒီစကားကို ဆိုစရာမလိုပါဘူး၊ ယခုဒီမှာ အဲဒီ "ဥပဋ္ဌာကေ သမာဒပေတ္တာ"ကိုပါ ထည့်သွင်းပြဆိုထားတဲ့အတွက်၊ "ရဟန်းတွေဟာ ဒကာ ဒကာမတွေကို တိုက်တွန်းပြီး ပူဇော်ပဲ့တွေကိုသာ ပြုလုပ်နေကြလိမ့် မယ်လို့" ဒီလို ဆိုလိုပါတယ်။

အဲဒီလို ပြဆိုပြီးတဲ့နောက်မှာ ဆက်လက်ပြီး ရှင်းလင်းပြောပြစရာတွေက တော့ ရှိပါသေးတယ်၊ ဒါပေမဲ့ အဲဒါတွေကတော့ သိနိုင်လောက်တဲ့အတွက် ဒီမှာ မပြောပြတော့ဘဲ ချန်ထားခဲ့ဟန်တူပါတယ်၊ အဋ္ဌကထာဆရာက သိနိုင် လောက်တာဆိုလျှင် ဒီလိုဘဲ ချန်ထားလေ့ရှိပါတယ်၊ အဲဒါကို ယခု ဒီမှာ နည်းနည်းထုတ်ဖော်ပြီး ရှင်းလင်းပြပါဦးမယ်။

ဒီလို ပူဇော်ပဲ့တွေ လုပ်တော့ ဘာဖြစ်သလဲ၊ လုပ်ကောင်းတဲ့အလုပ်ဘဲ့ မဟုတ်ဘူးလား၊ ဒီလို ပူဇော်ပဲ့ လုပ်လို့ရှိလျှင် ဒကာ ဒကာမတွေလဲ ကုသိုလ်

ရတယ်၊ နှိုးဆော်တဲ့ ပုဂ္ဂိုလ်တွေလဲ ကုသိုလ်ရတယ်၊ ဒီတော့ အဲဒီကုသိုလ်တွေကြောင့် ကောင်းကျိုးချမ်းသာတွေကိုလဲ ရနိုင်တယ် မဟုတ်လား၊ ဒီလို ရနိုင်လျှင် ပူဇော်ပဲ့တွေကို ပယ်မြစ်ခြင်းဖြင့် ပရိသတ်ကို ဘယ်လို ချီးမြှောက်ခြင်း ဖြစ်နိုင်ပါသလဲ့လို့ ဒီလိုလဲ မေးစရာ ရှိပါတယ်။

လောကီသုခထက် သာလွန်တဲ့ချမ်းသာ

ဒီနေရာမှာ အဖြေကတော့၊ မြတ်စွာဘုရားက ပန်းနဲ့သာစသည်ဖြင့် ပူဇော်မှုကို ပယ်မြစ်တာဟာ အဲဒီပူဇော်မှု ကုသိုလ်၏ အကျိုးဖြစ်တဲ့ လောကီချမ်းသာထက် အဆပေါင်း မရေမတွက်နိုင်အောင် သာလွန်ကောင်းမြတ်တဲ့ နိဗ္ဗာန်ချမ်းသာနှင့် ချီးမြှောက်လိုတဲ့ အတွက်ကြောင့်ဘဲ ဖြစ်ပါတယ်၊ အဲဒါကို အနည်းငယ် ခွဲပြပါဦးမယ်၊ သံသရာဝဋ်ဆင်းရဲမှ ဧကန် လွတ်မြောက်စေနိုင်တဲ့ သီလ သမာဓိ ပညာ အကျင့်တွေကိုတော့ မကျင့်ပါဘဲနဲ့ အဲဒီလို ပူဇော်ပဲ့တွေကိုသာ လုပ်နေလျှင် အဲဒီပူဇော်ဘဲ့အတွက် ကုသိုလ်တွေ ဖြစ်မယ်၊ အဲဒီကုသိုလ်က အကျိုးပေးလို့ လူ့ဘဝ နတ်ဘဝမှာ ရောက်ပြီး ချမ်းသာကောင်းစားနေမယ်ဆိုတာတွေကတော့ ယုံမှားစရာ မရှိပါဘူး၊ ဘဝပေါင်း မရေမတွက်နိုင်အောင် အများကြီးဘဲ ကောင်းစားသွားနိုင်ပါတယ်။

ဒါပေမယ့်လို့ အဲဒီပုဂ္ဂိုလ်ဟာ အိုခြင်း နာခြင်း သေခြင်း ကင်းပါပြီလား လို့ဆိုတော့ ဘယ်မှာကင်းဦးမလဲ၊ ဖြစ်ရာ ဖြစ်ရာဘဝမှာ အိုချိန်တန်တော့ အိုရဦးမှာပါဘဲ၊ နာချိန်ကျလဲ နာရဦးမှာဘဲ၊ သေချိန်ကျလဲ သေရဦးမှာဘဲ၊ စိုးရိမ်ပူပန်စရာ အကြောင်းတွေနဲ့ တွေ့ပြီးတော့လဲ စိုးရိမ်ပူပန်ရဦးမှာဘဲ။

သိကြားမင်းနှင့် နှိုင်းကြည့်

ဒီလို စိုးရိမ်ပူပန်ရပုံကတော့ သက္ကပဉ္ဉသုတ်မှာလာတဲ့ သိကြားမင်း အဋ္ဌပ္ပတ္တိနှင့် စဉ်းစားကြည့်လျှင် အင်မတန် ထင်ရှားပါတယ်၊ သိကြားမင်းဆိုတာ စည်းစိမ်ချမ်းသာတွေနှင့် လိုလေသေးမရှိအောင် ပြည့်စုံပြီးတော့ အလွန်အလွန်ဘဲ ချမ်းသာနေတယ်ဆိုတာ အများက သိပြီးဖြစ်နေပါတယ်၊ ဒါပေမဲ့ အဲဒီသိကြားမင်းမှာလဲ စိုးရိမ်ပူပန်စရာတွေနဲ့ တွေ့ပြီးတော့ စိုးရိမ်ပူပန်ရသေးတာပါဘဲတဲ့၊ ဘယ်လိုလဲ ဆိုတော့ကာ၊ ဘုန်းတန်ခိုးကြီးပဲ့ နတ်များ စုတေခါနီးမှာ ပုဗ္ဗနိမိတ်များ ထင်လွှဲပဲ့အတိုင်း သိကြားမင်းမှာ အဲဒီအခါတုန်းက စုတေခါနီးရောက်နေလို့ ပုဗ္ဗနိမိတ်များ ထင်လာပါသတဲ့၊

ဒီတော့ သိကြားမင်းမှာ “ငါတော့ မကြာခင်ဘဲ သေရတော့မယ်၊ သိကြားရာထူးက ပြုတ်ရတော့မယ်၊ အင်မတန် ချစ်ခင်အပ်တဲ့ နတ်မိဖုယားတွေ အခြွေအရံတွေ နတ်စည်းစိမ်တွေကို စွန့်လွှတ်သွားရတော့မယ်” စသည်ဖြင့် တွေးတောပြီး စိုးရိမ်ပူပန်မှုတွေ ဖြစ်လာလိုက်တာဟာ ထောက်တည်ရာ မရနိုင်လောက်အောင် ရှိနေပါသတဲ့။

ဒါကြောင့် မြတ်စွာဘုရားထံ အဆောတလျင်သွားရောက်ပြီးတော့ ပြဿနာမျှားကို လျှောက်ထားပြီး တရားနာရပါတယ်၊ တရားနာရင်း သောတာပန်လဲဖြစ်ပြီး သိကြားဘဝအသစ်ကိုလဲရသွားတော့မှ ထောက်တည်ရာရသွားပါတယ်တဲ့၊ အဲဒီတုန်းက မြတ်စွာဘုရားကလဲ ရှိနေပေလို့ ဒီလို ထောက်တည်ရာရသွားတာဘဲ၊ မြတ်စွာဘုရားသာ မရှိလျှင် အဲဒီသိကြားမင်းကြီးမှာ ရွှေလျှောက်ပြီးတော့ ဘယ်အထိဒုက္ခတွေ မျှားသွားမယ်ဆိုတာ မခန့်မှန်းနိုင်ပါဘူး၊ ဒါကြောင့် ပူဇော်မှု ကုသိုလ်တွေ၏ အစွမ်းဖြင့် လောကီကောင်းကျိုး ချမ်းသာတွေနဲ့ ဘယ်လိုဘဲပြည့်စုံနေပေမယ်လို့ သံသရာ ဝဋ်ဆင်းရဲတွေနဲ့တော့ တွေ့နေရဦးမှာပါဘဲတဲ့။

ပြီးတော့ အဲဒီကုသိုလ်ကောင်းမှုတွေ အရှိန်အဟုန်ကုန်သွားတဲ့အခါ ကာလကျပြန်လျှင်လဲ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါးသို့လဲ ကျသွားနိုင်ပါသေးတယ်တဲ့၊ ဒါကြောင့် အဲဒီ သံသရာဝဋ်ဆင်းရဲ, အပါယ်ဆင်းရဲတွေနဲ့ တွေ့ကြုံနေရမည့် အရေးဘေးကို မြင်တော်မူလို့ မြတ်စွာဘုရားက အဲဒီလောကီချမ်းသာလောက်သာ ရစေနိုင်တဲ့ သာမန် ပူဇော်မှု ကုသိုလ်လောက်နဲ့ အားရတော်မမူသေးဘူး၊ အဲဒီ အိုရခြင်း, နာရခြင်း, သေရခြင်း အစရှိတဲ့ သံသရာဝဋ်ဆင်းရဲတွေနှင့် မတွေ့ရအောင်၊ အပါယ်ဆင်းရဲတွေနှင့် မတွေ့ရအောင်၊ အဲဒီ ဆင်းရဲ ဟူသမျှမှ လုံးဝလွတ်ပြီးတော့ ဆင်းရဲခပ်သိမ်း ငြိမ်းတဲ့နိဗ္ဗာန်ကို အမြန်ရောက်သွားအောင် တပည့်ပရိသတ်များကို ချီးမြှောက်တော်မူလိုတဲ့အတွက်ကြောင့် ပန်းပူဇော်ခြင်းစသော သာမန်ကုသိုလ်မျှနဲ့ အားရ မနေစေရန် ပယ်မြစ်ပြီး မိန့်တော်မူတာပါလို့ အဋ္ဌကထာဆရာက အကျယ်အားဖြင့် သိစေလိုပါတယ်။

ဒီနေရာမှာ ပရိသတ်ဆိုတဲ့ စကားအရ ရဟန်းပရိသတ်လောက်သာယူလျှင် မပြည့်စုံသေးပါဘူး၊ နတ်တွေ လူတွေက ပူဇော်တာကို အကြောင်းပြုပြီး ပယ်မြစ်ဘဲ့ အရာဌာနဖြစ်ဘဲ့ ပြင်, နောက်နားကဆက်ပြီး မိန့်ဆိုထားတဲ့ခွင့်ပြု

ချက် ထဲမှာ ပရိသတ်လေးပါး အပြည့် အစုံ ဖော်ပြထားတဲ့ အတွက် ရဟန်းပရိသတ်ရော, ရဟန်းမိန်းမပရိသတ်ရော, ဥပါသကာ ပရိသတ်ရော, ဥပါသိကာမ ပရိသတ်ရော ဒီပရိသတ်လေးပါးလုံးကို ယူမှ ပြည့်စုံပါတယ်၊ အဲဒါတွေကို နိဗ္ဗာန်ရောက်သည်တိုင်အောင် ချီးမြှောက်လိုတဲ့အတွက် ပယ်မြစ်ပြီး မိန့်တော် မူတာလို့ ဆိုလိုပါတယ်၊ ဒါဟာ ပရိသာနုဂ္ဂဟေန-လို့ ပြဆိုတဲ့ ပဌမစကားရပ် ပါဘုရား။

အာမိသဖြင့် သာသနာ မတည်တံ့နိုင်

ပြီးတော့ သာသနာဿ စ ဋ္ဌိတိကာမတာယ-လို့ဆိုတဲ့ ဒုတိယအချက်က တော့.... ။အာမိသ ပူဇာဆိုတာ သာသနာတော်ကို တရက်တောင်မှ မတည်တံ့ စေနိုင်ပါဘူးတဲ့၊ ယာဂု တခါသောက်တောင်မှ ကြာအောင် တည်တံ့ စေခြင်း ငှါ မစွမ်းနိုင်ပါဘူးတဲ့။

မဟာဝိဟာရခေါ်တဲ့ ကျောင်းတိုက်ကြီးနှင့် အလားတူတဲ့ ကျောင်း တိုက်ကြီးပေါင်း တထောင်, မဟာစေတီနှင့်တူတဲ့ စေတီကြီးပေါင်း တထောင် ဆောက်လုပ်ပြီးသကာလ ပူဇော်ပေမယ်လို့လဲဘဲ သာသနာကို တည်စေခြင်း ငှါ မစွမ်းနိုင်ပါဘူးတဲ့၊ အဲဒီကျောင်းတို့ စေတီတို့ကို ပြုလုပ်ဆောက်တည်တဲ့ ပဂိုလ်မှာ ကုသိုလ်တွေတော့ ဖြစ်ပြီးသွားပါတယ်၊ ကုသိုလ်တွေ ဖြစ်ပြီးတော့ သူ့မှာတော့ ကောင်းကျိုးတွေရသွားမှာမို့ တသေဝ ဟောတိ-လို့ မိန့်ဆို ထားပါတယ်၊ အဲဒီကျောင်းဒကာ စေတီဒကာမှာတော့ အကျိုးရှိသွားတာ မှန်ပါတယ်၊ ဒါပေမယ်လို့။သာသနာကိုတော့ တည်အောင် မတတ်နိုင်ပါဘူးလို့ ဆိုလိုပါတယ်၊ စေတီကျောင်းသက်သက်နှင့်တော့ သာသနာတည်အောင် မတတ်နိုင်တာဟာ ထင်ရှားနေတာပါဘဲ။

အကယ်၍ သာသနဓမ္မကို ကျင့်တဲ့ ပဂိုလ်တွေက တဦးတယောက်မျှ မရှိဘဲနဲ့ စေတီကြီးတွေ ကျောင်းချည်းတွေချည်းဘဲ ထီးထီးတည်နေတယ် ဆိုလို့ ရှိလျှင် ဒါနဲ့တော့ သာသနာမတည်တံ့နိုင်ပါဘူး၊ ရှေးကမြတ်စွာဘုရား၏ သာသနာပြန့်နှံ့ဘူးတဲ့ အချို့အချို့ အရပ်တွေမှာ သာသနာကွယ်သွားတော့ ဒီလို အဆောက်အဦတွေကတော့ ကျန်နေရစ်ပါတယ်၊ ကျန်နေပေမယ်လို့ အဲဒါတွေက သာသနာတည်တံ့အောင်တော့ ဘယ်နှယ်မှ မတတ်နိုင်ဘဲ ဖြစ်ပြီး တော့ နေပါတယ်။

အကျင့်ဖြင့်သာ တည်စေနိုင်သည်

ကောင်းသော သမ္မာပဋိပတ်အကျင့်ကို ကျင့်လိုရှိသျှင် မြတ်စ္စာဘုရား အား ထိုက်တန်သင့်လျော်တဲ့ ပူဇော်ခြင်းဖြင့် ပူဇော်သည် မည်ပါတယ်တဲ့၊ အဲသလို ပူဇော်ခြင်းကို မြတ်စ္စာဘုရားက တောင့်တလဲ တောင့်တပါတယ်၊ အဲဒီ ပူဇော်ခြင်းဟာ သာသနာတော်ကိုလဲ တည်စေနိုင်ပါတယ်၊ ဒါကြောင့် အဲဒီအနက်အဓိပ္ပါယ် ပြလိုတဲ့အတွက် မြတ်စ္စာဘုရားက——

ယော ခေါ အာနန္ဒ ဘိက္ခု ဝါ ဘိက္ခုနီ ဝါ ဥပါသကော ဝါ ဥပါသိကာ ဝါ ဓမ္မာနုဓမ္မပ္ပဋိပန္နော ဝိဟရတိ သာမီစိပ္ပဋိပန္နော အနုဓမ္မစာရီ သော တထာဂတံ သက္ကရောတိ ဂရုကရောတိ မာနေတိ ပူဇေတိ အပစိယတိ ပရမာယ ပူဇာယ-လို့ အနုညာတခွင့်ပြုချက်စကားကို မိန့်ကြားတော်မူပါတယ်တဲ့။

ရဟန်းဖြစ်စေ, ရဟန်းမိန်းမဖြစ်စေ ဥပါသကာဖြစ်စေ, ဥပါသိကာမ ဖြစ်စေ ဓမ္မာနုဓမ္မ လောကုတ္တရာကိုးပါးအား လျော်သော အကျင့်ကို ကျင့် ပြီးတော့ နေလိုရှိလျှင် အဲဒီပုဂ္ဂိုလ်ဟာ မြတ်စ္စာဘုရားကို အရိုအသေ ပူဇော် သည် မည်တယ်၊ အမြတ်ဆုံးသော ပူဇော်ခြင်းဖြင့် ပူဇော်သည် မည်တယ်လို့ မြတ်စ္စာဘုရား မိန့်ကြားပြီး သွားပါတယ်။

ဓမ္မ နှင့် အနုဓမ္မ

အဲဒီမှာ ဓမ္မာနုဓမ္မပ္ပဋိပန္နော·ဆိုတဲ့ ပုဒ်ကလေးရှိပါတယ်၊ အဲဒီ ဓမ္မာနု ဓမ္မပ္ပဋိပန္နော ဆိုတဲ့ ပုဒ်ထဲမှာ ဓမ္မက ဘာလဲ? အနုဓမ္မက ဘာလဲ?လို့ စဉ်းစား စရာ ရှိနေတဲ့အတွက် နဝဝိဓဿ၊ ကိုးပါး အပြားရှိသော။ လောကုတ္တရဓမ္မဿ၊ လောကုတ္တရာ တရားအား။အနုဓမ္မံ၊လျော်သော အကျင့်ကိုလို့ ဖွင့်ပြပါတယ်။ အနုဓမ္မံ-လျော်သော အကျင့်ဆိုတာက ဘာတုံးဆိုတော့, ပုဗ္ဗဘာဂပဋိပဒံ၊ မဂ်၏ ရှေအဘို့၌ဖြစ်သော အကျင့်ကို ။ပဋိပန္နော၊ ကျင့်၏။ အဲသလို ထပ် ပြီးတော့ ဖွင့်ပြထားပါတယ်။

ဓမ္မ-က ကိုးပါးသော လောကုတ္တရာတရား၊ အနုဓမ္မ-က လောကုတ္တရာ ကိုးပါးနှင့် သင့်လျော်တဲ့အကျင့် အရိယာ မဂ်၏ ရှေသွားဖြစ်တဲ့အကျင့်၊ ပဋိပန္နော က-ကျင့်သည်၊ ဒီအနက်ကို အဋ္ဌကထာ ဆရာက ဖွင့်ပြပါတယ်။

အနောက်နိုင်ငံက အယူအဆ

အနောက်နိုင်ငံက ပါဠိပညာရှိ ပုဂ္ဂိုလ်တွေကတော့ ဒီ ဓမ္မနှင့် အနုဓမ္မကို တမျိုးဘာသာပြန်ထားတာ တွေ့ရပါတယ်၊ ခုဒ္ဒါနုခုဒ္ဒကပုဒ်မှာ ခုဒ္ဒ-က အငယ်၊ အနုခုဒ္ဒက-က သာပြီးတော့ငယ်တာ၊ အဲဒါလိုဘဲဓမ္မနှင့် အနုဓမ္မတွင် ဓမ္မ-က ကျင့်ဝတ်တရားရိုးရိုး၊ အနုဓမ္မ-ကတော့ ကျင့်ဝတ်အငယ်စားလို့ ယူပြီးတော့ ဓမ္မာနုဓမ္မကို ကျင့်ဝတ်အကြီးအငယ် အကုန်လုံးလို့ သူတို့က ဘာသာပြန်ထားပါတယ်။

ဒီမှာတော့ လောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်ကို ကျင့်တယ်လို့ ဒီအနက်ကို အင်္ဂကထာဆရာညွှန်ပြပါတယ်၊ အဲဒီလောကုတ္တရာတရား ကိုးပါးအားလျော်သော အကျင့်သည်ပင်လျှင် သင့်လျော်သော အကျင့်ဖြစ်သောကြောင့် သာမိစိ အကျင့်လို့လဲ ခေါ်ရပါတယ်တဲ့၊ ကျင့်တဲ့ ပုဂ္ဂိုလ်ကိုလဲ သာမိစိပုဒ္ဂိုပန္န- သင့်လျော်သော အကျင့်ကို ကျင့်သူလို့ ဒီလိုလဲ ခေါ်ရပါတယ်တဲ့။

အနုဓမ္မစာရီ

ပြီးတော့ အနုဓမ္မစာရီ-ဆိုတဲ့ ပုဒ်ထဲက အနုဓမ္မဆိုတာကလဲ ရှေက ဓမ္မာနုဓမ္မထဲမှာ ပါပြီးသား ဖြစ်နေပါတယ်။

ဒါကြောင့် အဲဒီနောက် အနုဓမ္မပုဒ်ကိုလဲ ပုဗ္ဗဘာဂပဋိပဒါသခ်ါတဲ့ အနုဓမ်ံ စရတိ-လို့ ဖွင့်ပြန်ပါတယ်၊ မင်္ဂလရှေအဘို့ဖြစ်တဲ့ အရိယာမင်္ဂအားလျော်တဲ့ အကျင့်ကို ကျင့်တဲ့ပုဂ္ဂိုလ်ဟာ အနုဓမ္မစာရီ မည်တယ်လို့ ဆိုလိုပါတယ်။

အဲဒီမှာ ပုဗ္ဗဘာဂပဋိပဒါ အရ မင်္ဂလရှေအဘို့၌ဖြစ်တဲ့ အကျင့်က ဘာတွေတုံး ဆိုလို့ရှိလျှင် သီလအကျင့်, အာစာရပညတ်အကျင့်, ဓုတင်အကျင့်၊ နောက်ပြီးတော့ ပြောစရာ အကျင့်တွေက များနေတာနဲ့ အဲဒါတွေကို ချုံးပြီးတော့ ယာဝ ဂေါတြဘုတော သမ္မာပဋိပဒါ ဝေဒိတဗ္ဗာ·လို့ မိန့်ဆိုလိုက်ပါတယ်၊ အရိယာမင်္ဂ ရှေအဘို့ အခြားမဲ့မှာ ဂေါတြဘုဆိုတာ ရှိပါတယ်၊ အဲဒီ ဂေါတြဘုတိုင်အောင် အကျင့်တွေကို အကျဉ်းချုံးပြီး ပြဆိုပါတယ်၊ ဂေါတြဘုပြီးလျှင်တော့ အရိယာမင်္ဂရောက်တော့ တာဘဲ၊

ဒါကြောင့် ဂေါတြဘုတိုင်အောင်သော သမာဓိပညာ အကျင့်တော့တဲ့၊ အဲဒါဟာ ပုဗ္ဗဘာဂပဋိပဒါ-ရွေအဘို့၌ဖြစ်သော အကျင့်ပါဘဲတဲ့။

သို့ဖြစ်သောကြောင့် အကြင်ရဟန်းသည် (၁) ဗုဒ္ဓအဂါရဝ-ဘုရား၌ မရိုသေခြင်း။ (၂) ဓမ္မအဂါရဝ-တရား၌ မရိုသေခြင်း၊ (၃) သံဃအဂါရဝ-သံဃာ၌ မရိုသေခြင်း။ (၄) သိက္ခာအဂါရဝ-မိမိကျင့်ရမည့် အကျင့်သိက္ခာတော့ကို မရိုသေခြင်း။ (၅) အပ္ပမာဒအဂါရဝ-မမေ့မလျော့ ဖြည့်ကျင့်အပ်တဲ့ သတိတရား၌ မရိုသေခြင်း။ (၆) ပဋိသန္ထာရအဂါရဝ- အာမိသပဋိသန္ထာရ, ဓမ္မပဋိသန္ထာရ၌ မရိုသေခြင်းဆိုတဲ့ ဒီအဂါရဝ ခြောက်ပါးမှာ တည်ပြီးတော့ မြတ်စွာဘုရား ပညတ်ထားတဲ့ သိက္ခာပုဒ်တော့ကို ကျူးလွန်နေလို့ရှိလျှင် သစ်သီးပေးခြင်း ပန်းပေးခြင်း စသော မရှာမှီးကောင်းတဲ့ အနေသနနည်း မလျော်တဲ့ ရှာမှီးမှုမျိုးနှင့် စီးပွါးရှာပြီးတော့ အသက်မွေးနေလို့ရှိလျှင်၊ အယုံ၊ ဤရဟန်းသည်။ နဓမ္မာနုဓမ္မပဋိပန္နော၊ တရားအားလျော်တဲ့ အကျင့်ကို ကျင့်တာမဟုတ်ဘူးလို့ ဆိုပါတယ်။

ဒါက သီလအကျင့် ဖောက်ပြန်ပုံလောက်ဘဲ ဒီမှာပြထားပါတယ်၊ သည့်ပြင်တော့ သမာဓိပညာ အကျင့်မှာ ဖောက်ပြန်ထာတော့ကို ဆက်လက်ပြီး မပြပါဘူး၊ ဘာပြုလို့လဲ ဆိုတော့ သီလပျက်နေကတည်းကိုက သမာဓိပညာဟာလဲ ဒီပဋိပဒါမှာ ဖြစ်ဘို့ရာ မရှိတော့ပါဘူး၊ အဲဒါကြောင့် သီလပျက်ထာကလေးတခုတည်းကိုသာ ဒီမှာ ပြထားပါတယ်။

ယော ပန သဗ္ဗံ အတ္တာနော ပညတ္တံ သိက္ခာပဒံ ဇီနဝေလံ ဇီနမရိယာဒံ ဇီနကာဠဿုတ္တံ အဏုမတ္တမ္ပိ နာ ဝီတိက္ကမတိ-စသည်ဖြင့် သမ္မာပဋိပတ်ကျင့်တဲ့ ပဋိပါဒိကတော့ မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ်, မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ် တည်းဟူသော ကမ်းအပိုင်းအခြား,မြတ်စွာဘုရား ပညတ်တော်မူတဲ့ သိက္ခာပုဒ် တည်းဟူသော မျဉ်းနက်ကြိုးနှင့် ချထားတဲ့ မျဉ်းကြောင်း၊ အဲဒီသိက္ခာပုဒ် စည်းကမ်းမျဉ်းကြောင်းကို အဏုမြူမျှ အသေးအငယ်ကလေးမျှ မကျူးမလွန်ဘဲနှင့် ရိုရိုသေသေ စောင့်ထိန်းပြီးတော့ နေပါတယ်တဲ့၊ ဒီပဋိပဒါဟာ ဓမ္မာနုဓမ္မပဋိပန္နော မည်ပါတယ်၊ လောကုတ္တရာတရားကိုးပါးအား လျော်တဲ့အကျင့်ကို ကျင့်သည် မည်ပါတယ်တဲ့။

ဒါကတော့ အစလောက်ဘဲ ပြထားထာလို့ ယူဘို့ရှိပါတယ်၊ ဘာပြုလို့လဲ ဆိုတော့ သီလအကျင့်မျှဘဲ ရှိပါသေးတယ်၊ အဲဒီက နောက်မှာ သမာဓိပညာ

အကျင့်တွေကိုလဲ တက်ပြီးတော့ ကျင့်ရပါဦးမည်၊ ဒါပေမဲ့ ဒီသီလ အကျင့်မျှနှင့်ဘဲ ဓမ္မာနုဓမ္မပွဋိပန္ဒ မည်ပါပြီလို့ ဒါလောက်ဘဲ ဒီမှာ ပြထားပါတယ်၊ ထို့ထက် တိုးတက်ပြီး သမာဓိ ပညာ အကျင့်တွေကို ကျင့်ဘို့ရာကတော့ ရှေ့နားက ပြောခဲ့ပြီးသားမို့ ဒီမှာ မပြတော့ပါဘူး၊ ချုံးသွားတဲ့သဘောရှိပါတယ်။

ဒကာ-ဒကာမတို့ အဘို့

ဘိက္ခုနီမ ရဟန်းမိန်းမများမှာလဲ ဒီနည်းအတိုင်းဘဲလို့ ပြသွားပါတယ်၊ ဥပါသကာ ဒကာ-ဒကာမ ဘက်ကို ရောက်ပြန်တော့ ဒီလိုပြပြန်ပါတယ်၊ ဥပါသကာများမှာ ပဉ္စဝေရ-ဝေရငါးပါး ဆိုဘာ ငါးပါးသီလပျက်စီးခြင်း ပါဏာတိပါတ အစရှိသော မကောင်းမှုတွေပါဘဲ၊ ပြီးတော့ အကုသလ ကမ္မပထတရားဆယ်ပါး, ဒုစရိုက်တရားဆယ်ပါးပါဘဲ၊ အဲဒီ ဝေရငါးပါး, ဒုစရိုက်ဆယ်ပါး တရားတွေကို ဆောက်တည်ပြီးသကာလ ပြုလုပ်နေလျှင်တဲ့၊ ဒီနေရာမှာ ဆောက်တည်တယ်ဆိုပေမဲ့ သီလများ ဆောက်တည်သလို ဒီအလုပ် လုပ်မယ်လို့ တမင်ဆောက်တည်နေရတာတော့ မဟုတ်ပါဘူး၊ ပါဏာတိပါတ အစရှိသော ဒုစရိုက်မှုတွေကို ကြဉ်ရှောင်မယ်ဆိုတဲ့ စိတ်မရှိဘဲ ပြုလုပ်နေတာကိုဘဲ ဆောက်တည်ပြီး ပြုလုပ်နေတယ်လို့ဆိုတာပါ၊ အဲဒီလို ပြုလုပ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဓမ္မာနုဓမ္မပွဋိပန္ဒ မဟုတ်ဘူး၊ လောကုတ္တရာတရားအားလျော်တဲ့ အကျင့်ကို ကျင့်တဲ့သူ မဟုတ်ဘူးတဲ့။

သရဏဂုံသုံးပါး ငါးပါးသောသီလ ဆယ်ပါးသောသီလတို့၌ တည်ပြီးတော့ ပြည့်စုံအောင် ကျင့်နေလို့ရှိလျှင် အဲဒီပုဂ္ဂိုလ်ဟာ ဓမ္မာနုဓမ္မပွဋိပန္ဒ လောကုတ္တရာတရားအား လျော်တဲ့အကျင့်ကို ကျင့်နေတဲ့သူ မည်ပါတယ်တဲ့။

ပြီးတော့ တလမှာ ရှစ်ကြိမ်ဥပုသ်စောင့်တယ်၊ ဒါလဲဘဲ ဓမ္မာနုဓမ္မပွဋိပန္ဒပါဘဲတဲ့၊ ဒါနံဒေတိ၊ အလှူဒါနကို ပေးလှူတယ်၊ ဒါလဲဘဲ ဓမ္မာနုဓမ္မပွဋိပန္ဒပါဘဲတဲ့၊ ဒါတွေကတော့ အိမ်နေ လူဘက်ရောက်လာလို့ ရဟန်းများနှင့် မတူဘဲ တမျိုးဖွင့်လာတာပါ၊ ရဟန်းများတုန်းကတော့ သီလ သမာဓိ ပညာ သာ,ပါပါတယ်၊ ဒါနံ ဒေတိ-ဒါမျိုးတွေကတော့ မပါပါဘူး၊ ဒီမှာ ဒကာ ဒကာမတွေဘက်ကျတော့ ဒါနံ ဒေတိ-အလှူဒါနကို ပြုတယ်၊ ဂန္ဓပူဇံ မာလာပူဇံ ကရောတိ-နံ့သာဖြင့် ပူဇော်ခြင်း ပန်းဖြင့် ပူဇော်ခြင်း အဲဒါတွေကို ပြုတယ်တဲ့။

ဒါကတော့ စဉ်းစားစရာပါဘဲ၊ ပန်းနုံသာ စသည်ဖြင့် ပူဇော်ရုံနှင့် ငါဘုရားကို ပူဇော်သည် မမည်ဘူးဆိုတဲ့ စကားနှင့်တော့ ဒီမှာ တိုက်ရိုက် ဆန့်ကျင်နေပါတယ်၊ ဒါပေမယ်လို့ အိမ်နေ လူများအတွက်ဆိုတော့ ဒါလောက် ကျင့်လို့ရှိလျှင်လဲ အကျိုးရှိတာဘဲလို့ ယူဆပြီးတော့ အဋ္ဌကထာဆရာက ညှာညှာတာတာ ဖွင့်သွားဟန် တူပါတယ်။

မာတရုံ ပိတရုံ ဥပဋ္ဌာတိ-မိဘကို လုပ်ကျွေးတယ်၊ ဓမ္မိကေ သမဏ ဗြာဟ္မဏေ ဥပဋ္ဌာတိ-တရားစောင့်တဲ့ သမဏ ဗြာဟ္မဏပုဂ္ဂိုလ်မြတ်တွေကို ပြုစုလုပ်ကျွေးတယ်၊ အဲဒါတွေဟာ ဓမ္မာနုဓမ္မပဋိပန္နဘဲတဲ့၊ လောကုတ္တရာ ကိုးပါးအား လျော်တဲ့အကျင့်ကို ကျင့်နေသူ မည်ပါတယ်တဲ့၊ ဥပါသိကာမ-ဒကာမများမှာလည်း ဒီနည်းအတိုင်းပါဘဲလို့ ပြသွားပါတယ်၊ ဒီမှာလဲ ဝါရိတ္တာသီလ, စာရိတ္တာသီလ ဆိုတဲ့ အစလောက်ဘဲ ပြထားပါတယ်၊ အဲဒီ သီလထက် တိုးတက်ပြီးတော့ သမာဓိ ပညာ အကျင့်တွေကို ကျင့်ဘို့ရာကတော့ ရှေးက ယာဝ ဂေါတြဘုတော သမ္မာပဋိပဒါလို့ ပြခဲ့ပြီးသားဖြစ်နေတဲ့ အတွက် အဲဒါတွေကို ဒီမှာထပ်ပြီးမပြတော့ဘဲနှင့် အကျဉ်းချုံးသွားတယ်လို့ ယူဆဘို့ပါဘဲ။

နောက်ဆုံးမိန့်ခွန်းတော်

နောက်တခု စီစစ်လျှောက်ထားစရာကတော့ မြတ်စွာဘုရား၏ နောက်ဆုံးမိန့်ခွန်းတော်ဖြစ်ပါတယ်၊ စာမျက်နှာနံပါတ်(၁၈၃)မှာရှိပါတယ်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်စံမည်ရှိတဲ့အခါကာလကျတော့ မှာထားစရာ ရှိတာ အရေးကြီးတာတွေကို မြတ်စွာဘုရားက မှာတော်မူခဲ့ပါတယ်။

သိယာ ခေါ် ပနာနန္ဒ တုမ္ဟာကံ ဇေမသာ 'အတီတသတ္ထုကံ ပါဝစနံ၊ နတ္ထိ နော သတ္ထာ'တိ။

ချစ်သား အာနန္ဒာ.... သင်တို့မှာ ဤသို့သော ထင်မြင်ချက်ရှိချင်လဲ ရှိမယ်၊ ဘယ်လိုလဲဆိုလျှင် မြတ်စွာဘုရား၏ တရားတော် စကားတော်ဟာ ဆရာဖြစ်တဲ့ မြတ်စွာဘုရား ကွယ်လွန်သွားလို့ ပိုင်ရှင်မရှိတော့ဘူး (ပိုင်ရှင်မရှိတဲ့ မင်း၏ အမိန့်လို အာဏာသက်မရှိတော့ဘူး ဟုဆိုလိုသည်)။ ငါတို့မှာ

ဩဝါဒခံစရာ ဆရာဖြစ်တဲ့မြတ်စွာဘုရား မရှိတော့ဘူး (အမိမဲ့ အဘမဲ့ကဲ့သို့ ဖြစ်နေကြပြီဟု ဆိုလိုသည်) ဒီလို သင်တို့ ထင်ချင်လဲ ထင်မှတ်ကြပါလိမ့် မယ်တဲ့။

န ခေါ ပနေဘံ အာနန္ဒ ဧဝံ ဒဋ္ဌဗ္ဗံ။

အဲဒါဟာ ဒီအတိုင်း မမှတ်သင့်ပါဘူးတဲ့။

ယော ခေါ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။ သော ခေါ မမစ္စယေန သတ္ထာ-လို့ ဒီလို မြတ်စွာဘုရားက မိန့်ကြားတော် မူခဲ့ပါတယ်။

အဲဒီမှာ ဒေသိတောနှင့် ပညတ္တောကို ရှေနားက ဓမ္မောစ ဝိနယောစ ဆိုတဲ့နှစ်ပုဒ်နှင့် တပုဒ်စီအသီးအသီး အစဉ်အတိုင်း စပ်ရမှာလားလို့ ဒီလို မေးစရာရှိပါတယ်၊ အဲဒါကို အဌကထာက ဒီလို ဖွင့်ထားပါတယ်။

ဓမ္မောပိ ဒေသိတော စေဝ ပညတ္တောစ၊ ဝိနယောပိ ဒေသိတော စေဝ ပညတ္တောစ-တဲ့။

ဓမ္မလဲ ဒေသိတပညတ္တ ဖြစ်ထာပါဘဲ၊ ဝိနယလဲဒေသိတ ပညတ္တဖြစ်ထာ ပါဘဲတဲ့၊ ဒီလိုဖွင့်ထားပါတယ်။

ချစ်သားအာနန္ဒာ.... ငါဘုရားသည် သင်တို့အား ဓမ္မမည်သော သုတ် အဘိဓမ္မာတရားကိုရင်း ဝိနယမည်သော ဝိနည်းကိုရင်း ဟောလည်းဟောအပ် ပြီ၊ ပညတ်လည်း ပညတ်အပ်ပြီ၊ ထိုဓမ္မဝိနယသည် ငါဘုရားကွယ်လွန်သော အခါကာလ၌ သင်တို့၏ ဆရာပင်တည်း၊ အဲဒီ ဓမ္မဝိနယတွေဟာ သင်တို့ရဲ့ ကိုးကွယ်ရာ အားထားရာဖြစ်တဲ့ ဩဝါဒခံစရာ ဆရာပါဘဲတဲ့၊ အဲဒီလို မိန့်မှာပြီးထားခဲ့ပါတယ်။

တရားကို ပညတ်တယ်ဆိုတာ

အဲဒီမှာ အဌကထာက ပညတ္တော စ နာမ ဌပိတော ပဌပိတော....လို့ ထပ်ပြီးဖွင့်ပြပြန်ပါတယ်၊ ဒေသိတော-ဟောတယ်ဆိုတာကတော့ ထင်ရှားနေ ပါတယ်၊ တရားကို ပညတ်တယ်ဆိုတဲ့ နေရာမှာ သိက္ခာပုဒ်ကို ပညတ်ထာ မျိုးလားလို့ ထင်မှတ်စရာရှိပြီးတော့ နေတဲ့အတွက် ပညတ္တော စ နာမ ဌပိတော

ပဋ္ဌပိတော-လို့ ထပ်ပြီးဖွင့်ပါတယ်၊ ပညတ္တဆိုတာဟာ ဒီနေရာမှာဒေသနာလဲ့ ထားအပ်ထာပါဘဲ့၊ ဝိနည်းလဲ့ ထားအပ်ထာပါဘဲ့တဲ့။ ထားဆိုတာကလဲ့ ပဋ္ဌပိတော ဖြစ်ပေါ်စေအပ်ထာပါတဲ့။

သော ဓမ္မဝိနယော၊ ထိုဓမ္မဝိနယသည်။ မမစ္စယေန၊ ငါဘုရားကွယ်လွန်သော အခါကာလ၌။ တုမ္ဟာကံ၊ သင်ချစ်သားတို့၏။သတ္ထာ၊ ဆရာပေတည်း။

အတိုချုပ် ဆိုလိုရင်း

အဲဒီမှာ မြတ်စွာဘုရားဆိုလိုပုံတွေကို အဋ္ဌကထာဆရာက အကျယ်ကြီးပြထားပါတယ်၊ လွယ်လွယ်နဲ့နားလည်အောင် ဒီမှာ အတိုချုံးပြီးတော့ ပြောပါမယ်။

မြတ်စွာဘုရား သက်တော်ထင်ရှား တည်ရှိပြီး နေစဉ်ကာလတုန်းက အကြောင်းများပေါ်လာတဲ့ အခါတိုင်း "ဒီအပြစ်ကတော့ ပေါ့တဲ့ အပြစ်ဘဲ၊ ဒီအပြစ်ကတော့ လေးတဲ့အပြစ်ဘဲ၊ ဒီအပြစ်ကတော့လောကဝဇ္ဇ-သူ့ အလိုလို ကို အပြစ်ရှိနေတဲ့အမှုဘဲ၊ ဒီအပြစ်ကတော့ လောကမှာ သူ့ အလိုလိုတော့ အပြစ်မရှိဘူး။ မြတ်စွာဘုရားက မပြုနှင့် မပြုထိုက်ဘူးလို့ ပညတ်ထားတဲ့ အတွက် ထိုပညတ်ကို လွန်ကျူးခြင်းကြောင့် အပြစ်ရှိတဲ့ ပဏ္ဏတ္တိဝဇ္ဇ-ဘဲ့" စသည်ဖြင့် ဝိနည်းပိဋကတခုလုံးကို မြတ်စွာဘုရား ကိုယ်တိုင် ပညတ်တော်မူခဲ့ပါတယ်၊ အဲဒီဝိနည်းပိဋကတခုလုံးဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူတဲ့ အခါကာလမှာ သင်ချစ်သားတို့၏ ဆရာကိစ္စကိုပြီးစေလိမ့်မည်၊ သီလနှင့် စပ်ပြီးတော့ စင်ကြယ်အောင် သီလဝိသုဒ္ဓိဖြစ်အောင် ဒီဝိနည်း ပိဋကစကားတော်တွေက သွန်သင်ဆုံးမရစ်ပေလိမ့်မည်လို့ အဲသလိုဆိုလိုပါတယ်။

မြတ်စွာဘုရား သက်တော်ထင်ရှား ရှိပြီးတော့ နေစဉ်ကာလတုန်းက အခါအားလျော်စွာ "ဤတရားတော်သည်ကား သတိပဋ္ဌာန်လေးပါးဖြစ်သည့်, ဤတရားတော်သည်ကား သမ္မပ္ပဓာန်လေးပါး ဖြစ်သည့်, ဤတရားတော်သည်ကား ဣဒ္ဓိပါဒ်လေးပါး, ဣန္ဒြေငါးပါး, ဗိုလ်ငါးပါး, ဗောဇ္ဈင်ခုနစ်ပါး, အင်္ဂါရှစ်ပါးရှိသော အရိယာမဂ်ဖြစ်သည်" စသည်ဖြင့် ထိုထိုများပြားလှစွာသော အခြင်းအရာတို့ဖြင့် တရားတော်ကို ဝေဘန် ဝေဘန်ပြီးတော့ သုတ္တန်ပိဋကကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောတော်မူခဲ့ပါတယ်။

ထိုသုတ္တန်ပိဋကတခုလုံးဟာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူတဲ့ အခါကာလမှာ သင်ချစ်သားတို့၏ ဆရာကိစ္စကို ပြီးစေပါလိမ့်မယ်၊ သီလ သမာဓိ ပညာကိုကျင့်ဘို့ရာ ကိစ္စတွေကျလို့ရှိလျှင် ဒီသုတ္တန်ပိဋက စကား တော်တွေက ဖော်ပြပြီးတော့ သွန်သင်ဆုံးမသွားပါလိမ့်မယ်လို့ ဆိုလိုပါတယ်။

ပြီးတော့ မြတ်စွာဘုရားသခင်ဟာ သက်တော်ထင်ရှားရှိပြီးတော့ နေစဉ် အခါက ဤသည်တို့ကား ခန္ဓာငါးပါးဖြစ်သည်၊ ဤသည်တို့ကား အာယ-တန တဆဲ့နှစ်ပါးဖြစ်သည်၊ ဤသည်တို့ကား ဓာတ်တဆဲ့ရှစ်ပါး, သစ္စာလေးပါး ဖြစ်သည် စသည်ဖြင့် ပရမတ္ထတရားတွေကို ခဲ့ခြမ်းဝေဘန်ပြီးသကာလ မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားတော်မူခဲ့ပါတယ်။

အဲဒါက နှစ်ဆဲ့လေးပါးသော အနန္တနယသမန္တပဋ္ဌာန်းကျမ်းကြီးဖြင့် တန်းဆာဆင်ပြီးဟောထားတဲ့ အဘိဓမ္မ ပိဋကဒေသနာတော်ကြီးဖြစ်ပါတယ်၊ အဲဒီအလုံးစုံသော အဘိဓမ္မပိဋကဒေသနာတော်ဟာလဲ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူတဲ့နောက်ကာလမှာ သင်ချစ်သားတို့၏ ဆရာကိစ္စကို ပြီးစေ လိမ့်မယ်လို့ ဆိုလိုပါတယ်။

ဘုရားအရာ တည်ရစ်လိမ့်မည်

အဲဒီလို အသေးစိတ်အားဖြင့် အကျယ်ပြဆိုပြီးတော့ အကျဉ်းချုပ်အား ဖြင့် ဒီလိုပြပြန်ပါတယ်၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်မှ စပြီးတော့ ပရိ နိဗ္ဗာန်စံလွန်တော်မူသည်အထိ ၄၅-နှစ် ကာလပတ်လုံးမြတ်စွာဘုရား ဟော ထားတဲ့ ဒီတရားအလုံးစုံဟာ ပိဋကအားဖြင့် သုံးသွယ်၊ နိကာယ်အားဖြင့် ငါးဖြာ၊ အင်္ဂါအားဖြင့် ကိုးတန်၊ ဓမ္မက္ခန္ဓာ တရားအစုအဘို့အားဖြင့် ရှစ်သောင်းလေးထောင်၊ ဒီလို ဒေသနာအမျိုးအစားအားဖြင့် မျှားပြားလှစွာ ရှိနေပါတယ်။

အဲဒီ ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်ကတော့ တည်တဲ့ပြီး နေရစ်မယ်၊ မြတ်စွာဘုရား တပါးတည်းသာ ပရိနိဗ္ဗာန်ဝင်စံကြွမြန်းသွားတော် မူမှာဖြစ်တယ်၊ ဒါကြောင့် မြတ်စွာဘုရား ပရိနိဗ္ဗာန် ဝင်စံသွားသော်လဲ အဲဒီ တရားဒေသနာတော်တွေကတော့ သင်ချစ်သားတို့အား သွန်သင်ဆုံးမမည့် ဆရာဘုရားအရာမှာ တည်ပြီးတော့ အဆုံးအမ ဩဝါဒ ပေးရစ်ပါလိမ့်မယ်လို့ ဆိုလိုတဲ့အကြောင်း ဒီမှာ ဖော်ပြသွားပါတယ်။

ဒီ ဒေသနာ ပါဠိနှင့် အဋ္ဌကထာအရဆိုလိုရှိလျှင် မြတ်စွာဘုရား ဟော ထားတဲ့ တရားတော်တွေကို သက်တော်ထင်ရှား မြတ်စွာဘုရားကဲ့သို့ဘဲ အလေးပြုပြီးတော့ သီလဆိုင်ရာ အကျင့်တွေ သမာဓိဆိုင်ရာ အကျင့်တွေ ပညာဆိုင်ရာအကျင့်တွေကို ဒေသနာတော်က ညွှန်ပြထားတဲ့အတိုင်း တပည့်တော်တို့ ရိုရိုသေသေ ကျင့်သုံးကြဘို့ရှိပါတယ်၊ ဒီလိုပြည့်ပြည့်စုံစုံ ကျင့်သုံးကြမယ်ဆိုလျှင် ရသင့်ရထိုက်တဲ့ တရားထူးတွေကိုလဲ ရဘို့ရှိနေပါတယ်၊ငါတို့မှာ သက်တော်ထင်ရှား မြတ်စွာဘုရားကို မတွေ့လိုက် မဖူးလိုက်ရဘူးလို့ အောက်မေ့ပြီး စိတ်အားငယ်နေစရာ မရှိပါဘူး၊ ဓမ္မက္ခန္ဓာ ရှစ်သောင်းလေးထောင်ဟာ ငါတို့ရဲ့ အားကိုးမှီခိုရာ ဘုရားပေါင်း ရှစ်သောင်းလေးထောင်ဘဲလို့ နှလုံးသွင်းပြီး စိတ်အားတက်စရာ ကောင်းလှပါတယ်ဘုရား။

အက္ခရာတလုံး ဘုရားတဆူကိစ္စ

ဒီအဋ္ဌကထာအဖွင့်ကို နည်းမှီးပြီးတော့ အခ္ခိပေစာထုပ်တွေအဆုံးမှာ "အက္ခရမေကေကဉ္စ ပုဒ္ဓရူပံ· အက္ခရာတလုံးတလုံးဟာ ဘုရားတဆူတဆူ ဖြစ်တယ်" စသည်ဖြင့် ရေးသားထားတာကိုလဲ တွေ့ရပါတယ်၊ အဲဒါကတော့ ပိဋကတော်မှာလာတဲ့ စကားမဟုတ်ပါဘူး၊ ဒီပါဠိအဋ္ဌကထာက နည်းယူပြီးတော့ စာရေးကူးသူ နောက်ပုဂ္ဂိုလ်တဦးဦးက ရေးသားထားဟန်တူပါတယ်။

အပ္ပမာဒတရား

ယခုနောက်ဆုံး စီစစ်လျှောက်ထားဘို့ ရည်ရွယ်ထားတဲ့ အပ္ပမာဒေန သမ္မာဒေထ· ဆိုတဲ့ စကားကိုရောက်လာပါပြီ၊ မြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူခါနီးမှာ နောက်ဆုံး သြဝါဒစကားအနေနဲ့ "ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္မာဒေထ"လို့ ဒီလို မိန့်မှာတော် မူသွားပါတယ်၊ အဲဒီစကားထဲက "အပ္ပမာဒေန သမ္မာဒေထ" ဆိုတဲ့နောက်ဆုံးစကားနှစ်ပုဒ်ကို အဋ္ဌကထာက ဖွင့်ပြထားပါတယ်၊ စာမျက်နှာ (၁၈၅)မှာ ရှိပါတယ်။

ဘုရား တပည့်တော်တို့ ရဟန်းတော်များက ဒကာဒကာမများအား သီလပေးတဲ့အခါမှာလဲ အဆုံးသတ်ကျတော့ "အပ္ပမာဒေန သမ္မာဒေထ" ဆိုတဲ့ ဒီစကားနဲ့ဘဲ အများအားဖြင့် သတိပေးမှာကြားလေ့ရှိကြပါတယ်။

အဲဒါဟာ မြတ်စွာဘုရားရဲ့ နည်းကိုယူပြီးတော့ ရွတ်ဆိုသတိပေးကြခြင်း ဖြစ်ပါတယ်၊ ဥပဇ္ဈာယ်နိဿယညှိုး ပေးတဲ့အခါမျှားမှာလဲ အလားတူဘဲ အဆုံးအမ သြဝါဒပေးလေ့ရှိကြပါတယ်၊ အဲဒီမှာတော့ "ပါသာဒိကေန သမ္မာဒေထ"-လို့ ဆိုရပါတယ်၊ ဒီသီလပေးရာမှာတော့ အပ္ပမာဒေန သမ္မာဒေထ-လို့ဘဲ ဆိုကြပါတယ်။

အဲဒီမှာ အပ္ပမာဒေန-ဆိုတဲ့ ပုဒ်ဟာ သဟာဒိယောဂအနက်ရှိသလား၊ ကရိဏ်းအနက်ရှိသလား ဆိုတာ စဉ်စားစရာရှိပါတယ်၊ ဒါကြောင့် ဒီမှာ အဋ္ဌကထာက "သတိအဝိပ္ပဝါသေန သဗ္ဗကိစ္စာနိ သမ္မာဒေယျာထ" လို့ဖွင့်ပြထားပါတယ်၊ သတိအဝိပ္ပဝါသေန၊ သတိမကင်းသဖြင့်။ သဗ္ဗကိစ္စာနိ၊ အလုံးစုံသောကိစ္စတို့ကို။သမ္မာဒေယျာထ၊ ပြီးစေကြကုန်လော့တဲ့။ဒီ"သမ္မာဒေယျာထ.... ပြီးစေကြ" ဆိုတဲ့ ကြိယာပုဒ်မှာ ကရိဏ်းသာလိုပါတယ်၊ သဟာဒိယောဂ မလိုပါဘူး၊ သဟာဒိယောဂပုဒ်နှင့် ယှဉ်ရာမှာ ကံပုဒ်မရှိရပါဘူး၊ ယခုဒီမှာ သဗ္ဗကိစ္စာနိ-လို့ ကံပုဒ်နှင့်တက္ခဏ်ဖွင့်ပြထားပါတယ်၊ ကံပုဒ်ရှိရာမှာလဲ သဟာဒိယောဂပုဒ်မရှိရပါဘူး၊ ဒါကြောင့် အပ္ပမာဒေန-ဆိုတဲ့ပုဒ်ဟာ သဟာဒိယောဂအနက်ရှိတဲ့ ပုဒ်မဟုတ်ဘူး၊ ကရိဏ်းအနက်ရှိတဲ့ ပုဒ်သာဖြစ်တယ်လို့ သိရပါတယ်။

ပြီးတော့ သဗ္ဗကိစ္စာနိ-လို့ ဆိုရာမှာ အလုံးစုံသော ကိစ္စတွေဆိုတာက အရဟတ္တမဂ် အရဟတ္တဖိုလ်တိုင်အောင် ပြုသင့်ပြုထိုက်တဲ့ကိစ္စတွေဘဲ ဖြစ်ပါတယ်၊ အကျဉ်းချုပ်အားဖြင့် ဆိုလျှင်တော့ သီလနှင့် စပ်ဆိုင်တဲ့ကိစ္စ, သမာဓိနှင့် စပ်ဆိုင်တဲ့ကိစ္စ, ပညာနှင့်စပ်ဆိုင်တဲ့ကိစ္စ ဒီကိစ္စသုံးမျိုးဘဲ ဖြစ်ပါတယ်၊ ဒီကိစ္စတွေကလဲ သုံးမျိုးဆိုပေမယ်လို့ အရဟတ္တဖိုလ်တိုင်အောင် အားထုတ်ရမည့်ကိစ္စတွေ ဖြစ်နေတဲ့အတွက် အလွန်လဲ ကြီးကျယ်ပါတယ်၊ အလွန်လဲ များပြားပါတယ်၊ ဒီလို ကြီးကျယ်များပြားလှတဲ့ ကိစ္စအလုံးစုံကို ပြီးစီးအောင် အားထုတ်ကြရမယ်လို့ မြတ်စွာဘုရားက မှာသွားတော်မူပါတယ်။

လောကမှာ ကိစ္စတခုခုကို ပြီးစီးအောင် ဆောင်ရွက်ရမယ်ဆိုလျှင် အကူအညီကရိဏ်းဆိုတာ လိုပါတယ်၊ ဥပမာ သစ်ပင်ကို ဖြတ်လှဲရမယ်ဆိုလျှင် ဓား လှ ပုဆိန်ဆိုတဲ့ လက်နက်ကြိယာ အကူအညီမျိုးနဲ့ ဖြတ်လှဲရပါတယ်၊

ဒီလိုလက်နက်အကူအညီ ကရိဏ်းမရှိလျှင် မဖြတ်မလွဲနိုင်ပါဘူး၊ ယခုဒီမှာ အရဟာတ္တဖိုလ်တိုင်အောင် ပြီးစေရမည့် ကိစ္စတွေဟာ အလွန်ပင် ကြီးကျယ်များပြားပါတယ်၊ ဒီလိုကိစ္စတွေကို ပြီးစေဘို့ရာ အကူအညီ ကရိဏ်းလက်နက်ကောင်း လိုနေပါတယ်၊ ဒါကြောင့် အဲဒီကရိဏ်းလက်နက်ကောင်းကို မြတ်စွာဘုရားက အပွမာဒေန-လို့ ညွှန်ပြတော်မူခဲ့ပါတယ်၊ အဲဒါကို အဋ္ဌကထာက အဝိပွဝါသေန-လို့ ဖွင့်ပြပါတယ်၊ သတိမကင်းသဖြင့် ပြီးစေကြရမယ်၊ အရာရာမှာ မမေ့တဲ့ သတိတရား တည်းဟူသော လက်နက်ကောင်းဖြင့် ပြီးစီးအောင် အားထုတ်ကြရမယ်၊ သီလဆိုင်ရာမှာလဲ မမေ့တဲ့ သတိဖြင့် ပြီးစီးအောင် အားထုတ်ကြရမယ်၊ သမာဓိဆိုင်ရာမှာလဲ မမေ့တဲ့ သတိဖြင့် ပြီးစီးအောင် အားထုတ်ကြရမယ်၊ ပညာဆိုင်ရာမှာလဲ မမေ့တဲ့သတိဖြင့် ပြီးစီးအောင် အားထုတ်ကြရမယ်၊ သီလသမာဓိပညာနှင့်ဆိုင်တဲ့ ကိစ္စအလုံးစုံကို အရဟာတ္တဖိုလ်အထိ ပြီးစီးအောင် မမေ့တဲ့သတိဖြင့် အားထုတ်ကြရမယ်လို့ မိန့်မှာတဲ့ စကားဖြစ်ကြောင်းကို သိနားလည်နိုင်ကြစေချန် အဋ္ဌကထာမှာ "သတိအဝိပွဝါသေန သဗ္ဗကိစ္စာနိ သမ္ပာဒေယျာထ"လို့ ဖွင့်ပြသွားပါတယ်၊ ပြီးတော့ မြတ်စွာဘုရား ၄၅-ဝါ ပတ်လုံး ဟောထားတဲ့ တရားတော် သြဝါဒတွေကို အပွမာဒ ဆိုတဲ့ တပိုဒ်ထဲမှာဘဲ သွင်းပြီးတော့ သြဝါဒ ပေးသွားတဲ့အကြောင်းကိုလဲ ဒီလို ဆက်ပြီးတော့ ပြဆိုပြန်ပါတယ်။

အပွမာဒသည် ပိဋ္ဌကသုံးပုံချိန်သည်

ကွတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗာနမဉ္စေ၊ ပရိနိဗ္ဗာန်စံတော်မူရာ ညောင်စောင်းတော်၌။ နိပန္နော၊ လျောင်းတော်မူလျက်။ ပဉ္စ-စတ္တာလီသဝဿာနိ၊ လေးဆယ့်ငါးနှစ်တို့ပတ်လုံး။ ဒီန္နံ၊ ပေးခဲ့သော။ သဗ္ဗံ၊ အလုံးစုံသော။ သြဝါဒံ၊ပိဋ္ဌကသုံးပုံဘည်းဟူသော အဆုံးအမ သြဝါဒတော်ကို။ ကေသ္မိ ံ အပွမာဒပဒေယော၀၊ တခုသော အပွမာဒပုဒ်၌ပင်လျှင်။ ပက္ခိပိတာ၊ ထည့်သွင်း၍။ အဒါသိ၊ ပေးတော်မူလေပြီ-လို့ ပြဆိုပါတယ်။

ဒီစကားဖြင့် အပွမာဒဆိုတဲ့ စကားတလုံးဟာ ပိဋ္ဌကသုံးပုံနှင့် လိုရင်းအနက်အဓိပ္ပါယ်အားဖြင့် တူညီတယ်လို့ သိရပါတယ်၊ ဒါကြောင့် နေရာတကာမှာ အပွမာဒဆိုတဲ့ မမေ့မလျှော့သတိတရားနှင့် ကျင့်သွားလျှင် ပိဋ္ဌကသုံးပုံမှာ အကျယ်ဟောထားတဲ့ အဆုံးအမတွေကို လိုက်နာကျင့်သုံးခြင်းကိစ္စ ပြီးနိုင်တယ်လို့လဲ မှတ်သားရပါတယ်။

စီစစ်ခက်း ၂-၅

ပြီးတော့ ပါဠိတော်မှာ အဲဒီ "အပ္ပမာဒေန သမ္မာဒေထ" လို့ ဆိုပြီးတော့ အယံ တထာဂတဿ ပစ္ဆိမာ ဝါစာ၊ ဤသည်ကား မြတ်စွာဘုရား၏ နောက်ဆုံး စကားဖြစ်သည်လို့ ဆက်ပြီး ဆိုထားတဲ့ စကားတဝါကျ ရှိပြန်ပါတယ်၊ အဲဒီမှာ ဒါကဘယ်သူ့ စကားလဲ၊မြတ်စွာဘုရားစကားဘဲလားလို့ ဒီလို မေးစရာ ရှိတဲ့ အတွက် "ဣဒံ ပန သင်္ဂီတိကာရာနံ ဝစနံ" လို့ မိန့်ဆိုပြန်ပါတယ်။ အဲဒီစကား ကတော့ သံဂါယနာတင် မထေရ်တို့ ထည့်ထားတဲ့ အနုသန္ဓေစကား ဖြစ်ပါ တယ်လို့ ဆိုပြီးတော့ ဒီ ပစ္ဆိမဝါစာ အဖွင့်ကို ဒီတွင်ဘဲ အဆုံးသတ်သွားပါတယ် ဘုရား။

အင္ဂကထာသံဂါယနာ ဒုတိယသန္နိပါတဋ္ဌ မဟာစည်ဆရာတော်၏

စီစဉ်ခက်ား ဤတွင် ပြီး၏

အဂ္ဂမဟာပဏ္ဍိတ အနီးစခန်းဆရာတော်ဘုရား၏

စီစဉ်သျှောက်ကြားခဏ်းများ

မဟာပရိနိဗ္ဗာနသုတ်

အဿောသိ ခေါ ရာဇာ မာဂဓော အဇာတသတ္တု ဝေဒေဟိပုတ္တော ဘဂဝါ ကိရ ကုသိနာရာယံ ပရိနိဗ္ဗုတောတိ။

မာဂဓော၊ မဂဓတိုင်းကို အစိုးရသော။ အဇာတသတ္တု၊ အဇာတသတ် အမည်ရှိသော။ ဝါ၊ မမွေးမီကပင် ဘခင်၏ရန်သူဖြစ်လိမ့်မည်ဟု အဟော ရှိသော။ ဝေဒေဟိပုတ္တော၊ ဝေဒေဟီမိဖုယား၏သားဖြစ်သော။ ရာဇာ၊ မင်း သည်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကုသိနာရာယံ၊ ကုသိနာရုံအင်ကြင်းစုံ၌။ ပရိနိဗ္ဗုတောကိရ၊ ပရိနိဗ္ဗာန်စံယူတော်မူပြီတဲ့။ ဣတိ၊ ဤသို့။ အဿောသိခေါ-အဿောသိဝေ၊ ကြားရသည်သာလျှင်တည်း။

ဟူသော ပါဠိတော်ဝါကျ၌ အဿောသိ ခေါ ရာဇာတိ-ဟု သံဝဏ္ဏေတဗ္ဗ ပုဒ်ကို တည်ထား၍ အဋ္ဌကထာဆရာ အရှင်မြတ်သည် ကထံ အဿောသိ ဟု အစတည်သော စကားဖြင့် ဖွင့်ပြတော်မူသည်ကို အကျဉ်းအားဖြင့် စီစစ်၍ လျှောက်ထားပါမည်ဘုရား။

ကထံ အဿောသိ၊ အဘယ်သို့ ကြားသိလေသနည်း။ ရှေးဦးမဆုကပင် လျှင် အဇာတသတ်မင်း၏ အမတ်တို့သည် ဆိုအပ်ခဲ့ပြီးသော မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်စံယူတော်မူကြောင်း သတင်းစကားကို ကြားကြကုန်၍ လျှောက် ထားလတ္တံ့သော နည်းအားဖြင့် ကြံစည်စဉ်းစားကြပါကုန်သတဲ့ အရှင်ဘုရား တို့။

အဇာတသတ်ကြားလျှင် နှလုံးကွဲလိမ့်မည်

သတ္ထာ နာမ ပရိနိဗ္ဗုတော၊ နံ သော သက္ကာ ပုန အာဟရိတုံ၊ ပေါထုဇ္ဇ-နိကသဒ္ဓါယ ပန အမ္ဟာကံ ရညော သဒိသော နတ္ထိ၊ သစေ ဧသ ဣမိနာဝ နိယာမေန သုဏိဿတိ၊ ဟဒယမဿ ဖလိဿတိ။ ရာဇာ ခေါ ပန အမ္ဟေဟိ အနုရက္ခိတဗ္ဗောတိ။

သတ္ထာနာမ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားမည် သည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံယူတော်မူခဲ့လေပြီ။ သော သတ္ထာ၊ ထို

လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားကို။ ပုန၊ နောက်ထပ်တဖန်။ အာဟရိဘုံ၊ ပင့်ဆောင်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ပန၊ သို့သော်လည်း။ ပေါထုဇ္ဇနိကသဒ္ဓါယ၊ ပုထုဇဉ်တို့ သဒ္ဓါတရားဖြင့်။ အမှာကံ၊ ငါတို့၏။ ရညော၊ မင်းနှင့်။ သဒိသော၊ တူသောသူသည်။ နတ္ထိ၊မရှိ။ သေ-သော၊ ဤအဇာတသတ်မင်းသည်။ ဣမိနာဝ နိယာမေန၊ ဤနည်းဖြင့် သာလျှင်။ သစေသုဏိသတိ၊ အကယ်၍မျှား ကြားခဲ့ငြားအံ့။ အဿရညော၊ ထိုမင်း၏။ ဟဒယံ၊ နှလုံးသည်။ ဖလိသတိ၊ ကျေကွဲ၍ သွားလိမ့်မည်။ အမှေဟိ၊ ငါတို့သည်။ ရာဇာ၊ ဘုရင်မင်းမြတ်ကို။ အနုရက္ခိတဗ္ဗော၊ အစဉ် စောင့်ရှောက်အံ့ပ်၏။

ဤသို့လျှောက်ထားအပ်သောနည်းဖြင့် အမတ်အပေါင်းတို့သည် ထို သတင်းကို ကြား၍ ကြံစည်ကြပါကုန်သည် ဘုရား။

အဇာတသတ်ထံ လျှောက်ကြားခင်း

ထိုအမတ်တို့သည် သုံးခုကုန်သော ရှေဖြင့်ပြီးသော စကျင်းတို့ကို ဆောင်ယူကြကုန်၍ စတုမဓုဖြင့် ပြည့်စေလျက် အဇာတသတ်မင်း၏အထံသို့ သွား၍ ဤစကားကို လျှောက်ထားကြပြန်ပါကုန်သည်ဘုရား။

ဒေဝ အမှေဟိ သုပိနကော ဒိဋ္ဌော၊ တဿ ပဋိဃာတတ္ထံ တုမှေဟိ ဒုက္ကုလဒုပဋ္ဌံ နိဝါသေတဗ္ဗာ ယထာ နာသာပုဋ္ဌမတ္ထံ ပညာယတိ၊ ဧဝံ စတုမဓုရဒေါဏိယာ နိပဇိတုံ ဝဋ္ဋတီတိ။

ဒေဝ၊ မင်းမြတ်.... ။ အမှေဟိ၊ ကျွန်တော်များတို့သည်။ သုပိနကော၊ အိပ်မက်ကို။ ဒိဋ္ဌော၊ မြင်အပ်ပါပြီ။ တဿ၊ ထိုအိပ်မက်ကို။ ပဋိဃာတတ္ထံ၊ ပယ်ဖျောက်ခြင်း အကျိုးငှါ။ တုမှေဟိ၊ အရှင်မင်းမြတ်တို့သည်။ ဒုက္ကုလ-ဒုပဋ္ဌံ၊ နှစ်ထပ်သောပုဆိုးကို။ နိဝါသေတဗ္ဗာ၊ ဝတ်၍။ ယထာ၊ အကြင်သို့သော အခြင်းအရာဖြင့်။ နာသာပုဋ္ဌမတ္ထံ၊ နှာခေါင်းမျှသည်။ ပညာယတိ၊ ထင်၏။ ဝါ၊ ပေါ်၏။ ဧဝံ၊ ဤသို့။ စတုမဓုရဒေါဏိယာ၊ စတုမဓုကျင်း၌။ နိပဇိတုံ၊ အိပ်ခြင်းငှါ။ ဝဋ္ဋတိ၊ သင့်၏။

ဤသို့ အမတ်တို့က အဇာတသတ် မင်းမြတ်အား လျှောက်ထားကြပါကုန်သည် အရှင်ဘုရား။

အဇာတသတ် မင်းသည်လည်း အကျိုးစီးပွါးကို ကျင့်သုံး၍ နေကြကုန်သော အမတ်တို့၏ စကားကို ကြားရ၍၊ ဧဝံ ဟောတု တာတာတိ။ တာတ၊ အိုအမတ်အပေါင်းတို့။ ဧဝံဟောတု၊ ဤသို့တင်လျှောက်သည့် အတိုင်းပင်ဖြစ်ပစေ။ ဤလိုဝန်ခံတော်မူပြီးမှ အမတ်များ လျှောက်တင်ကြသည့်အတိုင်းပြုပါသည် ဘုရား။

ထိုအခါ တယောက်သော အမတ်သည် ဆင်မြန်း၍ထားသော အဆောင်အယောင် အဝတ် တန်းဆာပလာများကို ချွတ်၍ ဆံတို့ကို ဖရိုဖရဲကြဲလျက် အကြင်အရပ် မျက်နှာ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်စံယူတော်မူ၏၊ ထိုအရပ်သို့ ရှေးရှုသည်ဖြစ်၍ လက်အုပ်ကိုချီလျက် အဇာတသတ်မင်းကို ဤသို့ဆိုလတ္တံ့သောနည်းအားဖြင့် လျှောက်ထား ပြန်ပါသည် ဘုရား။

ဒေဝ မရဏတော မုစ္စနကသတ္တော နာမ နတ္ထိ၊အမှာကံ အာယုဝစုနော စေတိယဋ္ဌာနံ ပုညက္ခေတ္တံ အဘိသေကသိဉ္စကော သော ဘဂဝါ သတ္ထာ ကုသိနာရာယ ပရိနိဗ္ဗုတောဘိ။

ဒေဝ၊ မင်းမြတ်....။ မရဏတော၊ သေခြင်းဘေးမှ။ မုစ္စနကသတ္တော နာမ၊ လွှတ်မြောက်၍ သွားသော သတ္တဝါမည်သည်။ နတ္ထိ၊ မရှိ။ အမှာကံ၊ ကျွန်တော်မျိုးတို့၏။ အာယုဝစုနော၊ အသက်ကိုတိုးပွါးစေတတ်သော။ စေတိယဋ္ဌာနံ၊ ပူဇော်ရာဌာနဖြစ်ပေသော။ ပုညက္ခေတ္တံ၊ ကုသိုလ်ကောင်းမှုမျိုးတို့၏ စိုက်ပျိုးရာဖြစ်တော်မူပေသော။ အဘိသေကသိဉ္စကော၊ အောင်ဘိသိက်သွန်းရာ ဖြစ်တော်မူပေသော။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော။ သောဘဂဝါ၊ ထိုဘုန်းတော်သခင် ကျေးဇူးရှင် ဘုရား ကိုယ်တော်မြတ်သည်။ ကုသိနာရာယ၊ ကုသိနာရုံအင်ကြင်းစုံ၌။ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်းတော်မူခဲ့ပါပြီ ဘုရား။

ဤသို့အားဖြင့် အဇာတသတ် မင်းတရားထံ လျှောက်ထားကြပါသည် ဘုရား။

အဇာတသတ်ဖြစ်ထွေ

အဇာတသတ် မင်းတရားသည် လျှောက်ထားသည့် စကားကို ကြားရသည်ဖြစ်၍ သာလျှင် သတိမေ့လျော့လျက် စတုမဓုကျင်း၌ အခိုးတွေ ထောင်းထောင်း လွှတ်ပါသည် ဘုရား။

ထိုအခါ၌ အဇာတသတ် မင်းကို ထိုအခိုးထွက်၍ နေသော စတုမဓုကျင်းမှမြှောက်ချီ၍ နှစ်ခုမြောက်ဖြစ်သော စတုမဓုကျင်း၌ အမတ်အပေါင်းတို့က အိပ်စေကြပါကုန်သည် ဘုရား။

နောက်ထပ်တဖန် ထိုအဇာတသတ်မင်းသည် သတိတရား ရရှိလာသည်ဖြစ်၍ တာတ ကိံ ဝဒေထာတိ ပုစ္ဆိ။ တာတ၊ အိုအမတ်အပေါင်းတို့....။ တုမှေ၊ သင်တို့သည်။ ကိံ၊ အဘယ်မည်သော စကားကို။ ဝဒေထ၊ ပြောကြားကြပါကုန်သနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေးပြန်ပါသည် ဘုရား။

သတ္ထာ မဟာရာဇ ပရိနိဗ္ဗုတောတိ။ မဟာရာဇ၊ မြတ်သောမင်းကြီး....။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန် ဝင်စံခိုကိန်း၍ ငြိမ်းတော် မူခဲ့ပါပြီ။ ဤသို့လျှောက်တင်ကြပြန်ပါကုန်သည် ဘုရား။

အဇာတသတ် မင်းသည်လည်း နောက်ထပ်တဖန် ကင်းသောသညာရှိသည်ဖြစ်၍။ ဝါ၊ သတိလွတ်ကင်းသည်ဖြစ်၍ စတုမဓုကျင်း၌ အခိုးများကို လွှတ်ပြန်ပါသည် ဘုရား။

ထိုအခါ၌ ထိုအဇာတသတ်မင်းကို ထိုဒုတိယမြောက်ဖြစ်သော စတုမဓုကျင်းမှ မြှောက်ချီကြကုန်၍ တတိယမြောက်ဖြစ်သော စတုမဓုကျင်း၌ အိပ်စေကြပြန်ပါကုန်သည်အရှင်ဘုရား။

နောက်ထပ်တဖန် ထိုအဇာတသတ် မင်းတရားသည် သတိတရားရသည်ဖြစ်၍ တာတ ကိံ ဝဒေထာတိ ပုစ္ဆိ။ တာတ၊ အိုအမတ်အပေါင်းတို့....။ တုမှေ၊ သင်တို့သည်။ ကိံ ဝဒေထ၊ အဘယ်စကားကို ပြောကြားကြပါကုန်သနည်း။ ဣဘိ၊ ဤသို့။ ပုစ္ဆိ၊ မေးပြန်ပါသည် ဘုရား။

သတ္ထာ မဟာရာဇ ပရိနိဗ္ဗုတောတိ။ မဟာရာဇ၊ အိုမြတ်သောမင်းတရား....။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ဝင်စံခိုကိန်း၍ ငြိမ်းတော်မူခဲ့ပါပြီဘုရား။ ဣတိ၊ ဤသို့။ အဝေါစုံ၊ လျှောက်ထားကြပြန်ပါကုန်သည်ဘုရား။

အဇာတသတ် မင်းတရားသည် နောက်တဖန်လည်း သတိကင်းလွတ်ပါသည်ဘုရား။

ထိုအခါ၌ ထိုအဇာတသတ်မင်းတရားကို တတိယမြောက် ဖြစ်သော စတုမဓုကျင်းမှမြောက်ချီကြကုန်၍ ရေမိုးချိုးစေပြီး၍ ဦးထိပ်ထက်၌အိုးပေါင်းများစွာဖြင့် ရေကိုသွန်းလောင်းကြပါကုန်သည် အရှင်ဘုရား။

အဇာတသတ်မင်း တမ်းတခြင်း

အဇာတသတ် မင်းတရားသည် သတိတရား ရသည်ဖြစ်၍ နေရာမှထလျက် နှံသာတို့ဖြင့် ထုံအပ်သော ပတ္တမြားညို အဆင်းရှိသော ဆံပင်တို့ကို ဖရိုဖရဲကြဲလျက် ရှေပျဉ်ပြား အဆင်းနှင့်တူသော အဆင်းရှိသော ကျောက်ကုန်းထက်၌ ကြဲဖြန့်၍ လက်ဖြင့် ရင်ကိုထုခတ်လျက် သန္တာအဆင်းရှိကုန်သော လုံးသော လက်ချောင်းတို့ဖြင့် ရှေရုပ်ထု အဆင်းရှိသော မိမိရင်ကို ချုပ်စပ်ဘိသကဲ့သို့ ကိုင်ပြီးလျှင် ငိုကြွေးမြည်တမ်းလျက် ရှူးသောသူ၏ အသွင်ဖြင့် လမ်းခရီးသို့ ဆင်းသက်၍ ပြေးသွားပါတော့သည် ဘုရား။

ထိုအခါ၌ ထိုအဇာတသတ်မင်းတရားသည် တန်းဆာ ဆင်ယင်အပ်သော ကချေသည် အပေါင်း ခြံရံလျက် မြို့မှထွက်၍ ဇီဝက၏ ဥယျာဉ်သို့ သွား၍ အကြင်အရပ်၌ ထိုင်နေတော်မူသဖြင့်။ ဝါ၊ ထိုင်နေတော်မူသော မြတ်စွာဘုရားသည် တရားကိုဟောကြားအပ်၏။ ထိုအရပ်ကိုကြည့်ရှု၍—

> ဘဂဝါ သဗ္ဗညူ နနု ဣမသ္မိံ ဌာနေ နိသီဒိတ္ဘာ ဓမ္မံ ဒေသယိတ္ထ၊ သောကသလ္လံ မေ ဝိနောဒယိတ္ထ၊ တုမ္ဟေ မယံ သောကသလ္လံ နိဟရိတ္ထ၊ အဟံ တုမ္ဟာကံ သရဏံ ဂတော၊ ဣဒါနိ ပန မေ ပဋိဝစနမ္ပိ န ဒေထ ဘဂဝါတိ။

သဗ္ဗညူ၊ အလုံးစုံသောတရားတို့ကို သိမြင်တော်မူပြီးသော။ ဘဂဝါ၊ ဘုန်းတော်သခင် ကျေးဇူးရှင်မြတ်စွာဘုရား....။ ဣမသ္မိံ ဌာနေ၊ ဤနေရာ၌။ နိသီဒိတ္ဘာ၊ ထိုင်၍။ ဝါ၊ သီတင်းသုံး၍။ ဓမ္မံ၊ တရားတော်ကို။ ဒေသယိတ္ထနနု၊ ဟောတော်မူခဲ့ကြကုန်သည် မဟုတ်ပါလားဘုရား။ မေ၊ တပည့်တော်၏။ သောကသလ္လံ၊ သောကတည်းဟူသော ငြောင့်တံသင်းကို။ ဝိနောဒယိတ္ထနနု၊ ပယ်နုတ်တော်မူခဲ့ကြကုန်သည် မဟုတ်ပါကုန်လားဘုရား။ တုမ္ဟေ၊ အရှင်ဘုရား တို့သည်။ မယံ၊ ဘုရားတပည့်တော်၏။ သောကသလ္လံ၊ သောကတည်းဟူသော ငြောင့်တံသင်းကို။ နိဟရိတ္ထနနု၊ ပယ်နုတ်တော်မူခဲ့ကြကုန်သည် မဟုတ်ပါကုန်လားဘုရား။ အဟံ၊ ဘုရားတပည့်တော်သည်။ တုမ္ဟာကံ၊ အရှင်ဘုရား

တို့ကို။ သရဏံ၊ ကိုးကွယ်ဆည်းကပ်ခြင်းသို့။ ဂတောဝ၊ ရောက်၍နေပါပြီ။ ပန၊ သို့သော်လည်း။ ဘဂဝါ၊ ကျေးဇူးသခင် ဘုန်းတော်ရှင်မြတ်စွာဘုရား။ ကွဒါနိ၊ ယခုအခါ၌။ မေ၊ ဘုရားတပည့်တော်အား။ ပဋိဝစနမွိ၊ စကားခုန်းတုံ့ကိုမျှ လည်း။ နဒေထ၊ ပေးတော်မမူကြပါကုန်ဘုရား။ ဤသို့ အထပ်ထပ်ငိုကြွေး၍-

နနု ဘဂဝါ အဟံ အညဒါ ဝေရူပေ ကာလေ တုမှေ မဟာဘိက္ခု သံဃပရိဝါရာ ဇမ္မုဒီပတလေ စာရိကံ စရထာတိ သုဏောမိ။

ဘဂဝါ၊ ဘုန်းတော်သခင် ကျေးဇူးရှင်မြတ်စွာဘုရား....။အဟံ၊ ဘုရား တပည့်တော်သည်။ အညဒါ၊ တပါးသောအခါကာလ၌။ ဝေရူပေ၊ ဤသို့ သဘောရှိသော။ ကာလေ၊ အခါမျိုး၌။ တုမှေ၊ အရှင်ဘုရားတို့သည်။ မဟာ-ဘိက္ခုသံဃပရိဝါရာ၊ များမြတ်သော ရဟန်းအပေါင်းခြံရံကြကုန်လျက်။ ဇမ္မုဒီပတလေ၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌။ စာရိကံ၊ ခရီးဒေသစာရီကို။ စရထ၊ လှည့်လည်တော်မူကြကုန်၏။ ဣတိ၊ ဤသို့။ သုဏောမိနနု၊ ကြားရသည် မဟုတ်ပါလားဘုရား။ ပန၊ သို့သော်လည်း။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ဘုရားတပည့်တော်သည်။ တုမှာကံ၊ အရှင်ဘုရားတို့၏။ အနနုရူပံ၊ မလျော်မလျောက်ပတ်သော။ အယုတ္တံ၊ မသင့်သော။ ပဝတ္တိံ၊ အဖြစ်မျိုးကို။ သုဏောမိ၊ ကြား၍နေရပါသည်ဘုရား။

ဓာတ်တော်များအတွက် ရာဇသံပို့ခြင်း

ဤသို့ အစရှိသည်တို့ကိုလည်း ပြောဆို၍ ခြောက်ဆယ်အတိုင်းအရှည် ရှိကုန်သော ဂါထာတို့ဖြင့် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို အောက်မေ့၍ ကြံစည်ပြန်ပါသည်အရှင်ဘုရား။

မမ ပရိဒေဝိတေနေဝ နု သိဇ္ဈတိ၊ဒဿဗလဿ ဓာတုယော အာဟရာ-ပေဿာမိတိ ဧဝံ အဿောသိ။

မမ၊ ငါ၏။ ပရိဝေဒိတေနေဝ၊ ငိုကြွေး၍နေခြင်းဖြင့်သာလျှင်။နသိဇ္ဈတိ၊ အကျိုးမပြီး။ဒဿဗလဿ၊ မြတ်စွာဘုရား၏။ ဓာတုယော၊ ဓာတ်တော်တို့ကို။ အာဟရာပေဿာမိ၊ ဆောင်ယူစေအံ့။ ဣတိဧဝံ၊ ဤသို့။ ဤလျှောက်ဆိုအပ်ခဲ့ပြီးသော အခြင်းအရာအားဖြင့်။ အဿောသိခေါ-အဿောသိဧဝ၊ သတင်း ကြားရပါပြီတဲ့အရှင်ဘုရား။

ဤကဲ့သို့ သတင်းကြားပြီး၍ ဤသတိကင်းလွတ်ခြင်းအစရှိသောအဖြစ်၏ အဆုံး၌ တမန်ကိုစေလွှတ်ပါသည်အရှင်ဘုရား၊ ထိုတမန်စေလွှတ်ခြင်းကို ရည်ရွယ်မှန်းထားသည်ဖြစ်၍ အထ ခေါ် ရာဇာတိ အာဒိ၊ အထ ခေါ် ရာဇာ ဤသို့အစရှိသည်ကို။ ဝုတ္တံ၊ ဆိုအပ်ပါသည်အရှင်ဘုရား။

ထိုသို့ ဆိုအပ်သော စကားရပ်၌ ဒူတံ ပါဟေသိတိ၊ ဒူတံ ပါဟေသိ-ဟူသည်။ ဒူတဥ္စ၊ တမန်ကိုဎင်း။ ပဏ္ဏဥ္စ၊ စာချန်တော်ကိုဎင်း။ ပေသေသိ၊ စေလွှတ်ပါပြီဘုရား။ စာချည်းမဟုတ်မူ၍၊ တမန်ချည်းမဟုတ်မူ၍၊ တမန်နှင့် စာချန်တော်ကိုပါ စေလွှတ်ပါပြီဘုရား။

တမန်နှင့် စာချန်တော်ကို စေလွှတ်ပြီး၍ —

သဓေ ဒဿန္တိ၊ သုန္ဒရံ။ နော စေ ဒဿန္တိ၊ အာဟရဏုပါယေန အာဟရိဿာမိတိ စတုရင်္ဂိနိံ သေနံ သန္နယ့်တွာ သယမ့ဳ နိက္ခန္တောယေဝ။

ဟု ဆက်၍ အဋ္ဌကထာဆရာက မိန့်ပြန်ပါသည်ဘုရား။

သစေ ဒဿန္တိ၊ အကယ်၍ ပေးကြကုန်ငြားအံ့။ သုန္ဒရံ၊ ကောင်း၏။ နောစေ ဒဿန္တိ၊ အကယ်၍ မပေးကြကုန်ငြားအံ့။ အာဟရဏုပါယေန၊ ဆောင်ယူကြောင်းဖြစ်သော ဥပါယ်တမည်ဖြင့်။ အာဟရိဿာမိ၊ ဆောင်ယူတော့အံ့။ ဣတိ၊ ဤသို့။ စတုရင်္ဂိနိံ၊ အင်္ဂါလေးပါးရှိသော။ သေနံ၊ စစ်ကို။ သန္နယ့်တွာ၊ ဖွဲ့၍။ သယမ့ဳ၊ ကိုယ်တိုင်လည်း။ နိက္ခန္တောယေဝ၊ ထွက်တော်မူသည်သာလျှင်တည်း-ဟု အဋ္ဌကထာဆရာ မိန့်မှာပါသည်ဘုရား။

ယထာ စ အဇာတသတ္တု၊ ဧဝံ လိစ္ဆဝီ အာဒယောပိ။

အဇာတသတ္တု၏ အစီအရင်သည် ဖြစ်လေဘိသကဲ့သို့ ထို့အတူ လိစ္ဆဝီအစရှိသော မင်းအပေါင်းတို့သည်လည်း တမန်ကို စေလွှတ်၍ ကိုယ်တိုင်လည်း အင်္ဂါလေးပါးရှိသော စစ်သည်တို့ဖြင့် ထွက်ကြပါကုန်သည်ဘုရား။

ပါဝါပြည်သားတို့ နောက်ကျပုံ

ထိုသို့ အသီးအသီးသော မင်းတို့ ထွက်ကြရာ၌ အလုံးစုံတို့ထက် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူရာ ကုသိနာရုံနှင့် အနီးဆုံးဖြစ်ကုန်သော ပါဝါပြည်သားတို့သည် မူကား ကုသိနာရုံမှ သုံးဂါဝုတ်အတွင်း၌ ရှိသော မြို့၌ နေကြပါကုန်သည် အရှင်ဘုရား။

မြတ်စွာဘုရားသည်လည်း ပါဝါပြည်သို့ဝင်ရောက်တော်မူခဲ့ပြီး၍သာလျှင် ကုသိနာရုံသို့ ကြွတော်မူခဲ့ပါပြီဘုရား။

ထို့သို့ မဝေးဘဲနှင့် အဘယ့်ကြောင့် ပါဝါပြည်သား မင်းအများတို့သည် မရောက်လာကြကုန်သနည်း ဟု ဆိုခဲ့ငြားအံ့၊ ထိုပါဝါပြည်သား မင်းအများတို့သည် များသောအခြံအရံရှိကြကုန်သည်ဖြစ်၍ များမြတ်သော အခြံအရံကို ပြုကုန်ကြစဉ်ပင်လျှင် နောက်ကျ၍ နေကြပါကုန်သည်ဘုရား။

ခုနစ်ပြည်ထောင်မင်းများ ဝိုင်းရံခြင်း

ထို့နောက် "တေ သံဃေ ဂဏော ဧတဒဝေါစုံ" ဟူသော ပါဠိတော်ကို အဋ္ဌကထာဆရာက အဓိပ္ပါယ်အကျယ်ဖွင့်ပြ၍ မိန့်ပြန်ပါသည်ဘုရား။ အလုံးစုံလည်းဖြစ်ကြကုန်သော ထိုခုနစ်မြို့၌ နေကြကုန်သော မင်းအပေါင်းတို့သည် လာရောက်ကြကုန်၍—

အမှာကံ ဓာတုယော ဝါ ဒေန္တု၊ ယုဒ္ဓံ ဝါတိ ကုသိနာရာနဂရံ ပရိဝါ ရေတ္ဝာ ဌိတေ ဧတံ ဘဂဝါ အမှာကံ ဂါမက္ခေတ္တေတိ ပဋိဝစနံ အဝေါစုံ။

အမှာကံ၊ ငါတို့အား။ ဓာတုယော ဝါ၊ မြတ်စွာဘုရား၏ သရီရဓာတ်တော်တို့ကိုမူလည်း။ ဒေန္တု၊ ပေးမူလည်းပေးကြကုန်။ ယုဒ္ဓံဝါ၊ စစ်ကိုမူလည်း။ ယုဇ္ဈန္တု၊ ထိုးကြပါကုန်။ ဣတိ၊ ဤသို့။ ကုသိနာရာနဂရံ၊ ကုသိနာရုံမြို့ကို။ ပရိဝါရေတ္ဝာ၊ ဝိုင်း၍။ ဌိတေ၊ တည်လတ်သည်ရှိသော်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အမှာကံ၊ ငါတို့၏။ ဂါမက္ခေတ္တာ၊ ဂါမခေတ်၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံတော်မူခဲ့၏။ ဣတိ၊ ဤသို့။ ဧတံပဋိဝစနံ၊ ဤစကားတုံကို။ အဝေါစုံ၊ ပြန်ပြောကြပါကုန်သည်ဘုရား။

ကုသိနာရုံမှ ပြန်ကြားလိုက်ပုံ

ထိုကုသိနာရုံပြည်သား မလ္လာမင်းအများတို့က ဤကဲ့သို့ ပြောကြပါကုန်သည်ဘုရား။

နံ မယံ သတ္ထု သာသနံ ပဟိဏိမှ၊ နာပိ ဂန္ဆာ အာနယိမှ။ သတ္ထာ ပန သယမေဝ အာဂန္ဆာ သာသနံ ပေသေတ္ဝာ အမှေ ပက္ကောသာပေသိ။ တုမှေ ပိ ခေါ ပန ယံ တုမှာကံ ဂါမက္ခေတ္တေ ရတနံ ဥပ္ပဇ္ဇတိ။ နံ တံ အမှာကံ ဒေထ။ သဒေဝကေ စ လောကေ ဗုဒ္ဓရတနသမံ ရတနံ နာမ

နတ္ထိ၊ ဧဝရူပံ ဥတ္တာမရတနံ လဘိတ္ဝာ မယံ နဒဿာမ၊ နု ခေါ ပန တုမှေ-ဟိယေဝ မာတုထနတော ခီရံ ပိတံ။ အမှေဟိပိ မာတုထနတော ခီရံ ပိတံ၊ နု တုမှေယေဝ ပုရိသာ၊အမှေပိ ပုရိသာ။ဟောဘုတိ အညမညံ အဟံကာရံ ကတ္ဝာ သာသနပဋိသာသနံ ပေသေန္တိ။ အညမညံ မာန-ဂဇိတံ ဂဇန္တိ။

စသည်ဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုပြန်ပါသည်ဘုရား။

မယံ၊ ငါတို့သည်။သတ္ထု၊ မြတ်စွာဘုရား၏။သန္တိကံ၊ အထံသို့။ သာသနံ၊ သတင်းစကားကို။ နပဟိဏိမှ၊ မပို့ကြရပါကုန်။ ဂန္ဒွာ၊ ကိုယ်တိုင်သွား၍။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ နာပိအာနယိမှ၊ ပင့်လည်းမပင့်ကြရပါကုန်။ ပန၊ စင်စစ်သော်တမူကား။ သတ္ထာ၊ မြတ်စွာဘုရားသည်။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ အာဂန္ဒွာ၊ ကြွလာတော်မူ၍။ သာသနံ၊ သတင်းစကားကို။ ပေသေတွာ၊ ပို့စေ၍။ အမှေ၊ အကျွန်ုပ်တို့ကို။ ပဏ္ဏာသာပေသိ၊ ခေါ်စေ၏။ တုမှေပိခေါ၊ သင်တို့သည်လည်း။ တုမှာကံ၊ သင်တို့၏။ ဂါမ ကွေတ္တေ၊ ဂါမခေတ်၌။ ယံရတနံ၊ အကြင်ရတနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံရတနံ၊ ထိုရတနာကို။ အမှာကံ၊ ငါတို့အား။ နဒေထ၊ မပေးကြပါကုန်။ သဒေဝကော၊ နတ်နှင့်တကွသော၊ လောကေစ၊ လောကဋ္ဌလည်း။ ဗုဒ္ဓရတန-သမံ၊ ဘုရားတည်းဟူသော ရတနာနှင့် တူသော။ ရတနံနာမ။ ရတနာ မည်သည်။ နတ္ထိ၊ မရှိ။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဥတ္တာမရတနံ၊ မြတ်သောရတနာကို။ လဘိတ္ဝာ၊ ရ၍။ မယံ၊ ငါတို့သည်။ နဒဿာမ၊ မပေးကြပါကုန်တော့အံ့။ ခေါပန၊ စင်စစ်သော်ကား။ တုမှေဟိယေဝ၊ သင်တို့သည်သာလျှင်။ မာတုထနတော၊ မိခင်၏နို့မှ။ ခီရံ၊ နို့ရည်ကို။ နပိတံ၊ သောက်အပ်သည်မဟုတ်။ အမှေဟိပိ၊ ငါတို့သည်လည်း။ မာတုထနတော၊ မိခင်၏နို့မှ။ ခီရံ၊ နို့ရည်ကို။ ပိတံ၊ သောက်အပ်၏။ တုမှေယေဝ၊ သင်တို့သည်သာလျှင်။ နပုရိသာ၊ ယောကျ်ားမဟုတ်ကြကုန်။ အမှေပိ၊ ငါတို့သည်လည်း။ ပုရိသာ၊ ယောကျ်ားဖြစ်ကြပါကုန်၏။ ဟောတု၊ ရှိပစေ။ ဣတိ၊ ဤသို့။ အညမညံ၊ အချင်းချင်း။ အဟံကာရံ၊ ငါတည်းဟူသောမာန်မူခြင်းကို။ ကတ္ဝာ၊ ပြု၍။ သာသနပဋိသာသနံ၊ သတင်းပို့ခြင်း တဖန်သတင်းအပြန်ပို့ခြင်းကို။ ပေသေန္တိ၊ ပို့စေကြပါကုန်ပြီဘုရား။ အညမညံ၊ အချင်းချင်း။ မာန ဂဇိတံ၊ မာနဖြင့် ကြိမ်းဝါးသံကို။ ဂဇ္ဇန္တိ၊ ကြိမ်းဝါးကြပါကုန်သည်ဘုရား။

စစ်ဖြစ်လျှင် ကုသိနာရုံက နိုင်ဘို့ရှိခြင်း

ယုဒ္ဓေ၊ စစ်ထိုးခြင်းသည်။ သတိ၊ ဖြစ်လတ်သော်။ ကောသိနာရကာနံ-ယေဝ၊ ကုသိနာရုံပြည်သား မလ္လာမင်းအများတို့ အားသာလျှင်။ ဇယော၊ အောင်နိုင်ခြင်းသည်။ အဘဝိဿ၊ ဖြစ်နိုင်ရာပါသည်ဘုရား။

အဘယ်ကြောင့် အောင်နိုင်ခြင်း ဖြစ်နိုင်ရာပါသနည်းဟူမူ၊ အကြင့်ကြောင့် ဓာတ်တော်တို့ကို ဆည်းကပ်အံ့သော အကျိုးငှါ လာရောက်ကြကုန်သော နတ်အပေါင်းတို့သည် ထိုကုသိနာရုံပြည်သား မလ္လာမင်းအများတို့၏ အသင်းအပင်းတို့ ဖြစ်ကြပါကုန်သည်ဘုရား။

ပါဠိတော်၌မူကား ဘဂဝါ အမှာကံ ဂါမကျေတ္တေ ပရိနိဗ္ဗုတော၊ နံ မယံ ဒဿာမ ဘဂဝတော သရီရာနံ ဘာဂန္တိ ဇေတ္တကမေဝ အာဂတံ။

ဘဂဝါ၊ မြတ်စွာဘုရားသည်။ အမှာကံ၊ ငါတို့၏။ ဂါမကျေတ္တေ၊ ဂါမခေတ်၌။ ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်စံခဲ့ပြီ။ မယံ၊ ငါတို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရာနံ၊ သရီရဓာတ်တော်တို့၏။ ဘာဂံ၊ အဘို့ကို။ နဒဿာမ၊ မပေးကြကုန်အံ့။ ဣတိ၊ ဤသို့။ ဇေတ္တကမေဝ၊ ဤမျှသာလျှင်။ အာဂတံ၊ လာ၏။

ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်ဘုရား။

ဒေါဏပုဏ္ဏား

ဧဝံဝုတ္တေ ဒေါဏော ဗြာဟ္မဏော တိ၊ ဧဝံဝုတ္တေ ဒေါဏော ဗြာဟ္မဏော-ဟူသည်ကား။ ဒေါဏပုဏ္ဏားသည် ဤပြည်ထောင်စုမင်းတို့၏ ငြင်းခုံမှုကို ကြားရသည်ဖြစ်၍ —

ဇေတေ ရာဇာနော ဘဂဝတော ပရိနိဗ္ဗုတဒ္ဒဘေ ဝိဝါဒံ ကရောန္တိ၊ နခေါ ပနေတံ ပတိရူပံ၊ အလံ ဣမိနာ ကလဟေန၊ ဝူပသမေဿာမိ နန္တိ။

ဇေတေ ရာဇာနော၊ ဤပြည်ထောင်ချင်း မင်းအပေါင်းတို့သည်။ ဘဂဝတော၊ ကျေးဇူးတော်သခင် ဘုန်းတော်ရှင်မြတ်စွာဘုရား၏။ ပရိနိဗ္ဗုတဒ္ဒဘေ၊ ပရိနိဗ္ဗာန်စံယူတော်မူရာဌာနဒ္ဒ။ ဝိဝါဒံ၊ ငြင်းခုံခြင်းကို။ ကရောန္တိ၊ ပြု၍နေကြကုန်၏။ ဇေတံ၊ ဤကဲ့သို့ ဘုရားပရိနိဗ္ဗာန်စံရာဌဒ္ဒ ငြင်းခုံ၍နေခြင်းသည်။ နခေါ ပဘိရူပံ၊ မလျောက်ပတ်သည် သာလျှင်တည်း။ ဣမိနာ ကလ-

ဟေန၊ ဤငြင်းခုံခြင်းဖြင့်။ အလံ၊ မသင့်။ နံ၊ ထိုငြင်းခုံခြင်းကို။ ဝူပသမေဿာမိ၊ ငြိမ်းအေးအောင် ပြုလုပ်ဦးအံ့။

ဤသို့ ကြံစည်၍ ဒေါဏပုဏ္ဏားသည် ကိုယ်တိုင်သွား၍ ထိုမင်းအပေါင်းတို့ကို ဤဆိုလတ္တံ့သော စကားကို ဆိုပြန်ပါသည်ဘုရား။

အဘယ်စကားကို ဆိုသနည်း။ မြင့်မောက်သော ကုန်းအရပ်၌တည်၍ နှစ်ဘာဏဝါရအတိုင်းအရှည်ရှိသော **ဒေါဏဂဇိတ** ဟု ဆိုအပ်သော ဒေါဏပုဏ္ဏား၏ ကြိမ်းဝါးတဲ့ အသံကို ပြောကြားပါသည်ဘုရား။

ထိုနှစ်ဘာဏဝါရမျှရှိသော ဒေါဏဂဇိတမည်သော ဒေါဏပုဏ္ဏားကြီး ကြိမ်းဝါးတဲ့ စကားကို ပြောကြားရာ၌ ပထမဘာဏဝါရ၌ တပုဒ်ကိုမျှလည်း ထိုမင်းအပေါင်းတို့သည် မသိကြပါကုန်ဘုရား၊ ဒုတိယဘာဏဝါရ၏ အဆုံး၌မူ—

အာစရိယဿ ဝိယ ဘော သဒ္ဒါ၊ အာစရိယဿ ဝိယ ဘော သဒ္ဒါ တိ သဗ္ဗေ နိရဝါ အဟေသုံ။

ဟု အဋ္ဌကထာဆရာ မိန့်ပြန်ပါသည်ဘုရား။ ဘော၊ အိုအချင်းတို့....။ အာစရိယဿ၊ ဆရာကြီး၏။ သဒ္ဒါဝိယ၊ အသံနှင့်တူလျှ၏။ ဘော၊ အိုအချင်းတို့....။ အာစရိယဿ၊ ဆရာကြီး၏။ သဒ္ဒါဝိယ၊ အသံနှင့်တူလျှ၏။ အသံကဲ့သို့တည်း။ ဣတိ၊ ဤသို့။ သဗ္ဗေ၊ အလုံးစုံကုန်သော မင်းအပေါင်းတို့သည်။ နိရဝါ၊ အသံတိတ်ကြကုန်သည်။ အဟေသုံ၊ ဖြစ်ကြပါကုန်ပြီ။

ဇမ္ဗုဒီပတလေ၊ ဇမ္ဗူဒိပ်ကျွန်းအပြင်၌။ ကုလဃရေ၊ အမျိုးအိမ်၌။ ဇာတာ၊ ဖြစ်ကြကုန်သော သူတို့သည်။ ယေဘုယျေန၊ များသောအားဖြင့်။ တဿ၊ ထိုဒေါဏပုဏ္ဏား၏။ နအန္တေဝါသိကောနာမ၊ တပည့်မဟုတ်သော သူမည်သည်။ နတ္ထိ၊ မရှိ။

ခန္တီဝါဒဖြင့် ဖျောင်းဖျခြင်း

ထိုအခါ၌ ဒေါဏပုဏ္ဏားသည် ထိုမင်းတို့ကို မိမိစကားကြား၍ အသံတိတ်ဆိတ်သည်တို့ကို သိရှိ၍ နောက်ထပ်တဖန် ဤစကားကို မိန့်ပြန်ပါသည်ဘုရား။

(၁) သုဏန္တု ဘောန္တော မမ ဧကဝါစံ၊
အမှာက ဗုဒ္ဓေါ အဟု ခန္တီဝါဒေါ။

နဟိ သာဓုယံ ဥတ္တမပုဂ္ဂလဿ၊
သရီရဘာဂေ သိယာ သမ္ပဟာရော။

(၂) သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ၊
သမ္မောဒမာနာ ကရောမဋ္ဌဘာဂေ။
ဝိတ္ထာရိကာ ဟောန္တု ဒိသာသု ထူပါ။
ဗဟူ ဇနာ စက္ခုမတော ပသန္နာ။

ဟူ၍ ဤဂါထာ နှစ်ခုအပေါင်းကို ဒေါဏပုဏ္ဏားသည် ပြောပြန်ပါသည် ဘုရား။

(၁) ဘောန္တော၊ အိုပြည်ထောင်ချင်း မင်းအပေါင်းတို့....။ မမ၊ ငါ၏။ ဧကဝါစံ၊ တခွန်းတည်းသော စကားကို။ သုဏန္တု ၊ နားထောင်ကြပါကုန်ဦးလော့။ အမှာက—အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ခန္တိဝါဒေါ၊ သည်းခံခြင်း အယူဝါဒရှိသည်။ အဟု၊ ဖြစ်ပြီ။ ဥတ္တမပုဂ္ဂလဿ၊ မြတ်သောပုဂ္ဂိုလ်ဖြစ်တော်မူသော မြတ်စွာဘုရား၏။ သရီရဘာဂေ၊ သရီရ ဓာတ်တော်ကို ဝေဘန်မှုကြောင့်။ အယံသမ္ပဟာရော၊ ဤလက်နက်တို့ဖြင့် ရိုက်နှက်ပုတ်ခတ်ခြင်းသည်။ သာဓု၊ ကောင်းသည်။ နသိယာ၊ မဖြစ်နိုင်ရာ။

(၂) ဘောန္တော၊ အိုပြည်ထောင်ချင်း မင်းအပေါင်းတို့....။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။တုမှေ၊ သင်တို့သည်။သဟိတာ၊ အစေ့အစပ် ဖြစ်ကြပါကုန်လော့။ သမဂ္ဂါ၊ ကိုယ်အား နှုတ်အားဖြင့် ညီညွတ်ကြပါကုန်လော့။ သမ္မောဒမာနာ၊ ဝမ်းမြောက်သော စိတ်ရှိကြကုန်သည်ဖြစ်၍ ။ အဋ္ဌဘာဂေ၊ ရှစ်ဘို့ရှစ်စုတို့ကို။ ကရောမ၊ ပြုကြပါကုန်စို့....။ ဒိသာသု၊ ဝန်းကျင်ပတ်ချာ အရပ်မျက်နှာတို့၌။ ထူပါ၊ သတ္တဝါတို့ ပူဇော်စရာစေတီတို့သည်။ ဝိတ္ထာရိကာ၊ ပြန့်ပြောကုန်သည်။ ဟောန္တု၊ ဖြစ်ကြပလေစေကုန်။ ဗဟူ၊ များစွာကုန်သော။ ဇနာ၊ လူအပေါင်းတို့သည်။ စက္ခုမတော ၊စက္ခုငါးပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား။ ပသန္နာ၊ ကြည်ညိုကြကုန်၏။

ဤသို့သော နှစ်ဂါထာတို့ကို ဒေါဏပုဏ္ဏားကြီး ပြောကြားပါသည် ဘုရား။

ထိုပြောကြားသည့်နှစ်ဂါထာအနက် အမှာက ဗုဒ္ဓေါတိ ဟူသော ပုဒ်ကို အမှာကံ၊ ငါတို့၏။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ အဟု ခန္တိဝါဒေါတိ ဗုဒ္ဓဘူမိံ အပတွာပိ ခန္တိဝါဒေါ၊ ခန္တီဝါဒရှိသည်။အဟု၊ ဖြစ်ပြီ....ဟူသောစကား၌ ဘုရား

အဖြစ်သို့ မရောက်သေးမီ ကပင်လျှင် ပါရမီတော်တို့ကို ဖြည့်ကျင့်စဉ် ခန္ဓိဝါဒီရသေ့ဖြစ်သော အခါကာလ၌ဌင်း ဓမ္မပါလမင်းသားဖြစ်သော အခါကာလ၌ဌင်း ဆဒ္ဒန်ဆင်မင်းဖြစ်သော အခါကာလ၌ဌင်း ဘူရိဒတ်နဂါးမင်းဖြစ်သော အခါကာလ၌ဌင်း စမ္မေယျနဂါးမင်းဖြစ်သော အခါကာလ၌ဌင်း သခ်ပါလနဂါးမင်းဖြစ်သော အခါကာလ၌ဌင်း မျောက်မင်း ဖြစ်တော်မူသောအခါကာလ၌ဌင်း များစွာကုန်သော အဖြစ်တော်တို့၌ သူတပါးတို့၌ အမျက်ကို မပြုမူ၍ သည်းခံခြင်းကို ပြုတော်မူခဲ့သည်သာလျှင်တည်း၊ သည်းခံခြင်းကို သာလျှင် ဘုရားကိုယ်တော်မြတ်သည် ချီးမွမ်းတော်မူ၏၊ ယခုအခါ၌ ဤဌ အနိဋ္ဌဖြစ်သော အာရုံတို့၌ တုန်လှုပ်ခြင်းမရှိ၊ သည်းခံခြင်း တာဒိဂုဏ်နှင့် ပြည့်စုံသည့်အဖြစ်သို့ ရောက်တော်မူ၏၊ ဘုရားအဖြစ်သို့ရောက်တော်မူသော အခါ၌ အဘယ်မှာ ဆိုဘွယ်ရာ ရှိပါတော့အံ့နည်း၊ အလုံးစုံသော အခြင်းအရာအားဖြင့်လည်း ငါတို့၏မြတ်စွာဘုရားသည် သည်းခံခြင်း ဝါဒရှိတော်မူ၏၊ ဤသို့အပြားရှိသော သည်းခံခြင်းဝါဒရှိတော်မူသော ထိုမြတ်စွာဘုရား၏ ဓာတ်တော်တို့ကိုဝေဘန်ခြင်းကြောင့် ဤထိုးခုတ်ပစ်ခတ် သတ်ခြင်းအမှုသည် ကောင်းမှုမဖြစ်နိုင်ရာလို့ အဋ္ဌကထာဆရာ မိန့်မှာတော်မူပါသည် အရှင်ဘုရား။

နဟိ သာဓုယံ ဥတ္တာမပုဂ္ဂလဿ၊ သရီရဘာဂေ သိယာ သမ္မဟာရောတိ နဟိ သာဓုယန္တိ နဟိ သာဓု အယံ-ဟု၍ ပဒစ္ဆေဒသံဝဏ္ဏနာပြု၍ ဖွင့်ပြပါသည်ဘုရား။

အယံ၊ ဤကဲ့သို့ ထိုးပစ်ပုတ်ခတ်ခြင်းသည်။ နသာဓု၊ မကောင်းသည်သာလျှင်တည်း။ သရီရဘာဂေတိ၊ သရီရဘာဂေဟူသည်ကား။ သရီရဝိဘာဂ-နိမိတ္တံ၊ သရီရဓာတ်တော်တို့ကို ဝေဘန်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဓာတုကောဋ္ဌာသဟေတု၊ ဓာတ်တော်အဘို့အစုတို့ကို ဝေဘန်ခြင်းတည်းဟူသော အကြောင်းကြောင့်။ ဣတိအတ္ထော။ ဤကား အနက်ဟူ မိန့်ပြတော်မူပါသည်ဘုရား။ သိယာ သမ္မဟာရောတိ အာဝုဓသမ္မဟာရော၊ လက်နက်ဖြင့် ပစ်ခတ်တိုက်ခြင်းသည်။ သာဓု၊ ကောင်းသည်။ နသိယာ၊ မဖြစ်ရာ။ ဣတိ၊ ဤသို့။ ဝုတ္တံဟောတိ၊ ဆိုလို၏။ ဤသို့အားဖြင့် အဋ္ဌကထာဆရာ မိန့်ဆိုတော်မူပါသည်ဘုရား။

သဗ္ဗေဝ ဘောန္တော သဟိတာတိ၊ သဗ္ဗေဝ ဘောန္တော သဟိတာ-ဟူသည်ကား။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ ဘောန္တော၊ အချင်း

တို့။ သဗ္ဗေဝ၊ အလုံးစုံသာလျှင် ဖြစ်ကုန်သော။ တုမ္ဟေ၊ သင်တို့သည်။ သဟိ တာ ဟောထ၊ မကဲ့မပြား ဖြစ်ကြပါကုန်လော့။ မာ ဘိဇ္ဇထ၊ မကဲ့ပြားကြ ပါကုန်လင့်။ သမဂ္ဂါတိ၊ သမဂ္ဂါဟူသည်ကား။ကာယေနစ၊ ကိုယ်အားဖြင့်၎င်း။ ဝါစာယစ၊ နှုတ်အားဖြင့်၎င်း။ ဧကဿနိပါတာ၊ တပေါင်းတစုတည်းတို့ တည်း။ ဧကဝစနာ၊ တခွန်းတည်းသော စကားတို့တည်း။ သမဂ္ဂါ၊ ညီညွတ်ကြကုန် သည်။ ဟောထ၊ ဖြစ်ကြပါကုန်လော့။ ဤသို့ ဖွင့်ပြတော်မူပါသည် ဘုရား။

သမ္မောဒမာနာတိ၊ သမ္မောဒမာနာဟူသည်ကား။ စိတ္တေနာပိ၊ စိတ် အားဖြင့်လည်း။ အညမညံ၊ အချင်းချင်း။ သမ္မောဒမာနာ ဟောထ၊ ဝမ်း မြောက်ကြပါကုန်လော့။ ကရောမဋ္ဌဘာဂေတိ၊ ကရောမဋ္ဌဘာဂေ-ဟူသည် ကား။ ဘဂဝတော၊ မြတ်စွာဘုရား၏။ သရီရာနိ၊ သရီရဓာတ်တော်တို့ကို။ အဋ္ဌဘာဂေ၊ ရှစ်ဘို့ရှစ်စုတို့ကို။ ကရောမ၊ ပြုကြပါကုန်စို့။ စက္ခုမတောတိ၊ စက္ခုမတော ဟူသည်ကား။ ပဥ္စဟိစက္ခုဟိ၊ ငါးပါးသော စက္ခုတို့ဖြင့်။ စက္ခု-မတော၊ မျက်စိအမြင်ရှိတော်မူသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရားအား။ ကေဝလံ၊ သက်သက်။ တုမ္ဟေယေဝ၊ သင်တို့သည်သာလျှင်။ နု ပသန္နာ၊ ကြည်ညိုကြ သည် မဟုတ်ကုန်။ ဗဟုဇနေပိ၊ များစွာသော လူအပေါင်းသည်လည်း။ ပသန္နာ၊ ကြည်ညို၏၊ တေသု၊ ထိုလူအပေါင်းတို့တွင်။ ဧကောပိ၊ တယောက် သောသူသည်လည်း၊ လဒ္ဓံ၊ ရခြင်းငှ၊။ အယုတ္တောနာမ၊ မသင့်သည်မည်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ဗဟုံ၊ များစွာသော။ ကာရဏံ၊ အကြောင်းကို။ ဝတ္ဝာ၊ ပြောဆို၍။ သညာပေသိ၊ ပြည်ထောင်ချင်းမင်းတို့ကို သိစေပါသည် ဘုရား။

တေသံ သံဃာနံ ဂဏာနံ ပဋိဿုတ္ဝာတိ၊ တေသံ သံဃာနံ ဂဏာနံ ပဋိဿုတ္ဝာ-ဟူသည်ကား။ တတော တတော၊ ထိုထိုတိုင်းပြည် ထိုထိုမြို့ရွာမှ။ တေသံ တေသံ သမာဂတသံဃာနံ၊ထိုထိုလာရောက်ကြကုန်သော မင်းအပေါင်း တို့၏။ တေသံ တေသံ သမာဂတဂဏာနံ၊ ထိုထိုလာရောက်ကြကုန်သော အစု အဝေးတို့၏။ ဝစနံ၊ စကားကို၊ ပဋိဿုဏိတ္ဝာ၊ ကြား၍။ ဤသို့ ဖွင့်ပြပါသည် ဘုရား။

ဘဂဝတော သရီရာနိ အဋ္ဌဓာ သမံ သုဝိဘတ္တံ ဝိဘဇိတ္ဝာတိ ဧတ္ထ၊ ဘဂဝတော သရီရာနိ အဋ္ဌဓာ သမံ သုဝိဘတ္တံ ဝိဘဇိတ္ဝာ-ဟူသော ဤစကား ရပ်၌ ဤဆိုလတ္တံ့သည်ကား အစဉ်ဖြစ်သော စကားပါဘုရား။

ဒေါက်ပုဏ္ဏားသည်ကား ထိုမင်းအပေါင်းတို့၏ စကားကြားရသည်ဖြစ်၍ ရွှေစကျင်းကို ဖွင့်လှစ်ပါသည်တဲ့ဘုရား၊ မင်းအပေါင်းတို့သည် လာရောက်ကြကုန်၍ ရွှေစကျင်းအနီး၌ပင်လျှင် တည်ကြကုန်လျက် ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ဓာတ်တော်တို့ကို မြင်ကြရကုန်၍—

မင်းအပေါင်းတို့ ငိုကြွေးခြင်း

ဘဂဝါ သဗ္ဗညူ ပုဗ္ဗေ မယံ တုမှာကံ ဒဠှတ္တိံ သမဟာပုရိသလက္ခဏပဋိ-မဏ္ဍိတံ ဆဗ္ဗဏ္ဏပုဋဓရသ္မိခစိတံ အသီတိအနုဗျဉ္ဇနသမုဇ္ဇလိတသောဘံ သုဝဏ္ဏဝဏ္ဏံ သရီရံ အဒ္ဒသာမ၊ ဣဒါနိ ပန သုဝဏ္ဏဝဏ္ဏာဝ ဓာတုယော အဝသိဋ္ဌာ ဇာတာ၊ နယုတ္တမိဒံ ဘဂဝါ တုမှာကန္တိ ပရိဒေဝိံ သု။

သဗ္ဗညူ၊ အလုံးစုံသောတရားအပေါင်းကို သိမြင်တော်မူသော။ ဘဂဝါ၊ ဘုန်းတော်သခင် ကျေးဇူးရှင်မြတ်စွာဘုရား။ ပုဗ္ဗေ၊ ပရိနိဗ္ဗာန်မစံမီ ရွှေအဘို့ အခါကာလ၌။မယံ၊ ဘုရားတပည့်တော်တို့သည်။တုမှာကံ၊ အရှင်ဘုရားတို့၏။ ဒဠှတ္တိံ သမဟာပုရိသလက္ခဏပဋိမဏ္ဍိတံ၊ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့ဖြင့် တန်ဆာဆင်ယင်အပ်သော။ ဆဗ္ဗဏ္ဏပုဋဓရသ္မိခစိတံ၊ ခြောက်ပါးသော အဆင်းရှိသော ဘုရားရောင်ခြည်တော်တို့ဖြင့် ခြယ်စီအပ်သော။ အသီတိအနုဗျဉ္ဇနသမုဇ္ဇလိတသောဘံ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တပြောင်ပြောင်တောက်ပသဖြင့် တင့်တယ်တော်မူသော။ သုဝဏ္ဏဝဏ္ဏံ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိတော်မူသော။ သရီရံ၊ကိုယ်တော်မြတ်ကို။အဒ္ဒသာမ၊မျက်ဝါးထင်ထင် ဖူးမြင်ကြရပါကုန်သည် ဘုရား။ ပန၊ သို့သော်လည်း။ ဣဒါနိ၊ ယခုအခါ၌။ သုဝဏ္ဏဝဏ္ဏာဝ၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်သာလျှင် ဖြစ်ကုန်သော။ ဓာတုယော၊ ဓာတ်တော်တို့သည်။ အဝသိဋ္ဌာ ဇာတာ၊ ကြွင်းကျန် ကြပါကုန်တော့သည် ဘုရား။ ဘဂဝါ၊ ဘုန်းတော်သခင် ကျေးဇူးရှင် မြတ်စွာဘုရား....။ဣဒံ၊ ဤကဲ့သို့ ဖြစ်ရခြင်းသည်။ တုမှာကံ၊ ကျေးဇူးတော်ရှင် အရှင်ဘုရားတို့အား။ နယုတ္တံ၊ မသင့်လျပါတော့သည်ဘုရား။ ဣတိ၊ ဤသို့။ ပရိဒေဝိံ သု၊ ငိုကြွေး ကြပါကုန်သည်ဘုရား။

စီစဉ်ခက်း ၂–၆

ဒေါဏပုဏ္ဏား ဓာတ်တော်ဝေခဏ်း

ဒေါဏပုဏ္ဏားသည် ထိုအခါ၌ ထိုမင်းအပေါင်းတို့၏ မေ့လျော့သည်၏ အဖြစ်ကိုသိ၍ လက်ျာ ညာခေါ် စွယ်တော်မြတ်ကိုယူ၍ ခေါင်းပေါင်းဦးရစ်ထဲမှာ ဝှက်၍ထားလိုက်ပါသည်ဘုရား။

ထိုမှနောက်၌ ကြွင်းကျန်သော ဓာတ်တော်တို့ကို ရှစ်ဘို့ရှစ်စုပြု၍ ဝေဘန်ပေးပါသည်ဘုရား၊ အလုံးစုံသောဓာတ်တော်တို့ကို ပကတိဖြစ်သော ပြည်တောင်းဖြင့်ခြင်၍ တဆယ့်ခြောက်ပြည်တို့ ဖြစ်ကြပါကုန်သည်ဘုရား၊ တဦးတဦးသော မြို့သူမြို့သားတို့သည် တမြို့တမြို့မှ လာရောက်ကုန်သော မင်းတို့သည် နှစ်ပြည်နှစ်ပြည်ကုန်သော ဓာတ်တော်တို့ကို ရကြပါကုန်သည်ဘုရား။

လက်ျာ စွယ်တော်

ဒေါဏပုဏ္ဏား၏ ဓာတ်တော်တို့ကို ဝေဘန်၍နေစဉ် နတ်တို့ကို အစိုးရသော သိကြားမင်းသည် လျှောက်ထားလတ္တံ့သော နည်းအားဖြင့် ကြံစည်ပါသည်ဘုရား၊ ရှာဖွေပါသည်ဘုရား။

ကေန နု ခေါ သဒေဝကဿ လောကဿ ကခ်ဆွေဒနတ္ထာယ စတုသစ္စကထာယ ပစ္စယဘူတာ ဘဂဝတော ဒက္ခိဏဒါဋ္ဌာ ဂဟိတာတိ သြလောကေန္တော ဗြာဟ္မဏေန ဂဟိတာတိ ဒိသ္ဒာ ဗြာဟ္မဏောပိ ဒါဋ္ဌာယ အနုစ္ဆဝိကံ သက္ကာရံ ကာတုံ နသက္ခိဿတိ ဂဏ္ဌာမိ နန္တိ ဝေဋ္ဌန္တရတော ဂဟေတ္ဒာ သုဝဏ္ဏစက်ောဋ္ဌကေ ဌပေတ္ဒာ ဒေဝလောကံ နေတ္ဒာ စူဋ္ဌာမဏိစေတိယေ ပတိဋ္ဌပေသိ-ဟု အဋ္ဌကထာဆရာ မိန့်ပြပါသည်ဘုရား။

သဒေဝကဿ၊ နတ်နှင့်တကွသော။ လောကဿ၊ လူအပေါင်း၏။ ကခ်ဆွေဒနတ္ထာယ၊ ယုံမှားမှုကို ဖြတ်ခြင်းအကျိုးငှါ။ စတုသစ္စကထာယ၊ သစ္စာလေးပါးတရားဟောကြားခြင်းအကျိုးငှါ။ ပစ္စယဘူတာ၊ အကြောင်းဖြစ်၍ဖြစ်သော။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ဒက္ခိဏဒါဋ္ဌာ၊ လက်ျာခေါ်မှတ် စွယ်တော်မြတ်ကို။ ကေန၊ အဘယ်ပုဂ္ဂိုလ်သည်။ ဂဟိတာနုခေါ၊ ယူအပ်လေသနည်း။ ဣတိ၊ ဤသို့။ သြလောကေန္တော၊ ရှာဖွေစူးစမ်းသည်ရှိသော်။ ဗြာဟ္မဏေန၊ ဒေါဏပုဏ္ဏားသည်။ ဂဟိတာ၊ ယူအပ်၏။ ဣတိ၊ ဤသို့။ ဒိသ္ဒာ၊ မြင်၍။ ဗြာဟ္မဏောပိ၊ ဒေါဏပုဏ္ဏားသည်လည်း။ ဒါဋ္ဌာယ၊

စ္ဆယ်တော်မြတ်အား။ အနုစ္ဆဝိကံ၊ လျောက်ပတ်သော။ သင်္ကာခုံ၊ ပူဇော် သင်္ကာရကို။ ကာတုံ၊ ပြုခြင်းငှါ။ နသင်္ခိသတိ၊ မစ္ဆမ်းနိုင်လိမ့်လတ္တံ့ ။ နံ၊ ထို စ္ဆယ်တော်ကို။ အဟံ၊ ငါသည်။ ဂဏှာမိ၊ ယူတော့အံ့။ ဣတိ၊ ဤသို့။ ဌေဌန္တရတော၊ ဦးရစ်ခေါင်းပေါင်းကြားမှ၊ ဂဟေတ္ဝာ၊ ယူ၍။ သုဝဏ္ဏစင်္ကော-ဋိကော၊ ရွှေကလပ်၌။ ဌပေတ္ဝာ၊ တင်ထား၍။ ဒေဝလောကံ၊ နတ်ပြည်သို့။ နေတ္ဝာ၊ ဆောင်၍။စူဠာမဏိစေတိယေ၊ စူဠာမဏိစေတီတော်၌။ ပတိဋ္ဌပေသိ၊ တည်ထားပါသည်အရှင်ဘုရား။

ဒေါဏပုဏ္ဏား ဖြစ်အင်

ဒေါဏပုဏ္ဏားသည် ဓာတ်တော်တို့ကို ဝေဘန်ပြီး၍ လက်ျာခေါ်မှတ် စ္ဆယ်တော်မြတ်ကို မမြင်သည်ရှိသော် ခိုးမှုဖြင့် ယူထားအပ်သည်၏ အဖြစ် ကြောင့် အဘယ်သူသည် ငါ၏လက်ျာခေါ်မှတ် စ္ဆယ်တော်မြတ်ကို ယူလေ သနည်းဟု မေးခြင်းငှါလည်း မတတ်နိုင်ပါတော့သည် အရှင်ဘုရား၊ သင်သည် ပင်လျှင် ဓာတ်တော်တို့ကို ဝေခြမ်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် သင်သည် ရွှေဦးစွာ မိမိ၏ဓာတ်တော်အဘို့ကို ရှိသည်၏အဖြစ်ကို မသိရ သလဲဟု မိမိအပေါ်၌ အပြစ်တင်မည့်အဖြစ်ကို မြင်သည်ဖြစ်၍ ငါ့အားလည်း အဘို့ကို ပေးကြပါကုန်လော့ဟု ဆိုခြင်းငှါ မတတ်နိုင်တော့ပါဘုရား။

ထိုမှနောက်၌ "အကြင်ပြည်တောင်းဖြင့် မြတ်စွာဘုရား၏ ဓာတ်တော် တို့ကို ခြင်တွယ်အပ်၏၊ ဤပြည်တောင်းသည်လည်း ဓာတ်တော်တို့နှင့် တူသော သဘောရှိသည်သာလျှင်တည်း"ဟု ကြံစည်၍ ဣမံ မေ ဘောန္တော တုမ္ဟံ ဒဒန္တု။တိအာဟ-ဟု အဋ္ဌကထာမိန့်မှာပါသည်ဘုရား။ ဘောန္တော၊ အိုပြည်ထောင်ချင်း မင်းအပေါင်းတို့....။ ဣမံ တုမ္ဟံ၊ ဤပြည်တောင်းကို။မေ၊ ငါ့အား။ ဒဒန္တု၊ ပေးကြပါကုန်လော့....။ ဣတိ၊ ဤသို့။ အာဟ၊ ပြောကြား လေပြီ။

ပိပ္ပလိဝနိယ ပြည်သားဖြစ်ကုန်သော မောရိယ လူမျိုးတို့သည်လည်း အဇာတသတ်အစရှိသည်တို့ကဲ့သို့ တမန်လွှတ်ခြင်း. စာချုန်ပေးခြင်းကို စေ လွှတ်၍ စစ်ထိုးအံ့သော အစီအရင်ကို ပြုကြကုန်လျက် ထွက်လာခဲ့ကြကုန် သည်ဟု မိန့်တော်မူပြန်ပါသည်ဘုရား။

ဓာတ်တော်ပူဇော်ခက်းများ

ရာဇဂဟော ဘဂဝတော သရီရာနံ ထူပဉ္စ မဟဉ္စ အကာသိ။

ရာဇဂဟော၊ ရာဇ၌ဟ်မြို့၌။ ဘဂဝတော၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်၏။ သရီရာနံ၊ သရီရဓာတ်တော်တို့၏။ ထူပဉ္စ၊ စေတီတော်ကိုငင်း။ မဟဉ္စ၊ ပူဇော်ဖွယ်ကိုငင်း။ အကာသိ၊ ပြုလေပြီ။

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်ကို ကထံ အကာသိ၊ အဘယ်သို့ ပြုသနည်းဟု မေးခွန်းထုတ်၍ အဋ္ဌကထာဆရာ ရှင်းလင်းပြပုံကို ဆက်လက်လျှောက်ထားပြပါဦးမည်ဘုရား။

ကုသိနာရုံ မလ္လာမင်းတို့၏ အရပ်မှ ရာဇ၌ဟ်မြို့သို့ တိုင်အောင် ယူဇနာအကွာအဝေးအားဖြင့် နှစ်ဆဲငါးယူဇနာတို့ ရှိပါကုန်သည်၊ ဤခရီးနှစ်ဆဲငါးယူဇနာအတွင်း၌ ရှစ်ဥသဘအကျယ်အဝန်းရှိသော အညီအညွတ်ဖြစ်သော လမ်းခရီးကို ပြုလုပ်စေ၍ ကုသိနာရုံပြည် မလ္လာမင်းတို့သည် **မကုဋ္ဌ ဗန္ဓန** မည်သော အထွဋ်တပ်၍ မကိုင်ဖူးတပ်၍ ထားအပ်သော အဆောက်အဦ၏ငင်း **သန္ဆာဂါရ**ဟု ခေါ်ဆိုအပ်သော မြို့သူမြို့သား၏ အကျိုးစီးပွါးကို ဆုံးမရာ အဆောက်အဦ၏ငင်း ထိုနှစ်ခုတို့၏ အကြားဒ္ဒအကြင်သို့ သဘောရှိသော ပူဇော်ခြင်းကို ပြုလုပ်ကြပါကုန်ပြီ၊ ထိုသို့သဘောရှိသော ပူဇော်ခြင်းကို နှစ်ဆဲငါးယူဇနာရှိသော ခရီးဒ္ဒလည်း ပြုလုပ်၍ လောကသားလူအများ၏ မပျင်းရိစေခြင်း, စိတ်ရှင်လန်းစေခြင်း အကျိုးငှါ အလုံးစုံသော အရပ်တို့ဒ္ဒ အိမ်စျေးတို့ကို တည်ခင်းသည်ဖြစ်၍ ရှေ့ဖြင့်ပြီးသော စကျင်းဒ္ဒ တည်ထားအပ်သော မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို လှုံမခွန်းတောင်းတို့ဖြင့် ကာရုံခြင်းဖြင့် ကာရုံလျက် မိမိ၏တိုင်းပြည်ဒ္ဒ ယူဇနာငါးရာ အဝန်းအဝိုင်းရှိသော အရပ်ဒ္ဒ လူအပေါင်းတို့ကို စည်းဝေးစေပါသည်ဘုရား။

ထိုလူအပေါင်းတို့သည် ဓာတ်တော်တို့ကိုယူ၍ ကုသိနာရုံပြည်မှ **သာဓု ကီဠိဘ** မည်သော မြတ်သော ကစားမြူးထူးခြင်းကို ကစားမြူးသူးကြကုန်၍ အကြင်အကြင်သို့သောအရပ်ဒ္ဒ ရှေအဆင်းနှင့်တူသော အဆင်းရှိသော ပန်းတို့ကို တွေ့မြင်ကြရကုန်၏၊ ထိုသို့သဘောရှိသောအရပ်ဒ္ဒ ဓာတ်တော်တို့ကို လှုံမတို့ဖြင့် ကာရုံ၍ ထားအပ်သော အတွင်းဒ္ဒ ထား၍ ပူဇော်မှုကို ပြုလုပ်ကြ

ပါကုန်သည်ဘုရား၊ ထို၌ရှေအဆင်းနှင့်တူသော အဆင်းရှိသော ပန်းတို့၏ ကုန်ခန်းသော အခါကာလ၌ ဆက်လက်၍ သွားကြပြန်ပါကုန်သည်ဘုရား။

ရထားဦးစွန်းသည် နောက်ဆုံးဖြစ်သော အရပ်၌နသို့ ရောက်လတ်သည် ရှိသော် ခုနစ်ရက်ဘို့ ကာလပတ်လုံး သာဓုကီဠိတဟု ခေါ်ဆိုအပ်သော ကောင်းသော ကစားမြူးထူးခြင်းကို ကစားမြူးထူးကြပါကုန်သည်၊ ဤသို့ ခေတ်တော်တို့ကို ယူဆောင်၍ လာကြကုန်သော သူတို့၏ လာကြကုန်စဉ် ခုနစ်နှစ် ခုနစ်လ ခုနစ်နေ့တို့သည် ကုန်လွန်၍ သွားကြပါကုန်သည် ဘုရား။

မိစ္ဆာဒိဋ္ဌိတို့ ကဲ့ရဲ့ခြင်း

ရတနာသုံးပါးနှင့် မြတ်စွာဘုရားသာသနာတော်ကို မယုံကြည်ကြကုန်သော မိစ္ဆာဒိဋ္ဌိတို့သည်မူကား ဆိုလတ္တံ့သော စကားဖြင့် ကဲ့ရဲ့သရော်စကား တင်းဆိုကြပါကုန်သည်ဘုရား။

သမဏာသ ဂေါတမာသ ပရိနိဗ္ဗုတကာလတော ပဋ္ဌာယ ဗလက္ကာရေန ဓ ဝ
သာဓုကီဠိတာယ ဥပဒ္ဒုတာမှ၊ သဗ္ဗေ နော ကမ္မန္တာ နဋ္ဌာတာ။

သမဏာသ ဂေါတမာသ၊ ရဟန်းဂေါတမ၏။ ပရိနိဗ္ဗုတကာလတော၊ ပရိနိဗ္ဗာန်စံယူသော အခါကာလမှ။ ပဋ္ဌာယ၊ စ၍။ ဗလက္ကာရေန၊ နိုင်ထက်မူသဖြင့်။ ဝါ၊ အတင်းပြုလုပ်သဖြင့်။ သာဓုကီဠိတာယ၊ ကောင်းစွာ ကစားမြူးထူးခြင်းသည်။ မယံ၊ ငါတို့ကို။ ဥပဒ္ဒုတာ၊ နှိပ်စက်အပ်ကုန်သည်။ အမှု၊ ဖြစ်ကြရကုန်ပြီ။ နော၊ ငါတို့၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ ကမ္မန္တာ၊ လုပ်ငန်းတို့သည်။ နဋ္ဌာ၊ ပျက်စီးကြရလေကုန်တော့၏။

ဤသို့ ကဲ့ရဲ့ကြကုန်လျက် စိတ်ဖြင့်ပြစ်မှား၍ ရှစ်သောင်းခြောက်ထောင်မျှကုန်သော မိစ္ဆာဒိဋ္ဌိတို့သည် အပါယ်ငရဲ၌ ဖြစ်ကြရပါကုန်ပြီ။

သိကြားမင်းအား တိုက်တွန်းကြပုံ

ရဟန္တာ အရှင်မြတ်တို့သည် ဆင်ခြင်သုံးသပ်တော်မူကြကုန်သည် ဖြစ်၍—

မဟာဇနော မနုံ ပဒေါသေတ္ဝာ အပါယေ နိဗ္ဗတ္တိတိ ဒိဋ္ဌာ သက္ကံ ဒေဝရာဇာနံ ဓာတုအာဟရဏူပါယံ ကာရေသာမာတိ တဿ

သန္တိကံ ဂန္ဆာ တမတ္ထံ အာရောစေတ္ဝာ ဓာတုအာဟရဏ္ဍုပါယံ ကရောမိ မဟာရာဇာတိ အာဟံသု။

မဟာဇနော၊ များစ္ဝာသော လူအပေါင်းသည်။ မနံ၊ စိတ်နှလုံးကို။ ပဒေါသေတ္ဝာ၊ ဒေါသဖြင့် ဖျက်ဆီး၍။ ဝါ၊ မနံပဒေါသေတ္ဝာ၊ စိတ်ဖြင့် ပြစ်မှား၍။ အပါယေ၊ အပါယ်ငရဲ၌၊ နိဗ္ဗတ္တိ၊ ဖြစ်ရရှာကြလေကုန်ပြီ။ ဣတိ၊ ဤသို့။ ဒိသ္ဝာ၊ မြင်တော်မူကုန်၍။ ဒေဝရာဇာနံ၊ နတ်တို့၏ မင်းဖြစ်သော။ သက္ကံ၊ သိကြားကို။ ဓာတုအာဟရဏ္ဍုပါယံ၊ ဓာတ်တော်ကို ဆောင်ယူခြင်း အကြောင်းဥပါယ်ကို။ ကာရေသာမ၊ ပြုလုပ်စေကုန်တော့အံ့။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးပိုက်၍။ တဿ၊ ထိုသိကြားမင်း၏။ သန္တိကံ၊ အထံသို့။ ဂန္ဆာ၊ သွား၍။ တမတ္ထံ၊ ထိုအကြောင်းကို။ အာရောစေတ္ဝာ၊ ပြောကြား၍။ မဟာရာဇ၊ မြတ်သောသိကြားမင်း....။ ဓာတုအာဟရဏ္ဍုပါယံ၊ ဓာတ်တော် ဆောင်ယူခြင်း၏ အကြောင်းပရိယာယ်ကို။ ကရောမိ၊ ပြုပါလော့။ ဣတိ၊ ဤသို့။ အာဟံသု၊ မိန့်ကြားတော်မူကြလေကုန်ပြီ။

သိကြားမင်း၏ ပရိယာယ်

ထိုအခါ သိကြားမင်းက လျှောက်ထားပြန်သည်မှာ—

ဘန္တေ ပုထုဇ္ဇနော နာမ အဇာတသတ္တုနာ သမော သဒ္ဓါ နာမ နတ္ထိ၊ န သော မမ ဝစနံ ကရိဿတိ၊ အပိစ ခေါ မာရဝိဘိံ သကသဒိသံ ဝိဘိံသကံ ဒဿေဿာမိ မဟာသဒ္ဒံ သာဝေဿာမိ ယက္ခဂါဟကခိပါဟကအရောစကေ ကရိဿာမိ၊ တုမှေ အမနုဿာ မဟာရာဇ ကုပိတာ ဓာတုယော အာဟရာ-ပေဿာတိ ဝဒေယျာထ၊ ဧဝံ သော အာဟရာပေဿတီတိ·ဟု သိကြားမင်းက ရဟန္တာအရှင်မြတ်တို့အားပြန်ပြောင်း၍ လျှောက်ထားပြန်ပါသည်ဘုရား။

ဘန္တေ၊ အိုအရှင်မြတ်တို့ဘုရား။ အဇာတသတ္တုနာ၊ အဇာတသတ်မင်း နှင့်။ သမော၊ တူသော။ သဒ္ဓါ၊ သဒ္ဓါတရားရှိသော။ ပုထုဇ္ဇနောနာမ၊ ပုထုဇဉ်ပုဂ္ဂိုလ်မည်သည်။ နတ္ထိ၊ မရှိပါဘုရား။ သော၊ ထိုအဇာတသတ်မင်း သည်။ မမ၊ ဘုရားတပည့်တော်၏။ ဝစနံ၊ စကားကို။ နကရိဿတိ၊ မလိုက်နာလတ္တံ့။ အပိစခေါ၊ စင်စစ်သော်ကား။ မာရဝိဘိံသကသဒိသံ၊ မာရ်နတ်မင်း ခြောက်လှန့်ခြင်းနှင့်တူသော။ဝိဘိံသကံ၊ကြောက်လန့်စရာကို။

ဒဃေဿသာမိ၊ ပြုပါအံ့။ မဟာသဒ္ဒါ၊ ကြီးကျယ်စွာသော အသံကို။ သာဝေဿာမိ၊ ကြားစေပါအံ့။ ယက္ခဂါဟကခိပိတကအရောစကော၊ ဘီလူး ဖမ်းစားအပ်သည်ဖြစ်၍ စိတ်ပျံ့လွင့်သည်ဖြစ်၍ စကားမပြောသည်တို့ကို။ ကရိဿာမိ၊ ပြုပါအံ့။ တုမ္ဟေ၊ အရှင်ဘုရားတို့က။ မဟာရာဇ၊ မြတ်သော မင်းကြီး....။အမနုဿာ၊ နတ်တို့သည်။ ကုပိတာ၊ အမျက်ထွက်ကြလေကုန်ပြီ။ ဓာတုယော၊ ဓာတ်တော်တို့ကို။ အာဟာရာပေထ၊ ဆောင်ယူစေကြပါကုန် လော့။ ဣတိ၊ ဤသို့။ ဝဒေယျာထ၊ ညွှန်ကြားတော်မူကြပါကုန်ဘုရား။ ဧဝံ၊ ဤသို့ မိန့်ကြားတော်မူကြသည်ရှိသော်။ သော၊ ထိုအဇာတသတ်မင်း သည်။ အာဟာရာပေဿတိ၊ ဓာတ်တော်တို့ကို ဆောင်ယူစေပါလတ္တံ့။ ဤသို့ လျှောက်ထားပါသည်ဘုရား။

အဇာတသတ်အား ပြောကြားခဏ်း

ထိုအခါ သိကြားမင်းသည် ထိုအလုံးစုံကို ပြုလုပ်ပါသည်၊ ရဟန္တာအရှင် မြတ်တို့သည်လည်း အဇာတသတ်မင်းသို့ ချဉ်းကပ်၍——

မဟာရာဇ အမနုဿာ ကုပိတာ၊ ဓာတုယော အာဟာရာပေဟိတိ ဘဏိံသု။

မဟာရာဇ၊ မြတ်သောမင်းတရား....။ အမနုဿာ၊ နတ်တို့သည်။ ကုပိတာ၊ အမျက်ထွက်ကြလေကုန်ပြီ။ ဓာတုယော၊ ဓာတ်တော်တို့ကို။ အာဟာရာပေဟိ၊ ဆောင်ယူစေပါလော့။ ဣတိ၊ ဤသို့။ ဘဏိံသု၊ မိန့်ကြား တော်မူကြပါကုန်သည်။

မင်းတရားကမူကား——

နတာဝ ဘန္တေ မယှ စတ္တ တုဿတ၊ ဧဝံ သန္တေပ အာဟရန္တူတ အာဟ။

ဘန္တေ၊ အိုအရှင်ဘုရားဝို့....။ မယှံ၊ ဘုရားတပည့်တော်၏။ စိတ္တံ၊ စိတ်သည်။ နတာဝ တုဿတိ၊ နှစ်သက်တင်းတိမ်ခြင်း မရှိသေးပါ ဘုရား။ ဧဝံ သန္တေပိ၊ ဤသို့ပင် ဖြစ်ပါသော်လည်း။ အာဟရန္တု၊ ဆောင်ယူပါစေ ကုန်ဘုရား ဟု လျှောက်ထား ပါသည်။

စေတီ တည်ကြခြင်း

ခုနစ်ရက်မြောက်သောနေ့၌ ဓာတ်တော်တို့ကို ဆောင်ယူကြလေကုန်၏၊ ဤသို့ ဆောင်ယူအပ်ကုန်သော ဓာတ်တော်တို့ကို ယူ၍ ရာဇဂြိုဟ်မြို့၌ စေတီတော်ကိုရင်း ပူဇော်ခြင်းကိုရင်း ပြုကြပါကုန်သည် ဘုရား၊ အဇာတသတ် မင်းမှ တပါးသောမင်းတို့သည်လည်း မိမိ မိမိ၏စွမ်းအားလျောက်ပတ်သဖြင့် ဓာတ်တော်ဘို့ကို ဆောင်ယူကြကုန်၍ အသီးအသီးဖြစ်သော ဌာနတို့၌ စေတီကိုရင်း ပူဇော်ခြင်းကိုရင်း ပြုကြပါကုန်သည် ဘုရား။

ဧဝမေတံ ဘူတပုဗ္ဗန္တိ၊ ဧဝမေတံ ဘူတပုဗ္ဗံ ဟူ၍ မြတ်စွာဘုရားဟောတော်မူအပ်သော ဒေသနာတော်၌ ပါဋ္ဌိတော်ကို မူတည်၍ ဧဝံ ဧတံဓာတု ဘာဇနဥ္ဇေဝ စသည်ဖြင့် အဌကထာဆရာ မိန့်ပြပြန်ပါသည် ဘုရား။

ဤဓာတ်တော် ဝေဘန်ခြင်းကိုရင်း ဆယ်ဆူကုန်သော စေတီတော်တို့ကို တည်ဆောက်ခြင်းကိုရင်း ဇမ္မူဒိပ်ကျွန်း အပြင်၌ ရှေးက ဖြစ်ဘူးလေပြီဟု နောက်နှောင်း၌ဖြစ်ကြကုန်သော သံဂါယနာတင် သံဂီတိကာရက အရှင်မြတ်တို့သည် မိန့်ကြားတော်မူခဲ့ကြပါကုန်သည် အရှင်ဘုရား။

ဓာတ်တော် သိုမှီးခြင်း

ဤသို့စေတီတို့ကို တည်ထားပြီးလတ်ကုန်သည်ရှိသော် အရှင်မဟာကဿပမထေရ်မြတ်သည် မြတ်စွာဘုရား ဓာတ်တော်တို့၏ အန္တရာယ်ကို သိမြင်တော် မူသည်ဖြစ်၍ အဇာတသတ် မင်းထံသို့ ချဉ်းကပ်တော်မူပြီးလျှင် —

မဟာရာဇ ဧကံ ဓာတုနိဓာနံ ကာတုံ ဝဋ္ဌတီတိ အာဟ။

မဟာရာဇ၊ မြတ်သော မင်းတရား....။ ဧကံ၊ တခုသော။ ဓာတုနိဓာနံ၊ ဓာတ်တော်သိုမှီးခြင်းကို။ ကာတုံ၊ ပြုခြင်းငှါ။ ဝဋ္ဌတိ၊ သင့်၏။ ဣတိ၊ ဤသို့။ အာဟ၊ မိန့်တော်မူပါသည် ဘုရား။

ထိုအခါ အဇာတသတ် မင်းတရားက အရှင်ဘုရား....ကောင်းလှပါပြီ၊ ဓာတ်တော် သိုမှီး သိမ်းဆည်းခြင်း အမှုသည် ဘုရားတပည့်တော်၏ တာဝန်

ဖြစ်ပါစေတော့၊ ကြွင်းသော ဓာတ်တော်တို့ကို ဘုရားတပည့်တော်သည် အဘယ်ကဲ့သို့ ဆောင်ယူရပါမည်နည်း ဘုရား-ဟု လျှောက်ထား၏။

ထိုအခါ အရှင်မဟာကဿပ မထေရ်မြတ်က မြတ်သော မင်းတရား....၊ ဓာတုအာဟာရဏံ၊ ဓာတ်တော် ဆောင်ယူခြင်းသည်။တုယ္ဟံ၊ သင်၏။နဘာရော၊ တာဝန်မဟုတ်။ အမှာကံ၊ ငါတို့၏။ ဘာရော၊ တာဝန်တည်း။ ဓာတ်တော် ဆောင်ယူခြင်းသည် သင်မင်းတရား၏ တာဝန်မဟုတ်၊ ငါတို့၏ တာဝန်သာ ဖြစ်သည်ဟု မိန့်တော်မူပါသည် ဘုရား။

ထိုအခါ အဇာတသတ်မင်းက “အရှင်ဘုရား....ကောင်းလှပါပြီ၊ အရှင် မြတ်တို့သည် ဓာတ်တော်တို့ကို ဆောင်ယူတော်မူကြပါကုန်၊ ဘုရားတပည့် တော်သည် ဓာတ်တော်သို့မှီးခြင်းကို ပြုလုပ်ပါတော့မည်ဘုရား”၊ ဤသို့ လျှောက်ထားပါသည်။

ရှင်မဟာကဿပမထေရ်မြတ်သည် ထိုထိုမင်းမျိုးတို့၏ ကိုးကွယ်ပူဇော် လောက်ရုံမျှသော ဓာတ်တော်ကိုသာ ထားခဲ့၍ ကြွင်းသော ဓာတ်တော်တို့ကို ဆောင်ယူတော်မူခဲ့ပါသည်ဘုရား။

နဂါးတို့ သိမ်းသွားသော ဓာတ်တော်

ရာမဂါမ မည်သော ရွာဌ်မူကား ဓာတ်တော်တို့ကို နဂါးတို့က သိမ်း ဆည်း၍ ထားကြပါကုန်သည်ဘုရား၊ ထိုနဂါးတို့သိမ်းဆည်း၍ ထားကုန်သော ဓာတ်တော်တို့၏ အန္တရာယ်သည် မရှိပါပြီ။

အနာဂတေ လင်္ကာဒီပေ မဟာဝိဟာရေ မဟာစေတိယမှိ နိဒဟိဿန္တိ။

အနာဂတေ၊ နောင်သော အခါကာလ၌။ လင်္ကာဒီပေ၊ လင်္ကာဒီပ သီဟဠဟု နာမခေါ်ဆို ကျွန်းသီဟိုဠ်၌။ မဟာဝိဟာရေ။ မဟာဝိဟာရ ကျောင်းတိုက်ကြီး၌။ မဟာစေတိယမှိ၊ မဟာစေတီတော်ကြီး၌။ နိဒဟိဿန္တိ၊ သိုမှီးသိမ်းဆည်းကြကုန်လတ္တံ့။

ဤသို့ စကားဆို ရှိပါသောကြောင့် ထိုဓာတ်တော်တို့ကို မဆောင်မူ၍ ကြွင်းကုန်သော ခုနစ်မြို့တို့မှ ဓာတ်တော်တို့ကို ဆောင်ယူ၍ ရာဇဂြိုဟ်မြို့၏ အရှေ့တောင် မျက်နှာအရပ်အဘို့၌တည်၍——

မဟာသာဝက စေတီ

ဣမသ္မိံ ဋ္ဌာနေ ယော ပါသာဏော အတ္ထိ၊ သော အန္တရဓာယတု၊ ပံသု သုဝိသုဒ္ဓါ ဟောတု၊ ဥဒကံ မာ ဥဋ္ဌဟတူတိ အဓိဋ္ဌာသိ။

ဣမသ္မိံ ဋ္ဌာနေ၊ ဤအရပ်ဋ္ဌာနဋ္ဌ။ ယောပါသာဏော၊ အကြင်ကျောက် ဖျာသည်။ အတ္ထိ၊ ရှိ၏။ သောပါသာဏော၊ ထိုကျောက်ခဲကျောက်ဖြာ ဟူသမျှသည်။ အန္တရဓာယတု၊ ကွယ်ပျောက်စေသတည်း။ ပံသု၊ မြေမှုန့်သည်။ သုဝိသုဒ္ဓါ၊ ကောင်းစွာ အထူးသဖြင့် စင်ကြယ်သည်။ ဟောတု၊ ဖြစ်စေသတည်း။ ဥဒကံ၊ ရေသည်။ မာဥဋ္ဌဟတု၊ မထ-မကွက်စေသတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌာသိ၊ အဓိဋ္ဌာန်တော်မူပြီ။

မင်းသည် ထိုနေရာပဋ္ဌာနကို တူးစေ၍ ထိုနေရာမှ တူး၍ ရအပ်သော ဆောင်ယူအပ်သော မြေမှုန့်ဖြင့် အုတ်ဘိုးကို ပြုလုပ်စေ၍ ရှစ်ကျိပ်ကုန်သော မဟာသာဝကတို့၏ စေတီဘိုးကို ပြုလုပ်စေပါသည်ဘုရား။

ဣမ ရာဇာ ကိံ ကာရေတီတိ ပုစ္ဆန္တာနမ္ပိ မဟာသာဝကာနံ စေတိယာနိတိ ဝဒန္တိ။

ရာဇာ၊ မင်းမြတ်သည်။ ဣမ၊ ဤအရပ်၌။ ကိံ ကာရေတိ၊ အဘယ်ကို ပြုစေသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆန္တာနမ္ပိ၊ မေးမြန်းကုန်သော သူတို့အား လည်း။ မဟာသာဝကာနံ၊ အသီတိမဟာသာဝကတို့၏။ စေတိယာနိ၊ စေတီတို့ကို။ ကာရေသိ၊ ပြုလုပ်စေ၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ ပြောကြားကြပါကုန်၏။

စေတီတော် အစိအစဉ်

ဤအရပ်၌ မင်းသည် ဘာလုပ်သလဲ ဟု မေးတဲ့အခါ ထိုမေးလာသော သူတို့အား အသီတိမဟာသာဝကတို့၏ စေတီတော်တို့ကို ပြုလုပ်သည်ဟု ပြောကြပါကုန်သည်ဘုရား၊ တစုံတယောက်သော ပုဂ္ဂိုလ်သည်မျှ ဓာတ်တော်တို့ကို သိမ့်မှီးသည်၏ အဖြစ်ကို မသိရှိကြပါ၊ ထိုအရပ်သည် အတောင်ရှစ်ဆယ်နက်လတ်သည်ရှိသော် အောက်၌ သံအခင်းကို ခင်း၍ ထိုသံအခင်းပေါ်၌ ထူပါရုံ၌ရှိသော စေတီအိမ်ပမာဏရှိသော ကြေးနီဖြင့်ပြီးသော အိမ်အဆောက်

အဉီကို ဆောက်လုပ်စေ၍ ရှစ်ခု ရှစ်ခုကုန်သော စန္ဒကူးရှေ အစရှိသည်ဖြင့် ပြီးကုန်သော ကြပ်တိုကိုဂင်း စေတီတိုကိုဂင်း ပြုလုပ်စေပါသည် ဘုရား။

ထိုမှ နောက်၌ မြတ်စွာဘုရား၏ ဓာတ်တော်တို့ကို စန္ဒကူးရှေဖြင့် ပြီးသော ကြပ်တော်၌ ထည့်၍ ထိုစန္ဒကူးရှေဖြင့်ပြီးသော ကြပ်ကို တပါးသော စန္ဒကူးရှေဖြင့် ပြီးသော ကြပ်၌၊ ထိုစန္ဒကူးကြပ်ကို တပါးသော စန္ဒကူးရှေဖြင့် ပြီးသောကြပ်၌၊ ဤသို့ အဆင့်ဆင့်အားဖြင့် ရှစ်ခုကုန်သော စန္ဒကူးရှေဖြင့် ပြီးသော ကြပ်တို့ကို တပေါင်းတည်းပြု၍ ဤနည်းအားဖြင့်ပင်လျှင် ထိုရှစ်ခုကုန်သော ကြပ်တော်တို့ကို ရှစ်ခုကုန်သော စန္ဒကူးရှေဖြင့် ပြီးသော စေတီတော်တို့၌ဂင်း၊ ရှစ်ခုကုန်သော စန္ဒကူးရှေဖြင့် ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော စန္ဒကူးနီဖြင့် ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော စန္ဒကူးနီဖြင့်ပြီးသော ကြပ်တော်တို့ကို ရှစ်ခုကုန်သော စန္ဒကူးနီဖြင့်ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော ဆင်စွယ်ဖြင့်ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော ဆင်စွယ်ဖြင့်ပြီးသော ကြပ်တော်တို့ကို ရှစ်ခုကုန်သော ဆင်စွယ်ဖြင့်ပြီးသော စေတီတို့၌ဂင်း၊ ရှစ်ခုကုန်သော ဆင်စွယ်ဖြင့်ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော အလုံးစုံသော ရတနာတို့ဖြင့် ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော အလုံးစုံသော ရတနာတို့ဖြင့် ပြီးသော ကြပ်တို့ကို ရှစ်ခုကုန်သော အလုံးစုံသော ရတနာတို့ဖြင့် ပြီးသော စေတီတော်တို့၌ဂင်း၊ ရှစ်ခုကုန်သော အလုံးစုံသော ရတနာတို့ဖြင့် ပြီးကုန်သော စေတီတော်တို့ကို ရှစ်ခုကုန်သော ရွှေဖြင့် ပြီးကုန်သော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော ရွှေဖြင့်ပြီးသော ကြပ်တို့ကို ရှစ်ခုကုန်သော ရွှေဖြင့်ပြီးသော စေတီတော်တို့၌ဂင်း၊ ရှစ်ခုကုန်သော ရွှေဖြင့်ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော ငွေဖြင့်ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော ငွေဖြင့်ပြီးသော ကြပ်တို့ကို ရှစ်ခုကုန်သော ငွေဖြင့်ပြီးသော စေတီတော်တို့၌ဂင်း၊ ရှစ်ခုကုန်သော ငွေဖြင့်ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော ပတ္တမြားဖြင့်ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော ပတ္တမြားဖြင့် ပြီးသော ကြပ်တို့ကို ရှစ်ခုကုန်သော ပတ္တမြားဖြင့် ပြီးသော စေတီတော်တို့၌ဂင်း၊ ရှစ်ခုကုန်သော ပတ္တမြားဖြင့်ပြီးသော စေတီတော်တို့ကို ရှစ်ခုကုန်သော ပတ္တမြားနီဖြင့် ပြီးသော ကြပ်တို့၌ဂင်း၊ ရှစ်ခုကုန်သော ပတ္တမြားနီ

ဖြင့် ပြီးသော ကြုပ်တော်တို့ကို ရှစ်ခုကုန်သော ပတ္တမြားနီဖြင့်ပြီးသော စေတီတော်တို့၌ဌင်း၊ ရှစ်ခုကုန်သော ပတ္တမြားနီဖြင့်ပြီးကုန်သော စေတီတော်တို့ကို ရှစ်ခုကုန်သော ပတ္တမြားပြောက် ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော ကြုပ်တို့၌ဌင်း၊ ရှစ်ခုကုန်သော ပတ္တမြားပြောက် ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော ကြုပ်တို့ကို ရှစ်ခုကုန်သော ပတ္တမြားပြောက် ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော စေတီတော်တို့၌ဌင်း၊ ရှစ်ခုကုန်သော ပတ္တမြားပြောက် ကြောင်မျက်ရွဲဖြင့် ပြီးကုန်သော စေတီတော်တို့ကို ရှစ်ခုကုန်သော ဖလ်ဖြင့်ပြီးကုန်သော ကြုပ်တို့၌ဌင်း၊ ရှစ်ခုကုန်သော ဖလ်ဖြင့်ပြီးကုန်သော ကြုပ်တို့ကို ရှစ်ခုကုန်သော ဖလ်ဖြင့်ပြီးကုန်သော စေတီတော်တို့၌ဌင်း ထည့်သွင်း၍ ထားပါကုန်သည်ဘုရား။

အလုံးစုံသော ကြုပ်စေဘီတော်တို့၏ အထက်ဆုံးဖြစ်သော ဖလ်ဖြင့်ပြီးသော စေတီတော်သည် ထူပါရာမစေတီတော် အတိုင်းအရှည် ပမာဏရှိပါသည်ဘုရား၊ ထို၏အထက်၌ အလုံးစုံသော ရတနာဖြင့် ပြီးသော အိမ်ကို ဆောက်လုပ်စေပါသည်ဘုရား၊ ထိုအိမ်၏အထက်၌ ရွှေဖြင့်ပြီးသော အိမ်ကို ဆောက်လုပ်စေပါသည်ဘုရား၊ ထိုရွှေဖြင့်ပြီးသော အိမ်၏အထက်၌ ငွေဖြင့်ပြီးသော အိမ်ကို ဆောက်လုပ်စေပါသည်ဘုရား၊ ထိုငွေဖြင့်ပြီးသော အိမ်၏အထက်၌ ကြေးနီဖြင့်ပြီးသော အိမ်ကိုဆောက်လုပ်စေပါသည်ဘုရား၊ ထိုကြေးနီဖြင့်ပြီးသော အိမ်၌ အလုံးစုံသော ရတနာဖြင့်ပြီးသော သဲကို ကြဲဖြန့်၍ ရေ၌ကုန်း၌ ဖြစ်ကြကုန်သော ပန်းတို့၏ အထောင်တို့ကို ဖြန့်ကြဲကြကုန်၍ ငါးရှဉ်းငါးဆယ်သော ဇာတ်တော်တို့ကိုဌင်း ရှစ်ကျိပ်သော မဟာထေရ်တို့ကိုဌင်း သုဒ္ဓါဒနမင်းတရားကိုဌင်း မဟာမာယာဒေဝီမိဖုရားကိုဌင်း ဖွားဘက်တော် ခုနစ်ဦးတို့ကိုဌင်း ဤအလုံးစုံတို့ကို ရွှေရုပ်တုတို့ကို ပြီးစေပါကုန်သည်ဘုရား။

ငါးရာ ငါးရာကုန်သော ရွှေငွေဖြင့် ပြီးကုန်သော ရေပြည့်အိုးတို့ကို တည်ထားစေပါကုန်သည်ဘုရား၊ ငါးရာသော ရွှေတံခွန်တိုင်တို့ကို တည်ဆောက်စေပါသည်ဘုရား၊ ငါးရာသော ရွှေဆီမီးတိုင်တို့ကို ပူဇော်စေပါပြီ၊ ငါးရာသော ငွေဆီမီးတိုင်တို့ကို ပြုလုပ်စေ၍ ကောင်းသောနံ့သာဆီဖြင့် ပြည့်စေ၍ ထိုမီးတိုင် မီးခွက်တို့၌ အဝတ်ပုဆိုးဖြင့် ပြီးသော မီးစာတို့ကို ထည့်စေပါသည်ဘုရား။

ရှင်မဟာကဿပ အဓိဋ္ဌာန်ခြင်း

ထိုအခါ၌ အရှင်မဟာကဿပမထေရ်မြတ်သည် —

မာလာ မာ မိလာယန္တု၊ ဂန္ဓာ မာ ဝိနဿန္တု၊ ဒီပါ မာ ဝိဇ္ဈာယန္တု။ တိုအဓိဋ္ဌာဟတ္ထာ သုဝဏ္ဏပဋ္ဋေ အက္ခရာနိ ဆိန္ဒာပေသိ —

အနာဂတေ ပိယဒါသော နာမ ကုမာရော ဆတ္တံ ဥဿာပေတ္ဝာ အသောကော ဓမ္မရာဇာ ဘဝိဿတိ၊ သော ဣမာ ဓာတုယော ဝိတ္ထာရိကာ ကရိဿတီတိ။

မာလာ၊ ပူဇော်ထားအပ်ကုန်သော ပန်းအပေါင်းတို့သည်။ မာ မိလာယန္တု၊ မညှိုးနွမ်းကြစေကုန်သတည်း။ ဂန္ဓာ၊ ပူဇော်အပ်ကုန်သော နံ့သာတို့သည်။ မာ ဝိနဿန္တု၊ မပျောက်မပျက်ပါစေကုန်သတည်း။ ဒီပါ၊ ညှိထွန်းပူဇော်အပ်ကုန်သော ဆီမီးတိုင်တို့သည်။ မာဝိဇ္ဈာယန္တု၊ မငြိမ်းကြပါစေကုန်သတည်း။ ဣတိ၊ ဤသို့။ အဓိဋ္ဌဟိတ္ဝာ၊ အဓိဋ္ဌာန်၍။ သုဝဏ္ဏပဋ္ဋေ၊ ရွှေပြားပရပိုက်၌။ အက္ခရာနိ၊ အက္ခရာတို့ကို။ ဆိန္ဒာပေသိ၊ ထွင်းထုစေပါသည်။

အနာဂတေ၊ နောင်သောအခါ၌။ ပိယဒါသောနာမ၊ ပိယဒါသအမည်ရှိသော။ ကုမာရော၊ မင်းသားသည်။ ဆတ္တံဥဿာပေတ္ဝာ၊ ထီးဖြူကို စိုက်ထူပြီး၍။ အသောကော၊ အသောကအမည်ရှိသော။ ဓမ္မရာဇာ၊တရားမင်းသည်။ဘဝိဿတိ၊ဖြစ်လတ္တံ့။သော၊ ထိုအသောကအမည်ရှိသော တရားမင်းသည်။ ဣမာဓာတုယော၊ ဤဓာတ်တော်တို့ကို။ ဝိတ္ထာရိကာ၊ ကျယ်ပြန့်သည်တို့ကို။ ကရိဿတိ၊ ပြုလတ္တံ့။ ဤသို့ အက္ခရာတို့ကို ထွင်းထုစေပါသည် ဘုရား။

အဇာတသတ်၏ စာတမ်း

အဇာတသတ်မင်းသည် အလုံးစုံသော အဆင်တန်းဆာတို့ဖြင့် ပူဇော်၍ အစမှစ၍ တံခါးကိုပိတ်လျက် ထွက်ခဲ့ပါပြီ၊ ထိုအဇာတသတ်မင်းသည် ကြေးနီဖြင့် ပြီးသော တံခါးကိုပိတ်၍ တံခါးကို ဖွင့်ပိတ်အပ်သော ကြိုးဌ် တံခါးဖွင့်ရာဖြစ်သော သော့ချောင်းကို ဖဲ့ချည်ပြီး၍ ထိုအရပ်၌ပင်လျှင် ကြီးကျယ်လှစွာသော ပတ္တမြားတုံးကိုထား၍ —

အနာဂတေ ဒလိဒ္ဓရာဇာ ဣမံ မဏိ ဂဟေတ္ဝာ ဓာတူနံ သက္ကာရံ ကရောတူဘိ အက္ခရံ ဆိန္ဒာပေသိ။

အနာဂဒေတာ၊ နောက်နှောင်းကာလ အခါသမယ၌။ ဒလိဒ္ဓရာဇာ၊ဆင်းရဲမဲ့လှစွာဒသာမင်းသည်။ ဣမံ မဏိ၊ ဤပတ္တမြားဧကျောက်ကို။ ဂဟေတ္ဝာ၊ ယူ၍။ ဓာတူနံ၊ ဓာတ်တော်တို့အား။ သက္ကာရံ၊ ပူဇော်ခြင်းကို။ ကရောတူ၊ ပြုရစ်စေသတည်း။ ဣတိ၊ ဤသို့။ အက္ခရံ၊ အက္ခရာကို။ ဆိန္ဒာပေသိ၊ ထွင်းထုစေပါသည်ဘုရား။

ဝိသကြုံနတ်သား

နတ်တို့၏ မင်းဖြစ်သော သိကြားသည်လည်း ဝိဿကမ္မအမည်ရှိသော ဝိသကြုံနတ်သားကိုခေါ်၍—

တာတ အဇာတသတ္တုနှာ ဓာတုနိဓာနံ ကတံ၊ ဧတ္ထ အာရက္ခံ ပဋ္ဌပေဟီတိ ပဟိဏိ။

တာတ၊ အမောင်ဝိဿကမ္မနတ်သား။ ဝါ၊ ဝိသုကြုံနတ်သား....။ အဇာတသတ္တုနှာ၊ အဇာတသတ်မင်းသည်။ဓာတုနိဓာနံ၊ ဓာတ်တော်သိုမှီးခြင်းကို။ ကတံ၊ ပြုလုပ်အပ်ပြီ။ ဧတ္ထ၊ ဤဓာတ်တော်သိုမှီးသောအရပ်၌။ အာရက္ခံ၊ အဓစောင့်အရှောက်ကို။ ပဋ္ဌပေဟိ၊ ထားလော့။ ဣတိ၊ ဤသို့။ ပဟိဏိ၊ စေလွှတ်လိုက်ပါသည်။

ထိုဝိဿကမ္မအမည်ရှိသော ဝိသုကြုံနတ်သားသည် လာလတ်၍ သားရဲ့အပေါင်းတို့ဖြင့်ပြီးသော ယန္တရားစက်ကို တပ်ဆင်ပါသည်ဘုရား၊ သစ်သားဖြင့် ပြီးကုန်သော အရုပ်တို့ကို ထိုဓာတ်တော်တွင်း၌ ဖလ်ဖြင့်ပြီးသော အဆင်းရှိသော သန်လျက်ဘို့ကို စွဲကိုင်စေလျက် လေနှင့်တူသော လျင်မြန်သော အဟုန်ဖြင့် အစဉ်အတိုင်း လှည့်ပတ်ပြေးသွားစေနေသော ယန္တရားစက်ကို တပ်ဆင်၍ တခုတည်းသော သော့ချက်၌ ဖွဲ့၍ ထက်ဝန်းကျင်မှ အုတ်တိုက် အသွင်အပြင်အဆင်အားဖြင့် ကျောက်အခဲအရုံကို ပြုလုပ်၍ အထက်၌ တခုတည်းဖြင့်ပိတ်၍ မြေမှုန့်ကိုထည့်၍ မြေကြီးကို အညီအညွတ် ပြုလုပ်ပြီး၍ ထို၏အထက်၌ ကျောက်စေတီကို တည်ထားစေပါသည်ဘုရား။

ဤသို့ ဓာတ်တော်သုံမှီးခြင်းကိစ္စပြီးစီးလတ်သည်ရှိသော် အစဉ်အတိုင်း နေ၍ အရှင်မဟာကဿပ မထေရ်မြတ်သည်လည်း ပရိနိဗ္ဗာန်စံယူတော်မူခဲ့ပါသည်ဘုရား၊ အဇာတသတ် မင်းတရားသည်လည်း မိမိကံအားလျော်စွာ လားရောက်ခဲ့ရပါသည်ဘုရား၊ ထိုလူတို့သည်လည်း ကွယ်လွန်ကုန်ဆုံး၍ သွားကြပါကုန်သည်ဘုရား။

နောက်နှောင်းအခါကာလသမယ၌ ပိယဒါသအမည်ရှိသော မင်းသားသည် ထီးဖြူကိုစိုက်ထူ၍ အသောကအမည်ရှိသော တရားမင်းဖြစ်လတ်၍ ထို ဓာတ်တော်တို့ကို ယူ၍ ဇမ္ဗူဒိပ်ကျွန်းအပြင်၌ ပြန့်ပြောသည်တို့ကို ပြုလုပ်ခဲ့ပါသည်ဘုရား။

မဟာပရိနိဗ္ဗာနသုတ်တော် စီစစ်ခဏ်း ပြီးပြီ

သက္ကပဥ္ဍသုတ်တော်

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ မဂဓေသု ဝိဟရတိ ပါစီနတော ရာဇဂဟဿ အမ္ဗသဏ္ဍာနာမ ဗြာဟ္မဏဂါမော တဿုတ္တရတော ဝေဒိယကေ ပဗ္ဗတေ ဣန္ဒသာလဂုဟာယံ-အစရှိသော သက္ကပဥ္ဍသုတ္တန်ဒေသနာတော်၏ အဖွင့်သံဝဏ္ဏနာဖြစ်သော အဋ္ဌကထာ၏ စီစစ်ချက်ကို လျှောက်ထားပါဦးအံ့ အရှင်ဘုရား။

ဧဝံ မေ သုတန္တိ၊ ဧဝံ မေ သုတံ-ဟူသည်ကား။သက္ကပဥ္ဍသုတ္တံ၊ သက္ကပဥ္ဍသုတ်ပါတည်း။ ထိုသက္ကပဥ္ဍသုတ္တန်၌ ဤဆိုလတ္တံ့သော စကားအစဉ်သည်ကား မဆိုအပ်သေးသော မပေါ်လွင်သေးသော ပုဒ်တို့၏ အဖွင့်သံဝဏ္ဏနာပင်ဖြစ်ပါသည်ဘုရား။

အမ္ဗသဏ္ဍာနာမ ဗြာဟ္မဏဂါမောတိ၊ အမ္ဗသဏ္ဍာနာမ ဗြာဟ္မဏဂါမော-ဟူသည်ကား။ထိုရွာသည် သရက်ဥယျာဉ်တောတို့၏ အနီး၌ တည်ရှိပါသည်ဘုရား၊ ထိုကြောင့် ထိုပုဏ္ဏားတို့၏ ရွာကို အမ္ဗသဏ္ဍဟု ဆိုအပ်ပါသည်။

ဝေဒိယကေ ပဗ္ဗတေဘိ၊ ဝေဒိယကေ ပဗ္ဗတေ-ဟူသည်ကား။ ထိုတောင်ကို တောင်၏အခြေ၌ ပေါက်ရောက်၍နေသော ပတ္တမြားညိုပွတ်လုံး အစဉ်အတန်းနှင့်တူသော အဆင်းရှိသော ညိုသောအဆင်းရှိသော တောအုပ်ဖြင့် ထက်ဝန်းကျင်မှ ကာရံ၍ ထားအပ်ပါသည်ဘုရား၊ ထို့ကြောင့် ဝေဒိယက ပဗ္ဗတဟူ၍သာလျှင် ခေါ်ဝေါ်ခြင်းသို့ ရေတွက်ခြင်းသို့ ရောက်ပါသည်ဘုရား။

ဣန္ဒသာလဂုဟာယန္တိ၊ ဣန္ဒသာလဂုဟာယံ-ဟူသည်ကား ရှေး၌လည်းနှစ်ခုကုန်သော တောင်တို့၏အကြား၌ ထိုဂူသည်ရှိပါသည်အရှင်ဘုရား၊ ထိုဂူ၏ တံခါး၌ နံပဲပင် ပေါက်ရောက်၍ နေပါသည်ဘုရား၊ ထိုသို့ ဂူ၏တံခါးဝ၌ နံပဲပင် ပေါက်ရောက်၍ နေသောကြောင့် ဣန္ဒသာလဂုဟာ-ဟု ရေတွက်ခြင်းသို့ ရောက်ပါသည်ဘုရား။

ထိုအခါ၌ ထိုဆိုအပ်ပြီးသော ဂူကို နံရံတို့ဖြင့် ကာရံ၍ တံခါးပြူတင်း ပေါက်တို့ဖြင့် တပ်ဆင်၍ ကောင်းစွာ ပြီးဆုံးအပ်ပြီးသော ပရန်မှု ခြူးပန်း

ခြုံးနွယ်တို့ဖြင့် ဆန်းကြယ်သော ပုန်းအောင်းရာကို ပြုလုပ်၍ မြတ်စွာဘုရားအား ပေးလှူကြပါကုန်သည်ဘုရား၊ သို့ရာတွင် ရှေးတုန်းကဖြစ်ပေါ်၍ နေသော အခေါ်အဝေါ်၏အစွမ်းအားဖြင့် ဣန္ဒသာလသဂို ဟူ၍ သာလျှင် ထို ဂူကို အမှတ်ပြု၍ သိကြပါကုန်သည်ဘုရား၊ ထိုစကားကို ရည်ရွယ်မှန်းထား၍ ဣန္ဒသာလဂုဟာယံ ဟူ၍ ဆိုအပ်ပါသည်ဘုရား။

ကြောင့်ကြ ဖြစ်ပုံ

ဥဿုက္ကံ ဥဒပါဒိတိ၊ ဥဿုက္ကံ ဥဒပါဒိ-ဟူသည်ကား။ တရားနှင့်စပ်သော တရားနှင့် ယှဉ်သော ကြောင့်ကြမှုသည် ဖြစ်ပေါ်၍ လာပါသည်ဘုရား။

စောဒနာစကားကို ဆက်၍ လျှောက်ထားပါဦးမည်ဘုရား၊ ဤသိကြားမင်းသည် မြတ်စွာဘုရားကို အမြဲတမ်း ဖူးမျှော်၍ လာခဲ့သော သိကြားမင်းဖြစ်သည်မဟုတ်ပါတုံလော၊ အကြင်အရပ်၌ ဤသိကြားမင်းသည် မရောက်ဘူး၊ ထိုမရောက်ဘူးသော နတ်တို့၏ အစည်းအဝေး မည်သည် မရှိပါဘုရား၊ သိကြားမင်းနှင့်တူသော မမေ့မလျော့နေထိုင်သည် မည်သော နတ်သား မည်သည် မရှိပါဘုရား၊ ထိုသို့ မမေ့မလျော့ နေထိုင်သည် ဖြစ်ပါလျက် အဘယ့်ကြောင့် ရှေးတုန်းက မရောက်ဘူးလေဘိသကဲ့သို့ မြတ်စွာဘုရားကို မဖူးရသေးဘိသကဲ့သို့ ကြောင့်ကြထုတ်ခြင်း အားထုတ်ခြင်းသည် ဖြစ်ပေါ်၍ လာပါသနည်း။

ပုဗ္ဗနိမိတ်ငါးပါး ထင်လာလျှင်

သေခြင်းဘေးကြောင့် ကြောက်လန့်သည်၏ အဖြစ်ကြောင့် ဘုရားကို ဖူးမျှော်ခြင်းငှါ လုံ့လအားထုတ်ခြင်းသည် ဖြစ်ပေါ်၍လာပါသည်ဘုရား။

အဆင့်စကား ကြားရဘူးသည်ကို အဋ္ဌကထာဆရာ မိန့်ပြတော်မူပြန်ပါသည်၊ ထိုအခါကာလ၌ သိကြားမင်း၏ အသက်တမ်းသည် ကုန်ခန်း၍နေပါပြီ၊ ထိုအသက်တမ်း ကုန်လုနီးဖြစ်၍နေသော သိကြားမင်းသည် ငါးပါးသော ပုဗ္ဗနိမိတ်ဘို့ကို မြင်၍ နတ်ပန်းညှိုးခြင်း ချိုင်းကြားမှ ချွေးယိုထွက်ခြင်း နတ်ဝတ်တန်းဆာညှိုးခြင်း အစရှိကုန်သော ပုဗ္ဗနိမိတ်ငါးပါးတို့ကို တွေ့မြင်ရသည် ဖြစ်၍ —

ပရိက္ခီဏောဒါနိ မေ အာယုတိ အညာသိ။

ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ မေ၊ ငါ၏။ အာယု၊ အသက်တမ်းတည်။ ပရိက္ခီဏော၊ ကုန်ခန်းခဲ့လေပြီ။ ဣတိ၊ ဤသို့။ အညာသိ၊ သိလေပြီ။

ယေသဉ္ဉ ဒေဝပုတ္တာနံ မရဏာနိမိတ္တာနိ အာဝိ ဘဝန္တိ။

ယေသဉ္ဉ ဒေဝပုတ္တာနံ၊ အကြင်နတ်သားတို့၏လည်း။ မရဏာနိမိတ္တာနိ၊ သေအံ့သော အကြောင်းနိမိတ်တို့သည်။ အာဝိဘဝန္တိ၊ ထင်ရှားဖြစ်ပေါ်လာကြကုန်၏။ တေသု၊ ထိုသေမည့်နိမိတ်ထင်ရှားပေါ်လာကြကုန်သော နတ်တို့တွင်။ ယေ ဒေဝပုတ္တာ၊ အကြင်နတ်တို့သည်။ ပရိတ္တကေန၊ အနည်းငယ်မျှဖြစ်သော။ ပုညကမ္မေန၊ ကောင်းမှုကြောင့်။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြပါကုန်၏။ တေ၊ ထိုကောင်းမှု အနည်းငယ်ကြောင့် နတ်ပြည်၌ဖြစ်ကြကုန်သော နတ်သားတို့သည်။ ကုဟိံ နု ခေါ ဣဒါနိ နိဗ္ဗတ္တိဿာမာတိ။ မယံ၊ ငါတို့သည်။ ဣဒါနိ၊ ယခုအခါ၌။ ကုဟိံ၊ အဘယ်ဘုံဘဝ၌။ နိဗ္ဗတ္တိဿာမ နု ခေါ၊ ဖြစ်ကြရပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ ဘယံ၊ ကြောက်ခြင်းသို့။ သန္တာသံ၊ ထိတ်လန့်ခြင်းသို့။ အာပဇ္ဇန္တိ၊ ရောက်ကြရပါကုန်သည်ဘုရား။

ယေ ဒေဝပုတ္တာ၊ အကြင်နတ်သားတို့သည်။ ကတဘီရုတ္တာနာ၊ ပြုအပ်ပြီးသော ကြောက်လန့်ခြင်းကို လွန်မြောက်ခြင်းရှိကြကုန်သည်ဖြစ်၍။ ဗဟုံ၊ များစွာသော။ ပုညံ၊ ကောင်းမှုကို။ ကတ္တာ၊ ပြု၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြပါကုန်၏။ တေ၊ ထိုကောင်းမှု အားကြီးကုန်သော နတ်သားတို့သည်။ အတ္တနာ၊ မိမိသည်။ ဒိန္နဒါနံ၊ ပေးလှူအပ်သော အလှူကိုဎင်း။ ရက္ခိတသီလံ၊ စောင့်ထိန်းအပ်သော သီလကိုဎင်း။ ဘာဝိတဘာဝနဉ္စ၊ ပွါးများအပ်သော ဘာဝနာကိုဎင်း။ အာဂမ္မ၊ အကြောင်းပြု၍။ မယံ၊ ငါတို့သည်။ ဥပရိဒေဝလောကေ၊ အထက်ဖြစ်သောနတ်ပြည်၌။ သမ္မတ္တိံ၊ စည်းစိမ်ချမ်းသာကို။ အနုဘဝိဿာမ၊ ခံစားကြရကုန်တော့အံ့။ ဣတိ၊ ဤသို့။ ဇာနိတ္ဝာ၊ သိကြကုန်၍။ နဘာယန္တိ၊ မကြောက်ကြ မလန့်ကြပါကုန်ဘုရား။

သိကြားမင်း သေဘေးမှ ကြောက်ပုံ

သို့ရာတွင် နတ်တို့၏ မင်းဖြစ်သော သိကြားသည်မူကား နတ်ပန်းညှိုးခြင်း အစရှိသော ပဗ္ဗနိမိတ်တို့ကို တွေ့မြင်ရသည်ဖြစ်၍—

ဒသယောဇနသဟဿံ၊ ယူဇနာတသောင်းရှိသော။ ဒေဝနဂရံ၊ နတ်မြို့ကြီးကိုဋင်း။ ယောဇနသဟဿုဗ္ဗေဓံ၊ ယူဇနာတထောင် အမြင့်ရှိသော။ ဝေဇယန္တံ၊ ဝေဇယန္တာ ပြာသာဒ်ကြီးကိုဋင်း။ တိယောဇနသတိကံ၊ ယူဇနာသုံးရာရှိသော။ သုဓမ္မဒေဝသဘံ၊ သုဓမ္မာနတ်သဘင်ကိုဋင်း။ ယောဇနသတုဗ္ဗေခံ၊ ယူဇနာတရာ အမြင့်ရှိသော။ ပါရိစ္ဆတ္တကံ၊ ပါရိစ္ဆတ္တက ခေါ်သော ပင်လယ်ကသစ်ပင်ကိုဋင်း။ သဌိယောဇနိကံ၊ ယူဇနာခြောက်ဆယ်ရှိသော။ ပဏ္ဍုကမ္ဗလသိလံ၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာကိုဋင်း။ အစုတိယာ နာဋက-ကောဋိယော၊ အခွဲနှင့်တက္ခ သုံးကုဋေမျှကုန်သော။ ဝါ၊ နှစ်ကုဋေ ငါးသန်းသော နတ်ကချေသည်တို့ကိုဋင်း။ ဒ္ဒီသု၊ နှစ်ပါးကုန်သော။ ဒေဝလောကေသု၊ နတ်လောကတို့၌။ ဒေဝပရိသံ၊ နတ်ပရိသတ်ကိုဋင်း။ နန္ဒနဝနံ၊ နန္ဒဝန်ဥယျာဉ်ကိုဋင်း၊ စိတ္တလတာဝနံ၊ စိတ္တလတာဥယျာဉ်ကိုဋင်း။ မိဿကဝနံ၊ မိဿကဥယျာဉ်ကိုဋင်း။ ဖာရုသကဝနံ၊ ဖာရုသကဥယျာဉ်ကိုဋင်း။ ဣတိ၊ ဤသို့။ ဧတံသမ္ပတ္တိံ၊ ဤအလုံးစုံသော ပြည့်စုံမှုကို။ သြလောကေတွာ၊ ကြည့်၍—

နဿတိ ဝတ ဘော မေ အယံ သမ္ပတ္တီတိ ဘယာဘိဘူတော အဟောသိ။

ဘော၊ အို အချင်းတို့....။ မေ၊ ငါ၏။ အယံသမ္ပတ္တိ၊ ဤစည်းစိမ်ချမ်းသာသည်။ နဿတိဝတ၊ ပျက်စီးခဲ့လေပြီတကား။ ဣတိ၊ ဤသို့။ ဘယာဘိဘူတော၊ ကြောက်လန့်ခြင်းသည် လွှမ်းမိုးနှိပ်စက်အပ်သည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။

ဘုရားသာလျှင် တတ်နိုင်ရာ၏

ထိုအခါ၌—

အတ္ထိ နု ခေါ ကောစိ သမဏော ဝါ ဗြာဟ္မဏော ဝါ လောကပိတာ မဟော မဟာဗြဟ္မာဝါ၊ ယော မေ ဟဒယနိဿိတံ သောကသလ္လံ သမုဒ္ဓရိတွာ ဣမံ သမ္ပတ္တိံ ထာဝရံ ကရေယျာတိ သြလောကေန္တော ကဉ္စိ အဒိသွာ ပုန အဒ္ဒသ မာဒိသာနံ သတသဟဿာနမ္ပိ ဥပ္ပန္နံ သောကသလ္လံ သမ္မာသမ္ဗုဒ္ဓေါ ဥဒ္ဓရိတုံ ပဋိဗလောတိ။

ယော၊ အကြင်သူသည်။ မေ၊ ငါ၏။ ဟဒယနိဿိတံ၊ နှလုံးကို မှီ၍ ဖြစ်သော။ သောကသလ္လံ၊ သောကတည်းဟူသော ငြောင့်တံသင်းကို။ သမုဒ္ဓရိတ္ဝာ၊ ကောင်းစွာ ပယ်နုတ်၍။ ဣမံ သမ္ပတ္တိံ၊ ဤစည်းစိမ်ချမ်းသာကို။ ထာဝရံကရေယျ၊ မြဲအောင်ပြုနိုင်ရာ၏။ ကောစိ၊ တစုံတယောက်သော။ သမဏောဝါ၊ သမဏမည်သော ရဟန်းသည်ၚင်း။ ဗြာဟ္မဏောဝါ၊ ဗြာဟ္မဏမည်သော ပုဏ္ဏားသည်ၚင်း။ လောကပိတာမဟော၊ သတ္တဝါအပေါင်း၏ အဘိုးသဖွယ်ဖြစ်သော။ မဟာဗြဟ္မာ ဝါ၊ ဗြဟ္မာကြီးသည်ၚင်း။ အတ္ထိနုခေါ၊ ရှိလေသလော။ဣတိ၊ ဤသို့။ သြလောကေန္တော၊ ကြည့်ရှုလတ်သည်ရှိသော်။ ကဥ္စိ၊ တစုံတယောက်သော ပုဂ္ဂိုလ်ကို။ အဒိဿ္ဝာ၊ မမြင်ရသည်ဖြစ်၍။ ပုန၊ နောက်ထပ်တဖန်။ မာဒိသာနံ၊ ငါ့ကိုယ်ကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော။သတသဟဿာနမ္ပိ၊ အသိန်းမျှလောက်ကုန်သော သူတို့၏လည်း။ဥပပဇ္ဇန္ဒု၊ ဖြစ်ပေါ်၍နေသော။ သောကသလ္လံ၊ သောကတည်းဟူသော ငြောင့်တံသင်းကို။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ ဥဒ္ဓရိတုံ၊ နုတ်ပယ်ခြင်းငှါ။ ပဋိ-ဗလော၊ စွမ်းနိုင်၏။ ဣတိ၊ ဤသို့။ အဒ္ဒသ၊ မြင်ရပြန်ပါသည်ဘုရား။

ထိုအခါကာလ၌ နတ်တို့၏ အရှင်သိကြားမင်း၏ ဤသို့ ကြံစည်၍ နေစဉ် ပင်လျှင် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှါ တရားနှင့်လျော်သော ကြောင့်ကြသည် ဖြစ်ပေါ်၍ လာပါသည်အရှင်ဘုရား။

ကဟံ နု ခေါ ဘဂဝါ ဧတရဟိ ဝိဟရတီတိ၊ ကဟံ နု ခေါ ဘဂဝါ ဧတရဟိ ဝိဟရတိ-ဟူသည်ကား။ အဘယ်မည်သော ဇနပုဒ်၌ အဘယ်မည်သော မြို့ကို အမှီပြု၍ အဘယ်မည်သောသူ၏ ပစ္စည်းလေးပါးတို့ကို သုံးဆောင်မှီဝဲ တော်မူလျက် အဘယ်အမည်ရှိသော ပုဂ္ဂိုလ်အား အမြိုက်သုဓာဘုတ်ဖြစ်သော တရားတော်ကို ဟောကြားတော်မူလျက် နေတော်မူပါသနည်း။

အဒ္ဒသခေါတိ၊ အဒ္ဒသခေါ-ဟူသည်ကား။ အဒ္ဒက္ခိ၊ တွေ့မြင်လေပြီ။ ပဋိဝိဇ္ဈ၊ ထိုးထွင်း၍ သိလေပြီ။

မာရိသာတိ၊ မာရိသာဟူသော။ ဧတံ၊ ဤစကားသည်။ ပိယဝစနံ၊ ချစ်၍ ခေါ်သောစကားဖြစ်ပါသည်။ နတ်တို့၏ အသိးအခြားဖြစ်သော အခေါ် အဝေါ် အသုံးအစဲ့ ဖြစ်ပါသည် အရှင်ဘုရား။ ဆင်းရဲကင်းသောသူဟူ၍ လည်း ဆိုလိုပါ၏။

ဆက်၍ လျှောက်ထားပါဦးမည်ဘုရား။ ဤသိကြားမင်းသည် အဘယ့်ကြောင့် နတ်တို့ကိုခေါ်၍ သိစေဘိသနည်း။ အပေါင်းအဖော်ဖြစ်စေခြင်း အကျိုးငှါ သိကြားမင်းက နတ်ပြည်နှစ်ထပ်၌ရှိသော နတ်အပေါင်းတို့ကို ခေါ်၍ သိစေပါသည်အရှင်ဘုရား။

ရှေးတုန်းက သွားခဲ့စဉ်

ဆက်လက်၍ အဋ္ဌကထာဆရာ အရှင်မြတ်၏ ရှင်းပြထားပုံကို လျှောက်ထားပါဦးမည် အရှင်ဘုရား။ ရှေးတုန်းက ဤနတ်တို့၏ အရှင်ဖြစ်သော သိကြားမင်းသည် မြတ်စွာဘုရားသည် မွေးကြိုင်သောအသားဖြင့် ဆောက်လုပ်အပ်သော ကျောင်းတော်၌ သီတင်းသုံးနေတော်မူစဉ် တယောက်ထည်းတည်း မြတ်စွာဘုရားကို ဖူးမြင်ခြင်းအကျိုးငှါ သွားခဲ့ဘူးပါသည်အရှင်ဘုရား။ မြတ်စွာဘုရားက——

အပရိပက္ကံ တာဝဿ ဉာဏံ၊ ကတိပါဟံ ပန အတိက္ကမိတ္ဘာ မယိ ဣန္ဒသာလဂုဟာယံ ဝိဟရန္တေ ပဥ္စ ပဗ္ဗနိမိတ္တာနိ ဒိသ္ဘာ မရဏဘယ-ဘီတော ဒ္ဒိသု ဒေဝလောကေသု ဒေဝတာဟိ သဒ္ဒိံ ဥပသင်္ကမိတ္ဘာ စုဒ္ဒသ ပဥ္စ ပုဏ္ဏိတ္ဘာ ဥပေက္ခာပဥ္စဝိဿဇ္ဇနာဝသာနေ အသိတိယာ ဒေဝတာ-သဟဿေဟိ သဒ္ဒိံ သောတာပတ္တိဖလေ ပတိဋ္ဌဟိဿတိ စိန္တေတ္ဘာ ဩကာသံ နာကာသိ။

အဿသက္ကဿ၊ ထိုနတ်တို့၏ အရှင်ဖြစ်သော သိကြားမင်း၏။ ဉာဏံ၊ မဂ်ဖိုလ်ကို ရနိုင်တဲ့ဉာဏ်သည်။ အပရိပက္ကံ၊ မရင့်ကျက်သေးသည်သာလျှင်တည်း။ ပန၊ သို့သော်လည်း။ ကတိပါဟံ၊ နှစ်ရက်သုံးရက်ကို။ အတိက္ကမိတ္ဘာ၊ ကျော်လွန်၍။ မယိ၊ ငါဘုရားသည်။ ဣန္ဒသာလဂုဟာယံ၊ ဣန္ဒသာလလိုဏ်ဂူ၌။ ဝိဟရန္တေ၊ သီတင်းသုံးတော်မူသည်ရှိသော်။ ပဥ္စ၊ ငါးပါးကုန်သော။ ပုဗ္ဗနိမိတ္တာနိ၊ နတ်ပန်းညှိုးခြင်း၊ ချိုင်းကြားချွေးယိုခြင်း၊ အဝတ်တန်းဆာရောင်ညှိုးခြင်း အစရှိကုန်သော ပုဗ္ဗနိမိတ်တို့ကို။ ဒိသ္ဘာ၊ မြင်၍။ မရဏဘယ-ဘီတော၊ သေအံ့သောဘေးသည် ချောက်လှန့်အပ်သည်ဖြစ်၍။ ဒ္ဒိသု၊ နှစ်ပါးကုန်သော။ ဒေဝလောကေသု၊ နတ်ပြည်တို့၌။ ဝိဇ္ဇမာနေဟိ၊ ထင်ရှားရှိကုန်သော။ ဒေဝတာဟိ၊ နတ်တို့နှင့်။ သဒ္ဒိံ၊ တကွ။ ဥပသင်္ကမိတ္ဘာ၊

ချဉ်းကပ်၍။ စုဒ္ဒသ၊ တဆဲ့လေးပါးကုန်သော။ ပဥ္စ၊ အမေးပြဿနာတို့ကို။ ပုစ္ဆိတ္ဝာ၊ မေးမြန်း၍။ ဥပေက္ခာပဥ္စဝိဿဇ္ဇနာဝသာနေ၊ ဥပေက္ခာပြဿနာကို ဖြေပြီးသည်၏အဆုံး၌။ အသီတိယာ ဒေဝတာသဟဿေဟိ၊ နတ်ရှစ်သောင်း တို့နှင့်။ သဒ္ဓိံ၊ အတူတကွ၊ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိသိတိ၊ တည်လတ္တံ့။ ဣတိ၊ ဤသို။ စိန္တေတ္ဝာ၊ ကြံစည်တော်မူပြီး၍။ သြကာသံ၊ ဖူးမြင်ခွင့်ကို။ နာကာသိ၊ မပြုခဲ့ပါဘုရား။

သိကြားမင်း၏ အကြံ

ထိုသိကြားမင်းသည်—

မမ ပုဗ္ဗေပိ ကေကာသ ဂတတ္တာ သတ္ထာရာ သြကာသော နကတော၊ အဒ္ဓါ မေ နတ္ထိ မဂ္ဂဖလာသ ဥပနိဿယော၊ ကေသ ပန ဥပနိဿယော သတိ စက္ကဝါဠပရိယန္တာယပိ ပရိသာယ ဘဂဝါ ဓမ္မံ ဒေသေတိယေဝ။ အဝသံ ခေါ ပန ဒ္ဒိသု ဒေဝလောကေသု ကာသစိ ဒေဝသ ဥပနိဿယော ဘဝိဿတိ၊ တံ သန္ဓာယ သတ္ထာ ဓမ္မံ ဒေသေသတိ။ တံ သုတ္ဝာ အဟမ္ပိ အတ္တနော ဒေါမနဿံ ဝူပသမေဿာမီတိ။

မမ၊ ငါ၏။ ပုဗ္ဗေပိ၊ ရှေးဦးလည်း။ ဧကာသ၊ တယောက်ထည်းတည်း။ ဂတတ္တာ၊ သွားသည်၏ အဖြစ်ကြောင့်။ သတ္ထာရာ၊ မြတ်စွာဘုရားသည်။ သြကာသော၊ အခွင့်ကို။ နကတော၊ မပြုအပ်ပြီ။အဒ္ဓါ၊ မချွတ်။ မေ၊ ငါ့အား။ မဂ္ဂဖလာသ၊ မဂ်ဖိုလ်၏။ ဥပနိဿယော၊ အားကြီးစွာသော မှီရာအကြောင်းသည်။ နတ္ထိ၊ မရှိ။ ပန၊ သို့သော်လည်း။ ဧကာသ၊ တယောက်သောသူ၏။ ဥပနိဿယော၊ မဂ်ကိုယူရာ အားကြီးသော အကြောင်းသည်။ သတိ၊ ရှိလတ်သော်။ စက္ကဝါဠပရိယန္တာယပိ၊ စကြဝဠာ အဆုံးအပိုင်းအခြားရှိသည်လည်း ဖြစ်သော။ ပရိသာယ၊ ပရိသတ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဓမ္မံ၊တရားကို။ ဒေသေတိယေဝ၊ ဟောတော်မူသည်သာလျှင်တည်း။ အဝသံ၊ မချွတ်။ ဒ္ဒိသု၊ နှစ်ပါးကုန်သော။ ဒေဝလောကေသု၊ နတ်ပြည်နတ်လောကတို့၌။ ကာသစိ၊ တစုံတယောက်သော။ ဒေဝသ၊ နတ်၏။ ဥပနိဿယော၊ အားကြီးစွာသော မှီရာအကြောင်းသည်။ ဘဝိဿတိ၊ ရှိသည်ဖြစ်လတ္တံ့။ တံ၊ ထိုမင်္ဂ၏ မှီရာ အားကြီးသော နတ်သားကို။ သန္ဓာယ၊ ရည်ရွယ်မှန်းထား၍။ သတ္ထာ၊ မြတ်စွာဘုရားသည်။ ဓမ္မံ၊ တရားကို။ ဒေသေသတိ၊ ဟောတော်မူလတ္တံ့။ တံ၊

ထိုဟောသောတရားကို။ သုတ္ဝာ၊ ကြားနာရ၍။ အဟမ္မိ၊ ငါသည်လည်း။ အတ္တာနော၊ မိမိ၏၊ ဒေါမနဿံ၊ နှလုံးမသာယာမှုကို။ ဝူပသမေဿာမိ၊ ငြိမ်းအေးရချေတော့အံ့။

ဤသို့ ကြံစည်ပြီး၍ နှစ်ထပ်သော နတ်လောကဌ် ရှိကုန်သော နတ်တို့ကို မိမိ၏အဖော်၏အဖြစ် အကျိုးဂုဏ်ခေါ်၍ သိစေပါသည်အရှင်ဘုရား။

ဧဝံ ဘဒ္ဒံ တဝါတိ ခေါ ဒေဝါ တာဝတိံသာတိ၊ ဧဝံ ဘဒ္ဒံ တဝါတိ ခေါ ဒေဝါ တာဝတိံသာ-ဟူသည်ကား။ အရှင်မင်းမြတ်....၊ရှိပါစေတော့၊ မြတ်စွာဘုရားကို ဖူးမြင်အံ့သော အကျိုးဂုဏ် သွားကြပါကုန်အံ့၊ ဘုရား၏ ပုဉ်ပေါ်တော်မူခြင်းကို လွန်မင်းစွာ ရခဲလှပါသည်၊ အကြင် သင်သိကြားမင်းသည် တောင်ထိပ်ပဲသဘင် ပျော်မြူးခြင်းသို့ဌင်း မြစ်ဆိပ်၌ရေကစား ပျော်မြူးခြင်းသို့ဌင်း သွားကြကုန်အံ့ဟု မဆိုမူ၍ အကျန်ုပ်တို့ကို မြတ်စွာဘုရားကို ဖူးမြင်ခြင်း တရားကို နာခြင်းဟု ဆိုအပ်သော ဤကဲ့သို့သဘောရှိသော အရာဌာနတို့၌ တိုက်တွန်းဘိ၏၊ ထိုတိုက်တွန်းခြင်းသည် ကောင်းလေစွ တကား....။

ပစ္စယော သုန္ဒိ၊ ပစ္စယော သုံ-ဟူသည်ကား။ ထိုသိကြားမင်း၏ စကားကို ဦးထိပ်ဖြင့် ခံယူကြပါကုန်သည် အရှင်ဘုရား။

ပဥ္စသိခ နတ်သား

ပဥ္စသိခံ ဂန္ဓဗ္ဗဒေဝပုတ္တံ အာမန္တေသိတိ၊ ပဥ္စသိခံ ဂန္ဓဗ္ဗဒေဝပုတ္တ အာမန္တေသိ-ဟူသည်ကား။ ရှေးဦးစွာ နတ်တို့ကိုခေါ်၍ ပြောကြားသည် ဆိုသည်မှာကား ပြောကြားပါစေဦးလော့၊ အဘယ့်ကြောင့် ဤဂန္ဓဗ္ဗနတ်သားကို သီးခြားခေါ်၍ ပြောကြားရပါသနည်း၊ မြတ်စွာဘုရား၏အခွင့်ကို ပြုစေခြင်း အကျိုးဂုဏ် ဂန္ဓဗ္ဗနတ်သားကို သီးခြားခေါ်၍ အကြောင်းကြားရပြန်ပါသည် ဘုရား။

ထိုသိကြားမင်း၏ ဤသို့သော အကြံအစည်သည် ဖြစ်ပြန်ပါသည် အရှင်ဘုရား။

ဒ္ဒိသု ဒေဝလောကေသု ဒေဝတာ ဂဟေတ္ဝာ ဓုရေန ပဟာရန္တဿ ဝိယ သတ္ထာရံ ဥပသင်္ကမိတုံ နယုတ္တံ၊ အယံပန ပဥ္စသိခေါ ဒသဗလဿ

ဥပဋ္ဌာကော ဝလ္လဘော ဣစ္ဆိတိစ္ဆိတက္ခဏေ ဂန္ဆာ ပဥံ့ ပုစ္ဆိတ္ဝာ ဓမ္မံ သုဏာတိ၊ ဣမံ ပုရတော ပေသေတ္ဝာ သြကာသံ ကာရေတ္ဝာ ဣမိနာ ကတောကာသေ ဥပသင်္ကမိတ္ဝာ ပဥံ့ ပုစ္ဆိဿာမိတိ သြကာသကရဏတ္ထံ အာမန္တေသိ။

ဒ္ဒီသု၊ နှစ်ပါးကုန်သော။ ဒေဝလောကေသု၊ နတ်ပြည်တို့၌။ ဒေဝတာ၊ နတ်တို့ကို။ ဂဟေတ္ဝာ၊ ခေါ်ယူ၍ ။ ဓုရေန၊ လှည်းဦးဖြင့်။ ပဟာရန္တေ၊ ထိခိုက်ခြင်းသည်။ အဿဝိယ၊ ဖြစ်ဘိသကဲ့သို့။ သတ္ထာရံ၊ မြတ်စွာဘုရားကို။ ဥပသင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှါ။နယုတ္တံ၊ မသင့်။ ဒဿဗလဿ၊ ကိုယ်တော်အား ဆယ်ပါး ဉာဏ်တော်အားဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ ဥပဋ္ဌာကော၊ အလုပ်အကျွေးဖြစ်သော၊ ဝလ္လဘော၊ အကျွမ်းဝင်သည်ဖြစ်သော။ အယံ ပဥ္ဉသိခေါ၊ ဤဦးစွန်းငါးခုရှိသော ပဥ္ဉသိခ နတ်သားသည်။ ဣစ္ဆိတိစ္ဆိတက္ခဏေ၊ အလိုရှိအပ် အလိုရှိအပ်သော ခဏ၌။ ဂန္ဆာ၊ သွား၍၊ ပဥံ့၊ ပြဿနာကို။ ပုစ္ဆိတ္ဝာ၊ မေး၍ ။ ဓမ္မံ၊ တရားကို။ သုဏာတိ၊ နာ၏။ ဣမံ၊ ဤဂန္ဓဗ္ဗနတ်သားကို။ ပုရတောပေသေတ္ဝာ၊ ရှေ့ကလွှတ်၍။ သြကာသံကာရေတ္ဝာ၊ မြတ်စွာဘုရားကို အခွင့်ပြုစေပြီး၍။ ဣမိနာ၊ ဤနတ်သားဖြင့်။ ကတောကာသော၊ ပြုအပ်သော အခွင့်ရှိလတ်သော်။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ ပဥံ့၊ ပြဿနာကို။ ပုစ္ဆိဿာမိ၊ မေးရတော့အံ့။

ဤသို့အခွင့်ပြုစေခြင်း အကျိုးငှါ ဂန္ဓဗ္ဗနတ်သားကို သီးခြားခေါ်၍ ပြောရပြန်ပါသည် အရှင်ဘုရား။

ဧဝံ ဘဒ္ဒံ တဝါတိ၊ ဧဝံ ဘဒ္ဒံတဝ-ဟူသည်ကား။ ထိုဂန္ဓဗ္ဗနတ်သားသည် သိကြားမင်းအား ဤသို့ပြန်၍ ပြောပြန်ပါသည် အရှင်ဘုရား။

ဧဝံ မဟာရာဇ ဟောတု၊ ဘဒ္ဒံ တဝ ယော တုမှ ဧဟိ မာရိသ ဥယျာန ကီဠာဒီနိ ဝါ နဠသမဇ္ဇာဒီနိ ဝါ ဒဿနာယ ဂစ္ဆာမာတိ အဝတ္ဝာ ဗုဒ္ဓံ ပသိဿာမ ဓမ္မံ သောဿာမာတိ ဝဒသီတိ ဒဋ္ဌတရံ ဥပတ္ထမ္ဘေန္တော ဒေဝါနမိန္ဒဿ ဝစနံ ပဋိဿုတ္ဝာ အနုစရိယံ သဟစရဏံ ဂေတော ဂမနံ ဥပါဂမိ။

မဟာရာဇ၊ မြတ်သောသိကြားမင်း။ ဧဝံဟောတု၊ ဤသင်သိကြားမင်း ပြောသည့်အတိုင်းပင်ရှိပါစေတော့။ ယောတုံ့၊ အကြင်သင်သည်။ မံ၊ ငါ့ကို။

မာရိသ၊ဆင်းရဲခြင်း ကင်းပေသော ဂန္ဓဗ္ဗ နတ်သား။ဟေ၊ လာလှည့်။ဥယျာန-ကီဠာဒီနိဝါ၊ ဥယျာဉ်ပျော်ပါး ကစားခြင်း အစရှိသည်တို့ကိုဂုဏ်း။ နဠသမဇ္ဇာ-ဒီနိဝါ၊ကပဲ့သဘင် အစရှိသည်တို့ကိုဂုဏ်း။ ဒဿနာယ၊ ကြည့်ရှုခြင်းငှါ။ ဂစ္ဆာမ၊ သွားကုန်အံ့။ ဣတိ၊ ဤသို့။ အဝတ္ဝာ၊ မပြောမူ၍။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ မယံ၊ ငါတို့သည်။ပဿိဿာမ၊ ဖူးမြင်ကြကုန်အံ့။ မေ့မံ၊ တရားကို။ သောဿာမ၊ နာကြကုန်အံ့။ ဣတိ၊ ဤသို့။ ဝဒသိ၊ ဆိုဘိ၏။ တဝ၊ သင်၏။ တေံ၊ ဤကဲ့သို့ ဆိုခြင်းသည်။ ဘဒ္ဒံ၊ ကောင်းမြတ်လှပါပေ၏။ ဣတိ၊ ဤသို့။ ဒဋ္ဌတရံ၊ သာလွန်၍ မြဲမြံခိုင်ခန့်စွာ။ ဥပတ္ထမ္ဘေန္တော၊ ထောက်ခံလျက်။ဒေဝါနမိန္ဒဿ၊ နတ် တို့ကို အစိုးရသော သိကြားမင်း၏။ ဝစနံ၊ စကားကို။ ပဋိဿုတ္ဝာ၊ နာခံပြီး၍။ အနုစရိယံ၊ အစဉ်အတိုင်း လှည့်လည်ခြင်းသို့။ သဟာစရဏံ၊ အတူတကွ လှည့်လည်ခြင်းသို့။ ဧကတော၊ တပေါင်းတည်း။ ဂမနံ၊ သွားခြင်းသိ။ ဥပဂမိ၊ ကပ်ရောက်ပါပြီ။

ဗေလုဝပဏ္ဏု နတ်စောင်း

တတ္ထ၊ ထိုဆိုအပ်ခဲ့ပြီးသော စကားရပ်၌။ ဗေလုဝပဏ္ဏုန္တိ၊ ဗေလုဝပဏ္ဏုဟူသည်ကား။ ဗေလုဝပဏ္ဏံဝိယ၊ ဥသျစ်သီးမှည့်ကဲ့သို့။ ပဏ္ဏုဝဏ္ဏံ၊ ဖြောဒတော သော အဆင်းရှိသော။ ဝိဏံ၊ စောင်းကို။ အာဒါယ၊ ယူ၍—

ဥသျစ်သီးမှည့် အဆင်းရှိသော ဗေလုဝပဏ္ဏုအမည်ရှိသော စောင်းကြီးကိုယူ၍ သိကြားမင်းနှင့်အတူ လိုက်သည်ဟု ဆိုပါသည်ဘုရား။

ထိုစောင်းကြီး၏ အခြင်းအရာကို အဋ္ဌကထာဆရာမိန့်ကြားသည့်အတိုင်း လျှောက်ထားပါဦးမည်ဘုရား။

ထိုစောင်းကြီး၏ အပေါ်က ကြက်ထားသော မျက်နှာကြက်သည် ရွှေဖြင့် ပြီးပါသည်ဘုရား၊ ထိုစောင်း၏ အရိုးတံသည် ဣန္ဒနီလာမည်သော ကျောက်ဖြင့် ပြီးပါသည်ဘုရား၊ ထိုစောင်း၏ ကြိုးတို့သည်မူကား ငွေဖြင့် ပြီးကြပါကုန်သည်ဘုရား၊ ထိုစောင်းကို ရစ်ပတ်ထားသော ကြိုးတို့သည် မူကား သန္ဓာဖြင့် ပြီးကြပါကုန်သည် အရှင်ဘုရား၊ စောင်းဘဲ့သည် တဂါဝုတ် ရှိပါသည် အရှင်ဘုရား။ (စောင်းကြိုးဖဲ့ချည်ရာ အရပ်ဌာနသည် တဂါဝုတ် ရှိပါသည် အရှင်ဘုရား) စောင်းကြိုးချည်ရာ အထက်ပေါ်ထွက်၍ နေသော

စောင်းလက်ကိုင်တံသည် တဂါဝုတ်ရှိပါသည် အရှင်ဘုရား၊ ဤသို့အားဖြင့် ဗေလုဝပဏ္ဏုအမည်ရှိသော စောင်းသည် သုံးဂါဝုတ်ပမာဏ အတိုင်းအရှည် ရှိပါသည် အရှင်ဘုရား။

ဤသို့ ဂန္ဓဗ္ဗနတ်သားသည် ဆိုအပ်ခဲ့ပြီးသော ထိုစောင်းကိုယူ၍ အမျှင်ငါးဆယ်ရှိသော စောင်းညှိသော အသံတို့ကို ညှိ၍ လက်သဲဖျားတို့ဖြင့် တီးခတ်လျက် ချိုမြိန်သာယာလှစွာသော သီချင်းသံကို ကျူးရင့်မြွက်ဆို၍ ကြွင်းသောနတ်အပေါင်းတို့ကို သိကြားမင်း၏ သွားအံ့သော အခါကာလကို သိစေလျက် တခုသော အရပ်ဌာန၌ ရပ်တည်၍ နေပါသည် အရှင်ဘုရား။

ဤသို့ ထိုဂန္ဓဗ္ဗနတ်သား၏ သီချင်းသီဆို၍ တီးမှုတ်သီဆိုသော အမှတ်သညာဖြင့် နတ်အပေါင်းတို့ကို စည်းဝေးစေသည်တို့ကို ရည်ရွယ်၍ “အထ ခေါ သက္ကော ဒေဝါနမိန္ဒော။ပ။ ဝေဒိယကေ ပဗ္ဗတေ ပစ္စုဋ္ဌာသိ။ အထ ခေါ သက္ကော ဒေဝါနမိန္ဒော။ပ။ဝေဒိယကေ ပဗ္ဗတေ ပစ္စုဋ္ဌာသိ ”ဟူ၍ ပါဠိတော်၌ ဟောတော်မူပါသည်ဘုရား။

ဂ္ဂန္ဓဿာလလိုဏ်ဂူ၌ စုဝေးကြခြင်း

ထိုအခါ၌ ရာဇဂြိုဟ်မြို့၏ အရှေ့ဘက် အမွှသဏ္ဌာ အမည်ရှိသော ပုဏ္ဏားရွာ၊ ထိုရွာ၏ မြောက်ဘက်၌ ဝေဒိယကတောင်၊ ထိုဝေဒိယကတောင်၌ နံပေါင်ပေါက်ရောက်ရာ ဂ္ဂန္ဓဿာလလိုဏ်ဂူအတွင်း၌ မြတ်စ္စာဘုရား သီတင်းသုံးနေတော်မူသည်ဖြစ်၍ လိုဏ်ဂူ၏ အပြင်ဘက်၌ သိကြားမင်းအမှူးရှိသော စတုမဟာရာဇ်, တာဝတိံသာ နှစ်ပြည် နှစ်ထပ်တို့၌နေသော နတ်ပရိသတ်တို့သည် ဂန္ဓဗ္ဗနတ်သား ရွေကထား၍ လိုဏ်ဂူဝင်၌ ရွှေရွှတည်ကြပါကုန်သည်ဘုရား။

ထိုကဲ့သို့ နတ်ပရိသတ် လိုဏ်ဂူဝင်၌ တည်ရှိ၍ နေသောအခါ တေန ခေါ ပန သမယေန ဝေဒိယကော ပဗ္ဗတော အတိရိဝ ဩဘာသဇာတော ဟောတိ အမွှသဏ္ဌာစ ဗြာဟ္မဏဂါမော၊ ယထာ တံ ဒေဝါနံ ဒေဝါနုဘာဝေန။ ဒေဝါနံ၊ နတ်တို့၏။ ဒေဝါနုဘာဝေန၊ နတ်တို့၏တန်ခိုးတေဇော် အာနုဘော်ဖြင့်။ ဩဘာသဇာတော၊ ဖြစ်သော အလင်းရောင်သည်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ တေန ခေါ ပန သမယေန၊ ထိုအခါကာလ၌။ ဝေဒိယကော ပဗ္ဗတော၊ ဝေဒိယကတောင်သည်။ အတိရိဝ၊ အလွန်အကဲသာလျှင်။ ဩဘာသ

ဇာတော၊ ဖြစ်သောအလင်းရောင်သည်။ ဟောတိ၊ ဖြစ်၏။ အမ္မသက္ကာ၊ အမ္မသက္ကာ အမည်ရှိသော။ ဗြာဟ္မဏဂါမောစ၊ပုဏ္ဏားရွာသည်လည်း။အတိရိုဝ၊ အလွန်အကဲသာလျှင်။ သြဘာသဇာတော၊ ဖြစ်သောအလင်းရောင်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ဟောတော်မူအပ်သော သက္ကပဉ္ဉသုတ် ပါဠိတော်၌ အတိရိုဝ သြဘာသဇာတော-ဟူသော ပုဒ်ကို ဖွင့်ဆိုတော်မူလိုသော အဋ္ဌကထာဆရာသည် အတိရိုဝ သြဘာသဇာတောတိ၊ အတိရိုဝ သြဘာသဇာတော-ဟူသည်ကား တပါးကုန်သော နေ့တို့၌ တဦးတယောက်တည်းသာလျှင်ဖြစ်သော နတ်၏ငင်း မာရ်နတ်မင်း၏ငင်း ဗြဟ္မာမင်း၏ငင်း ကိုယ်အလင်းရောင်ဖြင့် ဖြစ်သော အလင်းရောင်သည်ဖြစ်၏၊ သို့ရာတွင် ထိုနေ့၌မူကား စတုမဟာရာဇ်တာဝတိ ံသာဟု ဆိုအပ်သော နှစ်ထပ်သော နတ်လောကတို့၌ နတ်တို့၏ ကိုယ်ရောင်ဖြင့် အလွန်အကဲသာလျှင်ဖြစ်သော ထွန်းလင်းခြင်းရှိသည်၊ တခဲနက်သော ထွန်းတောက်ပခြင်းရှိသည်၊ အထောင်သောနေ အထောင်သောလတို့၏ထွက်သော အခါကာလနှင့်တူသည် ဖြစ်လေတော့၏ ဟု အဋ္ဌကထာဆရာ ဖွင့်ပြတော်မူပါသည်ဘုရား။

လူတွေ အံ့သြကြပုံ

ပရိတော ဂါမေသု မနုဿာ ဧဝမာဟံသု။ ပရိတော၊ ထက်ဝန်းကျင်မှ။ ဂါမေသု၊ ရွာတို့၌။ မနုဿာ၊ လူတို့သည်။ ဧဝံ၊ ဤသို့။ အာဟံသု၊ ပြောကြား ကြလေကုန်ပြီ။

ထိုတောင်၏ ထက်ဝန်းကျင် အနီးအပါး၌ရှိသော လူတို့က ထိုကဲ့သို့ ထူးခြားလှသော အရောင်ကို တွေ့မြင်ကြကုန်သည်ဖြစ်၍ ထိုသူတို့သည် အမျိုးမျိုးပြောကြားကြပါကုန်သည်၊ ထိုကဲ့သို့ ပြောကြားသော ပါဠိတော် စကားရပ်၌ ပရိတော ဂါမေသု မနုဿာ-ဟူသော ပုဒ်ကို အဋ္ဌကထာဆရာသည် ဖွင့်ပြတော်မူလိုသည်ဖြစ်၍——

ပရိတော ဂါမေသု မနုဿာတိ၊ပရိတော ဂါမေသု မနုဿာ-ဟူသည်ကား ထက်ဝန်းကျင်ရွာတို့၌တည်ကုန်သော လူတို့သည် ဤသို့ ပြောကြားကြကုန်၏၊ ပကတိအတိုင်းဖြစ်သော ညနေခင်း အခါကာလ၌သာလျှင် ရွာ၏ အလယ်၌ ခလေးသူငယ်တို့သည် ကစားမြူးထူးကြကုန်သည်ရှိသော် ထိုအချိန် ခလေး

တေ့ ကစားကြ နေဝင်ဖြိုးဖြ အချိန်ကာလ၌ သိကြားမင်းသည် ဝေဒိယက တောင် ဣန္ဒသာလလိုဏ်ဂူ၌ သီတင်းသုံးတော်မူသော ဘုရားထံသို့ ချဉ်းကပ် သည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား၊ ထိုသို့ ဖြစ်သောကြောင့် လူတို့သည် ထိုအလင်းရောင်တို့ကို မြင်ကြကုန်၍ ဤဆိုအပ်ခဲ့ပြီးသော အခြင်း အရာအားဖြင့် ပြောကြားကြပါကုန်သည်ဘုရား။

မင်္ဂလိမယံ၌သာလျှင် နတ်တို့သည် မြတ်စွာဘုရားကို ချဉ်းကပ်ကြကုန် သည် မဟုတ်ပါလောဟု မေးမြန်းစရာ ရှိပါ၏၊ ဤသိကြားမှင်းသည် အဘယ့် ကြောင့် ညဉ့်ကာလ၏ ပဌမဦးစွာသောယံ၏ ရှေ့အဘို့၌သာလျှင် လာရောက် ရလေသနည်းဟု အမေးစကား စောဒနာတက်၍ အဋ္ဌကထာဆရာဆက်လက် ဖွင့်ပြပြန်ပါသည်ဘုရား။

မရဏာဘယေနေဝ၊ သေအံ့သောဘေးသည်သာလျှင်။ တဇ္ဇိတတ္တာ၊ ချောက်လှန့်အပ်သည်၏ အဖြစ်ကြောင့်။ ပဌမယာမဿာပိ၊ ပဌမယံ၏လည်း။ ဝါ၊ ရှေးဦးစွာသောယံ၏လည်း။ ပုရိမဘာဂေယေဝ၊ ရှေးဦးစွာသော အဘို့ ၌သာလျှင်။ အယံ၊ ဤသိကြားမင်းသည်။ အာဂတော၊ လာရောက်ခဲ့လေပြီ။

ထိုလူတို့က ပြောကြားသော အခြင်းအရာစကားကို ထိုသက္ကပဉ္ဉသုတ် ပါဠိတော်၌ ကိ ံသု နာမဇ္ဇ ဝေဒိယကော ပဗ္ဗတော အတိရိဝ ဩဘာသ ဇာတော အမ္မသက္ကာ စ ဗြာဟ္မဏဂါမော-ဟု ဟောတော်မူပါသည်။

အဇ္ဇ၊ ယနွေ။ ဝေဒိယကော၊ ဝေဒိယကအမည်ရှိသော။ ပဗ္ဗတော၊ တောင်သည်ရင်း။ အမ္မသက္ကာ၊ အမ္မသက္ကအမည်ရှိသော။ ဗြာဟ္မဏဂါမော၊ ပုဏ္ဏားရွာသည်ရင်း။ အတိရိဝ၊ အလွန်အကဲသာလျှင်။ ဩဘာသဇာတော၊ အလင်းအရောင် ဖြစ်၍ ဖြစ်၏။ တံ၊ ထိုသို့ ဖြစ်ခြင်းသည်။ ကိ ံသုနာမ၊ အဘယ်အရောင်အလင်းပေတဲ့နည်း။ ဣတိ ဧဝံ၊ ဤသို့။ အာဟံသု၊ လူအများ တို့က ပြောကြားကြပါကုန်သည်ဘုရား။

ထိုကဲ့သို့ ပြောကြားသော စကားကို ကိ ံသုနာမ-ဟူသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာက ကိ ံသု နာမာတိ၊ ကိ ံသုနာမ-ဟူသည်ကား အိုအချင်းတို့....ထိုအရာသည် အသို့ ဖြစ်လေသနည်း၊ ယနွေ့ တန်ခိုးကြီးမားသော နတ်သည်သော်ငင်း ဗြဟ္မာသည်သော်ငင်း မြတ်စွာ

ဘုရားကို အမေးပြဿနာ မေးမြန်းခြင်းငှါသော်ငင်း တရားတော်ကို နာကြားခြင်းငှါငင်း ချဉ်းကပ်သည်ဖြစ်၏၊ ထိုချဉ်းကပ်တဲ့ တန်ခိုးကြီးတဲ့ နတ်ဗြဟ္မာသည် အဘယ်သူ ဖြစ်လေဘိသနည်း။

အိုအချင်းတို့....မြတ်စွာဘုရားသည် အမေးပုစ္ဆာ ပဥ္ဉာပြဿနာကို အဘယ်သို့ဖြေဆိုတော်မူလတ္တံ့၊ တရားတော်ကို အဘယ်သို့ ဟောတော်မူလတ္တံ့။

အို အချင်းတို့....ဤကဲ့သို့ အကြင်ငါတို့၏ နတ်တို့၏ ယုံမှားကို ပယ်ဖျောက်တော်မူတတ်သော ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည် အနီးအနားဖြစ်သော ကျောင်း၌ သီတင်းသုံးတော်မူ၏၊ အကြင်ငါတို့သည် ဆွမ်းတအုပ်ကိုငင်း တယောက်ချို့မျသော ဆွမ်းကိုငင်း ပေးလှူခြင်းငှါ အခွင့်ကောင်းကို ရကြပါကုန်၏၊ ထိုကဲ့သို့ အခွင့်ကောင်းကို ရကြကုန်သော ငါတို့အား အရတော်ကြလေကုန်စွတကား၊ တုန်လှုပ်ချောက်ချားသော ဝမ်းမြောက်သော စိတ်ဓာတ်ရှိကြကုန်သည်ဖြစ်၍ ကြက်သီးမွေးညင်းထကြကုန်သည်ဖြစ်၍ အထက်သို့ ကော့တက်သော ကိုယ်အမွေးရှိကြကုန်သည်ဖြစ်၍ ဆယ်ချောင်းသော လက်တို့ဖြင့် ပေါင်းထောင်အပ်သော လက်သည်းရောင်တို့ဖြင့် တပြောင်ပြောင်တောက်ပ၍နေသော လက်အုပ်ကို ဦးခေါင်းထက်၌ တည်စေ၍ မြတ်စွာဘုရားရှိရာသို့ မှန်းလျက် ရှိခိုးကြကုန်လျက် တည်ကြပါကုန်သည်ဘုရား။

ဘုရားထံ ချဉ်းကပ်ဘို့ မလွယ်ကူ

ထိုအခါ သိကြားမင်းက ဂန္ဓဗ္ဗနတ်သားအား မိန့်ကြားပြန်သည်မှာ ဒုရုပသက်မာခေါ် တာတ ပဥ္ဆသိခ တထာဂတာ မာဒိသေန·စသည်ဖြင့် သိကြားမင်းက ဂန္ဓဗ္ဗနတ်သားအား ပြောကြားပြန်ပါသည်ဘုရား။

တာတ ပဥ္ဆသိခ၊အချင်းဂန္ဓဗ္ဗနတ်သား....။တထာဂတာ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူကြကုန်သော မြတ်စွာဘုရားတို့ကို။ မာဒိသေန၊ ငါ့ကိုယ်ကဲ့သို့ ရှုအပ်သော ရာဂမကင်း ဒေါသမကင်း မောဟမကင်းဘဲရှိ၍ နေတဲ့ပုဂ္ဂိုလ်သည်။ ဒုရုပသက်မာ၊ ခဲယဉ်းငြိုငြင်စွာ ချဉ်းကပ်အပ်ပါကုန်၏။ ဝါ၊ ချဉ်းကပ်ဘို့ရာ ခဲယဉ်းလှပါကုန်၏။

ဤသို့ သိကြားမင်းက ဂန္ဓဗ္ဗနတ်သားအား ပြောကြားပါသည်ဘုရား။ ထိုသို့ပြောကြားသော ပါဠိတော်စကားရပ်၌ ဒုရုပသက်မာ-ဟူသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဒုရုပသက်မာတိ၊ ဒုရုပသက်မာ-ဟူသည်ကား။ ဒုပယိရုပါသိယာ၊ ခဲယဉ်းငြိုငြင်သဖြင့် ဆည်းကပ်အပ်ကုန်၏။ အဟံ၊ ငါသည်။ သရာဂေါ၊ ရာဂနှင့်တကွဖြစ်၏။ သဒေါသော၊ ဒေါသနှင့်တကွ ဖြစ်၏။ သမောဟော၊ မောဟနှင့်တကွ ဖြစ်၏။ သတ္ထာ၊ လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ဝိတရာဂေါ၊ ကင်းသောရာဂရှိတော်မူ၏။ ဝိတဒေါသော၊ ကင်းသော ဒေါသရှိတော်မူ၏။ ဝိတမောဟော၊ ကင်းသော မောဟရှိတော်မူ၏။ တသ္မာ၊ ထို့ကြောင့်။ တထာဂတာ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူကြကုန်သော။ ရာဂ, ဒေါသ, မောဟ တရားကင်းတော်မူကြကုန်သော မြတ်စွာဘုရားတို့ကို။ မာဒိသေန၊ ငါကဲ့သို့သော ရာဂ, ဒေါသ, မောဟ မကင်းတဲ့ ပုဂ္ဂိုလ်သည်။ ဒုပယိရုပါသိယာ၊ ခဲယဉ်းငြိုငြင်စွာ ဆည်းကပ်အပ်ပါကုန်တော့၏။ ဤအဓိပ္ပါယ်ကို အဋ္ဌကထာဆရာဖွင့်ပြပါသည်ဘုရား။

မြတ်စွာဘုရား သီတင်းသုံးလေ့ရှိပုံ

ထိုမျှမကသေးမူ၍ စျာယိ စျာနရတာ တဒန္တရံ ပဋိသလ္လီနာ ဟူသော ပါဠိတော်၌။ တထာဂတာ၊ ရှေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူကြကုန်သော မြတ်စွာဘုရားတို့သည်။ စျာယိ၊ လက္ခဏူပ, အာရမ္မဏူပစျာန်နှစ်ပါးရှိတော်မူကြကုန်သည်ဖြစ်၍။ စျာနရတာ၊ ထိုစျာန်တရား၌ မွေ့လျော်တော်မူကြကုန်၏။ တဒန္တရံ၊ ထိုစျာန်တရားဝင်စားသည်၏ အခြားမဲ့၌။ တဒန္တရံ၊ ထိုခဏ၌။ ပဋိသလ္လီနာ၊ တပါးတည်းတည်း ကိန်းအောင်း၍ သီတင်းသုံးတော်မူကြကုန်၏။ ဤသို့ သိကြားမင်းက ဆက်လက်၍ ပြောပြန်ပါသည်ဘုရား။

ထိုကဲ့သို့ သိကြားမင်း ဆက်လက်၍ ပြောသော ပါဠိတော် စကားရပ်၌ စျာယိ အစရှိသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် စျာယိတိ၊ စျာယိ-ဟူသည်ကား။ လက္ခဏူပနိဇ္ဈာနေနစ၊ လက္ခဏာတရားကို ကပ်၍ ရှုခြင်းဖြင့်ငင်း။ အာရမ္မဏူပနိဇ္ဈာနေနစ၊ အာရုံကိုကပ်၍ ရှုခြင်းဖြင့်ငင်း။ စျာယိ၊ ရှုဆင်ခြင်သော အလေ့ရှိကြကုန်၏။ တသ္မိံ ယေဝစျာနေ၊

ထိုရှုဆင်ခြင်အပ်သော လက္ခဏူပ, အာရမ္မဏူပ စျာန်နှစ်ပါး၌သာလျှင်။ ရတာ၊ မ္ဒေလျော်တော်မူကြကုန်၏။ ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

တဒန္တရံ ပဋိသလ္လီနာတိ၊ တဒန္တရံ ပဋိသလ္လီနာ-ဟူသည်ကား။တဒန္တရံ၊ ထိုအခြားမဲ့၌။ပဋိသလ္လီနာ၊တပါးတည်းတည်း ကိန်းအောင်း၍ နေတော်မူကြပါကုန်သည်။ ဝါ၊ တနည်းကား။ သမ္ပတိ၊ ထိုခဏ၌။ ပဋိသလ္လီနာ၊ တပါးတည်းတည်း ကိန်းအောင်း၍ နေကြပါကုန်သည်။ တသ္မာ၊ ထို့ကြောင့်။ ကေဝလံ၊ သက်သက်။ နစျာယီ၊ စျာန်တရားကိုသာ လေ့လာပွါးများ၍ နေကြကုန်သည်မဟုတ်။ နစျာနရတာ၊ စျာန်တရား၌သာလျှင် မ္ဒေလျော်တော်မူကြကုန်သည် မဟုတ်ဟူ၍ ဆိုလိုပါသည်။ ဒါကြောင့် တပါးတည်းတည်း နေတော်မူလေ့ရှိသော မြတ်စွာဘုရားတို့ကို ချဉ်းကပ်ဘို့ရာ အလွန်ခဲယဉ်းလှပါကုန်သည်။ ယခုအခါ၌သာလျှင် တပါးတည်း ကိန်းအောင်း၍ နေတော်မူကြလေကုန်သည်။ ထို့ကြောင့် စျာန်ဝင်စားရုံမျှ မကဘဲ တပါးတည်းနေတော်မူတတ်တဲ့ အလေ့ရှိတော်မူသောကြောင့် ချဉ်းကပ်ဘို့ရန် အလွန်ခဲယဉ်းလှပါကုန်သည် ဟု သိကြားမင်းက ဂန္ဓဗ္ဗနတ်သားအား ပြောကြားပါသည် ဘုရား။

ပဥ္ဇသိခ၏ စောင်းသံ

ထို့နောက်မှ "အချင်းဂန္ဓဗ္ဗနတ်သား....၊ အသင်သည် မြတ်စွာဘုရားကို နှစ်သက်အောင် ပြုလုပ်နိုင်ရာ၏၊ မြတ်စွာဘုရားအား နှစ်သက်အောင် ပြုလုပ်ပြီး၍ မြတ်စွာဘုရားက ငါ့အား အခွင့်ကိုပြုအောင် လုပ်ပေးပါ" ဟု ဂန္ဓဗ္ဗနတ်သားကို သိကြားမင်းက တိုက်တွန်းပါသည်။

ထိုအခါ ဂန္ဓဗ္ဗနတ်သားသည် ဗေလုဝပဏ္ဍုဝီဏခေါ်သော ဖြော့တော့သော ဥသျှစ်သီးမှည့်အဆင်းရှိသော စောင်းကြီးကိုယူ၍ ဤအရပ်၌ငါနေလျှင် မြတ်စွာဘုရားနှင့် မဝေးတော့သော အရပ်၌လည်း ဖြစ်ရလိမ့်မည်၊ အလွန်မနီးလွန်းသော အရပ်၌လည်း ဖြစ်ရလိမ့်မည်၊ ငါ၏ စောင်းသံနှင့် သီချင်းသံကိုလည်း မြတ်စွာဘုရားကြားတော်မူလိမ့်မည်ဟု ခန့်မှန်းပြီးလျှင် သင့်လျော်လျောက်ပတ်သော အရပ်၌ ဂန္ဓဗ္ဗနတ်သားသည် စောင်းကြိုး ညှိ၍ တီးခတ်ဘို့ရန် အသင့်ပြင်ဆင်လျက်နေပါသည် ဘုရား။

ထိုနောက်မှ ဂန္ဓဗ္ဗနတ်သားသည် မြတ်စွာဘုရားအား သီချင်းကိုလည်း သီဆို စောင်းကိုလည်း တီးလျက်—

ဝန္ဒေ တေ ပိတရံ ဘဒ္ဒေ၊ တိမ္ဗဓရံ သူရိယဝစ္ဆသေ။
ယေန ဇာတာသိ ကလျာဏီ၊ အာနန္ဒဇနနီ မမ။ ။

အစရှိသော တဆဲ့လေးခုသော ဂါထာတို့ဖြင့် တန်းဆာဆင်၍ မြတ်စွာဘုရားကို သီချင်းသီဆိုလျက် စောင်းကိုလည်းတီးလျက် အသိပေးပါသည် အရှင်ဘုရား။

သူရိယဝစ္ဆသေ၊ ထုက်သစ်စနေအရောင်ကဲ့သို့ တောက်ပြောင်သော ကိုယ်အဆင်းရှိပေသော။ ဘဒ္ဒေ၊ ကောင်းခြင်းငါးဖြာလက္ခဏာနှင့် ပြည့်စုံစွာလှ အိုချစ်နှမ....။ တေ၊ သင်၏။ တိမ္ဗဓရံ၊ တိမ္မရုအမည်ရှိသော။ ပိတရံ၊ ခမည်းတော် နတ်မင်းကြီးကို။ အဟံ၊ ငါသည်။ ဝန္ဒေ၊ ရှိခိုးပါ၏။ ယေန၊ အကြင်အကြောင်းကြောင့်။ တံ၊သင်သည်။ ယံတိမ္ဗရံ၊ အကြင်တိမ္ဗရုအမည်ရှိသော နတ်မင်းကြီးကို။ နိဿာယ၊ အမှီပြု၍ ။ ကလျာဏီ၊ ကောင်းခြင်းငါးဖြာ အင်္ဂါလက္ခဏာနှင့် ပြည့်စုံသည်ဖြစ်၍။ ဇာတာ၊ ဖွားပေါက်၍ လာသည်။ အသိ၊ဖြစ်ပါပေတော့၏။ မမ၊ ငါ၏။ အာနန္ဒဇနနီ။ နှစ်သက်ဝမ်းမြောက်ခြင်းကို တိုးပွါးစေတတ်ပါပေတော့၏။

ဤသို့ အစရှိသော အဓိပ္ပါယ်မျိုး ပါဝင်သောဘုရားနှင့်စပ်တဲ့ဂါထာ တရားနှင့်စပ်တဲ့ဂါထာ သံဃာနှင့်စပ်တဲ့ဂါထာ ရဟန္တာဘို့နှင့်စပ်တဲ့ဂါထာ အာရုံငါးပါးနှင့်စပ်တဲ့ဂါထာတို့ကို သီချင်းဖွဲ့သီဆို၍ မြတ်စွာဘုရားကို စောင်းတီးလျက် အသိပေးပါသည် အရှင်ဘုရား။

မြတ်စွာဘုရားက ချီးကျူးခြင်း

ထိုကဲ့သို့ တဆဲ့လေး ဂါထာတို့ဖြင့် မြတ်စွာဘုရားကို အသိပေး၍ စောင်းတီးပြီးလျှင် မနီးမဝေးသော် အရပ်က နေသောအခါ သီချင်းနှင့် စောင်းပြီးသည်၏ အဆုံး၌ မြတ်စွာဘုရားက —

ဧဝံ ဝုတ္တေ ဘဂဝါ ပဥ္စသိခံ ဂန္ဓဗ္ဗဒေဝပုတ္တံ ဧတဒဝေါစ။ သံသန္ဒတိ ခေါ တေ ပဥ္စသိခ တန္တိဿရော ဂီတဿရေန ဂီတဿရော စ တန္တိဿ-ရေန၊ နစ ပန တေ ပဥ္စသိခ တန္တိဿရော ဂီတဿရံ အတိဝတ္တတိ ဂီတဿရော စ တန္တိဿရံ။ကဒါ သံယူဠှာ ပန တေ ပဥ္စသိခ ဣမာ ဂါထာ ဗုဒ္ဓူပသဉ္ဇိတာ ဓမ္မူပသဉ္ဇိတာ သံဃူပသဉ္ဇိတာ အရဟန္တူပသဉ္ဇိတာ

ကာမူပသဉ္ဇိတာတိ-ဟူ၍ မြတ်စွာဘုရားက ဂန္ဓဗ္ဗနတ်သားကို ချီးကျူး စကား မိန့်ကြားပါသည် ဘုရား။

ပဉ္ဇသိခ၊ ဦးစွန်းငါခုရှိ၍ ပဉ္ဇသိခအမည်ရသည့် ဂန္ဓဗ္ဗနတ်သား....။ တေ၊ သင်၏။ တန္တိဿရော၊ စောင်းတီးသည့် အသံသည်။ ဂီတဿရေန၊ သင်သီဆိုလိုက်သော သီချင်းသံနှင့်။ သံသန္ဒတိ၊ အပိုအသာမရှိ နှီးနှောမိပါပေ၏။ ဂီတဿရောစ၊ သင်သီဆိုလိုက်တဲ့ သီချင်းသံသည်လည်း။ တန္တိဿရေန၊ သင်တီးလိုက်သော စောင်းသံနှင့်။ သံသန္ဒတိ၊ နှီးနှော ညီညာရှိပါပေ၏။

ပဉ္ဇသိခ၊ ပဉ္ဇသိခအမည်ရသော ဂန္ဓဗ္ဗနတ်သား....။တေ၊ သင်၏။ တန္တိ-ဿရော၊ လက်အစွမ်းဖြင့် တီးလိုက်တဲ့ စောင်းသံသည်။ ဂီတဿရံ၊ သင်သီဆိုလိုက်တဲ့ သီချင်းသံကို။ နအတိဝတ္တတိ၊ ကျော်လွန်၍ မသွား။ ဂီတဿရောစ၊ သင်သီဆိုလိုက်တဲ့ သီချင်းသံသည်လည်း။ တန္တိဿရံ၊ သင်တီးလိုက်တဲ့ စောင်းသံကို။ နာတိဝတ္တတိ၊ ကျော်လွန်၍ မသွား။

ပဉ္ဇသိခ၊ ပဉ္ဇသိခအမည်ရသော ဂန္ဓဗ္ဗနတ်သား....။ ကဒါ၊ ဘယ်အခါကာလက။ ဗုဒ္ဓူပသဉ္ဇိတာ၊ ဘုရားဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်ကြကုန်သော။ ဓမ္မူပသဉ္ဇိတာ၊ တရားဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်ကြကုန်သော။သံဃူပသဉ္ဇိတာ၊ သံဃာတော်ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်ကြကုန်သော။ အရဟန္တူပသဉ္ဇိတာ၊ ရဟန္တာတို့၏ ဂုဏ်ကျေးဇူးနှင့် စပ်ယှဉ်ကြကုန်သော။ ကာမူပသဉ္ဇိတာ၊ ကာမဂုဏ်ငါးပါးနှင့် စပ်ယှဉ်ကြကုန်သော။ ဣမာဂါထာ၊ ဤဂါထာတို့ကို သံယူဋ္ဌာ၊ ဖွဲ့စီသီကုံး၍ ထားအပ်ပါကုန်သနည်း။

ဤသို့ မြတ်စွာဘုရားက ဂန္ဓဗ္ဗနတ်သားအား ချီးကျူးစကား မိန့်ကြားပါသည် ဘုရား။

မြတ်စွာဘုရား၌ သာယာမှုမရှိ

ဤကဲ့သို့ မိန့်ကြားတော် မူအပ်သော မြတ်စွာဘုရား စကားတော်ဟု ဆိုအပ်သော ပါဋ္ဌိတော် အစဉ်၌ သံသန္ဒတိ ဟူသောပါဋ္ဌိ၏ အကျယ် အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသောအဋ္ဌကထာဆရာသည်—

သံသန္ဒတီတိ၊ သံသန္ဒတိ-ဟူသည်ကား။ ကသ္မာ၊ အဘယ့်ကြောင့်။ ဂီတသဒ္ဒဿစေဝ၊ သီချင်းသံ၏သာလျှင်ရင်း။ ဝီဏာသဒ္ဒဿစ၊ စောင်းသံ၏

သာလျှင်ငင်း။ ဝဏ္ဏံ၊ ဂုဏ်ခေကျးဇူးကို။ ကဆသိ၊ ပြောကြားတော်မူဘိ သနည်း။ ကိ ံ၊ အသို့နည်း။ တဋ္ဌ၊ ထိုစောင်းသံ သီချင်းသံ၌။ ဘဂဝတော၊ မြတ်စွာဘုရားအား။ သာရာဂေါ၊ ရာဂနှင့်တကွ တပ်စွမ်းခြင်းသည်။ အတ္ထိ၊ ရှိလေသခလော။

ဤသို့ စောဒနာစကားထုတ်၍ စောင်းသံ သီချင်းသံတို့မှာ သာယာသော စိတ်ရှိ၍ ချီးကျူးလေသလောဟု မေးစီစစ်စရာရှိနေသည်ဖြစ်၍ အဋ္ဌကထာဆရာက အမေးပြဿနာကို ထုတ်ပြီးလျှင် ဘုရား၌ ဤကဲ့သို့ စောကြောမေးစီစစ်စရာမရှိတဲ့ အကြောင်းကို မိန့်တော်မူလိုသည်ဖြစ်၍ နတ္ထိ ဟူသော စကားကို အဋ္ဌကထာဆရာ မိန့်ပြန်ပါသည်ဘုရား။

ဘဂဝတော၊ မြတ်စွာဘုရားအား။ သာရာဂေါ၊ ရာဂနှင့်တကွ တပ်စွမ်းခြင်းသည်။ နတ္ထိ၊ မရှိ။

ထိုမရှိခြင်း၏ အကြောင်းကို ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ဆဋ္ဌဂုံပေကွာယ ဥပေက္ခကော ဘဂဝါ တောဒိသေသု ဌာနေသု-စသည်ဖြင့် မိန့်ပြပါသည်ဘုရား။

ဆဋ္ဌဂုံပေက္ခာယ၊ အင်္ဂါခြောက်ပါးရှိသော ဥပေက္ခာဖြင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ တောဒိသေသု၊ ဤကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော။ ဌာနေသု၊ အရာဌာနတို့၌။ ဝါ၊ တောဒိသေသုဌာနေသု၊ ဤကဲ့သို့သော ရူပ သဒ္ဒ အစရှိသော အရာဌာနမျိုးတို့၌။ ဥပေက္ခကော၊ လျစ်လျူရှုတော်မူပါပေ၏။ ကေဝလံ၊ သက်သက်။ ဣဋ္ဌာနိဋ္ဌံ၊ ဣဋ္ဌ, အနိဋ္ဌ-အလိုရှိအပ်, အလိုမရှိအပ်တဲ့အာရုံကို။ ဇာနာတိ၊ ကောင်းစွာပိုင်ပိုင် သိနိုင်တော်မူပါပေ၏။

တတ္ထ၊ ထိုဣဋ္ဌ-အနိဋ္ဌ စသည်ထွေပြား အာရုံအများတို့၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ နရဇ္ဇတိ၊ တပ်စွမ်းခြင်းမရှိ။

ဤကဲ့သို့ အဋ္ဌကထာဆရာမိန့်ပြီးလျှင် သံဝိဇ္ဇတိ ခေါ် အာဝုသော ဘဂဝတော စက္ခု၊ ပဿတိ ဘဂဝါ စက္ခုနာ ရူပံ၊ ဆန္ဒရာဂေါ ဘဂဝတော နတ္ထိ။ သုဝိမုတ္တစိတ္တော ဘဂဝါ။ သံဝိဇ္ဇတိ ခေါ် အာဝုသော ဘဂဝတော သောတန္တိ အာဒိ။သံဝိဇ္ဇတိ ခေါ်။ပ။သောတံ ဤသို့ အစရှိသော စကားကို။

ဝုတ္တာမိ-ဝုတ္တံဝေ၊ သံယုတ်ပါဠိတော်၌ ဟောတော်မူအပ်ပါသည်ဟု အဋ္ဌကထာဆရာ ထုတ်ပြုပါသည်ဘုရား။

အာဝုသော၊ ငါ့ရှင်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ စက္ခု၊ မျက်စိအမြင်သည်။ သံဝိဇ္ဇတိ ခေါ သံဝိဇ္ဇတိဝေ၊ ရှိသည်သာလျှင်တည်း။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ စက္ခုနာ၊ မျက်စိဖြင့်။ ရူပံ၊ အဆင်းကို။ ပဿတိ၊ မြင်တော်မူတတ်သည်သာတည်း။ ဘဂဝတော၊ မြတ်စွာဘုရားအား။ ဆန္ဒရာဂေါ၊ တပ်သော ဆန္ဒရာဂသည်။ နတ္ထိ၊ မရှိ။ ဘဂဝါ၊ ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ သုဝိမုတ္တစိတ္တော၊ ကောင်းစွာ လွတ်မြောက်ပြီးသော စိတ်ရှိတော်မူ၏။အာဝုသော၊ ငါ့ရှင်။ ဘဂဝတော၊ မြတ်စွာဘုရားအား။ သောတံ၊ ပကတိ နားတော်သည်။ သံဝိဇ္ဇတိခေါ-သံဝိဇ္ဇတိဝေ၊ ရှိသည်သာလျှင်တည်း။

မျက်စိရှိ၍ ရူပါရုံကို မြင်တတ်၏။ နားရှိ၍ သဒ္ဒါရုံကို ကြားတတ်၏။ ထိုကဲ့သို့ မြင်တတ်ကြားတတ်သော သဘောရှိသော်လည်း ထိုအာရုံတို့၌ မြတ်စွာဘုရားအား ခြောက်ပါးသော အင်္ဂါနှင့် ပြည့်စုံသော ဥပေက္ခာနှင့် လျစ်လျူရှုတော်မူသော အလေ့ရှိတော်မူသည်ဖြစ်၍ တပ်စွမ်းတဲ့ ရာဂမရှိဟု ဆိုလိုပါသည်။

ဘာကြောင့် ချိုးကျူးရသလဲ

ဤကဲ့သို့ အဋ္ဌကထာဆရာ မိန့်ပြုပြီးသည်၏ အခြားမဲ့၌ အကယ်၍ မြတ်စွာဘုရားက ဤကဲ့သို့ ပဥ္စသီခနတ်သား စောင်းတီး၍ သီချင်းဆိုခြင်းကို ဂုဏ်ကျေးဇူးကို မပြောခဲ့ငြားအံ့၊ ပဥ္စသီခနတ်သားသည် မြတ်စွာဘုရားသည် အခွင့်အရေးကို ပြုအပ်၏ဟု မသိနိုင်ရာ။ ထိုသို့အခွင့်အရေးပြုသည်ကို မသိနိုင်သော အခါကာလ၌ သိကြားမင်းသည်—

ဘဂဝတာ ပဥ္စသိခဿ သြကာသော နကတောတိ ဒေဝတာ ဂဟေတ္ဝာ တတောဝ ပဋိနိဝတ္တေယျ။ တတော မဟာဇာနိယော ဘဝေယျ၊ ဝဏ္ဏော ပန ကထိတေ ကတော ဘဂဝတာ ပဥ္စသိခဿ သြကာသောတိ ဒေဝတာဟိ သဒ္ဒိံ ဥပသင်္ကမိတ္ဝာ ပဉ္ဉံ ပုစ္ဆိတ္ဝာ ဝိဿဇ္ဇနာဝသာနေ အသိတိယာ ဒေဝတာသဟဿေဟိ သဒ္ဒိံ သောတာပတ္တိဖလေ ပတိဋ္ဌဟိဿတီတိ ဥတ္ဝာ ဝဏ္ဏံ ကထေသိ။

မြတ်စွာဘုရားက စောင်းသံနှင့် သီချင်းသံကို ချီးကျူးတော်မူသည့် အကြောင်းကို ဤကဲ့သို့ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

ပဉ္စသိခေါ၊ ပဉ္စသိခ အမည်ရသည့် ဂန္ဓဗ္ဗနတ်သားသည်။ မေ၊ ငါ့အား။ ဩကာသော၊ အခွင့်ကို။ ကတော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ နဇာနေယျ၊ မသနုဇရာ။

ဤကဲ့သို့ မချီးကျူးလျှင် ဂန္ဓဗ္ဗနတ်သားသည် မြတ်စွာဘုရားက အခွင့် ပြုတော်မူသည်ဟု မသိနိုင်ပါ။

အထ၊ ထိုသို့မသိသော အခါကာလ၌။ သင်္ကော၊ သိကြားမင်းသည်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဉ္စသိခဿ၊ ပဉ္စသိခ အမည်ရသော ဂန္ဓဗ္ဗနတ်သားအား။ ဩကာသော၊ အခွင့်ကို။ နကတော၊ မပြုအပ်။ ဣတိ၊ ဤသို့၊ ဥတ္ဝာ၊ သိ၍။ ဒေဝတာ၊ နတ်ပြည်နှစ်ထပ်မှ ပါလာသော နတ်တို့ကို။ ဂဟေတ္ဝာ၊ ခေါ်ယူ၍။ တတော၀၊ ထိုအရပ်မှပင်လျှင်။ ပဋိနိဝတ္တေယျ၊ ပြန်လည်ဆုတ်နစ်၍ သွားရာ၏။ တတော၊ ထိုသို့ ပြန်လည်ဆုတ်နစ်၍ သွားသောအခါကာလ၌။ မဟာဇာနိယော၊ ကြီးစွာသော ဆုံးရှုံးခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ ပန၊ သို့သော်လည်း။ ဝဏ္ဏော၊ စောင်းသံနှင့် သီချင်းသံ၏ ဂုဏ်ကျေးဇူးကို။ ကထိတော၊ ပြောကြားအပ်သည်ရှိသော်။ ဘဂဝတာ၊မြတ်စွာဘုရားသည်။ ပဉ္စသိခဿ၊ ပဉ္စသိခအမည်ရသော ဂန္ဓဗ္ဗနတ်သားအား။ ဩကာသော၊ အခွင့်ကို။ ကတော၊ ပြုအပ်၏။ ဣတိ၊ ဤသို့။ ဥတ္ဝာ၊ သိ၍။ ဒေဝတာဟိ၊ နတ်ပြည်နှစ်ထပ်မှ ပါလာသော နတ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ ဥပသင်္ကမိတ္ဝာ၊ ချဉ်းကပ်၍။ ပဥ္စံ၊ အမေးပြဿနာကို။ ပုစ္ဆိတ္ဝာ၊ မေးမြန်း၍။ ဝိဿဇ္ဇနာဝသာနေ၊ အမေးကို ဖြေပြီးသည်၏ အဆုံး၌။ အသိတိယာဒေဝတာသဟဿေဟိ၊ ရှစ်သောင်းသော နတ်တို့နှင့်။ သဒ္ဓိံ၊ အတူ တကွ။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌဟိဿတိ၊ တည်လတ္တံ့။ ဣတိ၊ ဤသို့။ ဥတ္ဝာ၊ သိ၍။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ကထေသိ၊ ဟောကြားတော်မူပါသည်။

ဤသို့ အဋ္ဌကထာ ဖွင့်ပြသည်ကို ထောက်၍ မြတ်စွာဘုရားသည် တပ်သော စိတ်ဖြင့် မဟုတ်မူ၍ အခွင့်ပြုကြောင်းကို သိစေလိုသောစိတ်ဖြင့် ဂန္ဓဗ္ဗနတ်သား၏ သီချင်းသံနှင့် စောင်းသံကို ချီးကျူးတော်မူသည်ဟု ဖွင့်ပြတော်မူပါသည်ဘုရား။

မြတ်စွာဘုရားက မိန့်တော်မူပုံ

မြတ်စွာဘုရားသည် ဝေဒိယကတောင် ဣန္ဒသာလလိုဏ်ဂုဟ် သီတင်းသုံးတော်မူသောအခါ ဘုရားခွင့်ပြုတော်မူချက်အရ သိကြားမင်း အမှူးရှိသောနတ်ပရိသတ်နှင့်တကွ ဂန္ဓဗ္ဗနတ်သားသည် လိုဏ်ဂုတ္တင်းသို့ ဝင်ရောက်၍သင့်တင့်လျောက်ပတ်သော အရပ်၌ တည်နေကြပါကုန်သည်ဘုရား။

ထိုသို့ တည်နေသော အခါကာလ၌ မြတ်စွာဘုရားက သိကြားမင်းအား ဤလျောက်ကြားလတ္တံ့သော စကားအစဉ်ဖြင့် မိန့်ကြားတော်မူပါသည်ဘုရား။

အထ ခေါ ဘဂဝါ သက္ကံ ဒေဝါနမိန္ဒံ ဧတဒဝေါစ "အစ္ဆရိယမိဒံ အာယသ္မတော ကောသိယဿ၊ အဗ္ဘုတမိဒံ အာယသ္မတော ကောသိ-ယဿ တာဝ ဗဟုကိစ္စဿ ဗဟုကရဏီယဿ ယဒိဒံ ဣဓာဂမန"န္တိ။

အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် ။ဒေဝါနမိန္ဒံ၊ နတ်တို့ကို အစိုးရသော။ သက္ကံ၊ သိကြားမင်းကို။ ဧတဝေါစ၊ မိန့်တော်မူပြီ။ ကိ ဝစနံ၊ အဘယ်စကားကို။ အဝေါစ၊ မိန့်ကြားတော်မူသနည်း။ တာဝ၊ ထိုမျှလောက်။ ဗဟုကိစ္စဿ၊ များသောကိစ္စရှိသော။ ဗဟုကရဏီယဿ၊ များသောပြုဘွယ်ရှိသော။ အာယသ္မတော ကောသိယဿ၊ အရှင်ကောသိယန္တယ်ဖွား သိကြားမင်း၏။ ဣဓ၊ ဤအရပ်သို့။ ယဒိဒံ-ယံဣဒံအာဂမနံ၊ အကြင်လာရောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣဒံ၊ ဤကဲ့သို့ လာရောက်ခြင်းသည်။ အစ္ဆရိယံ၊ လက်ဖျစ်တီး၍ အံ့ချီးခြင်းငှါ ထိုက်ပါပေစ့။ ဣဒံ၊ ဤကဲ့သို့ လာရောက်ခြင်းသည်။ အဗ္ဘုတံ၊ မဖြစ်ဘူးမြဲ ထူးကဲစွာ ဖြစ်ပါပေစ့။ ဣတိ၊ ဤသို့။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူပြီ။

သိကြားက ပြန်၍လျောက်ခြင်း

ဤသို့ မိန့်ကြားတော်မူသောအခါ သိကြားမင်းက တဖန် မြတ်စွာဘုရားကို ပြန်၍ လျောက်ထားပြန်သည်မှာ——

စိရပဋိကာဟံ ဘန္တေ ဘဂဝန္တံ ဒဿနာယ ဥပသင်္ကမိတုကာမော၊ အပိ စ ဒေဝါနံ တာဝတိံသာနံ ကေဟိစိ ကေဟိစိ ကိစ္စကရဏီယေဟိ ဗျာဝဋော၊ ဝေါဟံ နာသက္ခိံ ဘဂဝန္တံ ဒဿနာယ ဥပသင်္ကမိတုံ။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား။ အဟံ၊ ဘုရား တပည့်တော်သည်။ စိရပဋိကာ၊ ကြာမြင့်စွာသော အခါကာလမှစ၍။ ဘဂဝန္တံ၊ ဘုန်းတော်ကြီးသော ဘုရားရှင်ကို။ ဒဿနာယ၊ ဖူးမြင်ခြင်းငှါ။ ဥပသင်္ကမိတုကာမော၊ ချဉ်းကပ်ခြင်းငှါ အလိုရှိခဲ့ပါ၏။ အပိစ၊ စင်စစ်သော် တမူကား။ တာဝတိံသာနံ၊ တာဝတိံသာ နတ်ပြည်၌ ဖြစ်ကြကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ကေဟိစိ ကေဟိစိ၊ အချို့ကုန် အချို့ကုန်သော။ကိစ္စကရဏီ-ယေဟိ၊ ပြုဘွယ်ကိစ္စအဝဝတို့သည်။ အဟံ၊ ဘုရားတပည့်တော်ကို။ဇျာဝဒ္ဎော၊ တားဆီးပိတ်ပင်၍ ထားအပ်ပါ၏။ ဧဝံ၊ ဤသို့။ အဟံ၊ ဘုရားတပည့်တော် သည်။ ဘဂဝန္တံ၊ ဘုန်းတော်ကြီးလွန် ဘဂဝန် ဘုရားရှင်ကို။ ဒဿနာယ၊ မျက်ဝါးထင်ထင် ဖူးမြင်ခြင်းငှါ။ ဥပသင်္ကမိတုံ၊ ချဉ်းကပ်ခြင်းငှါ။ နာသက္ခိံ၊ မစွမ်းနိုင်ခဲ့ပါ အရှင်ဘုရား။

ဤသို့ သိကြားမင်းက မြတ်စွာဘုရားကို ပြန်၍ လျှောက်ထားသော စကားရပ်၌ စိရပဋိကာဟံ ဘန္တေ-ဟူသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

စိရပဋိကာဟံ ဘန္တေတိ၊ စိရပဋိကာဟံ ဘန္တေ-ဟူသည်ကား။ အဟံ၊ ဘုရားတပည့်တော်သည်။ စိရတော၊ ကြာမြင့်စွာသော အခါကာလမှ။ ပဋ္ဌာယ၊ စ၍။ ဒဿနကာမော၊ ဖူးမြင်ခြင်းငှါ အလိုရှိခဲ့ပါသည် အရှင်ဘုရား။ ဤကဲ့သို့ ဖွင့်ပြတော်မူပါသည်။

နတ်ပြည်၏ ဓမ္မသတ်

ကေဟိစိ ကေဟိစိ ကိစ္စကရဏီယေဟိ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ပြောပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

ကေဟိစိ ကေဟိစိ ကိစ္စကရဏီယေဟိတိ၊ ကေဟိစိ ကေဟိစိ ကိစ္စကရဏီယေဟိ-ဟူသည်ကား။ ဒေဝါနံ၊ နတ်ဘို့၏။ ဓိတာစ၊ သမီးသည်ရင်း။ ပုတ္တာစ၊ သားတို့သည်ရင်း။ အင်္ကေ၊ ရင်ခွင်၌။ နိဗ္ဗတ္တာန်၊ ဖြစ်ကြကုန်၏။

လူ့ဘဝက ကုသိုလ်ကောင်းမှုကို ပြုကြကုန်သော ကုသိုလ်ရှင်အပေါင်း တို့သည် နတ်ပြည်၌ ဖြစ်ကြသောအခါ ဖြစ်နှင့်၍ နေကြသော နတ်သား နတ်သမီးတို့၏ သားသမီးအဖြစ်သို့ ကပ်ရောက်ကြကုန်မူကား ထိုဖြစ်နှင့်ကြ

ကုန်သော နတ်သားနတ်သမီးတို့၏ ရင်ခွင်၌ ပေ့လျက် ပိုက်လျက် သမီးသား အဖြစ်ဖြင့် ထင်ရှားဖြစ်ကြပါကုန်သည်။

ခြေရင်း အလုပ်အကျွေး ဖြစ်ကုန်သော ကုသိုလ်ရှင် နတ်သမီးတို့သည် အလျင်းကဖြစ်နှင့်ကြသော နတ်သားနတ်သမီးတို့၏ အိပ်ရာ၌ဖြစ်ကြပါကုန်၏။

ထိုအလျင်က ဖြစ်နှင့်ကြသော နတ်သား နတ်သမီးတို့၏ တန်းဆာဆင်ခြင်း အစရှိသော ပြင်ဆင်မှုကို ပြုလုပ်ကြရကုန်သော နတ်တို့သည် အိပ်ရာကို ဝန်းရံ၍ ဖြစ်ကြရပါကုန်သည်။

အမှုလုပ်ငန်းကို ဆောင်ရွက်ကြရကုန်သော နတ်သား နတ်သမီးတို့သည် အလျင်ကဖြစ်နှင့်ကြသော နတ်သား နတ်သမီးတို့၏ ဗိမာန်အကွင်း၌ ဖြစ်ကြရပါကုန်သည်။

ထိုကဲ့သို့ သန့်ရှင်းစွာ ဖြစ်ကြကုန်သော နတ်သား နတ်သမီးတို့၏ အကျိုးငှါ တရားစီရင်ခြင်းကိစ္စမည်သည် မရှိပါ။

ဗိမာန်နှစ်ခု ကြားထဲဖြစ်လျှင်

သို့ရာတွင် အကြင်နတ်တို့သည်မူကား ဘုံဗိမာန်နှစ်ခုတို့၏ အကြားသိမန္တရိက်ခေါ်သော အရပ်ဌာန၌ ဖြစ်ကြပါကုန်သည်။ ထိုသို့ ဖြစ်ကြကုန်သော နတ်သား နတ်သမီးတို့သည်—

တေ "တဝ သန္တကာ၊ မမ သန္တကာ"တိ နိစ္ဆေတုံ အသက္ကောန္တာ အဠံ ကရောန္တိ၊ သက္ကံ ဒေဝရာဇာနံ ပုစ္ဆန္တိ၊ သော "ယဿ ဝိမာနံ အာသန္နတရံ၊ တဿ သန္တကာ"တိ ဝဒတိ။

တေ၊ ထိုနတ်သား နတ်သမီးတို့သည်။ တဝ၊ သင်၏။ သန္တကာ၊ ဥစ္စာတည်း။ မမ၊ ငါ၏။ သန္တကာ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ နိစ္ဆေတုံ၊ ဆုံးဖြတ်ခြင်းငှါ။ အသက္ကောန္တာ၊ မစွမ်းနိုင်ကြကုန်သည်ဖြစ်၍။ အဠံ၊ တရားဆင်မှုကို။ ကရောန္တိ၊ ပြုကြပါကုန်၏။ ဒေဝရာဇာနံ၊ နတ်တို့၏ မင်းဖြစ်သော။ သက္ကံ၊ သိကြားကို။ ပုစ္ဆန္တိ၊ မေးမြန်းကြပါကုန်၏။ သော၊ ထိုနတ်တို့၏ မင်းဖြစ်သော သိကြားမင်းသည်။ ယဿ၊ အကြင်နတ်သမီး နတ်သား၏။ ဝိမာနံ၊ ဗိမာန်သည်။ အာသန္နတရံ၊ သာလွန်၍ နီးနား၏။ တဿ၊ ထိုသာလွန်၍

နီးနားသော နတ်သမီးနတ်သား၏။ သန္တကာ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ ဝဒတိ၊ အဆုံးအဖြတ်ကို ပြောကြားရပါ၏။

ဒေ့ဝပိ၊ နှစ်ဦးကုန်သော နတ်သား နတ်သမီးတို့သည်လည်း။ သမဋ္ဌာနေ၊ ညီမျှသော အရပ်ဌာန၌။ သစေ ဟောန္တိ၊ အကယ်၍ ဖြစ်ကြကုန်ငြားအံ့။

အညီအညွတ်ဖြစ်လေသော ဟိုဘက်မှ သည်ဘက်မှ နှစ်ဘက်သော ဗိမာန်မှ တိုင်းလိုက်သောအခါ ဗဟိုကျကျအလယ်၌ ဖြစ်၍ နေကြကုန်မူကား—

ယဿ ဝိမာနံ ဩလောကေန္တီ ဌိတာ၊ တဿ သန္တကာတိ ဝဒတိ။

ယဿ၊ အကြင်နတ်သား နတ်သမီး၏။ ဝိမာနံ၊ ဗိမာန်ကို။ ဩလောကေန္တီ၊ ကြည့်လျက်။ ဌိတာ၊ ရပ်တည်၏။ တဿ၊ ထိုအကြည့်အရှုခံရသော နတ်သမီးနတ်သား ဗိမာန်ရှင်၏။ သန္တကာ၊ ဥစ္စာတည်း။ ဣတိ၊ ဤသို့။ ဝဒတိ၊ အဆုံးအဖြတ်ကို ပြောကြားရပါ၏။

အကယ်၍ တဦးသော နတ်ဘုံဗိမာန်ကိုမျှ မကြည့်ဘဲ နေခဲ့ပါ၏၊ အကယ်၍ မကြည့်ခဲ့ငြားအံ့၊ ထိုအသစ်ဖြစ်သော နတ်သမီး နတ်သားကို နှစ်ဦးကုန်သော ဘုံဗိမာန်ရှင် နတ်သားနတ်သမီးတို့၏ ငြင်းခုံခြင်းကို ဖြတ်တောက်ခြင်းအကျိုးငှါ သိကြားမင်းက မိမိပိုင်ပစ္စည်းအဖြစ်ကို ပြုရပါသည်။

ကစားခြင်း အစရှိသော ကိစ္စတို့သည်ၜင်း ပြုဘွယ်တို့သည်ၜင်း ရှိကြပါကုန်သည်၊ ဤကဲ့သို့ သဘောရှိကုန်သော ထိုထိုပြုဘွယ်ကိစ္စတို့ကို ရည်ရွယ်မှန်းထား၍ သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ထားအပ်ခဲ့ပြီးသော ကေဟိစိ ကေဟိစိ ကိစ္စကရဏီယေဟိ-ဟူသော စကားဖြင့် ပြန်ပြောင်း၍ လျှောက်ထားပါသည်။

ဘုရားပဋ္ဌင်လျှင် နတ်ပြည်စည်ကားသည်

ထိုကဲ့သို့ လျှောက်ထားပြီးသည်၏ အဆုံး၌ သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ထားပြန်သည်မှာ—

မြတ်စွာဘုရား-အကြင်အခါ၌ ဘုရားရှင်တို့သည် လောက၌ အထင်အရှား ပဋ္ဌင်ကြပါကုန်၏၊ ထိုကဲ့သို့ အထင်အရှားဘုရားပဋ္ဌင်တော်မူသောအခါ

နတ်၌ဖြစ်ကြကုန်သော နတ်သမီးနတ်သား အပေါင်းတို့သည် နတ်ပြည်၌ဖြစ်၍ နေကြပါကုန်၏၊ အသုရာဘုံဗိမာန်တို့သည် ဆုတ်ယုတ်၍ သွားကြပါကုန်၏ဟု တပည့်တော်များ အလျင်နတ်ပြည်သို့ရောက်၍ နေနှင့်ကြကုန်သော နတ်သား နတ်သမီးအပေါင်းတို့၏ ပြောသံဆိုသံကို သူတို့၏ မျက်မှောက်မှ တပည့်တော်များ ကြားရဘူးပါသည်ဘုရား၊ ကြားရဘူးသည့်အတိုင်း ယခုဘုရားတပည့်တော် သိကြားမင်းဖြစ်လာတဲ့အခါ မျက်ဝါးထင်ထင် တွေ့မြင်ရသော သက်သေရှိပါသည်ဘုရား ဟု လျှောက်ထားလိုသည် ဖြစ်၍—

ဂေါပက နတ်သား

ဣဓေဝ ဘန္တေ ကပိလဝတ္ထုသ္မိံ ဂေါပိကာ နာမ သက္ျဓီတာ အဟောသိ ဗုဒ္ဓေ ပသန္နာ ဓမ္မေ ပသန္နာ သံဃေ ပသန္နာ သီလေသု ပရိပူရကာရိနီ၊ သာ ဣတ္ထိတ္တံ ဝိရာဇေတွာ ပုရိသတ္တံ ဘာဝေတွာ ကာယဿ ဘေဒါ ပရံမရဏာ သုဂတိံ သဂ္ဂံ လောကံ ဥပပန္နာ။

အစရှိသည်ဖြင့် မြတ်စွာဘုရားအား လျှောက်ထားပါသည်။

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရား....။ ဣဓေဝ ကပိလဝတ္ထုသ္မိံ၊ ဤကပိလဝတ် နေပြည်တော်၌သာလျှင်။ ဂေါပိကာ နာမ၊ ဂေါပိကာ အမည်ရှိသော။ သက္ျဓီတာ၊ သာကီဝင်မင်းတို့၏ အမျိုးသမီးသည်။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ ပသန္နာ၊ကြည်ညိုသည်။ ဓမ္မေ၊ တရားတော်၌။ ပသန္နာ၊ ကြည်ညိုသည်။ သံဃေ၊ သံဃာတော်၌။ ပသန္နာ၊ ကြည်ညိုသည်။ သီလေသု၊ ကိုယ်ကျင့် သီလတရားတို့၌။ ပရိပူရကာရိနီ၊ ဖြည့်ကျင့်လေ့ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။ သာ၊ ထိုဂေါပိကာ အမည်ရှိသော သာကီဝင်အမျိုးသမီးသည်။ ဣတ္ထိတ္တံ၊ မိန်းမ၏ အဖြစ်ကို။ ဝိရာဇေတွာ၊ တပ်ခြင်းကင်း၍။ ဝါ၊ ငြီးငွေ့၍။ ပုရိသတ္တံ၊ ယောကျ်ား အဖြစ်ကို။ ဘာဝေတွာ၊ ပွါးများ၍။ ကာယဿ၊ လက်ရှိဖြစ်သော ဥပါဒိန္နက ခန္ဓာကိုယ်၏။ ဘေဒါ၊ ပျက်စီးခြင်းကြောင့်။ ပရံမရဏာ၊ သေသည်မှနောက်ကာလ၌။ သုဂတိံ၊ ကောင်းသော သူတို့ လားရောက်ရာဖြစ်သော။ သဂ္ဂံ၊ အာရုံငါးရပ် သာလွန်မြင့်မြတ်ရာဖြစ်ပေသော။ လောကံ၊ နတ်ပြည်လောကသို့။ ဥပပန္နာ၊ ချဉ်းကပ်ခဲ့ပါပြီ။ တာဝတိံသာနံ၊ တာဝတိံသာနတ်ပြည်၌ ဖြစ်ကြကုန်သော။ ဒေဝါနံ၊ နတ်တို့၏။ သဟဗျတံ၊ အပေါင်းအဖော်၏ အဖြစ်သို့။ အမှာကံ၊ ဘုရားတပည့်

တော်တို့၏။ ပုတ္တတ္တံ၊ သား၏အဖြစ်သို့။ အဇ္ဈုပဂတာ၊ ကပ်ရောက်ခဲ့ပါပြီ။ တတြပိ၊ ထိုတာဝတိံသာ နတ်ပြည်၌လည်း။ နံ၊ ထိုဂေါပိကာမှ ဖြစ်လာသော နတ်သားကို။ ဂေါပကော ဒေဝပုတ္တော ဂေါပကော ဒေဝပုတ္တောတိ၊ ဂေါပက နတ်သား ဂေါပကနတ်သားဟူ၍။ ဇာနန္တိ၊ သိကြပါကုန်သည် အရှင်ဘုရား။

ဤသို့ အစရှိသော အားဖြင့် မြတ်စွာဘုရား ပွင့်တော်မူလာသောအခါ မြတ်စွာဘုရား သာသနာ၌ ကြုံကြိုက်ကြရကုန်သော သူတို့သည် ဒါန စသော ကုသိုလ်ကောင်းမှုတို့ကို ပြုကြကုန်၍ ဘုရား တရား သံဃာအားဖြင့် သုံးပါး ကုန်သော ရတနာတို့ကို ကြည်ညိုကြကုန်သည်ဖြစ်၍ ငါးပါးသီလ·အစရှိသော ကိုယ်ကျင့်တရားတို့ကို မပေါက်မကြားရအောင် ကျင့်သုံးကြကုန်သည်ဖြစ်၍ သေသည်၏ အခြားမဲ့၌ နတ်ပြည်၌ ဖြစ်ကြသည်ကို တပည့်တော် မျက်ဝါး ထင်ထင် တွေ့မြင်ရပါသည် အရှင်ဘုရား။

သီလေသု ပရိပူရကာရိနီ

ဤကဲ့သို့ လျှောက်ထားအပ်သော ပါဠိတော်စကားအစဉ်၌ သီလေသု ပရိပူရကာရိနီ·ဟူသောပုဒ်ကိုဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

သီလေသု ပရိပူရကာရိနီတိ၊ သီလေသု ပရိပူရကာရိနီ-ဟူသည်ကား။ ပဥ္စသု၊ ငါးပါးကုန်သော။ သီလေသု၊ ကိုယ်ကျင့်သီလတရားတို့၌။ ပရိပူရကာ-ရိနီ၊ ထက်ဝန်းကျင် ဖြည့်ကျင့်လေ့ရှိသည်။ အဟောသိ၊ ဖြစ်ခဲ့ပါပြီ။

မိန်းမအဖြစ် ငြီးငွေ့ပုံ

ထိုလျှောက်ထားအပ်ပြီးသော ပါဠိတော် အစဉ်၌ပင်လျှင် ဣတ္ထိတ္တံ ဝိရာ-ဇေတ္ဝာ-ဟူသော ပုဒ်ကို အဓိပ္ပါယ်ဖွင့်ပြ လိုသော အဋ္ဌကထာ ဆရာသည်—

ဣတ္ထိတ္တံ ဝိရာဇေတ္ဝာတိ၊ ဣတ္ထိတ္တံ ဝိရာဇေတ္ဝာ-ဟူသည်ကား။ ဣတ္ထိတ္တံ နာမ၊ မာတုဂါမ၏ အဖြစ်မည်သည်။ အလံ၊ မသင့်။ ဟိ၊ မသင့်ဆိုသော စကား သည် မှန်လှပေ၏။ ဣတ္ထိတ္တေ၊ မာတုဂါမ၏ အဖြစ်၌။ ဌတ္ဝာ၊ တည်၍။ စက္ကဝတ္တိသိရိံ၊ စက္ကဝတ်မင်း၏ အသရေကို။ဝါ၊ စကြာမင်း၏ ကြက်သရေကို။ ပစ္စနုဘဝိတုံ၊ ခံစားခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ သက္က မာရ ဗြဟ္မ သိရိယော၊ သိကြား, မာရ်နတ်, ဗြဟ္မာမင်းတို့၏ ကြက်သရေတို့ကို။ ပစ္စနု ဘဝိတုံ၊ ခံစားခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ပစ္စေကဗောဓိံ၊ ပစ္စေက

ဗောဓိဉာဏ်ကို။ ဂန္တုံ၊ ရခြင်း,ရောက်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ သမ္မာသမ္ဗောဓိံ၊ သမ္မာသမ္ဗောဓိ ဟုဆိုအပ်သော သဗ္ဗညုတဉာဏ်ကို။ ဂန္တုံ၊ ရခြင်း, ရောက်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဧဝံ၊ဤသို့။ ဣတ္ထိတ္တံ၊ မိန်းမ၏အဖြစ်ကို။ ဝိရာဇေတိ နာမ၊ တပ်ခြင်းကင်းသည် မည်လေ တော့၏။ ဣဒံ ပုရိသတ္တံနာမ၊ ဤယောကျ်ား၏ အဖြစ်မည်သည်။ မဟန္တံ၊ ကြီးကျယ်လှစ္ဆာ၏။ သေဌဥတ္တမံ၊ မြတ်လှစ္ဆာ၏။ ဧတ္ထ၊ ဤမြတ်သောယောကျ်ား၏ အဖြစ်၌။ ဌတ္ဆာ၊ တည်၍ ။ ဧတာသမ္ပတ္တိယော၊ ဤဆိုအပ်ခဲ့ ပြီးသော စက္ကဝတ်, သိကြား,မာရ်နတ်, ဗြဟ္မာမင်း အစရှိသော ကြက်သရေတို့ကို။ပါပုဏိတုံ၊ ရောက်ခြင်းငှါ။ သက္ကာ၊ တပ်ကောင်း၏။ ဣတိဧဝံ၊ ဤသို့။ ပုရိသတ္တံ၊ ယောကျ်ား၏ အဖြစ်ကို။ ဘာဝေတိနာမ၊ ပွါးသည်မည်၏။ သာပိ၊ ထို ဂေါပိကာ အမည်ရှိသော အမျိုးသမီးသည်လည်း။ ဧဝံ၊ ဤသို့။အကာသိ၊ပြုခဲ့လေပြီ။ တေန၊ ထို့ကြောင့်။ ဣတ္ထိတ္တံ ဝိရာဇေတ္ဆာ ပုရိသတ္တံ ဘာဝေတ္ဆာတိ၊ ဣတ္ထိတ္တံ ဝိရာဇေတ္ဆာ ပုရိသတ္တံ ဘာဝေတ္ဆာ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်ခဲ့ပါပြီ။ ဤကဲ့သို့ ဖွင့်ပြပါသည် အရှင်ဘုရား။

ဂန္ဓဗ္ဗနတ်သား သုံးဦး

ထို့မှတပါး - ဂေါပိကာ သာကီဝင် အမျိုးသမီးနတ်ဖြစ်သည်မှတပါး မြတ်စွာဘုရားအထံ၌ သီလသိက္ခာ လုံခြုံစွာဖြင့် ကောင်းစွာကျင့်သုံး၍ နေကြကုန်သော ရဟန်းတော် သုံးပါးတို့သည်လည်း သေသည်၏ အခြားမဲ့၌ ဂန္ဓဗ္ဗနတ်ပြည်၌ သွား၍ ဖြစ်ကြပါကုန်သည် အရှင်ဘုရား။

ထိုကဲ့သို့ ဂန္ဓဗ္ဗနတ်ပြည်မှာသွား၍ ဖြစ်ငြားသော်လည်း ထိုနတ်သားတို့သည် ကခြေသည် နတ်သားတို့ဖြစ်၍ နေကြပါကုန်သည်၊ သိကြားမင်းကို ခ-စားအံ့သော အကျိုးငှါ ရဟန်းကဖြစ်သော နတ်သား သုံးယောက်တို့သည် လာရောက်ကြပါကုန်သည်။

ထိုကဲ့သို့လာရောက်သောအခါ ဂေါပိကာ သာကီဝင် အမျိုးသမီးမှ ဖြစ်သော ဂေါပကနတ်သားသည်လည်း ရှိနေပါသည်၊ ထိုနတ်သားသုံးယောက်တို့သည် ကြိုးစား၍ ကကြ, ခုန်ကြ, သီဆိုကြငြားသော်လည်း ဂေါပကနတ်သားသည် နှစ်သက်သော အမူအရာကို မပြမူ၍ စက်ဆုပ်သော,ရှုံမုန်းသော အမူအရာကို ပြလျက်ရှိပါသည်။

ထိုကဲ့သို့ ပြလျက်ရှိသောကြောင့် အဘယ်အကြောင်းကြောင့်နည်းဟု စဉ်းစားဆင်ခြင်ကြပါကုန်သည်၊ ထိုဂေါပကနတ်သားကလည်း ဤနတ်သား သုံးယောက်တို့သည် အရောင်အဆင်းအားဖြင့်လည်း သာလွန်ကုန်၏၊ ကခြင်း သီဆိုခြင်း အားဖြင့်လည်း အင်မတန်ကျမ်းကျင် လိမ်မာကြကုန်၏၊ အဘယ်အကြောင်းကြောင့် ဤကဲ့သို့ ကျမ်းကျင်လိမ်မာကြလေကုန်သနည်း၊ အဘယ်ကလာ၍ ဖြစ်ကြလေကုန်သနည်း အစရှိသော အားဖြင့် စဉ်းစားဆင်ခြင်သည်ရှိသော် မိမိ၏အိမ်သို့လာ၍ အလှူခံနေကြသော ရဟန်းတော် သုံးပါးတို့၏ အဖြစ်ကိုမြင်၍ စောဒနာခဲ့ပါသည်၊ ထိုသူတို့၏ အဖြစ်ကို ပြန်၍ သိစေခဲ့ပါသည်၊ ထိုသို့သိစေခဲ့သော စကားရပ်၌ ဟောတော်မူခဲ့သော ပဋိစောဒေသိ-ဟူသော ပုဒ်ကိုဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

ပဋိစောဒေသီတိ၊ ပဋိစောဒေသိ-ဟူသည်ကား။ သာရေသိ၊ မိမိတို့၏ အဖြစ်ကို အောက်မေ့စေလေပြီ။

အတိတ်က အဖြစ်အပျက်

ထိုမှတပါး အဓိပ္ပါယ်အကျယ်ဝတ္ထုကို ပြောကြားတော်မူလိုသော အဋ္ဌကထာဆရာသည်—

သော၊ ထိုဂေါပကနတ်သားသည်၊ တေ၊ ထိုဂန္ဓဗ္ဗနတ်သား သဘင်သည် သုံးယောက်တို့ကို။ ဒိသ္ဝာ၊ မြင်ရ၍။ ဣမေဒေဝပုတ္တာ၊ ဤသဘင်သည် နတ်သား သုံးယောက်တို့သည်။ အတိဝိယ၊ အလွန်အကဲအားဖြင့်။ ဝိရောစေန္တိ၊ တင့်တယ်ကြကုန်၏။ အတိဝဏ္ဏဝန္တော၊ အလွန်သော အဆင်းရှိကြပေကုန်၏။ ကိံနု ခေါ ကမ္မံ၊ အဘယ်မည်သော ကုသိုလ်ကို။ ကတ္ဝာ၊ ပြု၍။ အာဂတာ၊ ရောက်လာကြလေကုန်သနည်း။ ဣတိ၊ ဤသို့။ အာဝဇ္ဇန္တော၊ သုံးသပ် ဆင်ခြင်လတ်သည် ရှိသော်။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ အဟေသုံ၊ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ အဒ္ဒသ၊ မြင်ရလေပြီ။ တတော၊ ထို့နောင်မှ။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်။ သီလေသု၊ သီလတို့၌။ ပရိပူရကာရိနော၊ ဖြည့်ကျင့်လေ့ရှိကြကုန်၏ လောဟု။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စူးစမ်းဆင်ခြင်ပြန်သည်ရှိသော်။ သီလေသု၊ ကိုယ်ကျင့်သီလတရားတို့၌။ ပရိပူရကာရိနော၊ ဖြည့်ကျင့်လေ့ရှိကြကုန်၏။ ဣတိ၊ ဤသို့။ အဒ္ဒသ၊ တွေ့မြင်ပြန်လေ၏။ ပရိပူရကာရိနော၊ ကိုယ်ကျင့်သီလတရားတို့၌

ဖြည့်ကျင့်သောသူတို့သည်။ ဟောန္တု၊ဖြစ်ကြပါစေကုန်။ အညော၊ ထိုမှတပါး သော။ ဂုဏော၊ ဂုဏ်ကျေးဇူးသည်။ အတ္ထိ၊ရှိလေသလော။ နတ္ထိ၊ မရှိလေ သလော။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စူးစမ်းဆင်ခြင်လတ်သည်ရှိသော်။ စျာနလာဘိနော၊ သမာပတ်ကို ရကြသော ပုဂ္ဂိုလ်တို့ ဖြစ်ကြလေကုန်၏။ ဣတိ၊ ဤသို့။ အဒ္ဒသ၊ တွေ့မြင်ရပြန်၏။ စျာနလာဘိနော၊ သမာပတ်ကို ရကြသော စျာန်ရပုဂ္ဂိုလ်တို့သည်။ ဟောန္တု၊ ဖြစ်ကြပါစေကုန်။ ကုဟိံ-ဝါသိကာ၊ အဘယ်အရပ်၌နေခဲ့ကြကုန်သနည်း။ ဣတိ၊ ဤသို့။ဥပဓာရေန္တော၊ စူးစမ်းဆင်ခြင်လတ်သည်ရှိသော်။ မယှံဝ၊ ငါ-ဂေါပိကာ အမည်ရှိသော သာကီဝင်အမျိုးသမီး၏ သာလျှင်။ ကုလူပကာ၊ အိမ်သို့ ချဉ်းကပ်၍ နေကြ ကုန်သော ရဟန်းတော်တို့ဖြစ်ကြကုန်၏။ ဣတိ၊ ဤသို့။ အဒ္ဒသ၊ တွေ့မြင် ပြန်၏။ ပရိသုဒ္ဓသီလာနာမ၊ ထက်ဝန်းကျင်မှ စင်ကြယ်သော သီလရှိသော ပုဂ္ဂိုလ်တို့မည်သည်။ ဆသု၊ ခြောက်ထပ်ကုန်သော၊ ဒေဝလောကေသု၊ နတ် ပြည်တို့တွင်။ ယတ္ထ၊ အကြင်နတ်ပြည်၌။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ ဣစ္ဆန္တိ၊ အလို ရှိကြကုန်၏။ တတ္ထ၊ ထိုနတ်ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်နိုင်ကြကုန်၏။ ပန၊ ထိုသို့ ပင် ဖြစ်နိုင်သော်လည်း။ ဣမေ၊ ဤရဟန်းတော်တို့သည်။ ဥပရိဒေဝလော ကေစ၊ အထက်ဖြစ်သော နတ်ပြည်၌လည်း။ နနိဗ္ဗတ္တာ၊ မဖြစ်ကြကုန်။ စျာနလာဘိနောနာမ၊ သမာပတ်ရကြကုန်သော စျာန်ရပုဂ္ဂိုလ်တို့မည်သည်။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ပြည်၌။ နိဗ္ဗတ္တန္တိ၊ ဖြစ်ကြရကုန်၏။ ဣမေစ၊ ဤရဟန်း တော်တို့သည်လည်း။ ဗြဟ္မလောကေ၊ ဗြဟ္မာ့ဘုံ၌။ နနိဗ္ဗတ္တာ၊ မဖြစ်ခဲ့ကြ လေကုန်။ ပန၊ သို့သော်လည်း။ အဟံ၊ ငါသည်။ တေသံ၊ ထိုရဟန်းတော် သုံးပါးတို့၏။ သြဝါဒေ၊ အဆိုအဆုံးအမ၌။ ဌတ္ဝာ၊ တည်၍။ ဒေဝလောက သာမိကဿ၊ နတ်လောက၏ ပိုင်ရှင်ဖြစ်သော။ ဒေဝါနမိန္ဒဿ၊ နတ်တို့ကို အစိုးရသော။ သက္ကဿ၊ သိကြား၏။ ပလ္လင်္ကေ၊ ထက်ဝယ်ပလ္လင်၌။ ပုတ္တော၊ သားသည်။ ဟုတ္ဝာ၊ ဖြစ်၍။ နိဗ္ဗတ္တော၊ ဖြစ်ခဲ့ရလေပြီ။ ဣမေ၊ ဤရဟန်းတော် တို့သည်။ ဟီနေ၊ ယုတ်သော။ ဂန္ဓဗ္ဗကာယေ၊ ဂန္ဓဗ္ဗနတ်အပေါင်း၌။ နိဗ္ဗတ္တာ၊ ဖြစ်ကြရရှာကုန်၏။ဧတေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။အဌိဝေဓပုဂ္ဂလာ၊ အရိုး ကျအောင် ထိုးဆွအပ်သော ပုဂ္ဂိုလ်တို့ မည်ကုန်၏။ ဝဋ္ဌေတ္ဝာ ဝဋ္ဌေတ္ဝာ၊ လှည့်၍ လှည့်၍။ ဂါဋ္ဌံ၊ ပြင်းစွာ။ ဝိဇ္ဈိတဗ္ဗာ၊ ထိုးဆွအပ်ကုန်၏။ ဣတိ၊ ဤသို့။ စိန္တေတ္ဝာ၊ ကြံစည်၍။ ထိုနတ်သားသုံးယောက်တို့ကို ဂေါပကနတ်သားက စောဒနာကြောင်းကို အဌကထာဆရာ မိန့်ဆိုပါသည် အရှင်ဘုရား။

ကုတော မုခါ

ထိုကဲ့သို့ ဆိုအပ်သော ကုတော မုခါ-အစရှိသော ပါဠိတော်စကားရပ်၌ ကုတော မုခါ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

ကုတော မုခါတိ၊ ကုတော မုခါ-ဟူသည်ကား။ ဘဂဝတိ၊ မြတ်စွာဘုရားသည်။ အဘိမုခေ၊ ရှေ့ရှုမျက်မှောက်၌။ ဓမ္မံ၊ တရားကို။ ဒေသေန္တေ၊ ဟောတော်မူလတ်သော်။ တုမ္ဟေ၊ သင်တို့သည်။ ကုတောမုခါ၊ အဘယ်သို့ မျက်နှာမူကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ တရားကို။ အဿုတ္ထ၊ နာယူခဲ့ကြပါကုန်သနည်း။ ကိံ၊ အဘယ်ကို။ အညာဝိဟိတာ၊ နှလုံးသွင်းကြကုန်သည်ဖြစ်၍။ ဓမ္မံ၊ တရားကို။ အဿုတ္ထ၊ နာယူခဲ့ကြပါကုန်သနည်း။ ဣတောစိတောစ၊ ဤမှ ထို့မှလည်း။ သြလောကယမာနာ၊ ကြည့်ရှုကြကုန်လျက်။ ဥဒါဟု၊ ထို့သို့ မဟုတ်။ နိဒ္ဒါယမာနာ၊ ငိုက်မျည်းကြကုန်လျက်။ ဓမ္မံ၊ တရားကို။ အဿုတ္ထ၊ နာယူခဲ့ကြပါကုန်သနည်း။

နှစ်ဦး သံဝေဂရခြင်း

မြတ်စွာဘုရား တရားဟောတော်မူသောအခါ အဘယ်ကို မျက်နှာမူ၍ နာခဲ့ကြပါကုန်သနည်း၊ ဘာတွေ့ကို နှလုံးသွင်း၍ နာခဲ့ကြပါကုန်သနည်း၊ ဤကဲ့သို့ ယုတ်ညံ့သော အဖြစ်မျိုးသို့ရောက်၍ နေသော အဖြစ်ကို မြင်ရခြင်းသည် မကောင်းသော မြင်ရခြင်း ဖြစ်လေစွတကား၊ ဟု ဂေါပကနတ်သားက ပြောကြားသောအခါ ထိုနတ်သားသုံးယောက်တို့တွင် နှစ်ယောက်သော နတ်သားတို့က မိမိတို့၏ အဖြစ်ကို ပြန်လည်ဆင်ခြင် သုံးသပ်၍ ရအပ်ပြီးသော စျာန်သမာပတ်တရားတို့ကို သုံးသပ်လျက် မင်္ဂုလ်အဆင့်အဆင့်သို့တက်၍ အနာဂါမိဖိုလ်သို့ ရောက်ကြပါကုန်သည်၊ အနာဂါမ် ဖြစ်ကြကုန်သော နတ်သားနှစ်ယောက်တို့၏ ထိုနတ်ပြည်လောက၌ဖြစ်သော ကာမာဝစရအတ္တဘောသည် ဆောင်ရွက်ခြင်းငှါ မတတ်ကောင်းသောကြောင့် ချက်ခြင်းပင် စုတိစိတ်ကျ၍ နတ်အပေါင်းကို စွန့်ပစ်လျက် ဗြဟ္မာ့ပြည်သို့ တက်ရောက်ကြပါကုန်သည်၊ ကျန်ရစ်ခဲ့သော နတ်သားတယောက်သည်မူကား ယခုထက်တိုင် အောင်ပင် အာရုံငါးပါး တရားတို့ဖြင့် ပြည့်စုံပျော်မွေ့လျက် သဘင်သည် အဖြစ်ဖြင့် အမှုထမ်းဆောင်လျက် ရှိပါသေးသည်အရှင်ဘုရား။

ပုဏ္ဏာမေးခွင့် လျှောက်ထားခြင်း

ထိုနတ်သားနှစ်ယောက်တို့ရရှိ၍ သွားသော တရားအထူးကို တပည့်တော်များ ရလိုရောက်လိုသည် ဖြစ်ပါသောကြောင့်—

တဿ ဓမ္မဿ ပတ္တိယာ၊ အာဂတမ္ဗာသိ မာရိသ။
ကတာဝကာသာ ဘဂဝတာ၊ ပဉ္ဉံ ပုစ္ဆမု မာရိသ။
ဟု သိကြားမင်းက မြတ်စွာဘုရားကို လျှောက်ထားပါသည်။

မာရိသ၊ ဆင်းရဲခြင်းကင်းတော်မူသော မြတ်စွာဘုရား....။တဿ ဓမ္မဿ၊ ထိုနတ်သားတို့ ရရှိခံစား၍ သွားသော မင်္ဂိုလ်တရားကို။ ပတ္တိယာ၊ ရခြင်း, ရောက်ခြင်း,မျက်မှောက်ပြုခြင်းအကျိုးငှါ။ မယံ၊ ဘုရားတပည့်တော်တို့သည်။ အာဂတမ္ဗာသိ၊အရှင်ဘုရားထံမှောက်သို့ ရောက်၍ လာခဲ့ကြပါကုန်သည် အရှင်ဘုရား။ မာရိသ၊ ဆင်းရဲခြင်းကင်းတော်မူသော မြတ်စွာဘုရား....။ ဘဂဝတာ၊ ဘုန်းဟော်သခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ကတာဝကာသာ၊ ပြုအပ်ပြီးသော အခွင့်ရှိကြကုန်သော။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ပဉ္ဉံ၊ ပြဿနာကို။ ပုစ္ဆမု၊ မေးလျှောက်လိုကြပါကုန်သည် အရှင်ဘုရားဟု သိကြားမင်းလျှောက်ထား၍ မြတ်စွာဘုရားက မေးခွင့်ပြုတော်မူပါသည် အရှင်ဘုရား။

ထိုကဲ့သို့ သိကြားမင်းက ခွင့်တောင်းသောအခါ မြတ်စွာဘုရားအား ဤသို့သောအကြံသည် ဖြစ်ပါ၏။ "ဤသိကြားမင်းသည် ကြာမြင့်စွာသော ကာလမှစ၍ စင်ကြယ်စွာ ကျင့်သုံး၍ လာခဲ့သော ပုဂ္ဂိုလ်ဖြစ်၏၊ တစုံတခုသော အမေးပုစ္ဆာစကားကို မေးမြန်းလျှင်လည်း အကျိုးနှင့် စပ်ယှဉ်သော စကားကိုသာ မေးမြန်းပေလိမ့်မည်၊ ထိုအမေးစကား၏ အဖြကို နာကြားရသည်ဖြစ်၍ မကြာမတင် ဆောလျင်စွာသာလျှင် ငါ၏အဖြကို နားလည်လတ္တံ့"ဟု မြင်တော်မူသည် သိတော်မူသည်ဖြစ်၍ ဘုရားရှင်ကိုယ်တော်မြတ်က သိကြားအား—

ပုစ္ဆ ဝါသဝ မံ ပဉ္ဉံ၊ ယံ ကိဉ္စိ မနသိစ္ဆသိ။
တဿ တဿေဝ ပဉ္ဉဿ၊ အဟံ အန္တံ် ကရောမိ တေ။
ဟု သဗ္ဗညုပဝါရဏာဖြင့် မိန့်ကြားတော်မူပါသည် အရှင်ဘုရား။

ဘာကြောင့် ငြိမ်းချမ်းရေး မရနိုင်သလဲ

ဤကဲ့သို့ သဗ္ဗညုပဝါရဏာဖြင့် မိန့်ကြားတော်မူသောအခါ၌ သိကြားမင်းက မြတ်စွာဘုရားအား လျှောက်ထားလတ္တံ့သော ပါဠိတော်အစဉ်ဖြင့် ပုစ္ဆာစကားကို မေးမြန်းပါသည် အရှင်ဘုရား။

ကိံ သံယောဇနာ နု ခေါ မာရိသ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေ စညေ သန္တိ ပုထုကာယာ၊ တေ အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဈာ ဝိဟရေမု အဝေရိနောတိ ဣတိ စ နေသံ ဟောတိ။ အထ စ ပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဈာ ဝိဟရန္တိ သဝေရိနောတိ။

မာရိသ၊ ဆင်းရဲခြင်း ကင်းတော်မူပေသော မြတ်စွာဘုရား....။ ယေ ဒေဝါ၊ အကြင်နတ်တို့သည်၎င်း။ ယေမနုဿာ၊ အကြင်လူတို့သည်၎င်း။ ယေအသုရာ၊ အကြင်အသုရာနတ်တို့သည်၎င်း။ ယေနာဂါ၊ အကြင်နဂါးတို့သည်၎င်း။ ယေ ဂန္ဓဗ္ဗာ၊ အကြင်ဂန္ဓဗ္ဗနတ်မျိုးတို့သည်၎င်း။ အညေ၊ ဆိုအပ်ခဲ့ပြီးသည်မှတပါးကုန်သော။ ယေပုထုကာယာ၊ အကြင် များပြားလှစွာကုန်သော သတ္တဝါတို့သည်၎င်း။ သန္တိ၊ ထင်ရှားမသေ ရှိကြပါပေကုန်၏။ တေ၊ ထိုများစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ မယံ၊ ငါတို့သည်။ အဝေရာ၊ ပင်ပန်းခြင်း ညှိုးနွမ်းခြင်း မရှိကြကုန်သည်ဖြစ်၍။ အဒဏ္ဍာ၊ လက်နက်ဒဏ်, ဥစ္စာဒဏ်မှ ကင်းလွတ်ကြကုန်သည်ဖြစ်၍။ အသပတ္တာ၊ စီးပွါးမဲ့ကို လိုလားသော ရန်သူမရှိကြကုန်သည်ဖြစ်၍။ အဗျာပဇ္ဈာ၊ စိတ်၏ မချမ်းသာခြင်းမှ ကင်းလွတ်ကြကုန်သည်ဖြစ်၍။ အဝေရိနော၊ တစုံတယောက်သော ပုဂ္ဂိုလ်နှင့် ခိုက်ရန်ဖြစ်ခြင်း မရှိကြကုန်ဘဲ။ ဝိဟရေမု၊ နေကြရလိုကုန်၏။ ဣတိ၊ ဤသို့။ နေသံ၊ ထိုများစွာ သောင်းသောင်း သတ္တဝါအပေါင်းတို့၏။ အယံပတ္ထနာ၊ ဤကဲ့သို့သော တောင့်တခြင်းသည်။ ဟောတိ၊ ဖြစ်ပါ၏။

အထ စ ပန၊ ထိုသို့ပင် တောင့်တပါသော်ငြားလည်း။ တေ၊ ထိုများစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သဝေရာ၊ ပင်ပန်းခြင်း ညှဉ်းဆဲခြင်းနှင့်တကွ ဖြစ်ကြကုန်၍။ သဒဏ္ဍာ၊ လက်နက်ဒဏ်, ဥစ္စာဒဏ်နှင့်တကွ ဖြစ်ကြကုန်၍၊ သသပတ္တာ၊ စီးပွါးမဲ့ကိုလိုလားသော ရန်သူနှင့်တကွ ဖြစ်ကြ

ကုန်၍ ။ သဗျာပဇ္ဇာ၊ စိတ်၏ဆင်းရဲခြင်းနှင့်တကွဖြစ်ကြကုန်၍ ။သဝေရိနေ၊ အချင်းချင်းငြင်းခုံခိုက်ရန်ဖြစ်ကြကုန်လျက် ။ ဝိဟာရန္တိ၊နေကြရပါကုန်၏ ။

ဘန္တေ၊ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော မြတ်စွာဘုရား.... ။ တေသတ္တာ၊ ထိုထိုများစွာ သတ္တဝါတို့သည် ။ ကိံသံယောဇနာ နု ခေါ၊ အဘယ်ကဲ့သို့သော သံယောဇဉ်ရှိကြပါကုန်သနည်း ဘုရား ။

ဤကဲ့သို့လျှောက်ထားအပ်ပြီးသော ပါဠိတော်အစဉ်ဖြင့် သိကြားမင်းက မြတ်စွာဘုရားကို မေးမြန်းပါသည် ဘုရား ။

ငြိမ်းချမ်းရေး ဖျက်ဆီးသူများ

ထိုသို့ သိကြားမင်းက မြတ်စွာဘုရားကို သတ္တဝါတို့ ရန်မကင်းဘဲ ဖြစ်နေရခြင်း၏ အကြောင်းကို မေးမြန်းသော အခါကာလ၌ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က သိကြားမင်းအား—

ဣဿာမစ္ဆရိယသံယောဇနာ ခေါ ဒေဝါနမိန္ဒ ဒေဝါ မနုဿာ အသုရာ နာဂါ ဂန္ဓဗ္ဗာ ယေစညေ သန္တိ ပုထုကာယာ၊ တေ အဝေရာ အဒဏ္ဍာ အသပတ္တာ အဗျာပဇ္ဇာ ဝိဟရေမု အဝေရိနောတိ ဣတိ စ နေသံ-ဟောတိ၊အထ စပန သဝေရာ သဒဏ္ဍာ သသပတ္တာ သဗျာပဇ္ဇာ ဝိဟရန္တိ သဝေရိနောတိ ။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော အိုသိကြားမင်း.... ။ ယေ ဒေဝါ၊ အကြင်နတ်တို့သည်၎င်း၊ ယေ မနုဿာ၊ အကြင်လူတို့သည်၎င်း၊ ယေ အသုရာ၊ အကြင်အသုရာနတ်မျိုးတို့သည်၎င်း ။ ယေ နာဂါ၊ အကြင်နဂါးတို့သည်၎င်း ။ ယေ ဂန္ဓဗ္ဗာ၊ အကြင်ဂန္ဓဗ္ဗနတ်မျိုးတို့သည်၎င်း ။ အညေ၊ ဆိုအပ်ခဲ့ပြီးသည်မှ တပါးကုန်သော ။ ယေပုထုကာယာ၊ အကြင်များစွာသောင်းသောင်း သတ္တဝါအဝေပါင်းတို့သည်၎င်း ။ သန္တိ၊ ရှိကြလေကုန်၏ ။ တေ၊ ထိုများစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည် ။ မယံ၊ ငါတို့သည် ။ အဝေရာ၊ ပင်ပန်းခြင်းညှဉ်းပန်းခြင်း မရှိကြကုန်သည်ဖြစ်၍ ။ အဒဏ္ဍာ၊ လက်နက်ဒဏ်, ဥစ္စာဒဏ်မှ ကင်းလွတ်ကြကုန်သည်ဖြစ်၍ ။ အသပတ္တာ၊ စီးပွါးမဲ့ကိုလိုလားသော ရန်သူပုဂ္ဂိုလ်တို့ မရှိကြကုန်သည်ဖြစ်၍ ။ အဗျာပဇ္ဇာ၊ ကိုယ်စိတ်ပင်ပန်းခြင်းမှ ကင်းလွတ်ကြကုန်သည်ဖြစ်၍ ။ အဝေရိနော၊ တစုံတယောက်သော ပုဂ္ဂိုလ်နှင့် ခိုက်ရန်မဖြစ်ကြကုန်ဘဲ ။ ဝိဟရေမု၊ နေကြရပါလိုကုန်၏ ။ ဣတိ၊ ဤသို့ ။

နေသံ၊ ထိုမျှားစွာ သောင်းသောင်း သတ္တဝါအပေါင်းတို့၏။ အယံ ပတ္ထနာ၊ ဤကဲ့သို့ ဒါနစသည့် ကောင်းမှုကိုပြု၍ တောင်းဆုဆိုခြင်းသည်။ ဟောတိ၊ ဖြစ်ပါ၏။

အထ စ ပန၊ ထိုသို့ပင် ဖြစ်ပါငြားသော်လည်း။ တေ၊ ထိုမျှားစွာ သောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ သဝေရာ၊ ညှဉ်းပန်းခြင်း ပင်ပန်းခြင်းနှင့်တကွ ဖြစ်ကြကုန်၍။ သဒဏ္ဍာ၊ လက်နက်ဒဏ်, ဥစ္စာဒဏ်နှင့်တကွ ဖြစ်ကြကုန်၍။ သသပတ္တာ၊ အကျိုးမဲ့ကိုလိုလားသော ရန်သူနှင့်တကွ ဖြစ်ကြကုန်၍။ သဗျာပဇ္ဇာ၊ စိတ်၏ ပင်ပန်းခြင်းနှင့်တကွ ဖြစ်ကြကုန်၍။ သဝေရိနော၊ တစုံတယောက်သော ပုဂ္ဂိုလ်နှင့် ခိုက်ရန်ငြင်းခုံ ဖြစ်ကြကုန်လျက်။ ဝိဟရန္တိ၊ နေကြရပါကုန်၏။

တေ၊ ထိုမျှားစွာသောင်းသောင်း သတ္တဝါအပေါင်းတို့သည်။ ဣဿာမစ္ဆရိယ သံယောဇနာ၊ ဣဿာမစ္ဆရိယတရားနှစ်ပါးတည်းဟူသော သံယောဇဉ်ရှိ၍ နေကြသေကုန်၏။

လူနတ်စသော မျှားစွာသော သတ္တဝါတို့သည် ရန်မကင်းဘဲ အပြစ်မကင်းဘဲ အချင်းချင်းငြင်းခုံ ခိုက်ရန်ဖြစ်၍ နေကြခြင်းသည် အဘယ်အကြောင်းကြောင့်ပါနည်း မြတ်စွာဘုရား-အဘယ်သံယောဇဉ် တရားရှိ၍ ဖြစ်ပါသနည်း မြတ်စွာဘုရား ဟူ၍ မေးမြန်းသော် အခါ—

မြတ်စွာဘုရားက လောကဥ်နေကြကုန်သော လူနတ်မျှားစွာ သတ္တဝါအပေါင်းတို့သည် မိမိတို့ တောင်းဆိုသည့်ဆုအတိုင်း မပြည့်စုံမူ၍ အချင်းချင်း ခိုက်ရန်ငြင်းခုံဖြစ်ပွါး၍ နေကြသည်ကား ဣဿာ မစ္ဆရိယ သံယောဇဉ် တရားနှစ်ပါးရှိ၍ နေခြင်းကြောင့်ဟု ဘုရားကိုယ်တော်မြတ်က သိကြားမင်းအား မိန့်ကြားတော်မူပါသည်။

ဣဿာမစ္ဆရိယ သဘာဝ

ထိုသို့ မိန့်ကြားအပ်သော စကားအစဉ် ဟု ဆိုအပ်သော ပါဠိတော်၌ ဣဿာမစ္ဆရိယ သံယောဇဉ် ဟူသော ပုဒ်ကို အဋ္ဌကထာဆရာသည် အဓိပ္ပါယ်ရှင်းလင်း ဖွင့်ပြလိုသည်ဖြစ်၍ —

ဣဿာ မစ္ဆရိယသံယောဇနာတိ၊ ဣဿာ မစ္ဆရိယသံယောဇနာ-ဟူသည်ကား။ ဣဿာ၊ ဣဿာတရားသည်။ ပရသမ္ပတ္တိ ဒိယနလက္ခဏာ၊ သူ

တပါးတို့၏ ပြည့်စုံခြင်းကိုရှုတ်ချခြင်းလက္ခဏာရှိ၏။ မစ္ဆရိယံ၊ မစ္ဆရိယ တရား သည်။ အတ္တာသမ္ပတ္တိယာ၊ မိမိ၏ ပြည့်စုံခြင်း၏။ ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏဘာဝဿ၊ ဆက်ဆံသည်၏အဖြစ်၏။ အသဟနလက္ခဏံ၊ သည်းမခံ နိုင်ခြင်း လက္ခဏာရှိ၏။ ဧတေသံ၊ ထိုလူနတ်များစုသတ္တဝါတို့၏။ ဣဿာစ၊ ဣဿာတရားသည်၎င်း။ မစ္ဆရိယဉ္စ၊ မစ္ဆရိယတရားသည်၎င်း။ သံယောဇနံ၊ သံယောဇဉ်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ ဣဿာမစ္ဆရိယ သံယောဇနာ၊ ဣဿာမစ္ဆရိယသံယောဇနာမည်၏ ဟု အဋ္ဌကထာဆရာသည် ဣဿာနှင့် မစ္ဆရိယတရားနှစ်ပါး မကင်းခြင်းကြောင့် ဆိုအပ်ခဲ့ပြီးသော လူနတ်များစုသာ သတ္တဝါတို့သည် အချင်းချင်း ခိုက်ရန် ဖြစ်၍ နေကြကုန်သည် ဟု မိန့်တော်မူပါသည်။

ဤမိန့်ချက်ကို ဖွင့်ပြသော အဋ္ဌကထာဆရာက အယမေတ္ထသခ်ပေါ်— ဟု နောက်ထပ်မိန့်ပြန်ပါသည်ဘုရား။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ဧတ္ထ၊ ဤဣဿာမစ္ဆရိယကို ဖွင့်ပြသော အရာဌာန၌။ သခ်ပေါ်၊ အကျဉ်းမျှသာလျှင်တည်း။ဝိတ္ထာရတော ပန၊အကျယ်အားဖြင့်ကား။ဣဿာမစ္ဆရိယာနိ၊ ဣဿာမစ္ဆရိယတရားတို့ကို။ အဘိဓမ္မေ၊ အဘိဓမ္မာအဋ္ဌကထာ၌။ ဝုတ္တာနေဝ၊ ဆိုအပ်ခဲ့ပြီးကုန်သည် သာလျှင်တည်း ဟု အဋ္ဌကထာဆရာ မိန့်မှာခဲ့ပါသည် အရှင်ဘုရား။

ဣဿာ၏ လက္ခဏာစသည်

ထိုကဲ့သို့ မိန့်မှာအပ်သော အဘိဓမ္မာ အဋ္ဌကထာ၌ ဆိုအပ်သော ဣဿာနှင့် မစ္ဆရိယတို့၏ လက္ခဏ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် ဟုဆိုအပ်သော လေးပါးသော အင်္ဂါကို ဆက်လက်၍ လျှောက်ထားပါဦးမည် ဘုရား။

ဣဿတီတိ ဣဿာ၊ သာ ပရသမ္ပတ္တိနံ ဥသူယနလက္ခဏာ၊ တတ္ထဝ အနဘိရတိရသာ၊တတော ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ ပရသမ္ပတ္တိ ပဒဋ္ဌာနာ၊ သံယောဇနန္တိ ဒဋ္ဌဗ္ဗာ။

ဣဿတိ၊ ငြူစူတတ်၏။ ဣတိ၊ ထို့ကြောင့်။ ဣဿာ၊ ဣဿာမည်၏။ သာ၊ ထိုဣဿာဆိုတဲ့ စေတသိက်တရားသည်။ ပရသမ္ပတ္တိနံ၊ သူတပါးတို့၏ ပြည့်စုံပေါမျှားခြင်းတို့ကို။ ဥသူယနလက္ခဏာ၊ ငြူစူခြင်းလက္ခဏာရှိပါ၏။

ဣသာ ဆိုသည်ကား သူတပါးပြည့်စုံသည်ကို မကြည့်လို, မမြင်လို, မကြားလို,မနာလိုသော သဘောတရားရှိတဲ့ ငြူစူတဲ့ သဘောတရားရှိသည်ဟု ဆိုပါသည်။

တတ္ထဝေ၊ ထိုသူတပါးတို့၏ ပြည့်စုံခြင်းတို့၌သာလျှင်။ အနဘိရတိရသာ၊ မမွေ့လျော်နိုင်သော ကိစ္စရှိပါ၏။

ဤကဲ့သို့ အဘိဓမ္မာအဋ္ဌကထာ ဆရာက ဖွင့်ပြပါသည် ဘုရား။ သူတပါးတို့၏ ပြည့်စုံခြင်း ပေါများခြင်းတို့၌ မမွေ့လျော်နိုင်သော သဘောလက္ခဏာကိစ္စရှိသည်ဟု ဆိုပါသည်။

တတော၊ ထိုသူတပါးတို့၏ ပြည့်စုံခြင်းမှ။ ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ မျက်နှာလွဲပြုခြင်းဟု ဆိုအပ်သော ရှေးရှုထင်ခြင်း, ရှေးရှုတည်ခြင်း ပစ္စုပဋ္ဌာန်ရှိပါသည်။ ပရသမ္ပတ္တိပဒဋ္ဌာနာ၊သူတပါးတို့ပြည့်စုံခြင်းလျှင် အကြောင်းပဒဋ္ဌာန်ရှိပါ၏။ သံယောဇနန္တိ၊ သံယောဇဉ်ဟူ၍ ။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤသို့ အဘိဓမ္မာအဋ္ဌကထာ ဆရာမိန့်ဆိုအပ်ပါသည် အရှင်ဘုရား။

ဣသာသည် သူတပါးပြည့်စုံမှုကို ငြူစူခြင်းလက္ခဏာ၊ ထိုသူတပါးပြည့်စုံမှု၌ မမွေ့လျော်ခြင်းကိစ္စ၊ သူတပါးပြည့်စုံခြင်းကို မကြည့်လိုခြင်းတည်း ဟူသော ပစ္စုပဋ္ဌာန်၊ သူတပါးပြည့်စုံခြင်းတည်းဟူသော ပဒဋ္ဌာန် ဟု ဆိုအပ်သော အင်္ဂါလေးပါးနှင့် ပြည့်စုံသော တရားဖြစ်ပါသည်။

မစ္ဆရိယ၏ လက္ခဏာစသည်

မစ္ဆေရဘာဝေါ မစ္ဆရိယံ၊ တံလဒ္ဓါနံ ဝါ လဘိတဗ္ဗာနံ ဝါ အတ္တနော သမ္ပတ္တိနံ နိဂူဟနလက္ခဏံ၊ တာသံယေဝ ပရေဟိ သာဓာရဏဘာဝေ အက္ခမနရသံ၊ သင်္ကောစနပစ္စုပဋ္ဌာနံ၊ ကဋ္ဌကဥ္စုကတာ ပစ္စုပဋ္ဌာနံ ဝါ၊ အတ္တာသမ္ပတ္တိပဒဋ္ဌာနံ၊ စေတသော ဝိရူပဘာဝေါတိ ဒဋ္ဌဗ္ဗံ။ ဟု အဘိဓမ္မာ အဋ္ဌကထာ ဆရာ မိန့်ပြအပ်ပါသည် အရှင်ဘုရား။

မစ္ဆေရဘာဝေါ၊ နှမြောတွန့်တိုသည်၏ အဖြစ်သည်။ မစ္ဆရိယံ၊ မစ္ဆရိယမည်၏။ တံ၊ ထိုမစ္ဆရိယဟု ဆိုအပ်သော စေတသိက်သည်။ အတ္တနော၊မိမိ၏။ လဒ္ဓါနံ ဝါ၊ ရရှိအပ်ပြီးလည်း ဖြစ်ကုန်သော။ လဘိတဗ္ဗာနံ ဝါ၊ ရရှိလတ္တံ့လည်း ဖြစ်ကုန်သော။ ဝါ၊ ရထိုက်သည်လည်း ဖြစ်ကုန်သော။ သမ္ပတ္တိနံ၊ စည်းစိမ်

ချမ်းသာတို့ကို။ နိဂ္ဂုဟနလက္ခဏံ၊ လျှို့ဝှက်ခြင်း လက္ခဏာရှိ၏။ တာသံ-ယေဝ၊ ထိုမိမိရရှိပြီး ရရှိလတ္တံ့ ဖြစ်တဲ့ စည်းစိမ်ချမ်းသာတို့၏သာလျှင်။ပရေဟိ၊ သူတပါးတို့နှင့်။ သာဓာရဏဘာဝအကွမနရသံ၊ ဆက်ဆံခြင်းကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ သင်္ကော်စနပစ္စုပဋ္ဌာနံ၊ တွန့်တိုခြင်းလျှင် ရှေးရှု့ထင်သော ပစ္စုပဋ္ဌာန်ရှိ၏။ ဝါ၊ တနည်းကား။ ကဋ္ဌကဥ္စုကတာပစ္စုပဋ္ဌာနံ၊ တွန့်တိုသော စိတ်ရှိသော သူ၏အဖြစ်လျှင် ရှေရှု့ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။ အတ္တာသမ္ပတ္တိ-ပဒဋ္ဌာနံ၊ မိမိ၏ပြည့်စုံခြင်းလျှင် နီးသောအကြောင်း ပဒဋ္ဌာန်ရှိ၏။ စေတသော၊ စိတ်၏။ ဝိရူပဘာဝေါ၊ ဖောက်ပြန်သောအဖြစ်တည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဤကဲ့သို့ မစ္ဆရိယဟူရာကို အဘိဓမ္မာအဋ္ဌကထာ၌ ဖွင့်ပြအပ်ပါသည့် အရှင်ဘုရား။

မစ္ဆရိယသည် မိမိရရှိပြီးသောပစ္စည်းဥစ္စာ, ရရှိလတ္တံ့ ဖြစ်တဲ့ ပစ္စည်းဥစ္စာတို့ကို လျှို့ဝှက်ဖုံးကွယ်ထားတတ်တဲ့ လက္ခဏာရှိပါသည်။

ထိုမိမိရရှိပြီး ရရှိလတ္တံ့ ဖြစ်သော ပစ္စည်းဥစ္စာလာဘ်လာဘတို့၏ သူတပါးတို့နှင့် ဆက်ဆံသည်ကို သည်းမခံနိုင်သော ကိစ္စရှိပါသည်။

မိမိရရှိပြီး ရရှိလတ္တံ့ ဖြစ်တဲ့ ပစ္စည်းဥစ္စာတို့ကို သူတပါးမသိရအောင် လျှို့ဝှက် ထိန်းကွယ်၍ ထားခြင်း ပစ္စုပဋ္ဌာန်ရှိပါသည်။

မိမိ၏ပြည့်စုံခြင်းလျှင် ပဒဋ္ဌာန်ရှိသည်ဟု အဘိဓမ္မာအဋ္ဌကထာ၌ ဖွင့်ပြအပ်ပါသည်အရှင်ဘုရား။

ထိုကဲ့သို့ ဖွင့်ပြအပ်ပြီးသည်ကိုပင်လျှင် "ဝိတ္ထာရတော ပန ဣဿာမစ္ဆရိ-ယာနိ အဘိဓမ္မေ ဝုတ္တာနေဝ" ဟု အဋ္ဌကထာဆရာ မိန့်မှာခဲ့ပါသည် အရှင်ဘုရား။

အာဝါသ မစ္ဆရိယ

အာဝါသမစ္ဆရိယေန ပနေတ္ထ-ဟု ဆက်၍ အဋ္ဌကထာဆရာ မိန့်ဆိုပုံကို လျှောက်ထားပါဦးမည်ဘုရား။

ပန၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤဣဿာမစ္ဆရိယ တရားနှစ်ပါးတို့တွင်။ အာဝါသမစ္ဆရိယေန၊ အဆောက်အဦကို ဝန်တိုနှမြောသော အာဝါသ

မစ္ဆရိယဖြင့်။ ယက္ခော ဝါ၊ ဘီလူးသည်၎င်း။ ပေတော ဝါ၊ ပြိတ္တာသည်၎င်း။ ဟုတ္ဝာ၊ ဖြစ်၍။ တသေဝ အာဝါသဿ၊ ထိုမိမိဝန်တိုး၍နေတဲ့ ကျောင်းအဆောက်အဦ၏သာလျှင်။ သက်ဝရံ၊ တံမြက်အမှိုက်စုကို။ သီသေန၊ ဦးခေါင်းဖြင့်။ ဥက္ခိပိတ္ဝာ၊ ခါမ၍။ ဝိစရတိ၊ လှည့်လည်သွားလာ၍ နေရတတ်၏။

မိမိအဆောက်အဦ အာဝါသကို သူတပါးတို့နှင့် ဆက်ဆံသည်ကို မနာလို မရှုစိမ့် နှမြောတွန့်တိုး၍နေသော မစ္ဆရိယဖြင့် ဘီလူးသည် သော်၎င်း ပြိတ္တာသည်သော်၎င်း ဖြစ်၍ ထိုကျောင်း ထိုအဆောက်အဦ၌ရှိတဲ့ မြက်အမှိုက်, တံမြက်ခြေး အမှိုက်တို့ကို ခေါင်းပေါ်သို့တင်၍ လှည့်လည်နေရတတ်သည်ဟု ဆိုပါသည်။

ကုလ မစ္ဆရိယ

ကုလမစ္ဆရိယေန၊ အမျိုးကိုနှမြောဝန်တိုခြင်းဖြင့်။ တသ္မိံ ကုလေ၊ ထိအမျိုး၌။ အညေသံ၊ မိမိမှတပါး ကုန်သော ပုဂ္ဂိုလ်တို့အား။ ဒါနာဒီနိ၊ ဒါနအစရှိသော လှူဒါန်းခြင်းတို့ကို။ ကရောန္တော၊ ပြုသည်တို့ကို။ ဒိသ္ဝာ၊ မြင်၍။ မမ၊ ငါ၏။ ဣဒံကုလံ၊ ဤအမျိုးသည်။ ဘိန္နံဝတာ၊ ပျက်စီးခဲ့လေပြီတကား။

မိမိ၏ အမျိုး ဒကာ,ဒကာမ မိမိနှင့်စပ်ဆိုင်တဲ့ သံယောဇဉ်က သူတပါးတို့အား ပေးလှူခြင်းစသည်တို့ကို တွန့်မြင်ရသောအခါ ငါ့အား ကြည်ညို၍နေသော အမျိုးသည် ပျက်စီးခဲ့လေပြီ တကားဟု—

ဣတိ၊ ဤသို့။စိန္တယတော၊ ကြံစည်သောပုဂ္ဂိုလ်အား။မုခတော၊ ခံတွင်းမှ။ လောဟိတမ္ပိ၊ သွေးသည်လည်း၊ ဥဂ္ဂစ္ဆတိ၊ အန်ထုတ်တတ်၏။

ဤကဲ့သို့ နှလုံးပူပန်မှုကြောင့် သွေးအန်သော ရောဂါဓဝဒနာ စွဲကပ်တတ်သည် ဟု ဖွင့်ပြပါသည်ဘုရား။

ဘုရားရှင် လက်ထက်ကလည်း ဤကဲ့သို့ပင် နိဂဏ္ဌနာဋပုတ္တသည် မိမိ၏ ဒကာ ဘုရားကို ကြည်ညို၍သွားတာကို သိရသဖြင့် သွေးအန်ဘူးသည်ထိုး ရှိပါသည် အရှင်ဘုရား။

ကုစ္ဆိဝိရေစနမ္ပိ၊ ဝမ်းလျှောခြင်းသည်လည်း။ ဟောတိ၊ ဖြစ်တတ်၏။ အန္တာနိပိ၊ ကိုယ်တွင်း၌ရှိတဲ့ အူတို့သည်လည်း။ ခဏ္ဍာခဏ္ဍာနိ၊ အပိုင်းအပိုင်းတို့သည်။ ဟုတွာ၊ ဖြစ်ကုန်၍။ နိက္ခမန္တိ၊ ထွက်တတ်ကုန်၏။

သွေးသော်လည်း အန်လျှင် အန်တတ်ပါသည်၊ ဝမ်းလျှောမူလည်း လျှောတတ်ပါသည်၊ ထိုသို့မဟုတ်မူ အူတို့သည် အပိုင်းအပိုင်းဖြစ်၍လည်း ထွက်တတ်ကုန်သည်ဟု အဌကထာဆိုပါသည်ဘုရား။

လာဘ မစ္ဆရိယ

လာဘမစ္ဆရိယေန၊ လာဘမစ္ဆရိယဖြင့်။ သံဃဿ ဝါ၊ သံဃာ၏ဂုင်း။ ဂဏဿ ဝါ၊ ဂိုဏ်း၏ဂုင်း။ သန္တကေ၊ ဥစ္စာဖြစ်ကုန်သော။ လာဘေ၊ ပစ္စည်းလေးပါး လာဘ်လာဘတို့ကို။ မစ္ဆရာယိတွာ၊ ဝန်တိုနှမြော၍။ ပုဂ္ဂလိက ပရိဘောဂေန၊ ကိုယ်ပိုင်သုံးဆောင်ခြင်းဖြင့်။ ယက္ခော ဝါ၊ ဘီလူးသည်ဂုင်း။ ပေတော ဝါ၊ ပြိတ္တာသည်ဂုင်း။ မဟာအဇဂရော ဝါ၊ ကြီးကျယ်သော စပါးကြီးမြွေသည်ဂုင်း။ ဟုတွာ၊ ဖြစ်၍၊ နိဗ္ဗတ္တတိ၊ သေသည်၏ အခြားမဲ့၌ ဖြစ်ရတတ်ပါ၏။

ဝဏ္ဏ မစ္ဆရိယစသည်

သရီရဝဏ္ဏဂုဏဝဏ္ဏမစ္ဆရိယေန၊သရီရဝဏ္ဏဟု ဆိုအပ်သော ကိုယ်အဆင်း, ဂုဏဝဏ္ဏဟု ဆိုအပ်သော ဂုဏ်ကျေးဇူးကို ဝန်တိုနှမြောခြင်းဖြင့်ဂုင်း။ ပရိယတ္တိဓမ္မမစ္ဆရိယေနစ၊ ပရိယတ္တိဓမ္မ စာပေကျမ်းဂန် သင်အံလေ့လာ ကြိုးကုတ်အားထုတ်၍ တတ်ကျွမ်းနေသည်ကို ဝန်တိုနှမြောခြင်းဖြင့်ဂုင်း။ အတ္တနောဝ၊ မိမိ၏သာလျှင်။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ ဝဏ္ဏေတိ၊ ဖွင့်ဆိုပြောကြားတတ်၏။ ပရေသံ၊ သူတပါးတို့၏။ ဝဏ္ဏံ၊ ဂုဏ်ကျေးဇူးကို။ နဝဏ္ဏေတိ၊ မဖွင့်ဆိုမပြောကြားတတ်။

ကိုယ်တထ်တာကို သူတပါးတို့ မသိ-သိအောင် ကပ်သီးကပ်သတ်ဂုဏ်ကို ထုတ်ဖော်၍ ပြောကြားတတ်ပါသည်၊ သူတပါးတို့ တတ်ကျွမ်း၍ နေသည်ကို မူကား—

ကိံ ဝဏ္ဏော ဧသောတိ တံ တံ ဒေါသံ ဝဒန္တော ပရိယတ္တိဥ ကဿစိ ကိဥ္စိ အဒေန္တော ဒုဗ္ဗဏ္ဏော စေဝ ဧဋ္ဌမူဂေါစ ဟောတိ။

ဧသောဝဏ္ဏော၊ ဤဂုဏ်ကျေးဇူးသည်။ ကိံဝဏ္ဏော၊ အဘယ်မည်သော ဂုဏ်ကျေးဇူးနည်း။ ဣတိ၊ ဤသို့။ တံတံ ဒေါသံ၊ ထိုထိုအပြစ်ဒေါသကို။ ဝဒန္တော၊ ပြောဆိုလျက်။ ပရိယတ္တိဥ၊ မိမိတတ်ကျွမ်းသော ပရိယတ္တိဓမ္မကို လည်း။ ကဿစိ၊ တစုံတယောက်သောပုဂ္ဂိုလ်အား။ ကိဥ္စိ၊ တစုံတခုသော ပရိယတ္တိဓမ္မအသိဉာဏ်ကို။ အဒေန္တော၊ မပေးမူ၍။ ဝါ၊ မပေးတဲ့ပုဂ္ဂိုလ်သည်။ ဒုဗ္ဗဏ္ဏောစေဝ၊ အဆင်းမလှသည်၎င်း။ ဧဋ္ဌမူဂေါစ၊ အ-၍နေသည်၎င်း။ ဟောတိ၊ ဖြစ်တတ်ပါ၏။

ဤကဲ့သို့ မစ္ဆရိယနှင့် စပ်ဆိုင်ရာကို အဌကထာဆရာ အကျယ်ဖွင့်ဆို ထားပါသည် အရှင်ဘုရား။

တနည်း မစ္ဆရိယ၏ အပြစ်များ

အပိစ၊ တနည်းလည်း။ အာဝါသမစ္ဆရိယေန၊ အရိပ် အာဝါသကို ဝန်တို နှမြောခြင်းဖြင့်။ လောဟဂေဟေ၊ သံပူငရဲအိုး၌။ ပစ္စတိ၊ ကျက်ရတတ်၏။ ကုလမစ္ဆရိယေန၊ ဒကာ ဒကာမ အမျိုးကို ဝန်တိုနှမြောခြင်းဖြင့်။ အပ္ပ လာဘော၊ နည်းပါးသော လာဘ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ လာဘမစ္ဆရိ-ယေန၊ ပစ္စည်းလေးပါး လာဘ်လာဘကို ဝန်တိုနှမြောခြင်းဖြင့်။ ဂူထနိရယေ၊ ဘင်ပုတ်ငရဲ, မစင်ငရဲ၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရတတ်၏။ ဝဏ္ဏမစ္ဆရိယေန၊ ဂုဏ်ကို ဝန်တိုနှမြောခြင်းဖြင့်။ ဘဝေ၊ ထိုထိုဘဝ၌။ နိဗ္ဗတ္တဿ၊ ဖြစ်သောပုဂ္ဂိုလ်၏။ ဝဏ္ဏောနာမ၊ ဂုဏ်ကျေးဇူးမည်သည်။ နဟောတိ၊ မဖြစ်။ ဓမ္မမစ္ဆရိယေန၊ တရားကို ဝန်တိုနှမြောခြင်းဖြင့်။ ကုက္ကုဋ္ဌနိရယေ၊ ပြာပူငရဲ၌။ နိဗ္ဗတ္တတိ၊ ဖြစ်ရတတ်၏။

ဤကဲ့သို့ ဖြစ်ပွါးရာ ဘုံဌာနကိုလည်း အဌကထာဆရာ ဖွင့်ပြပါသည်။

သောတာပန်သာ ပယ်နိုင်သည်

ဣဒံ ပန ဣဿာမစ္ဆရိယသံယောဇနံ၊ ဤဆိုအပ်ခဲ့ပြီးသော ဣဿာ မစ္ဆရိယ ဟု ဆိုအပ်သော သံယောဇဉ်တရားကို။ သောတာပတ္တိမဂ္ဂေန၊ သောတာပတ္တိမဂ်ဖြင့်။ ပဟီယတိ၊ ပယ်အပ်၏။

ထိုဆိုအပ်ခဲ့ပြီးသော ဣဿာနှင့် မစ္ဆရိယဟု ဆိုအပ်သော သံယောဇဉ် နှစ်ပါးကို သောတာပတ္တိမဂ်သည်သာ ပယ်နိုင်ပါသည်၊ ကျန်သော ဒါနစသော

ကာမာဝစရကုသိုလ်မျိုးဖြင့် ပယ်ခြင်းငှါ မစွမ်းနိုင်ပါ၊ ထို့ကြောင့် အဋ္ဌကထာဆရာက——

ယာဝ တံ နပ္ပဟီယတိ၊ တာဝ ဒေဝမနုဿာ အဝေရတာဒီနိ ပတ္ထယန္တာပိ ဝေရာဒီနိ နပရိမုစ္စန္တိယေဝ။

ယာဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ တံ၊ ထိုဣဿာ မစ္ဆရိယကို။ နပ္ပဟီယတိ၊ သောတာပတ္တိမဂ်ဖြင့် မပယ်အပ်သေး။ တာဝ၊ ထိုမျှလောက် မပယ်ရသေးသမျှကာလပတ်လုံး။ ဒေဝမနုဿာ၊ နတ်နှင့်လူတို့သည်။ အဝေရတာဒီနိ၊ ရန်မရှိသည်၏ အဖြစ် အစရှိသည်တို့ကို။ ပတ္ထယန္တာပိ၊ တောင့်တ၍နေကြကုန်သော်လည်း။ ဝေရာဒီဟိ၊ ရန်အစရှိသည်တို့မှ။ နပရိမုစ္စန္တိ ယေဝ၊ မလွတ်ကြကုန်သည်သာလျှင်တည်း။

ကမ္ဘာ့မီးတောက်ကြီးတွေ

ဤကဲ့သို့ မြတ်စွာဘုရားက သိကြားမင်း မေးလျှောက်သော လူနတ်စသော များစွာသော သတ္တဝါတို့သည် ရန်မကင်းတဲ့အကြောင်းကို မေးသည့်အခါ မြတ်စွာဘုရားက ဣဿာ မစ္ဆရိယကြောင့် ရန်မကင်းဘဲ ဖြစ်ရသည်ဟု မိန့်တော်မူပါသည်၊ ထိုကဲ့သို့သော ဣဿာမစ္ဆရိယ တရားနှစ်ပါးမကင်းခြင်းကြောင့် ယခုခေတ်အခါတိုင်အောင်လည်း မီးဝင်းဝင်းတောက်လောင်အောင်ကြောက်မက်ဖွယ်ရာ အချင်းချင်း ခိုက်ရန်ဖဒါသတွေ ဖြစ်ပွါး၍ နေကြပါသည် အရှင်ဘုရား။

ထို့ကြောင့် နေလအသွင် ထင်ရှားသော ပညာရှိဆရာတော်ကြီးတပါးကလည်း ရေးသားထားခဲ့သော စာရှိပါသေးသည် အရှင်ဘုရား။

မျက်မြင်မှာ ဥဏ်တဲ့လို့၊ အနဲနဲရှုပါ။ ငရဲနှင့်လူ့ရွာ၊ ခုအခါမခြား။ မီးသုံးရပ်ဘလောင်ဆူသည်၊ အကောင်ပူ သင်းတို့ဖြစ်လား- ဟု ရေးသားထားခဲ့ပါသည်။

ထိုကဲ့သို့ ဖွင့်ပြအပ်သော လျှောက်ထားအပ်ခဲ့ပြီးသည့် ကြောက်မက်ဖွယ်ရာ ကောင်းလှစွာသော ဘုရားနှင့်သိကြား အမေးအဖြေတို့ကို ဖွင့်ပြထားသော အဋ္ဌကထာကို ကြားနာကြရကုန်သည်ဖြစ်၍ ဘုရားတပည့်တော်တို့သည် ထိုဣဿာမစ္ဆရိယတရားတို့မှ လွတ်ရာလွတ်ကြောင်း ပယ်ရာပယ်ကြောင်း

ကောင်းမြတ်တဲ့ သောတာပတ္တိမဂ် စသည်ကို ရရာရကြောင်း အကျင့်ကောင်းတို့ကို ကျင့်ကြံကြိုးကုတ် အားထုတ်ကြ၍ ပယ်နိုင်အောင်အားထုတ်ကြပါကုန်စို့ အရှင်ဘုရား။ အားထုတ်ကြပါစေသတည်း အရှင်ဘုရား။

ဣဿာမစ္ဆရိယ ဘသ္မုံကြောင့်ဖြစ်သလဲ

အထ ခေါ် သင်္ကော ဒေဝါနမိန္ဒော ဘဂဝန္တံ ဥတ္တရိ ပဉ္ဍံ အပုစ္ဆိ—

ဣဿာမစ္ဆရိယံ ပန မာရိသ ကိံ နိဒါနံ ကိံ သမုဒယံ ကိံ ဇာတိကံ ကိံ ပဘဝံ၊ ကိသ္မိံ သတိ ဣဿာမစ္ဆရိယံ ဟောတိ၊ ကိသ္မိံ အသတိ ဣဿာမစ္ဆရိယံ နု ဟောတီတိ။

အထခေါ်၊ ထိုအခါ၌။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ သင်္ကော၊ သိကြားမင်းသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်ကို။ ဥတ္တရိ၊ ထို့ထက်အလွန်ဖြစ်သော။ ပဉ္ဍံ၊ ပြဿနာကို။ အပုစ္ဆိ၊ မေးလျှောက်ပြီ။

မာရိသ၊ ဆင်းရဲခြင်း ကင်းတော်မူသော မြတ်စွာဘုရား။ ဣဿာမစ္ဆရိ-ယံ၊ ဣဿာမစ္ဆရိယ တရားနှစ်ပါးသည်။ ကိံ နိဒါနံ၊ အဘယ်လျှင် ဖြစ်ကြောင်း နိဒါန်းရှိပါသနည်း။ ကိံ သမုဒယံ၊ အဘယ်မှစ၍ ဖြစ်ကြောင်းသမုဒယရှိပါသနည်း။ ကိံ ဇာတိကံ၊ အဘယ်မှစ၍ ဖြစ်ကြောင်းဇာတ်ရှိပါသနည်း။ ကိံ ပဘဝံ၊ အဘယ်မှ အရင်းမူလ ပဘဝအကြောင်းရင်းခံ ရှိပါသနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ သတိ၊ ရှိလတ်သော်။ ဣဿာမစ္ဆရိယံ၊ ဣဿာမစ္ဆရိယသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ အသတိ၊ မရှိလတ်သော်။ ဣဿာမစ္ဆရိယံ၊ ဣဿာမစ္ဆရိယ တရားသည်။ နဟောတိ၊ မဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ ဘဂဝန္တံ၊ ဘုန်းတော်သခင် ဘုရားရှင်ကို။ ပဉ္ဍံ၊ ပြဿနာကို။ အပုစ္ဆိ၊ မေးလျှောက်၏။

သိကြားမင်းက သတ္တဝါတွေ့ ဣဿာမစ္ဆရိယ တရားရှိနေခြင်းကြောင့် ရန်မကင်းသည့် အကြောင်းကို ဖြေကြားတော်မူသော မြတ်စွာဘုရား၏ အဖြေကို ကြားနာရပြီးသည့် နောက်အဘို့၌ ထိုဣဿာမစ္ဆရိယတရား၏ အကြောင်းရင်းခံတရားကို သိလိုပြန်သည်ဖြစ်၍ မြတ်စွာဘုရားကို နောက်ထပ် ဆက်လက် မေးမြန်းပါသည် အရှင်ဘုရား။

ချစ်ခြင်း, မုန်းခြင်းကြောင့် ဖြစ်၏

ဆိုအပ်ခဲ့ပြီးသော ပါဠိတော်အစဉ်ဖြင့် မေးမြန်းပုံကို လျှောက်ထားပြီးသည့် အခြားမဲ့၌ မြတ်စွာဘုရား၏ ဖြေကြားပုံကို လျှောက်ကြားပါဦးမည် အရှင်ဘုရား။

ဣဿာမစ္ဆရိယံ ခေါ ဒေဝါနမိန္ဒ ပိယာပိယနိဒါနံ ပိယာပိယသမုဒယံ ပိယာပိယဇာတိကံ ပိယာပိယပဘဝံ၊ ပိယာပိယေ သတိ ဣဿာမစ္ဆရိယံ ဟောတိ၊ ပိယာပိယေ အသတိ ဣဿာမစ္ဆရိယံ နဟောတီတိ။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော အိုသိကြားမင်း.... ။ ဣဿာမစ္ဆရိယံ၊ ဣဿာမစ္ဆရိယတရားနှစ်ပါးသည်။ ပိယာပိယနိဒါနံ၊ ချစ်ခြင်း မုန်းခြင်းလျှင် အကြောင်းရင်းနိဒါန်းရှိပေ၏။ ပိယာပိယသမုဒယံ၊ ချစ်ခြင်း မုန်းခြင်းမှ ဖြစ်ခြင်းသမုဒယရှိပေ၏။ ပိယာပိယဇာတိကံ၊ ချစ်ခြင်း မုန်းခြင်းမှ ဖြစ်ကြောင်း ဇာတ်ရှိပေ၏။ ပိယာပိယပဘဝံ၊ ချစ်ခြင်း မုန်းခြင်းမှ အကြောင်းမူလ ပဘဝရှိပေ၏။ ပိယာပိယေ၊ အချစ် အမုန်းသည်။ သတိ၊ ရှိလတ်သော်။ ဣဿာမစ္ဆရိယံ၊ ဣဿာမစ္ဆရိယသည်။ ဟောတိ၊ ဖြစ်၏။ ပိယာပိယေ၊ ချစ်ခြင်း မုန်းခြင်းသည်။ အသတိ၊ မရှိလတ်သော်။ ဣဿာမစ္ဆရိယံ၊ ဣဿာမစ္ဆရိယသည်။ နဟောတိ၊ မဖြစ်။

ဤသို့ မြတ်စွာဘုရားက သိကြားမင်းအား ဖြေကြားပါသည်။

အဓိပ္ပါယ် အကျယ်

ထိုကဲ့သို့ ဖြေကြားအပ်သော ပါဠိတော် အစဉ်၌ ပိယာပိယနိဒါန်-ဟူသော ပါဠိတော်ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်မိန့်ဆိုလိုသော အဋ္ဌကထာ အရှင်မြတ်သည် ပိယာပိယနိဒါနန္တိ-အစရှိသည်ဖြင့် မိန့်ဆိုပါသည် အရှင်ဘုရား။

မစ္ဆရိယတရားသည် ချစ်ခင်နှစ်သက်အပ်သော သတ္တဝါသင်္ခါရလျှင် ဖြစ်ခြင်းအကြောင်းရင်း နိဒါန်းရှိပါ၏။

ဣဿာတရားသည် မုန်းအပ်သော သတ္တဝါသင်္ခါရလျှင် အကြောင်းရင်း နိဒါန်းရှိပါ၏။

တနည်းအားဖြင့်လည်း နှစ်ပါးကုန်သော ဣဿာမစ္ဆရိယတရားတို့သည် နှစ်ပါးကုန်သော ချစ်အပ် မုန်းအပ်သော သတ္တဝါသခင်ရတို့လျှင် အကြောင်းရှိပါ၏။

ထိုကဲ့သို့ ဖွင့်ပြသည်၏ အခြားမဲ့၌ ထိုစကားကိုပင် အကျယ်ခဲ့၍ ပြလိုသော် အဋ္ဌကထာဆရာကား ပဗ္ဗဇိတဿ ဟ သဒ္ဓဝဟာရကာဒယော, ဂဟဋ္ဌဿ ပုတ္တာဒယော ဟတ္ထိအဿာဒယော ဝါ သတ္တာ ပိယာ ဟောန္တိ ကေဋ္ဌာယိတာ မမာယိတာ-စသည်ဖြင့် အကျယ်ဝေဘန်၍ ပြပါသည် အရှင်ဘုရား။

ဟိ၊ အကျယ်ခဲ့၍ ဆိုဦးအံ့။ ပဗ္ဗဇိတဿ၊ ရဟန်းဖြစ်သော ပုဂ္ဂိုလ်၏။ သဒ္ဓိဝိဟာရိကာဒယော၊ အတူနေသော တပည့် အစရှိသည်တို့သည်။ ပိယာ၊ ချစ်ခင်နှစ်သက် အပ်ကုန်သည်။ ကေဋ္ဌာယိတာ၊ မြတ်နိုးအပ်ကုန်သည်။ မမာယိတာ၊ ငါ့တပည့်ဟု စွဲဆိုအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂဟဋ္ဌဿ၊ အိမ်နေသူ လူဖြစ်သော ပုဂ္ဂိုလ်၏။ ပုတ္တာဒယော၊ သားအစရှိကုန်သော။ သတ္တာ ဝါ၊ သတ္တဝါတို့သည်ၛင်း။ ဟတ္ထိအဿာဒယော၊ ဆင် မြင်း အစရှိကုန်သော။သတ္တာ ဝါ၊ သတ္တဝါတို့သည်ၛင်း။ပိယာ၊ ချစ်ခင်နှစ်သက်အပ်ကုန်သည်။ ကေဋ္ဌာယိတာ၊ မြတ်နိုးအပ်ကုန်သည်။ မမာယိတာ၊ ငါ့ဟာ,ငါ့ဟာဟု စွဲဆိုအပ်ကုန်သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်၏။

ဤကဲ့သို့ ဆက်လက်၍ အကျယ်ကို ဖွင့်ပြပါသည် အရှင်ဘုရား။

အခိုက်အတန့်မျှလည်း ထိုဆိုအပ်ခဲ့ပြီးသော မိမိချစ်ခင်အပ်သည့် တပည့် သား မြေး သားသမီး ဆင် မြင်း စသည်တို့ကို မမြင်ရ မတွေ့ရသည် ရှိသော် သည်းခံခြင်းငှါ မတတ်နိုင်ပါဘုရား။

ထိုပုဂ္ဂိုလ်သည် မိမိမှတပါး အခြားသော ပုဂ္ဂိုလ်ကို ထိုကဲ့သို့ ရှုအပ်သော သဘောရှိသော ချစ်ခင်နှစ်သက်အပ်သော သတ္တဝါ ရရှိသည်ကိုမြင်၍ ငြူစူခြင်းကို ပြုတတ်ပါသည် အရှင်ဘုရား။

ဤသူဖြင့် ငါတို့အား တစုံတခုသော အမှုကိစ္စရှိ၏၊ တခဏမျှ ထိုသူကို ပေးကြပါကုန်လော့-ဟူ၍ ထိုဥစ္စာရှင်ဖြစ်တဲ့ ပုဂ္ဂိုလ်ကို တပါးသောသူတို့က တောင်းရမ်းခဲ့သည် ရှိသော်——

နသက္ကာ ဒါတုံ၊ ကိလမိဿတိ ဝါ ဥက္ကဏ္ဌိဿတိ ဝါတိ အာဒိနိ ဝတ္ဝာ မစ္ဆရိယံ ကရောတိ။

ဒါတုံ၊ ပေးခြင်းငှါ။ မယံ၊ ငါတို့သည်။ နသက္ကာ၊ မတတ်နိုင်ကုန်။ အယံ၊ ဤသူသည်။ ကိလမိဿတိ၊ ပင်ပန်းလိမ့်လတ္တံ့။ ဥက္ကဏ္ဌိဿတိ ဝါ၊ ပျင်းရိမှုလည်း ပျင်းရိလိမ့်လတ္တံ့။ ဣတိအာဒီနိ၊ ဤသို့ အစရှိသည်တို့ကို။ ဝတ္ဝာ၊ ပြောဆို၍။ မစ္ဆရိယံကရောတိ၊ ဝန်တိုနှမြောခြင်းကို ပြုတတ်၏။

ဤသို့လျှင် ရှေးဦးစွာနှစ်ပါးစုံသော ဣဿာမစ္ဆရိယတရားသည်လည်း ချစ်ခင်နှစ်သက်အပ်သော သတ္တဝါလျှင် အကြောင်းရင်း ရှိသည်ဟု အဋ္ဌကထာဆရာဖွင့်ပြပါသည် အရှင်ဘုရား။

ထိုမှတဖန် ဆက်လက်၍ အကျယ် ဖွင့်ပြပြန်သည်မှာ ရဟန်း၏ သပိတ်သင်္ကန်း ပရိက္ခရာ ဖြစ်ပေါ်လာသည်ရှိသော် ထိုဖြစ်ပေါ်လာသော သပိတ်သင်္ကန်း ပရိက္ခရာသည် ချစ်ခင်နှစ်သက်အပ်သည်၊ နှလုံးကို ပွါးစေတတ်သည် ဖြစ်ပါ၏။ အိမ်နေသူ လူသတ္တဝါ၏ အဆင်တန်းဆာ အစရှိသော အဆောက်အဦသည် ချစ်ခင်နှစ်သက် အပ်ပါ၏၊ နှလုံးကို ပွါးစေတတ်ပါ၏။ မိမိမှတပါး အခြားသော ပုဂ္ဂိုလ်အား ထိုကဲ့သို့ သဘောရှိသော နှစ်သက်အပ်သော ပစ္စည်း ဖြစ်ပေါ်သည်ကို တွေ့မြင်ရသည်ဖြစ်၍——

အဟော ဝတဿ ဧဝရူပံ နု ဘဝေယျာတိ ဣဿံ ကရောတိ။

အဿ၊ ထိုပုဂ္ဂိုလ်အား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော သတ္တဝါသင်္ခါရသည်။ နဘဝေယျ၊ မဖြစ်ပေါ်ဘဲရှိခဲ့မူကား။ အဟော ဝတ၊ သြော် ကောင်းလေစွတကား....။ ဣတိ၊ ဤသို့။ ဣဿံ ကရောတိ၊ ငြူစူခြင်းကို ပြုတတ်ပါ၏။ ယာစိတောဝါပိ၊ တောင်းရမ်း အပ်ပြန်ပါသော်လည်း——

မယမ္ပိတံ မမာယန္တာ နု ပရိဘုဉ္ဇာမ၊ နု သက္ကာ ဒါတုန္တိ မစ္ဆရိယံ ကရောတိ။

မယမ္ပိ၊ ငါတို့သည်သော်လည်း။ ဧတံ၊ ဤ သတ္တဝါ သင်္ခါရကို။ မမာယန္တာ၊ မြတ်နိုးကြကုန်သည်ဖြစ်၍ ။ နပရိဘုဉ္ဇာမ၊ မသုံးဆောင်ကြပါကုန်။ ဒါတုံ၊ ပေးခြင်းငှါ။ နု သက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။မစ္ဆရိယံ ကရောတိ၊ ဝန်တိုခြင်းကို ပြုတတ်၏။

ဤသို့နှစ်ပါးစုံသော ဣဿာ မစ္ဆရိယသည်လည်း ချစ်ခင်အပ်သော သင်္ခါရတရားလျှင် အကြောင်းရင်း ရှိသည်ဟု အဋ္ဌကထာဆရာ မိန့်ပြပါသည် ဘုရား။

ထိုဆိုအပ်ခဲ့ပြီးသော အပြားရှိကုန်သော မချစ်မနှစ်သက်အပ်ကုန်သော သတ္တဝါတို့ကိုဎင်း သခ်ၤါရတရားတို့ကိုဎင်း ရသည်ဖြစ်၍ အဘယ်မည်သော ထိုသူအား ဆိုအပ်ခဲ့ပြီးသော သတ္တဝါသခ်ၤါရတို့သည် စိတ်နှလုံးကို ပ့ါးစေတတ်သည် မဟုတ်ကြကုန်သော်လည်း ကိလေသာတရားတို့၏ ဖောက်ပြန်ပျက်စီးတတ်သော သဘောရှိသည်၏ အဖြစ်ကြောင့်—

ဎပေတ္ဝာ မံ ကော အညော ဧဝရူပဿ လာဘီတိ ဣဿံ ဝါ ကရောတိ၊ ယာစိတော တာဝကာလိကမ်ပိ အဒဒမာနော မစ္ဆရိယံ ဝါ ကရောတိ။

မံ၊ ငါ့ကို။ ဎပေတ္ဝာ၊ ချန်ထား၍။ ကော၊ အဘယ်မည်သော။ အညော၊ တပါးသော ပုဂ္ဂိုလ်သည်။ ဧဝရူပဿ၊ ဤသို့သဘောရှိသော သတ္တဝါ သခ်ၤါရကို။ လာဘီ၊ ရရှိနိုင်အံ့နည်း။ ဣတိ၊ ဤသို့။ ဣဿံ ဝါ ကရောတိ၊ ငြူစူခြင်းကိုလည်း ပြုတတ်ပါ၏။ ယာစိတော၊ တောင်းရမ်းအပ်သည်ရှိသော်။ တာဝကာလိကမ်ပိ၊ အခိုက်အတန့်မျှကိုသော်လည်း။ အဒဒမာနော၊ မပေးမူ၍။ မစ္ဆရိယံ ဝါ ကရောတိ၊ နှမြောဝန်တိုခြင်းကို ပြုတတ်ပါ၏။

ဤသို့ နှစ်ပါးစုံသော ဣဿာမစ္ဆရိယ တရားသည်လည်း မချစ်ခင်မနှစ်သက်အပ်သော သတ္တဝါသခ်ၤါရလျှင် အကြောင်းရင်းနိဒါန်းရှိသည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြပါသည် အရှင်ဘုရား။

ချစ်ခြင်း,မုန်းခြင်း ဘာကြောင့်ဖြစ်သလဲ

ထို့နောက် ထိုကဲ့သို့ ဖွင့်ပြအပ်သော ပါဠိတော်အစဉ်၏ အဓိပ္ပါယ်ကို သိကြားမင်း ကြားနာပြီးသည်၏ နောက်အဘို့၌ တဖန် ဆက်လက်၍—

ပိယာပိယံ ခေါ ပန မာရိသ ကိံနိဒါနံ ကိံသမုဒယံ ကိံဇာတိကံ ကိံပဘဝါ၊ကသ္မိံ သတိ ပိယာပိယံ ဟောတိ၊ ကသ္မိံ အသတိ ပိယာပိယံ နု ဟောတီတိ။

မာရိသ၊ဆင်းရဲခြင်း ကင်းတော်မူသော အိုမြတ်စွာဘုရား....။ပိယာပိယံ၊ ချစ်ခြင်း မုန်းခြင်းဟုဆိုအပ်သော သတ္တဝါသခ်ၤါရသည်။ ကိံနိဒါနံ၊ အဘယ်လျှင် ဖြစ်ကြောင်းနိဒါန်းရှိပါသနည်း။ ကိံသမုဒယံ၊ အဘယ်မှ ဖြစ်ကြောင်း သမုဒယရှိပါသနည်း။ ကိံဇာတိကံ၊ အဘယ်မှ ဖြစ်ကြောင်း ဇာတ်ရှိပါသနည်း။ ကိံပဘဝံ၊ အဘယ်မှ အမှန်အစ ပဘဝ အကြောင်းရင်းရှိပါသနည်း။

ကိသ္မိံ၊ အဘယ်မည်သော တရားသည်။ သတိ၊ ရှိလတ်သော်။ ပိယာပ္ပိယံ၊ ချစ်ခြင်း မုန်းခြင်းသည်။ ဟောတိ၊ ဖြစ်တတ်ပါသနည်း။ ကိသ္မိံ၊ အဘယ် တရားသည်။ အသတိ၊ မရှိလတ်သော်။ ပိယာပ္ပိယံ၊ ချစ်ခြင်း, မုန်းခြင်းသည်။ နဟောတိ၊ မဖြစ်တတ်ပါသနည်း။

ဤသို့ သိကြားမင်းက ဆက်လက်၍ ထို့ထက်အလွန်ဖြစ်သော အမေး စကားကို မေးမြန်းပါသည်ဘုရား။

ချစ်ခြင်း,မုန်းခြင်းသည် တဏှာဆန္ဒကြောင့်ဖြစ်၏

ထိုအခါ မြတ်စွာဘုရားက သိကြားမင်းအား—

ပိယာပ္ပိယံ ခေါ ဒေဝါနမိန္ဒ ဆန္ဒနိဒါနံ ဆန္ဒသမုဒယံ ဆန္ဒဇာတိကံ ဆန္ဒပဘဝံ၊ ဆန္ဒေ သတိ ပိယာပ္ပိယံ ဟောတိ၊ ဆန္ဒေ အသတိ ပိယာပ္ပိယံ န ဟောတီတိ။

ဒေဝါနမိန္ဒ၊ နတ်တို့ကိုအစိုးရသော အို သိကြားမင်း....။ ပိယာပ္ပိယံ၊ ချစ်ခြင်း မုန်းခြင်းဟူဆိုအပ်သော သတ္တဝါ သခ်ါရသည်။ သတ္တဝါသခ်ါရကို ချစ်ခြင်း, မုန်းခြင်းဟု ဆိုအပ်သော သဘောတရားသည်။ဆန္ဒနိဒါနံ၊ ဆန္ဒဟု ဆိုအပ်သော တဏှာလျှင် အကြောင်း နိဒါန်းရှိပေ၏။ ဆန္ဒသမုဒယံ၊ ဆန္ဒ ဆိုအပ်သော တဏှာမှ ဖြစ်ခြင်း သမုဒယရှိပေ၏။ ဆန္ဒဇာတိကံ၊ ဆန္ဒဟု ဆိုအပ်သော တဏှာမှ ဖြစ်ခြင်းဇာတ်ရှိပေ၏။ ဆန္ဒပဘဝံ၊ ဆန္ဒဟူဆိုအပ်သော တဏှာမှ အရင်းမူလ ပဘဝရှိပေ၏။ ဆန္ဒေ၊ ဆန္ဒဟုခေါ်ဆိုအပ်သော တဏှာ တရားသည်။ သတိ၊ ရှိလတ်သော်။ ပိယာပ္ပိယံ၊ ချစ်ခြင်း မုန်းခြင်းသည်။ ဟောတိ ၊ဖြစ်၏။ ဆန္ဒေ၊ ဆန္ဒဟုခေါ်ဆိုအပ်သော တဏှာသည်။ အသတိ၊ မရှိလတ်သော်။ ပိယာပ္ပိယံ၊ ချစ်ခြင်း မုန်းခြင်းသည်။ နဟောတိ၊ မဖြစ်။

ဤသို့ သိကြားမင်းအား မြတ်စွာဘုရား ဖြေကြားတော်မူပါသည် အရှင် ဘုရား။

ဆန္ဒ ငါးပါး

ထိုကဲ့သို့သော ဖြေကြားအပ်သော ပါဠိတော်အစဉ်၌ ဆန္ဒနိဒါနံ ဟူသော ပါဠိတော်ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဖွင့်ပြလိုသော အဋ္ဌကထာ ဆရာသည်—

ဆန္ဒနိဒါနန္တိတ္ထေ ပရိယေသနဆန္ဒော, ပဋိလာဘဆန္ဒော, ပရိဘောဂဆန္ဒော, သန္နိဓိဆန္ဒော, ဝိဿဇ္ဇနဆန္ဒောတိ ပဉ္စဝိဓော ဆန္ဒော။

ဆန္ဒကို ငါးမျိုးရှိကြောင်း ဖွင့်ဆိုပါသည် အရှင်ဘုရား။

ထိုငါးမျိုးတို့တွင် ပဌမဦးစွာ ပရိယေသန ရှာမှီးခြင်းဟုဆိုအပ်သော ရှာမှီးလိုသောဆန္ဒ၊ ဒုတိယ ပဋိလာဘ-ရရှိခြင်း ရရှိလိုသောဆန္ဒ၊ တတိယ သုံးဆောင်လိုသောဆန္ဒ၊ စတုတ္ထ သိုမှီးသိမ်းဆည်းလိုသောဆန္ဒ၊ ပဉ္စမ ခဲခြမ်းဝေဘန်လိုသောဆန္ဒဟု ငါးမျိုးပြားပုံကို ဖွင့်ဆိုပါသည် အရှင်ဘုရား။

ပရိယေသန ဆန္ဒ

ထိုငါးမျိုးတို့တွင် တမျိုးတမျိုး၏ အကျယ်အဝန်းကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ကတမော ပရိယေသန ဆန္ဒော-အစရှိသည်ဖြင့် မိန့်ဆိုပြန်ပါသည် အရှင်ဘုရား။

ပရိယေသန ဆန္ဒော၊ ရှာမှီးလိုသော ပရိယေသန ဆန္ဒ ဟူသည်။ ကတမော၊ အဘယ်နည်း? ဣဓ၊ ဤလောက၌။ ကစ္စော၊ အခြို့သောပုဂ္ဂိုလ်သည်။ အတိတ္တော၊ ရောင့်ရဲခြင်း မရှိသည်ဖြစ်၍။ ဆန္ဒဇာတော၊ ဖြစ်သော တဏှာဆန္ဒရှိသည် ဖြစ်၍။ ရူပံ၊ ရူပါရုံကို။ ပရိယေသတိ၊ ရှာမှီး၏။ သဒ္ဒံ၊ သဒ္ဒါရုံကို။ ပရိယေသတိ၊ ရှာမှီး၏။ ဂန္ဓံ၊ ဂန္ဓာရုံကို။ ပရိယေသတိ၊ ရှာမှီး၏။ ရသံ၊ ရသာရုံကို။ ပရိယေသတိ၊ ရှာမှီး၏။ ဖောဋ္ဌဗ္ဗံ၊ ဖောဋ္ဌဗ္ဗာရုံကို။ ပရိယေသတိ၊ ရှာမှီး၏။ ဓနံ၊ ဥစ္စာကို။ ပရိယေသတိ၊ ရှာမှီး၏။ အယံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ပရိယေသနဆန္ဒော၊ ရှာမှီးခြင်းဟုဆိုအပ်သော ဆန္ဒပါ အရှင်ဘုရား။ ဤကဲ့သို့ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်။

ပဋိလာဘ ဆန္ဒ

ပဋိလာဘဆန္ဒော၊ ရရှိခြင်းဟုဆိုအပ်သော တဏှာဆန္ဒသည်။ကတမော၊ အဘယ်လေနည်း?

ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် ရောင့်ရဲတင်းတိမ်မှု မရှိသည်ဖြစ်၍ ဖြစ်သော တဏှာဆန္ဒရှိသည်ဖြစ်၍ ရူပါရုံကို ရရှိ၏၊ သဒ္ဒါရုံကိုရရှိ၏၊ ဂန္ဓာရုံကို

ရရှိ၏၊ ရသာရုံကို ရရှိ၏၊ ဖောဋ္ဌဗ္ဗာရုံကို ရရှိ၏၊ ဥစ္စာကို ရရှိ၏၊ ဤကဲ့သို့ ရရှိခြင်းသည် ပဋိလာဘ ဆန္ဒဖြစ်သည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုပါသည် အရှင်ဘုရား။

ပရိဘောဂ ဆန္ဒ

ပရိဘောဂဆန္ဒော၊ ပရိဘောဂ ဆန္ဒဟူသည်။ ကတမော၊ အဘယ် လေနည်း ?

ဤလောက၌ အခြို့သောပုဂ္ဂိုလ်သည် ရောင့်ရဲတင်းတိမ်မှု မရှိသည်ဖြစ်၍ ဖြစ်သော ဆန္ဒရှိသည်ဖြစ်၍ ရူပါရုံကို သုံးဆောင် ခံစား၏၊ သဒ္ဒါရုံကို သုံး ဆောင်ခံစား၏၊ ဂန္ဓာရုံကို သုံးဆောင်ခံစား၏၊ ရသာရုံကို သုံးဆောင်ခံစား ၏၊ ဖောဋ္ဌဗ္ဗာရုံကို သုံးဆောင်ခံစား၏၊ ဥစ္စာကိုသုံးဆောင်ခံစား၏၊ ဤသို့ သုံးဆောင်ခံစားခြင်းသည် ပရိဘောဂ ဆန္ဒမည်သည် ဟု အဋ္ဌကထာဆရာ မိန့်ဆိုပါသည် ဘုရား။

သန္နိဓိ ဆန္ဒ

သန္နိဓိဆန္ဒော၊ သန္နိဓိဆန္ဒသည်။ ဝါ၊ သိုမှီးသိမ်းဆည်းလိုသော ဆန္ဒ သည်။ ကတမော၊ အဘယ်လေနည်း ?

ဤလောက၌ အခြို့သော သတ္တဝါသည် ရောင့်ရဲတင်းတိမ်မှုမရှိသည် ဖြစ်၍ဖြစ်သော တဏှာဆန္ဒရှိသည်ဖြစ်၍ ဥစ္စာအစုသိုမှီးသိမ်းဆည်းခြင်းကို ပြုပါသည်၊ ဘေးရန်အန္တရာယ်တို့ ဖြစ်လာသောအခါ ငါ၏အကျိုးဖြစ်လိမ့်မည် ဟူသော ရည်ရွယ်ချက်ဖြင့် ဥစ္စာကို သိုမှီးသိမ်းဆည်းခြင်းကို ပြုသည်ဟု ဆိုပါသည်၊ ဤကဲ့သို့ ဥစ္စာကို သိုမှီးသိမ်းဆည်းခြင်းသည် သန္နိဓိဆန္ဒဟု အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည် အရှင်ဘုရား။

ဝိဿဇ္ဇန ဆန္ဒ

ဝိဿဇ္ဇနဆန္ဒော၊ ဝိဿဇ္ဇနဆန္ဒသည်။ ကတမော၊ အဘယ်နည်း ?

ဤလောက၌ အခြို့သော ပုဂ္ဂိုလ်သည် ရောင့်ရဲတင်းတိမ်မှု မရှိသည် ဖြစ်၍ ဖြစ်သော တဏှာဆန္ဒရှိသည်ဖြစ်၍ ဆင်စီးဖြစ်ကုန်သော ယောကျ်းတို့

အား၎င်း မြင်းစီးဖြစ်ကုန်သော ယောကျ်ားတို့အား၎င်း ရထားစီးသမား ယောကျ်ားတို့အား၎င်း လေးအတတ်တတ်ကုန်သော သူတို့အား၎င်း—

ဣမေ မံ ရက္ခိဿန္တိ ဂေါပိဿန္တိ မမာယိဿန္တိ သမ္မရိဝါရယိဿန္တီတိ။

ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ ရက္ခိဿန္တိ၊ စောင့်ရှောက်ကြကုန်လိမ့်လတ္တံ့။ ။ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ ဂေါပိဿန္တိ၊ လုံခြုံစေကြကုန်လိမ့်လတ္တံ့။ ။ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ မမာယိဿန္တိ၊ မြတ်နိုးကြကုန်လိမ့်လတ္တံ့။ ။ဣမေ၊ ဤသူတို့သည်။ မံ၊ ငါ့ကို။ သမ္မရိဝါရယိဿန္တိ၊ ခြံရံကြကုန်လိမ့်လတ္တံ့။

ဤကဲ့သို့ နှလုံးသွင်း၍ ဆိုအပ်ခဲ့ပြီးသော ဆင်စီးယောကျ်ား အစရှိသည် တို့အား ဥစ္စာကို စွန့်လွှတ်ပေးကမ်းပါသည်ဘုရား၊ ဤကဲ့သို့ စွန့်လွှတ်ပေးကမ်းခြင်းသည် ဝိဿဇ္ဇနဆန္ဒမည်သည်ဟု အဋ္ဌကထာဆရာမြတ် မိန့်မှာအပ်ပါသည်။

ဤငါးပါးကုန်သော ဆန္ဒတရားတို့ကို ဤနေရာ၌ တဏှာဖြစ်ရုံမျှကို သာလျှင် ဆိုလိုပါသည်ဘုရား၊ ထိုကိုရည်ရွယ်၍ ဤစကားကို မြတ်စွာဘုရား မိန့်ကြားတော်မူသည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုအပ်ပါသည်အရှင်ဘုရား။

ဤကဲ့သို့ ဘုရားဟောကြားအပ်သော ဆန္ဒနိဒါနဟူသော ပါဠိတော်စကား၏ အကျယ်အဓိပ္ပါယ်ကို နားလည်ရပြီးသည်၏ နောက် အဘို့၌ ဒုတိယတဖန်ထပ်မံ၍ မြတ်စွာဘုရားကို လျှောက်ထားပြန်ပါသည် ဘုရား။

ဆန္ဒသည် ဝိတက်ကြောင့် ဖြစ်၏

ဆန္ဒော ခေါ ပန မာရိသ ကိံနိဒါနော ကိံသမုဒယော ကိံဇာတိကော ကိံပဘဝေါ၊ ကိသ္မိံ သတိ ဆန္ဒော ဟောတိ၊ ကိသ္မိံ အသတိ ဆန္ဒော နဟောတီတိ။ ဆန္ဒော ခေါ ဒေဝါနမိန္ဒ ဝိတက္ကနိဒါနော ဝိတက္ကသမုဒယော ဝိတက္ကဇာတိကော ဝိတက္ကပဘဝေါ၊ ဝိတက္ကေ သတိ ဆန္ဒော ဟောတိ၊ ဝိတက္ကေ အသတိ ဆန္ဒော နဟောတီတိ။

မာရိသ၊ဆင်းရဲခြင်းကင်းတော်မူပေသော အို မြတ်စွာဘုရား....။ဆန္ဒော၊ တဏှာဆန္ဒတရားသည်။ ကိံနိဒါနော၊ အဘယ်ကဲ့သို့သော ဖြစ်ကြောင်း နိဒါန်းရှိပါသနည်း။ ကိံသမုဒယော၊ အဘယ်မှလျှင် ဖြစ်ကြောင်း သမုဒယ

ရှိပါသနည်း။ ကိံဇာတိကော၊ အဘယ်မှလျှင် ဖြစ်ကြောင်းဇာတ် ရှိပါသနည်း။ ကိံ ပဘဝေါ၊ အဘယ်မှလျှင် အရင်းမူလ ဖြစ်ကြောင်းပဘဝ ရှိပါသနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ သတိ၊ ရှိလတ်သော်။ ဆန္ဒော၊ ဆန္ဒတရားသည်။ ဟောတိ၊ ဖြစ်ပါသနည်း။ ကိသ္မိံ၊ အဘယ်တရားသည်။ အသတိ၊ မရှိလတ်သော်။ ဆန္ဒော၊ ဆန္ဒတရားသည်။ နဟောတိ၊ မဖြစ်ပါသနည်း။

ဤကဲ့သို့ သိကြားမင်းက ဆန္ဒဖြစ်ခြင်း၏ အကြောင်းကို မေးလျှောက်ပြန်သောအခါ မြတ်စွာဘုရားက—

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော အိုသိကြားမင်း....။ ဆန္ဒော၊ တဏှာဆန္ဒတရားသည်။ဝိတက္ကနိဒါနော၊ ဆုံးဖြတ်ခြင်းဟု ဆိုအပ်သော ဝိတက်လျှင် အကြောင်း နိဒါန်းရှိပေ၏။ ဝိတက္ကသမုဒယော၊ ဆုံးဖြတ်ခြင်း ဟု ဆိုအပ်သော ဝိတက်မှလျှင် အကြောင်း သမုဒယရှိပေ၏။ ဝိတက္ကဇာတိကော၊ ဆုံးဖြတ်ခြင်းဟုဆိုအပ်သော ဝိတက်မှလျှင် ဖြစ်ခြင်း ဇာတ်ရှိပေ၏။ ဝိတက္ကပဘဝေါ၊ ဆုံးဖြတ်ခြင်းဟု ဆိုအပ်သော ဝိတက်မှလျှင် အကြောင်းမူလပဘဝ ရှိပေ၏။ ဝိတက္ကေ၊ ဝိတက်တရားသည်။ သတိ၊ ဖြစ်လတ်သော်။ ဆန္ဒော၊ ဆန္ဒတရားသည်။ ဟောတိ၊ ဖြစ်၏။ ဝိတက္ကေ၊ ဆုံးဖြတ်ခြင်းဟု ဆိုအပ်သော ဝိတက်တရားသည်။ အသတိ၊ မဖြစ်လတ်သော်။ ဆန္ဒော၊ ဆန္ဒတရားသည်။ နဟောတိ၊ မဖြစ်။ ဤကဲ့သို့ မိန့်ဆိုအပ်ပါသည် အရှင်ဘုရား။

ဝိတက္ကနိဒါနော အကျယ်

ထိုသို့ မိန့်ဆိုဖြေကြားအပ်သော ပါဋ္ဌိတော်၌ ဝိတက္ကနိဒါနော ဟူသော ပါဋ္ဌိတော်ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဝေဘန်ဖွင့်ပြလိုသော အဌကထာဆရာမြတ်သည်—

ဝိတက္ကနိဒါနောတိဇတ္ထ၊ ဝိတက္ကနိဒါနော-ဟူသော ဤပါဌ်၌။ လာဘံ ပဋိစ္စ ဝိနိစ္ဆယောတိ၊ လာဘံ ပဋိစ္စ ဝိနိစ္ဆယော-ဟူ၍။ ဧဝံ၊ ဤသို့။ ဝုတ္တော၊ ဆိုအပ်သော။ ဝိနိစ္ဆယဝိတက္ကော၊ ဆုံးဖြတ်သော ဝိတက်သည်။ ဝိတက္ကော နာမ၊ ဝိတက်မည်၏ ဟု ဆိုပါသည် အရှင်ဘုရား။

ဝိနိစ္ဆယ နှစ်မျိုး

ထိုဝိနိစ္ဆယသည်ပင်လျှင် နှစ်ပါး အပြား ရှိသည်ဖြစ်၍ အကျယ်အား ဖြင့် ပြဆိုလိုသော အဋ္ဌကထာ ဆရာသည် ဝိနိစ္ဆယောတိ ဒ္ဒေ ဝိနိစ္ဆယာ-စသည် ဖြင့် မိန့်ဆိုပါသည် အရှင်ဘုရား။

ဆုံးဖြတ်ခြင်းဟူသည် တဏှာအားဖြင့် ဆုံးဖြတ်ခြင်း, ခြောက်ဆဲ့နှစ်ပါး သော ဒိဋ္ဌိအားဖြင့် ဆုံးဖြတ်ခြင်းဟူ၍ နှစ်မျိုးရှိပုံကို မိန့်ဆိုပါသည် အရှင် ဘုရား။

ထိုနှစ်မျိုးတို့တွင် တရာ့ရှစ်ပါးသော တဏှာ၏ ကျင်လည်ကျက်စားရာ ဖြစ်သော အာရုံသည် တဏှာဝိနိစ္ဆယမည်သည် ဟု ဆိုပါသည်၊ ခြောက်ဆဲ့ နှစ်ပါးသော ဒိဋ္ဌိတို့သည် ဒိဋ္ဌိဝိနိစ္ဆယမည်သည် ဟု ဆိုပါသည်။

ဣဋ္ဌာရုံ နှင့် အနိဋ္ဌာရုံ

ဤကဲ့သို့ တဏှာဝိနိစ္ဆယ၏ အစွမ်းအားဖြင့် ဣဋ္ဌ အနိဋ္ဌ, ပိယ အပ္ပိယ— အလိုရှိအပ် မရှိအပ်, ချစ်ခင်အပ် မချစ်ခင်အပ်ကို ပိုင်းခြားမှတ်သားခြင်း သည် တဏှာဝိနိစ္ဆယ၏ အစွမ်းအားဖြင့် မဖြစ်နိုင်ပါ၊ ထိုပိုင်းခြား မှတ်သား ခြင်းသည်သာလျှင် အခ္ခါသော ထိုဣဋ္ဌ အနိဋ္ဌ, ပိယ အပ္ပိယဖြစ်သော အာရုံသည်ပင်လျှင် အခ္ခါသောပုဂ္ဂိုလ်အား ဣဋ္ဌဖြစ်ပါသည်၊ အခ္ခါသော ပုဂ္ဂိုလ်အား အနိဋ္ဌဖြစ်ပါသည်၊ အဘယ်ကဲ့သို့နည်း ဟူမူကား ပစ္စန္တရာဇ်မင်း နှင့် မဇ္ဈိမဒေသဋ္ဌ ရှိသောမင်းတို့၏ တိကောင် သမင်သား အစရှိသည်တို့၏ ဖြစ်ပေါ်ခြင်းကဲ့သို့ ဖြစ်ပါသည် အရှင်ဘုရား၊ ပစ္စန္တရာဇ် မင်းတို့သည် တိကောင်ကို အစာအာဟာရပြု၍ နှစ်သက်နေကြသော်လည်း မဇ္ဈိမဒေသ မင်းတို့သည် သမင်သားကိုသာ နှစ်သက်ကြပါသည်၊ တိကောင်ကို မနှစ်သက် ကြပါ၊ ဤကဲ့သို့အားဖြင့် အခ္ခါသောပုဂ္ဂိုလ်အား ဣဋ္ဌဖြစ်၍ အခ္ခါသော ပုဂ္ဂိုလ်အား အနိဋ္ဌ ဖြစ်သည်ဟု ဆိုပါသည် အရှင်ဘုရား။

ဝိတက်ဖြင့် ဆုံးဖြတ်ပုံ

တဏှာဝိနိစ္ဆယဖြင့် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယရှိကုန်သော ထိုထိုရအပ် သော ပစ္စည်းဋ္ဌ—

ဧတ္တကံ ရူပဿ ဘဝိဿတိ၊ ဧတ္တကံ သဒ္ဒဿ၊ ဧတ္တကံ ဂန္ဓဿ၊ ဧတ္တကံ ရသဿ၊ ဧတ္တကံ ဖောဋ္ဌဗ္ဗဿ ဘဝိဿတိ၊ ဧတ္တကံ မယ္ဟံ ဘဝိဿတိ၊ ဧတ္တကံ ပရဿ ဘဝိဿတိ၊ ဧတ္တကံ နိဒဟိဿာမိ၊ ဧတ္တကံ ပရဿ ဒဿာမိတိ ဝဝတ္ထာနံ ဝိတက္ကဝိနိစ္ဆယေန ဟောတိ။ တေနာဟ ဆန္နော ခေါ ဒေဝါနမိန္ဒ ဝိတက္ကနိဒါနောတိ။

ဧတ္တကံ၊ ဤမျှလောက်သော အဘ့ိုအစုသည်။ ရူပဿ၊ ရူပါရုံ၏။ အတ္ထာယ၊ ခံစားဘ့ိုအလို့ငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သော အတိုင်းအရှည်သည်။ သဒ္ဒဿ၊ သဒ္ဒါရုံ၏။ အတ္ထာယ၊ အလို့ငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သည်။ ဂန္ဓဿ၊ ဂန္ဓာရုံ၏။ အတ္ထာယ၊ အလို့ငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သည်။ ရသဿ၊ ရသာရုံ၏။ အတ္ထာယ၊ အကျိုးငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သည်။ ဖောဋ္ဌဗ္ဗဿ၊ ဖောဋ္ဌဗ္ဗာရုံ၏။ အတ္ထာယ၊ အကျိုးငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သည်။ မယ္ဟံ၊ ငါ၏။ အတ္ထာယ၊ အကျိုးငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်သည်။ ပရဿ၊ သူတပါး၏။ အတ္ထာယ၊ အကျိုးငှါ။ ဘဝိဿတိ၊ ဖြစ်လတ္တံ့ ။ ဧတ္တကံ၊ ဤမျှလောက်ကို။ နိဒဟိဿာမိ၊ သိုမ့ိုး သိမ်းဆည်း၍ ထားအံ့။ ဧတ္တကံ၊ ဤမျှလောက်ကို။ ပရဿ၊ သူတပါးအား။ ဒဿာမိ၊ ပေးအံ့။ ဣတိ၊ ဤသို့။ ဝဝတ္ထာနံ၊ ပိုင်းခြားမှတ်သားခြင်းသည်။ ဝိတက္ကဝိနိစ္ဆယေန၊ ဝိတက်တည်းဟူသော ဆုံးဖြတ်ခြင်းဖြင့်။ ဟောတိ၊ ဖြစ်၏။ တေန၊ ထို့ကြောင့်။ ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း.... ။ ဆန္နော၊ ဆန္နသည်။ ဝိတက္ကနိဒါနော၊ ဝိတက်လျှင် ဖြစ်ရင်းအကြောင်းရင်းရှိပေ၏။ ဣတိ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူပါသည်။ ဤသို့ အဋ္ဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

ဝိတက်၏ အကြောင်းရင်း

ထို့မှတပါး သိကြားမင်းက ဝိတက်သည် အဘယ်တရားလျှင် အကြောင်းရင်းခံ ရှိပါသနည်းဟု မေးမြန်းသော အခါကာလ၌ မြတ်စွာဘုရားက “ဝိတက္ကော ခေါ ဒေဝါနမိန္ဒ ပပဉ္စသညာသင်္ခါနိဒါနော” အစရှိသော ပါဠိတော်အစဉ်ဖြင့် မိန့်ဆိုပြန်ပါသည် အရှင်ဘုရား။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော အိုသိကြားမင်း....။ ဝိတက္ကော၊ ဝိနိစ္ဆယဟု ဆိုအပ်သော ဝိတက်သည်။ ပပဉ္စသညာသင်္ခါနိဒါနေ၊ တဏှာ, မာန, ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားအစုနှင့် ယှဉ်သော သညာအစုလျှင် အကြောင်းရင်းရှိပေ၏။ ပပဉ္စသညာသင်္ခါပဘဝေါ၊ ပပဉ္စတရားဟု ဆိုအပ်သော တဏှာ, မာန, ဒိဋ္ဌိများနှင့် ယှဉ်သော သညာအစုမှလျှင် အကြောင်းရင်းမူလပဘဝရှိပါ၏။ ပပဉ္စသညာသင်္ခါယ၊ ပပဉ္စသညာ သင်္ခါတရားသည်။ ဝါ၊ ပပဉ္စတရားနှင့် ယှဉ်သော သညာအစု၏ ဖြစ်ခြင်းသည်။ သတိ၊ ရှိလတ်သော်။ ဝိတက္ကော၊ ဝိတက်တည်။ ဟောတိ၊ ဖြစ်တတ်ပါ၏။ ပပဉ္စသညာသင်္ခါယ၊ တဏှာ,မာန,ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားနှင့် ယှဉ်သော သညာအစုအဝေးသည်။ အသတိ၊ မရှိလတ်သော်။ ဝိတက္ကော၊ ဝိတက်သည်။ နဟောတိ၊ မဖြစ်။

ဤသို့အားဖြင့် မြတ်စွာဘုရားက သိကြားမင်းအား ဝိတက်သည် ပပဉ္စသညာသင်္ခါနိဒါန်း-ရှိသည်ဟု မိန့်ပါသည်ဘုရား။

သံသရာခွါသမား သုံးဦး

ထိုကဲ့သို့ မိန့်အပ်သော ပါဋိတော် အစဉ်၌ ပပဉ္စသညာသင်္ခါနိဒါနော-ဟူသော ပါဋိတော်၏ အဓိပ္ပါယ်ကို အကျယ်ပြောပြလိုသော အဋ္ဌကထာဆရာသည် "တယော ပပဉ္စာ တဏှာပပဉ္စော မာနပပဉ္စော ဒိဋ္ဌိပပဉ္စောတိ။ ပပဉ္စော၊ ပပဉ္စတရားတို့သည်။ တဏှာပပဉ္စော၊ တဏှာပပဉ္စတရားငင်း။ မာနပပဉ္စော၊ မာနပပဉ္စတရားငင်း။ ဒိဋ္ဌိပပဉ္စော၊ ဒိဋ္ဌိပပဉ္စတရားငင်း။ ဣတိ၊ ဤသို။ ပပဉ္စော၊ သံသရာအကျယ်ခွါတတ်ကုန်သော တရားတို့သည်။ တယော၊ သုံးမျိုးသုံးစား သုံးပါးတို့ ဖြစ်ကြလေကုန်၏။ တတ္ထ၊ ထိုသုံးပါးတို့တွင်။ အဋ္ဌသတတဏှာ-ဝိစရိတံ၊ တရာ့ရှစ်ပါးသော တဏှာ၏ ကျက်စားရာဖြစ်သော အာရုံသည်။ တဏှာပပဉ္စောနာမ၊ တဏှာပပဉ္စမည်၏။ နဝဝိဓော၊ ကိုးပါးအပြားရှိသော။ မာနော၊ မာနသည်။ မာနပပဉ္စောနာမ၊ မာနပပဉ္စမည်၏။ ဒ္ဝါသဋ္ဌိဒိဋ္ဌိယော၊ ခြောက်ဆယ့်နှစ်ပါးသော ဒိဋ္ဌိတို့သည်။ ဒိဋ္ဌိပပဉ္စောနာမ၊ ဒိဋ္ဌိပပဉ္စမည်၏။ တေသု၊ ထိုသုံးပါးသော ပပဉ္စတရားတို့တွင်။ ဣဓ၊ ဤနေရာ၌။ တဏှာပပဉ္စော၊ တဏှာတည်းဟူသော သံသရာနယ်ခွါသမားကို။ အဓိပ္ပေတော၊ အလို ရှိအပ်၏။ ကေနဋ္ဌေန၊ အဘယ်သို့သော အနက်ကြောင့်။ ပပဉ္စော၊ သံသရာ

ခဲ့ျသမားးမည်သနည်း? မတ္တာပမတ္တာကာရပါပနဋ္ဌေန၊ မေ့လျော့ခြင်း အပြား အားဖြင့် မေ့လျော့ခြင်း ဒုဗြင်းဒုရာသို့ ရောက်စေတတ်သော အနက်သဘော ကြောင့်။ ပပဉ္စော၊ သံသရာခဲ့ျသမား မည်ပါ၏။ တံသမ္မယုတ္တာ၊ ထိုနှင့်ယှဉ်သော။ သညာ၊ သညာတရားသည်။ ပပဉ္စသညာ၊ ပပဉ္စသညာ မည်ပါ၏။ ကောဋ္ဌာသော၊ အဘို့အစုကို။ သဒ်ါ၊ သဒ်ါဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ပပဉ္စ-သဒ်ါပပဉ္စတရားအစုတို့သည်။ သညာနိဒါနာ၊ သညာလျှင် အကြောင်းရင်းခံရှိကြကုန်၏။ ဣတိအာဒီသုဝိယ၊ ဤသို့ အစရှိကုန်သော ပါဠိတော်တို့ဥ်ကဲ့သို့ တည်း။

ဤသို့ တဏှာ,မာန,ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားနှင့်ယှဉ်သော သညာ အစုအဝေးလျှင် အကြောင်းရင်းရှိသည်ဟု ဝိတက်တရားကို ပပဉ္စသညာ ကောဋ္ဌာသာ နိဒါနောတိ ဝိတက္ကောတိ အတ္ထော-ဟု ဤကဲ့သို့သော အနက် အဓိပ္ပါယ်ကို ယူရမည်ဟူ၍ အဋ္ဌကထာဆရာ မိန့်ကြားတော် မူပြန်ပါသည် အရှင်ဘုရား။

အကျင့်ကို မေးလျှောက်ခြင်း

ဤကဲ့သို့ မိန့်ကြားသည်၏အဆုံးဥ် သိကြားမင်းက မြတ်စွာဘုရားအား-

ကထံ ပဋိပန္နော ပန မာရိသ ဘိက္ခု ပပဉ္စသညာသဒ်ါနိရောဓသာရုပ္ပ-ဂါမိနိ ံ ပဋိပဒံ ပဋိပန္နော ဟောတီတိ။

အဘယ်ကဲ့သို့သော အကျင့်တရားတို့ကို ကျင့်သုံး၍ နေတဲ့ ရဟန်းသည် ထိုတဏှာ မာန ဒိဋ္ဌိဟုဆိုအပ်သော ပပဉ္စတရားတို့နှင့်ယှဉ်သော သညာအစု အဝေး၏ ချုပ်ငြိမ်းရာနိဗ္ဗာန်နှင့် လျော်သော နိဗ္ဗာန်သို့ရောက်ကြောင်းဖြစ်သော အကျင့်ကို ကျင့်သုံးသည် မည်ပါသနည်းဟု သိကြားမင်းက မြတ်စွာဘုရားအား ထပ်မံ၍ လျှောက်ထားမေးမြန်းပြန်ပါသည် အရှင်ဘုရား။

ဤကဲ့သို့ မေးမြန်းအပ်သော အမေးပုစ္ဆာစကားရပ်ဥ် ပပဉ္စသညာသဒ်ါနိ-ရောဓသာရုပ္ပဂါမိနိ ံ-ဟူသော ပုဒ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌ-ကထာဆရာက——

ပပဉ္စသညာသဒ်ါနိရောဓသာရုပ္ပဂါမိနိန္တိ၊ ပပဉ္စသညာသဒ်ါနိရောဓ-ဂါမိနိ ံ-ဟူသည်ကား။ဤဆိုအပ်ခဲ့ပြီးသော ပပဉ္စတရားအပေါင်းနှင့် ယှဉ်သော

သညာအစုအဝေး၏ အကြင်ချုပ်ငြိမ်းရာဖြစ်သော နိဗ္ဗာန်,အကြင်အေးငြိမ်းရာဖြစ်သောနိဗ္ဗာန်သည် ရှိ၏၊ ထိုနိဗ္ဗာန်အား လျောက်ပတ်သည်လည်းဖြစ်သော ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းလည်းဖြစ်သော ဝိပဿနာနှင့်တကွ မဂ်တရားကို မေးသည်ဟု အဋ္ဌကထာဆရာ မိန့်ဆိုအပ်ပါသည် အရှင်ဘုရား။

ဝေဒနာ ကမ္မဋ္ဌာန်း

တဏှာ မာန ဒိဋ္ဌိဟုဆိုအပ်သော ပပဉ္စတရားအစုနှင့်ယှဉ်သော သညာတရားအစုအဝေး၏ ချုပ်ငြိမ်းရာနိဗ္ဗာန်နှင့်လျော်သော ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော အကျင့်တရားကို သိကြားမင်းက မြတ်စွာဘုရားကို မေးမြန်းသောအခါ မြတ်စွာဘုရားက သိကြားမင်းအား——

သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။ ဒေါမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။ ဥပေက္ခံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း....။ သေဝိတဗ္ဗံပိ၊ မှီဝဲအပ်သည်လည်း ဖြစ်သော။ အသေဝိတဗ္ဗံပိ၊ မမှီဝဲအပ်သည်လည်းဖြစ်သော။ သောမနဿံ၊ သောမနဿဝေဒနာကို။ ဒုဝိဓေန၊ နှစ်ပါးသောအဘို့အားဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဒေါမနဿံ၊ နတ်တို့ကိုအစိုးရသော သိကြားမင်း....။ သေဝိတဗ္ဗံပိ၊ မှီဝဲအပ်သည်လည်းဖြစ်သော။ အသေဝိတဗ္ဗံပိ၊ မမှီဝဲအပ်သည်လည်းဖြစ်သော။ ဒေါမနဿံ၊ ဒေါမနဿဝေဒနာကို။ ဒုဝိဓေန၊ နှစ်ပါးသော အဘို့အားဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဥပေက္ခံပါဟံ ဒေဝါနမိန္ဒ၊ နတ်တို့ကိုအစိုးရသော အိုသိကြားမင်း....။ သေဝိတဗ္ဗံပိ၊ မှီဝဲအပ်သည်လည်းဖြစ်သော။ အသေဝိတဗ္ဗံပိ၊မမှီဝဲအပ်သည်လည်းဖြစ်သော။ ဥပေက္ခံပိ၊ ဥပေက္ခာဝေဒနာကိုလည်း။ ဒုဝိဓေန၊ နှစ်ပါးသောအဘို့အားဖြင့်။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောကြားတော်မူ၏။

ဤသို့လျှင် သိကြားမင်းအား ဝေဒနာသုံးပါးတရားကို မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ထို့ဝေဒနာကမ္မဋ္ဌာန်းကို ဟောကြားတော်မူရာ၌ သောမနဿံပါဟံ ဟူသော ပါဠိတော်ပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာက-အထဿ ဘဂဝါ သောမနဿံ ပါဟန္တိ တိသော ဝေဒနာ အာရဗ်ဘိ-အစရှိသည်ဖြင့် ဖွင့်ပြမိန့်ဆိုပါသည်ဘုရား။

အထ၊ ထိုအခါ၌။ အဿ၊ ထိုသိကြားမင်းအား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သောမနဿံပါဟန္တိ၊ သောမနဿံပါဟံ-ဟူ၍။ တိသော၊ သုံးပါးကုန်သော။ ဝေဒနာ၊ ဝေဒနာတို့ကို။ အာရဗ်ဘိ၊ အားထုတ်တော်မူပြီ။

ထိုမှ နောက်၌ အမေးပုစ္ဆာ စောဒနာအဖြေ ပရိဟာရနှင့်တကွ ဖွင့်ပြတော်မူပြန်လိုသော ကြောင့် အဋ္ဌကထာဆရာအရှင်မြတ်က—

ကိံ ပန ဘဂဝတာ ပုစ္ဆိဘံ ကထိတံ အပုစ္ဆိတံ၊ သာနုသန္ဓိကံ အနနုသန္ဓိကန္တိ။

ပန၊ အမေးစကားကို ဆိုဦးအံ့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပုစ္ဆိတံ၊ မေးမြန်းအပ်သည်ကို။ ကထိတံကိံ၊ ဟောကြားအပ်ပါသလော။ အပုစ္ဆိတံ၊ မမေးမြန်းအပ်သည်ကို၊ ကထိတံကိံ၊ ဟောကြားအပ်ပါသလော။ သာနုသန္ဓိကံ၊ အနုသန္ဓေနှင့်တကွဖြစ်သည်ကို။ ကထိတံကိံ၊ ဟောကြားအပ်ပါသလော။ အနနုသန္ဓိကံ၊ အနုသန္ဓေစကား အဆက်အစပ်မရှိသည်ကို။ ကထိတံကိံ၊ ဟောကြားအပ်ပါသလော။

ပုစ္ဆိတမေဝ ကထိတံ နော အပုစ္ဆိတံ။ သာနုသန္ဓိကမေဝ နော အနနုသန္ဓိကံ။

ပုစ္ဆိတမေဝ၊ မေးမြန်းအပ်သည်ကိုသာလျှင်။ ကထိတံ၊ ဟောကြားအပ်ပါ၏။ အပုစ္ဆိတံ၊ မမေးမြန်းအပ်သည်ကို။ နောကထိတံ၊ မဟောကြားအပ်ပါ။ သာနုသန္ဓိကမေဝ၊ အနုသန္ဓေဟုဆိုအပ်သော စကား အဆက်အစပ် ရှိသည်ကိုသာလျှင်။ ကထိတံ၊ ဟောကြားတော်မူအပ်၏။ အနနုသန္ဓိကံ၊ စကား အဆက်အစပ် အနုသန္ဓေမရှိသည်ကို။ နောကထိတံ၊ ဟောကြားတော်မမူအပ်။

နာမ်တရားက ပို၍ထင်ရှား၏

မှန်၏။ နတ်တို့အား ရုပ်တရားထက် နာမ်တရားသည် သာလွန်၍ ထင်ရှားပါ၏၊ ထိုနာမ်တရား၌လည်း ဝေဒနာတရားသည် သာလွန်၍

အထူးသဖြင့် ထင်ရှားပါ၏၊ အဘယ့်ကြောင့်နည်း၊ ဆက်၍ဆိုဦးအံ့၊ နတ်တို့၏ ကရဇကာယသည် နူးညံ့သိမ်မွေ့လှစွာ၏၊ နတ်တို့၏ ကမ္မဇတေဇော သည် အားကောင်းလှစွာ၏၊ ကရဇကာယနူးညံ့သည်၏ အဖြစ်ကြောင့်၎င်း ကမ္မဇတေဇော၏အားကောင်းသည်၏ အဖြစ်ကြောင့်၎င်း တခုသော အစာ အာဟာရစားခြင်းကိုလည်း လွန်၍ နတ်တို့သည် မတည်နိုင်ကြပါကုန်၊ လောလောပူသော ကျောက်ဖျာထက်၌ တင်ထားအပ်သော ထောပတ်ခဲကဲ့သို့ နတ်တို့သည် အစာအာဟာရ ချိန်ကိုလွန်က ကြမ္ဘပျက်စီး၍ စုတိစိတ်ကျကြရပါကုန်သည်ဟု အဋ္ဌကထာဆရာမိန့်ပြပါသည်၊ အလုံးစုံသော စကားရပ်ကို **ဖြဟ္မဇာလသုတ်၌** ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် သိအပ်ပါ၏။

ထို့ကြောင့် မြတ်စွာဘုရားသည် သိကြားမင်းအား သုံးပါးသောဝေဒနာတို့ကို အားထုတ်တော်မူပါသည်။

ကမ္မဋ္ဌာန်း နှစ်မျိုး

ထိုမှနောက်၌ ဒုဝိဓဉ္စိ ကမ္မဋ္ဌာနံ ရူပကမ္မဋ္ဌာနံ အရူပကမ္မဋ္ဌာနဉ္စ၊ ရူပပရိဂ္ဂဟော အရူပပရိဂ္ဂဟောတိပိ စတဒေဝ ဝုစ္စတိ-အစရှိသည်ဖြင့် အဋ္ဌကထာဆရာအကျယ်အားဖြင့် မိန့်ပြပြန်ပါသည် အရှင်ဘုရား။

ဟိ၊ ခဲ့၍ ဆိုဦးအံ့။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတရားသည်။ ရူပကမ္မဋ္ဌာနံ၊ ရုပ်ကမ္မဋ္ဌာန်းတရားငင်း။ အရူပကမ္မဋ္ဌာနဉ္စ၊ နာမ်ကမ္မဋ္ဌာန်းတရားငင်း။ ဣတိ၊ ဤသို့။ ဒုဝိဓံ၊ နှစ်ပါး အပြားရှိ၏။ ရူပပရိဂ္ဂဟော။ ရုပ်ကိုသိမ်းဆည်း၍ အားထုတ်ခြင်းငင်း။ အရူပပရိဂ္ဂဟော၊ နာမ်ကိုသိမ်းဆည်း၍ အားထုတ်ခြင်းငင်း။ ဣတိပိ၊ ဤသို့လည်း။ စတဒေဝ၊ ထိုရုပ်နာမ် ကမ္မဋ္ဌာန်းကိုသာလျှင်။ ဝုစ္စတိ၊ ဆိုအပ်၏။

ထိုနှစ်ပါးသော ရုပ်ကမ္မဋ္ဌာန်း, နာမ်ကမ္မဋ္ဌာန်းတို့တွင် မြတ်စွာဘုရားသည် အကြင်ပုဂ္ဂိုလ်အား ရုပ်သည်ထင်ရှား၏၊ ထိုပုဂ္ဂိုလ်အား အကျဉ်းနှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်၎င်း အကျယ်နှလုံးသွင်းခြင်း၏ အစွမ်းအားဖြင့်၎င်း ဓာတ်လေးပါးဖြင့် ပိုင်းခြားမှတ်သားခြင်းကို အကျယ်ခဲ့လျက် ရုပ်ကမ္မဋ္ဌာန်းကို ဟောကြားတော်မူပါသည်။

အကြင်ပုဂ္ဂိုလ်အား နာမ်တရားသည် ထင်ရှား၏၊ ထိုပုဂ္ဂိုလ်အား နာမ်ကမ္မဋ္ဌာန်းတရားကို ဟောကြားတော်မူပါသည်၊ ဟောကြားတော်မူသော

အခါ၌လည်း ထို ရုပ်နာမ် ကမ္မဋ္ဌာန်း၏ ဝတ္ထုမှီရာဖြစ်၍ ဖြစ်သောရုပ်ကမ္မဋ္ဌာန်း ကို ပြပြီး၍ ဟောကြားတော်မူပါသည်၊ အထူးအားဖြင့် နတ်တို့အား နာမ် ကမ္မဋ္ဌာန်းသည် ထင်ရှားပါ၏၊ ထို့ကြောင့် နာမ်ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့် ဝေဒနာတရားသုံးပါးတို့ကို အားထုတ်တော်မူပါသည်။

နာမ်ကမ္မဋ္ဌာန်း နှလုံးသွင်းပုံ သုံးမျိုး

ထိုမှနောက်၌ တိဝိဓောဟိ အရူပကမ္မဋ္ဌာနေ အဘိနိဝေသော-အစရှိ သောအားဖြင့် အဌကထာဆရာ မိန့်ပြပြန်ပါသည်အရှင်ဘုရား။

ဟိ၊ခဲ့၍ ဆိုဦးအံ့။အရူပကမ္မဋ္ဌာနေ၊ နာမ်ကမ္မဋ္ဌာန်း၌။ အဘိနိဝေသော၊ နှလုံးသွင်းခြင်းသည်။ ဖဿဝသေန၊ ဖဿ၏အစွမ်းအားဖြင့်ရင်း။ ဝေဒနာ ဝသေန၊ ဝေဒနာ၏အစွမ်းအားဖြင့်ရင်း။ စိတ္တဝသေန၊ စိတ်၏အစွမ်းအားဖြင့် ရင်း။ တိဝိဓော၊ သုံးပါးအပြားရှိ၏။ ကထံ၊ အဘယ်ကဲ့သို့နည်း။ ဧကစ္စဿ၊ အချိုသောပုဂ္ဂိုလ်အား။ သံခိတ္တေနဝါ၊ အကျဉ်းအားဖြင့်ရင်း။ ဝိတ္ထာရေနဝါ၊ အကျယ်အားဖြင့်ရင်း။ ရူပကမ္မဋ္ဌာနေ၊ ရုပ်ကမ္မဋ္ဌာန်းကို။ ပရိဂ္ဂဟိတေ၊ သိမ်းဆည်းအပ်သည်ရှိသော်။ တသ္မိံ အာရမ္မဏေ၊ ထိုအာရုံ၌။ စိတ္တစေတသိ ကာနံ၊စိတ်စေတသိက်တရားတို့တွင်။ပဌမာဘိနိပါတော၊ရှေးဦးစွာကျရောက်၍ လာသော။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ ဖုသန္တော၊ တွေ့ထိလျက်။ ဥပ္ပဇ္ဇမာနော၊ ဖြစ်သော။ ဖဿော၊ ဖဿတရားသည်။ ပါကဋော၊ ထင်ရှား သည်။ ဟောတိ၊ ဖြစ်၏။ ဧကစ္စဿ၊ အချိုသော ပုဂ္ဂိုလ်အား။ တံ အာရမ္မဏံ၊ ထိုအာရုံကို။ အနုဘဝန္တီ၊ ခံစားလျက်။ ဥပ္ပဇ္ဇမာနာ၊ ဖြစ်သော။ ဝေဒနာ၊ ဝေဒနာတရားသည်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဧကစ္စဿ၊ အချိုသော ပုဂ္ဂိုလ်အား။တံအာရမ္မဏံ၊ ထိုအာရုံကို။ ပရိဂ္ဂဟေတွာ၊ သိမ်းဆည်း၍။ တံ၊ ထိုအာရုံကို။ ဝိဇာနန္တံ၊ သိလျက်။ ဥပ္ပဇ္ဇမာနံ၊ ဖြစ်သော။ ဝိညာဏံ၊ ဝိညာဉ်တရားသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ဖြစ်၏။

ဖဿပဉ္စမက တရားတွေ ဖြစ်ကြပုံ

တတ္ထ၊ ထိုသုံးမျိုးတို့တွင်။ ဝါ၊ ဖဿ ဝေဒနာ ဝိညာဉ်ဟုဆိုအပ်သော တရားသုံးပါးတို့တွင်။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဖဿော၊ ဖဿသည်။ ပါကဋော၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။

ကေဝလံ၊ သက်သက်၊ ဖဿောဝ၊ ဖဿတရားသည်သာလျှင်။ နဥပ္ပဇ္ဇတိ၊ ဖြစ်သည်မဟုတ်။ တေန၊ ထိုဖဿနှင့်။ သဒ္ဓိံ၊ တက္ဒ။ တဒေဝ အာရမ္မဏံ၊ ထိုအာရုံကိုသာလျှင်။ အနုဘဝမာနာ၊ ခံစားလျက်။ ဝေဒနာပိ၊ ဝေဒနာတရားသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဥ္ဇာနမာနာ၊ အမှတ်ပြု၍ သိတတ်သော။ သညာပိ၊ သညာတရားသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ တိုက်တွန်းနှိုးဆော်တတ်သော။ စေတနာပိ၊ စေတနာတရားသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိဇာနမာနံ၊ အာရုံကို သိတတ်သော။ ဝိညာဏမ္ပိ၊ ဝိညာဉ်သည်လည်း၊ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဖဿပဥ္ဇမကေယေဝ၊ ဖဿလျှင် ငါးခုမြောက်သော တရားအစုတို့ကိုသာလျှင်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းနိုင်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝေဒနာ၊ ဝေဒနာတရားသည်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ကေဝလံ၊ သက်သက်၊ ဝေဒနာဝ၊ ဝေဒနာသည်သာလျှင်။ နဥပ္ပဇ္ဇတိ။ ဖြစ်သည်မဟုတ်။ တာယ၊ ထိုဝေဒနာနှင့်။ သဒ္ဓိံ၊ တက္ဒ။ တဒေဝအာရမ္မဏံ၊ ထိုအာရုံကိုသာလျှင်။ ဖုသမာနော၊ တွေ့ထိသော။ ဖဿောပိ၊ ဖဿတရားသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဥ္ဇာနမာနာ၊ အမှတ်ပြု၍ သိတတ်သော။ သညာပိ၊ သညာသည်လည်း။ဥပ္ပဇ္ဇတိ၊ ဖြစ်၏။စေတယမာနာ၊ တိုက်တွန်းနှိုးဆော်တတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဝိဇာနမာနံ၊ အာရုံကို သိတတ်သော။ ဝိညာဏမ္ပိ၊ ဝိညာဉ်သည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဖဿပဥ္ဇမကေယေဝ၊ ဖဿလျှင် ငါးခုမြောက်ဖြစ်သော တရားအပေါင်းတို့ကိုသာလျှင်။ ပရိဂ္ဂဏှာတိ၊ သိမ်းဆည်းနိုင်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဝိညာဏံ၊ ဝိညာဉ်သည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သောပိ၊ ထိုပုဂ္ဂိုလ်သည်လည်း။ ကေဝလံ၊ သက်သက်။ ဝိညာဏမေဝ၊ ဝိညာဉ်သည်သာလျှင်။ နဥပ္ပဇ္ဇတိ၊ ဖြစ်သည်မဟုတ်။ တေန၊ ထိုဝိညာဉ်နှင့်။ သဒ္ဓိံ၊ တက္ဒ။ တဒေဝါရမ္မဏံ၊ ထိုအာရုံကိုသာလျှင်။ဖုသမာနော၊ တွေ့ထိသော။ ဖဿောပိ၊ ဖဿသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ အနုဘဝမာနာ၊ ခံစားတတ်သော။ ဝေဒနာပိ၊ ဝေဒနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ သဥ္ဇာနမာနာ၊ အမှတ်ပြု၍ သိတတ်သော။ သညာပိ၊ သညာတရားသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ စေတယမာနာ၊ တိုက်တွန်းနှိုးဆော်တတ်သော။ စေတနာပိ၊ စေတနာသည်လည်း။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဣတိ၊

ဤသိ။ ဖဿပဉ္စမကယော၀၊ ဖဿလျှင် ငါးခုမြောက်ရှိသော တရားအစုတို့ကို သာလျှင်။ ပရိဂ္ဂဟဿာတိ၊ သိမ်းဆည်းနိုင်၏။

ဖဿပဉ္စမက၏ မှီရာ

သော၊ ထိုပုဂ္ဂိုလ်သည်။ ဖဿပဉ္စမကာ၊ ဖဿလျှင် ငါးခုမြောက် ဖြစ်ကုန်သော။ ဣမေဓမ္မာ၊ ဤတရားတို့သည်။ ကိံနိဿိတာ၊ အဘယ်ကိုမှီ၍ ဖြစ်ကြကုန်သနည်း? ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စူးစမ်းဆင်ခြင်လတ်သည် ရှိသော်။ ၀တ္ထုနိဿိတာ၊ ၀တ္ထုကိုမှီ၍ ဖြစ်ကြကုန်၏။ ဣတိ၊ ဤသို့။ ပဇာနာတိ၊ အပြားအားဖြင့် သိလေတော့၏။ ၀တ္ထုနာမ၊ မှီရာ၀တ္ထုမည်သည်ကား။ ကရဇကာယော၊ ကရဇကာယဟုဆိုအပ်တည်း။ ယံ၊ အကြင်ကရဇကာယကို။ သန္ဓာယ၊ ရည်ရွယ်မှန်းထား၍။ ဣဒဉ္ဉ ပန မေ ဝိညာဏံ၊ ဧတ္ထ သိတံ ဧတ္ထ ပဋိဗဒ္ဓန္တိ၊ ဣဒဉ္ဉ ပန မေ ဝိညာဏံ ဧတ္ထ သိတံ ဧတ္ထပဋိဗဒ္ဓံ-ဟူ၍။ ဝုတ္တံ၊ ဟော တော်မူအပ်၏။ မေ၊ ငါ၏။ ဣဒဉ္ဉဝိညာဏံ၊ ဤဝိညာဉ်တရားသည်လည်း။ ဧတ္ထ၊ ဤမှီရာ၀တ္ထု၌။ သိတံ၊ မှီ၏။ ဧတ္ထ၊ ဤမှီရာ၀တ္ထု၌။ ပဋိဗဒ္ဓံ၊ စပ်၍နေ၏။

ထိုပုဂ္ဂိုလ်သည် အနက်အားဖြင့် မဟာဘုတ်လေးပါးတို့ကိုလည်း မှီရာဖြစ်သော ဥပါဒါရုပ်တို့ကိုလည်း အပြားအားဖြင့် ပိုင်းခြား၍ သိနိုင်ပါ၏၊ ဤနေရာ၌ ရုပ်တရားသည် မှီရာ၀တ္ထု, ဖဿလျှင် ငါးခုမြောက်ဖြစ်သော တရားတို့သည် နာမ်တရား။ ဤကဲ့သို့ နာမ်ရုပ်တရားနှစ်ပါးတို့ကို ပိုင်းခြား၍ မြင်နိုင်ပါသည်။

ထိုနာမ်ရုပ်တရားနှစ်ပါးတို့တွင်လည်း ရုပ်သည် ရူပက္ခန္ဓာ၊ နာမ်သည် ဝေဒနာက္ခန္ဓာ, သညက္ခန္ဓာ, သင်္ခါရက္ခန္ဓာ, ဝိညာဏက္ခန္ဓာ၊နာမ်ခန္ဓာလေးပါးတိတည်းဟူ၍ ခန္ဓာငါးပါးမျှသာလျှင် ဖြစ်၏။ မှန်၏၊ နာမ်ရုပ်တရားနှစ်ပါးမှ လွတ်ကုန်သော ခန္ဓာငါးပါးတို့မည်သည်၊ ခန္ဓာငါးပါးမှ လွတ်သော နာမ်ရုပ်တရားမည်သည် မရှိ။

အကြောင်းအကျိုးအားဖြင့် ရှုလျှင်

ထိုကမ္မဋ္ဌယာနိက ရုပ်နာမ်တရား နှစ်ပါးကို အားထုတ်သော ပုဂ္ဂိုလ်သည်—

ဣမေ ပဉ္စက္ခန္ဓာ ကိံ ဟေတုကာတိ ဥပပရိက္ခန္တော အဝိဇ္ဇာဒိဟေတုကာတိ ပဿတိ။

ဣမေ ပဥ္စက္ခန္ဓာ၊ ဤခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည်။ကိုံဟေတုကာ၊ အဘယ်လျှင် အကြောင်းရှိကြပါကုန်သနည်း။ ဣတိ၊ ဤသို့။ ဥပပရိက္ခန္တော၊ စူးစမ်းဆင်ခြင်လတ်သည်ရှိသော်။ အဝိဇ္ဇာဒိဟေတုကာ၊ အဝိဇ္ဇာအစရှိသော အကြောင်းရှိကြကုန်၏။ ဣတိ၊ ဤသို့။ပဿတိ၊ မြင်၏။တတော၊ ထို့နောင်မှ။ ပစ္စယောစေဝ၊ ပစ္စည်းတရားသည်ဝင်း။ ဣဒံပစ္စယုပ္ပန္နဥ၊ အကြောင်းခံ၍ အကျိုးတရား အနေနှင့် ဖြစ်ပေါ်လာသော ပစ္စယုပ္ပန်တရားသည်ဝင်း။ အတ္ထိ၊ ရှိ၏။ အညော၊ တပါးသော။ သတ္တော ဝါ၊ သတ္တဝါသည်ဝင်း။ ပုဂ္ဂလော ဝါ၊ ပုဂ္ဂိုလ်သည်ဝင်း။ နတ္ထိ၊ မရှိ။ သုဒ္ဓသင်္ခါရပုဥ္ဇမတ္တမေဝ၊ သက်သက်သော သင်္ခါရတရား အစုအဝေးမျှသာလျှင်တည်း။ ဣတိ၊ ဤသို့။ သပစ္စယနာမ-ရူပဝသေန၊ အကြောင်းနှင့်တကွဖြစ်သော နာမ်ရုပ်၏ အစွမ်းအားဖြင့်။ တိလက္ခဏံ၊ သုံးပါးသောလက္ခဏာသို့။ အာရောပေတွာ၊ တင်၍။ ဝိပဿနာ-ပဋိပါဋိယာ၊ ဝိပဿနာအစဉ်အားဖြင့်။ အနိစ္စံ ဒုက္ခံ အနတ္တာတိ၊ အမြဲမရှိ, ဆင်းရဲ၏, အတ္တမဟုတ်ဟု။ သမ္မသန္တော၊ သုံးသပ်လျက်။ ဝိစရတိ၊ လှည့်လည် သွားလာလျက် နေ၏။

တထိုင်တည်းဖြင့် အရဟတ္တဖိုလ်သို့

သော၊ ထိုကမ္မဋ္ဌယာနိကပုဂ္ဂိုလ်သည်။ အဇ္ဇ၊ ယနေ့။ အဇ္ဇ၊ ယနေ့။ ဣတိ၊ ဤသို့။ ပဋိဝေဓံ၊ တရားကို ထိုးထွင်း၍ သိခြင်းဟု ဆိုအပ်သော ပဋိဝေဓကို။ အာကင်္ခမာနော၊ လိုချင်တောင့်တလျက်။ တထာရူပေ၊ ထိုသို့ပဋိဝေဓကို ရအံ့သော သဘောရှိသော။ ဒိဝသေ၊ နေ့၌။ ဥတုသပ္ပါယံ၊ ဥတု၏ လျောက်ပတ်ခြင်းကိုဝင်း။ ပုဂ္ဂလသပ္ပါယံ၊ ပုဂ္ဂိုလ်၏ လျောက်ပတ်ခြင်းကိုဝင်း။ ဘောဇနသပ္ပါယံ၊ အစာအာဟာရ ဘောဇဉ်၏ လျောက်ပတ်ခြင်းကိုဝင်း။ ဓမ္မဿဝနသပ္ပါယံ ဝါ၊ တရားနာရခြင်း၏ လျောက်ပတ်ခြင်းကိုဝင်း။ လဘိတွာ၊ ရ၍။ ဧကပလ္လင်္ကေန၊ တထိုင်တည်း တထက်ဝယ်တည်းဖြင့်သာလျှင်။ နိသိန္နောဝ၊ ထိုင်နေလျက်သာလျှင်။ ဝိပဿနံ၊ ဝိပဿနာတရားကို။ မတ္ထကံ၊ အထွတ်အထိပ်သို့။ ပါပေတွာ၊ ရောက်စေ၍။ အရဟတ္တေ၊ အရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်၏။ ဧဝံ၊ ဤသို့။ တိဏ္ဏံ၊ သုံးယောက်ကုန်သော။ ဣမေသမ္ပိ ဇနာနံ၊ ဤကမ္မဋ္ဌာန်းအားထုတ်ကုန်သော ပုဂ္ဂိုလ်တို့တွင်လည်း။ ယာဝ-အရဟတ္တာ၊ အရဟတ္တဖိုလ်တိုင်အောင်။ ကမ္မဋ္ဌာနံ၊ ကမ္မဋ္ဌာန်းတရားကို။ ကထိတံ၊ ဟောကြားအပ်သည်။ ဟောတိ၊ ဖြစ်၏။

ဝေဒနာထင်ရှား၍ ဟောသည်

ဣဓပန၊ ဤနေရာ၌ကား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အရူပကမ္မ-ဌာနံ၊ နာမ်ကမ္မဌာန်းကို။ ကထေန္တော၊ ဟောကြားတော်မူသည်ရှိသော်။ ဝေဒနာသီသေန၊ ဝေဒနာကို အဦးမူသဖြင့်။ ကထေသိ၊ ဟောကြားတော်မူ၏။

မှန်၏။ ဖဿ၏အစွမ်းအားဖြင့်ရင်း ဝိညာဉ်၏အစွမ်းအားဖြင့်ရင်း ဟောကြားအပ်သည်ရှိသော် ဤသိကြားမင်းအား ထိုကမ္မဌာန်းသည် ထင်ရှားမည်မဟုတ်၊ အမိုက်တိုက်ကဲ့သို့ ဖြစ်ပေလိမ့်မည်၊ သို့ရာတွင် ဝေဒနာ၏ အစွမ်းအားဖြင့် ဟောကြားရမူကား သိကြားမင်းအား ကမ္မဌာန်းတရားသည် ထင်ရှား၏၊ ဝေဒနာ တရားတို့၏ ဖြစ်ခြင်း၏ ထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။ မှန်၏၊ ချမ်းသာ ဆင်းရဲကို ခံစားခြင်းဟု ဆိုအပ်သော ဝေဒနာတရားတို့၏ ဖြစ်ခြင်းသည် ထင်ရှား၏၊ အကြင်အခါ၌ ချမ်းသာခြင်းဟု ဆိုအပ်သော သုခဝေဒနာသည် ဖြစ်၏၊ ခန္ဓာကိုယ်တကိုယ်လုံးကို ချောက်ချားစေလျက် နှိပ်နယ်လျက် ပြန့်နှံ့စေလျက် စီးဆင်းစေလျက် အကြိမ်တရာ ချက်အပ်သော ထောပတ်ကို စားလိုက်ဘိသကဲ့သို့ အကြိမ်တရာ ချက်အပ်သောဆီကို လူးနယ်လိုက်ဘိသကဲ့သို့ ထောပတ်အိုး တထောင်ဖြင့် ပူလောင်၍ နေခြင်းကို ငြိမ်းစေဘိသကဲ့သို့—

အဟောသုခံ အဟောသုခန္တိ ဝါစံ နိစ္ဆာရယမာနဝသေန ဥပ္ပဇ္ဇတိ။

အဟောသုခံ၊ ဩော်ချမ်းသာလေစွ၊ အဟောသုခံ၊ ဩော်ချမ်းသာလေစွ။ဣတိ၊ ဤသို့။ဝါစံ၊စကားကို။နိစ္ဆာရယမာနဝသေန၊ ကျူးရင့်မြွက်ဆိုလျက်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေဘော့၏။ ယဒါ၊ အကြင်အခါ၌။ ဒုက္ခံ၊ ဆင်းရဲတရားသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ သကလသရီရံ၊ တကိုယ်လုံးကို။ ခေါဘေန္တံ၊ ချောက်ချားစေလျက်။ မဒ္ဒန္တံ၊ နှိပ်နယ်လျက်။ ဖရမာနံ၊ ပြန့်နှံ့စေလျက်။ အဘိသန္ဒယမာနံ၊ စီးဆင်းစေလျက်။ တတ္တဖာလံ ပဝေသန္တံဝိယ၊ လောလောဆယ်ပူသော ပရင်းကို (ဝါ) သံတွေခဲကို သွင်းလိုက်ဘိသကဲ့သို့။ဝိလီနတမ္ဗလောဟေန၊ မှုန့်မှုန့်ညက်ညက် ကြေသော ကြေးနီရေဖြင့်။ အာသိဉ္စန္တံ ဝိယ၊ သွန်းလောင်းလိုက်ဘိသကဲ့သို့။ သုက္ခတိဏ-ဝနပ္ပတိမှိ၊ ချောက်သောမြက်ရှိသော တောစိုးသစ်ပင်ရှိသော။ အရညေ၊

တော၌၊ ဒါရုဥက္ကာကလာပံ၊ ထင်းမီးရှူးစည်းကို။ ခိပမာနံဝိယ၊ ပစ်လိုက်ဘိ သကဲ့သို့။

အဟောဒုက္ခံ အဟောဒုက္ခန္တိ ဝိပ္ပလာပယမာနမေဝ ဥပ္ပဇ္ဇတိ။

အဟောဒုက္ခံ၊ ဩော်ဆင်းရဲလေစ္ဆ။ အဟောဒုက္ခံ၊ ဩော်ဆင်းရဲလေစ္ဆ။ ဣတိ၊ ဤသို့။ ဝိပ္ပလာပယမာနမေဝ၊ မြည်တမ်းလျက်သာလျှင်။ ဥပ္ပဇ္ဇတိ၊ ဖြစ်လေတော့၏။ ဣတိ၊ ဤသို့။ သုခဒုက္ခဝေဒနာနံ၊ ချမ်းသာဆင်းရဲ ဝေဒနာ တရားတို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။

ဥပေက္ခာ ပြဘို့ခဲယဉ်း၏

အဒုက္ခမသုခါပန၊ ဒုက္ခသုခမဟုတ်သော ဥပေက္ခာတရားသည်ကား။ ဒုဒ္ဒီပနာ၊ ပြဘို့ရန်ခဲယဉ်းလှစ္ဆာ၏။ အန္ဓကာရေန၊ အမိုက်တိုက်ဖြင့်။ အဘိ-ဘူတာဝိယ၊ လွှမ်းမိုး၍ ထားအပ်သကဲ့သို့တည်း။ သာ၊ ထိုဥပေက္ခာဝေဒနာ သည်။ သုခဒုက္ခာနံ၊ သုခဒုက္ခတရားနှစ်ပါးတို့၏။ အပဂမေ၊ ကင်းသည်ရှိ သော်။ သာတာသာတပဋိကွေပဝသေန၊ သာယာဖွယ်, မသာယာဖွယ်၏ ဆန့် ကျင်ဘက်၏ အစွမ်းအားဖြင့်။ မဇ္ဈတ္တာကာရဘူတာ၊ အလယ်အလတ် အခြင်း အရာအားဖြင့် ဖြစ်၍ ဖြစ်သော။ အဒုက္ခမသုခါ၊ ချမ်းသာသည်လည်းမဟုတ် ဆင်းရဲသည်လည်း မဟုတ်သော။ ဝေဒနာ၊ ဝေဒနာတရားတည်း။ ဣတိ၊ ဤသို့။နယတော၊ နည်းအားဖြင့်။ ဂဏ္ဍန္တဿ၊ ယူသောပုဂ္ဂိုလ်အား။ ပါကဋာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ယထာကိံ၊ ဥပမာ အဘယ်ကဲ့သို့နည်း ဟူမူကား။ အန္တရာ၊ အကြား၌။ ပိဋ္ဌိပါသာဏံ၊ ကျောက်ဖျာအပြင်ကို။ အာရုဟိတ္ဝာ၊ တက်ရောက်၍ ။ ပလာတဿ၊ ပြေးသော၊ မိဂဿ၊ သမင်၏။ အနုပဒံ၊ ခြေရာအစဉ်ကို။ ဂစ္ဆန္တော၊ လိုက်သော။ မိဂလုဒ္ဒကော၊ သားမူဆိုး သည်။ ပိဋ္ဌိပါသာဏဿ၊ ကျောက်ဖျာအပြင်၏။ သြရဘာဂေပိ၊ ဤမှာ ဘက်၌ငင်း။ ပရဘာဂေပိ၊ ထိုမှာဘက်၌ငင်း။ ပဒံ၊ သမင်ခြေရာကို။ ဒိသ္ဝာ၊ တွေ့မြင်ရ၍ ။ မဇ္ဈေ၊ အလယ်၌။ အပဿန္တောပိ၊ သမင်ခြေရာကိုမတွေ့ ရငြား သော်လည်း။ ဣတော၊ ဤနေရာမှ။ အာရုဋ္ဌော၊ တက်ခဲ့၏။ ဣတော၊ ဤ နေရာမှ။သြရုဋ္ဌော၊ ဆင်းသက်ခဲ့၏။ မဇ္ဈေ၊ အလယ်ဖြစ်သော။ပိဋ္ဌိပါသာဏေ၊ ကျောက်ဖျာအပြင်၌။ဣမိနာ ပဒေသေန၊ ဤအရပ်ဖြင့်။ဂတော၊ သွားသည်။

ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဣတိ၊ ဤသို့။ နယဧတော၊ နည်းအားဖြင့်။ ဇာနာတိ ယထာ၊ သိလေသကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ နယတော၊ နည်းအား ဖြင့်။ ဇာနာတိ၊ သိလေ၏။ အာရဒ္ဓဋ္ဌာနေ၊ တက်ရောက်ရာအရပ်၌။ ပဒံဝိယ၊ ခြေရာကဲ့သို့။ သုခဝေဒနာယ၊ သုခဝေဒနာတရား၏။ ဥပပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ပါကဋ္ဌာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ သြရုဒ္ဓဋ္ဌာနေ၊ ဆင်းသက်ရာ အရပ်၌။ ပဒံဝိယ၊ ခြေရာကဲ့သို့။ ဒုက္ခဝေဒနာယ၊ ဒုက္ခဝေဒနာတရား၏။ ဥပပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ပါကဋ္ဌာ၊ ထင်ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဣတော၊ ဤနေရာမှ။ အာရုယှ၊ တက်၍။ ဣတော၊ ဤနေရာမှ။ သြရုယှ၊ ဆင်း၍။ မဇ္ဈေ၊ အလယ်၌။ ဧဝံ၊ ဤကဲ့သို့။ ဂတော၊ သွား၏။ ဣတိ၊ ဤသို့။နယတော၊ နည်းအားဖြင့်။ ဂဟဏံဝိယ၊ ယူခြင်းကဲ့သို့။ သုခဒုက္ခာနံ၊ ချမ်းသာဆင်းရဲ တရားနှစ်ပါးတို့၏။ အပဂမေ၊ ကင်းရာ၌။ သာတာသာတပဋိက္ခေပဝသေန၊ သာယာခြင်း, မသာယာခြင်း၏ ဆန့်ကျင်ဘက်၏ အစွမ်းအားဖြင့်။ မဇ္ဈတ္တာ-ကာရဘူတာ၊အလယ်အလတ်အခြင်းအရာအားဖြင့် ဖြစ်၍ ဖြစ်သော။ အဒုက္ခ မသုခါ၊ ဥပေက္ခာဖြစ်သော။ ဝေဒနာ၊ ဝေဒနာတရားတည်း။ ဣတိ၊ ဤသို့။ နယတော၊ နည်းအားဖြင့်။ ဂဏှန္တိဿ၊ ယူသောပုဂ္ဂိုလ်အား။ ပါကဋ္ဌာ၊ ထင် ရှားသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ပဌမံ၊ ရှေးဦးစွာ၊ ရူပကမ္မဋ္ဌာနံ၊ ရုပ်ကမ္မဋ္ဌာန်းကို။ ကထေတွာ၊ ဟောပြီး၍။ ပစ္ဆာ၊ နောက်၌။ အရူပကမ္မဋ္ဌာနံ၊ နာမ်ကမ္မဋ္ဌာန်းကို။ ဝေဒနာဝသေန၊ ဝေဒနာ၏ အစွမ်းအားဖြင့်။ နိဝတ္တေတွာ၊ ပြန်လည်ဆုတ်နစ်၍။ ဒဿေသိ၊ ပြတော်မူပြီ။

ရုပ်ကမ္မဋ္ဌာန်းကို ရှေးဦးဟောသည့် သုတ်တော်များ

ကေဝလဉ္စ၊ သက်သက်လည်း။ ဣဓေဝ၊ ဤနေရာ၌သာလျှင်။ ဧဝံ၊ ဤသို့။ နဒဿေသိ၊ ပြတော်မူသည်မဟုတ်။ မဟာသတိပဋ္ဌာနေ၊ မဟာ-သတိပဋ္ဌာန်၌ဌင်း။ မဇ္ဈိမနိကာယမှိ၊ မဇ္ဈိမနိကာယ်တွင်။ သတိပဋ္ဌာနေ၊ သတိ ပဋ္ဌာန်၌ဌင်း။ စူဠဋတဏှာသခ်ယေ၊ စူဠဋတဏှာသခ်ယသုတ်၌ဌင်း။ မဟာတဏှာ သခ်ယေ၊ မဟာတဏှာသခ်ယသုတ်၌ဌင်း။ စူဠဝေဒလ္လသုတ္တေ၊ စူလဝေဒလ္ဟ သုတ်၌ဌင်း။ မဟာဝေဒလ္လေ၊ မဟာဝေဒလ္လသုတ်၌ဌင်း။ ရဋ္ဌပါလသုတ္တေ၊ ရဋ္ဌပါလသုတ်၌ဌင်း။ မာဂဏ္ဍိယသုတ္တေ၊ မာဂဏ္ဍိယသုတ်၌ဌင်း။ ဓာတုဝိဘင်္ဂေ၊ ဓာတုဝိဘင်္ဂသုတ်၌ဌင်း။ အာနေဉ္ဇသပ္ပါယေ၊ အာနေဉ္ဇသပ္ပါယသုတ်၌ဌင်း။

သကလေ၊ အလံးစုံသေဘ။ ဝေဒနာသံယုတ္တော၊ ဝေဒနာသံယုတ်၌ဂင်း။ ဣတိ၊ ဤသို့။ အနေကေသု၊ များပြားလှစ္ဘာကုန်သေဘ။ သုတ္တန္တေသု၊ သုတ်တန် ပါဠိတော်တို့၌။ပဌမံ၊ ရှေးဦးစွာ။ ရူပကမ္မဋ္ဌာနံ၊ ရုပ်ကမ္မဋ္ဌာန်းကို။ ကထေတွာ၊ ဟောပြီး၍ ။ ပစ္ဆာ၊ နောက်၌။ အရူပကမ္မဋ္ဌာနံ၊ နာမ်ကမ္မဋ္ဌာန်းကို။ ဝေဒနာဝသေန၊ ဝေဒနာ၏ အစွမ်းအားဖြင့်။ နိဝတ္တေတွာ၊ ပြန်လည်ဆုတ်နစ်၍။ ဒဿေသိ၊ ပြတော်မူပြီ။ တေသုတေသု၊ ထိုထိုသုတ္တန်ပါဠိတော်တို့၌။ ဒဿေသိ ယထာစ၊ ပြ သကဲ့သို့လည်း။ ဧဝံ၊ ဤအတူ။ ဣမသ္မိမ္ပိ သက္ကပဥ္ဉေ၊ ဤသက္က-ပဥ္ဉသုတ္တန်၌လည်း။ပဌမံ၊ ရှေးဦးစွာ။ ရူပကမ္မဋ္ဌာနံ၊ ရုပ်ကမ္မဋ္ဌာန်းကို။ ကထေတွာ၊ ဟောပြီး၍။ ပစ္ဆာ၊ နောက်၌။ အရူပကမ္မဋ္ဌာနံ၊ နာမ်ကမ္မဋ္ဌာန်းကို။ ဝေဒနာဝသေန၊ ဝေဒနာ၏ အစွမ်းအားဖြင့်။ နိဝတ္တေတွာ၊ ပြန်လည် ဆုတ်နစ်၍။ ဒဿေသိ၊ ဟောပြတော်မူပြီ။ ရူပကမ္မဋ္ဌာနံပန၊ ရုပ်ကမ္မဋ္ဌာန်း သည်ကား။ ဇတ္ထ၊ ဤနေရာ၌။ ဝေဒနာယ၊ ဝေဒနာတရား၏။ အာရမ္မဏမတ္တ-ကံယေဝ၊ အာရုံမျှလောက်ကိုသာလျှင်။ သံခိတ္တံ၊ ချုံးအပ်၏။ တသ္မာ၊ ထို့ကြောင့်။ ပါဠိယံ၊ ပါဠိတော်၌။ နာရုဠ္ဟံ၊ မတင်,မရောက်, မပါလာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ဤကဲ့သို့ အဋ္ဌကထာဆရာ ရှင်းပြပါသည်ဘုရား။ သိကြားမင်းကို ဟော ရာ၌ ရုပ်ကမ္မဋ္ဌာန်းကို စတင်၍ ဟောသည်ဟု ဆိုလိုပါသည်၊ နာမ်ကမ္မဋ္ဌာန်း ကို ဝေဒနာ၏ အစွမ်းအားဖြင့် တိုက်ရိုက် ဟောတော်မူထားခြင်းသည်ကား ရုပ်ကမ္မဋ္ဌာန်းကို အကျဉ်းချုံးသောအားဖြင့် ပါဠိတော်၌ မပါတာဖြစ်လိမ့်မည် ဟု အဋ္ဌကထာဆရာက မိန့်ပြအပ်ပါသည်။

ဝေဒနာကမ္မဋ္ဌာန်း အကျယ်

သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ-အစရှိသော ဝေဒနာ ကမ္မဋ္ဌာန်း၏ ဥဒ္ဒေသကိုဟောပြပြီးသည်၏ အခြားမဲ့၌ ထိုဝေဒနာကမ္မဋ္ဌာန်း၏ နိဒ္ဒေသ အကျယ်ကို ဟောပြတော်မူလိုသော မြတ်စွာဘုရားသည်—

"သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိ တဗ္ဗံပိ"တိ ဣတိခေါ ပနေတံ ဝုတ္တံ၊ ကိဉ္စေတံ ပဋိစ္စ ဝုတ္တံ။တတ္ထ ယံ ဇညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ၊ ကုသလာ ဓမ္မာ ပရိဟာယန္တိ"တိ၊ ဧဝရူပံ သောမနဿံ

နှ သေဝိတဗ္ဗံ။ တတ္ထ ယံ ဇညာ သောမနဿံ "ဣမံ ခေါ မေ သောမနဿံ သေဝတော အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိ-ဝဍ္ဎန္တိ" တိ၊ ဧဝရူပံ သောမနဿံ သေဝိတဗ္ဗံ။ တတ္ထ ယံ စေ သဝိတက္ကံ သဝိစာရံ၊ ယံ စေ အဝိတက္ကံ အဝိစာရံ၊ ယေ အဝိတက္ကေ အဝိစာရေ၊ တေ ပဏီတတရေ။ "သောမနဿံပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ" တိ ဣတိ ယံ တံ ဝုတ္တံ၊ ဣဒမေတံ ပဋိစ္စ ဝုတ္တံ။ ဟူ၍ နိဒ္ဒေသ-အကျယ်အားဖြင့် ဝေဒနာကမ္မဋ္ဌာန်းကို ဆက်လက်၍ ဟော ကြားပြန်ပါသည် အရှင်ဘုရား။

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း....။ သောမနဿံ ပါဟံ ဒေဝါနမိန္ဒ ဒုဝိဓေန ဝဒါမိ သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိတိ၊....သေဝိတဗ္ဗံပိ အသေဝိတဗ္ဗံပိ-ဟူ၍။ ဣတိခေါ၊ ဤသို့သော်လျှင်။ ယံဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ငါဘုရားဟော ကြားအပ်၏။ ကိံ၊ အဘယ်ကို။ ပဋိစ္စ၊ အစွဲပြု၍။ ဧတံ၊ ထိုစကားကို။ ဝုတ္တံ၊ ဟောကြားအပ်ပါသနည်း။ ယံသောမနဿံ၊ အကြင် သောမနဿဝေဒနာကို ။ဣမံ သောမနဿံ၊ ဤသောမနဿဝေဒနာကို။ သေဝတော၊ မှီဝဲရသော။မေ၊ ငါ့အား။ အကုသလာ ဓမ္မာ၊ အကုသိုလ်တရားတို့ သည်။အဘိဝဍ္ဎန္တိ၊ တိုးပွါးကြကုန်၏။ ကုသလာ ဓမ္မာ၊ ကုသိုလ်တရားတို့သည်။ ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြကုန်၏။ ဣတိ၊ ဤသို့။ စေ ဇညာ၊ အကယ်၍ သိရှိခဲ့ငြားအံ့။ ဧဝရူပံ၊ ဤကဲ့သို့သဘောရှိသော အကုသိုလ်တရားတို့ တိုးပွါး၍ ကုသိုလ်တရား ဆုတ်ယုတ်စေတတ်သော သဘောရှိသော။ သောမနဿံ၊ သောမနဿဝေဒနာကို။နသေဝိတဗ္ဗံ၊ မမှီဝဲအပ်။ယံသောမနဿံ၊ အကြင် သောမနဿဝေဒနာကို။ ဣမံ သောမနဿံ၊ ဤသောမနဿ ဝေဒနာကို။ သေဝတော၊ မှီဝဲရသော။ မေ၊ ငါ့အား။ အကုသလာဓမ္မာ၊ အကုသိုလ်တရားတို့သည်။ပရိဟာယန္တိ၊ ဆုတ်ယုတ်ကြကုန်၏။ ကုသလာဓမ္မာ၊ ကုသိုလ်တရားတို့သည်။ အဘိဝဍ္ဎန္တိ၊ တိုးပွါးကြကုန်၏။ ဣတိ၊ ဤသို့။ စေဇညာ၊ အကယ်၍ သိရှိခဲ့ငြားအံ့။ ဧဝရူပံ၊ ဤသို့သဘောရှိသော။ ဒသောမနဿံ၊ သောမနဿ ဝေဒနာကို။ ဧသေဝိတဗ္ဗံ၊ မှီဝဲအပ်၏။

ဤသို့ အစရှိသောအားဖြင့် နိဒ္ဒေသ-အကျယ်ဟောကြားအပ်သော ဝေဒနာ ကမ္မဋ္ဌာန်း၌ သောမနဿံ ပါဟံ ဒေဝါနမိန္ဒ-အစရှိသော စကားရပ်ကို

အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် အရူပကမ္မဋ္ဌာနေ-အစ ရှိသော စကားရပ်ကို မိန့်ဆိုပါသည်။

အရူပကမ္မဋ္ဌာနေ၊ နာမ်ကမ္မဋ္ဌာန်း၌။ တဿ၊ ထိုဝေဒနာကမ္မဋ္ဌာန်းကို စီးဖြန်းပွါးများအားထုတ်သော ပုဂ္ဂိုလ်အား။ ဝေဒနာဝသေန၊ ဝေဒနာ၏ အစွမ်းအားဖြင့်။ အဘိနိဝေသမုခံ၊ နှလုံးသွင်းခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော။ ယံ၊ အကြင်ကမ္မဋ္ဌာန်းသည်။ ပါဂဋံ၊ ထင်းရှား၏။ တမေဝ၊ ထိုထင်ရှားသော ကမ္မဋ္ဌာန်းကိုသာလျှင်။ ဒဿေတုံ၊ ပြခြင်းငှါ။ သောမနဿံ ပါဟံ ဒေဝါနမိန္ဒာတိ အာဒိ ံ၊ သောမနဿံပါဟံ ဒေဝါနမိန္ဒ-ဤသို့အစရှိသည်ကို။ အာဟာ၊ ဟောတော်မူ၏။

တတ္ထ၊ကိုစကားရပ်၌။ ဒုဝိဓေနာတိ၊....ကား။ဒုဝိဓေန၊နှစ်ပါးသော အဘို့အားဖြင့်။ ဒ္ဒိဟိ ကောဋ္ဌာသေဟိတိ အတ္ထော၊ နှစ်ပါးသော အဘို့တို့ဖြင့် ဟူသော အနက် ရှိပါ၏။

မမ္မံဝအပသော သောမနဿ

ဝေရူပံ သောမနဿံ န သေဝိတဗ္ဗန္တိ၊ ဝေရူပံ သောမနဿံ နသေဝိတဗ္ဗံ ဟူသည်ကား။ ဤသို့သဘောရှိသော အာရုံငါးပါး ကာမဂုဏ်တရားတို့ကို မှီ၍ ဖြစ်သော သောမနဿကို မမ္မိဝဲအပ်, မမ္မိဝဲကောင်း။ ဂေဟသိတ သောမနဿမည်သည်—

တတ္ထ ကတမာနိ ဆဂေဟသိတာနိ သောမနဿာနိ။ စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ မနောရမာနံ လောကာမိသပဋိသံယုတ္တာနံ ပဋိလာဘံ ဝါ ပဋိလာဘတော သမနုပဿတော ပုဗ္ဗေ ဝါ ပဋိလဒ္ဓပုဗ္ဗံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ သောမနဿံ၊ ယံ ဇဝရူပံ သောမနဿံ၊ ဣဒံ ဝုစ္စတိ ဂေဟသိတံ သောမနဿန္တိ....၊ ဂေဟသိတံ သောမနဿံ ဟူ၍။ ဇဝံ၊ ဤသို့။ ဆသု၊ ခြောက်ပါးကုန်သော။ ဒ္ဒါရေသု၊ ဒ္ဒါရတို့၌။ ဝုတ္တကာမဂုဏနိဿိတံ၊ ဆိုအပ်ခဲ့ပြီးသော ကာမဂုဏ်ကို မှီ၍ဖြစ်သော။ သောမနဿံ၊ သောမနဿမည်၏။

တတ္ထ၊ ထိုသောမနဿနှစ်မျိုးတို့တွင်။ ဂေဟသိတာနိ၊ အိမ်၌မှီ၍ ဖြစ်ကုန်သော။ ဝါ၊ အာရုံငါးပါး ကာမဂုဏ်တရားတို့ကို မှီ၍ ဖြစ်ကုန်သော။

ဆ၊ ခြောက်ပါးကုန်သော။ သောမနဿာနိ၊ သောမနဿတို့သည်။ ကတမာနိ၊ အဘယ်တို့နည်း။ စက္ခုဝိညေယျာနံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ နှလုံးကိုပွါးစေတတ်ကုန်သော။မနောရမာနံ၊ နှလုံးမွေ့လျော်ရာဖြစ်ကုန်သော။ လောကာမိသပဋိသံယုတ္တာနံ၊ လောကအာမိသနှင့် စပ်ယှဉ်ကုန်သော။ ရူပါနံ၊ ရူပါရုံတို့ကို။ ပဋိလာဘံဝါ၊ ရရှိခြင်းကိုလည်း။ ပဋိလာဘတော၊ ရရှိသော အနေအားဖြင့်။ သမနုပဿတော၊ သုံးသပ်ဆင်ခြင်၍ နေသော ပုဂ္ဂိုလ်အား။ ပုဗ္ဗေဝါ၊ ရှေးဦးမူလည်း။အတီတံ၊ လွန်လေပြီးသော။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ ဝိပရိဏတံ၊ ဖောက်ပြန်လေပြီးသော။ ပဋိလဒ္ဓပုဗ္ဗံ၊ ရရှိအပ်ပြီးသော အာရုံကို။ သမနုပဿတော၊ ကောင်းစွာ အထပ်ထပ် မပြတ်သုံးသပ် ဆင်ခြင်သောပုဂ္ဂိုလ်အား။ သောမနဿံ၊ သောမနဿဝေဒနာသည်။ ဝါ။ စိတ်၏ဝမ်းမြောက်ကြည်သာမှုသည်။ ဥပပဇ္ဇတိ၊ ဖြစ်၏။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ယံ သောမနဿံ၊ အကြင်စိတ်၏ ဝမ်းမြောက်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသော သဘောရှိသော။ ဧဟသိတံ၊ အာရုံငါးပါး ကာမ ဂုဏ်တရားကို မှီသော။ သောမနဿံ၊ သောမနဿဝေဒနာကို။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ ဧဟသိတ - အာရုံငါးပါးကိုမှီ၍ ဖြစ်သော အိမ်ဦးဖြစ်သော ဝမ်းမြောက်ပျော်ရွှင်မှုမျိုးကို အဋ္ဌကထာဆရာဖွင့်ပြအပ်ပါသည် အရှင်ဘုရား။

ဤကဲ့သို့သော သောမနဿမျိုးကို မမှီဝဲအပ် မမှီဝဲကောင်း ဟု ဆိုလိုပါသည်။

မှီဝဲအပ်သော သောမနဿ

ဝေရူပံ သောမနဿံ သေဝတိဗ္ဗန္တိ၊ ဝေရူပံ သောမနဿံ သေဝတိဗ္ဗဟူသည်ကား။ ဝေရူပံ၊ ဤသို့သဘောရှိသော။ နေက္ခမ္မသိတံ၊ အကုသိုလ်တရား နိဝရဏတရားတို့မှ ဆုတ်နစ်ကြောင်းဖြစ်သော, အကုသိုလ်တရား နိဝရဏတရားတို့ကို ဆုတ်နစ်စေတတ်သော, ဆုတ်နစ်စေခြင်းကိုမှီသော။ သောမနဿံ၊ စိတ်၏ဝမ်းမြောက်ကြည်သာမှုကို။ သေဝိတဗ္ဗံ၊ မှီဝဲအပ်၏။ နေက္ခမ္မသိတံ၊ အကုသိုလ်တရား, နိဝရဏတရား ဆုတ်နစ်စေခြင်းကို မှီသော။ သောမနဿံနာမ၊သောမနဿမည်သည်။တတ္ထ ကတမာနိ ဆ နေက္ခမ္မသိတာနိ

သောမနဿာနိ၊ ရူပါနံတွေဝ အနိစ္စတံ ဝိဒိတ္ဝာ ဝိပရိဏာမဝိရာဂနိရောဓံ ပုဗ္ဗေ စေဝ ရူပါ ဧတရဟိ စ သဗ္ဗေ တေ ရူပါ အနိစ္စာ,ဒုက္ခာ,ဝိပရိဏာမဓမ္မာတိ ဧဝမေတံ ယထာဘူတံ သမ္မပ္ပညာယ ပဿတော ဥပ္ပဇ္ဇတိ သောမနဿံ၊ ယံ ဧဝရူပံ သောမနဿံ ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ သောမနဿန္တိ၊····ဣဒံ ဝုစ္စတိ နေက္ခမ္မသိတံ သောမနဿံ ဟူ၍။ ဧဝံ၊ ဤသို့။ ဆသု၊ ခြောက်ပါးကုန်သော။ ဒ္ဒါရေသု၊ ဒ္ဒါရတို့၌။ဣဋ္ဌာရမ္မဏေ၊ ဣဋ္ဌာရုံသည်။အာပါထဂတေ၊ ရှေ့ရှုထင်ခြင်းသို့ ရောက်လတ်သည်ရှိသော်။ အနိစ္စာဒိဝသေန၊ အနိစ္စ အစရှိသည်တို့၏ အစွမ်းဖြင့်။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတ္ဝာ၊ ဖြစ်စေ၍။ ဥဿုက္ကာပေတုံ၊ ကြောင့်ကြစိုက်ခြင်းငှါ။ သက္ကောန္တဿ၊ စွမ်းနိုင်သော ပုဂ္ဂိုလ်အား။ မေ၊ ငါသည်။ ဝိပဿနာ၊ ဝိပဿနာတရားကို။ ဥဿုက္ကိတာ၊ ကြောင့်ကြစိုက်၍ အားထုတ်အပ်လေပြီ။ ဣတိ၊ ဤသို့။ သောမနဿဇာတဿ၊ ဖြစ်သော ဝမ်းမြောက်ခြင်း ရှိသော ပုဂ္ဂိုလ်၏။ ဥပ္ပန္နံ၊ ဖြစ်သော။ သောမနဿံ၊ သောမနဿဝေဒနာတည်း။

နေက္ခမ္မသိတ သောမနဿ

တတ္ထ၊ ထိုဝေဒနာနှစ်ပါးတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ အကုသိုလ်တရား, နီဝရဏတရားတို့ နစ်စေခြင်းတို့ကို မှီတတ်ကုန်သော။ သောမနဿာနိ၊ သောမနဿတို့သည်။ ကတမာနိ၊ အဘယ်တို့နည်း? ရူပါနံတွေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ၊ မမြဲသည်၏ အဖြစ်ကိုငှင်း။ ဝိပရိဏာမဝိရာဂနိရောဓံ၊ဘောက်ပြန်ခြင်း ကင်းခြင်းချုပ်ခြင်းကိုငှင်း။ဝိဒိတ္ဝာ၊ သိ၍။ ရူပါ၊ ရူပါရုံတို့သည်။ ပုဗ္ဗေစေဝ၊ ရှေး၌ငှင်း။ ဧတရဟိစ၊ ယခုအခါ၌ငှင်း။ ယေရူပါ၊ အကြင်ရူပါရုံတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေရူပါ၊ ထိုရူပါရုံတို့သည်။ အနိစ္စာ၊ အမြဲမရှိကြလေကုန်။ ဒုက္ခာ၊ ဆင်းရဲကြလေကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ပျက်စီးခြင်း သဘောရှိကြလေကုန်၏။ ဣတိဧဝံ၊ဤ သို့။ ဧတံ၊ ဤလက်ရှိရူပါရုံနှင့်အတိတ်က ရူပါရုံတရားကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ အနိစ္စ ဒုက္ခ အနတ္တ ဝိပရိဏာမဓမ္မ-ဟူသော ကောင်းမြတ်သော ဉာဏ်ပညာဖြင့်။ ပဿတော၊ ရှုဆင်ခြင်သော ပုဂ္ဂိုလ်အား။ သောမနဿံ၊ ဝမ်းမြောက်မှုဟုဆိုအပ်သော သောမနဿဝေဒနာသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ ယံသောမနဿံ၊ အကြင်နေက္ခမ္မသိတ သောမနဿဝေဒနာ

တရားသည်။ အတ္ထိ၊ ရှိ၏။ နေက္ခမ္မသိတံ၊ အကုသိုလ်တရား နိဝရဏတရား ဆုတ်နစ်စေခြင်းကို မှီသော။ ဣဒံ သောမနဿံ၊ ဤသောမနဿကို။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ အကျယ်အားဖြင့် ဖွင့်ပြအပ်သော သောမနဿမျိုးကို မှီဝဲအပ်၏ ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

သေဝိတဗ္ဗံ အကျယ်

ဤကဲ့သို့ ဟောတော်မူအပ်သော သေဝိတဗ္ဗံ ဟူသောပုဒ်ကို အဓိပ္ပါယ် အကျယ်အားဖြင့် ပြောပြတော်မူလိုသော အဋ္ဌကထာဆရာက——

သေဝိတဗ္ဗန္တိ၊ သေဝိတဗ္ဗံဟူသည်ကား။ ဣဒံ သောမနဿံ၊ ဤသောမနဿဝေဒနာကို။ နေက္ခမ္မဝသေန၊ အကုသိုလ်တရား, နိဝရဏတရားတို့ကို ဆုတ်နစ်စေသည်၏ အစွမ်းအားဖြင့်၎င်း။ဝိပဿနာဝသေန၊ အနိစ္စ ဒုက္ခ အနတ္တ ဟူသော ဝိပဿနာဉာဏ်ဖြင့် ဆင်ခြင်ခြင်း၏ အစွမ်းအားဖြင့်၎င်း။ အနုဿတိဝသေန၊ တစုံတခုသော အနုဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းသည်၏ အစွမ်းအားဖြင့်၎င်း။ ပဌမဇ္ဈာနာဒိဝသေနစ၊ ပဌမစျာန်အစရှိသည်ကို ဝင်စားခြင်း အစရှိသည်၏ အစွမ်းအားဖြင့်၎င်း။ဥပပဇ္ဇနကသောမနဿံ၊ ဖြစ်သော သောမနဿဝေဒနာကို။ သေဝိတဗ္ဗံနာမ၊ မှီဝဲအပ်သည်မည်၏။

သာလွန်သော သောမနဿ

ယံ ဝေ သဝိတက္ကံ သဝိစာရံ၊ ယံ ဝေ အဝိတက္ကံ အဝိစာရံ-အစရှိသည်ဖြင့် ဟောကြားတော်မူအပ်သော ပါဠိတော်မြတ်၌ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်——

တတ္ထ၊ ထိုသောမနဿတို့တွင်။ ယံ ဝေ သဝိတက္ကံ သဝိစာရန္တိ၊ ယံ ဝေ သဝိတက္ကံ သဝိစာရံ ဟူသည်ကား။ တသ္မိံပိ နေက္ခမ္မသိတော၊ ထိုအကုသိုလ် တရား,နိဝရဏတရားတို့ကို နှစ်စေတတ်သော။ သောမနဿေ၊ သောမနဿ၌။ နေက္ခမ္မဝသေန၊ အကုသိုလ်တရား, နိဝရဏတရားတို့ကို နှစ်စေသည်၏ အစွမ်းအားဖြင့်။ဝိပဿနာဝသေန၊အနိစ္စ ဒုက္ခ အနတ္တ ဝိပဿနာ၏ အစွမ်းအားဖြင့်။ အနုဿတိဝသေန၊ အနုဿတိ၏ အစွမ်းအားဖြင့်။ ပဌမဇ္ဈာနဝသေန၊ ပဌမစျာန်၏ အစွမ်းအားဖြင့်။ ဥပပန္နံ၊ ဖြစ်သော။ သဝိတက္ကံ၊ ဝိတက်နှင့်လည်း တကွဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်လည်း တကွဖြစ်သော။ ယံသောမနဿံ၊

အကြင်သောမနသဟုတရားသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုသောမနသဟုတရားကို။ ဇာနေယျ၊ သိရာ၏။ယံ စေ အဝိတက္ကံ အဝိစာရန္တိ၊ ယံ စေ အဝိတက္ကံ အဝိစာရံ ဟူသည်ကား။ ယံ ပန သောမနသံ၊ အကြင်သောမနသသည်ကား။ ဒုတိယ တတိယစ္ဆာနဝသေန၊ ဒုတိယစျာန် တတိယစျာန်တို့၏ အစွမ်းအားဖြင့်။ ဥပပန္နံ၊ ဖြစ်၏။ အဝိတက္ကံ၊ ဝိတက်လည်းမရှိ။ အဝိစာရံ၊ ဝိစာရလည်းမရှိ။ သောမနသံ၊ စိတ်၏ ဝမ်းမြောက်မှုတည်း။ ဣတိ၊ ဤသို့။ တံ၊ ထိုသောမနသကို။ ဇာနေယျ၊ သိရာ၏။ ယေ အဝိတက္ကေ အဝိစာရေ၊ တေ ပဏီတတရေတိ။ ယေ အဝိတက္ကေ အဝိစာရေ၊တေ ပဏီတတရေ ဟူသည်ကား။ ဧတေသုပိဒ္ဓိသု၊ ဤနှစ်ပါးကုန်သော သဝိတက္ကသဝိစာရ, အဝိတက္ကအဝိစာရ သောမနသတို့တွင်။ အဝိတက္ကံ၊ ဝိတက်လည်းမရှိသော။ အဝိစာရံ၊ ဝိစာရလည်းမရှိသော။ ယံ သောမနသံ၊ အကြင်သောမနသသည်။ အတ္ထိ၊ ရှိ၏။ တံ၊ ထိုဝိတက် ဝိစာရမရှိသော သောမနသသည်။ ပဏီတတရံ၊ သာလွန်၍ မွန်မြတ်ပေ၏။ ဣတိအတ္ထော၊ ဤကား အနက်ဟူ၍ အဋ္ဌကထာဆရာ ဖွင့်ပြပါသည် အရှင်ဘုရား။

ရဟန်းနှစ်ပါး အရဟတ္တဖိုလ် တည်ကြပုံ

ဣမိနာ ကိံ ကထိတံ ဟောတိ-အစရှိသည်ဖြင့် မေးခွန်းတက်၍ အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာက ဒိဋ္ဌံ အရဟတ္တံ ကထိတံ-အစရှိသည်ဖြင့် အမေးအဖြေနှင့် ဖွင့်ပြပြန်ပါသည် အရှင်ဘုရား။

ဣမိနာ၊ ဤစကားဖြင့်။ ကိံ၊ အဘယ်ကို။ ကထိတံ၊ ဟောအပ်သည်။ ဟောတိ၊ ဖြစ်သနည်း ?။ ဒိဋ္ဌံ၊ နှစ်ပါးကုန်သော ရဟန်းတို့၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်၏အဖြစ်ကို။ ကထိတံ၊ ဟောကြားအပ်၏။ ကထံ၊ အဘယ်သို့ ဟောကြားအပ်သနည်း ?။ဧကော ဘိက္ခု၊ တပါးသောရဟန်းသည်။ သဝိတက္က သဝိစာရော၊ ဝိတက်နှင့်လည်းတကွ ဝိစာရနှင့်လည်းတကွဖြစ်သော။ သောမနသော၊ သောမနသဝေဒနာဋ္ဌ။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍။ ဣဒံ သောမနသံ၊ ဤ သောမနသဝေဒနာသည်။ကိံ နိဿိတံ၊ အဘယ်ကို မှီသနည်း။ ဣတိ၊ ဤသို့။ ဥပဓာရေန္တော၊ စူးစမ်းဆင်ခြင်လတ်သည်ရှိသော်။ ဝတ္ထုနိဿိတန္တိ၊ ယဒယဝတ္ထုကိုမှီ၏ဟူ၍။ ပဇာနာတိ၊ အပြားအားဖြင့် သိလေတော့၏။ ဣတိ၊ ဤသို့။ ဖဿပဉ္စမကော၊ ဖဿပဉ္စမက ကမ္မဋ္ဌာန်း၌။ ဝုတ္တ-နယေနေဝ၊ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်သာလျှင်။ အနုက္ကမေန၊ အစဉ်

ဒါးဖြင့်။ ဒရဟတ္တော၊ ဒရဟတ္တဖိုလ်၌။ ဝါ။ ရဟန္တာဒါဖြစ်၌။ ပတိဋ္ဌာတိ၊ တည်လေတော့၏။

ကော၊ တပါးသောရဟန်းသည်မူကား။ အဝိတက္က အဝိစာရော၊ ဝိတက်လည်းမရှိ, ဝိစာရလည်းမရှိသော။ သောမနဿော၊ သောမနဿ၌။ ဝိပဿနံ၊ ဝိပဿနာကို။ ပဋ္ဌပေတွာ၊ ဖြစ်စေ၍ ။ ဝုတ္တနယေနေဝ၊ ဆိုအပ်ခဲ့ပြီး သော နည်းဖြင့်သာလျှင်။ ဒရဟတ္တော၊ ဒရဟတ္တဖိုလ်၌။ ပတိဋ္ဌာတိ၊ တည်၏။

အဝိတက္ကအဝိစာရ မြတ်ပုံ

တတ္ထ၊ ထိုစကားရပ်၌။ အဘိနိဝိဋ္ဌသောမနဿသုပိ၊ နှလုံးသွင်းအပ်သော သောမနဿတို့တွင်လည်း။ သဝိတက္ကသဝိစာရတော၊ သဝိတက္ကသဝိစာရ သောမနဿထက်။ အဝိတက္ကအဝိစာရံ၊ အဝိတက္က အဝိစာရ သောမနဿသည်။ ပဏီတတရံ၊ သာလွန်၍ မွန်မြတ်၏။ သဝိတက္ကသဝိစာရသောမနဿဝိပဿနာတောပိ၊ သဝိတက္ကသဝိစာရ သောမနဿ ဝိပဿနာထက်လည်း။ အဝိတက္ကအဝိစာရဝိပဿနာ၊ အဝိတက္ကအဝိစာရ ဝိပဿနာသည်။ ပဏီတတရာ၊ သာလွန်၍ မွန်မြတ်၏။ သဝိတက္ကသဝိစာရသောမနဿဖလသမာပတ္တိတောပိ၊ သဝိတက္ကသဝိစာရ သောမနဿ ဖလသမာပတ်ထက်လည်း။ အဝိတက္ကအဝိစာရသောမဿဖလသမာပတ္တိယေဝ၊ အဝိတက္ကအဝိစာရသောမနဿ ဖလသမာပတ်သည်သာလျှင်။ ပဏီတတရာ၊ သာလွန်၍ မွန်မြတ်၏။ တေန၊ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ယေ အဝိတက္ကေ အဝိစာရေ၊တေ ပဏီတတရေတိ၊ယေ အဝိတက္ကေ အဝိစာရေ၊တေပဏီတတရေဟူ၍။ အာဟ၊ ဟောကြားတော်မူပါသည်။

ဒေါမနဿဝေဒနာခဲ့ပြခဏ်း

ဤကဲ့သို့ ဟောကြားအပ်သော ဒေသနာတော်ကို အကျယ်ဖွင့်ပြအပ်ပြီးသည်၏ အခြားမဲ့၌ ဝေရှုပံ ဒေါမနဿံ နသေဝိတဗ္ဗံ-အစရှိသော စကားကို ဖွင့်ပြ တော်မူလိုသော အဋ္ဌကထာဆရာသည်—

ဝေရှုပံ ဒေါမနဿံ နသေဝိတဗ္ဗန္တိ၊ ဝေရှုပံ ဒေါမနဿံ နသေဝိတဗ္ဗံဟူသည်ကား။ ဝေရှုပံ၊ ဤသို့သဘောရှိသော။ ဂေဟသိတဒေါမနဿံ၊ အိမ်၌မှီ၍ ဖြစ်သောစိတ်၏ မချမ်းသာမှုကို။ နသေဝိတဗ္ဗံ၊ မမှီဝဲအပ်။ ဂေဟသိတဒေါမနဿံ နာမ၊ အိမ်၌ မှီသော ဒေါမနဿမည်သည်။ ဝါ၊ အိမ်၌ မှီသော

စိတ်၏ မချမ်းသာခြင်း မည်သည်။ တတ္ထ ကတမာနိ ဆဧဟသိတာနိ ဒေါမနဿာနိ။ စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ မနောရမာနံ လောကာမိသပဋိသံယုတ္တာနံ အပ္ပဋိလာဘံ ဝါ အပ္ပဋိလာဘတော သမနုပဿဧတော ပုဗ္ဗေဝါ အပ္ပဋိလဒ္ဓပုဗ္ဗံ အတိတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ ဒေါမနဿံ၊ ယံ ဧဝရူပံ ဒေါမနဿံ၊ ဣဒံ ဝုစ္စတိ ဧဟသိတဒေါမနဿန္တိ၊ ဧဟသိတဒေါမနဿံ-ဟူ၍။ ဧဝံ၊ ဤသို့။ ဆသု၊ ခြောက်ပါးကုန်သော။ ဒွါရေသု၊ ဒွါရတရားတို့၌။ ဣဋ္ဌာရမ္မဏံ၊ ဣဋ္ဌာရုံကို။ နာနုဘဝိ ံ၊ မခံစားရပြီ။ နာနုဘဝိသာမိ၊ မခံစားရတော့လတ္တံ့ ။ နာနုဘဝါမိ၊ မခံစားရ။ဣတိ၊ ဤသို့။ ဝိတက္ကယတော၊ ကြံစည်သော ပုဂ္ဂိုလ်အား။ ကာမဂုဏနိဿိတံ၊ ကာမဂုဏ်ကို မှီ၍ဖြစ်သော။ ဒေါမနဿံ၊ စိတ်နှလုံးမချမ်းသာမှုသည်။ ဥပ္ပန္နံ၊ ဖြစ်၏။

ဧဟသိတ ဒေါမနဿ

တတ္ထ၊ ထိုဒေါမနဿနှစ်မျိုးတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ ဧဟသိတာနိ၊ အိမ်၌မှီ၍ ဖြစ်ကုန်သော။ ဝါ၊ အာရုံငါးပါးကို မှီ၍ ဖြစ်ကုန်သော။ ဒေါမနဿာနိ၊ စိတ်၏မချမ်းသာမှုတို့သည်။ ကတမာနိ၊ အဘယ်သည်တို့နည်း။ စက္ခုဝိညေယျာနံ၊ စက္ခုဝိညာဉ်ဖြင့် သိအပ်ကုန်သော။ ဣဋ္ဌာနံ၊ အလိုရှိအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ နှလုံးကို ပွါးစေတတ်ကုန်သော။ မနောရမာနံ၊ စိတ်နှလုံး၏မွေ့လျော်ရာ ဖြစ်ကုန်သော။ လောကာမိသပဋိသံယုတ္တာနံ၊ လောကအာမိသနှင့် စပ်ယှဉ်ကုန်သော။ ရူပါနံ၊ ရူပါရုံတို့ကို။ အပ္ပဋိလာဘံဝါ၊ မရရှိအပ်သည်ကိုမူလည်း။ အပ္ပဋိလာဘတော၊ မရရှိသော အနေအားဖြင့်။ သမနုပဿတော၊ သုံးသပ်ဆင်ခြင်သောပုဂ္ဂိုလ်အား။ ပုဗ္ဗေဝါ၊ ရှေးဦးမူလည်း။ အတီတံ၊ လွန်လေပြီးသော။ နိရုဒ္ဓံ၊ ချုပ်လေပြီးသော။ ဝိပရိဏတံ၊ ဖောက်ပြန်လေပြီးသော။ အပ္ပဋိလဒ္ဓပုဗ္ဗံ၊ မရအပ်ဘူးသော ရူပါရုံကို။ သမနုဿရတော၊ ကောင်းစွာအောက်မေ့သော ပုဂ္ဂိုလ်အား။ ဒေါမနဿံ၊ နှလုံးမသာယာခြင်းသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်တတ်၏။ဧဝရူပံ၊ ဤသို့သဘောရှိသော။ ယံ ဒေါမနဿံ၊ အကြင် နှလုံးမသာယာမှုသည်။ အတ္ထိ၊ ရှိ၏။ ဣဒံ၊ ဤနှလုံးမသာယာမှုကို။ ဧဟသိတဒေါမနဿန္တိ၊ အိမ်၌မှီသော ဒေါမနဿဟူ၍။ ဝါ၊ အာရုံငါးပါးကို မှီ၍ဖြစ်သော ဒေါမနဿဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤကဲ့သို့ မမှီဝဲအပ်သော ဒေါမနဿကို ဖွင့်ပြပါသည် အရှင်ဘုရား။

နေက္ခမ္မသိတ ဒေါမနဿ

ထိုမှ တပါး မှီဝဲအပ်သော ဒေါမနဿကို ဖွင့်ပြတော်မူလို ပြန်သည် ဖြစ်၍—

ဝေရူပံ ဒေါမနဿံ သေဝိတဗ္ဗန္တိ၊ ဝေရူပံ ဒေါမနဿံ သေဝိတဗ္ဗံ-ဟူသည် ကား။ ဤကဲ့သို့ သဘောရှိသော အိမ်၌ မမှီမူ၍ အကုသိုလ်တရား နိဝရဏ တရားတို့ကို နှစ်စေခြင်း၌ မှီသော ဒေါမနဿတရားကို မှီဝဲအပ်၏၊ အကုသိုလ် တရား နိဝရဏတရားတို့ကို နှစ်စေခြင်း၌ မှီသော ဒေါမနဿမည်သည် တတ္ထ ကတမာနိ ဆနေက္ခမ္မသိတာနိ-အစရှိသောအားဖြင့် ဖွင့်ပြပါသည့် အရှင် ဘုရား။

တတ္ထ၊ ထိုနှစ်မျိုးသော ဒေါမနဿတို့တွင်။ ဆ၊ ခြောက်ပါးကုန်သော။ နေက္ခမ္မသိတာနိ၊ အကုသိုလ်တရား နိဝရဏတရားတို့ကို နှစ်စေခြင်းကို မှီ၍ ဖြစ်ကုန်သော။ ဒေါမနဿာနိ၊ နှလုံးမသာယာမှုတို့သည်။ကတမာနိ၊ အဘယ် သည်တို့နည်း။

ရူပါနံယေဝ၊ ရူပါရုံတို့၏သာလျှင်။ အနိစ္စတံ၊ အမြဲမရှိသည်၏ အဖြစ်ကို ၎င်း။ ဝိပရိဏာမဝိရာဂနိရောဓံ၊ ဖောက်ပြန်ခြင်း ကင်းခြင်း ချုပ်ခြင်းကိုဂင်း။ ဝိဒိတ္ဝာ၊ သိ၍။ ပုဗ္ဗေစေဝ၊ ရှေ့၌ဂင်း။ စေရဟိစ၊ ဤယခုအခါ၌ဂင်း။ ယေ ရူပါ၊ အကြင်ရူပါရုံတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ အလုံးစုံကုန်သော။ တေရူပါ၊ ထိုရူပါရုံတို့သည်။ အနိစ္စာ၊ အမြဲမရှိကြကုန်။ ဒုက္ခာ၊ ဆင်းရဲကြ ကုန်၏။ ဝိပရိဏာမဓမ္မာ၊ ဖောက်ပြန်ပျက်စီးသော သဘောရှိကြကုန်၏။ ဣတိဧဝံ၊ ဤသို့။ စေတံ၊ ဤရူပါရုံကို။ ယထာဘူတံ၊ ဟုတ်တိုင်းမှန်စွာ။ သမ္မပ္ပညာယ၊ ကောင်းသောပညာဖြင့်။ ဒိသ္ဝာ၊ မြင်၍။ အနုတ္တရေသု၊ အတု မရှိ မြတ်ကုန်သော။ ဝိမောက္ခေသု၊ အရဟတ္တဖိုလ်တို့၌။ ပိယံ၊ ချစ်ခင်နှစ်သက် ခြင်းကို။ ဥပဒ္ဒဝေတိ၊ ဖြစ်စေ၏။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့သည်။ စေတ-ရဟိ၊ ဤယခုအခါ၌။ ယံ အာယတနံ၊ အကြင် အရဟတ္တဖိုလ်တည်းဟူသော အာယတနကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံကြကုန်၍။ ဝိဟရန္တိ၊ သီတင်းသုံးနေတော် မူကြကုန်၏။ အဴဟံ၊ ငါသည်။ ကုဒါ၊ ဘယ်အခါကျမှ။ တဒါယတနံ၊ ထို အရဟတ္တဖိုလ်တည်းဟူသော အာယတနကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရိ-ဿာမိ၊ နေရပါအံ့နည်း။

ဤသို့အတုမရှိ မြတ်ကုန်သော အရဟာတ္တဖိုလ်တို့၌ ချစ်ခင်မြတ်နိုးခြင်းကို ဖြစ်စေ၏၊ ဤသို့ အတုမရှိမြတ်ကုန်သော အရဟာတ္တဖိုလ်တို့၌ ချစ်ခင်ခြင်းကို ဖြစ်စေသော ပုဂ္ဂိုလ်အား ချစ်ခင်ခြင်းတည်းဟူသော အကြောင်းကြောင့် အရဟာတ္တဖိုလ်ကို မရမူ၍ စိတ်နှလုံး၏ မချမ်းမသာမှုသည် ဖြစ်တတ်ပါသည်။ ဤကဲ့သို့သဘောရှိသော အကြင်စိတ်နှလုံး မချမ်းသာမှုသည်ရှိ၏၊ ဤကဲ့သို့ အရဟာတ္တဖိုလ်ကို မရ၍ ဖြစ်သော အကုသိုလ်တရား နိဝရဏတရားတို့ကို ဆုတ်နစ်စေခြင်းကို မှီ၍ဖြစ်သော ဒေါမနဿကို ဆိုလိုပါသည်။

မှီဝဲအပ်သော ဒေါမနဿ

ဤသို့ခြောက်ပါးကုန်သော ဒုါရတို့၌ ဣဋ္ဌာရုံသည် ရှေးရှုထင်လတ်သည် ရှိသော် အတုမရှိမြတ်သော အရဟာတ္တဖိုလ်ဟုဆိုအပ်သော ဝိမောက္ခဟုဆိုအပ်သော အရိယာ၏ ဖိုလ်တရားတို့၌ ချစ်ခင်ခြင်းကို ဖြစ်စေ၍ ထိုအရဟာတ္တဖိုလ်ကို ရခြင်းအကျိုးငှါ အနိစ္စအစရှိသည်တို့၏အစွမ်းအားဖြင့် ဝိပဿနာကိုဖြစ်စေ၍ အားထုတ်ခြင်းငှါ မစွမ်းနိုင်သော ပုဂ္ဂိုလ်အား ဣမမ္မိပကွံ၊ ဤပကွဝင်း။ ဣမမ္မိမာသံ၊ ဤလဝင်း။ ဣမမ္မိသံဝစ္ဆရံ၊ ဤနှစ်ဝင်း။ ဤပကွ, ဤလ, ဤနှစ် ဝိပဿနာ အားထုတ်၍ အရိယာအဖြစ်သို့ ရောက်စေခြင်းငှါ မစွမ်းနိုင်ခဲ့ပါ၊ ဤကဲ့သို့ မစွမ်းနိုင်သည်ဖြစ်၍ စိုးရိမ်ပူဆွေးသော ပုဂ္ဂိုလ်အား ဒေါမနဿဝေဒနာသည် ဖြစ်တတ်ပါ၏၊ ဤကဲ့သို့သော ဒေါမနဿကို မှီဝဲအပ်၏-ဟူ၍ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်ပါသည်။

ဤသို့ဟောကြားအပ်သည်ကို သေဝိတဗ္ဗန္တိ၊....သေဝိတဗ္ဗံ-ဟူသည်ကား။ အကုသိုလ်တရားတို့ကို နှစ်စေသည်၏ အစွမ်းအားဖြင့်ဝင်း ဝိပဿနာ၏ အစွမ်းအားဖြင့်ဝင်း အနုဿတိ၏ အစွမ်းအားဖြင့်ဝင်း ပဌမစျာန် အစရှိသည်တို့၏ အစွမ်းအားဖြင့်ဝင်း ဖြစ်ပေါ်တတ်သော ဤဒေါမနဿဝေဒနာကို မှီဝဲအပ်၏-ဟူ၍ အဋ္ဌကထာဆရာ အကျယ်အားဖြင့် ဖွင့်ပြပါသည် အရှင်ဘုရား။

ယံ စေ သဝိတက္ကံ သဝိစာရံ အကျယ်

မှီဝဲအပ်သော ဒေါမနဿ, မမှီဝဲအပ်သော ဒေါမနဿတရားနှစ်ပါးတို့ကို အကျယ်အားဖြင့် ဖွင့်ပြဝေဘန်ပြီး၍ ယခုအခါ၌ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော "ယံ စေ သဝိတက္ကံ သဝိစာရံ၊ ယံ စေ အဝိတက္ကံ အဝိစာရံ၊ ယေ အဝိတက္ကေ အဝိစာရေ၊တေ ပဏီတတရေ"-ဟူသော ပါဠိတော်

မြတ်၌ ယံ စေ သဝိတက္ကံ သဝိစာရံ-အစရှိသော စကားကို အကျယ်အားဖြင့် အဓိပ္ပါယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ယံ စေ သဝိတက္ကံ သဝိစာရန္တိ-အစရှိသည်ကို မိန့်တော်မူပါသည်။

ထိုစကားရပ်၌ ဝိတက်ဝိစာရနှင့် တကွဖြစ်သော ဒေါမနဿကို အကယ် ၍ သိရှိခဲ့ဦးအံ့-ဟူ၍ ဆိုအပ်သော ပါဠိတော်မြတ်၌ နှစ်ပါးအပြားရှိသော ထိုဒေါမနဿတွင်လည်း အိမ်၌မှီသော အာရုံငါးပါးကို မှီ၍ဖြစ်သော နှလုံး မသာယာမှုဟု ဆိုအပ်သော ဒေါမနဿသည်သာလျှင် ဝိတက် ဝိစာရတို့နှင့် တကွဖြစ်သော ဒေါမနဿမည်၏၊ အကုသိုလ်တရား, နိဝရဏတရားတို့ကို နှစ်စေသည်၏ အစွမ်းအားဖြင့်ငင်း ဝိပဿနာ၏ အစွမ်းအားဖြင့်ငင်း အနုဿတိ ၏ အစွမ်းအားဖြင့်ငင်း ပဌမစျာန် ဒုတိယစျာန်တို့၏ အစွမ်းအားဖြင့်ငင်း ဖြစ် သော နှလုံးမသာယာမှု ဟုဆိုအပ်သော ဒေါမနဿသည် ဝိတက် ဝိစာရမရှိ သော ဒေါမနဿမည်၏၊ ဤသို့ သိအပ်၏ဟု ဖွင့်ပြပါသည်။

မုချအားဖြင့်ကား ဝိတက် ဝိစာရမရှိသော ဒေါမနဿ တရားမည်သည် မရှိ၊ မှန်၏။ ဒေါမနဿိန္ဒြေသည် တခုသော အဘိုအားဖြင့် အကုသိုလ်သည် သာလျှင်ငင်း ဝိတက် ဝိစာရနှင့်တကွဖြစ်သည်သာလျှင်ငင်း ဖြစ်၏၊ ဤရဟန်း အား မှတ်ထင်ခြင်း၏ အစွမ်းအားဖြင့် ဝိတက်ဝိစာရနှင့်တကွ ဖြစ်သည် ဟူ၍ ငင်း ဝိတက်ဝိစာရနှင့်တကွ မဖြစ်ဟူ၍ငင်း ဆိုအပ်ပါ၏။

မှတ်သားအပ်သော နည်း

ထိုဆိုအပ်သော စကားရပ်၌ ဤဆိုလတ္တံ့သည်ကား မှတ်သားအပ်သော နည်းပါတည်း၊ ဤမြဘ်စွာဘုရား သာသနာတော်၌ ရဟန်းသည် နှလုံးမသာ ယာခြင်း ဒေါမနဿ၏ အကြောင်းဖြစ်၍ဖြစ်ကုန်သော ဝိတက် ဝိစာရနှင့်တကွ ဖြစ်ကုန်သော တရားတို့ကိုငင်း ဝိတက်ဝိစာရနှင့်တကွ မဖြစ်ကုန်သော တရား တို့ကိုငင်း နှလုံးမသာယာခြင်းတည်းဟူသော ဒေါမနဿဟူသော အကြောင်း ကြောင့်သာလျှင် ဖြစ်ပေါ်ကုန်သော မဂ်ဖိုလ်တရားတို့ကိုငင်း သူတပါးတို့၏ အကျင့်ကို မြင်သည်၏ အစွမ်းအားဖြင့် ဒေါမနဿဟု မှတ်ယူ၍—

ကဒါ နု ခေါ မေ သဝိတက္ကသဝိစာရဒေါမနဿော ဝိပဿနာ ပဌပိတာ ဘဝိဿတိ၊ ကဒါ အဝိတက္ကအဝိစာရဒေါမနဿောတိစ ကဒါ နု ခေါ မေ သဝိ-

တာ်ကသဝိစာရဒေါမနဿ ဖလသမာပတ်တိ နိဗ္ဗတ်တိတာ ဘဝိဿတိ၊ကဒါ အဝိတက်က အဝိစာရဒေါမနဿဖလသမာပတ်တိတိ စိန္တေတွာ-ဤသို့ အစရှိသည်ဖြင့် အထူးကို ဖွင့်ပြပါသည်။

အဟံ၊ ငါသည်။ ကဒါ၊ ဘယ်မျှ ကြာ၍ ဘယ်အခါကာလကျကာမှ။ သဝိတက်က သဝိစာရဒေါမနဿေ၊ ဝိတက်ဝိစာရနှင့်တကွဖြစ်သော နှလုံးမသာယာမှု၌။ မေ၊ ငါ့အား။ ဝိပဿနာ၊ ဝိပဿနာတရားသည်။ ပဋ္ဌပိတာ၊ ဖြစ်စေအပ်သည်။ ဘဝိဿတိ နု ခေါ၊ ဖြစ်လတ္တံ့နည်း။ ကဒါ၊ ဘယ်မျှ ကြာ၍ ဘယ်အခါကာလကျကာမှ။ အဝိတက်က အဝိစာရဒေါမနဿေ၊ ဝိတက်ဝိစာရ မရှိသော နှလုံးမသာယာမှုဟု ဆိုအပ်သော ဒေါမနဿ၌။ ဝိပဿနာ၊ ဝိပဿနာတရားသည်။ ပဋ္ဌပိတာ၊ ဖြစ်စေအပ်သည်။ ဘဝိဿတိ နု ခေါ၊ ဖြစ်ပါလတ္တံ့နည်း။ ဣတိစ ဤသို့ဎင်း ။ကဒါ၊ ဘယ်မျှ ကြာ၍ ဘယ်အခါကာလကျကာမှ။ မေ၊ ငါ့အား။ သဝိတက်က သဝိစာရဒေါမနဿဖလသမာပတ်တို၊ ဝိတက်ဝိစာရနှင့်တကွဖြစ်သော နှလုံးမသာယာမှုဟုဆိုအပ်သော ဖလသမာပတ်သည်။ နိဗ္ဗတ်တိတာ၊ ဖြစ်စေအပ်သည်။ ဘဝိဿတိ နု ခေါ၊ ဖြစ်ပါလတ္တံ့နည်း။ ကဒါ၊ ဘယ်မျှကြာ၍ ဘယ်အခါကာလကျကာမှ။ အဝိတက်က အဝိစာရဒေါမနဿ-ဖလသမာပတ်တို၊ ဝိတက်ဝိစာရ မရှိသော နှလုံးမသာယာမှုဟု ဆိုအပ်သော ဖလသမာပတ်သည်။ နိဗ္ဗတ်တိတာ၊ ဖြစ်စေအပ်သည်။ ဘဝိဿတိ နု ခေါ၊ ဖြစ်ပါလတ္တံ့နည်း။

အရဟတ္တဖိုလ်ရနိုင်ခဲ၍ နှလုံးမသာယာပုံ

ဤသို့ ကြံစည်၍ သုံးလကာလပတ်လုံးဎင်း ခြောက်လကာလပတ်လုံးဎင်း ကိုးလကာလပတ်လုံးဎင်း အကျင့်ကိုယူ၍ ကျင့်ပါ၏။ သုံးလကာလပတ်လုံးကိုယူ၍ ရှေးဦးစွာသော လ၌ ရှေးဦးစွာသော ပဋမယံ ကာလပတ်လုံးတရားကို လုံးပမ်းကြိုးကုတ် အားထုတ် ခဲ့၏။ မဇ္ဈိမယံ, ပစ္ဆိမယံဟု ဆိုအပ်သော တည တညအဘို့ နှစ်ညတို့ကာလပတ်လုံး အိပ်ပျော်ခြင်း၏ အခွင့်ကိုပြုခဲ့၏၊ အလယ်ဖြစ်သောလ၌မူကား ပဋမယံနှင့် မဇ္ဈိမယံတို့ကာလပတ်လုံး တရားကို အားထုတ်ခဲ့၏။ တခုသောယံ ကာလပတ်လုံးသာလျှင် အိပ်ပျော်ခြင်း၏ အခွင့်ကို ပြုခဲ့၏၊ သုံးလတို့တွင် နောက်ဆုံးဖြစ်သော လ၌ စကြံလျှောက်ခြင်း ထိုင်ခြင်းဖြင့်သာလျှင် ဣရိယာပုထ်ကို မျှတ၍ တရားအားထုတ်၏၊ ဤသို့အားထုတ်ခြင်းအားဖြင့် အရဟတ္တဖိုလ်သို့ အကယ်၍ ရောက်ခဲ့

သည် ဖြစ်ဋ္ဌြားအံ့၊ ဤသို့အားထုတ်ခြင်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်ခြင်း သည် ကောင်းမြတ်လှပါ!ပေ၏၊ အကယ်၍ မရောက်ခဲ့မူကား အထူးပြု၍ ခြောက်လတို့ကာလပတ်လုံး အကြင်တရားကိုယူ၍ အားထုတ်ပြန်၏၊ ထို ခြောက်လ ကာလတွင်လည်း နှစ်လနှစ်လသော လတို့ပတ်လုံး ဆိုအပ်ခဲ့ပြီး သော နည်းအားဖြင့် ကျင့်ကြံကြိုးကုတ်အားထုတ်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစ္ဆမ်းနိုင်သည်ဖြစ်၍ အထူးပြု၍ ကိုးလတို့ကာလပတ်လုံး တရားကို အားထုတ်ပြန်၏၊ ထိုကိုးလတို့တွင်လည်း သုံးလသုံးလတို့ ကာလ ပတ်လုံး ထိုရှေးဆိုခဲ့ပြီးသော နည်းအတိုင်းသာလျှင် ကျင့်ကြံကြိုးကုတ် အား ထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်ခြင်းငှါ မစ္ဆမ်းနိုင်သော ရဟန်းအား—

နံ လဒ္ဓံ ဝတ မေ သဗြဟ္မစာရီဟိ သဒ္ဓိ ံ ဝိသုဒ္ဓိပဝါရဏံ ပဝါရေတုန္တိ အာဝဇ္ဇတော ဒေါမနဿံ ဥပ္ပဇ္ဇတိ၊ အဿုဓာရာ ပဝတ္တန္တိ ဂါမန္တ ပဇ္ဇာရ-ဝါသိ မဟာသီဝတ္ထေရဿ ဝိယ။

မော၊ ငါ့အား။ သဗြဟ္မစာရီဟိ၊ သဒ္ဓိ ံ၊ တက္ခ။ ဝိသုဒ္ဓိပဝါရဏံ၊ ရဟန္တာအစစ်ဖြင့် ပဝါရဏာ ဘိတ်ကြားခြင်းဟု ဆိုအပ်သော ဝိသုဒ္ဓိပဝါရဏာကို။ ပဝါရေတုံ၊ ဘိတ်ကြားခြင်းငှါ။ နံ လဒ္ဓံဝတ၊ မရအပ်လေစ့တကား။ ဣတိ၊ ဤသို့။ အာဝဇ္ဇတော၊ သုံးသပ်ဆင်ခြင်သော ရဟန်းအား။ ဒေါမနဿံ၊ နှလုံးမသာယာမှုသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဂါမန္တပဇ္ဇာရ-ဝါသိ မဟာသီဝတ္ထေရဿ၊ ဂါမန္တပဇ္ဇာရ အရပ်၌ နေလေ့ရှိသော မဟာသီဝ မထေရ်ကြီး၏။ အဿုဓာရာ၊ မျက်ရည်အလျင်တို့သည်။ ပဝတ္တန္တိဝိယ၊ ဖြစ်ကြလေကုန်သကဲ့သို့။ အဿုဓာရာ၊ မျက်ရေအလျင်တို့သည်။ ပဝတ္တန္တိ၊ ဖြစ်ကြလေကုန်၏။

မဟာသီဝ မထေရ်ကြီး ဝတ္ထု

မဟာသီဝ မထေရ်ကြီး၏ အဋ္ဌုပ္ပတ္တိအကျယ်ကို ဆက်လက်၍ လျှောက်ထားပါဦးမည်။

မဟာသီဝမထေရ်ကြီးသည်ကား တဆဲ့ရှစ်ပါးသော ဂိုဏ်းကြီးတို့ကို စာပေပို့ချ၍ နေသော မထေရ်ကြီးဖြစ်ပါ၏၊ ထိုမထေရ်မြတ်၏ အဆုံး အမ၌ တည်၍ သုံးသောင်းကုန်သော မထေရ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကြပါကုန်၏။

ထိုအခါ၌ တပါးသော တပည့်ရဟန်းသည် ရှေးဦးစွာ ငါ၏ ကိုယ်တွင်း၌ ဂုဏ်ကျေးဇူးတို့သည် အတိုင်းအရှည် မရှိကြလေကုန်၊ ငါ၏ဆရာကြီး၏ သန္တာန်၌ ဂုဏ်ကျေးဇူးတို့သည် အဘယ်သို့ ရှိကြလေကုန်သနည်းဟု စဉ်းစားဆင်ခြင်လတ်သည်ရှိသော် ဆရာကြီး၏ပုထုဇဉ်အဖြစ်ကို သိမြင်သည်ဖြစ်၍——

အမှာက အာစရိယော အညေသ အဝဿယော ဟောတိ၊ အတ္တနော ဘဝိတုံ န သက္ကောတိ၊ ဩဝါဒမဿ ဒဿာမီတိ အာကာသေန ဂန္ဓာဝိဟာရသမီပေ ဩတရိတ္ဝာ ဒိဝါဋ္ဌာနေ နိသိန္နံ အာစရိယံ ဥပသင်္ကမိတ္ဝာ ဝတ္တံ ဒဿေတ္ဝာ ဧကမန္တံ နိသီဒိ။

အမှာကံ၊ ငါတို့၏။ အာစရိယော၊ ကျေးဇူးတော်ရင် ဆရာသခင်သည်။ အညေသံ၊ တပါးကုန်သော ပုဂ္ဂိုလ်တို့၏။ အဝဿယော၊ မှီခိုအားထားရာသည်။ ဟောတိ၊ ဖြစ်ခဲ့၏။ အတ္တနော၊ မိမိ၏။ အဝဿယော၊ မှီခိုအားထားရာသည်။ ဘဝိတုံ၊ ဖြစ်ခြင်းငှါ။ နသက္ကောတိ၊ မစွမ်းနိုင်ခဲ့တကား။ အဿ၊ ထိုကျေးဇူးရင် ဆရာမထေရ်မြတ်အား။ ဩဝါဒံ၊ အဆုံးအမကို။ ဒဿာမိ၊ ပေးလှူအံ့။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးပိုက်၍။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ ဂန္ဓာ၊ သွား၍။ ဝိဟာရသမီပေ၊ ကျောင်းအနီး၌။ ဩတရိတ္ဝာ၊ သက်ဆင်း၍ ။ ဒိဝါဋ္ဌာနေ၊ နေ့သန့်စင်ရာအရပ်၌။ နိသိန္နံ၊ ထိုင်နေသော။ အာစရိယံ၊ ကျေးဇူးတော်ရင် ဆရာသခင်ကို။ ဥပသင်္ကမိတ္ဝာ၊ အနီးအစပ်ချဉ်းကပ်ပြီး၍ ။ ဝတ္တံ၊ ရှိခိုးခြင်းအစရှိသော ဝတ်ကို။ ဒဿေတ္ဝာ-ပြပြီး၍။ ဧကမန္တံ၊ သင့်တင့်လျောက်ပတ်သော အရပ်၌၊ နိသီဒိ၊ ထိုင်နေပြီ။

အားလပ်ခွင့် မရှိသော မထေရ်ကြီး

မထေရ်မြတ်က၊——

ကိံ ကာရဏာ အာဂတောသိ ပိဏ္ဍပါတိကာတိ အာဟ။

ပိဏ္ဍပါတိက၊ ပိဏ္ဍပါတိကမထေရ်....။ တုံ၊ သင်သည်။ ကိံ ကာရဏာ၊ အဘယ်အကြောင်းကြောင့်။ အာဂတောသိ၊ လာရောက်သည်။ အသိ၊ ဖြစ်ပါသနည်း။ ဣတိ၊ ဤသို့။ အာဟ၊ မေးမြန်းတော်မူလေ၏။

အရှင်ဘုရား....၊ ဘုရားတပည့်တော်သည် တခုသော စောဒနာကို ယူအံ့ဟူ၍ လာရောက်ခြင်းဖြစ်ပါသည်။

ငါ့ရှင်....၊ အခွင့်ရလိမ့်မည် မဟုတ်ဟူ၍ မိန့်တော်မူ၏။

စီစစ်ခက်း ၂–၁၂

ထိုသို့ဖြစ်ခဲ့သော် အရှင်ဘုရား....ဝိတက္ကမာဋုက ဟုဆိုအပ်သော တရား စဉ်းစားကြံစည်ရာ ဘန်ဆောင်းဝန်း၌ တည်သော အခါကာလ၌ မေးပါရမေ ဘုရားဟူ၍ လျှောက်ထား၏။

ထို၌နောန်၌လည်း တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟု မိန့်တော်မူ၏။

အရှင်ဘုရား....၊ ဆွမ်းခံသွားသော လမ်းခရီး၌ မေးမြန်းပါရစေဟု လျှောက်ထားပြန်၏။

ထိုလမ်းခရီး၌လည်း တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟု မိန့်တော်မူ၏။

နှစ်ထပ်သော သင်းပိုင်ကို ဝတ်သောအခါကာလ၌၎င်း ဒုကူဋ္ဌသင်္ကန်း ကြီးကို ဝတ်ရုံသော အခါကာလ၌၎င်း သပိတ်ကိုထုတ်ဆောင်သော အခါ ကာလ၌၎င်း ရွာကိုဝင်သော အခါကာလ၌၎င်း လှည့်လည်ပြီး၍ ဆွမ်းစား စချပ်၌ ယာဂုကို သောက်သောအခါကာလ၌၎င်း မေးမြန်းပါရစေဘုရား ဟူ၍ လျှောက်ထား၏။

ငါ့ရှင်....၊ ထိုကာလတို့၌လည်း အဋ္ဌကထာ မထေရ်တို့သည် မိမိ၏ယုံမှား ကို မေးလျှောက်၍ ပယ်ဖျောက်ကြကုန်၏ဟု မိန့်တော်မူ၏။

အရှင်ဘုရား....၊ ထိုသို့ဖြစ်ခဲ့သော် ရွာတွင်းမှထွက်သောအခါကာလ၌ မေးပါရစေဘုရားဟူ၍ လျှောက်ထား၏။

ငါ့ရှင်....၊ ထိုအခါကာလ၌လည်း တပါးသော ပုဂ္ဂိုလ်တို့သည် မေးမြန်း ကြကုန်၏။

ထိုသို့ဖြစ်ခဲ့သော်....အရှင်ဘုရား.... လမ်းခရီးအကြား၌ မေးမြန်းပါရစေ ဘုရား။ ဆွမ်းစားစရပ်၌ ဆွမ်းကိစ္စပြီးဆုံးသည်၏ ကာလ၌ မေးမြန်းပါရစေ ဘုရား။ နေ့သန့်စင်ရာအခါကာလ၌၎င်း၊ ခြေထောက်ကို ဆေးကြောရာ အခါကာလ၌၎င်း၊ မျက်နှာကိုသစ်တော်မူရာ အခါကာလ၌၎င်း မေးမြန်း ပါရစေဘုရားဟူ၍ လျှောက်ထား၏။

ငါ့ရှင်၊ ထိုအခါကာလ၌လည်း တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟူ၍ မိန့်တော်မူ၏၊ ထိုအခါမှစ၍ အရဏ်တက်သည်တိုင်အောင် တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟူ၍ မိန့်တော်မူ၏။

ဒန်ပူကိုခဲစားပြီး၍ မျက်နှာကိုသစ်အံ့သော အကျိုးငှါ သူးသော အခါကာလ၌ မေးပါရစေဘုရား ဟူ၍ လျှောက်ထားပြန်၏။

ထိုအခါ၌လည်း တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟူ၍ မိန့်တော်မူ၏။

မျက်နှာသစ်ပြီး၍ ပြန်လာသောအခါကာလ၌ မေးပါရစေဘုရားဟူ၍ လျှောက်ထားပြန်၏။

ထိုအခါ ကာလ၌လည်း တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟူ၍ မိန့်တော်မူ၏။

ကျောင်းတွင်းသို့ဝင်၍ ထိုင်နေသော အခါကာလ၌ မေးပါရစေဘုရား ဟူ၍ လျှောက်ထား၏။

ထိုအခါ ကာလ၌ တပါးကုန်သော ပုဂ္ဂိုလ်တို့သည် မေးမြန်းကြကုန်၏ ဟူ၍ မိန့်တော်မူ၏။

အရှင်ဘုရား....၊ မျက်နှာသစ်ပြီး၍ ကျောင်းတွင်းသို့ဝင်၍ တင်ပလ္လင်နှစ်ခွေ သုံးခွေတို့ကာလပတ်လုံး ကိုယ်ဌေးကို ယူပြီး၍ အသင့်အတင့် တရားကိုနှလုံးသွင်းရာ၌ အမှုလုပ်ငန်းကို ပြုလုပ် အားထုတ်ကြသော အရှင်ဘုရားတို့အား အခွင့်ပြုခြင်းဖြင့် ဖြစ်သင့်သည်မဟုတ်ပါလားဘုရား၊ ထိုကဲ့သို့ဖြစ်လျှင် အရှင်ဘုရားတို့သည် သေသောခဏကိုလည်း မရကြကုန်လတ္တံ့ပါဘုရား။

သတိတရား ဖြစ်စေခြင်း

အရှင်ဘုရား....၊ အရှင်ဘုရားတို့သည် မိုရာပျဉ်ချပ်နှင့် တူကြပါကုန်ပြီ၊ သူတပါးတို့ မိုရာကား အရှင်ဘုရားတို့ ဖြစ်ကြပါကုန်သည်၊ မိမိ၏ မိုခိုရာကား မဖြစ်ကြပါကုန်တကား။

နေ တေ တုမ္ဟာကံ အနုမောဒနာယ အတ္ထောတိ အာကာသေ ဥပ္ပတိတ္ဝာ အဂမာသိ။

တုမ္ဟာကံ၊ အရှင်ဘုရားတို့လို မထေရ်မျိုးတို့၏။ အနုမောဒနာယ၊ အနုမောဒနာဟု ဆိုအပ်သော ဝမ်းမြောက်စရာတရားစကားကို ဟောကြားခြင်း

ဖြင့်။ မေ၊ တပည့်တော်အား။ နအတ္ထော၊ အလိုမရှိပါပြီ၊ ဣတိ၊ ဤသို့။ အာကာသေ၊ ကောင်းကင်ထက်သို့။ ဥပ္ပတိတ္ဝာ၊ ပျံတက်၍ ။ အဂမာသိ၊ ကြွတော်မူလေပြီ။

အရဉ္ဉဝါသီ ခိုလှုံခြင်း

ထိုအခါ၌ မထေရ်မြတ်က——

ဣမဿ ဘိက္ခုနော ပရိယတ္တိယာ ကမ်မံ နတ္ထိ၊ မယှံ ပန အာဏံသကော ဘဝိဿာမိတိ အာဂတောတိ ဉတ္ဝာ ဣဒါနိ ဩကာသော နဘဝိဿတိ၊ ပစ္ဆာသကာလေ ဂမိဿာမိတိ ပတ္တစီဝရံ သမိပေ ကတ္ဝာ သဗ္ဗံ ဒိဝသဘာဂံ ပဌမယာမ မဇ္ဈိမယာမဉ္စ ဓမ္မံ ဝါစေတ္ဝာ ပစ္ဆိမယာမေ ဧကဿိံ ထေရေ ဉဒ္ဒေသံ ဂဟေတ္ဝာ နိက္ခန္တေ ပတ္တစီဝရံ ဂဟေတ္ဝာ တေနေဝ သဒ္ဓိံ နိက္ခန္တော။ အစရှိသည်ဖြင့် ဖွင့်ပြ ပါသည်ဘုရား။

ဣမဿ ဘိက္ခုနော၊ ဤရဟန်းအား။ ပရိယတ္တိယာ၊ ကျမ်းဂန်သင်ခြင်း အလုပ်ဖြင့်။ ကမ်မံ၊ အမှုကိစ္စသည်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်သော်တမူကား။ မယှံ၊ ငါ၏။ အာဏံသကော၊ ချန်းအုပ်တဲ့ပုဂ္ဂိုလ်သည်။ ဘဝိဿာမိ၊ ဖြစ်တော့အံ့။ ဣတိ၊ ဤသို့။ အာဂတောတ၊ လာခဲ့၏။ ဣတိ၊ ဤသို့။ ဉတ္ဝာ၊ သိ၍။ ဣဒါနိ၊ ယခုအခါ၌။ ဩကာသော၊ အခွင့်သည်။ နဘဝိဿတိ၊ မဖြစ်တော့လတ္တံ့ ။ပစ္ဆာသသမယေ၊မိုးသောက်ထနီး လင်းအားကြီးသော အခါကာလ၌။ ဂမိဿာမိ၊ သွားတော့အံ့။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။သမိပေ၊ အနီး၌။ ကတ္ဝာ၊ ထားသည်ကိုပြု၍။ သဗ္ဗံ ဒိဝသဘာဂံ၊ အလုံးစုံသော နေ့အဘို့ကာလပတ်လုံးဌင်း။ ပဌမယာမမဇ္ဈိမယာမဉ္စ၊ ပဌမယံ မဇ္ဈိမယံ ကာလပတ်လုံးဌင်း။ ဓမ္မံ၊ တရားကို။ ဝါစေတ္ဝာ၊ ပို့ချပြီး၍။ ပစ္ဆိမယာမေ၊ နောက်ဆုံးဖြစ်သောယံ၌။ ဧကဿိံ ထေရေ၊ တပါးသော မထေရ်မြတ်သည်။ ဉဒ္ဒေသံ၊ပါဠိသင်ခြင်းကို။ ဂဟေတ္ဝာ၊ ယူ၍။နိက္ခန္တေ၊ ထွက်လတ်သည်ရှိသော်။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂဟေတ္ဝာ၊ ယူ၍။ တေနေဝ၊ ထိုပါဠိသင်သော မထေရ်နှင့်သာလျှင်။ သဒ္ဓိံ ၊ အဘူတက္ခ၊ နိက္ခန္တော၊ ထွက်ကြွတော်မူခဲ့လေပြီ။

နိသိန္နအန္တေဝါသိကော၊ အနီး၌ ထိုင်နေကြကုန်သော တပည့်တို့သည်။ အာစရိယော၊ ဆရာသည်။ ကေနစိပပဉ္စေန၊ တစုံတခု ကျယ်ဝန်းသော အမှု

ကိစ္စဖြင့်။ နိက္ခန္တော၊ ထုတ်သွား၏။ ဣတိ၊ ဤသို့။ မညိ ံသူ၊ မှတ်ထင်ကြလေကုန်၏။ နိက္ခန္တော၊ ထုတ်သွားသော။ ထေရော၊ မထေရ်က။ ကောစိဒေဝသမာနာစရိယကဘိက္ခူတို၊ တစုံတယောက်သော ဆရာတူ ရဟန်းဟူ၍။ သညံ၊ အမှတ်သညာကို။ အကာသိ၊ ပြုတော်မူပြီ။

မဟာသီဝ မထေရ်ကြီး တောထုတ်သွားသည်၏ အဖြစ်ကို ရဟန်းတပါးမျှ မသိလိုက်ဟု ဆိုလိုပါသည်။

မထေရ်မြတ်ကြီး၏ စိတ်အထင်

မထေရ်ကြီးသည် မာဒိသဿ အရဟတ္တံ နာမ ကိ ံ၊ ဒဋ္ဌဟတိဟေနေဝ ပါပုဏိတ္ဝာ ပစ္စာဂမိဿာမီတိ။ မာဒိသဿ၊ ငါကဲ့သို့ ရှုအပ်သော သဘောရှိသော ပုဂ္ဂိုလ်အား။ အရဟတ္တံနာမ၊ အရဟတ္တဖိုလ်မည်သည်။ ကိ ံ၊ အသို့နည်း။ ဒဋ္ဌဟတိဟေနေဝ၊ နှစ်ရက် သုံးရက်ဖြင့်သာလျှင်။ ပါပုဏိတ္ဝာ၊ အရဟတ္တဖိုလ်သို့ ရောက်ပြီး၍။ ပစ္စာဂမိဿာမိ၊ တဖန်ပြန်လာတော့အံ့။ ဤသို့ နှလုံးသွင်း၍ အနီးနေတပည့်တို့အား မပြောကြားမူ၍ သာလျှင် ဝါဆိုလပြည့်လဆန်းပက္ခ တဆဲသုံးရက်နေ့၌ ထုတ်တော်မူလျက် ဂါမန္တပဇ္ဇာရ အရပ်သို့သွား၍ စကြံ ံသို့တက်၍ ကမ္မဋ္ဌာန်းတရားကို နှလုံးသွင်း အားထုတ်တော်မူသည်ရှိသော် ထိုနေ့ကာလပတ်လုံး အရဟတ္တဖိုလ်ကို ယူခြင်းငှါ မစွမ်းနိုင်ခဲ့ပါပြီ၊ ဥပုသ်နေ့ ရောက်လတ်သည်ရှိသော်—

ဒဋ္ဌဟတိဟန၊ နှစ်ရက် သုံးရက်မျှဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှိဿာမီတိ၊ ယူအံ့ဟူ၍။ အာဂတော၊ လာခဲ့၏။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဟေတုံ၊ ယူခြင်းငှါ။ နာသက္ခိ၊ မစွမ်းနိုင်ခဲ့တကား။ တယောမာသေပန၊ သုံးလတို့ကာလပတ်လုံးငင်း။ တိဏိဒိဝသာနိဝိယ၊ သုံးရက်တို့ကဲ့သို့။ ယာဝ မဟာပဝါရဏာ၊ သီတင်းကျွတ်လပြည့်မဟာပဝါရဏာ ပြုသည်တိုင်အောင်။ တာဝဝ၊ ထိုမျှလောကသော ကာလပတလုံး။ ဇာနိဿာမ၊ သရတော့အံ့။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ ဝဿံ၊ ဝါသို့။ ဥပဂန္တွာပိ၊ ကပ်ရောက်ပြီး၍လည်း။ ဝါ၊ ဝါဆိုပြီး၍လည်း။ ဂဟေတုံ၊ အရဟတ္တဖိုလ်ကို ယူခြင်းငှါ။ နာသက္ခိ၊ မစွမ်းနိုင်ခဲ့ပါပြီ။

ပဝါရဏာဒိဝသေ၊ သီတင်းကျွတ်လပြည့် မဟာပဝါရဏာပြုသောနေ့၌။ စိန္တေသိ၊ မထေရ်မြတ်က ကြံစည်ပြန်၏။ အဟံ၊ ငါသည်။ ဒဋ္ဌဟတိဟန၊ နှစ်ရက် သုံးရက်ဖြင့်။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ ဂဏှိဿာမီတိ၊ ယူအံ့

ဟူ၍။ အာဂတော၊ လာခဲ့၏။ တေမာသေနာပိ၊ သုံးလကာလဖြင့်လည်း။ နာသက္ခိံ၊ ယူခြင်းငှါ မစွမ်းနိုင်ခဲ့ပြီ။ ပန၊ သို့သော်လည်း။ သဗြဟ္မစာရိနော၊ သီတင်းသုံးဘော်တို့သည်။ ဝိသုဒ္ဓိပဝါရဏံ၊ ရဟန္တာအဖြစ်ဖြင့် ဘိတ်ကြားခြင်းဟု ဆိုအပ်သော ဝိသုဒ္ဓိပဝါရဏာကို။ ပဝါရေန္တိ၊ ဘိတ်ကြားတော်မူကြကုန်ပြီ။

မျက်ရည်တွေ ယိုစီးလာခြင်း

ဤသို့ ကြုံစည်သော ထိုမဟာထေရ်မြတ်အား မျက်ရည်အလျင်တို့သည် စီးဆင်း၍ လာကြပါကုန်သည်။

တတော "နမဉ္ဇေ မယှံ စတူဟိ ဣရိယာပထေဟိ မဂ္ဂဖလံ ဥပ္ပဇ္ဇိဿတိ အရဟတ္တံ အပတ္ဒာ နေဝ မဉ္ဇေ ပိဋ္ဌိံ ပသာရေဿာမိ၊ နပါဒေ ဓောဝိဿာမီတိ မဉ္ဇံ ဥဿာပေတ္ဒာ ဌပေသိ။

တတော၊ ထိုအခါမှစ၍။ မယှံ၊ ငါ၏။ မဉ္ဇေ၊ ညောင်စောင်း၌။ စတူဟိ၊ လေးပါးကုန်သော။ ဣရိယာပထေဟိ၊ ဣရိယာပုထ်တို့ဖြင့်။ မဂ္ဂဖလံ၊ မဂ်ဖိုလ်သည်။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ အပတ္ဒာ၊ မရောက်သည်ရှိသော်။ မဉ္ဇေ၊ ညောင်စောင်း၌။ ပိဋ္ဌိံ၊ ကျောကို။ နေဝပသာရေဿာမိ၊ မဆန့်တော့အံ့။ ပါဒေ၊ ခြေတို့ကို။ နဓောဝိဿာမိ၊ မဆေးတော့အံ့။ ဣတိ၊ ဤသို့။ မဉ္ဇံ၊ ညောင်စောင်းကို။ ဥဿာပေတ္ဒာ၊ ထောင်၍။ ဌပေသိ၊ ထားလေပြီ။

နောက်ထပ်တဖန် ဝါတွင်းသို့ ရောက်ပြန်၏၊ အရဟတ္တဖိုလ်ကို ယူခြင်းငှါ မစွမ်းနိုင်ခဲ့သည်သာလျှင်တည်း၊ ဤကဲ့သို့ မစွမ်းနိုင်ခဲ့သော် နှစ်ဆယ်နှင့် ကိုးခုကုန်သော ဝါတွင်းကာလပတ်လုံးတို့၌ဌင်း၊ နှစ်ဆဲ့ကိုးခုကုန်သော ပဝါရဏာနေ့တို့၌ မျက်ရည် အလျင်တို့သည် စီးဆင်း၍ လာကြရကုန်၏၊ ရွာသူသားငယ်တို့သည် မထေရ်ကြီး၏ ခြေထောက်တို့၌ ကဲ့အက်သော အရာဌာနတို့ကို စူးတို့ဖြင့် ချုပ်စပ်ကြကုန်၏၊ ရယ်ရှင်မြူးထူးခြင်းကို ပြုကြကုန်သော်လည်း အရှင်မဟာသီဝ မထေရ်ကြီး၏ ခြေထောက်ကဲ့သကဲ့သို့ ကဲ့ပါစေကုန်သတည်းဟု ရယ်ရှင်မြူးထူးခြင်းကို ပြုကြကုန်ပြီ။

အနှစ်သုံးဆယ် ကြာသည့်အခါ

မထေရ်ကြီးသည် အနှစ်သုံးဆယ်မြောက်သော ပဝါရဏာနေ့၌ မှီရာပျဉ်ချပ်၌ မှီ၍ ရပ်လျက်——

ဣဒါနိ မေ တိ ံသဝဿာနိ သမဏဓမ္မံ ကရောန္တဿ၊ နာသက္ခိ ံ အရဟာတ္တံ ပါပုဏိတုံ၊ အဒ္ဓါ မေ ဣမသ္မိ ံ အတ္တဘာဝေ မဂ္ဂါဝါ ဖလံဝါ နတ္ထိ၊ န မေ လဒ္ဓံ သဗြဟ္မစာရီဟိ သဒ္ဓိ ံ ဝိသုဒ္ဓိပဝါရဏံ ပဝါရေတုန္တိ စိန္တေသိ။

ဣဒါနိ၊ ယခုအခါ၌။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကရောန္တဿ၊ အား ထုတ်သော။မေ၊ငါ့အား။ တိ ံသဝဿာနိ၊ အနှစ်သုံးဆယ်တို့ ရှိကြလေကုန်ပြီ။ အရဟာတ္တံ၊ အရဟာတ္တဖိုလ်သို့။ ပါပုဏိတုံ၊ ရောက်ခြင်းငှါ။ နာသက္ခိ ံ၊ မစွမ်း နိုင်ခဲ့လေပြီတကား။ အဒ္ဓါ၊ မချွတ်ကေန် အမှန်စင်စစ်။ မေ၊ ငါ့အား။ ဣမသ္မိ ံ အတ္တဘာဝေ၊ ဤခန္ဓာကိုယ် အတ္တဘောဂ၏ အဖြစ်၌။ မဂ္ဂါဝါ၊ မဂ်တရားသည်ငှင်း။ ဖလံဝါ၊ ဖိုလ်တရားသည်ငှင်း။ နတ္ထိ၊ မရှိ။ မေ၊ ငါ့အား။ သဗြဟ္မစာရီဟိ၊ သီတင်းသုံးဘော်တို့နှင့်။သဒ္ဓိ ံ၊အတူတကွ။ ဝိသုဒ္ဓိပဝါရဏံ၊ ရဟန္တာအဖြစ်ဖြင့် ဘိတ်ကြားခြင်းဟူ ဆိုအပ်သော ဝိသုဒ္ဓိပဝါရဏာကို။ ပဝါရေတုံ၊ ဘိတ်ကြား ခြင်းငှါ။ နလဒ္ဓံ၊ မရအပ်ခဲ့လေတကား။ ဣတိ၊ ဤသို့။ စိန္တေသိ၊ ကြံစည်တော် မူလေပြီ။

နတ်သမီးက ပြက်ရယ်ပြုခြင်း

ဤသို့ ကြံစည်သော မထေရ်ကြီးအား နှလုံးမသာမယာခြင်းဟူ ဆိုအပ် သော ဒေါမနဿသည် ဖြစ်လေတော့၏၊ မျက်ရည်အလျှင်တို့သည် စီးဆင်း၍ လာကြလေကုန်တော့၏။

ထိုအခါ အနီးအနား၌ တယောက်သော နတ်သမီးသည် ငိုကြွေးလျက် တည်လာ၏။

ဤအရပ်၌ ငိုကြွေးနေသော သူကား အဘယ်သူနည်း ဟူ၍ မထေရ်မြတ် က မေးတော်မူ၏။

အရှင်ဘုရား....၊ဘုရားတပည့်တော်မသည် နတ်သမီးပါဘုရား ဟူ၍ လျှောက်ထား၏။

အသင် နတ်သမီးသည် အဘယ့်ကြောင့် ငိုကြွေးရလေဘိသနည်း ဟူ၍ မေးတော်မူ၏။

အရှင်ဘုရား....၊ ငိုကြွေးခြင်းဖြင့် မဂ်ဖိုလ်ကို ဖြစ်စေအပ်၏၊ ဒါကြောင့် ငိုကြွေးသဖြင့် တပည့်တော်လဲဘဲ မဂ်တပါးကိုရင်း မဂ်နှစ်ပါးကိုရင်း မဂ်ဖိုလ်တို့ကိုရင်း ဖြစ်စေအံ့ ဟူ၍ ငိုကြွေးပါသည် ဘုရား ဟူ၍ လျှောက်ထားလေ၏။

ပဋိသမ္ဘိဒါပတ္တ ရဟန္တာဖြစ်ခြင်း

ထိုအခါမှ စ၍ မထေရ်မြတ်သည်—

ဘော မဟာသီဝတ္ထေရ ဒေဝတာပိ တယာ သဒ္ဓိံ ကေဋ္ဌိံ ကရောန္တိ၊ အနုစ္ဆဝိကံ နု ခေါ တေ ဧတန္တိ ဝိပဿနံ ဝဇ္ဇေတ္ဝာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ အဂ္ဂဟေသိ။ သော ဣဒါနိ နိပဇ္ဇိဿာမီတိ သေနာသနံ ပဋိဇဂ္ဂိတ္ဝာ မဥ္ဇကံ ပညပေတ္ဝာ ဥဒကဋ္ဌာနေ ဥဒကံ ပစ္စုပဋ္ဌပေတ္ဝာ ပါဒေ ဓောဝိဿာမီတိ သောပါနဖလကေ နိသီဒိ။

ဘော မဟာသီဝတ္ထေရ၊ အို မဟာသီဝမထေရ်....။ ဒေဝတာပိ၊ နတ်တို့သည်လည်း။ တယာ၊ သင်နှင့်။သဒ္ဓိံ၊ တကွ။ကေဋ္ဌိံ ကရောန္တိ၊ ရယ်မြူးခြင်းကို ပြုကြကုန်၏။ တေ၊ သင့်အား။ ဧတံ၊ ဤကဲ့သို့ ငိုကြွေး၍ နေခြင်းသည်။ အနုစ္ဆဝိကံ နုခေါ၊ သင့်တင့်လျောက်ပတ်ပါသလော။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ ဝိပဿနံ၊ ဝိပဿနာတရားကို။ ဝဇ္ဇေတ္ဝာ၊ ပွါးစေ၍။ ပဋိသမ္ဘိဒါဟိ၊ အတ္ထဓမ္မအစရှိကုန်သော ပဋိသမ္ဘိဒါလေးပါးတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်ကို။ အဂ္ဂဟေသိ၊ ယူတော်မူလေပြီ။ သော၊ ထိုမဟာသီဝမထေရ်ကြီးသည်။ ဣဒါနိ၊ ယခုအခါကာလ၌။ နိပဇ္ဇိဿာ-မိ၊ လျောင်းစက်ဦးအံ့။ ဣတိ၊ ဤသို့။ သေနာသနံ၊ ကျောင်းကို။ ပဋိဇဂ္ဂိတ္ဝာ၊ သုတ်သင်ရှင်းလင်း၍။ မဥ္ဇကံ၊ ညောင်စောင်းကို။ ပညပေတ္ဝာ၊ ခင်း၍။ ဥဒကဋ္ဌာနေ၊ ရေတည်ထားရာအရပ်၌။ ဥဒကံ၊ ရေကို။ ပစ္စုပဋ္ဌပေတ္ဝာ၊ တည်ထားပြီး၍။ ပါဒေ၊ ခြေတို့ကို။ ဓောဝိဿာမိ၊ ဆေးဦးအံ့။ ဣတိ၊ ဤသို့။ သောပါနဖလကေ၊ စောင်းတန်းပျဉ်ချပ်၌။ နိသီဒိ၊ ထိုင်တော်မူပြီ။

တပည့် သုံးသောင်းတို့ လာကြခြင်း

မထေရ်မြတ်၏ အနီးနေတပည့်တို့သည်လည်း ငါတို့၏ ဆရာကြီး၏ရဟန်းတရားကို အားထုတ်ခြင်းငှါ ထွက်သွားစဉ် အနှစ်သုံးဆယ်တို့ လွန်ကြကုန်ပြီ၊

အသို့နည်း၊ ဆရာကြီးသည် တရားအထူးကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ပါ၏လော၊ မစွမ်းနိုင်ဘဲ ရှိပါ၏လော ဟူ၍ စူးစမ်းဆင်ခြင်ကြကုန်သည် ရှိသော်—

အရဟာတ္တံ၊ အရဟာတ္တဖိုလ်သို့။ ပတ္တာ၊ ရောက်၍။ ပါဒဓောဝနတ္ထံ၊ ခြေဆေးခြင်း အကျိုးငှါ။ နိသိန္နော၊ ထိုင်နေ၏။ ဣတိ၊ ဤသို့။ ဒိဿာ၊ တွေ့မြင်ကြကုန်သည်ဖြစ်၍။ အမှာကံ၊ ငါတို့၏။ အာစရိယော၊ ဆရာကြီးသည်။ အမှာဒိသေသု၊ ငါတို့ကိုကဲ့သို့ ရှုအပ်သော သဘောရှိကုန်သော။ အန္တေဝါသိကေသု၊ အနီးနေ တပည့်တို့သည်။ တိဋ္ဌန္တေသု၊ ထင်ရှားတည်ရှိလတ်ကုန်သည် ရှိသော်။ အတ္တာနဉ္စ၊ မိမိကိုယ်တိုင်သာလျှင်။ ပါဒေ၊ ခြေတို့ကို။ ဓောဝိဿတိ၊ ဆေးကြောလတ္တံ့။ ဣတိဇေတံ၊ ဤကဲ့သို့ ဆေးကြောရခြင်းသည်။ အဋ္ဌာနံ၊ အကြောင်းမဟုတ်။ အဟံ၊ ငါသည်။ ဓောဝိဿာမိ၊ ဆေးကြောပေးအံ့။ အဟံ၊ ငါသည်။ ဓောဝိဿာမိ၊ ဆေးကြောပေးအံ့။ ဣတိ၊ ဤသို့။ တိဿ သဟာဿာနိပိ၊ သုံးသောင်းသော ရဟန္တာတို့သည်လည်း။ အာကာသေန၊ ကောင်းကင်ခရီးဖြင့်။ ဂန္ဓွာ၊ သွားကြကုန်၍။ ဝန္ဒိတ္ဝာ၊ မထေရ်မြတ်ကိုရှိခိုး၍။ ပါဒေ၊ ခြေတို့ကို။ ဓောဝိဿာမ၊ ဆေးပါကုန်အံ့ အရှင်ဘုရား။ ဣတိ၊ ဤသို့။ အာဟံသု၊ လျှောက်ထားကြလေကုန်ပြီ။ အာဝုသော၊ ငါ့ရှင်တို့....။ ဣဒါနိ၊ ယခုအခါ၌။ မမ၊ ငါ၏။ အဓောတာနံ၊ မဆေးအပ်ကုန်သော။ ပါဒါနံ၊ ခြေတို့၏။ တိဿဝဿာနိ၊ အနှစ်သုံးဆယ်တို့သည်။ ဟောန္တိ၊ ဖြစ်ကြလေကုန်ပြီ။ တုမ္ဟေ၊ သင်တို့သည်။ တိဋ္ဌထ၊ တည်နေကြကုန်လော့။ အဟမေဝ၊ ငါကိုယ်တိုင်သာလျှင်။ ဓောဝိဿာမိ၊ ဆေးကြောတော့အံ့။

ဣတိ သို့ မထေရ်မြတ်က မိန့်တော်မူ၏။

သိကြားလာပြီး ခြေဆေးပေးခြင်း

ဂါမန္တပဗ္ဘာရဝါသီ မထေရ်ကြီး၏ သုံးသောင်းကုန်သော ရဟန္တာတပည့်တို့သည် မထေရ်ကြီး၏ ခြေထောက်ကို ဆေးခွင့်မရကြသောအခါကာလ၌ သိကြားမင်းသည်လည်း ဆင်ခြင်လတ်သည်ရှိသော် ငါ၏ အရှင်ဖြစ်သော မဟာသီဝ မထေရ်မြတ်သည် အဟတ္တဖိုလ်သို့ ရောက်လတ်ပြီ၊ ခြေတော်တို့ကို ဆေးကြောအံ့-ဟူ၍ လာရောက်ကြကုန်သော သုံးသောင်း အုတိုင်းအရှည် ရှိကုန်သော အနီးနေတပည့်တို့အား ခြေတော်တို့ကို ဆေးကြောခြင်းငှါ အခွင့်မပေးလေ၊ သို့ရာတွင် ငါ့ကိုယ်ကိုကဲ့သို့ ရှုအပ်သော သဘောရှိသော အလုပ်

အကျွး ဒါယကာ သိကြားမင်းသည် ထင်ရှားတည်ရှိပါလျက် ငါ၏အရှင်မြတ်ဖြစ်သော မဟာသီဝမထေရ်ကြီးကိုယ်တိုင် ခြေတော်တို့ကို ဆေးကြောတော်မူလတ္တံ့သည်ကား မလျောက်ပတ်လှပေ၊ ငါသည် ခြေတော်တို့ကို ဆေးကြော၍ ပေးအံ့ဟု ဆုံးဖြတ်ခြင်းကိုပြု၍ သုဇာ အမည်ရှိသော နတ်မိဖုရားနှင့်တကွ ရဟန်းသံဃာ၏ အထံ၌ ထင်ရှားဖြစ်ပေါ်၍ လာလေ၏။

ထိုသိကြားမင်းသည် သုဇာအမည်ရှိသော အသုရာနတ် အမျိုးသမီးကို ခေါ်ကထား၍—

အပေထ ဘန္တေ မာတုဂါမောတိ ဩကာသံ ကာရေတွာ ထေရံ ဥပသင်္ကမိတွာ ဝန္ဒိတွာ ပုရတော ဥက္ကုဋ္ဌိကော နိသီဒိတွာ ပါဒေ ဓော-ဝိဿာမီတိ အာဟ။

ဘန္တေ၊ အရှင်ဘုရားတို့.... ။ မာတုဂါမော၊ ဒကာမကြီးပါတည်း။ အပေထ၊ ဖယ်ရှားတော်မူကြပါကုန်။ ဣတိ၊ ဤသို့။ ဩကာသံ၊ အခွင့်ကို။ ကာရေတွာ၊ ပြုစေ၍။ ထေရံ၊ မဟာသီဝ မထေရ်မြတ်ကို။ ဥပသင်္ကမိတွာ၊ ချဉ်းကပ်၍။ ဝန္ဒိတွာ၊ ရှိခိုး၍။ ပုရတော၊ ရှေ့က။ ဥက္ကုဋ္ဌိကော၊ ဆောင့်ကြောင့်။ နိသီဒိတွာ၊ ထိုင်၍။ ဘန္တေ၊ ကျေးဇူးတော်ရှင် အရှင်မြတ်ဘုရား.... ။ ပါဒေ၊ ခြေတော်တို့ကို။ ဓောဝိဿာမိ၊ ဆေးပါအံ့ဘုရား။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။

လူ၏အနှံကို နတ်မခံနိုင်

ထိုအခါ မဟာသီဝမထေရ်မြတ်က ကောသိယအနွယ်၌ ဖြစ်သော အိုသိကြားမင်း.... ။ဤယခုအခါ၌ မဆေးမကြောအပ်ကုန်သော ငါ၏ခြေတော်တို့အား အနှစ်သုံးဆယ်တို့ ရှိကြလေကုန်ပြီ၊ နတ်တို့အားလည်း ပကတိသဘောအားဖြင့် လူတို့၏ ခန္ဓာကိုယ် အနံ့ မည်သည် စက်ဆုပ်ဘွယ်ဖြစ်၏၊ ယူဇနာတရာ ရှိသော အရပ်၌ တည်နေကြကုန်သော နတ်တို့အားလည်း လည်ပင်း၌ ဆွဲခါတ်၍ ထားအပ်သော ခွေးသေကောင်ပုပ်ကဲ့သို့ ဖြစ်၏၊ ငါသည်သာလျှင် ငါ၏ ခြေတော်တို့ကို ဆေးအံ့ဟူ၍ မိန့်တော်မူပါသည်။

သီလ ရနံ့

အရှင်ဘုရား....ဤရနံ့မည်သည် မထင်ရှားတော့ပါ၊ သို့ရာတွင် အရှင်ဘုရားတို့၏ သီလရနံ့သည် ခြောက်ထပ်သော နတ်ပြည်လောကတို့သို့ ကျော်

လွန်၍ အထက်ဘဝ်သို့ ရောက်၍ တည်ရှိပါသည်ဘုရား၊ သီလတည်းဟူသော ရန့်ထက် တပါးသော ပို့လွန်သော ရန့်မည်သည် မရှိပါအရှင်ဘုရား၊ အရှင်ဘုရားတို့၏ သီလတည်းဟူသော ရန့်ကြောင့် တပည့်တော် လာရောက်ခဲ့ရပါသည်၊ ဤသို့ လျှောက်ထား၍ လက်ဝဲလက်ဖြင့် ခြေမျက်စိ အစပ်ကို ကိုင်၍ လက်ျာလက်ဖြင့် ခြေဖမိုးအပြင်ကို သုံးသပ်ဆေးကြောပါသည်၊ မထေရ်မြတ်၏ ခြေထောက်တို့သည်ကား သူငယ်ကလေး၏ ခြေထောက်ကဲ့သို့ ဖြစ်ပါကုန်သည်၊ သိကြားမင်းသည် မထေရ်မြတ်၏ ခြေတော်တို့ကို ဆေးကြောသုတ်သင်ပြီး၍ ရှိခိုးပြီး၍ နတ်ပြည်လောကသို့သာလျှင် ပြန်သွားပါသည်။

ဤသို့ "ငါသည် သီတင်းသုံးဘော်တို့နှင့် အတူတကွ ရဟန္တာအဖြစ်ဖြင့် ပဝါရဏာပြုခြင်း ဘိတ်ကြားခြင်းဟု ဆိုအပ်သော ဘိတ်ကြားခြင်းကို ဘိတ်ကြားခြင်းငှါ မရခဲ့လေတကား" ဟု သုံးသပ်ဆင်ခြင်သော ပုဂ္ဂိုလ်အားဖြစ်ပေါ်၍လာသော နှလုံးမသာယာခြင်းဟု ဆိုအပ်သော ဒေါမနဿကို အမှီပြု၍ ရဟန်း၏မှတ်ထင်သည်၏ အစွမ်းအားဖြင့် ဝိပဿနာတရား၏ အာရုံကိုငင်း ဝိပဿနာကိုငင်း မဂ်ကိုငင်း ဖိုလ်ကိုငင်း ဝိတက်ဝိစာရနှင့်ကတ္တ ဖြစ်သော နှလုံးမသာယာမှု ဒေါမနဿဟူ၍ငင်း ဝိတက်မရှိ ဝိစာရမရှိသော နှလုံးမသာယာမှု ဒေါမနဿဟူ၍ငင်း ဆိုအပ်ပါသည်၊ ဤသို့ သိအပ်၏ဟု အဋ္ဌကထာဆရာမြတ် မိန့်တော်မူပါသည်။

ထိုစကားရပ်၌ တပါးသော ရဟန်းသည် ဝိတက်ဝိစာရနှင့်တကွဖြစ်သော နှလုံးမသာယာမှုဟု ဆိုအပ်သော ဒေါမနဿတရား၌ အနိစ္စ ဒုက္ခ အနတ္တ ဟု ဆိုအပ်သော ဝိပဿနာကို ဖြစ်စေ၍ ဤနှလုံးမသာယာမှုဟုဆိုအပ်သော ဒေါမနဿသည် အဘယ်ကို မှီ၍ ဖြစ်လေသနည်း၊ ဤသို့ စူးစမ်းဆင်ခြင်လတ်သည်ရှိသော် ဟဒယဝတ္ထုကိုမှီ၍ ဖြစ်၏ဟု သိရှိလေတော့၏၊ ဤသို့ ဖဿ ဝေဒနာ သညာ စေတနာ ဝိညာဉ်ဟု ဆိုအပ်သော ဖဿပဉ္စမကကမ္မဋ္ဌာန်းတရား၌ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်သာလျှင် အစဉ်အားဖြင့် အရဟတ္တဖိုလ်၌ တည်လေတော့၏။

တပါးသော ရဟန်းသည်မူကား ဝိတက်ဝိစာရ မရှိသော ဒေါမနဿဟု ဆိုအပ်သော နှလုံးမသာယာမှု၌ အနိစ္စ ဒုက္ခ အနတ္တဟု ဆိုအပ်သော ဝိပဿနာကိုဖြစ်စေ၍ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်သာလျှင် အရဟတ္တဖိုလ်၌ တည်လေတော့၏။

ပဏီတတရ ဖြစ်ပုံ

ထိုသို့ နှလုံးသွင်းအပ်သော ဒေါမနဿနှစ်ပါးတို့တွင်လည်း ဝိတက်ဝိစာရ နှင့်တကွဖြစ်သော ဒေါမနဿထက် ဝိတက်မရှိ ဝိစာရမရှိသော ဒေါမနဿသည် သာလွန်၍ မြတ်၏၊ ဝိတက် ဝိစာရနှင့်တကွ ဖြစ်သော ဒေါမနဿဝိပဿနာထက်လည်း ဝိတက် ဝိစာရမရှိသော ဒေါမနဿဝိပဿနာသည် အထူးသဖြင့် သာလွန်၍ မြတ်ပေ၏၊ ဝိတက်ဝိစာရနှင့် တကွ ဖြစ်သော ဒေါမနဿ ဖလသမာပတ်ထက်လည်း ဝိတက်ဝိစာရမရှိသော ဒေါမနဿ ဖလသမာပတ်သည် သာလျှင် သာလွန်၍ မှန်မြတ်ပေ၏၊ ထို့ကြောင့် မြတ်စွာဘုရားက ယေ အဝိတက္ကအဝိစာရေ၊ တေ ပဏီတတရေတိ၊ ယေ အဝိတက္ကအဝိစာရေ၊ တေ ပဏီတတရေ-ဟူ၍။ အာဟာ၊ ဟောတော်မူပါသည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြ တော်မူပါသည်။

ဥပေက္ခာဝေဒနာခဏ်း

ဤကဲ့သို့ ဒေါမနဿ နှစ်ပါး၏ အကျယ်ကိုဝေဘန်ဖွင့်ပြပြီးသည်၏ အခြားမဲ့၌ အသေဝိတဗ္ဗ-မမိုဝဲအပ်သော ဥပေက္ခာ၊ သေဝိတဗ္ဗ-မိုဝဲအပ်သော ဥပေက္ခာ ဟူ၍ နှစ်မျိုးအားဖြင့် ဟောထားအပ်သော ဥပေက္ခာ ဝေဒနာ ကမ္မဋ္ဌာန်း တရားဌ၌ ဝေရူပါ၊ ဥပေက္ခာ နသေဝိတဗ္ဗာ။ ဝေရူပါ၊ ဤသို့သဘော ရှိသော။ ဥပေက္ခာ၊ ဥပေက္ခာဝေဒနာကို။ နသေဝိတဗ္ဗာ၊ မမိုဝဲအပ်။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်၌ ဤသို့သဘောရှိသော အိမ်ကိုမှီ၍ ဖြစ်သော အာရုံငါးပါးကိုမှီ၍ ဖြစ်သော ဥပေက္ခာဝေဒနာကို မမိုဝဲအပ်။

မမိုဝဲအပ်သော ဥပေက္ခာ

အိမ်ကိုမှီ၍ ဖြစ်သော အာရုံငါးပါးကို မှီ၍ ဖြစ်သော ဥပေက္ခာဝေဒနာ မည်သည် ထိုဥပေက္ခာနှစ်မျိုးတို့တွင် အိမ်၌မှီသော ခြောက်ပါးကုန်သော ဥပေက္ခာတို့သည် အဘယ်တို့နည်း။ မျက်စိဖြင့် ရူပါရုံကို မြင်၍ မိုက်မဲသော တွေဝေသော ပုထုဇဉ်ပုဂ္ဂိုလ်အား (သြဒိ မည်သော ကိလေသာကို အောင်မြင်ခြင်း မရှိသော နောင်အခါ၌ ဖြစ်ပေါ်လတ္တံ့သော အကျိုးတရားကို အောင်မြင်ခြင်းမရှိသော အပြစ်ကို ရှုလေ့မရှိသော ကြားဘူးနားဝမရှိသော ပုထုဇဉ်ပုဂ္ဂိုလ်အား) ဥပေက္ခာဝေဒနာသည် ဖြစ်တတ်ပါ၏၊ ဤသို့ သဘော ရှိသော အကြင်ဥပေက္ခာဝေဒနာသည် ရှိ၏၊ ထို ဥပေက္ခာဝေဒနာသည်

ရူပါရုံကို ကျော်လွန်၍ မဖြစ်နိုင်ပါ၊ ထို့ကြောင့် ထိုဆိုအပ်ခဲ့ပြီးသော ဥပေက္ခာကို အိမ်၌မှီသော အာရုံငါးပါးကိုမှီ၍ ဖြစ်သော ဥပေက္ခာဟူ၍ ဆိုအပ်၏။

ဤသို့ ခြောက်ပါးကုန်သော ဒွါရတို့၌ ဣဋ္ဌာရုံသည် ရှေးရှုထင်ခြင်းသို့ ရောက်လတ်သည်ရှိသော် ထန်းညက်ခဲ၌ တွယ်ကပ်၍ နေသော ယင်ကောင်တို့ကဲ့သို့ ရူပါရုံ အစရှိသည်တို့ကို မလွန်မြောက်ကြကုန်ဘဲ ထိုရူပါရုံစသည်တို့၌ သာလျှင် ငြိကပ်သည် တွယ်တာသည်ဖြစ်၍ ဖြစ်ပေါ်သော ကာမဂုဏ်ငါးပါးကို မှီသော ဥပေက္ခာကို မမှီဝဲအပ်ဟူ၍ အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်။

မှီဝဲအပ်သော ဥပေက္ခာ

ဝေရူပါ၊ ဤသို့သဘောရှိသော။ ဥပေက္ခာ၊ ဥပေက္ခာကို။ သေဝိတဗ္ဗာ၊ မှီဝဲအပ်၏။ ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်ကို ဖွင့်ပြရာ၌ ဤသို့ ဆိုအပ်ခဲ့ပြီးသော သဘောရှိသော ကာမဂုဏ်ငါးပါး နိဝရဏတရား, အကုသိုလ်တရားမှ နစ်စေသော ဥပေက္ခာတရားကို မှီဝဲအပ်၏။

ကာမဂုဏ်ငါးပါး နိဝရဏတရားကို မမှီမူ၍ အကုသိုလ်တရားကိုကို နစ်စေသော ဥပေက္ခာ မည်သည် "ထိုနှစ်မျိုးသော ဥပေက္ခာတို့တွင် အကုသိုလ်တရား, နိဝရဏတရားတို့ကို နစ်စေသော ခြောက်ပါးကုန်သော ဥပေက္ခာတို့ မည်သည်" အဘယ်တို့နည်း?။ ရူပါရုံ့ို့၏သာလျှင် မမြဲသည်၏အဖြစ်ကိုဂုဏ်း ဖောက်ပြန်ခြင်း, ကင်းခြင်း, မျုပ်ခြင်းကိုဂုဏ်း သိရှိသည်ဖြစ်၍ ရှေးဦးဂုဏ်း ယခုအခါဦးဂုဏ်း ရူပါရုံတို့သည် ဖြစ်ကြလေကုန်၏၊ ထိုအလုံးစုံသော ရူပါရုံတို့သည် အမြဲမရှိကြလေကုန်၊ အမြဲမရှိသော့ကြောင့် ဆင်းရဲကြလေကုန်၏၊ ဖောက်ပြန် ပျက်စီးတတ်သော သဘောရှိကြလေကုန်၏၊ ဤရူပါရုံစသော သဘောတရားကို ဟုတ်တိုင်းမှန်စွာ ကောင်းမြတ်သော ဝိပဿနာ ဉာဏ်ပညာဖြင့် ရှုဆင်ခြင်သောပုဂ္ဂိုလ်အား ဥပေက္ခာတရားသည် ဖြစ်ပေါ်လာ၏၊ ဤသို့ သဘောရှိသော အကြင်ဥပေက္ခာတရားသည် ရှိ၏၊ ထိုသို့သဘောရှိသော ဥပေက္ခာတရားသည် ရူပါရုံကို ကျော်လွန်၍ ဖြစ်၏၊ ထို့ကြောင့် ထိုဥပေက္ခာတရားကို အကုသိုလ်တရား, နိဝရဏတရားတို့ကို နှစ်စေသော ဥပေက္ခာဟူ၍ ဆိုအပ်၏။

ဤသို့ ခြောက်ပါးကုန်သော ဒွါရတို့၌ အလိုရှိအပ် အလိုမရှိအပ်သော အာရုံသည် ရှေးရှုထင်ခြင်းသို့ ရောက်လတ်သည်ရှိသော် အလိုရှိအပ်သော

အာရုံ၌ မတပ်စွမ်းသော ပုဂ္ဂိုလ်အားငင်း အလိုမရှိအပ်သော အာရုံ၌ မပြစ်မှားသော ပုဂ္ဂိုလ်အားငင်း အညီအမျှ ရှုကြည့်သည်၏ အစွမ်းအားဖြင့် မတွေ့မဝေသော ပုဂ္ဂိုလ်အား ဖြစ်ပေါ်လာသော ဝိပဿနာဉာဏ်နှင့်ယှဉ်သော ဥပေက္ခာတရားသည် ဖြစ်ပါ၏၊ စင်စစ်သော်တမူကား ဝေဒနာသဘောတရားအဘိုရိုသော တတြမဇ္ဈတ္တုပေက္ခာ ဟု ဆိုအပ်သော ဥပက္ခာ မည်သည်လည်း ဤနေရာ၌ ဥပေက္ခာ မည်ပါသည်၊ ထို့ကြောင့် ထိုဥပေက္ခာကို မှီဝဲအပ်၏ ဟူ၍ မြတ်စွာဘုရား ဟောကြားမူကြောင်းကို အဋ္ဌကထာဆရာ ဖွင့်ပြပါသည်၊ ဤဥပေက္ခာသည် အကုသိုလ်တရား နိဝရဏတရားတို့ကို နှစ်စေသည်၏ အစွမ်းအားဖြင့်ငင်း ဝိပဿနာ၏ အစွမ်းအားဖြင့်ငင်း အနုသတိဌာန၏ အစွမ်းအားဖြင့်ငင်း ပဌမ ဒုတိယ တတိယ စတုတ္ထစျာန်တို့၏ အစွမ်းအားဖြင့်ငင်း ဖြစ်ပေါ်သော ဥပေက္ခာဖြစ်၍ မှီဝဲအပ်သော ဥပေက္ခာ မည်ပါသည်။

ဥပေက္ခာ သရုပ်ခဲ့

ထိုဥပေက္ခာတွင် ယံ စေ သဝိတက္ကံ သဝိစာရံ-ဤသို့ ဟောတော်မူအပ်သော ပါဠိတော်မြတ်၌ ထိုဥပေက္ခာ၌လည်း အာရုံငါးပါး ကာမဂုဏ်တရားတို့ကို နှစ်စေ၍ အကုသိုလ်တရား နိဝရဏတရားတို့ကို နှစ်စေသော ထိုဥပေက္ခာတရား၌လည်း အကြင်ဥပေက္ခာတရားကို အကုသိုလ်နိဝရဏ တရားတို့ကို နှစ်စေသည်၏ အစွမ်းအားဖြင့်ငင်း ဝိပဿနာ၏အစွမ်းအားဖြင့်ငင်း အနုသတိဌာန၏ အစွမ်းအားဖြင့်ငင်း ပဌမစျာန်၏ အစွမ်းအားဖြင့်ငင်း ဖြစ်ပေါ်သော ဥပေက္ခာကို ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော ဥပေက္ခာဟူ၍ သိရာ၏။

ယံ စေ အဝိတက္ကံ အဝိစာရံ-ဟူသော ပါဠိတော်မြတ်ကို ဖွင့်ပြရာ၌ အကြင်ဥပေက္ခာကိုကား ဒုတိယစျာန်စသည်တို့၏ အစွမ်းအားဖြင့် ဖြစ်ပေါ်သော ဝိတက်ဝိစာရမရှိသော ဥပေက္ခာဟူ၍ သိရာ၏။

ယေ အဝိတက္ကေ အဝိစာရေ၊ တေ ပဏီတတရေ-ဟူ၍ ဟောတော်မူသော ပါဠိတော်၌ ဖွင့်ပြအပ်သည်ကား ဤဆိုအပ်ခဲ့ပြီးသော ဥပေက္ခာ နှစ်မျိုးတို့တွင် အကြင် ဥပေက္ခာဝေဒနာသည် ဝိတက်မရှိ, ဝိစာရမရှိ၊ ထိုဥပေက္ခာဝေဒနာသည် သာလွန်၍ မြင့်မြတ်၏ဟု အနက်အဓိပ္ပါယ်ရရှိပါသည်။

ဤစကားဖြင့် အဘယ်ကို ဆိုလိုသည် ဖြစ်ပါသနည်း၊ နှစ်ပါးကုန်သော ရဟန်းတို့၏ အရဟတ္တဖိုလ်၏ အဖြစ်ကို ဟောလိုရင်း ဖြစ်ပါသည်။

ခဲ့၍ ဖွင့်ပြပါဦးအံ့။ တပါးသော ရဟန်းသည် ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော ဥပေက္ခာဝေဒနာဌာန အနိစ္စ ဒုက္ခ အနတ္တဟု ဆိုအပ်သော ဝိပဿနာကို ဖြစ်စေ၍ ဤဥပေက္ခာဝေဒနာသည် အဘယ်ကို မှီ၍ ဖြစ်ပျက်လေသနည်း၊ ဤသို့ စူးစမ်းဆင်ခြင်လတ်သည်ရှိသော် ယဒယဝတ္ထုကိုမှီ၍ ဖြစ်၏ဟု သိရှိလေတော့၏၊ ဤဖဿပဥ္စက ကမ္မဋ္ဌာန်း၌ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်သာလျှင် အစဉ်အားဖြင့် အရဟတ္တဖိုလ်၌ တည်လေတော့၏။

အခြား တပါးသော ရဟန်းသည်မူကား ဝိတက်ဝိစာရမရှိသော ဥပေက္ခာဝေဒနာ၌ အနိစ္စ ဒုက္ခ အနတ္တဟုဆိုအပ်သော ဝိပဿနာကို ဖြစ်စေ၍ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်သာလျှင် အရဟတ္တဖိုလ်၌ တည်လေတော့၏။

ထိုကဲ့သို့ နှလုံးသွင်းအပ်သော ဥပေက္ခာတို့တွင်လည်း ဝိတက်ဝိစာရနှင့်တကွဖြစ်သော ဥပေက္ခာဝေဒနာထက် ဝိတက်ဝိစာရမရှိသော ဥပေက္ခာဝေဒနာသည် သာလွန်၍ မြင့်မြတ်ပါသည်၊ ဝိတက်ဝိစာရနှင့်တကွ ဖြစ်သော ဥပေက္ခာဝပဿနာတရား ထက်လည်း ဝိတက်ဝိစာရမရှိသော ဥပေက္ခာဝိပဿနာတရားက သာလွန်၍ မြင့်မြတ်ပါသည်၊ ဝိတက်ဝိစာရနှင့် တကွဖြစ်သော ဥပေက္ခာဖလသမာပတ်ထက်လည်း ဝိတက်ဝိစာရမရှိသော ဥပေက္ခာဖလသမာပတ်သည်သာလျှင် သာလွန်၍ မွန်မြတ်ပေသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ယေ အဝိတက္ကာ အဝိစာရေ၊ တေ ပဏီတတရေ။ အဝိတက္ကေ အဝိစာရေ၊ ဝိတက်လည်းမရှိ, ဝိစာရလည်းမရှိကုန်သော။ယေ၊အကြင် ဥပေက္ခာဝေဒနာတို့ကို။ ဇာနေယျ၊ သိရာ၏။ တေ၊ ထိုဥပေက္ခာဒေဝနာတို့ကို။ ပဏီတတရေ၊ သာလွန်၍ မွန်မြတ်ကုန်၏ ဟူ၍။ ဇာနေယျ၊ သိရာ၏။ ဣတိ၊ ဤသို့။ အာဟ၊ ဟောကြားတော်မူပါ၏။

ဒေသနာတော် နိဂုံး

ဒေဝါနမိန္ဒ၊ နတ်တို့ကို အစိုးရသော သိကြားမင်း....။ ဧဝံ၊ ဤသို့။ ပဋိပန္နော၊ ကျင့်သော။ ဘိက္ခု၊ ရဟန်းသည်။ ပပဉ္စသညာသင်္ခါနိရောဓ သာရုပ္ပဂါမိနိ ံ၊ တဏှာ မာန ဒိဋ္ဌိဟု ဆိုအပ်သော ပပဉ္စတရားတို့နှင့်ယှဉ်သော ပညာအစု၏ ချုပ်ငြိမ်းရာ နိဗ္ဗာန်အားလျော်သည် ဖြစ်၍ ထိုနိဗ္ဗာန်သို့ ရောက်ကြောင်းဖြစ်သော ။ ပဋိပဒံ၊ အကျင့်ကို။ ပဋိပန္နော၊ ကျင့်သည် မည်လေ

တော့၏-ဟု နိဂုံးချုပ်သောအားဖြင့် သိကြားမင်းအား မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဤကဲ့သို့ ဟောကြားတော်မူအပ်သော ပါဋိတော်မြတ်ကို အဌကထာဆရာက မြတ်စွာဘုရားသည် အရဟတ္တဖိုလ်ကို အထွဋ်တပ်သော အားဖြင့် ဒေသနာတော်ကို ပြီးဆုံးစေ၏၊ သို့ရာတွင် သိကြားမင်းသည် သောတာပတ္တိဖိုလ်သို့ ရောက်ရှာလေ၏။

ထိုက်တန်သမျှ အမြိုက်တရား ရရှိကြ၏

အကျယ်ခဲ့၍ ဖွင့်ပြပါဦးအံ့၊ ဘုရားရှင်တို့၏အလို အဇျာသယသည် ယုတ်လျော့သည်ဟူ၍ မရှိ၊ မြင့်မြတ်သည်သာလျှင် ဖြစ်၏၊ တယောက်သော ပုဂ္ဂိုလ်အားဝင်း များစွာကုန်သော ပုဂ္ဂိုလ်တို့အားဝင်း တရားကို ဟောကြားတော်မူကြကုန်သည် ရှိသော် အရဟတ္တဖိုလ်ဖြင့်သာလျှင် အထွဋ်တပ်တော်မူကြကုန်၏၊ သို့ရာတွင် သတ္တဝါတို့သည်ကား မိမိအားလျော်လျောက်ပတ်သော မှီရာအကြောင်း၌ တည်ရှိကြကုန်သည်ဖြစ်၍ အချိုသော ပုဂ္ဂိုလ်တို့သည် သောတာပန် ဖြစ်ကြပါကုန်သည်၊ အချိုသော ပုဂ္ဂိုလ်တို့သည် သကဒါဂါမ် ဖြစ်ကြပါကုန်သည်၊ အချိုသော ပုဂ္ဂိုလ်တို့သည် အနာဂါမ် ဖြစ်ကြပါကုန်သည်၊ အချိုသော ပုဂ္ဂိုလ်တို့သည် ရဟန္တာ ဖြစ်ကြပါကုန်သည်၊ ဘုန်းတော်သခင် ဘုရားရှင်သည်မူကား မင်းနှင့်တူပါ၏၊ ဝေနေယျကြာ သတ္တဝါတို့သည်ကား မင်းသားနှင့် တူကြပါကုန်သည်၊ မှန်လှပါ၏၊ ပွဲတော်တည်သော အခါကာလ၌ မိမိ၏ ပမာဏအားဖြင့် ထမင်းလုပ်ကို မြောက်ယူ၍ မင်းသားငယ်တို့အား ဆောင်နှင်း၍ ပေးအပ်ပါ၏၊ ထိုမင်းသားငယ်တို့သည် ထိုထမင်းဆုပ်မှ မိမိ၏ ပါးစပ်အတိုင်းအရှည်ရှိသော ပမာဏအားဖြင့် ထမင်းလုပ်ကို ပြုကြလေကုန်သကဲ့သို့၊ ထို့အတူ ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရားသည် ကိုယ်တော်မြတ်၏ အဇျာသယအလိုအားလျော်သော ဒေသနာတော်၌ အရဟတ္တဖိုလ်ဖြင့်သာလျှင် အထွဋ်တပ်တော်မူပါသည်၊ ဝေနေယျကြာ သတ္တဝါတို့သည်မူကား မိမိ၏မှီရာ အကြောင်းပမာဏအားဖြင့် ထိုဟောကြားအပ်သော ဒေသနာတော်မှ သောတာပတ္တိဖိုလ်မျှကိုသော်ဝင်း သကဒါဂါမိ, အနာဂါမိ, အရဟတ္တဖိုလ်ကိုသာလျှင်ဝင်း ယူနိုင်ကြပါကုန်သည်၊ သို့ရာတွင် သိကြားမင်းသည်မူကား သောတာပန် ဖြစ်ပါသည်၊ သောတာပန် ဖြစ်၍

လည်း မြတ်စွာဘုရား၏ ရွှေတော်၌သာလျှင် စုတေ၍ ပျိုနုသော သိကြားမင်း ဖြစ်ပါသည်။

သိကြားဘဝ တဖြစ်လဲပုံ

မှန်ပါသည်၊ ရွှေလျှာစုတေ သေလွန်ကြကုန်သော နတ်တို့၏ အတ္တဘောဂ၏ သွားရာ လာရာ မည်သည် ထင်ရှားမရှိပါ၊ မီးတောက်ကြီး ငြိမ်းသည်နှင့် တူပါသည်၊ ထို့ကြောင့် သိကြားမင်းမှ ကြွင်းကျန်ကုန်သော နတ်တို့သည် သိကြားမင်း စုတေ၍ သိကြားသစ် ဖြစ်သည်၏ အဖြစ်ကို မသိကြပါကုန်၊ သိကြားမင်းသည်မူကား ကိုယ်တိုင်ကစုတေသည်၏ အဖြစ်ကြောင့်၎င်း မြတ်စွာဘုရားသည်လည်း အတားအဆီး အပိတ်အပင်မရှိသော ဉာဏ်တော်ရှိတော်မူသောကြောင့်၎င်း သိကြားမင်းနှင့်ဘုရား နှစ်ဦးသားတို့သည် သာလျှင် သိကြားမင်း စုတေစိတ်ကျ၍ သိကြားသစ် ပြန်ဖြစ်သည်၏ အဖြစ်ကို သိကြပါကုန်သည်။

သိကြားမင်း အကြံဖြစ်ပြန်ပုံ

ထို့အခါ၌ သိကြားမင်းသည် ကြံစည်ပြန်သည်ကား မယုံ ဟိ ဘဂဝတာ တီသု ဌာနေသု နိဗ္ဗတ္တိတဖလမေဝ ကထိတံ-စသည်ဖြင့် ကြံစည်ပါသည်၊ မယုံ၊ ငါ့အား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ တီသု ဌာနေသု၊ သုံးပါးကုန်သော ဌာနတို့၌။ နိဗ္ဗတ္တိတဖလမေဝ၊ ဖြစ်စေအပ်သော ဖိုလ်တရားကို သာလျှင်။ ကထိတံ၊ ဟောကြားတော်မူအပ်ပြီ။ အယဉ္စ ပန မဂ္ဂေါ ဝါ၊ ဤမဂ်တရားကို၎င်း။ ဣဒဉ္စ ဖလံ ဝါ၊ ဤဖိုလ်တရားကို၎င်း။ သာကုဏိကာဃယဝိယ၊ ဌက်၏ကဲ့သို့။ ဥပပတိတ္တာ၊ ခုန်ပျံ၍။ ဂဟေတုံ၊ ယူခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ အဿ၊ ထိုမဂ်ဖိုလ်တရား၏။ အာဂမနီယပုဗ္ဗဘာဂပဋိပဒါယ၊ ဖြစ်လာရာ ဖြစ်လာကြောင်း ဖြစ်သော ရှေးဦးအဘိုဖြစ်သော အကျင့်ဖြင့် သာလျှင်။ ဘဝိတဗ္ဗံ၊ ဖြစ်ထိုက်၏။ ဟန္ဒ၊ ယခု။ အဟံ၊ ငါသည်။ ဥပရိ၊အထက်၌။ ခီဏာသဝဿ၊ ရဟန္တာအဖြစ်၏။ ပုဗ္ဗဘာဂပဋိပဒံ၊ ရှေးဦးစွာ ကြိုတင်၍ ကျင့်အပ်သော အဘိုဟုဆိုအပ်သော ပုဗ္ဗဘာဂ ပဋိပဒါ အကျင့်တရားကို။ ပုစ္ဆာမိ၊ မေးဦးအံ့။

ဤသို့ ကြံစည်၍ သိကြားမင်းသည် မြတ်စွာဘုရားအား ပါတိမောက္ခသံဝရသီလတရားကို၎င်း ဣန္ဒြိယသံဝရသီလတရားကို၎င်း အစ္ဆန္ဒနိဋ္ဌတရားကို၎င်း မေးမြန်းပါသည် အရှင်ဘုရား။

စီစစ်ခက်း ၂–၁၃

ဤကဲ့သို့ ဆိုအပ်ခဲ့ပြီးသော စကားအစဉ်ဖြင့် မြတ်စွာဘုရားသည် တဆဲ့လေးပါးကုန်သော ကြီးကျယ်မြင့်မြတ်ကုန်သော ပြဿနာတရားတို့ကို ဖြေကြားအပ်ပါကုန်သည်။

မြင့်မြတ်သောပြဿနာ ၁၄-ရပ်

တဆဲ့လေးရပ်သော မြင့်မြတ်သော ပြဿနာတို့သည်မူကား— (၁) ကုသာမစ္ဆရိယသည် ပြဿနာတရပ်။ (၂) ပိယာပိယသည် ပြဿနာတရပ်။ (၃) ဆန္ဒသည် ပြဿနာတရပ်။ (၄) ဝိတက်သည်ပြဿနာတရပ်။ (၅) ပပဉ္စတရားသည် ပြဿနာတရပ်။ (၆) သောမနဿသည် ပြဿနာတရပ်။ (၇) ဒေါမနဿသည် ပြဿနာတရပ်။ (၈) ဥပေက္ခာသည် ပြဿနာတရပ်။ (၉) ကာယသမာစာရသည် ပြဿနာတရပ်။ (၁၀) ဝစီသမာစာရသည် ပြဿနာတရပ်။ (၁၁) ပရိယေသနာသည် ပြဿနာတရပ်။ (၁၂) ကုန္ဒြိယသံဝရသည် ပြဿနာတရပ်။ (၁၃) အနေကဓာတုသည် ပြဿနာတရပ်။ (၁၄) အစ္စန္တနိဋ္ဌသည် ပြဿနာတရပ်။ ဤသို့အားဖြင့် တဆဲ့လေးရပ်သော မြင့်မြတ်သော ပြဿနာတို့ကို ဖြေကြားအပ်ပါကုန်သည် အရှင်ဘုရား။

သိကြားမင်း၏ ဘဝအဆုံး

ဤကဲ့သို့ ဖြေကြားပြီးသော အဆုံးဌ် သိကြားသည် သောတာပန်ဖြစ်၍ မိမိဝမ်းမြောက်ခြင်း၏ အကြောင်းတရားတို့ကို လျှောက်ထားပါသည်၊ ထိုကဲ့သို့ လျှောက်ထားသော စကား၏ အဆုံးဌ်—

တေ ပဏီတတရာ ဒေဝါ၊
အကနိဋ္ဌာ ယသဿိနော။
အန္တိမေ ဝတ္တမာနမ္ပိ၊
သော နိဝါသော ဘဝိဿတိ။ ။

ဟူ၍ မိမိ၏ ဘဝအဆုံးဌ် အကနိဋ္ဌဘုံမှာတည်၍ ဘဝဆုံးသည်ဟူ၍ မြတ်စွာဘုရားအား လျှောက်ထားပါသည်။

ယေ တေ အကနိဋ္ဌာ၊ အကြင် အကနိဋ္ဌဘုံဌ်ရှိကြကုန်သောဗြဟ္မာကြီးတို့သည်။ အာယုနာဒ၊ အသက်တမ်းအားဖြင့်ငင်း။ ပညာယဒ၊ ပညာအားဖြင့်

ၚင်း။ ဇေဋ္ဌကာ၊ အကြီးအမှူး ဖြစ်ကြလေကုန်၏။ သဗ္ဗဒေဝေဟိ၊ ကြင်းကျန်ကုန်သော အလုံးစုံသော နတ်ဗြဟ္မာတို့ထက်။ ဇေဋ္ဌတရာ၊ သာလွန်၍ မြင့်မြတ်ကြကုန်သော။ ဒေဝါ၊ ဗြဟ္မာတို့ ဖြစ်ကြလေကုန်၏။ အဝသာနေ၊ အဆုံး၌။ မေ၊ ငါ၏။ သောနိဝါသော။ ထိုအကနိဋ္ဌနေရာသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

အယံကိရ၊ ဤသိကြားမင်းသည်ကား။တတော၊ ထိုသိကြားမင်းဘဝမှ။ တတော သက္ကတ္တဘာဝတော၊ တိုသိကြားမင်း၏ အဖြစ်မှ။ စုတော၊ စုတေခဲ့သည်ရှိသော်။ တသ္မိံ အတ္တဘာဝေ၊ ထိုအတ္တဘော၏ အဖြစ်၌။ အနာဂါမိမဂ္ဂဿ၊ အနာဂါမိမဂ်ကို။ ပဋိလဒ္ဓတ္တာ၊ ရအပ်သည်၏ အဖြစ်ကြောင့်။ ဥဒ္ဓံသောတော၊ အထက်သို့သွားအံ့သော အလျင်ရှိသော။ အကနိဋ္ဌဂါမီ၊ အကနိဋ္ဌသို့သွားသော အနာဂါမ်ပုဂ္ဂိုလ်သည်။ ဟုတ္ဝာ၊ ဖြစ်၍။ အဝိဟာဒီသု၊ အဝိဟာအစရှိကုန်သော ဘုံတို့၌။ နိဗ္ဗတ္တန္တော၊ ဖြစ်လျက်။ အဝသာနေ၊ အဆုံးမှာ။ အကနိဋ္ဌေ၊ အကနိဋ္ဌဘုံ၌။ နိဗ္ဗတ္တိဿတိ၊ ဖြစ်လတ္တံ့။ တံ၊ ထိုအကနိဋ္ဌဘုံ၌ ဖြစ်လတ္တံ့သည်ကို။ သန္ဓာယ၊ ရည်ရွယ်မှန်းထား၍။ ဧဝံ၊ ဤသို့။ အာဟ၊ လျှောက်ထားလေ၏။

သိကြားမင်း၏ အနာဂတ် သံသရာ

ဧသ၊ ဤသိကြားမင်းသည်။ အဝိဟေသု၊ အဝိဟာဘုံတို့၌။ ကပ္ပသဟဿံ၊ ကမ္ဘာတထောင်ကာလပတ်လုံး။ ဝသိဿတိ၊ နေလိမ့်လတ္တံ့။ အတပ္ပေသု၊ အတပါဘုံတို့၌။ ဒ္ဝေကပ္ပသဟဿာနိ၊ ကမ္ဘာနှစ်ထောင်တို့ကာလပတ်လုံးၚင်း။ သုဒဿေသု၊ သုဒဿာဘုံတို့၌။ စတ္တာရိကပ္ပသဟဿာနိ၊ မဟာကပ်လေးထောင်တို့ကာလပတ်လုံးၚင်း။ သုဒဿီသု၊ သုဒဿီဘုံတို့၌။ အဋ္ဌကပ္ပသဟဿာနိ၊ ရှစ်ထောင်ကုန်သော မဟာကပ်တို့ကာလပတ်လုံးၚင်း။ အကနိဋ္ဌေသု၊ အကနိဋ္ဌဘုံတို့၌။ သောဋ္ဌသကပ္ပသဟဿာနိ၊ တသောင်းခြောက်ထောင်ကုန်သော မဟာကပ်တို့ကာလပတ်လုံးၚင်း။ ဣတိ၊ ဤသို့။ ကေတိသ ကပ္ပသဟဿာနိ၊ သုံးသောင်းတထောင်ကုန်သော မဟာကပ်တို့ကာလပတ်လုံး။ ဗြဟ္မအာယုံ၊ ဗြဟ္မာမင်း၏ အသက်တမ်းကို။ အနုဘဝိဿတိကိရ၊ ခံစားရလတ္တံ့ပါတဲ့ဘုရား။

သုခဘာဂိပုဂ္ဂိုလ် သုံးဦး

ဒေဝရာဇာ၊ နတ်တို့၏မင်းဖြစ်သော ။သက္ကော၊ သိကြားမင်းသည်ၚင်း။ အနာထပိဏ္ဍိကော၊ အနာထပိဏ်ဆု အမည်ရှိသော။ ဂဟပတိ၊ ဘုရားကျောင်း

ဒကာကြီးသည်၎င်း။ ဝိသာခါ၊ ဝိသာခါ အမည်ရှိသော။ မဟာဥပါသိကာ၊ ဘုရားကျောင်းဒါယိကာမ ဥပါသိကာမကြီးသည်၎င်း။ ဣတိ၊ ဤသို့။ ဣမေ တယောပိ၊ ဤသုံးယောက်သော ပုဂ္ဂိုလ်တို့သည်လည်း။ ဧကပ္ပမာဏအာယုကာဝေ၊ တခုတည်းသော အတိုင်းအရှည် ပမာဏရှိသော အသက်တမ်း ရှိကြကုန်သည်သာလျှင်တည်း။ ဝဋ္ဋာဘိရတသတ္တာနာမ၊ ဝဋ်ဆင်းရဲ၌ နှစ်သက်ပျော်မွေ့၍ နေကြကုန်သော သတ္တဝါတို့မည်သည်။ ဧတေဟိ၊ ဤဆိုအပ်ခဲ့ပြီးသော သိကြားမင်း,အနာထပိဏ်, ဝိသာခါတို့နှင့်။ သဒိသာ၊ တူကုန်သော။ သုခဘာဂိနောနာမ၊ ချမ်းသာအဘို့ရှိကုန်သော သူတို့မည်ကုန်သည်။ နတ္ထိ၊ မရှိကြပါကုန်။

ဤကဲ့သို့ အဋ္ဌကထာဆရာမြတ်သည် သိကြားမင်း၏ အဖြစ် နောက်ဆုံးကို ဖွင့်ပြပါသည်။

သိကြားမင်းအား ပြက်ရယ်မှု မပြုကြရာ

ဤကဲ့သို့ ဖွင့်ပြခြင်း, ဟောတော်မူသော ဒေသနာတော်ပါဠိရှိသည်တို့ကို ထောက်ရှုဆင်ခြင်သောအားဖြင့် ယခုခေတ်အခါ၌ သိကြားမင်းကို အမျိုးမျိုး အဖုံဖုံ ရုပ်ပြောင်ရေး၍ နေကြခြင်းကို အခွံ့သော မဟာထေရ်မြတ်တို့က ရင်လေးစွာဖြင့် နှလုံးမသာမယာ ရှိကြပါကုန်သည်၊ သိကြားမင်းသည် သောတာပန်သိကြား အရိယာကြီးဖြစ်၍ ပြောင်လှောင်ပြက်ရယ်မှု ပြုလုပ်ကြပါက **အရိယုပဝါဒကံ** ထိုက်မည်ကို စိုးရိမ်မိကြပါသည်။

ထို့ကြောင့် နောင်အဘို့၌ ဤဒေသနာတော်ကို ကြားနာကြရကုန်သော ပရိသတ် အပေါင်းတို့သည် သိကြားမင်းကို ပြောင်လှောင်ရွတ်ဆို သရော်ရေးသားခြင်းမှ ဆင်ခြင်နိုင်ကြပါစေကုန်သတည်း။

ဓမ္မဒါယာဒသုတ်တော်

အခါတပါးဌ် ဘုန်းတော်ကြီးတော်မူလှသော မြတ်စွာဘုရားသည် သာဝတ္ထိပြည်မှန် ဇေတဝန်ရောင်မောင်း သူဌေးကျောင်းဌ် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသော အခါကာလဌ် ဓမ္မပ္ပဋိဂ္ဂါဟက-တရားတော်ကို ခံယူမည်ဖြစ်ကြကုန်သော ရဟန်းအပေါင်းတို့ကို "ရဟန်းတို့" ဟူ၍ ခေါ်ဝေါ်မိန့်တော်မူ၏။။

ထိုအခါ ဓမ္မပ္ပဋိဂ္ဂါဟက ရဟန်းအပေါင်းတို့က "ဘုန်းတော်ကြီးတော် မူလှသော မြတ်စွာဘုရား" ဟူ၍ စကားတုံ့ကိုပြု၍ မြတ်စွာဘုရား၏ စကားတော်ကို ရှေးရှုနှေားထောင်၍ နေကြကုန်၏။။

ထိုအခါ မြတ်စွာဘုရားက——

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိ မေ တုမှေသု အနုကမ္ပာ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါတိ။။တုမှေ စ ဘိက္ခဝေ အာမိသဒါယာဒါ ဘဝေယျာထ၊ နော ဓမ္မဒါယာဒါ။။ တုမှေပိ တေန အာဒိယာ ဘဝေယျာထ၊ အာမိသဒါယာဒါ သတ္ထုသာဝကာ ဝိဟရန္တိ၊ နော ဓမ္မဒါယာဒါတိ။။ အဟမ္ပိတေန အာဒိယော ဘဝေယံ့၊ အာမိသဒါယာဒါ သတ္ထု သာဝကာ ဝိဟရန္တိ၊ နော ဓမ္မဒါယာဒါတိ။။ တုမှေ စ မေ ဘိက္ခဝေ ဓမ္မဒါယာဒါ ဘဝေယျာထ နော အာမိသဒါယာဒါ။။ တုမှေပိ တေန အာဒိယာ ဘဝေယျာထ ဓမ္မဒါယာဒါ သတ္ထု သာဝကာ ဝိဟရန္တိ၊နော အာမိသဒါယာဒါတိ။။ အဟမ္ပိ တေန နှ အာဒိယော ဘဝေယံ့။။ဓမ္မဒါယာဒါ သတ္ထု သာဝကာ ဝိဟရန္တိ၊ နော အာမိသဒါယာဒါတိ။။ တသ္မာတိဟ မေ ဘိက္ခဝေ ဓမ္မဒါယာဒါ ဘဝထ၊ မာ အာမိသဒါယာဒါ၊ အတ္ထိမေ တုမှေသု အနုကမ္ပာ၊ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါတိ။။

ဓမ္မအမွေကိုသာ ခံယူကြကုန်

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့....။။ တုမှေ၊ များစွာသောင်းသောင်း သင်ချစ်သား အပေါင်းတို့သည်။။ မေ၊ ငါဘုရား၏။။ ဓမ္မဒါယာဒါ၊

လောကုတ္တရာတရား၏ အမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြပါကုန်လော့။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးအမွေခံတို့သည်။ မာ ဘဝထ၊ မဖြစ်ကြပါကုန်လင့်။ တုမှေသူ၊ သင်ချစ်သားတို့ အပေါ်၌။ မေ-မမ၊ ငါဘုရား၏။ အနုကမ္မာ၊ အစဉ်အားဖြင့် သနားတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။ ကိန္တိ၊ အဘယ်သို့သော အကြောင်းဖြင့်။ မေ၊ ငါ၏။ သာဝကာ၊ များစွာသောင်းသောင်း တပည့်သားအပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်။ ဘဝေယျုံ၊ ဖြစ်ကြကုန်ရာအံ့နည်း။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ နော ဘဝေယျုံ၊ မဖြစ်ဘဲရှိကြပါကုန်အံ့နည်း၊ ဣတိ၊ ဤသို့။ မေ၊ ငါဘုရား၏။ တုမှေသူ၊ သင်ချစ်သားတို့အပေါ်၌။ အနုကမ္မာ၊ အစဉ် အားဖြင့် သနားတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။

သင်တို့လည်း ကဲ့ရဲ့စရာဖြစ်လိမ့်မည်

ဘိက္ခဝေ၊များစွာသောင်းသောင်း အို ချစ်သားအပေါင်းတို့....။တုမှေ စ၊ များစွာသောင်းသောင်း သင်ချစ်သား အပေါင်းတို့ကလည်း။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ ဘဝေယျာထ၊ ဖြစ်ကြကုန်ရာ၏။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်။ နော ဘဝေယျာထ၊ မဖြစ်ဘဲရှိကြကုန်ရာ၏။ တေန၊ ထိုသို့ ဓမ္မအမွေခံမဖြစ်ခြင်း တည်းဟူသော အကြောင်းကြောင့်။ တေန၊ ထိုသို့ ပစ္စည်းလေးပါး အမွေခံဖြစ်ခြင်းတည်းဟူသော အကြောင်းကြောင့်။ တုမှေ၊ သင်ချစ်သားတို့သည်။ အာဒိယာ၊ ပညာရှိတို့ကဲ့ရဲ့ဘွယ်တို့သည်။ ဘဝေယျာထ၊ ဖြစ်ကြကုန်ရာ၏။ “သတ္ထု၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သားအပေါင်းတို့သည်။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးအမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ နော ဝိဟရန္တိ၊ မနေကြကုန်”။ ဣတိ၊ ဤသို့။ အာဒိယာ၊ ပညာရှိတို့ကဲ့ရဲ့အပ်ကုန်သည်။ ဘဝေယျာထ၊ ဖြစ်ကြကုန်ရာ၏။

ငါဘုရားအားလည်း ကဲ့ရဲ့စရာဖြစ်လိမ့်မည်

အဟမ္ပိ၊ ငါဘုရားသည်လည်း။ တေန၊ ထိုသို့ တရားအမွေကိုမခံ, ပစ္စည်းလေးပါးအမွေကို ခံယူခြင်းတည်းဟူသော အကြောင်းကြောင့်။ “သတ္ထု၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သားအပေါင်းတို့သည်။ အာမိသ

ဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဝိဟာရန္တိ၊ နေကြကုန်၏။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်၊ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ နောဝိဟာရန္တိ၊ မနေကြကုန်"။ ဣတိ၊ ဤသို့။ အာဒိယော၊ ပညာရှိတို့ ကဲ့ရဲ့ဘွယ်သည်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။

သင်တို့လည်း ကဲ့ရဲ့ဘွယ်မဖြစ်

ဘိက္ခဝေ၊ မျှားစ္ဆာသောင်းသောင်း အိုချစ်သားအပေါင်းတို့....။ တုမှေ စ၊ သင်ချစ်သားတို့ကလည်း။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်။ ဘဝေယျာထ၊ ဖြစ်ကြကုန်ရာ၏။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးအမွေခံတို့သည်။ နော ဘဝေယျာထ၊ မဖြစ်ကြကုန်ရာ။ တေန၊ ထိုသို့ အာမိသအမွေခံမဖြစ်, လောကုတ္တရာအမွေခံ ဖြစ်ခြင်း တည်းဟူသော အကြောင်းကြောင့်။ ကုမှေပိ၊ သင်ချစ်သားတို့သည်လည်း။ "သတ္ထု၊ မြတ်စ္ဆာဘုရား၏။ သာဝကာ၊ တပည့်သားအပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ ဝိဟာရန္တိ၊ နေကြကုန်၏။ အာမိသ-ဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ နော ဝိဟာရန္တိ၊ မနေကြကုန်"။ ဣတိ၊ ဤသို့။ အာဒိယာ၊ ပညာရှိတို့ ကဲ့ရဲ့ဘွယ်တို့သည်။ န ဘဝေယျာထ၊ မဖြစ်ကြကုန်ရာ။

ငါဘုရားလည်း ကဲ့ရဲ့ဘွယ်မဖြစ်

အဟမ္ပိ၊ ငါဘုရားသည်လည်း။ တေန၊ ထိုသင်ချစ်သားတို့ လောကုတ္တရာတရား အမွေခံခြင်းဟူသော အကြောင်းကြောင့်။ "သတ္ထု၊ မြတ်စ္ဆာဘုရား၏။ သာဝကာ၊ တပည့်သား အပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ လောကုတ္တရာတရား တည်းဟူသော အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ ဝိဟာရန္တိ၊ နေကြကုန်၏။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးတည်းဟူသော အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကြကုန်၍။ နောဝိဟာရန္တိ၊ မနေကြကုန်"။ ဣတိ၊ ဤသို့။ အာဒိ-ယော၊ ကဲ့ရဲ့ဘွယ်သည်။ နဘဝေယျ၊ မဖြစ်ခဲ့ရာ။

ထို့ကြောင့် တရားအမွေကိုသာ ခံကြကုန်

ဘိက္ခဝေ၊ မျှားစ္ဆာသောင်းသောင်း အိုချစ်သားအပေါင်းတို့....။ တသ္မာ၊ ထို့ကြောင့်။ တုမှေ၊ သင်ချစ်သားအပေါင်းတို့သည်။ မေ၊ ငါဘုရား၏။ ဓမ္မ-ဒါယာဒါ၊ လောကုတ္တရာတရား အမွေခံတို့သည်။ဘဝထ၊ ဖြစ်ကြပါကုန်လော့။

အာမိသဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ မာ ဘဝထ၊ မဖြစ်ကြပါ ကုန်လင့်။ ကိန္တိ၊ အဘယ်သို့သော အကြောင်းဖြင့်။ မေ-မမ၊ ငါဘုရား၏။ သာဝကာ၊ တပည့်သား အပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ တရားတည်းဟူသော အမွေခံတို့သည်။ ဘဝေယျုံ၊ ဖြစ်ကြကုန်ရာအံ့နည်း။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးတည်းဟူသော အမွေခံတို့သည်။ နော ဘဝေယျုံ၊ မဖြစ်ဘဲ ရှိကြကုန်ရာအံ့နည်း။ ဣတိ၊ ဤသို့။ တုမှေသု၊ သင်ချစ်သားတို့အပေါ်၌။ အနုကမ္ပာ၊ အစဉ်အားဖြင့် သနားတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဤသို့ ရဟန်းအပေါင်းတို့အား မြတ်စွာဘုရားသည် ဓမ္မဒါယာဒသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူပါသည်။

အဋ္ဌကထာဆရာ၏ ပဋိညာဉ်

ထိုကဲ့သို့ ဟောကြားတော်မူအပ်သော ဓမ္မဒါယာဒ သုတ္တန်ဒေသနာတော်မြတ်၏ ရှေးဦးအစဖြစ်သော ဧဝံ မေ သုတံ-ဟူသော ပါဠိတော်ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

ဧဝံ မေ သုတန္တိ၊ ဧဝံ မေ သုတံ-ဟူသည်ကား။ ဓမ္မဒါယာဒသုတ္တံ၊ ဓမ္မဒါယာဒသုတ်တော်တည်း။

အကြင့်ကြောင့် ထိုဓမ္မဒါယာဒသုတ္တန် ဒေသနာတော်မြတ်၏ အဋ္ဌုပ္ပတ္တိ ချထားခြင်း ရှိပါ၏၊ ထို့ကြောင့် ထိုအဋ္ဌုပ္ပတ္တိကို ပြ၍သာလျှင် ထိုဓမ္မဒါယာဒသုတ္တန် ဒေသနာတော်၏ ရှေးဦး မဖွင့်အပ်သေးသော ပုဒ်အဖွင့်ကို ပြုလုပ်ပါကုန်အံ့-ဟူ၍ အဋ္ဌကထာဆရာမြတ် ပဋိညာဉ် ပြုအပ်ပါသည်။

ပစ္စည်းတွေ ပေါများလှခြင်း

သို့ရာတွင် အဘယ်မည်သော အဋ္ဌုပ္ပတ္တိဖြင့် ဤသုတ္တန်ဒေသနာတော်မြတ်ကို ထားအပ်ပါသနည်း၊ လာဘသက္ကာရကို အကြောင်းပြုသဖြင့် လာဘသက္ကာရ၌ အဋ္ဌုပ္ပတ္တိကို ထားတော်မူပါသည်၊ ကြားရဘူးသည်ကား မြတ်စွာဘုရားအား ကြီးကျယ်လှစွာသော လာဘ်ပူဇော်သက္ကာရသည် ဖြစ်ပေါ်ပါသည်၊ လေးအသင်္ချေတို့ကာလပတ်လုံး ဖြည့်ဆည်းပူးအပ်သော ပါရမီ အစုအဝေး၏ အလုံးစုံသော အရပ်မျက်နှာတို့၌ အစုံအစုံရှာချအပ်သော တခဲနက်သော ကြီးကျယ်သောမိုးကြီးသည်ထ၍ ကြီးကျယ်လှစွာသောမိုးရေ

အလျင်ကဲ့သို့ အလုံးစုံသော ပါရမီတော်တို့သည် တခုတည်းသော ကိုယ်တော်မြတ်၏ အဖြစ်၌ အကျိုးကို ပေးကုန်အံ့ဟူ၍ စုပေါင်းကြကုန်ဘိသကဲ့သို့ လာဘ်ပူဇော်သက္ကာရတည်းဟူသော ကြီးစွာသောအလျင်ကို ဖြစ်စေကြပါကုန်သည်၊ ထိုထိုသော အရပ်မျက်နှာမှ ဆွမ်း,အဖျော်ယမကာ,ယာဉ်,အဝတ်, ပန်း,နံ့သာ, လိမ်းကျံဘွယ် အစရှိသည်တို့ကို လက်စဲ့ကြကုန်လျက် မင်းပုဏ္ဏား အစရှိကုန်သော သူတို့သည် သောင်းသောင်းဖျဖျ လာရောက်ကြကုန်၍—

ဘုရားရှင်အား ရှာဖွေကြခြင်း

ကဟံ ဗုဒ္ဓေါ ကဟံ ဘဂဝါ ကဟံ ဒေဝဒေဝေါ နရာသဘော ပုရိသသီဟောတိ ဘဂဝန္တံ ပရိယေသန္တိ။

ဗုဒ္ဓေါ၊ သစ္စာလေးအင် ဂကောင်းစွာမြင်တော်မူပြီးသော ဘုရားရှင်ကိုယ်တော်မြတ်သည်။ ကဟံ၊ အဘယ်အရပ်၌ ရှိတော်မူပါသနည်း။ ဘဂဝါ၊ ဘုန်းတော် ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ကဟံ၊ အဘယ်အရပ်၌ ရှိတော်မူပါသနည်း။ ဒေဝဒေဝေါ၊ နတ်ထက်နတ်ဖြစ်တော်မူသော။ နရာသဘော၊ လူတို့ထက် မြတ်တော်မူသော။ ပုရိသသီဟော၊ ယောကျ်ားခြသေ့မင်း ဖြစ်တော်မူသော မြတ်စွာဘုရားသည်။ ကဟံ၊ အဘယ်အရပ်၌ ရှိတော်မူပါသနည်း။ ဣတိ၊ ဤသို့။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါး သခင် ဘုရားရှင်ကို။ ပရိယေသန္တိ၊ ရှာမှီးကြပါကုန်သည်။

လဲ့အစီးပေါင်းအရာတို့ဖြင့်လည်း လေးပါးကုန်သော ပစ္စည်းတို့ကို ယူဆောင်ကြကုန်၍ လှူဒါန်းခွင့်ကို မရကြကုန်သည် ရှိသော် ထက်ဝန်းကျင်သော အရပ်မျက်နှာမှ တဂါဝုတ်ပမာဏတိုင်အောင်လည်း လဲ့ဦးတခုနှင့် လဲ့ဦးတခုသည် ထိ၍ တည်ကြပါကုန်သည်၊ လဲ့တစီးနှင့်တစီးစပ်၍ တည်ကြပါကုန်သည်၊ အန္ဓကဝိန္ဒ ပုဏ္ဏားကြီး အစရှိသည်တို့ကဲ့သို့ ဖြစ်ပါကုန်သည်၊ အလုံးစုံကို ခန္ဓကပါဠိတော်၌ ထိုထိုသုတ္တန်ပါဠိတော်တို့၌ လာသောနည်းဖြင့်ပင် သိအပ်ပါသည်။

ရဟန်းတို့အားလည်း ပေါများလှကုန်၏

မြတ်စွာဘုရားအား ကြီးကျယ်သော လာဘ်သပွကာသည် ဖြစ်လေတိုသကဲ့သို့၊ ထို့အတူ ရဟန်း သံဃာတော်မြတ်အားလည်း ကြီးကျယ်သော လာဘ်သပွကာသည် ဖြစ်ပေါ်လာပါသည်။ ထို့ကြောင့်—

ဝုတ္တမိုစေတံ “တေန ခေါ ပန သမယေန ဘဂဝါ သက္ကတော ဟောတိ ဂရုကတော မာနိတော ပူဇိတော အပစိတော လာဘီ စီဝရ ပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာနံ၊ ဘိက္ခုသံဃော-ပိ ခေါ သက္ကတော ဟောတိ။ပ။ ပရိက္ခာရာန”န္တိ။

တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သက္ကတော၊ အရိုအသေပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဂရုကတော၊ အလေးအမြတ်ပြုအပ်သည်။ မာနိတော၊ မြတ်နိုးအပ်သည်။ ပူဇိတော၊ ပူဇော်အပ်သည်။ အပစိတော၊ အရိုအသေအလေးအမြတ် ပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ စီဝရပိဏ္ဍပါတသေနာသနဂိလာနပစ္စယဘေသဇ္ဇပရိက္ခာရာနံ၊ သင်္ကန်း, ဆွမ်း, ကျောင်း အိပ်ရာနေရာ, သူနာ၏ အထောက်အပံ့ အသက်၏ အရံအတား ဖြစ်သော ဆေးပစ္စည်းတို့ကို။ လာဘီ၊ အလိုရှိတိုင်း ရလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဘိက္ခုသံဃောပိခေါ၊ ရဟန်းသံဃာတော် အပေါင်းသည်လည်း။ သက္ကတော၊ အရိုအသေပြုအပ်သည်။ ဟောတိ၊ ဖြစ်၏။ပ။ လာဘီ၊ အလိုရှိတိုင်းရလေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ဣတိစ၊ ဤသို့လည်း။ တေံ၊ ဤဒေသနာတော်မြတ်ကို။ ဝုတ္တမိုံ ဝုတ္တံဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။ တထာ၊ ထို့အတူ—

ယာဝတာ ခေါ စုန္ဒ တေရုဟိ သံဃော ဝါ ဂဏော ဝါ လောကေ ဥပ္ပန္နော၊ နာဟံ စုန္ဒ အညံ ကေသံဃမ္ပိ သမနုပဿာမိ၊ ဧဝံ လာဘဂ္ဂ ယသဂ္ဂပတ္တံ၊ ယထရိဝ စုန္ဒ ဘိက္ခုသံဃောတိ။

စုန္ဒ၊ ချစ်သားစုန္ဒ....။ တေရုဟိ၊ ဤယခုအခါ၌။ ယာဝတာ၊ အကြင်မျှလောက်သော။ သံဃောဝါ၊ သံဃာသည်ၜင်း။ ဂဏောဝါ၊ ဂိုဏ်းသည်ၜင်း။ လောကေ၊ လောက၌။ဥပ္ပန္နော၊ ထင်ရှား ဖြစ်ပေါ်၏။ စုန္ဒ၊ ချစ်သားစုန္ဒ....။ ဘိက္ခုသံဃော၊ ရဟန်းသံဃာသည်။ လာဘဂ္ဂယသဂ္ဂပတ္တော ဣဝ၊ မြင့်မြတ်သော လာဘ်, မြင့်မြတ်သော အခြံအရံ အကျော်အစောသို့ ရောက်လေဘိသကဲ့သို့။ ဧဝံ၊ ဤကဲ့သို့။ လာဘဂ္ဂယသဂ္ဂပတ္တံ၊ လာဘ်, အခြံအရံ ပေါများခြင်းသို့ရောက်သော။ အညံ၊ တပါးသော။ ကေသံဃမ္ပိ၊ တခုသော သံဃာကိုမျှလည်း။ အဟံ၊ ငါဘုရားသည်။ နသမနုပဿာမိ၊ မျက်ဝါးထင်ထင် ရှုမြင်တော်မမူ။

ဤသို့ မြတ်စွာဘုရား ဟောကြားတော် မူပါသည်။

မြတ်စွာဘုရား ကိုယ်တော်မြတ်၏ငှင်း ရဟန်းသံဃာတော်မြတ်၏ငှင်း ဖြစ်ပေါ်၍လာသောအခါ လာဘသက္ကာရဟုဆိုအပ်သော လာဘ်ပူဇော်ခြင်းသည် တပေါင်းတည်းပြုသည်ရှိသော် နှစ်ခုကုန်သော မြစ်ကြီးတို့၏ စီးဆင်းသော ရေအလျင်ကဲ့သို့ မနှိုင်းယှဉ်အပ်သော အတိုင်းအရှည်ရှိသည် ဖြစ်ပါ၏။

ပစ္စည်းဝေဘန်မှုဖြင့်သာ အချိန်ကုန်၏

အစဉ်အားဖြင့် ရဟန်းတို့သည် ပစ္စည်းလေးပါးကို အလေးအမြတ် ပြုကြကုန်သည်ဖြစ်၍ ပစ္စည်းပေါများမှုကို လုံးပမ်းကြိုးကုတ် အားထုတ်ကြပါကုန်သည်၊ နေမွန်းလွဲသော ဆွမ်း၏နောက်အဘို့ဖြစ်သော ညချမ်းအခါကာလ ၌လည်း ဆီ, ပျား, တင်လဲ အစရှိသည်တို့ကို ရှေးရှုဆောင်ယူလတ်ကုန်သည်ရှိသော် ကျောက်စည်ခေါင်းလောင်းကိုသာလျှင် တီးခတ်၍—

အမှာကံ အာစရိယဿ ဒေထ၊ ဥပဇ္ဈာယဿ ဒေထာတိ ဥစ္စာသဒ္ဒမဟာသဒ္ဒံ ကရောန္တိ။ သာ စ နေသံ ပဝတ္တိ ဘဂဝတောပိ ပါကဋာ အဟောသိ။ တတော ဘဂဝါ အနနုစ္ဆဝိကန္တိ ဓမ္မသံဝေဂံ ဥပ္ပါဒေတွာ စိန္တေသိ။

အမှာကံ၊ ငါတို့၏။ အာစရိယဿ၊ ဆရာအား။ ဒေထ၊ ပေးကြပါကုန်လော့။ ဥပဇ္ဈာယဿ၊ ဥပဇ္ဈာယ်အား။ ဒေထ၊ ပေးကြပါကုန်လော့။ ဣတိ၊ ဤသို့။ ဥစ္စာသဒ္ဒမဟာသဒ္ဒံ၊ မြင့်သောအသံ, ကျယ်သောအသံကို။ ကရောန္တိ၊ ပြုကြလေကုန်၏။ နေသံ၊ ထိုရဟန်းသာမဏေတို့၏။ သာ စ ပဝတ္တိ၊ ထိုအဖြစ်သည်လည်း။ ဘဂဝတောပိ၊ မြတ်စွာဘုရားအားလည်း။ ပါကဋာ၊ ထင်ရှားသည်။ အဟောသိ၊ ဖြစ်၏။ တတော၊ ထို့ကြောင့်။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အနနုစ္ဆဝိကန္တိ၊ မလျောက်ပတ်လေစွတကားဟု။ ဓမ္မသံဝေဂံ၊ တရားသဖြင့် ထိတ်လန့်မှုကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေတော်မူ၍။ စိန္တေသိ၊ ကြံစည်တော်မူပြီ။

သိက္ခာပုဒ် ပညတ်၍လည်း မဖြစ်နိုင်

ပစ္စယာ အကပ္ပိယာတိ နသက္ကာ သိက္ခာပဒံ ပညပေတုံ။ပစ္စယပဋိဗဒ္ဓါဟိ ကုလပုတ္တာနံ သမဏဓမ္မဝုတ္တိ။ ဟန္ဒာဟံ ဓမ္မဒါယာဒပဋိပဒံ ဒေသေမိ။

သာ သိက္ခာကာမာနံ ကုလပုတ္တာနံ သိက္ခာပဒပညတ္တိ ဝိယ ဘဝိဿတိ နဂရဒ္ဒါရေ ဌပိတာသဗ္ဗကာယိကအာဒါသော ဝိယ စ၊ ယထာ ဟိ နဂရဒ္ဒါရေ ဌပိတေ သဗ္ဗကာယိကေ အာဒါသေ စတ္တာရော ဝဏ္ဏာ အတ္တနော ဆာယံ ဒိသ္ဝာ ဝဇ္ဇံ ပဟာယ နိဒ္ဒေါသာ ဟောန္တိ-အစရှိသည်ဖြင့် အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည်။

ပစ္စယာ၊ လေးပါးကုန်သော ပစ္စည်းတို့သည်။ အကပ္ပိယာ၊ မအပ်ကုန်။ ဣတိ၊ ဤသို့။ သိက္ခာပဒံ၊ သိက္ခာပုဒ်ကို။ ပညပေတုံ၊ ပညတ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဟိ၊ မှန်၏။ ကုလပုတ္တာနံ၊ သာဝကနာတော်ထမ်း ရဟန်း သာမဏေဖြစ်ကြကုန်သော အမျိုးကောင်းသားတို့၏။ သာမဏေမဉ္စဝုတ္တိ၊ရဟန်းတို့၏ တရားဖြင့် အသက်မွေးခြင်းသည်။ ပစ္စယပဋိဗဒ္ဓါ၊ ပစ္စည်းလေးပါးနှင့် ဆက်စပ်၍ နေခဲ့၏။ အဟံ၊ ငါဘုရားသည်။ ဟန္ဒ၊ ယခု။ ဓမ္မဒါယာဒပဋိပဒံ၊ လောကုတ္တရာတရား အမွေခံရာခံကြောင်းဖြစ်သော အကျင့်ကို။ ဒေသေမိ၊ ဟောကြားတော်မူအံ့။ သာ၊ ထိုအကျင့်တရားသည်။ သိက္ခာကာမာနံ၊ သိက္ခာသုံးရပ်ကို လိုလားကြကုန်သော။ ကုလပုတ္တာနံ၊ သာဝကနာတော်ထမ်း ရဟန်းသာမဏေ ဖြစ်ကြကုန်သော အမျိုးကောင်းသားတို့အား။ သိက္ခာပဒ ပညတ္တိဝိယ၊ သိက္ခာပုဒ်ကို ပညတ်ခြင်းကဲ့သို့။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ နဂရ-ဒ္ဒါရေ၊ မြို့တံခါး၌။ ဌပိတာသဗ္ဗကာယိကအာဒါသောဝိယ၊ ထားအပ်သော ကိုယ်လုံးပေါ်မှန်ကြီးကဲ့သို့လည်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဟိ၊ ခဲ့၍ဆိုဦးအံ့။ နဂရဒ္ဒါရေ၊ မြို့တံခါးဝ၌။ ဌပိတေ၊ ထားအပ်သော။ သဗ္ဗကာယိကေ၊ တကိုယ်လုံး အရိပ်ထင်သော။ အာဒါသေ၊ ကိုယ်လုံးပေါ်မှန်ကြီး၌။ စတ္တာရော၊ လေးပါးကုန်သော။ ဝဏ္ဏာ၊ လူမျိုးတို့သည်။ အတ္တနော၊ မိမိ၏။ ဆာယံ၊ အရိပ်ကို။ ဒိသ္ဝာ၊ တွေ့မြင်ရ၍။ ဝဇ္ဇံ၊ အပြစ်ကို။ ပဟာယ၊ ပယ်စွန့်၍။ နိဒ္ဒေါသာ၊ အပြစ်ကင်းကြကုန်သည်။ ဟောန္တိယထာ၊ ဖြစ်ကြလေကုန်သကဲ့သို့။ ဧဝမေဝ၊ ဤနည်းထားယူ အလားတူသာလျှင်။ သိက္ခာကာမာ၊ သိက္ခာသုံးရပ်ကို လိုလားကြကုန်သော။ ကုလပုတ္တာ၊ အမျိုးကောင်းသား ဖြစ်ကြကုန်သော သာသနာတော်ထမ်း ရဟန်းသာမဏေတို့သည်။ပယောဂမဏ္ဍနေန၊ အားထုတ်၍ ပြုပြင်ခြင်းဖြင့်။ အတ္တာနံ၊ မိမိကိုယ်ကို။ မဏ္ဍေတုကာမာ၊ တန်းဆာဆင်ခြင်းငှါ အလိုရှိကြကုန်သည်ဖြစ်၍။ဣမံ သဗ္ဗကာယိကာဒါသုပမံ၊ ဤကိုယ်လုံးပေါ်မှန်လျှင် တူသော ဥပမာရှိသော။ဧဒေသနံ၊ ဓမ္မဒါယာဒသုတ္တန် ဧဒေသနာတော်မြတ်ကို။ အာဝဇ္ဇိတ္ဝာ၊ ဆင်ခြင်သုံးသပ်၍။ အာမိသဒါယာဒ

ပဋိပဒံ၊ ပစ္စည်းလေးပါး အမွေခံကြောင်း ဖြစ်သော အကျင့်ကို။ ဝဇ္ဇတ္ထ၊ ကြဉ်ဖယ်ရှောင်ရှား အလုတ်ထား၍။ ဓမ္မဒါယာဒပဋိပဒံ၊ လောကုတ္တရာတရား အမွေခံရာ ခံကြောင်းဖြစ်သော အကျင့်ကောင်းကို။ ပူရေန္တော၊ ဖြည့်ကျင့်ကြကုန်လျက်။ ခိပ္ပမေဝ၊ မကြာမတင် ဆောလျင်စွာသာလျှင်။ ဇာတိဇရာ-မရဏာဿ၊ ပဋိသန္ဓေနေခြင်း, အိုခြင်း, သေရခြင်း၏။ အန္တံ၊ အဆုံးကို။ ကရိဿန္တိ၊ ပြုကြကုန်လတ္တံ့။ ။ကတိ၊ ဤသို့။ဓမ္မသံဝေဂံ၊တရားသဖြင့် ထိတ်လန့်တုန်လှုပ်မှုကို။ ဥပပါဒေတ္ဝာ၊ ဖြစ်စေ၍။ စိန္တေသိ၊ ကြံစည်တော်မူပါသည်။

ဤအဋ္ဌုပ္ပတ္တိဖြင့် ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်ကို ဟောကြားတော်မူသည်ဟု အဋ္ဌကထာဆရာ အဋ္ဌုပ္ပတ္တိနိဂ္ဂေပကို ဖွင့်ပြပါသည် အရှင်ဘုရား။

လောကုတ္တရာ တရားကိုသာ ယူကြကုန်

ထိုကဲ့သို့ ဟောကြားအပ်သော ဓမ္မဒါယာဒ သုတ္တန်ဒေသနာတော်မြတ်၌ “ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊မာ အာမိသဒါယာဒါ”ဟူသော ပါဠိတော်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ဓမ္မဿ မေ ဒါယာဒါ ဘိက္ခဝေ ဘဝထ။ ဘိက္ခဝေ၊ ရဟန်းတို့....။ မေ၊ ငါဘုရား၏။ ဓမ္မဿ၊ လောကုတ္တရာတရားကိုးပါး၏။ ဒါယာဒါ၊ အမွေခံတို့သည်။ ဘဝထ၊ ဖြစ်ကြပါကုန်လော့။ အာမိသဿ၊ ပစ္စည်းလေးပါးတည်းဟူသော အာမိသ၏။ ဒါယာဒါ၊ အမွေခံတို့သည်။မာ ဘဝထ၊ မဖြစ်ကြပါကုန်လင့်။မယ္ဟံ၊ ငါဘုရား၏။ ယော ဓမ္မော၊ အကြင် ကိုးပါးသော လောကုတ္တရာတရားသည်။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုကိုးပါးသော လောကုတ္တရာတရား၏။ပဋိဂ္ဂါဟကာ၊ ခံယူတတ်ကုန်သော ပုဂ္ဂိုလ်ကိုသည်။ ဘဝထ၊ ဖြစ်ကြပါကုန်လော့။ မယ္ဟံ၊ ငါဘုရား၏။ ယဉ္စ ခေါ အာမိသံ၊ အကြင် ပစ္စည်းလေးပါးတည်းဟူသော အာမိသသည်လည်း။ အတ္ထိ၊ ရှိ၏။ တဿ၊ ထိုလေးပါးသော ပစ္စည်းဟူသော အာမိသ၏။ ပဋိဂ္ဂါဟကာ၊ ခံယူတတ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ မာ ဘဝထ၊ မဖြစ်ကြပါကုန်လင့်။ ကတိ၊ ဤသို့။ ဝုတ္တံ၊ ဟောတော်မူလိုရင်းသည်။ ဟောတိ၊ ဖြစ်၏။

ဓမ္မနှစ်မျိုး

ထိုဓမ္မဟု ဆိုအပ်သော တရား၌လည်း ဓမ္မသည် နှစ်မျိုးအပြားရှိသည်ဟူ၍ အဋ္ဌကထာဆရာ မိန့်ပြပါသည်၊ မုချအားဖြင့်ဆိုအပ်သော လောကုတ္တရာ

တရား, ပရိယာယ်အားဖြင့် ယူအပ်သော လောကုတ္တရာတရားဟူ၍ နှစ်မျိုး ရှိပါသည်။

အာမိသနှစ်မျိုး

အာမိသသည်လည်း နှစ်မျိုးအပြားရှိပါသည်၊ မုချအားဖြင့် ယူအပ်သော အာမိသ, ပရိယာယ်အားဖြင့် ယူအပ်သော အာမိသ ဟူ၍ နှစ်မျိုး နှစ်စား ရှိပါသည်။

မုချဓမ္မ

အဘယ်ကဲ့သို့နည်း၊ မှန်၏၊ မဂ်ဖိုလ်နိဗ္ဗာန်ဟု ဆိုအပ်သော ကိုးပါး အပြားရှိသော လောကုတ္တရာတရားသည် မုချဆတ်ဆတ် ဖြစ်စေအပ်သော အမွေခံတရား မည်ပါ၏၊ တစုံတခုသော ပရိယာယ်အားဖြင့် အကြောင်း အားဖြင့် အမြွက်အားဖြင့်လည်း တရားမည်သည်မဟုတ်ပါ။

ပရိယာယ် ဓမ္မ

ဝဋ္ဌကင်းရာ နိဗ္ဗာန်ကိုမှီသော အကြင် ကုသိုလ်ကောင်းမှုသည်ရှိ၏၊ အဘယ်ကဲ့သို့နည်း၊ ဤလောက၌ အချိုသော ပုဂ္ဂိုလ်သည် ဝဋ္ဌကင်းရာနိဗ္ဗာန်ကို တောင့်တလျက် အလှူကို ပေး၏၊ သီလကို ကျင့်သုံး၏၊ ဥပုသ်စောင့်သုံးခြင်းကို ပြု၏၊ ပန်းနံ့သာစသည့် ဝတ္ထုတို့ဖြင့် ပူဇော်ခြင်းကို ပြု၏၊ တရားကို နာ၏၊ တရားကို ဟော၏၊ စျာန်သမာပတ်တရားတို့ကို ဖြစ်စေ၏၊ ဤသို့ ပြုလုပ်လျက် အစဉ်အားဖြင့် မုချဆတ်ဆတ်ဖြစ်သော လောကုတ္တရာတရားဟု ဆိုအပ်သော သေခြင်းကင်းရာ နိဗ္ဗာန်ချမ်းသာကို ရရှိလေ၏၊ ဤရရှိခြင်းသည် ဤယခုဆိုအပ်ခဲ့ပြီးသော ဒါန အစရှိသော ဝဋ္ဌကင်းရာ နိဗ္ဗာန်ကိုမှီ၍ ပြုသော တရားသည် ပရိယာယ်ဓမ္မဟု ဆိုအပ်ပါသည်။

မုချ အာမိသ

ထို့အတူ သင်္ကန်းအစရှိကုန်သော လေးပါးသော ပစ္စည်းတို့သည် မုချဆတ်ဆတ် အာမိသပစ္စည်းမည်ပါသည်၊ တပါးသော ပရိယာယ်အားဖြင့် အကြောင်းအားဖြင့် အမြွက်အားဖြင့်လည်း အာမိသမမည်ပါ။

ပရိယာယ် အာမိသ

ဝဋ္ဌကို မှီ၍ ပြုအပ်သော အကြင်ကုသိုလ်တရားသည် ရှိ၏၊ အဘယ်ကဲ့သို့နည်း၊ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ဝဋ္ဌဆင်းရဲကို တောင့်တလျက် ဝဋ္ဌဆင်းရဲ၏ ပြည့်စုံမှုကို ဘဝ၏ ပြည့်စုံမှုကို အလိုရှိလျက် အလှူအတန်းကို ပေး၏၊ သီလကို ဆောက်တည်၏၊ ဥပုသ်ကျင့်သုံးခြင်းကို ပြု၏၊ ပန်းနံ့သာစသည်တို့ဖြင့် ဝတ္ထုပူဇော်ခြင်းကို ပြု၏၊ တရားကိုနာ၏၊ တရားကိုဟော၏၊ စျာန်သမာပတ်တို့ကို ဖြစ်စေ၏၊ အစဉ်အားဖြင့် ဤသို့ပြုလျက် နတ်လူ၌ ဖြစ်သော စည်းစိမ်ချမ်းသာကို ရရှိ၍ သွားလေတော့၏၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ပရိယာယ်အားဖြင့် ယူထားအပ်သော အာမိသမည်၏။

မုချဓမ္မသည် ဘုရား၏ဥစ္စာ

ထိုနှစ်ပါးတို့တွင် မုချဆတ်ဆတ်အားဖြင့် လောကုတ္တရာတရားသည် မြတ်စွာဘုရား၏သာလျှင် ဥစ္စာဖြစ်၏၊ မှန်၏၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့် ရဟန်းတော်တို့သည် မဂ်ဖိုလ်နိဗ္ဗာန်တို့ကို ရရှိကြပါကုန်သည်။

သော ဟိ ဗြာဟ္မဏ ဘဂဝါ အနုပ္ပန္နဿ မဂ္ဂဿ ဥပ္ပါဒေတာ၊ အသဉ္ဇာတဿ မဂ္ဂဿ သဉ္ဇနေတာ၊ အနက္ခာတဿ မဂ္ဂဿ အက္ခာတာ၊ မဂ္ဂညူ မဂ္ဂဝိဒူ မဂ္ဂကောဝိဒေါတိစ။ သော ဟာဝုသော ဘဂဝါ ဇာနံ ဇာနာတိ၊ ပဿံ ပဿတိ စက္ခုဘူတော ဉာဏဘူတော ဓမ္မဘူတော ဗြဟ္မဘူတော ဝတ္တာ ပဝတ္တာ အတ္ထဿ နိန္နေတာ အမတဿ ဒါတာ ဓမ္မဿာမီ တထာဂတောတိစ၊ ....တထာဂတော-ဟူ၍လည်း။ ဧတံ၊ ဤစကားကို။ ဝုတ္တမိ-ဝုတ္တံဧဝ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။

ဗြာဟ္မဏ၊ ဂေါပကမောဂ္ဂလ္လာနပုဏ္ဏား....။ သောဘဂဝါ၊ ထိုဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ အနုပ္ပန္နဿ၊ မဖြစ်ပေါ်သေးသော။ မဂ္ဂဿ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းဖြစ်သော မဂ်တရားကို။ ဥပ္ပါဒေတာ၊ ဖြစ်စေတော်မူတတ်၏။ အသဉ္ဇာတဿ၊ မဖြစ်ပေါ်သေးသော။ မဂ္ဂဿ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းဖြစ်သော မဂ်တရားကို။ သဉ္ဇနေတာ၊ ကောင်းစွာ ဖြစ်စေတော်မူတတ်၏။ အနက္ခာတဿ၊ ထုတ်ဖော်

မဇ္ဈိမဟာကြားအပ်သေးသော။ မဂ္ဂဿ၊ မဂ်တရားကို။ အက္ခာတာ၊ ထုတ်ဖော်ဟောကြားတော်မူတတ်ပါပေ၏။ မဂ္ဂညူ၊ အရိယာမဂ်တရားကို သိပါပေ၏။ မဂ္ဂဝိဒူ၊ အရိယာမဂ်တရားကို ထိုးထွင်း၍ မြင်တော်မူပါပေ၏။ မဂ္ဂကောဝိဒါ၊ နိဗ္ဗာန်ရောက်ကြောင်း ခရီးကောင်းဖြစ်သော အရိယာမဂ်တရားဌ် လိမ်မာတော်မူ၏။ ဇောရဟိ၊ ဤယခုအခါဌ်။ သာဝကာ၊ တပည့်သားတို့သည်။ မဂ္ဂါနုဂါဝ၊ မြတ်စွာဘုရား နိဗ္ဗာန်ရောက်ကြောင်း နည်းကောင်းဖြစ်သော ကောင်းမြတ်သော မဂ်တရားသို့ အစဉ်လိုက်ကြကုန်သည်ဖြစ်၍။ ပစ္ဆာ၊ နောက်မှ၊ သမန္နာဂတာ၊ ထိုမဂ်တရားတို့နှင့် ပြည့်စုံကြကုန်လျက်။ ဝိဟရန္တိ၊ နေကြရကုန်၏။ ဣတိစ၊ ဤသို့ဌင်း။

အာဝုသော၊ ငါ့ရှင်။ သောဂဝါ၊ ထိုမြတ်စွာဘုရားသည်။ ဇာနံ၊ သိသင့်သိထိုက်သည်ကို။ ဇာနာတိ၊ သိတော်မူ၏။ ပဿံ၊ မြင်သင့်မြင်ထိုက်သည်ကို။ ပဿတိ၊ မြင်တော်မူ၏။ စက္ခုဘူတော၊ ကိုယ်တော်အလုံး မျက်စိတုံးကြီးဖြစ်၍ ဖြစ်တော်မူ၏။ ဉာဏဘူတော၊ ကိုယ်တော်အလုံး ဉာဏ်တုံးကြီးဖြစ်၍ ဖြစ်တော်မူ၏။ ဓမ္မဘူတော၊ ကိုယ်တော်အလုံး တရားတုံးကြီးဖြစ်၍ ဖြစ်တော်မူ၏။ ဗြဟ္မဘူတော၊ ကိုယ်တော်အလုံး အမြတ်တုံးကြီးဖြစ်၍ ဖြစ်တော်မူ၏။ ဝတ္တာ၊ ဟောပြောတော်မူတတ်၏။ ပဝတ္တာ၊ အပြားအားဖြင့် ဟောပြောတော်မူတတ်၏။ အတ္ထဿ၊ အကျိုးစီးပွါးကို။ နိန္နေတာ၊ ထုတ်ဆောင်၍ ပြတော်မူတတ်၏။ အမတဿ၊ အမြိုက်နိဗ္ဗာန်ကို။ ဒါတာ၊ ပေးတော်မူတတ်၏။ ဝါ၊ အမတဿ၊ အမြိုက်နိဗ္ဗာန်ကို။ အဓိဂမာယ၊ ရခြင်းအကျိုးငှါ။ ပဋိပတ္တိ ံ၊ အကျင့်ကို။ ဒါတာ၊ ပေးတော်မူတတ်၏။ ဓမ္မဿာမိ၊ တရားပိုင်ရှင်ဖြစ်တော်မူ၏။ တထာဂတော၊ ရွေးဘုရားတို့ကဲ့သို့ လာခြင်းကောင်းတော်မူ၏။ ဣတိစ၊ ဤသို့ဌင်း။ ဝုတ္တံဝေ၊ ဟောတော်မူအပ်သည်သာလျှင်တည်း။

မုချဆတ်ဆတ်ဖြစ်သော လောကုတ္တရာတရားကိုးပါးသည် မြတ်စွာဘုရား၏ ကိုယ်ပိုင်ဥစ္စာဖြစ်ကြောင်းကို ဖွင့်ပြပြီး၍ ယခုအခါဌ် ပရိယာယ်အားဖြင့် ယူဆအပ်သော ဓမ္မအဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် ပရိယာယဓမ္မောပိ ဘဂဝတောယေဝ သန္တကော-အစရှိသည်ဖြင့် မိန့်ဆိုအပ်ပါသည်။

ပရိယာယ်ဓမ္မလည်း ဘုရား၏ဥစ္စာ

ပရိယာယ်ဖြင့် ယူဆအပ်သော ဓမ္မသည်လည်း မြတ်စွာဘုရား၏ ကိုယ်ပိုင်ဥစ္စာသည်သာလျှင်တည်း။ မှန်၏၊ မြတ်စွာဘုရားသည် ဟောကြားအပ်သည်၏ အဖြစ်ကြောင့်သာလျှင် ဤသို့ သိရှိကြပါကုန်သည်။

ဝိဝဋ္ဋံ၊ ဝဋ်ကင်းရာဖြစ်သော နိဗ္ဗာန်ကို။ ပတ္ထေတ့ာ၊ တောင့်တလျက်။ ဒါနံ၊ အလှူဒါနကို။ ဒေန္တော၊ ပေးလှူလျက်။ သီလံ၊ သီလကို။ သမာဒိ-ယန္တော၊ ဆောက်တည်လျက်။ ဥပေါသထကမ္မံ၊ ဥပုသ်ကျင့်သုံးခြင်းအမှုကို။ ကရောန္တော၊ ပြုလျက်။ ဂန္ဓမာလာဒီနိ၊ ပန်းနံ့သာ စသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ ဝတ္ထုပူဇော်ခြင်းကို။ ကရောန္တော၊ ပြုလျက်။ စျာနသမာပတ္တိယော၊ စျာန်သမာပတ်တို့ကို။ နိဗ္ဗတ္တေန္တော၊ ဖြစ်စေလျက်။ အနုက္ကမေန၊ အစဉ်အားဖြင့်။ အမတံ၊ သေခြင်းကင်းရာဖြစ်သော။ နိဗ္ဗာနံ၊ နိဗ္ဗာန်ဝရားကို။ ပဋိလဘတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဇာနန္တိ၊ သိရှိကြကုန်၏။

မုချအာမိသသည် ဘုရားပစ္စည်း

နိပ္ပရိယာယာမိသမ်ပိစ၊ ပရိယာယ်မဟုတ် မုချဆက်ဆက်ဖြစ်သော အာမိသသည်လည်း။ ဘဂဝတောယေဝ၊ မြတ်စွာဘုရား၏သာလျှင်။ သန္တကံ၊ ဥစ္စာဖြစ်၏။ မှန်၏၊ မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့် သာလျှင် ရဟန်းတော်တို့သည် ဇီဝကဝတ္ထုကို အစပြု၍ မြတ်သော သက်န်းကို ရရှိအပ်ပါသည်၊ မြတ်စွာဘုရားသည် အဘယ်ကဲ့သို့ ခွင့်ပြုတော် မူပါသနည်း၊ အနုဇာနာမိ ဘိက္ခဝေ ဂဟပတိစီဝရံ။ ယော ဂ္ဂဏှတိ၊ ပံသုကူလိကော ဟောတု၊ ယော ဂ္ဂဏှတိ၊ ဂဟပတိစီဝရံ သာဒိယတု။ ဂ္ဂဟရိတရေနပါဟံ ဘိက္ခဝေ သန္တုဋ္ဌိံ ယေဝ ဝဏ္ဏေမိတိ၊ ····ဝဏ္ဏေမိ-ဟု။ အာဟာ၊ ဟောတော်မူပါသည်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့ ...။ ဂဟပတိစီဝရံ၊ အိမ်နေသူလူဒါယကာတို့ လှူဒါန်းသော သက်န်းကို။ အနုဇာနာမိ၊ငါဘုရား ခွင့်ပြုတော်မူ၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဂ္ဂဏှတိ၊ အလိုရှိ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပံသုကူလိကော၊ ပံသုကူသက်န်းကို ဝတ်ရုံသော ပုဂ္ဂိုလ်သည်။ ဟောတု ဖြစ်စေ။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ဂ္ဂဏှတိ၊ အလိုရှိ၏။ သော၊ ထိုပုဂ္ဂိုလ်

သည်။ ဂဟပတိစိဝရံ၊ အိမ်နေသူလူဒါယကာတို့ လှူဒါန်းသော သင်္ကန်းကို။ သာဒိယတု၊ သာယာစေ။ ဘိက္ခဝေ၊ ငါ၏ ချစ်သား ရဟန်းများတို့....။ အဟံ၊ ငါဘုရားသည်။ ဣတိရာတရေနပိ၊ ရ-ရတဝ်သ၍ ဖြစ်သော ပစ္စည်းလေးပါးဖြင့် လည်း။ သန္တုဋ္ဌိ ံယေဝ၊ ရောင့်ရဲခြင်း ရှိမှုကိုသာလျှင်။ ဝဏ္ဏာမိ၊ ချီးမွမ်းတော်မူ၏။

ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ဆွမ်း ပစ္စည်း

ရှေးအခါကာလ၌လည်း ရဟန်းတော်တို့သည် မွန်မြတ်သော ဆွမ်းကို မရရှိခဲ့ကြပါကုန်၊ အိမ်စဉ်လှည့်လည်၍ တလုပ်တယောက်မသော ဆွမ်းအစာ အာဟာရ ရှိသည်သာလျှင် ဖြစ်ခဲ့ကြရပါကုန်သည်၊ ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးနေတော်မူသော မြတ်စွာဘုရားသည် "အနုဇာနာမိ ဘိက္ခဝေ သံဃဘတ်တံ့ ဥဒ္ဒေသဘတ်တံ့ နိမန္တနံ သလာကဘတ်တံ့ ပက္ခိကံ ဥပေါသထိကံ ပါဋိပဒိကံ" ဟူ၍ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်သာလျှင် ရဟန်းတော်တို့သည် မွန်မြတ်သော ဘောဇဉ်ကို ရရှိအပ်ပါ၏။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့....။ အဟံ၊ ငါဘုရားသည်။ သံဃဘတ်တံ့၊ တိုက်သံဃာကုန် အာရုံကြည်ဖြူ ပေးလှူအပ်သော သံဃိက ဆွမ်းကိုဝင်း။ ဥဒ္ဒေသဘတ်တံ့၊ တပါး နှစ်ပါး သံဃာများမှ ညွှန်ကြားပေးလှူ အပ်သော သံဃဘတ်ကိုဝင်း။ နိမန္တနံ၊ သဒ္ဓါအလျောက် ဒကာတို့ရွေး ကောက် ပင့်ဖိတ်၍ လှူဒါန်းအပ်သော နိမန္တနဘတ်ကိုဝင်း။ သလာကဘတ်တံ့၊ စာရေးဘံမဲချ၍ လှူအပ်သော သလာကဘတ်ကိုဝင်း။ ပက္ခိကံ၊ လဆန်း, လဆုတ်ပက္ခ၌ လှူအပ်သော ပက္ခိကဘတ်ကိုဝင်း။ ဥပေါသထိကံ၊ သီလစင်ဖြူ မြင့်မြတ်ရက်ဟူ၍ ပေးလှူအပ်သော ဥပေါသထိက ဘတ်ကိုဝင်း။ ပါဋိပဒိကံ၊ ဥပုသ်အထွက် တရက်နေ့၌ ပေးလှူအပ်သော ပါဋိပဒိကဘတ်ကိုဝင်း။ အနုဇာနာမိ၊ ငါဘုရား ခွင့်ပြုတော်မူ၏။

ကျောင်း ပစ္စည်း

တဆာ၊ ထိုအတူ။ သေနာသနံ၊ ကျောင်းအိပ်ရာနေရာကို။ တေဟိ၊ ထိုရဟန်းတော်တို့သည်။ လဒ္ဓံ၊ ရရှိအပ်ပါ၏။

မှန်၏၊ ရှေးအခါ ကာလ၌ မပြုမလုပ်အပ်သော တောင်ဝှမ်း သစ်ပင်ရင်း အစရှိသော ကျောင်းအိပ်ရာနေရာ၌သာလျှင် ရဟန်းတို့သည် နေထိုင်ခဲ့ကြရပါကုန်သည်၊ ထိုရဟန်းတော်တို့သည် အနုဇာနာမိ ဘိက္ခဝေ ပဉ္စ-လေဏာနီတိ၊ အနုဇာနာမိ ဘိက္ခဝေ ပဉ္စလေဏာနိ-ဟူ၍။ ဧဝံ၊ ဤသို့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုညာတတ္တာယေဝ၊ ခွင့်ပြုတော်မူအပ်သည်၏ အဖြစ်ကြောင့်သာလျှင်။ဝိဟာရော၊လေးဘက်မိုးသောကျောင်းဝင်း။ အဏ္ဍယောဂေါ၊ နှစ်ဘက်မိုးသောကျောင်းဝင်း။ ပါသာဒေါ၊ အထွဋ်ရှိတပ်သော ပြာသာဒ်ဝင်း။ ဟမ္မိယံ၊ အထွဋ်မတပ် ပြာသာဒ်ဦးပြည်းဝင်း။ ဂုဟာ၊ ကျောက်တောင် မြေပြင် ထွင်းဖောက်ထွင်အပ်သော ဥမင်လိုဏ်ဂူဝင်း။ ဣတိ၊ ဤသို့။ ဣမာနိ သေနာသနာနိ၊ ဤကျောင်း အိပ်ရာနေရာတို့ကို။ လဘိ ံသု၊ ရရှိကြလေကုန်ပြီ။

ဆေး ပစ္စည်း

ရှေးအခါ ကာလ၌လည်း နွားကျင်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူ, သျှိရှား, ဖန်ခါး, ကြဇု-စသောဆေးဖြင့် သာလျှင် ဆေးအဖြစ်ကို ပြုကြရပါကုန်သည်။

ထိုရဟန်းတော်တို့သည် မြတ်စွာဘုရားသည်သာလျှင် အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ၊သေယျထိဒံ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ၊ အနုဇာနာမိ။ပ။ ဖာဏိတံ-ဟူ၍။ ဧဝမာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ အနုညာတတ္တာ၊ ခွင့်ပြုအပ်သည်၏ အဖြစ်ကြောင့်။ နာနာ-ဘေသဇ္ဇာနိ၊ အထူးထူးသောဆေးတို့ကို။ လဘိ ံသု၊ ရရှိကြလေကုန်ပြီ။

ထိုရဟန်းတော်တို့သည် မြတ်စွာဘုရားသည်သာလျှင် အနုဇာနာမိ ဘိက္ခဝေ ပဉ္စဘေသဇ္ဇာနိ၊သေယျထိဒံ၊ သပ္ပိ၊ နဝနီတံ၊ တေလံ၊ မဓု၊ ဖာဏိတံ၊ အနုဇာနာမိ။ပ။ ဖာဏိတံ-ဟူ၍။ ဧဝမာဒိနာ၊ ဤသို့အစရှိသော။ နယေန၊ နည်းဖြင့်။ အနုညာတတ္တာ၊ ခွင့်ပြုအပ်သည်၏ အဖြစ်ကြောင့်။ နာနာ-ဘေသဇ္ဇာနိ၊ အထူးထူးသောဆေးတို့ကို။ လဘိ ံသု၊ ရရှိကြလေကုန်ပြီ။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့.... ။ပဉ္စ၊ ငါးပါးကုန်သော။ဘေသဇ္ဇာနိ၊ ဆေးတို့ကို။ အနုဇာနာမိ၊ ငါဘုရားခွင့်ပြုတော်မူ၏။ ဣဒံ-ဣမာနိ ဘေသဇ္ဇာနိ၊ ဤဆေးတို့သည်။ သေယျထာ ကတမာနိ၊ အဘယ်တို့နည်း။ သပ္ပိ၊ ထောပတ်ဂင်း။ နဝနီတံ၊ ထော်ပတ်မဖြစ်ခင် အပေါ်တွင်စု၍ နေသော ဆီဥမသကာ ထောဘေးဂင်း။ တေလံ၊ ဆီဂင်း။မဓု၊ ပျားဂင်း။ ဖာဏိတံ၊ အဖတ်လှတ်သော တင်လဲဂင်း။ ဣတိ၊ ဤသို့။ နာနာဘေသဇ္ဇာနိ၊ အထူးထူးသောဆေးတို့ကို။ လဘိ ံသု၊ ရရှိကြလေကုန်ပြီ။

ပရိယာယ်အာမိသသည်လည်း ဘုရားဥစ္စာ

ပရိယာယ်ဖြစ်သော အာမိသသည်လည်း မြတ်စ္စာဘုရား၏ ဥစ္စာသာလျှင် ဖြစ်တော့၏။ မှန်၏၊ မြတ်စ္စာဘုရားသည် ဟောကြားတော်မူသည်၏ အဖြစ်ကြောင့်သာလျှင်။ သမ္ဗတ္တိဘဝံ၊ သမ္ဗတ္တိဘဝကို။ပတ္ထေန္တော၊ တောင့်တလျက်။ ဒါနံ၊ အလှူဒါနကို။ ဒတ္ဝာ၊ ပေးလှူ၍ ။ သီလံ၊ သီလကို။ သမာဒိယိတ္ဝာ၊ ဆောက်တည်၍။ဥပေါသထကမ္မံ၊ ဥပုသ်ကျင့်သုံးခြင်းအမှုကို။ကတ္ဝာ၊ ပြု၍။ ဂန္ဓမာလာဒီဟိ၊ ပန်းနံ့သာစသည်တို့ဖြင့်။ ဝတ္ထုပူဇံ၊ဝတ္ထုပူဇော်ခြင်းကို။ ကတ္ဝာ၊ ပြု၍။ စျာနသမာပတ္တိယော၊ စျာန်သမာပတ်တရားတို့ကို။ နိဗ္ဗတ္တေတ္ဝာ၊ ဖြစ်စေ၍ ။ အနုက္ကမေန၊ အစဉ်အားဖြင့်။ ပရိယာယာမိသံ၊ ပရိယာယ်အာမိသဟု ဆိုအပ်သော။ ဒိဗ္ဗသမ္ပတ္တိ ံ၊ နတ်ချမ်းသာကိုဎင်း။ မနုဿသမ္ပတ္တိ ံ၊ လူ၏ပြည့်စုံခြင်းဟု ဆိုအပ်သော လူ့ချမ်းသာကိုဎင်း။ ပဋိလဘတိ၊ ရ၏။ ဣတိ၊ ဤသို့။ ဇာနန္တိ၊ သိကြရလေကုန်၏။

ဓမ္မဒါယာဒါ မေ ဘိက္ခဝေ အဓိပ္ပါယ်

ထိုနတ်ချမ်းသာ လူ့ချမ်းသာသည်သာလျှင် အကြင့်ကြောင့် မုချဆတ်ဆတ်ဖြစ်သော တရားတော်သည်ဎင်း, ပရိယာယ်ဖြစ်သော တရားတော်သည်ဎင်း မုချဆတ်ဆတ်ဖြစ်သော အာမိသသည်ဎင်း,ပရိယာယ်ဖြစ်သော အာမိသသည်ဎင်း မြတ်စ္စာဘုရား၏သာလျှင် ဥစ္စာဖြစ်လေ၏၊ ထို့ကြောင့် ထိုနှစ်မျိုးစီနှစ်မျိုးစီ အပြားရှိသော အာမိသတို့၌ ဘုရားကိုယ်တော်မြတ်၏ ဥစ္စာရှင် ဖြစ်သည်၏ အဖြစ်ကို ပြတော်မူလိုသည် ဖြစ်၍ မြတ်စ္စာဘုရားသည် “ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါ” ဟု ဟောတော်မူပါသည်။

အကြင်ရဟန်းသည် ငါဘုရား၏ ဥစ္စာဖြစ်သော နှစ်မျိုးအပြားရှိသော ဓမ္မသည်ရှိ၏၊ ထို့ဓမ္မ၏အမှေခံတို့သည် ဖြစ်ကြပါကုန်၊ ငါဘုရား၏သာလျှင် ဥစ္စာဖြစ်သော အကြင်အာမိသဟု ဆိုအပ်သော ပစ္စည်းလေးပါးသည်ရှိ၏၊ ဘို့ အာမိသဟု ဘို့အပ်သော ပစ္စည်းလေးပါး၏ အမှေခံတို့သည် မဖြစ်ကြပါကုန်လင့်၊ ဓမ္မအဘို့အစု၏သာလျှင် ပိုင်ရှင်တို့ဖြစ်ကြပါကုန်လော့၊ ပစ္စည်းလေးပါးအဘို့အစု၏ ပိုင်ရှင်တို့ မဖြစ်ကြပါကုန်လင့်။

မှန်၏၊ အကြင်ပုဂ္ဂိုလ်သည် မြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြုပြီး၍ ပစ္စည်းလေးပါးလျှင် အမှန်အမြတ်ရှိသည်ဖြစ်၍ လေးပါးကုန်သော တဏှာဖြစ်ရာဖြစ်ကြောင်းဖြစ်ကုန်သော ပစ္စည်းတို့၌ ကောင်းစွာထင်သည်ဖြစ်၍ လောကုတ္တရာကိုးပါးအား လျော်သော ကျင့်ဝတ် ပဋိပတ်၌ ပယ်ချထားအပ်သော တာဝန်ရှိသည်ဖြစ်၍ နေလေ့ရှိ၏၊ ဤကဲ့သို့နေသော ရဟန်းသည် ပစ္စည်းလေးပါးကိုသာလျှင် အမွေခံ၍ နေသော ရဟန်းမည်၏၊ ထိုကဲ့သို့ပစ္စည်းလေးပါးကို အမွေခံယူကုန်သော ရဟန်းတို့ မဖြစ်ကြပါကုန်လင့်။

အကြင်ပုဂ္ဂိုလ်သည်ကား ခွင့်ပြုအပ်သော လေးပါးသော ပစ္စည်းတို့၌ အလိုနည်းသည်၏အဖြစ် အစရှိသည်တို့ကို အမှီပြု၍ ပညာဖြင့် ဆင်ခြင်၍ ထိုပစ္စည်းလေးပါးတို့ကို မှီဝဲသုံးဆောင်လျက် အကျင့်သာလျှင် မှန်မြတ်သော လုပ်ငန်း ရှိသည်ဖြစ်၍ လေးပါးကုန်သော အရိယဝံသတရားတို့၌ ထင်ရှားသည် ဖြစ်လျက်နေထိုင်၏၊ ဤကဲ့သို့နေထိုင်သော ပုဂ္ဂိုလ်သည် တရားအမွေကို ခံယူသော ပုဂ္ဂိုလ်မည်၏၊ ထိုကဲ့သို့ တရားအမွေကို ခံယူသော ပုဂ္ဂိုလ်တို့ ဖြစ်ကြပါကုန်-ဟူ၍ ဆိုလိုပါသည်။

မြတ်စွာဘုရား၏အလိုတော်

ယခုအခါ၌ ထိုလေးပါးသော ဓမ္မနှင့် အာမိသတို့၌ အကြင်ရဟန်းတို့၏ ဤကဲ့သို့သော အကြံအစည်သည် ဖြစ်၏။

အနာဂတမဒ္ဓါနံ၊ အနာဂတ်ဖြစ်သောအဓ္ဓန့်ကာလ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာဝကာနံ၊ တပည့်သာဝကတို့အား။အလာဘတ္ထိကော၊ လာဘ်လာဘကို အလိုမရှိသည်ဖြစ်၍ ။ အာဟာ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဧတံ၊ ဤအကြံအစည်သည်။ အဟောသိ၊ ဖြစ်တတ်၏။ အဟံ၊ ငါဘုရားသည်။ ဟေသံ၊ ထိုရဟန်းတို့၏။ အတိပဏီတလာဘတ္ထိကော၊ အလွန်မွန်မြတ်သော လာဘ်လာဘကို အလိုရှိသော ပုဂ္ဂိုလ်ဖြစ်၍။ ဧဝံ၊ ဤသို့။ ဝဒါမိ၊ ဟောတော်မူ၏။ ဣတိ၊ ဤသို့။ ဒဿေတုံ၊ ပြခြင်းငှါ။ အတ္ထိ မေ တုမှေသု။ပ။ နောအာမိသဒါယာဒါတိ၊ ....ဒါယာဒါ-ဟူ၍။ အာဟာ၊ ဟောတော်မူပါသည်။

ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့....။ မေ၊ ငါ၏။ သာဝကာ၊ များစွာ သောင်းသောင်း တပည့်သား အပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ ဧလောကုတ္တရာ တရားအမွေခံတို့သည်။ ကိန္တိ၊ အဘယ်သို့သောအကြောင်းဖြင့်။

ဘဝေယျံ၊ ဖြစ်ကြကုန်ရာအံ့နည်း။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါးအမွေခံတို့သည်။ ကိန္တိ၊ အဘယ်သို့သော အကြောင်းဖြင့်။ နောဘဝေယျံ၊ မဖြစ်ဘဲ ရှိကြပါကုန်အံ့နည်း။ ဣတိ၊ ဤသို့။ တုမှေသု၊ များစွာသောင်းသောင်း သင်ချစ်သား အပေါင်းတို့၌။ မေ၊ ငါဘုရား၏။ အနုကမ္ပာ၊ အစဉ်အားဖြင့် သနားတော်မူခြင်းသည်။ အတ္ထိ၊ ရှိ၏။

ဤသို့ ဟောတော်မူပါသည်၊ ထိုဟောတော်မူအပ်သော ပါဋိတော်ရပ်၏ ဆိုလိုအပ်သော အနက်အဓိပ္ပါယ်သည်ကား—

သင်ချစ်သားတို့၌ သနားခြင်း, စောင့်ရှောက်ခြင်း, အကျိုးစီးပွါးကို လိုလားခြင်းသည် ငါဘုရား၌ ရှိ၏၊ အဘယ်သို့သော အကြောင်းဖြင့် အဘယ်သို့သော ဥပါယ်တမြည်ဖြင့် ငါ၏တပည့်သား ဖြစ်ကုန်သော သာဝကအများတို့သည် တရားတည်းဟူသော အမွေခံတို့သည် ဖြစ်ကြကုန်ရာအံ့နည်း၊ တရားတည်းဟူသော အဘို့အစု၏ ပိုင်ရှင်တို့သည် ဖြစ်ကြကုန်ရာအံ့နည်း၊ ပစ္စည်းလေးပါး အမွေခံ မဖြစ်ဘဲ ရှိကြကုန်ရာအံ့နည်း၊ ဤဆိုအပ်ခဲ့ပြီးသည်ကား ဆိုလိုရင်းဖြစ်သော အဓိပ္ပါယ်ပါတည်း။

အပါယ်ဘေး မြင်တော်မူ၍

မြတ်စွာဘုရားသည် မြင်တော်မူပါ၏၊ ပစ္စည်းလေးပါးကို အလေးအမြတ်ပြု၍ နေကုန်သော ပစ္စည်းလေးပါး၌ ချွတ်ချော်၍ လဲကျကုန်သော ရဟန်းတို့၏ အတိတ်ဖြစ်သော အခါကာလ၌ ရှေးဦးစွာ ကပိလ အမည်ရှိသော ရဟန်းကြီး၏။ သင်္ဃာဋိပိ၊ ဒုကုဋ္ဌသင်္ကန်းကြီးသည်လည်း။ အာဒိတ္တာ၊ ရဲရဲပြောင်ပြောင် မီးတောက်လောင်၍ နေသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့အစရှိသော နည်းအားဖြင့် ရောက်လာလတ္တံ့သော ယုတ်မာသော ရဟန်း, ယုတ်မာသော ရဟန်းမ, ယုတ်မာသော သိက္ခမာန် အစရှိကုန်သော အရာမက များစွာကုန်သော သာသနာတော်ထမ်း ရဟန်းယောကျ်ား, ရဟန်းမိန်းမ, သိက္ခမာန်တို့၏ အပါယ်၌ ပြည့်ခြင်း၏ အဖြစ်ကို မြင်တော်မူပါသတည်း။

မိမိ၌ သာသနာတော်၌ ရဟန်းပြုကြကုန်သော ဒေဝဒတ်အစရှိကုန်သော ပုဂ္ဂိုလ်တို့၏လည်း အပါယ်၌ ပြည့်အပ်သည်၏ အဖြစ်ကို မြင်တော်မူပါသည်။

ဂုဏ်ကျေးဇူးကို မြင်တော်မူ၍

သို့ရာတွင် တရားကို ဒလေးပြု၍ နေကြကုန်သော သာရိပုတ္တရာ, မောဂ္ဂလ္လာန်, မဟာကဿပ အစ္စရှိကုန်သော ရဟန်းတော်တို့၏ အဘိညာဉ် ခြောက်ပါး ပဋိသမ္ဘိဒါ လေးပါး အစရှိသော ဂုဏ်ကျေးဇူးကို ရှုရှိတော်မူခြင်း ကိုလည်း မြတ်စွာဘုရား မြင်တော်မူပါသည်။

အပါယ်မှလွှတ်ပြီး ဂုဏ်ကျေးဇူး ရရှိရန်

ထို့ကြောင့် ထိုယုတ်မာကုန်သော ရဟန်းတို့၏ အပါယ်မှ လွှတ်မြောက်ခြင်းကိုလည်း အလုံးစုံသော ဂုဏ်ကျေးဇူးနှင့် ပြည့်စုံခြင်းကိုလည်း အလိုရှိသည်ဖြစ်၍ "အတ္ထိ မေ တုမ္ဟေသု အနုကမ္ပာ ကိန္တိ မေ သာဝကာ ဓမ္မဒါယာဒါ ဘဝေယျုံ၊ နော အာမိသဒါယာဒါ" ဟူ၍ ဟောတော်မူပါသည်။

ကိန္တိ၊ အဘယ်သို့သော အကြောင်းပရိယာယ်ဖြင့်။ မေ၊ ငါ၏။ သာဝကာ၊ များစွာသောင်းသောင်း တပည့်သားအပေါင်းတို့သည်။ ဓမ္မဒါယာဒါ၊ တရား၏ အမွေခံတို့သည်။ ဘဝေယျုံ၊ ဖြစ်ကြကုန်ရာအံ့နည်း။ အာမိသဒါယာဒါ၊ ပစ္စည်းလေးပါး အမွေခံတို့သည်။ နောဘဝေယျုံ၊ မဖြစ်ဘဲ ရှိကြကုန်ရာအံ့နည်း။ ဣတိ၊ ဤသို့။ တုမ္ဟေသု၊ သင်ချစ်သား တို့၌။ မေ၊ ငါဘုရား၏။အနုကမ္ပာ၊ အစဉ်အားဖြင့် သနားတော်မူခြင်းသည်။အတ္ထိ၊ ရှိ၏။

ဒင်္ဂါး အ-နှင့် ခြသေ့ မင်းလို

ပစ္စည်းလေးပါးကို အလေးအမြတ်ပြု၍ နေသော ပုဂ္ဂိုလ်သည်ကား လေးပါးသော ပရိသတ်၏ အဆုံး၌ ဒင်္ဂါးအ, ငွေလိမ်, အသပြာလိမ်ကဲ့သို့ဎ်း အခိုးမရှိသော မီးငြိမ်း၍ နေသော မီးကျီးခဲကဲ့သို့ဎ်း မီးသွေးခဲကဲ့သို့ဎ်း တန်ခိုးမရှိသည် ဖြစ်၍ အရောင်အဝါ မရှိသည်ဖြစ်၍ ဖြစ်တတ်ပါသည်၊ ထိုပစ္စည်းလေးပါးကို အလေးပြုခြင်းမှ ဆုတ်နစ်သော စိတ်ဓာတ်ရှိသည်ဖြစ်၍ တရားကို အလေးပြု၍ နေသော ပုဂ္ဂိုလ်သည် တန်ခိုးရှိသည်ဖြစ်၍ ခြသေ့မင်းကဲ့သို့ လွှမ်းမိုး၍ ကျင့်စွမ်းနိုင်ပါသည်၊ ထို့ကြောင့်လည်း "အတ္ထိ မေ တုမ္ဟေသု အနုကမ္ပာ။ပ။ နော အာမိသဒါယာဒါ" ဟု ဟောတော်မူပါသည်။

ဧဝံ၊ ဤသို့။ ဓမ္မဒါယာဒါ မေ ဘိက္ခဝေ ဘဝထ၊ မာ အာမိသဒါယာဒါဝိ၊ ....ဒါယာဒါ-ဟူသော။ ဣဒံ၊ ဤစကားကို။ အနုကမ္ပာယ၊ သနားတော်မူလျ

သဖြင့်။ ပဏီတတရံ၊ အထူးသဖြင့် သာလှန်၍ မှန်မြတ်လှစ္ဆာသော။ လာဘံ၊ လာဘ်လာဘကို။ ဣစ္ဆန္တေန၊ အလိုရှိတော်မူသော မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်။ အလာဘတ္ထိကေန၊ တပည့်သားတို့၏ လာဘ် လာဘကို အလိုမရှိသဖြင့်။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ နော ဝုတ္တံ၊ မဟောကြားအပ်ပါ။ ဣတိ၊ ဤသို့။ သာဝေတ္ဝာ၊ ကြားသိစေပြီး၍။ ဣဒါနိ၊ ယခုအခါ၌။ ဣမဿ ဩဝါဒဿ၊ ဤအဆုံးအမကို။ အကရဏေ၊ မကျင့်သုံး ခြင်း၌။ အာဒီနဝံ၊ အပြစ်ကို။ ဒဿေန္တော၊ ပြတော်မူလျက်။ တုမှေ စ မေ ဘိက္ခဝေ။ပ။ ....နော ဓမ္မဒါယာဒါတိ၊ နော ဓမ္မဒါယာဒါ-ဟူ၍။ အာဟ၊ ဟောကြားတော်မူပါသည်။

တတ္ထ၊ ထိုစကားရပ်၌။ တုမှေပိ တေန အာဒိယာ ဘဝေယျာထာတိ၊ တုမှေပိ တေန အာဒိယာ ဘဝေယျာထ–ဟူသည်ကား။တုမှေပိ၊ သင်ချစ်သား တို့သည်လည်း။ တေန အာမိသဒါယာဒဘာဝေန၊ ထိုပစ္စည်းလေးပါးကို အမွေခံသည်၏ အဖြစ်ဖြင့်။ နော ဓမ္မဒါယာဒဘာဝေန၊ လောကုတ္တရာတရား တော်ကို အမွေခံမဟုတ်သည်၏ အဖြစ်ဖြင့်။ အာဒိယာ၊ ပညာရှိတို့ သီးခြား ပြုအပ်ကုန်သည်။ ဘဝေယျာထ၊ ဖြစ်ကုန်ရာသည်။ အပဒိသိတဗ္ဗာ၊ ညွှန်းပြ အပ်ကုန်သည်။ ဘဝေယျာထ၊ ဖြစ်ကုန်ရာ၏။ ဝိသုံ ကာတဗ္ဗာ၊ အသီးအခြား ပြုအပ်ကုန်သည်။ ဝဝတ္ထပေတဗ္ဗာ၊ ပိုင်းခြားမှတ်သားအပ်ကုန်သည်။ ဘဝေ-ယျာထ၊ ဖြစ်ကုန်ရာ၏။ ဝိညူဟိ၊ ပညာရှိတို့သည်။ ဂါရယှာ၊ ကဲ့ရဲ့အပ်ကုန် သည်။ဘဝေယျာထ၊ဖြစ်ကုန်ရာ၏။ ဣတိ ဝုတ္တံ ဟောတိ၊ ဤသို့ ဆိုလိုပါသည်။ ကိန္တိ၊ အဘယ်ကဲ့သို့နည်း။ “အာမိသဒါယာဒါ သတ္ထုသာဝကာ ဝိဟရန္တိ။သတ္ထု သာဝကာ၊ မြတ်စွာဘုရား တပည့်သားတို့သည်။ အာမိသဒါယာဒါ၊ ပစ္စည်း လေးပါး အမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဝိဟရန္တိ၊ နေထိုင်ကြကုန်၏။ ဓမ္မဒါယာဒါ၊ တရားအမွေခံတို့သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ နောဝိဟရန္တိ၊ မနေထိုင်ကြကုန်”။

အဟမ္ပိ တေန အာဒိယော ဘဝေယျန္တိ၊ အဟမ္ပိ တေန အာဒိယော ဘဝေယျံ-ဟူသည်ကား။ အဟမ္ပိ၊ ငါဘုရားသည်လည်း။ တုမှာကံ၊ သင်ချစ် သားတို့၏။ တေန အာမိသဒါယာဒဘာဝေန၊ ထိုပစ္စည်းလေးပါး အမွေခံ၏ အဖြစ်ဖြင့်။ နောဓမ္မဒါယာဒဘာဝေန၊ လောကုတ္တရာတရား အမွေခံ မဟုတ် သည်၏ အဖြစ်ဖြင့်။ ဂါရယှော၊ ပညာရှိတို့ ကဲ့ရဲ့အပ်သည်။ ဘဝေယျံ၊ ဖြစ်ရာ

၏။ ကိန္တိ၊ အာဘယ်ကဲ့သို့ ဖြစ်သနည်း။ "အာမိသ။ပ။ ဒါယာဒါတိ၊ အာမိသ ။ပ။ ဒါယာဒါ" ဟူ၍။ ဂါရယျော၊ ပညာရှိတို့ ကဲ့ရဲ့ဘွယ်သည်။ ဘဝေယျ၊ ဖြစ်ခဲ့ရာ၏။

သဗ္ဗညူ ဖြစ်ပါလျက်

ဤစကားကို မြတ်စွာဘုရားသည် ထိုရဟန်းတော်တို့၏ အလွန်လျင်စိတ်ကို နှုးညံ့စေခြင်းအကျိုးငှါ ဟောကြားတော်မူပါသည်။ မှန်၏၊ ဤစကားရပ်၌ ဆိုလိုသော အဓိပ္ပါယ်သည်ကား ရဟန်းတို့....။ သင်ချစ်သားတို့သည် ပစ္စည်းမလေးပါး၌ လော်လည်ကြကုန်သည် ဖြစ်၍ ကျင့်ခဲ့ကြကုန်ငြားအံ့၊ ထိုကဲ့သို့ ကျင့်ရာ၌ ပညာရှိတို့သည် ငါဘုရားကို ကဲ့ရဲ့ကြကုန်လိမ့်မည်၊ ကထဉ္စိ နာမ သဗ္ဗညူ သမာနော အတ္တာနော သာဝကေ ဓမ္မဒါယာဒေ နော အာမိသ ဒါယာဒေ ကာဘံ နု သက္ကောဘိတိ၊....နသက္ကောတိ-ဟူ၍။ ဂရဟိဿန္တိ၊ ကဲ့ရဲ့သင့်ဂြိဟ် စကားတင်းဆိုကြပါကုန်လိမ့်မည်။

သဗ္ဗညူ၊ အလုံးစုံကို သိမြင်တော်မူသော ဘုရားရှင်သည်။ သမာနော၊ ဖြစ်ပါလျက်။ အတ္တာနော၊ မိမိ၏။ သာဝကေ၊ တပည့်သား သာဝကတို့ကို။ ဓမ္မဒါယာဒေ၊ လောကုတ္တရာဘရား အမွေခံတို့ကို။ နော အာမိသဒါယာဒေ၊ ပစ္စည်းလေးပါး အမွေခံမဟုတ်သည်တို့ကို။ ကာကံ၊ ပြုခြင်းငှါ။ ကထံ၊ အဘယ့်ကြောင့်။ နု သက္ကောတိ၊ မစွမ်းနိုင်ဘိသနည်း။ ဣတိ၊ ဤသို့။ ဂရဟိဿန္တိ၊ ကဲ့ရဲ့သင့်ဂြိဟ် စကားတင်းဆိုကြကုန်လိမ့်မည်။

ဥပမာ သော်ကား

ဥပမာမည်သည်ကား ရဟန်း အသွင်အပြင်နှင့် မပြည့်စုံကုန်သော ရဟန်းငယ်တို့ကို မြင်ကြကုန်၍ ဆရာဥပဇ္ဈာယ်ဖြစ်သော ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ကြကုန်သကဲ့သို့၊ "ဤရဟန်းတို့သည် အဘယ်မထေရ်၏ သဒ္ဒိဝိဟာရိက တပည့်တို့ဖြစ်ကြကုန်သနည်း၊ ဤရဟန်းတို့သည် အဘယ်မထေရ်၏ အန်းနေ တပည့်ဖြစ်ကြကုန်သနည်း"၊ ဤကဲ့သို့ ကဲ့ရဲ့ကြကုန်သကဲ့သို့ဂျင်း။

တနည်းအားဖြင့် ယုတ်မာသော အကျင့်ရှိကြကုန်သော ကင်းမဲ့သော သီလရှိကြကုန်သော ငယ်ရွယ်သူအမျိုးသားတို့ကိုဂျင်း ငယ်ရွယ်သူအမျိုးသမီးတို့ကိုဂျင်း မြင်ကြရကုန်၍ မိဘဖြစ်သော ပုဂ္ဂိုလ်တို့ကို "ဤသူတို့သည် အဘယ်

မိဘ၏သား ဖြစ်ကြလေကုန်သနည်း၊ ဤသူငယ်မတို့သည် အဘယ်မိဘ၏သမီး ဖြစ်ကြလေကုန်သနည်း”၊ ဤသို့ မိဘတို့ကို ကဲ့ရဲ့ကြလေကုန် သကဲ့သို့ဌင်း၊ ဤနည်းထပ်တူ အလားတူသာလျှင် ငါဘုရားကို ပညာရှင်တို့က ကဲ့ရဲ့သင့်ပြီဟ် စကားတင်းဆိုကြကုန်လိမ့်မည်၊ “အလုံးစုံသော တရားကို သိမြင်သော သဗ္ဗညုဘုရားရှင်ဖြစ်ပါလျက် မိမိ၏ တပည့်သား သာဝကတို့ကို တရား အမှေခံတို့ကို ဖြစ်အောင် ပြုလုပ်ခြင်းငှါ အဘယ့်ကြောင့် မစ္ဆမ်းနိုင်သနည်း၊ ပစ္စည်းလေးပါး အမှေခံမဖြစ်အောင် ပြုလုပ်ခြင်းငှါ အဘယ့်ကြောင့် မစ္ဆမ်းနိုင်သနည်း”ဟု ငါဘုရားကို ဤကဲ့သို့ ကဲ့ရဲ့သင့်ပြီဟ် စကားတင်းဆိုကြကုန်လိမ့်မည်ဟု အဋ္ဌကထာဆရာ မိန့်ပြတော်မူပါသည်။

အပြစ်ကိုပြပြီး၍ အကျိုးကိုပြလို၍

ဤသို့ မြတ်စွာဘုရား၏ အဆုံးအမတော်ကို မလိုက်နာမကျင့်သုံးခြင်း၌ အပြစ်ရှိသည်၏ အဖြစ်ကို ဖွင့်ပြပြီး၍ အဆုံးအမကို လိုက်နာကျင့်သုံးခြင်း၌ အကျိုးအာနိသံသကို ဖွင့်ပြတော်မူလိုသောအဋ္ဌကထာဆရာသည် “ဧဝံ ဣမဿ ဩဝါဒဿ အကရဏေ အာဒီနဝံ ဒဿေတွာ ကရဏေ အာနိသံသံ ဒဿေန္တော တုမှေ စ မေတိ အာဒိမာဟ”ဟူ၍ မိန့်ဆိုပါသည်။

ထိုစကားရပ်၌ အဟမ္ပိ ဇေန နာ အာဒိယော ဘဝေယျံ-ဟူသည်ကား၊ ဥပမာမည်သည် ဝတ်အကျင့်တရားနှင့် ပြည့်စုံကုန်သော ပါဋိပရိယတ္တိ ကျမ်းဂန်ကို သင်ကြားခြင်း မေးမြန်းခြင်း လုပ်ငန်းနှင့် ပြည့်စုံကြကုန်သော အဝါတရာရလေပြီးသော မထေရ်ကြီးဘိုကဲ့သို့ ကြည်ညိုဘွယ်ရာ ဣန္ဒြေရှိကြကုန်သော ငယ်ရွယ်သူ ရဟန်းတို့ကို ဇွတ်မြင်ကြကုန်သည်ဖြစ်၍ ရဟန်းတို့၏ ဝတ်ပုံ, တင်ပုံ, သွားပုံ, လာပုံ အမူအရာနှင့် ပြည့်စုံကုန်သော ငယ်ရွယ်သူ ရဟန်းတို့ကို ဇွတ်မြင်ကြကုန်သည်ဖြစ်၍ “ဤရဟန်းငယ်တို့သည် အဘယ်ဥပဇ္ဈာယ်၏ သဒ္ဓိဝိဟာရိက တပည့်ဖြစ်ကြပါကုန်သနည်း၊ ဤရဟန်းငယ်တို့သည် အဘယ်ဆရာ၏ အနီးနေ တပည့် ဖြစ်ကြပါကုန်သနည်းဟု မေးမြန်းလတ်သည်ရှိသော် ထိုအမည်ရှိသော ဥပဇ္ဈာယ်၏ ထိုအမည်ရှိသော ဆရာ၏ တပည့် ဖြစ်ကြပါကုန်သည်ဟု ပြောဆိုအပ်သည်ရှိသော် ဥပဇ္ဈာယ်ဖြစ်သော မထေရ်မြတ်အား သင့်တင့် လျောက်ပတ်လေစွတကား, ဆရာဖြစ်သော မထေရ်မြတ်အား သင့်တင့်လျောက်ပတ်ပေစွတကား, မိမိတပည့်သားမြေးတို့ကို ဤကဲ့သို့ လိမ်မာယဉ်ကျေးအောင် ဆုံးမခြင်းငှါ စွမ်းနိုင်ပါပေစွတကား”ဟု ဆရာဥပဇ္ဈာယ် ဖြစ်

ကုန်သော ပုဂ္ဂိုလ်တို့သည် ပညာရှိတို့ မကဲ့ရဲ့အပ်ကုန်သည် ဖြစ်ကြလေကုန် သကဲ့သို့ ထို့အတူ ငါဘုရားသည်လည်း သင်ချစ်သားတို့၏ ထိုလောကုတ္တရာ တရား အမွေခံ၏ အဖြစ်ဖြင့် ပစ္စည်းလေးပါး အာမိသကို အမွေမခံသည်၏ အဖြစ်ဖြင့် အဘယ်သူ၏ တပည့်သားမြေးတို့သည် နာလကပဋိပဒါ အကျင့် ဝတ်တရားကိုငင်း, တုဝဋ္ဋက ကျင့်ဝတ်တရားကိုငင်း, စန္ဒူပမ ကျင့်ဝတ်တရားကို ငင်း, ရထဝိနီတ ကျင့်ဝတ်တရားကိုငင်း, မဟာဂေါသိင်္ဂသာလ ကျင့်ဝတ်တရား ကိုငင်း, မဟာသုညတ ကျင့်ဝတ်တရားကိုငင်း, ကျင့်ကြံကြကုန်သည်ဖြစ်၍ ပစ္စည်းလေးပါးတို့၌ ရောင့်ရဲတင်းတိမ်မှု ရှိသည်ဖြစ်၍ ဘာဝနာကမ္မဋ္ဌာန်း၌ မွေ့လျော်ခြင်းဟု ဆိုအပ်သော အရိယာတို့၏ အနွယ်၌ဖြစ်ကုန်သော တရား တို့၌ သက်သေဖြစ်ကြကုန်သည်ဖြစ်၍ ပစ္စည်းလေးပါးကို မက်မောတွယ်တာ ခြင်းမှ ဆုတ်နစ်သော စိတ်ဓာတ်ရှိကြကုန်သည်ဖြစ်၍ တိမ်တိုက်မှ လွတ်သော လပြည့်ဝန်းနှင့် တူကြကုန်သည်ဖြစ်၍ နေကြကုန်သနည်းဟု မေးမြန်းအပ်ကုန် သည်ရှိသော် ရဟန်းဂေါတမ၏ တပည့်သားမြေးတို့ပါတည်း ဟု ပြောဆိုအပ် သည်ရှိသော် မြတ်စွာဘုရားသည် သဗ္ဗညုစင်စစ် ဖြစ်တော်မူပေစွတကား၊ မိမိ၏ တပည့် သားမြေးတို့ကို အာမိသဒါယာဒဟု ဆိုအပ်သော ပစ္စည်းလေးပါး အမွေခံအဖြစ်မျိုးကို စွန့်ပစ်ကြကုန်၍ ဓမ္မဒါယာဒဟု ဆိုအပ်သော လောကုတ္တရာ အမွေခံအကျင့်တို့ကို ကျင့်ကြံသည်တို့ကို ပြုလုပ်ခြင်းငှါ စွမ်းနိုင်ပါ ပေစွတကား ဟူ၍ ပညာရှိတို့သည် မကဲ့ရဲ့အပ်သည့် ငါဘုရား ဖြစ်ရပေမည်ဟု မိန့်တော်မူပါသည် ဟူ၍ ဆိုလိုရင်း အဓိပ္ပါယ်ကို ဖွင့်ပြပါသည်။

ဤသို့ ဤပုဒ်၌ အဓိပ္ပါယ်ကို သိပြီး၍ ကဏ္ဍပကၡ၌ ဆိုအပ်ခဲ့ပြီးသော ဆန့် ကျင်ဘက် ဖြစ်သောနည်းအားဖြင့် သိအပ်ပါ၏။

ဤသို့ ဤအဆုံးအမကို လိုက်နာကျင့်သုံးခြင်း၌ အကျိုးအာနိသံသကို ပြပြီး၍ ယခုအခါ၌ ထိုအဆုံးအမကို အပ်နှင်းတော်မူလိုသော မြတ်စွာဘုရား သည် တသွာတိဟ မေ ဘိက္ခဝေ။ပ။ နော အာမိသဒါယာဒါ-ဟူ၍ဟောတော် မူ၏။

ဘုရားချီးမွမ်းသူ

ဤသို့ ဤအဆုံးအမကို အပ်နှင်းပြီး၍ ယခုအခါ၌ ထိုဓမ္မဒါယာဒ ကျင့် ဝတ်ကို ဖြည့်ကျင့်ခြင်းကို ချီးမွမ်းတော်မူခြင်းအကျိုးငှါ မြတ်စွာဘုရားသည် ဣဓဟံ ဘိက္ခဝေ-အစရှိသည်ကို ဟောတော်မူပါသည်။

ဘိက္ခဝေ၊ ရဟန်းတို့....။ အဟံ၊ ငါဘုရားသည်။ ဘုတ္တာဝီ၊ ဆွမ်းစားပြီး သည်။ အာသံ၊ ဖြစ်ပြီ။ ပဝါရိတောဝ၊ တန်ပြီဟု မြစ်အပ်သည်။ အာသဲ၊ ဖြစ်ပြီ။ ပရိပုဏ္ဏောဝ၊ ထက်ဝန်းကျင်မှ ပြည့်စုံလုံလောက်သည်။ အာသံ၊ ဖြစ်ပြီ။ ပရိ-ယောသိတောဝ၊ ဆွမ်းကိစ္စပြီးဆုံးသည်။ အာသံ၊ ဖြစ်ပြီ။ သုဟိတောဝ၊ ကောင်း စွာ ကိုယ်စိတ်ချမ်းသာသည်။ အာသံ၊ ဖြစ်ပြီ။ ယာဝဒတ္ထောဝ၊ အလိုရှိတိုင်း သော ဆွမ်းကိစ္စအကျိုးပြီးစီးသည်။ အာသံ၊ ဖြစ်ပြီ။ မေ၊ ငါဘုရား၏။ အတိ-ရေကဓမ္မောဝ၊ ပိုလွန်၍နေသော။ ဆဋ္ဌနီယဓမ္မောဝ၊ စွန့်ပစ်အပ်သော။ အယံ စ ပိဏ္ဍပါတောဝ၊ ဤဆွမ်းသည်လည်း။ သိယာဝ၊ ရှိသည်ဖြစ်၏။

အထ၊ ထိုအခါ၌။ ဇဋ္ဌ၊ နှစ်ပါးကုန်သော။ ဘိက္ခူ၊၊ ရဟန်းတို့သည်။ ဇိဃစ္ဆာဒုဗ္ဗလျပရေတာဝ၊ ဆွမ်းဆာခြင်းကြောင့် ဒေါသနည်းခြင်းသည် နှိပ်စက် အပ်ကုန်သည်ဖြစ်၍။ အာဂစ္ဆယုံ၊၊ ရောက်လာကြကုန်ရာ၏။ တေ၊ ထို ရောက်လာကြကုန်သော ခရီးသည်ရဟန်းတို့ကို။ အဟံ၊ ငါဘုရားသည်။ ဧဝံ၊ ဤသို့။ ဝဒေယုံ၊၊ ပြောကြားရာ၏။ ဘိက္ခဝေ၊ ငါ၏ချစ်သား ရဟန်းများတို့။ အဟံ၊ ငါဘုရားသည်။ ဘုတ္တာဝီ၊ ဆွမ်းစား၍ပြီးသည်။ အမှိ၊ ဖြစ်၏။ ပဝါရိ-တောဝ၊ တန်ပြီဟု မြစ်အပ်သည်။ အမှိ၊ ဖြစ်၏။ ပရိပုဏ္ဏောဝ၊ ထက်ဝန်းကျင်မှ ပြည့်စုံသည်။ အမှိ၊ ဖြစ်၏။ ပရိယောသိတောဝ၊ ဆွမ်းကိစ္စ ပြီးဆုံးသည်။ အမှိ၊ ဖြစ်ပြီ။ သုဟိတောဝ၊ ကောင်းစွာ ကျေနပ်ချမ်းသာ၍ နေသည်။ အမှိ၊ ဖြစ်ပြီ။ ယာဝဒတ္ထောဝ၊ အလိုရှိကိုင်း စားသုံး၍ ပြည့်စုံသည်။ အမှိ၊ ဖြစ်ပြီ။ မေ၊ ငါဘုရား၏။ အတိရေကဓမ္မောဝ၊ ပိုလွန်၍နေသော။ ဆဋ္ဌီတဓမ္မောဝ၊ စွန့်ပစ်အပ် သော။ အယံ စ ပိဏ္ဍပါတောဝ၊ ဤဆွမ်းသည်လည်း။ အတ္ထိ၊ ရှိ၏။ တုမ္ဟေ၊ သင်တို့သည်။ သစေအာကင်္ခထ၊ အကယ်၍ စားသုံးဘို့ရန် အလိုရှိကြကုန် ငြားအံ့။ ဘုဉ္ဇထ၊ စားသုံးကြကုန်။ နော စေ ဘုဉ္ဇထ၊ အကယ်၍ မစားကြကုန်ငြားအံ့။ ဣဒါနိ၊ ယခုအခါ၌။ အဟံ၊ ငါဘုရားသည်။ အပဟာရိ တော ဝါ၊ စိမ်းစိုသော မြက်သစ်ပင်မရှိရာအရပ်၌ မူလည်း။ဆဋ္ဌေဿာမိ၊ စွန့်ပစ် တော့အံ့။ အပဂါဏကော၊ ပိုးမွှားတိရစ္ဆာန်မရှိသော။ ဥဒကော၀ါ၊ ရေ၌မူလည်း။ ဩပိလာပေဿာမိ၊ နှစ်မြုပ်ပစ်တော့မည်။ ဣတိ၊ ဤသို့။ဝဒေယုံ၊၊ ပြောကြား ရာ၏။

ဤသို့ အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ဥပမာဆောင်၍ မိမိအပ်နှင်း အပ်သော ဩဝါဒကို ထင်မြင်အောင် ဟောပြတော်မူအပ်ပါသည်။

ဤကဲ့သို့ ဟောပြအပ်သော ပါဋိတော်ရပ်၌ ဣဓဟံ ဘိက္ခဝေ-အစရှိသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည် "ဘဂဝတော ဟိ ထောမနံ သုတ္ဝာပိ ဟောန္တိယေဝ တဒတ္ထာယ ပဋိပဇ္ဇိတာရော" အစရှိသည်ကို မိန့်ဆိုပါသည်။

ဟိ၊ မှန်၏။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ထောမနံ၊ ချီးကျူးခြင်းကို။ သုတ္ဝာပိ၊ ကြားနာကြရကုန်၍လည်း။ တဒတ္ထာယ၊ ထိုလောကုတ္တရာဓမ္မအမွေခံအကျိုးငှါ။ ပဋိပဇ္ဇိတာရော၊ ကျင့်ကြံတတ်ကုန်သော ပုဂ္ဂိုလ်တို့သည်။ ဟောန္တိယေဝ၊ ရှိကုန်သည်သာလျှင်တည်း။

ပုဒ်ပါဋ္ဌအဖွင့်များ

ထိုပါဋိတော်ရပ်တို့ဘွင် ဣဓ ဟူသော ပုဒ်သည် နိပါဒ်ပုဒ် ဖြစ်၏ ဟူသော အဓိပ္ပါယ်ကို ပြလိုခြင်းငှါ ဣဓတိ နိပါတပဒမေတံ-ဟူ၍ မိန့်ဆိုပါသည်။

ဘုတ္တာဝီ ဟူသော ပုဒ်ကို ဘုတ္တဝါ၊ ဆွမ်းစားပြီး၍-ဟူ၍ ဖွင့်ဆိုပါသည်။ ကတဘတ္တကိစ္စောတိ ဝုတ္တံ ဟောတိ၊ ပြုအပ်ပြီးသော ဆွမ်းကိစ္စ ရှိသည်-ဟု ဆိုလိုပါသည်။

ပဝါရိတောဘိ၊ ပဝါရိတော-ဟူသည်။ ယာဝဒတ္ထပဝါရဏာယ ပဝါရိတော-ဟု ဆိုလိုပါသည်၊ အလိုရှိ ဘိုင်း ဘိတ်ကြားခြင်းဖြင့် ဘိတ်ကြား၍ ထားအပ်ပြီးသည်ဟု ဆိုလိုပါသည်၊ အကြင်မျလောက်သော အလိုရှိသည်ကို ဘုဉ်းပေးပြီး၍ ပယ်မြစ်အပ်ပြီးသော ဘောဇဉ်ရှိသည်ဖြစ်၍ တင်းတိမ်ဖောင့်ရဲ၍ နေသည်ဟု ဆိုလိုပါသည်။

ပဝါရဏာ လေးမျိုး

ထိုစကားကို အကျယ်ခဲ့၍ ပြတော်မူလိုသော အဋ္ဌကထာဆရာက စတုဗ္ဗိဓောဟိ ပဝါရဏာ ဝဿံဝုဋ္ဌပဝါရဏာ ပစ္စယပဝါရဏာ အနတိရိတ္တပဝါရဏာ ယာဝဒတ္ထပဝါရဏာ-ဟု မိန့်ပြပါသည်။

ဆက်၍ ဆိုဦးအံ့။ ပဝါရဏာဟု ဆိုအပ်သော ဘိတ်ကြားခြင်းသည် လေးမျိုးအပြားရှိ၏၊ ဝဿံဝုဋ္ဌပဝါရဏာဘမျိုး, ပစ္စည်းလေးပါးကို ဘိတ်ကြားခြင်းတမျိုး, အနတိရိတ္တပဝါရဏာတမျိုး, ယာဝဒတ္ထပဝါရဏာ တမျိုးဟူ၍ ပဝါရဏာလေးမျိုးကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည်။

ထိုလေးမျိုးတို့တွင် အနုဇာနာမိ ဘိက္ခဝေ ဝဿံ ဝုဋ္ဌာနံ ဘိက္ခူနံ တီဟိ ဌာနေဟိ ပဝါရေတုံ-ဟူ၍ ဟောတော်မူအပ်သော ဤကဲ့သို့ ဘိတ်ကြားခြင်းမျိုးသည် ဝဿံဝုဋ္ဌပဝါရဏာ မည်၏ ဟူ၍ ဖွင့်ပြအပ်ပါသည်။

ဣစ္ဆာမဟံ ဘန္တေ သံဃံ စတုမာသံ ဘေသဇ္ဇေန ပဝါရေတုံ-ဟူ၍ဌင်း၊ အညတြပုန ပဝါရဏာယ အညတြနိစ္စပဝါရဏာယ-ဟူ၍ ဘိတ်ကြားခြင်းသည်ဌင်း ဤကဲ့သို့ ဘိတ်ကြားခြင်းမျိုးသည် ပစ္စယပဝါရဏာ မည်၏ ဟူ၍ ဖွင့်ပြအပ်ပါသည်။

ပဝါရိတော နာမ အသနံ ပညာယတိ။ ပဝါရိတော နာမ၊ ပဝါရိတ်သင့်ခြင်း မည်သည်။ အသနံ၊ စားဆဲသည်။ ပညာယတိ၊ ထင်ရှား၏။ ဘောဇနံ၊ ဘောဇဉ်သည်။ ပညာယတိ၊ ထင်ရှား၏။ ဟတ္ထပါသေ၊ နှစ်တောင့်ထွာ ဟတ္ထပါသ် အတွင်း၌။ ဌိဘော၊ တည်သည် ဖြစ်၍။အဘိဟရတိ၊ရှေ့ရှုဆောင်၏။ ပဋိက္ခေပေါ၊ တားမြစ်ခြင်းသည်။ ပညာယတိ၊ ထင်ရှား၏။ ဧသော၊ ဤကဲ့သို့သော အင်္ဂါနှင့် ပြည့်စုံသော ဘိတ်ကြားခြင်းသည်။ ပဝါရိတောနာမ၊ ပဝါရိတ မည်၏။ ဤကဲ့သို့ အင်္ဂါနှင့်ပြည့်စုံသော ဘိတ်ကြားခြင်းမျိုးသည် အနတိရိတ္တပဝါရဏာ မည်ပါသည်။

ပဏီတေန ခါဒနီယေန ဘောဇနီယေန သဟတ္ထာ သန္တပ္ပေသိ သမ္ပဝါရေသိ။

ပဏီတေန၊ မွန်မြတ်လှစွာသော။ ခါဒနီယေန၊ ခဲဘွယ်ဖြင့်ဌင်း။ ဘောဇနီယေန၊ ဘောဇဉ်ဖြင့်ဌင်း။ သဟတ္ထာ၊ ကိုယ်တိုင်လက်ဖြင့်။ သန္တပ္ပေသိ၊ ကောင်းစွာရောင့်ရဲစေ၏။ သမ္ပဝါရေသိ၊ ကောင်းစွာတန်ပြီဟု မြစ်စေ၏။ ဣတိအယံ၊ ဤကဲ့သို့သော ဘိတ်ကြားခြင်းသည်။ ယာဝဒတ္ထပဝါရဏာ၊ ယာဝဒတ္ထပဝါရဏာ မည်၏။

ဤကဲ့သို့ အဌကထာဆရာ ပဝါရဏာ လေးမျိုးကို ဖွင့်ပြအပ်ပါသည်။

ယာဝဒတ္ထ ပဝါရဏာ

ဤနေရာဌာန၌ ယခုဆိုအပ်ခဲ့ပြီးသော ယာဝဒတ္ထပဝါရဏာကို အလိုရှိအပ်ပါသည်။

• ထို့ကြောင့် ပဝါရိတောတိ ယာဝဒတ္ထပဝါရဏာယ ပဝါရိတောတိ၊ ယာဝဒတ္ထ ပဝါရဏာယ ပဝါရိတော-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်ပြီ။

ပရိပုဏ္ဏောတိ၊ ပရိပုဏ္ဏော-ဟူသည်ကား။ ဘောဇနေန၊ ဘောဇဉ်ဖြင့်။ ပရိပုဏ္ဏော၊ ပြည့်စုံလုံလောက်ပြီ။

ပရိယောသိတောတိ၊ ပရိယောသိတော-ဟူသည် ကား။ ပရိယောသိတ ဘောဇနေ၊ ပြီးဆုံးပြီးသော ဆွမ်းကိစ္စရှိ၏။ ဥတ္တရပဒလောပေါ၊ နောက်ပုဒ်ကျသော သမာသ်-ဟူ၍။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။ ယာဝတကံ၊ အကြင်မျှလောက်။ဘုဥ်္ဇိတဗ္ဗံ၊ သုံးဆောင်ဘုဉ်းပေးအပ်၏။တာဝတကံ၊ထိုမျှလောက်ကို။ ဘုတ္တံ၊ သုံးဆောင်ဘုဉ်းပေးပြီးသည်။ ဟောတိ၊ ဖြစ်၏။ မေ၊ ငါ၏။ ဘောဇနံ ကိရိယာ၊ ဆွမ်းစားခြင်း အမှုအရာသည်။ အဝသိတာ၊ ပြီးဆုံးလေပြီ။ ဣတိ အတ္ထော၊ ဤကားအနက်။

သုဟိတောတိ၊ သုဟိတော-ဟူသည်ကား။ ဓာတော၊ တင်းတိမ်ရောင့်ရဲလေပြီ။ ဇီဃစ္ဆာဒုက္ခာဘာဝေန၊ ဆွမ်းဆာခြင်းကြောင့် ဆင်းရဲခြင်းဖြင့် ဆင်းရဲခြင်း မရှိသဖြင့်လည်း။ သုခိတော၊ ချမ်းသာသည်။ ဣတိ၊ ဤသို့။ ဝုတ္တံဟောတိ၊ ဆိုလို၏။

ယာဝဒတ္ထော အဓိပ္ပါယ်

ယာဝဒတ္ထောတိ၊ ယာဝဒတ္ထော-ဟူသည်ကား။ မေ၊ ငါ့အား။ ဘောဇနေန၊ ဘောဇဉ်ဖြင့်။ ယာဝတကော အတ္ထော၊ အကြင်မျှလောက် အလိုရှိ၏။ သောသဗ္ဗော၊ ထိုအလုံးစုံကို။ ပတ္တော၊ ရောက်အပ်ရအပ်ပြီ။ ဇတ္ထစ၊ ဤနေရာ၌လည်း။ ပုရိမာနံ၊ ရှေး၌ ဖြစ်ကုန်သော။ တိဏ္ဏံ၊ ဘုတ္တာဝီ, ပဝါရိတော, ပရိပုဏ္ဏော ဟူသော သုံးပုဒ်တို့၏။ ပစ္ဆိမာနံ၊ နောက်၌ ဖြစ်ကုန်သော။ ပရိယောသိတော, သုဟိတော, ယာဝဒတ္ထော ဟူသော သုံးပုဒ်တို့သည်။ သာဓကာနံ၊ ပြီးစေတတ်ကုန်သော သာဓကသုံးပုဒ်တို့ကည်း။

ဟိ၊ မှန်၏။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပရိယောသိတော၊ ဆွမ်းကိစ္စပြီးဆုံးပြီ။ သော၊ ထိုပုဂ္ဂိုလ်သည်။ ဘုတ္တာဝီ ဟောတိ၊ ဆွမ်းစားပြီးသည်မည်၏။ ယောစ၊ အကြင်ပုဂ္ဂိုလ်သည်လည်း။ သုဟိတော။ တင်းတိမ်ရောင့်ရဲ၍နေ၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ယာဝဒတ္ထပဝါရဏာယ၊ အလိုရှိတိုင်းသော ဘိတ်ကြားခြင်းဖြင့်။ ပဝါရိတော၊ ဘိတ်ကြား၍ ထားအပ်သည် မည်၏။

ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ယာဝဒတ္ထော၊ အလိုရှိတိုင်း သော ဆွမ်းဘောဇဉ် အာကျိုးပြီး၏။ သော၊ ထိုပုဂ္ဂိုလ်သည်။ ပရိပုဏ္ဏော၊ ပြည့်စုံလုံလောက်၍ နေသည်ဟု ဆိုလိုပါသည်။ ပုရိမာနိဝါ၊ ရှေး၌ ဖြစ်ကုန်သော ဘုတ္တာဝီ, ပဝါရိတော,ပရိပုဏ္ဏော ဟူသော သုံးပုဒ်တို့သည်လည်း။ ပစ္ဆိမာနံ၊နောက်၌ဖြစ်ကုန်သော ပရိယောသိတော, သုဟိတော, ယာဝဒတ္ထော ဟူသော သုံးပုဒ်တို့၏။ သာဓကာနိ၊ ပြီးစေတတ်ကုန်သော ပုဒ်တို့တည်း။ ဟိ၊ ခဲ့၍ ဆိုဦးအံ့။ ယသ္မာ၊ အကြင့်ကြောင့်။ ဘုတ္တာဝီ၊ ဆွမ်းစားပြီးပြီ။ တသ္မာ၊ ထို့ကြောင့်။ ပရိယောသိတော၊ ဆွမ်းကိစ္စပြီးဆုံးပြီ။ ယသ္မာ၊ အကြင့်ကြောင့်။ ပဝါရိတော၊ အလိုရှိတိုင်း ဘိတ်ကြားအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သုဟိတော၊ တင်းတိမ်ရောင့်ရဲ၍ နေပြီ။ ယသ္မာ၊ အကြင့်ကြောင့်။ ပရိပုဏ္ဏော၊ ပြည့်စုံပြီ။ တသ္မာ၊ ထို့ကြောင့်။ ယာဝဒတ္ထော၊ အလိုရှိသော ဆွမ်းကိစ္စပြီးပြီ။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုလိုသည်။ ဟောဘိ၊ ဖြစ်၏။ သဗ္ဗံ စေတံ၊ ဤအလုံးစုံသော စကားကို လည်း။ ပရိကပ္ပေတ္ဝာ၊ ကြံဆ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဓဝဒိတဗ္ဗံ၊ သိအပ်၏-ဟု အင်္ဂကထာဆရာ မိန့်ပြပါသည်။

ဥပမာမျှသာ

မြတ်စွာဘုရားသည် စင်စစ်အားဖြင့် ဤသို့ကား ဆွမ်းစားသည်မဟုတ်ပါ၊ တန်ရုံမျှသာလျှင် ဘုဉ်းပေးသုံးဆောင်တတ်သော အလေ့အထရှိပါသည်၊ မြတ်စွာဘုရား ဘုဉ်းပေးပြီး၍ ဆွမ်းကျန်နေသည်ဟူ၍ မရှိပါ၊ တန်ရုံမျှလောက်ကိုသာ ဘုဉ်းပေးပြီးလျှင် သပိတ်နှင့် လက်တော်တို့ကို ဆေးကြောတဲ့အလေ့အထရှိပါသည်၊ သို့ရာတွင် ဥပမာအားဖြင့် ထင်ရှားစေခြင်းအကျိုးငှါ ဆွမ်းပိုနေသည်၏ အဖြစ်ကို ဤနေရာ၌ ဥပမာဆောင်၍ ထင်ရှားအောင် မြတ်စွာဘုရား ဟောပြတော်မူသည်ဟု ဆိုလိုပါသည်။

သိယာပုဒ်၏ အနက်

ထိုပါဠိတော်ရပ်၌ သိယာ စ မေ ပိဏ္ဍပါတော အတိရေကခမ္မော ဆဋ္ဌနိယ ဓမ္မော-ဟူ၍ ဟောတော်မူသော စကားရပ်၌ သိယာဟူသောပုဒ်ကို ဖွင့်ပြတော်မူလိုသော အင်္ဂကထာဆရာက သိယာတိ ကေသေစ ဝိကပ္ပနေစ-စသည်ဖြင့် မိန့်ပြပါသည်။

သိယာ ဟူသော ပုဒ်သည် တခုသော အဘိုရှိသော အနက်၌ရင်း, ဝိကပ္ပနာဟုဆိုအပ်သော ကြံဆခြင်းအနက်၌ရင်း ဖြစ်၏ဟူ၍ အဋ္ဌကထာဆရာ မိန့်ပြပါသည်။ပထဝီဓာတု သိယာ အဇ္ဈတ္တိကာ၊ သိယာ ဗာဟိရာတိ ကေံသေ။ ပထဝီဓာတု၊ ပထဝီဓာတ်သည်။ အဇ္ဈတ္တိကာ၊ အဇ္ဈတ္တိကသန္တာန်၌ဖြစ်သည်။ သိယာ၊ ဖြစ်၏။ ဗာဟိရာ၊ ဗဟိဒ္ဓသန္တာန်၌ဖြစ်သည်။ သိယာ၊ ဖြစ်၏။ ဤကဲ့သို့ဟောတော်မူအပ်သော ဒေသနာမျိုး၌ တခုသော အဘိုဟူသော အနက်၌ သိယာသဒ္ဒါဖြစ်သည်ဟု ဆိုလိုပါသည်။ သိယာ အညတရဿ ဘိက္ခုနော အာပတ္တိ ဝီတိက္ကမောတိ ဝိကပ္ပနေ။ အညတရဿ၊ အမှတ်မထားတပါးပါးသော။ ဘိက္ခုနော၊ ရဟန်းအား။ အာပတ္တိဝီတိက္ကမော၊ အာပတ်ကို လွန်ရောက်ခြင်းသည်။ သိယာ၊ ဖြစ်တန်ရာ၏။ ဤကဲ့သို့ဟောတော်မူသော ပါဋိတော်မျိုး၌ ကြံဆခြင်း အနက်၌ ဖြစ်သည်ဟု ဆိုလိုပါသည်၊ ဤပါဋိတော်၌ ဟောတော်မူအပ်သော သိယာ ဟူသော ပုဒ်သည်ကား နှစ်ပါးစုံသော အနက်သည်ပင်လျှင် သင့်မြတ်၏ဟု ဆိုလိုပါသည်။

ပုဒ်ပါဠ် အနက်များ

အတိရေကော၀၊ ပိုလွန်၍နေသော ဆုမ်းသည်ပင်လျှင်။ အတိရေက ဓမ္မော၊ အတိရေကဓမ္မဟု ဆိုလိုပါသည်၊ ထို့အတူ ဆဋ္ဌနိယဓမ္မသည် စွန့်ပစ်အပ်သော ဆုမ်းဟုဆိုလိုပါသည်၊ အဓိကော စ ဆဋ္ဌေတဗ္ဗော စ၊ ပိုလည်းပို၏၊ စွန့်လည်းစွန့်ပစ်အပ်၏-ဟု ဆိုလိုပါသည်။ န အညံ ကိဉ္စိ ကာတဗ္ဗောတိ အတ္ထော။တစုံတခုသော ပြုဘွယ်ကိစ္စ မရှိတော့ပြီ-ဟု အနက်ရောက်ပါသည်။

အထဟူသော ပုဒ်ကို ထို့ကာလ၌ ဟု အနက်ပေးဟု ဆိုလိုပါသည်၊ ထို့ကြောင့် အထာတိ တမျှ ကာလေ-ဟု ဖွင့်ပြပါသည်။

ဇီဃစ္ဆာ ဒုဗ္ဘလျပရေတာတိ၊ ဇီဃစ္ဆာ ဒုဗ္ဘလျပရေတာ-ဟူသည်ကား။ ဇီဃစ္ဆာယစ၊ ဆုမ်းဆာခြင်းသည်၎င်း။ ဒုဗ္ဘလျေနစ၊ ဆုမ်းဆာခြင်းကြောင့် ဖြစ်သော အားနည်းခြင်းသည်၎င်း။ ပရေတာ၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဖုဋ္ဌာ၊ တွေ့ထိအပ်ကုန်သည်ဖြစ်၍။ အဋ္ဌပိ ဒိဝသာနိ၊ ရှစ်ရက်တို့ကာလပတ်လုံး၎င်း။ ဒသပိ ဒိဝသာနိ၊ ဆယ်ရက်တို့ကာလပတ်လုံး၎င်း။ ပရေတာ၊ နှိပ်စက်အပ်ကုန်သည်ဖြစ်၍။ ဖုဋ္ဌာ၊ တွေ့ထိအပ်ကုန်သည်ဖြစ်၍။ အနုဂတာ၊ အစဉ်

အတိုင်း ခံစားကြရကုန်သည်ဖြစ်၍။ အာဂန္ဆယျုံ၊ ရောက်လာကြကုန်ရာ၏ ဟု ဆိုလိုပါသည်။

ထိုစကားရပ်၌ အခ့ါကုန်သော ပုဂ္ဂိုလ်တို့သည် ဆွမ်းပင်ဆာငြားသော်လည်း အားနည်းသော အလေ့အထမရှိကြပါကုန်၊ ဆွမ်းဆာခြင်းကို သည်းခံခြင်းဌါ စွမ်းနိုင်ကြပါကုန်သည်၊ ဤဒေသနာတော်၌ ဆောင်၍ ပြအပ်သော ရဟန်းနှစ်ပါးတို့သည်ကား ထိုကဲ့သို့ ဆာလောင်ခြင်းကို သည်းခံနိုင်သော ရဟန်းတို့ မဟုတ်ကုန်မူ၍ ပြတော်မူခြင်းဌါ ရဟန်း နှစ်ပါးကို ထုတ်ဆောင်အပ်ပါသည်ဟု အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်။

တျာဟန္တိ၊ တျာဟံ-ဟူသည်ကား။တေ အဟံ-ဟူ၍ ဆိုလိုပါသည်။တေ၊ ထိုရဟန်းတို့ကို။ အဟံ၊ ငါဘုရားသည်။ ဝဒေယျံ၊ ပြောကြားရာ၏။ သစေ အာကင်္ခထာတိ၊ သစေ အာကင်္ခထ-ဟူသည်ကား။ ယဒိ ဣစ္ဆထ ဟု ဆိုလိုပါသည်။ အကယ်၍ အလိုရှိခဲ့ကုန်ငြားအံ့။

အပဟာရိတေ အဓိပ္ပါယ်

အပဟာရိတေဘိ၊ အပဟာရိတေ-ဟူသည်ကား။ အပဂူဠှဟာရိတေ၊ စိမ်းစိုသောသစ်ပင် မပေါက်ရောက်သော အရပ်၌။ ယသ္မိံ ဥဒေနေ၊ အကြင်အရပ်၌။ ပိဏ္ဍပါတဧ္စာတ္ထရဏ္ဏေန၊ ဆွမ်းဖြင့်လှမ်းမိုးခြင်းဖြင့်။ ဝိနဿနဓမ္မာနိ၊ ပျက်စီးခြင်း သဘောရှိကုန်သော။ တိဏာနိ၊ မြက်ဟူသည်။ နတ္ထိ၊ မရှိကုန်။ တသ္မိံ၊ ထိုအရပ်၌။ ဆဋ္ဌေဿာမိ၊ စွန့်ပစ်တော့အံ့။ ဣတိအတ္ထော၊ ဤကားအနက်။ ဤကဲ့သို့ ဖွင့်ပြအပ်ပါသည်။ တေန၊ ထိုအပဟာရိတေ ဟူသော ပုဒ်ဖြင့်။ နိတ္တိဏံ စ၊ မြက်မရှိသော အရပ်ကိုဌင်း။ မဟာတိဏဂဟနံ စ၊ အကြီးအကျယ် မြက်ချုံဖုတ်ရှိသော အရပ်ကိုဌင်း။ ဝုတ္တံ၊ ဆိုအပ်၏။ ယတ္ထ၊ အကြင်အရပ်၌။ သကဋ္ဌေနပိ၊ လှည်းဖြင့်လည်း။ ပိဏ္ဍပါတော၊ ဆွမ်းကို။ ဆဋ္ဌိတော၊ စွန့်ပစ်အပ်သည်ရှိသော်။ တိဏာနိ၊ မြက်တို့သည်။ နဝိနဿန္တိ၊ မပျက်စီးနိုင်ကုန်။ တံ စ ဌာနံ၊ ထိုမပျက်စီးနိုင်သော အရပ်ကိုလည်း။ ပရိဂ္ဂဟိတံ၊ ယူအပ်သည်။ ဟောတိ၊ ဖြစ်၏။ မုနိ၏၊ ဘုတဂါမသိင်္ခာပုဒ်ကို မပျက်စီးစေခြင်း အကျိုးဌါ ဟောတော်မူသည်ဟု အဋ္ဌကထာဆရာ ဖွင့်ပြအပ်ပါသည်။

အပ္ပါဏကေ အဓိပ္ပါယ်

အပ္ပါဏကေတိ၊ အပ္ပါဏကေ-ဟူသည်ကား။ နိပ္ပါဏကေ၊ သတ္တဝါမရှိသော။ ပိဏ္ဍပါတဇျောတ္ထရဏေန၊ ဆွမ်းလွှမ်းမိုးဘိခြင်းဖြင့်။ မရိတဗ္ဗပါဏက-ရဟိတေ ဝါ၊ သေသင့်သေထိုက်သော သတ္တဝါမှကင်းသော။မဟာဥဒကက္ခန္ဓေ၊ ရေ၌ငှင်း။ ဟိ၊ မှန်၏။ ပရိတ္တောဒကေ ဧပ၊ နည်းပါးသော ရေရှိသည်သာလျှင် ဖြစ်သော နေရာဌာန၌သာလျှင်။ ဘတ္တပက္ခေပေန၊ ဆွမ်းကို ပစ်ထည့်ခြင်းဖြင့်။ အာဋ္ဌုလိတေ၊ နှောင့်ရှက်အပ်သည်ရှိသော်။ သုခုမပါဏ-ကာ၊ နူးညံ့သိမ်မွေ့ကုန်သော သတ္တဝါတို့သည်။ မရန္တိ၊ သေကြကုန်၏။ မဟာတဋ္ဌာကာဒီသု၊ ကြီးကျယ်သော တဖက်ဆည်းကန် အစရှိသည်တို့၌။ သုခုမပါဏကာ၊ သိမ်မွေ့နူးညံ့ကုန်သော ပိုးမွှားကောင်တို့သည်။ နမရန္တိ၊ မသေကြကုန်။ ဧတံ၊ ဤစကားကို။ ပါဏကာနုရက္ခဏတ္ထံ၊ သတ္တဝါတို့ကို စောင့်ရှောက်ခြင်းအကျိုးငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဩပိလာပေဿာမီတိ၊ ဩပိလာပေဿာမိ-ဟူသည်။ နိမုဇ္ဇာပေဿာမိ၊ မြှုပ်နှစ်လိုက်တော့အံ့။ ဤသို့ ဖွင့်ပြအပ်ပါသည်။

ဘုရားချီးကျူးသော ရဟန်းမျိုး

ရဟန်း နှစ်ပါးတို့တွင် တပါးသော ရဟန်းအား တတြေကဿ ဘိက္ခုနော ဧဝမဿ၊ ဘဂဝါ ခေါ ဘုတ္တာဝီ ပဝါရိတော ပရိပုဏ္ဏော ပရိယောသိတော သုဟိတော ယာဝဒတ္ထော၊ အတ္ထိစာယံ ဘဂဝတော ပိဏ္ဍပါတော အတိရေက ဓမ္မော ဆဋ္ဌနီယဓမ္မော-အစရှိသောအားဖြင့် အကြံဖြစ်ပါသည်။

မြတ်စွာဘုရားသည် ဆွမ်းစား၍ပြီးလေပြီ၊ မြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သော စွန့်ပစ်ထိုက်သော ဆွမ်းသည် ရှိ၍နေပြီ၊ မြတ်စွာဘုရားသည် သင်တို့ စားလျှင်စားကြ၊ မစားလျှင် စိမ်းစိုသော မြက်သစ်ပင်မရှိသော အရပ်၌ သော်လည်း စွန့်ပစ်မည်၊ ပိုးမွှားမရှိသော ရေ၌မူလည်း စွန့်ပစ်မည် ဟူ၍ မိန့်တော်မူသည်၊ သို့ရာတွင် မြတ်စွာဘုရားသည် "ဓမ္မဒါယာဒါ ဘိက္ခဝေ ဘဝထ၊ မာ အာမိသ ဒါယာဒါ"ဟူ၍ ဟောတော်မူပါသည်။ ငါ၏ချစ်သား ရဟန်းများတို့....၊ သင်တို့သည် တရားအမွေခံတို့ ဖြစ်ကြပါကုန်၊ ပစ္စည်း လေးပါး အမွေခံတို့ မဖြစ်ကြပါကုန်လင့်-ဟူ၍ ဟောတော်မူပါသည်။ ဤကဲ့သို့ ဟောတော်မူသည်ဖြစ်သောကြောင့် ဤဆွမ်းသည်လည်း အာမိသတို့တွင်

တပါးအပါအဝင် ဖြစ်၍ နေ၏၊ ငါသည် ဤဆွမ်းကို မစားမူ၍ ဤဆွမ်း ဆာခြင်းကြောင့် ဖြစ်သော အားနည်းခြင်းဖြင့်ပင်လျှင် ဤနေ့ ဤညဉ့်ကို ကုန်လွန်၍ သွားရမူကား ကောင်းလေစွဟု ကြံဆ၍ ဤပို့လွန်သောဆွမ်းကို မစားမူ၍ ထိုဆွမ်းဆာခြင်းကြောင့် ဖြစ်သော အားနည်းခြင်း တည်းဟူသော ပင်ပန်းဆင်းရဲခြင်းဖြင့် သာလျှင် ထိုနေ့ထိုညဉ့်ကို ကုန်လွန်စေ၍ တရားကို အားထုတ်ခဲ့ပါသည်၊ အခြားတပါးသော ရဟန်းသည်မူကား ထိုသို့ မဟုတ်မူ၍ ဆွမ်းကိုစားပြီးမှသာလျှင် တရားကို အားထုတ်၍ ထိုနေ့ထိုညဉ့်ကို ကုန်လွန်စေပါသည်။

ထိုနှစ်ပါးသော ရဟန်းတို့တွင် မြတ်စွာဘုရားက ငါ၏ ဆွမ်းကွမ်းစား၍ တရားကို အားထုတ်၍ ထိုနေ့ထိုညဉ့်ကို ကုန်လွန်စေသော်လည်း မစားဘဲ အားထုတ်သော ရဟန်းကိုသာလျှင် သာလွန်၍ ပူဇော်ထိုက်ပေ၏၊ သာလွန်၍ ချီးကျူးထိုက်ပေ၏ ဟူ၍ ဟောတော်မူပါသည်၊

ချီးကျူးရခြင်း အကြောင်း

အဘယ်ကြောင့် ဤကဲ့သို့ ဟောတော်မူသနည်း ဟူ မေးငြားအုံ၊ ထိုရဟန်းအား ထိုကဲ့သို့ မစားဘဲ တရားအားထုတ်ခြင်းသည် ကြာမြင့်စွာသော ကာလပတ်လုံး နှည်းပါးသော အလိုရှိသည်၏ အဖြစ်အကျိုးငှါငင်း တင်းတိမ်ရောင့်ရဲခြင်း၏ အကျိုးငှါငင်း ခေါင်းပါးအောင် ကျင့်ခြင်းအကျိုးငှါငင်း မိမိကိုယ်ကို ဒကာ ဒကာမတို့က မွေးမြူလွယ်ခြင်း, မိမိကိုယ်ကို မိမိမွေးမြူလွယ်ခြင်း အကျိုးငှါငင်း ဝီရိယတရားကို အားထုတ်ခြင်း အကျိုးငှါငင်း ဖြစ်လိမ့်မည် ဟူ၍ မြတ်စွာဘုရား ဟောတော်မူပါသည်။

ဝုတ္ထသဒ္ဒါ၏ အနက်များ

ထိုကဲ့သို့ ဟောတော်မူအပ်သော ပါဠိတော်ရပ်၌ တတြကဿ-အစရှိသော စကားကို အဋ္ဌကထာဆရာ ဖွင့်ပြပါသည်။ တေသုဒ္ဓိသု၊ ထိုရဟန်းနှစ်ပါးတို့တွင်။ ကေဿ၊ တပါးသော ရဟန်း၏။ ဧဝံ၊ ဤသို့သော အကြံသည်။ အဿ၊ ဖြစ်ရာ၏။ ယော၊ အကြင်ရဟန်းသည်။ ဣမံဓမ္မဒေသနံ၊ ဤတရားဒေသနာကို။ သုဋ္ဌု၊ ကောင်းစွာ၊ သုတဝါ၊ ကြားနာပြီးလျှင်။ ပုနပ္ပုနံ၊ အဖန်ဖန် အဆပ်ထပ်။ အာဝဇ္ဇေတိစ၊ ဆင်လည်း ဆင်ခြင်၏။ တံ၊ ထိုစကားကို။

သန္ဓေဿယ၊ ရည်ရွယ်၍။ ဝုတ္တံ ခေါ ပနေတန္တိ၊ ဝုတ္တံ ခေါ ပနေတံ-ဟူ၍။ အာဟ၊ ဟောတော်မူပါသည်။ အယံ ဝုတ္တာသဒ္ဒေါ၊ ဤဝုတ္တာသဒ္ဒါသည်။ ကေသော ဟရဏေပိ၊ ဆံပင်ကို ရိတ်ပယ်ခြင်းဌာလည်း။ ဒိဿတိ၊ ထင်၏။ ကာပဋိကော မာဏဝေါ ဒဟရော ဝုတ္တာသိရောတိ အာဒိသု၊ ....ဝုတ္တာသိရော-အစရှိသည်တို့၌ ကဲ့သို့တည်း။ ရောပိတေပိ၊ စိုက်ပျိုးခြင်းဌာလည်း။ ဒိဿတိ၊ ထင်ပါသည်။ အာဘယ်ကဲ့သို့နည်း "သာရဒိကံ ဗီဇံ၊ ခေတ္တေ ဝုတ္တံ ဝိရူဟတိ အစရှိသည်တို့၌ ကဲ့သို့တည်း။ ပြောဆိုခြင်းဌာလည်း ဟောတော်မူပါသည်။ ဝုတ္တာမိဒံ ဘဂဝတာ၊ ဝုတ္တာမိဒံ အရဟတာ-အစရှိသည်တို့၌ကဲ့သို့တည်း။ ဤနေရာ၌ကား ပြောဆိုခြင်း ဟူသော အနက်၌ ဟောသည်ဟု မှတ်ယူအပ်ပါသည်။ ကထိတံ ခေါ ပနေတန္တိ အယဉ္စိဿ အတ္ထော၊ ဤစကားကို မြတ်စွာဘုရား ဟောတော်မူသည် သာလျှင်တည်း ဟူ၍ အနက်ရှိပါသည်။

အာမိသညတရန္တိ၊ အာမိသတပါးဟူသည်။ စတုန္နံ ပစ္စယာမိသာနံ၊ လေးပါးကုန်သော ပစ္စည်းအာမိသတို့တွင်။ အညတရံ ဧကံ၊ တပါးအပါအဝင်တည်း။ ဣတိအတ္ထော၊ ဤကား အနက်ဟု ဖွင့်ပြပါသည်။

ယဒိဒန္တိနိပါတော၊ ယဒိဒံ-ဟူသော ပုဒ်သည် နိပါဒ်ပုဒ် ဟူ၍ ဖွင့်ပြပါသည်။

ပဌမ ရဟန်း

မြတ်စွာဘုရားသည် ဥပမာထား၍ ဟောကြားအပ်သော ရဟန်းနှစ်ပါးတို့တွင် ပဌမဖြစ်သော ရဟန်းသည် နတ်နှင့်တကွသော လောကသည် ဦးခေါင်းဖြင့် ခံယူခြင်းငှါ ထိုက်ပေသော မြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သော ဆွမ်းကို မစားမူ၍ တရားအမွေခံ၏ အဖြစ်ကို လိုလားတောင့်တသည်ဖြစ်၍ ဦးခေါင်း ဥသျှောင် မီးတောက်လောင်၍ နေသော ဥပမာကို ဆင်ခြင်လျက် ထိုဆွမ်းဆာခြင်းကြောင့် ဖြစ်သော အာနည်းခြင်းဖြင့်ပင်လျှင် ထိုနေ့ထိုည၌ကို ကုန်လွန်စေခဲ့ရာ၏။

ဒုတိယ ရဟန်း

ထိုမှတပါး ဒုတိယရဟန်း၏ အကြံအစည် ဖြစ်ပုံကို အထ ဒုတိယသာဘိက္ခုနော ဧဝမဿ-အစရှိသဖြင့် ဟောကြားတော်မူပါသည်။

ထိုကဲ့သို့ ဟောကြားတော်မူအပ်သော ပါဋိတော်စကား၌ အထ ဒုတိယဿ အစရှိသော စကားကို အဓိပ္ပါယ်အကျယ် ဖွင့်ပြတော်မူလိုသော အဌကထာ ဆရာမြတ်သည် အထ ဒုတိယဿာတိ-အစရှိသည်ဖြင့် မိန့်တော်မူပါသည်။

ဤဒုဘိယရဟန်း၏ ဝါရ အလှည့်အကြိမ်၌ ဤဆိုလတ္တံ့သည်ကား အကျဉ်းဖြစ်သော စကားရပ်ပါတည်း၊ ထိုဒုတိယဖြစ်သော ရဟန်းသည် ငါသည် မြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သော စွန့်ပစ်ထိုက်သော ဆွမ်းကိုစား၍ ဆွမ်းဆာခြင်းကြောင့် ဖြစ်သော အားနည်းခြင်းကို ပယ်ဖျောက်၍ ထိုညဉ့်ထိုနေ့ကို တရားအားထုတ်၍ ကုန်လွန်စေရမူကား ကောင်းလေစွဟု ကြံစည်လျက် ဤသို့လည်း နောက်ထပ် ကြံစည်ရာ၏၊ "စင်စစ်အားဖြင့် ရဟန်းဖြစ်တဲ့ ပုဂ္ဂိုလ်သည် ခြသေ့်သစ်ကျား သားရဲတို့ဖြင့် နှောင့်ရှက်ကြုံတွေ့၍ နေသော တောတွင်း၌ ဆေးကို ရှာမှီးခြင်းငှါ ခဲယဉ်းသကဲ့သို့ ကာမဂုဏ်ငါးပါးတည်းဟူသော ခြသေ့် သစ်ကျား သားရဲတို့ဖြင့် နှောင့်ရှက် ကြုံတွေ့၍နေသော ရွာတွင်း၌ ဆွမ်းကို ရှာမှီးရခြင်းသည်လည်း ဆင်းရဲလှပေ၏၊ ဤဆွမ်းသည်မူကား ဤကဲ့သို့သော ရှာမှီးရခြင်း ဆင်းရဲဟု ဆိုအပ်သော အပြစ်မျိုးမှ ကင်းလွတ်သော ဆွမ်းဖြစ်ပေသည်၊ မြတ်စွာဘုရား ဘုဉ်းပေးပြီး၍ ပို၍ နေသော ဆွမ်းလည်း ဖြစ်ပေသည်၊ နှစ်ပါးစုံသော မိဘက်ဘဘက်မှ ကောင်းစွာ မွေးဖွား၍ လာခဲ့သော မင်းသားကဲ့သို့ အလွန်စင်ကြယ်သော ဆွမ်းဖြစ်ပေသည်။

မမှီဝဲအပ်သော ဆွမ်းငါးမျိုး

အကြင်အကြောင်းငါးပါးတို့ဖြင့် ဖြစ်ပေါ်သော ဆွမ်းကို မသုံးဆောင် မမှီဝဲအပ်၊ ထိုအကြောင်းငါးပါးတို့ကြောင့် ဖြစ်ပေါ်သော ဆွမ်းဟူသည် အဘယ်နည်း။

၁။ အလဇီပုဂ္ဂိုလ်၏ ဥစ္စာဟူ၍ ပုဂ္ဂိုလ်ကို ကဲ့ရဲ့ပြီး၍ ထိုပုဂ္ဂိုလ်၏ဆွမ်းကို မမှီဝဲအပ် မမှီဝဲကောင်း။

၂။ ရဟန်းမိန်းမသည် စီရင်၍ ချက်ပြုတ်စေအပ်သော ဆွမ်း,မသူတော်ဂုဏ်ကျေးဇူးကို ချီးမွမ်းပြောဆို၍ ဖြစ်ပေါ်သောဆွမ်း၊ ဤဆွမ်းသည် ဖြစ်ပေါ်ခြင်း၏ မစင်ကြယ်သော အဋ္ဌုပ္ပတ္တိ ရှိသည်၏ အဖြစ်ကြောင့် မဘုဉ်းပေးအပ်သောဆွမ်း ဖြစ်ပါသည်။

၃။ ဆွမ်းရှင်ဖြစ်သော ရဟန်းသည် ဆာလောင်မှုတ်သိပ်၍ နေရှာ၏၊ ဤသို့ ဆွမ်းရှင်ဖြစ်သော ရဟန်းကို သနားညှာတာသည် ဖြစ်၍ ထိုဆွမ်းကို မသုံးဆောင် မမှီဝဲထိုက်ပါ။

၄။ ထိုဆွမ်းရှင်ဖြစ်သော ရဟန်းသည် စားသောက်ပြီး၍ တင်းတိမ် ရောင့်ရဲမှု ရှိသော်လည်း ထိုဆွမ်းရှင်ဖြစ်သော ရဟန်းတို့၏ အနီးနေတပည့် တို့သည်ဌင်း ထိုရဟန်းနှင့် စပ်ကုန်သော သူတို့သည်ဌင်း ဆွမ်းဆာ၍ နေကြရှာကုန်သည်ဟု သနားသဖြင့် ထိုဆွမ်းကိုလည်း မဘုဉ်းပေးထိုက်ပါ။

၅။ ထိုဆွမ်းရှင် ရဟန်း၏ တပည့်သား ဖြစ်ကုန်သော ဆက်စပ်ကုန်သော ရဟန်းတို့သည်လည်း ဆွမ်းစား၍ တင်းတိမ်လုံလောက်ကြကုန်သည် ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာကြကုန်၏၊ ထိုသို့ပင် ဖြစ်သော်လည်း စင်စစ်သော်ဘမူကား ဆွမ်းရှင်ရဟန်းသည် မိမိဆွမ်းကို ပေးလှူလိုသော သဒ္ဓါတရား မရှိ၊ ထိုကဲ့သို့ သဒ္ဓါတရားမရှိသည်၏ အဖြစ်ကြောင့် ထိုရဟန်း၏ဆွမ်းကိုလည်း မဘုဉ်းပေးထိုက်ပါ။

ဤကဲ့သို့ ဆိုအပ်ပြီးသော အကြောင်းငါးပါးတို့ကြောင့် ဖြစ်ပေါ်သော ဆွမ်းကို မဘုဉ်းပေးထိုက်ပါ။

မြတ်စွာဘုရား၏ ဆွမ်းကျန်

ထိုအကြောင်း ငါးပါးတို့မှ ယခုမြတ်စွာဘုရား၏ အပိုအလှန်ဖြစ်သော ဆွမ်းသည် ကင်းလွတ်ပေသည်။ မှန်လှပေ၏၊ လင်္ဂီသူတော်ကောင်း ပုဂ္ဂိုလ် အပေါင်းတို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ပေ၏၊ စင်ကြယ်သော အင္ဂုပ္ပတ္တိရှိသော ဆွမ်းလည်း ဖြစ်ပေ၏၊ မြတ်စွာဘုရား ကိုယ်ဘော်တိုင်ကလည်း တင်းတိမ်ရောင့်ရဲပြီးသည်ဖြစ်၍ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာ၍ နေလေပြီ၊ ဘုရားအနီးအနား၌ ထိုဆွမ်းကို တောင့်တ၍ နေသော တပါးသောပုဂ္ဂိုလ်သည်လည်းမရှိ၊ လောက၌ အကြင်ပုဂ္ဂိုလ်တို့သည် သဒ္ဓါတရားနှင့် ပြည့်စုံကြကုန်၏၊ ထိုသဒ္ဓါတရားနှင့် ပြည့်စုံကြကုန်သော ပုဂ္ဂိုလ်တို့တွင် မြတ်စွာဘုရားသည် အမြတ်ဆုံးသော ပုဂ္ဂိုလ်ဖြစ်ပေ၏၊ ဤသို့ ကြံစည် စဉ်းစားပြီး၍ ထိုဒုတိယမြောက်ဖြစ်သော ရဟန်းသည် ထိုဆွမ်းကိုစား၍ ဆွမ်းဆာခြင်းကြောင့်ဖြစ်သော အာနည်းခြင်းကို ပယ်ဖျောက်၍ ထိုနေ့ ထိုည၌ကို တရားအားထုတ်၍ ကုန်လွန်စေခဲ့ရာ၏။

ဆွမ်းဌ်မထူး ပုဂ္ဂိုလ်သာထူးသည်

ဤမျှလောက်သော စကားအတိုင်းအရှည်ဖြင့် အကြင်ရဟန်းသည်လည်း မြတ်စွာဘုရား၏ အပိုအလှန်ဖြစ်သော ဆွမ်းကို မစားမူ၍ ရဟန်းတရားကို အားထုတ်၏၊ ထိုရဟန်းသည်လည်း စားသင့်စားထိုက် စားအပ်သော ဆွမ်းကို မစားဘဲ နေသည်မည်၏၊ အကြင် ဒုတိယမြောက် ဖြစ်သော ရဟန်းသည်လည်း မြတ်စွာဘုရား၏ အပိုအလှန်ဖြစ်သော ဆွမ်းကိုစား၍ ရဟန်းတရားကို အားထုတ်၏၊ ထိုရဟန်းသည်လည်း စားသင့် စားထိုက် စားအပ်သော ဆွမ်းကို စားသည် မည်၏၊ ဆွမ်းဌ် ထူးခြားခြင်း မရှိပါ၊ သို့ရာတွင် ပုဂ္ဂိုလ်ဌ် ထူးခြားခြင်းရှိပါသည်၊ ထို့ကြောင့် ထိုပုဂ္ဂိုလ်ထူးခြားမှုကို ပြတော်မူလိုသော မြတ်စွာဘုရားသည် ကိဠာပိ သော ဘိက္ခဝေ ဘိက္ခု-အစရှိသည်ကို မိန့်တော်မူပါသည်။

ကိဠာပိပုဒ် အဓိပ္ပါယ်

ထိုစကားရပ်ဌ် ကိဠာပိ ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာက ကိဠာပိတိ အနုဇာနနပ္ပသံသနတ္ထေ နိပါတော-အစရှိသည်ဖြင့် မိန့်ပါသည်ဘုရား။

ကိဠာပိ ဟူသော ပုဒ်သည် အနုးအညှတ် ခွင့်လွှတ်ခြင်း ချီးမွမ်းခြင်း ဟူသော အနက် နှစ်ပါးဌ်ဖြစ်သော နိပါတ်ပုဒ်ဟု ဆိုပါသည်၊ ထိုသို့ ဆိုခဲ့သော် အဘယ်ကို အခွင့်ပြုပါသနည်း၊ ထိုရဟန်း၏ ထိုဆွမ်းကို သုံးဆောင်ခြင်းသည် အပြစ်မရှိသော သုံးဆောင်ခြင်းဟု အခွင့်ပြုပါသည်၊ အဘယ်ကို ချီးမွမ်းပါသနည်းဟု ဆိုသော်....ဆွမ်းစားပြီး၍ သမဏဓမ္မဟု ဆိုအပ်သော ရဟန်းတရားအားထုတ်ခြင်းကို ချီးမွမ်းပါသည်၊ ဤအဓိပ္ပါယ်ကို ဆိုလိုသည်ဟု အဋ္ဌကထာဆရာ မိန့်ပြပါသည်ဘုရား။

အထူးသဖြင့် သာလွန်သောသူ

ထိုရဟန်းသည် ဤသို့ ဘုဉ်းပေးအပ် ဘုဉ်းပေးသင့် ဘုဉ်းပေးထိုက်သော ဆွမ်းကို ဘုဉ်းပေးပြီး၍ ပြုသင့် ပြုထိုက် ပြုအပ်သော ရဟန်းတရားကို အကယ်၍ပြုကား ပြုပါ၏၊ ထိုသို့ပင် ပြုပါငြားသော်လည်း အထခေါ် အသုယော မေ

ပုရိမော ဘိက္ခု-ဟူ၍ ဟောတော်မူပြန်ပါသည်။ အထခေါ၊ ထိုသို့ပင် စားသင့်စားထိုက်သော ဆွမ်းကိုစား၍ အားထုတ်သင့် အားထုတ်ထိုက်သော တရားကို အားထုတ်ငြားပါသော်လည်း။ မေ၊ ငါဘုရား၏။ပုရိမော၊ ရှေးဖြစ်သော။ အသုယေဝဘိက္ခု၊ ထိုပဌမရဟန်းသည်သာလျှင်။ ပူဇာတရော၊ အထူးသဖြင့် ပူဇော်ထိုက်သော ရဟန်းလည်း ဖြစ်ပေ၏။ ပါသံသတရော၊ အထူးသဖြင့် ချီးကျူးထိုက်သော ရဟန်းလည်း ဖြစ်ပေ၏ဟု ဟောတော်မူပါသည်။

ထိုစကားရပ်ကို အဋ္ဌကထာဆရာမြတ်က ဖွင့်ပြတော်မူသည်မှာ အကြင် ရှေးဖြစ်သောရဟန်းသည် ထိုဆွမ်းကို ပယ်မြစ်ပြီး၍ ရဟန်းတရားကိုအားထုတ်၏၊ ထိုဆွမ်းကို မစားဘဲ တရားကို အားထုတ်သော ပဌမရဟန်းသည်သာလျှင် ငါဘုရား၏ နှစ်ယောက်ကုန်သော သူရဲကောင်းတို့တွင် အထူးသဖြင့် သာလွန်သော သူရဲကောင်းကြီး တယောက်ကဲ့သို့ပင်း၊ နှစ်ဦး နှစ်ယောက်ကုန်သော ပညာရှင်တို့တွင် အထူးသဖြင့် ထူးကဲလွန်မြတ်သော ပညာရှင်ကြီး တယောက်ကဲ့သို့ပင်း အထူးသဖြင့် သာလွန်၍ ပူဇော်ထိုက်ပါပေသည်၊ အထူးသဖြင့် သာလွန်၍ ချီးကျူးထိုက်ပါပေသည်၊ ဒုတိယမြောက်ဖြစ်သော ရဟန်းထက် အပိုအလွန်ဖြစ်သော ပူဇော်ခြင်းဖြင့် ပူဇော်ထိုက်ပါပေသည်၊ အထူးသဖြင့် ချီးကျူးထိုက်ပါပေသည်-ဟူ၍ ဆိုလိုပါသည်ဟု အဋ္ဌကထာဆရာ မိန့်ပြပါသည်။

ယခုအခါ၌ ထိုအနက်ကို အကြောင်းဖြင့် ပြီးစေတော်မူလိုသည်ဖြစ်၍ မြတ်စွာဘုရားသည် တံ ကိသ ဟေတု၊ တဉ္စိ တသ ဘိက္ခုနော ဒီဃရတ္တံ အပ္ပိစ္ဆတာယ သန္တုဋ္ဌိယာ သလ္လေခါယ သုဘရတာယ ဝီရိယာရမ္ဘာယ သံဝတ္တိဿတိ-အစရှိသည်ကို ဟောတော်မူပါသည်။

တံ၊ ထိုသို့ အထူးသဖြင့် ပူဇော်ထိုက် အထူးသဖြင့် ချီးမွမ်းထိုက်ခြင်းသည်။ ကိသဟေတု၊ အဘယ်အကြောင်းကြောင့်နည်း။ ဘိက္ခဝေ၊ ရဟန်းတို့။ တသ ဘိက္ခုနော၊ ထိုဆွမ်းမစားဘဲ ရဟန်းတရားကို အားထုတ်သော ရဟန်း၏။ တံ၊ ထိုငါဘုရား၏ အပိုအလွန်ဖြစ်သော ဆွမ်းကို မစားဘဲ တရားကို အားထုတ်ခြင်းသည်။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော နေ့ညဉ့်ကာလပတ်လုံး။အပ္ပိစ္ဆတာယ၊ နည်းပါးသော ဣလိုရှိသည်၏အဖြစ်အကျိုးငှါ။ သန္တုဋ္ဌိယာ၊ ရောင့်ရဲလွယ်ခြင်း အကျိုးငှါ။ သလ္လေခါယ၊ ကိလေသာတို့ကို ခေါင်းပါးစေခြင်း အကျိုးငှါ။ သုဘရတာယ၊ မိမိကိုယ်ကို မိမိမွေးမြူလွယ်ခြင်း, မိမိကိုယ်ကို

ဒကာ ဒကာမတို့က မွေးမြူလွယ်စေခြင်း အကျိုးငှါ။ဝီရိယာရမ္ဘာယ၊ ဝီရိယကို အားထုတ်ခြင်းအကျိုးငှါ။ သံဝတ္တိဿတိ၊ ဖြစ်လတ္တံ့။ ဤသို့ မြတ်စွာဘုရား ဟောကြားတော်မူပါသည်။

ချန်းဖြင့်အုပ်၍ တားဆီးလိမ့်မည်

ထိုစကားရပ်၌ သင်ချစ်သားတို့၏ စိတ်ကူး အကြံအစည် ဖြစ်ရာ၏၊ အဘယ့်ကြောင့် ထိုရဟန်းသည် မြတ်စွာဘုရား၏ အထူးသဖြင့် ပူဇော်ထိုက်ပါသနည်း၊ အထူးသဖြင့် ချီးကျူးထိုက်သော ပုဂ္ဂိုလ်ဖြစ်ပါသနည်းဟု သင်ချစ်သားတို့ သန္တာန်၌ ဖြစ်ရာ၏၊ ထိုကဲ့သို့ ဖြစ်သည်ကို တဦး တဿစသည်ဖြင့် မိန့်တော်မူပါသည်၊ အကြင့်ကြောင့် ဆွမ်းကို ပယ်ပြီး၍ တရားအားထုတ်သော ထိုရဟန်း၏ ထိုကဲ့သို့ ပယ်မြစ်ခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး နည်းပါးသော အလိုရှိသည်၏အဖြစ်အကျိုးငှါဝင်း၊ ဝီရိယဘရားကို အားထုတ်ခြင်း အဖြစ် အကျိုးငှါဝင်း ဖြစ်လိမ့်မည်၊ ထို့ကြောင့် သာလွန်၍လည်း ပူဇော်ထိုက်ပါပေ၏၊ သာလွန်၍လည်း ချီးမွမ်းထိုက်ပါပေ၏ဟု ဆိုလို ကြောင်းကို အဌကထာဆရာ ဖွင့်ပြပါသည်။

အဘယ်ကဲ့သို့နည်း၊ တပါးသော အခါကာလ၌ လေးပါးသော ပစ္စည်းတို့၌ ထိုရဟန်းအား အတြိစ္ဆတာ ဟု ဆိုအပ်သော အပိုအလွန်ဖြစ်သော အလိုဆန္ဒသည်ဝင်း ပါပိစ္ဆတာဟု ဆိုအပ်သော ယုတ်မာသော အလိုဆိုးသည်ဝင်း မဟိစ္ဆတာ ဟု ဆိုအပ်သော ကြီးကျယ်သော အလိုဆန္ဒရှိသည်၏ အဖြစ်သည်ဝင်း ဖြစ်ပါလိမ့်မည်၊ ထိုကဲ့သို့ အတြိစ္ဆ ပါပိစ္ဆ မဟိစ္ဆ ဟု ဆိုအပ်သော အလိုဆိုးတို့ ဖြစ်ပေါ်သော အခါကာလ၌ ထိုဖြစ်ပေါ်သော အလိုဆိုးကို ဤမြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သော ဆွမ်းကို ပယ်မြစ်ခြင်းတည်းဟူသော ချန်းဖြင့်အုပ်၍ တားဆီးပေလိမ့်မည်။

အရေ တွံ သုဂတာတိရိတ္တမိ ပိဏ္ဍပါတံ ပဋိကိခိပိတွာ ဤဒိသံ ဣစ္ဆံ ဥပ္ပါဒေသိ။

အရေ၊ ဩော်....ယုတ်မာလှစွာသော အသင်ရဟန်း....။ တွံ၊ သင်သည်။ သုဂတာတိရိတ္တမိ၊ မြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သည်လည်းဖြစ်သော။

ပိဏ္ဍာပါတံ၊ ဆွမ်းကို။ ပဋိဂ္ဂဏှိပိတ္တာ၊ ပယ်ခဲ့မြစ်ခဲ့ပြီး၍။ ဤဒိသံဂ္ဂစ္ဆံ၊ ဤကဲ့သို့သော ယုတ်သောအလိုဆိုးကို။ ဥပပါဒေသိ၊ ဖြစ်စေဘိ၏။

ဤသို့ စဉ်းစားဆင်ခြင်သည်ဖြစ်၍ ထိုမြတ်စွာဘုရား၏ အပိုအလှန်ဖြစ်သော ဆွမ်းကို ပယ်မြစ်ခြင်း တည်းဟူသော ချွန်းဖြင့်အုပ်၍ တားဆီးပါလိမ့်မည်။

အသန္တဋ္ဌိယဝါဟု ဆိုအပ်သော တင်းမတိမ်နိုင်ခြင်း၏ဂုဏ်း ကိလေသာကို ခေါင်းပါးအောင် အားမထုတ်ခြင်း၏ဂုဏ်း ဖြစ်ပေါ်သော အခါကာလမျိုးဌ် ချွန်းအုပ်၍ တားဆီးရာဌ်လည်း ဤနည်းသည်သာလျှင် နည်းရှိပါသည်၊ ဤသို့ ရှေးဦးစွာ နည်းပါးသော အလိုရှိသည်၏ အဖြစ်အကျိုးငှါ, ရောင့်ရဲလွယ်သည်၏ အကျိုးငှါ, ကိလေသာကို ခေါင်းပါးအောင် ကျင့်ခြင်း၏အကျိုးငှါ ဖြစ်ပါလိမ့်မည်ဟူ၍ အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည်။

သုဘရတာယ စသည်အကျယ်

ထိုစကားရပ်ဌ် သုဘရတာယ· စသည်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က သုဘရတာယာတိ ဧတ္ထ-အစရှိသော စကားကို မိန့်ဆိုပြန်ပါသည်ဘုရား၊ ဤသုဘရတာ-စသော ပါဌ်ဌ် ဤဆိုလတ္တံ့သည်ကား အဖွင့် သံဝဏ္ဏနာပင် ဖြစ်ပါသည်။

ဤလောကဌ် အချို့သော ရဟန်းသည် မိမိကိုယ်တိုင်၏ဂုဏ်း အလုပ်အကျွေးဖြစ်ကုန်သော ဒကာ, ဒကာမတို့၏ဂုဏ်း မွေးမြူနိုင်ခဲသည် ဖြစ်ပါ၏၊ အချို့သော ရဟန်းသည် မိမိကိုယ်တိုင်၏ဂုဏ်း အလုပ်အကျွေး ဖြစ်ကုန်သော ဒကာ ဒကာမတို့၏ဂုဏ်း မွေးမြူလွယ်သည် ဖြစ်ပါ၏။

ကိုယ်တိုင်မွေးမြူခက်သော ရဟန်း

အဘယ်ကဲ့သို့ ဖြစ်ပါသနည်း၊ အကျယ်ခဲ့၍ ဆိုဦးအံ့၊ အကြင်ရဟန်းသည် အချဉ်အစရှိသည်တို့ကို ရပြီး၍ အချဉ်မှတပါး အခြားသော အရသာတို့ကို ရှာမှီးတတ်ပါသည်၊ တပါးသောသူ၏အမျိုး ဒကာ ဒကာမအိမ်ဌ် ရအပ်သော ဆွမ်းစသော ပစ္စည်းကို တပါးသော အမျိုး ဒကာ ဒကာမအိမ်ဌ် စွန့်ပစ်၍ အလုံးစုံသော ရှာတခုလုံးကို လှည့်လည်ပြီး၍ အချည်းနှီးသော

သပိတ်ရှိသည်ဖြစ်၍သာလျှင် ကျောင်းတွင်းသို့ဝင်၍ အိပ်၍နေတတ်ပါသည်၊ ဤရဟန်းမျိုးသည် မိမိကိုယ်တိုင်လည်း၊ မွေးမြူခက်သော ရဟန်းမျိုးဟူ၍ ဆိုလိုပါသည်။

ဒါယကာတို့ မွေးမြူခက်သော ရဟန်း

အကြင်ရဟန်းသည်ကား သလေးဆွမ်း ဒန်ပေါက်ဆွမ်း အစရှိသည်တို့ဖြင့် သပိတ်ကို ပြည့်စေ၍ ပေးလှူပင် ပေးလှူအပ်ပါသော်လည်း မျက်နှာမသာမယာသည်၏ အဖြစ်ကိုဂုဏ်း နှလုံးမသာမယာသည်၏ အဖြစ်ကိုဂုဏ်း ထင်ရှားပြတတ်ပါသည်၊ ထိုဆွမ်းဒကာ ဒကာမ တို့၏ မျက်မှောက်၌မူလည်း ထိုဆွမ်းကို ကိုယ် တုမေ့ဟိ ဒိန္နံ-သင်တို့သည် ဘာကိုပေးလှူကြကုန်သနည်း၊ ဤသို့ မောင်းမဲလျက် သာမဏေလူ အစရှိသည်တို့အားလည်း ထိုဆွမ်းကို စွန့်ပစ်ပေးလိုက်တတ်ပါသည်၊ ဤကဲ့သို့သော ရဟန်းမျိုးသည် အလုပ်အကျွေးဒကာ ဒကာမတို့၏ မွေးမြူနိုင်ခက်သော ရဟန်းမျိုးဟု ဆိုလိုပါသည်၊ ဤကဲ့သို့သော မွေးမြူခက်သော အမှုအရာမျိုးကို မြင်တွေ့ရသည်ဖြစ်၍ လူဒကာဒကာမတို့သည်—

ဒုဗ္ဘရော ဘိက္ခု နသက္ကာ ပေါသိတုံ။

ဘိက္ခု၊ ရဟန်းသည်။ ဒုဗ္ဘရော၊ မွေးကျွေးဘို့ရာ ခက်လှစွာ၏။ပေါသိတုံ၊ မွေးမြူခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ ဧကံ၊ ထိုရဟန်းကို။ ဒိသွာ၊ မြင်ရ၍။ မနုဿာ၊ လူတို့သည်။ ဒုရတော၊ အဝေးကြီးက၊ ပရိဝဇ္ဇန္တိ၊ ရှောင်ရှားပုန်းကွယ်၍ နေကြလေကုန်၏။

ဤကဲ့သို့ အဋ္ဌကထာ မိန့်ပြပါသည်။

မိမိကိုင်တိုင် မွေးမြူလွယ်သော ရဟန်း

အကြင်ရဟန်းသည်မူကား တစုံတခုသော ခေါင်းပါးသည်လည်းဖြစ်သော မွန်မြတ်သည်လည်းဖြစ်သော ဆွမ်းခဘွယ်ဘောဇဉ်ကို ရသည်ဖြစ်၍ နှစ်သက်ဝမ်းမြောက်သော စိတ်ရှိသည်ဖြစ်၍ ဘုဉ်းပေးသုံးဆောင်ပြီး၍ ကျောင်းသို့သွား၍ မိမိ၏ အလုပ်ဟု ဆိုအပ်သော ရဟန်းဝတ်ရားကို အားထုတ်ပါသည်၊ ဤကဲ့သို့ တင်းတိမ်ရောင့်ရဲ၍ ရဟန်းတရားကို အားထုတ်သော ရဟန်းမျိုးသည် မိမိကိုယ်တိုင် မွေးမြူလွယ်သော ရဟန်းဟု ဆိုလိုပါသည်။

ဒါယကာတို့မွေးမြူလွယ်သော ရဟန်း

အကြင်ရဟန်းသည်မူကား တပါးကုန်သော ဒကာ ဒကာမတို့၏ နည်းသည်လည်း ဖြစ်သော များသည်လည်း ဖြစ်သော ခေါင်းပါးသည်လည်းဖြစ်သော မွန်မြတ်သည်လည်း ဖြစ်သော ဒါနဝတ္ထုကို မရွတ်ချ မကဲ့ရဲ့မူ၍ ဝမ်းမြောက်နှစ်သက်သော စိတ်ဓာဘ်ရှိသည်ဖြစ်၍ ကြည်လင်သော မျက်နှာထားရှိသည်ဖြစ်၍ ထိုဒကာ ဒကာမတို့၏ မျက်မှောက်၌ပင်လျှင် အားရပါးရ မြိန်မြိန်ရှက်ရှက် ဘဉ်းပေးသုံးဆောင်၍ ကြွသွားတော်မူ၏၊ ဤကဲ့သို့ ကြွသွားသော ရဟန်းဝရား အားထုတ်သော ရဟန်းမျိုးသည် အမျိုး ဒကာ ဒကာမ အလုပ်အကျေး ဒကာ ဒကာမတို့၏ မွေးမြူလွယ်သော ရဟန်းမျိုးဟု ဆိုလိုပါသည်။

အမှာကံ ဘဒန္တော သုဘရော ထောကေနပိ တုဿတိ၊ မယမေဝ နံ ပေါသိဿာမာတိ ပဋိညံ ကတ္ဝာ ပေါသေန္တိ။

ဧတံ၊ ဤကဲ့သို့ အကျင့်ရှိသော ရဟန်းမျိုးကို။ဒိသ္ဝာ၊တွေ့မြင်ကြကုန်၍။ မနုဿာ၊ လူဒကာ ဒကာမအပေါင်းတို့က။ အတိဝိယ၊ အလွန်အကဲသာလျှင်။ ဝိဿတ္ထာ၊ရဲရင့်သော သဒ္ဓါတရားရှိကြကုန်သည်။ဟောန္တိ၊ ဖြစ်ကြလေကုန်၏။ အမှာကံ၊ ငါတို့၏။ဘဒန္တော၊ အရှင်ကောင်းသည်။သုဘရော၊ မွေးမြူလွယ်၏။ ထောကေနပိ၊ အနည်းငယ်မျှဖြင့်လည်း။ တုဿတိ၊ ရောင့်ရဲတော်မူနိုင်ဘိ၏။ မယမေဝ၊ ငါတို့သည် သာလျှင်။ နံ၊ ထိုရဟန်းတော်ကို။ ပေါသိဿာမ၊ ကျွေးမွေးပြုစုကြကုန်တော့အံ့။ ဣတိ၊ ဤသို့။ ပဋိညံ၊ ပဋိညာဉ်ကို။ ကတ္ဝာ၊ ပြု၍။ ပေါသေန္တိ၊ ကျွေးမွေးပြုစု လျှူဒါန်းကြလေကုန်၏။

ဤသို့ သုဘရတာ ဟူသော ပုဒ်ကို အဋ္ဌကထာဆရာ မိန့်ဆိုထုတ်ပြအပ်ပါသည်ဘုရား။

ချန်းတောင်းဖြင့် အုပ်နိုင်ပုံ

ထိုစကားရပ်၌ တပါးသော အခါကာလ၌ ထိုရဟန်း၏ မိမိ၏ငင်း အမျိုး ဒကာ ဒကာမတို့၏ငင်း မွေးမြူနိုင်ခက်သော နည်းအားဖြင့် စိတ်ဓာတ်သည် အကယ်၍မျှား ဖြစ်ခဲ့ငြားအံ့၊ ထိုကဲ့သို့ မွေးမြူနိုင်ခဲသော စိတ်ဓာတ်ဖြစ်ပေါ်၍ လာသော် အခါကာလ၌ ထိုစိတ်ဓာတ်ကို ဤမြတ်စွာဘုရား၏ ဆွမ်းကို ပယ်

မြစ်အပ်သော ချွန်းတောင်းဖြင့် အုပ်၍ တားမြစ်လတ္တံ့ ။“အရေ တုံ့ သုဂတာတိရိတ္တမ္မိ ပိဏ္ဍပါတံ ပဋိဂ္ဂိပိတ္ဝာ ဤဒိသံ စိတ္တံ ဥပ္ပါဒေသိ” ။ အရေ၊ ယုတ်မာလှစ္ဆာသော အိုရဟန်း.... ။ တုံ့၊ သင်သည် ။ သုဂတာတိရိတ္တမ္ပိ၊ မြတ်စ္ဆာဘုရား၏ အပိုအလှန် ဖြစ်သည်လည်း ဖြစ်သော ။ ပိဏ္ဍပါတံ၊ ဆွမ်းကို ။ ပဋိဂ္ဂိပိတ္ဝာ၊ ပယ်မြစ်ခဲ့ပြီးမှ ။ ဤဒိသံ၊ ဤကဲ့သို့ လျှပ်ပေါ်သော ။ စိတ္တံ၊ စိတ်ကို ။ ဥပ္ပါဒေသိ၊ ဖြစ်စေဘိသလော၊ ဤသို့ စဉ်းစားဆင်ခြင်သည် ဖြစ်၍ မြတ်စ္ဆာဘုရား ဆွမ်းကို ပယ်မြစ်ခဲ့ဘူးလေသော ချွန်းတောင်းဖြင့် အုပ်၍ တားမြစ်ပါလိမ့်မည်၊ ဤသို့ ထိုရဟန်း၏ မေးမြူလှယ်သည်၏ အဖြစ်အကျိုးငှါ ဖြစ်လတ္တံ့ ။

အကယ်၍ ပျင်းရိခဲ့ပါလျှင်

အကယ်၍ ပျင်းရိခြင်း စသည်သည် ထိုရဟန်းသန္တာန်အား ဖြစ်ခဲ့ငြားအံ့၊ ထိုပျင်းရိခြင်းစသော တရားမျိုးကိုလည်း ထိုမြတ်စ္ဆာဘုရားဆွမ်းကို ပယ်မြစ်ခဲ့ဘူးလေပြီးသော ချွန်းတောင်းဖြင့်အုပ်၍ တားမြစ်ရစ်ပါလတ္တံ့ ။

“အရေ တုံ့ နာမ တဒါ သုဂတာတိရိတ္တမ္ပိ ပိဏ္ဍပါတံ ပဋိဂ္ဂိပိတ္ဝာ တထာဇီဃစ္ဆာဒုဗ္ဗလျပရေတောပိ သမဏဓမ္မံ ကတ္ဝာ အဇ္ဇ ကောသဇ္ဇမနုယုဉ္ဇသိ” ဟု ဆင်ခြင်လျက် တားမြစ်ပါလတ္တံ့ ။

အရေ၊ ယုတ်မာလှစ္ဆာသော အိုရဟန်း.... ။ တုံ့နာမ၊ သင်မည်သော ပုဂ္ဂိုလ်သည် ။ တဒါ၊ ထိုအခါကာလ၌ ။ သုဂတာတိရိတ္တမ္ပိ၊ မြတ်စ္ဆာဘုရား၏ အပိုအလှန် ဖြစ်သည်လည်း ဖြစ်သော ။ ပိဏ္ဍပါတံ၊ ဆွမ်းကို ။ ပဋိဂ္ဂိပိတ္ဝာ၊ မစားဘဲ ပယ်မြစ်ခဲ့ပြီး၍ ။ တထာ၊ ထို့အတူ ။ ဇီဃစ္ဆာဒုဗ္ဗလျပရေတောပိ၊ ဆွမ်းဆာခြင်းကြောင့် ဖြစ်သော အားနည်းခြင်းသည် နှိပ်စက်အပ်သည် ဖြစ်ပါလျက်လည်း ။ သမဏဓမ္မံ၊ ရဟန်းတရားကို ။ ကတ္ဝာ၊ အားထုတ်ခဲ့ပြီး၍ ။ အဇ္ဇ၊ ယခု ။ ကောသဇ္ဇံ၊ ပျင်းရိခြင်းကို ။ အနုယုဉ္ဇသိ၊ လုံးပမ်းကြိုးကုတ် အားထုတ်၍ နေဘိသလော ။

ဤသို့ ထိုရဟန်း၏ ဝိရိယကို ဖြစ်ပေါ်စေခြင်း၏ အကျိုးငှါ ဖြစ်ပါလိမ့်မည် ။

ဤသို့ ကိုရဟန်း၏ ဤမြတ်စ္ဆာဘုရား၏ဆွမ်းကို မစားဘဲ ပယ်မြစ်ခြင်းသည် ရှည်မြင့်စွာသော ကာလပတ်လုံး နည်းပါးသော အလိုရှိသည်၏ အဖြစ်

အကျိုးငှါငင်း ရောင့်ရဲလွယ်ခြင်း အကျိုးငှါငင်း ကိလေသာကို ခေါင်းပါး စေခြင်း အကျိုးငှါငင်း မိမိကိုယ်ကို မိမိမှေးမြူလွယ်ခြင်း ဒကာ ဒကာမတို့က မွေးမြူလွယ်ဖစခြင်းအကျိုးငှါငင်း သူတော်ကောင်းတရားကို အားထုတ်ခြင်း တည်းဟူသော ဝိရိယအကျိုးငှါငင်း ဖြစ်ပါလိမ့်မည်၊ ဤသို့ ငါးပါးကုန်သော ဂုဏ်ကျေးဇူးတို့နှင့်. ပြည့်စုံသည်ဖြစ်၍ ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို ဖြည့်စွမ်းနိုင်ရစ်ကြပါကုန်လိမ့်မည် ဟူ၍ အဋ္ဌကထာ ဆရာမြတ် ဖွင့်ပြအပ်ပါ သည်။

ကထာဝတ္ထု ဆယ်ပါး

ဤသို့ ငါးပါးကုန်သော ဂုဏ်ကျေးဇူးတို့ ပြည့်စုံကြကုန်သည်ရှိသော် ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို ပြည့်စုံလုံလောက်စေကြကုန်လိမ့်မည် ဟူ၍ ဆိုခဲ့ပါ!သည်။

အဘယ်ကဲ့သို့ ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို ပြည့်စုံလုံလောက် စေကြကုန်လတ္တံ့နည်း။ မှန်၏၊ ထိုပါဋိတော်မြတ်၌ နည်းပါးသော အလိုရှိ သည်၏ အဖြစ်, ရောင့်ရဲသည်၏အဖြစ်, ဝိရိယကို အားထုတ်ခြင်း၏ အစွမ်း အားဖြင့် သုံးပါးကုန်သော ကထာဝတ္ထုတို့သည် ပါလာကြကုန်၏၊ ကြွင်းကုန် သော ကထာဝတ္ထုတို့ကို သလ္လေခသဒ္ဒါဖြင့် သိမ်းကျုံးယူငင်အပ်ကုန်၏၊ မှန်၏၊ ဤသလ္လေခ ဟူသော စကားသည် အလုံးစုံသော ကထာဝတ္ထုတို့၏ အမည် ဖြစ်သည်သာလျှင်တည်း၊ မြတ်စွာဘုရားသည် အဘယ်စကားကို ဟောကြား တော်မူပါသနည်း။

ယာ စ ခေါ အာနန္ဒကထာ အဘိသလ္လေခိကာ စေတောဝိနိဝရဏသပ္ပါ ယာ ဧကန္တနိပ္ပဒါယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။ သေယျထိဒံ အပိစ္ဆကထာတိ....၊အပိစ္ဆကထာ ဟူ၍။ဣဒံ ဝစနံ၊ ဤစကားကို။ အာဟာ၊ ဟောကြားတော်မူ၏။

အာနန္ဒ၊ ငါဘုရား၏ ချစ်သားလိမ္မာ အာနန္ဒာ....။ အဘိသလ္လေခိကာ၊ ကိလေသာတရားဘို့ကို အလွန်ခေါင်းပါးစေတတ်သော။ စေတောဝိနိဝရဏ သပ္ပါယာ၊ စိတ်၏ နိဝရဏတရားတို့မှ ကင်းခြင်း၏ အကြောင်းဖြစ်သော သမထဝိပဿနာတို့အားလျော်လျောက်ပတ်သော။ ယာ စ ခေါ အယံ

ကထာ၊ ဤကထာသည်။ ကေန္တနိဗ္ဗိဒါယ၊ စင်စစ် သံသရာဝဋ်ဆင်းရဲမှ ငြီးငွေ့ခြင်း အကျိုးငှါ။ဝိရာဂါယ၊သံသရာဝဋ်ဆင်းရဲမှ တပ်ခြင်း ကင်းခြင်းအကျိုးငှါ။ နိဿောဃေယ၊ သံသရာဝဋ်ဆင်းရဲ၏ ချုပ်ခြင်းအကျိုးငှါ။ ဥပသမာယ၊ ခပ်သိမ်းကုန်သော နိဝရဏတရားတို့၏ ငြိမ်းခြင်းအကျိုးငှါ။ အဘိညာယ၊ အလုံးစုံသော သိအပ် သိသင့် သိထိုက်သော တရားတို့ကို သိခြင်းအကျိုးငှါ။ သမ္မောဓာယ၊ မဂ်လေးပါးတရားတို့ကို ထိုးထွင်း၍ သိခြင်းအကျိုးငှါ။ နိဗ္ဗာနာယ၊ ခန္ဓာရုပ်နာမ် အကြွင်းအကျန်မရှိသော အနုပါဒိသေသ နိဗ္ဗာန်အကျိုးငှါ။ သံဝတ္တတိ၊ ဖြစ်၏။ ဣဒံ အယံ ကထာ၊ ဤကထာသည်။ သေယျထာကတမာ၊ အဘယ်နည်း။ အပိစ္ဆကထာ၊ အပိစ္ဆကထာတည်း။ ဣတိ၊ ဤသို့။ ဝိတ္ထာရော၊ ခဲ့ပြအပ်၏။

ဤသို့ မြတ်စွာဘုရား ဟောတော်မူကြောင်းကို အဋ္ဌကထာဆရာမြတ်မိန့်မှာအပ်ပါသည်။

ကထာဝတ္ထုပြည့်စုံလျှင် သိက္ခာသုံးပါးပြည့်စုံ၏

ဤသို့ ငါးပါးကုန်သော ဤဂုဏ်ကျေးဇူးတို့ ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့၊ ဆယ်ပါးကုန်သော ကထာဝတ္ထုတို့သည် ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် သုံးပါးကုန်သော သိက္ခာတရားတို့ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့။

မှန်၏၊ ဤဆိုအပ်ခဲ့ပြီးသော ဆယ်ပါးသော ကထာဝတ္ထုတို့တွင် အပိစ္ဆကထာဟု ဆိုအပ်သော အလိုနည်းသည်၏ အဖြစ်ကို ဟောပြကြောင်းဖြစ်သော စကားငင်း၊ သန္တောသကထာ ဟု ဆိုအပ်သော ရတတ်သမျှသော ပစ္စည်းဖြင့် ရောင့်ရဲတင်းတိမ်မှုကို ပြောပြသောစကားငင်း၊ အသံသဂ္ဂကထာဟု ဆိုအပ်သော အိမ်နေသူ လူဒကာ ဒကာမတို့နှင့် မရောနှောသော အကြောင်းကို ပြောပြသော စကားငင်း၊ သီလကထာဟု ဆိုအပ်သော စတုပါရိသုဒ္ဓိသီလကို စင်ကြယ်ရာ စင်ကြယ်ကြောင်း, လုံခြုံရာ လုံခြုံကြောင်း ဖြစ်သော စကားငင်း၊ ဤသို့ လေးပါးကုန်သော ဤစကားတို့ကို အဓိသီလသိက္ခာ၌ ရေတွက်သင့်ပြီဟ်အပ်ကုန်သည်သာလျှင်တည်း။

ကာယ ဝိဝေက အစရှိသော ဆိတ်ငြိမ်ရာ၌ ကိန်းအောင်း၍ သူတော်ကောင်း တရားကို အားထုတ်ရာ အားထုတ်ကြောင်း ဖြစ်သော ပဝိဝေက ကထာဌာန်း၊ သူတော်ကောင်းတရားတို့ကို အမြဲမပြတ် အားထုတ်ကြောင်း ဖြစ်သော ဝီရိယကို နှိုးဆော်သော ဝီရိယာရမ္ဘကထာဌာန်း၊ စိတ်၏ ဘယ်ကြည့်ရာ တည်ကြည်ကြောင်း ဖြစ်သော စျာန်သမာပတ် အကြောင်းကို ဟောပြောသော သမာဓိကထာဌာန်း၊ ဤဆိုအပ်ခဲ့ပြီးသော သုံးပါးကုန်သော ကထာတို့ကို အဓိစိတ္တဟု ဆိုအပ်သော သိက္ခာဖြင့် သင်္ဂြိဟ်ရေတွက်အပ်ကုန်၏။

ပညာကထာဌာန်း၊ ဝိမုတ္တိကထာဌာန်း၊ ဝိမုတ္တိဉာဏဒဿနကထာဌာန်း၊ သုံးပါးကုန်သော ဤကထာတို့ကို အဓိပညာသိက္ခာဖြင့် သင်္ဂြိဟ်ရေတွက် အပ်ကုန်၏။

သိက္ခာပြည့်စုံလျှင် အသေက္ခဓမ္မက္ခန္ဓာပြည့်စုံ၏

ဤသို့ ဆယ်ပါးကုန်သော ကထာဝတ္ထုတို့သည် ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် သုံးပါးကုန်သော သိက္ခာတရားတို့ကို ပြည့်စုံလုံလောက်ကြစေကုန်လတ္တံ့၊ သုံးပါးကုန်သော သိက္ခာတို့ ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် ငါးပါးကုန်သော အသေက္ခဓမ္မက္ခန္ဓာတို့ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့။

အဘယ်ကဲ့သို့ ငါးပါးကုန်သော အသေက္ခဓမ္မက္ခန္ဓာတို့ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့နည်း။ မှန်၏၊ ဖြည့်ဆည်းပူးအပ်သော အဓိသီလ သိက္ခာသည် အသေက္ခသီလက္ခန္ဓမည်သည်သာလျှင် ဖြစ်၏၊ ဆည်းပူးအပ်သော အဓိစိတ္တသိက္ခာသည် အသေက္ခသမာဓိက္ခန္ဓာ မည်သည်သာလျှင် ဖြစ်၏၊ ဆည်းပူးအပ်သော အဓိပညာသိက္ခာသည် အသေက္ခပညာ, ဝိမုတ္တိ, ဝိမုတ္တိဉာဏဒဿနက္ခန္ဓာ မည်သည်သာလျှင်တည်း၊ ဤသို့ သုံးပါးကုန်သော သိက္ခာတို့သည် ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် ငါးပါးကုန်သော အသေက္ခဓမ္မက္ခန္ဓာတို့ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့။

ဓမ္မက္ခန္ဓာပြည့်စုံလျှင် နိဗ္ဗာန်ရောက်၏

ငါးပါးကုန်သော ဓမ္မက္ခန္ဓာတို့ ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် သေခြင်း ကင်းရာဖြစ်သော တဏှာမှ ထွက်မြောက်ရာ ဖြစ်သော နိဗ္ဗာန်ကို ပြည့်စုံလုံလောက်စေကြကုန်လတ္တံ့။

စီစစ်ခက်း ၂–၁၆

ဥပမာဖြင့် ထင်ရှားစွာ ပြဆိုပါဦးအံ့၊ တောင်ထိပ် တောင်ထက်၌ ရှာချသော ကြီးစွာသော အလျင်ရှိသော မိုးသည် ရွာအပ်သည်ရှိသော် တောင်ချောက်ကြား,ရေလက်တက်တို့ကို ပြည့်စေဘိသကဲ့သို့၎င်း၊ ထိုတောင် ချောက်ကြား, ရေလက်တက်တို့ ပြည့်ကြကုန်သည်ရှိသော် သေးငယ်သော တဖက်ဆည်းကန်တို့ကို ပြည့်စေဘိသကဲ့သို့၎င်း၊ သေးငယ်သော တဖက်ဆည်းကန်တို့သည် ကြီးကျယ်သော တဖက်ဆည်းကန်တို့ကို ပြည့်စေဘိသကဲ့သို့၎င်း၊ ကြီးကျယ်သော တဖက်ဆည်း ကန်တို့သည် မြစ်ငယ် ချောင်းငယ်တို့ကို ပြည့်စေကြကုန်ဘိသကဲ့သို့၎င်း၊ မြစ်ငယ်ချောင်းငယ်တို့သည် မြစ်ကြီးတို့ကို ပြည့်စေကြကုန်ဘိသကဲ့သို့၎င်း၊ မြစ်ကြီးတို့သည် မဟာသမုဒ္ဒရာသာဂရကို ပြည့်စေကြကုန်ဘိသကဲ့သို့၎င်း၊ ဤအဘူသာလျှင် ထိုတရားကို အားထုတ်သော ရဟန်း၏ ဤငါးပါးကုန်သော ဂုဏ်ကျေးဇူးတို့သည် ပြည့်စုံလုံလောက်ကြကုန်သည်ရှိသော် ဆယ်ပါးကုန်သော ကထာဝတ္ထုတို့ကို အစပြု၍ သေခြင်းကင်းရာ နိဗ္ဗာန်သို့ ရောက်သည်တိုင်အောင် ပြည့်စုံလုံလောက်ကြစေကုန်လတ္တံ့။

ဤသို့ ဤရဟန်းသည် လောကုတ္တရာ တရားအမွေခံ အကျင့်ကို ကျင့်သည်ဖြစ်၍ အလွန်မွန်မြတ်လှစွာသော လောကုတ္တရာအမွေကို ရရှိလေတော့၏၊ ဤအကျိုးတရားကို ကောင်းစွာ မြင်တော်မူသော မြတ်စွာဘုရားသည် တံ ကိဿ ဟေဘု၊ တဥ္စိ တဿ ဘိက္ခဝေ ဘိက္ခုနော-အစရှိသည်ကို ဟောကြားတော်မူပြီ။

ဓမ္မဒါယာဒဒ္ဒ် တိုက်တွန်းတော်မူခြင်း

ဤသို့ ထိုဆွမ်းကို မစားဘဲ ရဟန်းတရားကို အားထုတ်သော ရဟန်း၏ အထူးသဖြင့် ပူဇော်အပ်သည်၏အဖြစ်, အံ့ဩးသဖြင့် ချီးကျူးအပ်သည်၏ အဖြစ်ကို အကြောင်းဖြင့် ပြီးစေ၍ ဤယခုအခါ၌ ထိုရဟန်းတို့ကို ထိုဓမ္မဒါယာဒ အကျင့် အကျိုးငှါ ဘိုက်တွန်းတော်မူလိုသည်ဖြစ်၍ တသွာ တိဟ မေ ဘိက္ခဝေ-အစရှိသည်ကို ဟောကြားတော်မူ၏။

အဘယ်ကို ဆိုလိုပါသနည်း၊ အကြင့်ကြောင့် အကြင်ရဟန်းသည် ထိုမြတ်စွာဘုရား၏ အပိုအလွန်ဖြစ်သော ဆွမ်းကို ဘုဉ်းပေးသုံးဆောင်ပြီး၍ ရဟန်းတရားကို ကျင့်ကြံကြိုးကုတ် အားထုတ်ရာ၏၊ ထိုရဟန်းသည် ငါးပါးကုန်သော ဤအရင်းအမြစ်ဖြစ်ကုန်သော ဂုဏ်ကျေးဇူးတို့မှ အပ အပြင်

ဘက်၌ ဖြစ်လေတော့၏၊ အကြင်ရဟန်းသည်မူကား မြတ်စွာဘုရား၏ အပို အလှန်ဖြစ်သော ဆွမ်းကို မစားမူ၍ တရားကို ကျင့်ကြံကြိုးကုတ် အားထုတ် ရာ၏၊ ထိုရဟန်းသည် ဤဆိုအပ်ခဲ့ပြီးသော မူလအရင်းဖြစ်သော ဂုဏ်ကျေးဇူး တို့၏ အဘိုဘာဂရှိလေတော့၏၊ ထို့ကြောင့် တသွာတိဟ မေ ဘိက္ခဝေ။ပ။ နော အာမိသဒါယာဒါ-ဟု၍ ဟောတော်မူ၏။

ဤဒမဝေါစ ဘဂဝါ၊ ဤဒံ ဝတ္ဝာန သုဂတော ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသိ။

ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ဤဒံ၊ ဤဆိုအပ်ခဲ့ပြီးသော ဓမ္မဒါယာဒ သုတ်နိဒါန်းကို။ အဝေါစ၊ ဟောကြား တော်မူပြီ။ ဤဒံ၊ ဤဓမ္မဒါယာဒသုတ် နိဒါန်းကို။ ဝတ္ဝာန၊ ဟောကြားတော် မူပြီး၍။ အာသနာ၊ နေရာမှ။ ဥဋ္ဌာယ၊ ထ၍။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပါဝိသိ၊ ဝင်ရောက်တော်မူပြီ။

ဤဒမဝေါစ ဘဂဝါ

ဤသို့ ဟောတော်မူအပ်သော ပါဋိဘော်စကားရပ်၌ ဤဒမဝေါစ ဘဂဝါ-ဟူသောပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာသည်—

ဤဒမဝေါစ ဘဂဝါတိ၊ ဤဒမဝေါစ ဘဂဝါ-ဟူသည်ကား။ နိဒါနုပရိ-ယောသာနတော၊ နိဒါန်းအဆုံးမှ။ ပဘုတိ၊ စ၍။ ယာဝ နော အာမိသ-ဒါယာဒါတိ သုတ္တပဒေသံ၊ နော အာမိသ ဒါယာဒါ-ဟူသော သုတ်ဒေသနာ တိုင်အောင်။ ဤဒံ၊ ဤစကားကို။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အဝေါစ၊ ဟောကြားတော်မူပြီ။

ဤဒံ ဝတ္ဝာန သုဂတော

ထို့နောက် ဤဒံ ဝတ္ဝာန သုဂတော-ဟူသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

ဤဒံ ဝတ္ဝာန သုဂတောတိ၊ ဤဒံ ဝတ္ဝာန သုဂတော-ဟူသည်ကား။ ဤဒဉ္စ သုတ္တပဒေသံ၊ ဤသုတ်ဒေသနာတော်မြတ်ကို။ ဝတ္ဝာဝ၊ ဟောကြားပြီး

၍သာလျှင်။ သောဘနာယ၊ တင့်တယ်သော။ ပဋိပဒါယ၊ အကျင့်ဖြင့်။ ဝါ၊ အကျင့်သို့။ ဂတတ္တာ၊ ရအပ် ရောက်အပ်သည်၏ အဖြစ်ကြောင့်။ သုဂတော၊ သုဂတမည်၏။ ကွတိ၊ ဤသို့။ သဒ်္ဓံ၊ ရေတွက်ခြင်းသို့။ ပတ္တော-ယေဝ၊ ရောက်တော်မူသည်သာလျှင်ဖြစ်သော ။ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကွဒံ၊ ဤစကားကို။ ဝတ္ဝာန၊ ဟောကြားပြီး၍။ အာသန္နာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပါဝိသိ၊ ဝင်ရောက်တော်မူပြီ။

ဝိဟာရံ ပါဝိသိ

ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသီတိ၊ ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသိ-ဟူသည်ကား။ ပညတ္တဝရဗုဒ္ဓါသနတော၊ ခင်းထားအပ်သော မြတ်သော ဘုရားရှင်၏ နေရာတော်မှ။ ဥဋ္ဌဟိဘ္ဝာ၊ ထ၍။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပရိသာယ၊ ပရိသတ်သည်။ အသမ္ဘိန္နာယဓေ၊ မပျက်မစီးမီသာလျှင်။ အတ္တ-နော၊ မိမိ၏။ မဟာဂန္ဓကုဋ္ဌံ၊ များမြက်သော နံ့သာတိုဖြင့် ထုံအပ်သော ကျောင်းတော်တွင်းသို့။ ပါဝိသိ၊ ဝင်ရောက်တော်မူပြီ။ ဤသို့ ဖွင့်ပြပါသည် ဘုရား။

ပြီးဆုံးအောင် ဘာဇကြောင့် မဟောသလဲ

အဘယ်ကြောင့် မြတ်စွာဘုရားသည် ဓမ္မဒါယာဒ သုတ္တန်ဒေသနာတော် မြတ်ကို ဆုံးအောင်ဟောကြားတော်မမူဘဲ ရုတ်တရက်ချင်း နိဒါန်းမျှလောက်ကိုသာ ဟောကြားတော်မူ၍ ကျောင်းတွင်းသို့ ဝင်ကြွတော်မူပါသနည်း ဟူသော မေးခွန်းကိုထုတ်၍ အဋ္ဌကထာ ဆရာမြတ်သည် အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြပါသည်။

ကသ္မာ၊ အဘယ်ကြောင့်။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပါဝိသိ၊ ဝင်ရောက်တော်မူသနည်း။ ဓမ္မထောမနတ္ထံ၊ ဓမ္မဒါယာဒသုတ္တန်ဒေသနာတော်ကို ချီးမွမ်းခြင်းအကျိုးငှါ။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပါဝိသိ၊ ဝင်ရောက်တော်မူပြီ။

ဘုရားရှင်တို့မည်သည် ဒေသနာတော် မပြီးမဆုံးသေးမီ ကျောင်းတွင်းသို့ ဝင်တော်မူကြကုန်သည်ရှိသော် ပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအကျိုးငှါဌင်း တရားတော်ကို ချီးမွမ်းခြင်း အကျိုးငှါဌင်း ဤနှစ်ပါးကုန်သော အကြောင်းတို့ကြောင့် ဝင်ရောက်တော်မူကြကုန်သည်ဟု ဆိုပါကုန်သည်။

ပုဂ္ဂိုလ်ကို ချီးမွမ်းလိုလျှင်

ပုဂ္ဂိုလ်ကို ချီးမွမ်းခြင်းအကျိုးငှါ ကျောင်းတွင်းသို့ ဝင်တော်မူသည် ရှိသော် ဤသို့ စဉ်းစား ဆင်ခြင်တော်မူသည်ဟု အဌကထာဆရာ မိန့်ပြပါသည်ဘုရား။

ဣမံ မယာ သံခိတ္တေန ဥဒ္ဒေသံ ဥဒ္ဒိဋ္ဌံ ဝိတ္ထာရေန အဝိဘတ္တံ၊ ဓမ္မပဋိဂ္ဂါဟကာ ဘိက္ခူ၊ ဥဂ္ဂဟေတွာ အာနန္ဒံ ဝါ ကစ္စာနံ ဝါ ဥပသင်္ကမိတွာ ပုစ္ဆိဿန္တိ၊ တေ မယှံ ဉာဏေန သံသန္ဒေတွာ ကထေဿန္တိ၊ တတော ဓမ္မပဋိဂ္ဂါဟကာ ပုန မံ ပုစ္ဆိဿန္တိ၊ တေသံ အဟံ သုကထိတံ ဘိက္ခဝေ အာနန္ဒေန၊ သုကထိတံ ကစ္စာနေန၊ မံ စေပိ တုမှေ ဧတမတ္ထံ ပုစ္ဆေယျာထ၊ အဟမ္ပိ နံ ဧဝမေဝ ဗျာကရေယျန္တိ။

မယာ၊ ငါဘုရားသည်။ သံခိတ္တေန၊ အကျဉ်းအားဖြင့်။ ဣမံ ဥဒ္ဒေသံ၊ ဤဥဒ္ဒေသအကျဉ်းမျှကို။ ဥဒ္ဒိဋ္ဌံ၊ ညွှန်ပြအပ်ပြီ။ဝိတ္ထာရေန၊ အကျယ်အားဖြင့်။ အဝိဘတ္တံ၊ မဝေဘန်အပ်။ ဓမ္မပဋိဂ္ဂါဟကာ၊ တရားတော်ကို နာယူကြကုန်သော ရဟန်းတော်တို့သည်။ ဥဂ္ဂဟေတွာ၊ သင်ယူကြကုန်၍။ အာနန္ဒံဝါ၊ အရှင်အာနန္ဒာမထေရ်ကိုငှင်း။ ကစ္စာနံဝါ၊ အရှင်ကစ္စည်းမထေရ်ကိုငှင်း။ ဥပသင်္ကမိတွာ၊ အနီးအစပ် ချဉ်းကပ်ကြကုန်ပြီး၍။ ပုစ္ဆိဿန္တိ၊ မေးလျှောက်ကြကုန်လိမ့်လတ္တံ့။ တေ၊ ထိုအာနန္ဒာ, ကစ္စာန စသော မထေရ်ကြီးတို့သည်။ မယှံ၊ ငါဘုရား၏။ ဉာဏေန၊ ဉာဏ်တော်နှင့်။ သံသန္ဒေတွာ၊ နှီးနှော၍။ ကထေဿန္တိ၊ ဟောကြားကြကုန်လိမ့်လတ္တံ့။တတော၊ ထို့နောင်မှ။ ဓမ္မပဋိဂ္ဂါဟကာ၊ တရားနာ ရဟန်းတော်တို့သည်။ ပုန၊ နောက်ထပ်တဖန်။ မံ၊ ငါဘုရားကို။ ပုစ္ဆိဿန္တိ၊ မေးကြကုန်လိမ့်လတ္တံ့။ တေသံ၊ ထိုတရားမေးရောက်လာကြကုန်သော ရဟန်းတို့အား။ အဟံ၊ ငါဘုရားသည်။ ဘိက္ခဝေ၊ ရဟန်းတို့။ အာနန္ဒေန၊ အာနန္ဒာသည်။ သုကထိတံ၊ ကောင်းစွာ ဖြေဆိုဟောကြားအပ်ပေ၏။ ကစ္စာနေန၊ ကစ္စည်းမထေရ်သည်။ သုကထိတံ၊ ကောင်းစွာ ဖြေဆိုဟောကြားအပ်ပေ၏။ တုမှေ၊ သင်ချစ်သားတို့သည်။ မံ၊ ငါဘုရားကို။ ဧတံအတ္ထံ၊ ဤဒေသနာတော်၏အနက်ကို။ စေပိပုစ္ဆေယျာထ၊ အကယ်၍မျှားမေးခဲ့ကြကုန်ငြားအံ့။ အဟမ္ပိ၊ ငါဘုရားသည်လည်း။ နံ၊ ထိုအနက်ကို။ ဧဝမေဝ၊ ဤအာနန္ဒာ, ကစ္စည်းတို့ ဟောတဲ့ နည်းအတိုင်းသာလျှင်။ ဗျာကရေယျံ၊ ဖြေကြားဟောကြားရာ၏။ ဣတိဧဝံ၊ ဤသို့။ တေပုဂ္ဂလေ၊ ထိုဟောပြော

ဖြေဆိုတတ်တဲ့ ပုဂ္ဂိုလ်တို့ကို။ ထောမေဿာမိ၊ ချီးကျူးရတော့အံ့။ တတော၊ ထို့နောင်မှ။ ဘေသု၊ ထိုတရားကို ဖြေကြားတတ်သော မထေရ်မြတ်တို့၌။ ဂါရဝံ၊ ရိုသေလေးမြတ်ခြင်းကို။ ဇနေတွာ၊ ဖြစ်စေ၍။ ဘိက္ခူ၊ ရဟန်းတော်တို့သည်။ ဥပသက်မိဿန္တိ၊ ချဉ်းကပ်ကြကုန်လိမ့်လတ္တံ့။ တေပိဘိက္ခူ၊ ထို ချဉ်းကပ်လာကုန်သော ရဟန်းတို့ကိုလည်း။ အတ္ထေစ၊ အကျိုးတရား၌ဝင်း။ ဓမ္မေစ၊ အကြောင်းတရား၌ဝင်း၊ နိယောဇေဿန္တိ၊ တိုက်တွန်းတော်မူကုန်လတ္တံ့။ဘေဟိ၊ ထိုအာနန္ဒာ,ကစ္စည်းမထေရ်တို့က။ နိယောဇိတာ၊ တိုက်တွန်းအပ်ကုန်သော။ တေ၊ ထိုတရားနာ ရဟန်းတို့သည်။ တိဿော၊ သုံးပါးကုန်သော။ သိက္ခာ၊ သိက္ခာတရားတို့ကို။ ပရိပူရေန္တာ၊ ဖြည့်ကျင့်ကြကုန်လျက်။ ဒုက္ခဿန္တံ၊ ဆင်းရဲ၏အဆုံးကို။ ကရိဿန္တိ၊ ပြုကြကုန်လိမ့်လတ္တံ့။

ဤသို့ ပုဂ္ဂိုလ်ကို ချီးကျူးလိုသော အနေအားဖြင့် ကျောင်းတွင်းသို့ ဝင်ရောက်သည်လည်း အကြောင်းတပါး ဖြစ်ပါသည်။

တရားကို ချီးမွမ်းလိုလျှင်

ထိုမှတပါး တရားကို ချီးကျူးလိုရှိကျောင်းတွင်းသို့ ဝင်ပုံကို အဌကထာဆရာမြတ် ဖွင့်ပြတော်မူပြန်ပါသည်ဘုရား။

ဓမ္မထောမနတ္ထံ၊ တရားတော်ကို ချီးကျူးတော်မူခြင်းငှါ။ ပဝိသန္တော၊ ဝင်တော်မူသည်ရှိသော်။ ဧဝံ၊ ဤသို့။ စိန္တေသိ၊ ကြံစည်တော်မူပြီ။ ဣဓေဝ-ယထာ၊ ဤနေရာ၌ကဲ့သို့။ စိန္တေသိ၊ ကြံစည်တော်မူပြီ။ မယိ၊ ငါဘုရားသည်။ ဝိဟာရံ၊ ကျောင်းတွင်းသို့။ ပဝိဋ္ဌေ၊ ဝင်လတ်သည်ရှိသော်။ တမေဝ အာမိသ-ဒါယာဒံ၊ ထိုပစ္စည်းလေးပါး အမွေခံ အဖြစ်ကို။ဂရဟန္တော၊ ရှုတ်ချကဲ့ရဲ့လျက်။ ဓမ္မဒါယာဒံစ၊ လောကုတ္တရာတရား အမွေခံကိုလည်း။ ထောမေန္တော၊ ချီးကျူးလျက်။ ဣမိဿံယေဝ ပရိသတိ၊ ဤလက်ရှိဖြစ်သော ပရိသတ်၌သာလျှင်။ နိသိန္နော၊ ထိုင်နေလျက်။ သာရိပုတ္တော၊ သာရိပုတ္တရာမထေရ်သည်။ ဓမ္မံ၊ တရားကို ။ဒေသေဿတိ၊ ဟောကြားလတ္တံ့။ ဧဝံ၊ ဤသို့။ ဒ္ဒိန္ဒမ္ပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ အမှာကံ၊ ငါတို့၏။ ဧကဇ္ဈာသယာယ၊ တူသော အလိုအဇ္ဈာသယရှိသော။ မတိယာ၊ အလိုအားဖြင့်။ ဒေသိတာ၊ ဟောကြားအပ်သော။ အယံဒေသနာ၊ ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်သည်။အဂ္ဂါစ၊ မြတ်သည်ဝင်း။ဂရုကာစ၊ အလေးပြုအပ်သည်ဝင်း။ဘဝိဿတိ၊

ဖြစ်လတ္တံ့။ ပါသာဏာဆတ္တာသဒိသာ၊ ကျောက်ထီးနှင့်တူသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ စတုရောဿနိတ္ထရဏာတ္ထေန၊ လေးပါးသော သြဿဟု ဆိုအပ်သော သံသရာမှ ထွက်မြောက်ကြောင်း အဖြစ်ဖြင့်။ တိတ္ထေ၊ ဆိပ်ကမ်း၌။ ဌပိတာ၊ ထားအပ်သော၊ နာဝါဝိယစ၊ လှေကဲ့သို့ဌင်း။ မဂ္ဂဂမနဋ္ဌေန၊ ခရီးကို သွားရောက်ကြောင်းဖြစ်သော အနက်သဘောဖြင့်။ စတုယုတ္တအာဇညရထောဝိယစ၊ မြင်းလေးကောင် က-အပ်သော အာဇာနည်ရထားကဲ့သို့ဌင်း။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။

ယထာစ၊ ဥပမာတနည်းလည်း။ ဧဝံ၊ ဤသို့။ ကရောန္တဿ၊ ပြုလုပ်သော ပုဂ္ဂိုလ်အား။ အယံဒဏ္ဍော၊ ဤမည်ဤမည်သော ဒဏ်တည်း။ ဣတိ၊ ဤသို့။ ပရိသတိ၊ ပရိသတ်အလယ်၌။ အာဏံ၊ မင်းအာဏာကို။ ဌပေတွာ၊ ထား၍။ အာဿနာ၊ နေရာမှ၊ ဥဋ္ဌာယ၊ ထ၍။ ပါသာဒံ၊ နန်းပြာသာဒ်သို့။ ရာဇိနိ၊ မင်းသည်။အာရုဠ္ဎေ၊ တက်ရောက်သည်ရှိသော်။ တတ္ထဝ၊ ထိုပရိသတ်၌သာလျှင်။ နိသိန္နော၊ ထိုင်နေသော။ သေနာပတိ၊ စစ်သူကြီးသည်။ရာဇာ၊ မင်းသည်။ ဌပိတံ၊ ထားအပ်သော။ တံ အာဏံ၊ ထိုအမိန့်အာဏာကို။ ပဝတ္တေတိ၊ ဖြစ်စေ၏။

ဧဝမ်ပိ၊ ဤသို့လည်း။ မယာ၊ ငါဘုရားသည်။ ဌပိတံ၊ ထားအပ်သော။ ဒေသနံ၊ ဓမ္မဒါယာဒသုတ်နိဒါန်း ဒေသနာတော်မြတ်ကို။ ဣမိဿံယေဝ ပရိသတိ၊ ဤပရိသတ်၌သာလျှင်။ နိသိန္နော၊ ထိုင်နေသော။ သာရိပုတ္တော၊ သာရိပုတ္တရာမထေရ်သည်။ ထောမေတွာ၊ ချီးကျူး၍။ ဒေသေဿတိ၊ ဟော ကြားလတ္တံ့။ ဧဝံ၊ ဤသို့။ ဒ္ဝိန္နမ်ပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ အမှာကံ၊ ငါတို့၏။ မတိယာ၊ အလိုအားဖြင့်။ဒေသိတာ၊ ဟောကြားအပ်သော။ အယံဒေသနာ၊ ဤဓမ္မဒါယာဒသုတ္တန်ဒေသနာတော်သည်။ ဗလဝတရာ၊ အထူးသဖြင့် အားကြီးသည်။ မဇ္ဈန္ဟိကသူရိယောဝိယ၊ မွန်းတည့်အခါ၌ တောက်ပ၍နေသော နေမင်းကဲ့သို့။ ပဇ္ဇလိဿတိ၊ တောက်ပလတ္တံ့။

ဤသို့ တရားတော်ကို ချီးကျူးခြင်း အကျိုးငှါ ကျောင်းတော်သို့ ဝင်ရောက်သည်ကား အကြောင်းတပါး ဖြစ်ပါသည်။

ဤနေရာ၌ ဓမ္မကို ချီးကျူးလို၍

ဤနေရာ၌ ဓမ္မကို ချီးကျူးခြင်း အကျိုးငှါ မြတ်စွာဘုရားသည် နေရာမှ ထ၍ ကျောင်းတွင်းသို့ ဝင်ရောက်တော်မူပါသည်။

ဤကဲ့သို့သော အရာဌာနမျိုးဌ ဘုန်းတော်ကြီးဘော်မူလှသော မြတ်စွာဘုရားသည် ထိုင်တော်မူသော နေရာဌ်သာလျှင် ကွယ်ပျောက်၍ စိတ်၏ အလား, အသွး, ဂတိအားဖြင့် ကျောင်းတွင်းသို့ ဝင်ရောက်ပါသည်ဟူ၍ သိအပ်ပါ၏ဟူ၍ အဋ္ဌကထာဆရာ မှာဆိုအပ်ပါသည်။

မှန်၏၊ အကယ်၍ကား ကိုယ်၏ အလား, ကိုယ်၏အသွးဖြင့် မြတ်စွာဘုရားသည် ကြွသွားတော်မူခဲ့ငြားအံ့၊ အလုံးစုံသော ပရိသတ်သည် မြတ်စွာဘုရားကို ခြံရုံ၍ သွားရာ၏၊ တကြိမ်လောက်ပျက်စီး၍သွားသော ပရိသတ်သည် နောဘ်တဖန်ပြန်၍ စည်းဝေးခြင်းငှါ မဖြစ်နိုင်ဟု ဆိုပါသည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် စိတ်၏အသွး, စိတ်၏အလား, ဂတိအားဖြင့် ကျောင်းတွင်းသို့ ဝင်ရောက်တော်မူသည်ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

နူဋ္ဌဂေါသိင်္ဂသုတ်တော်

ဧဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝ-သထေ၊ တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ အာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော ဂေါသိင်္ဂသာလဝနဒါယေ ဝိဟ-ရန္တိ။ အထခေါ ဘဂဝါ သာယန္ဟသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဂေါသိင်္ဂသာလဝနဒါယော၊ တေနုပသင်္ကမိ။အဒ္ဒသာ ခေါ ဒါယပါလော ဘဂဝန္တံ ဒူရတောဝ အာဂစ္ဆန္တံ။ ဒိသ္ဒာန ဘဂဝန္တံ ဧတဒဝေါစ "မာ မဟာသမဏ ဧတံ ဒါယံ ပါဝိသိ၊ သန္တေတ္ထ တယော ကုလပုတ္တာ အတ္တ-ကာမရူပါ ဝိဟရန္တိ၊ မာ တေသံ အဖာသုကမကာသီ"တိ။

ရဟန်းတော် သုံးပါး

ဧကံ သမယံ၊ တပါးသော အခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ နာတိကေ၊ နာတိကရွာ၌။ ဂိဉ္ဇကာဝသထေ၊ အုတ်အင်္ဂတေတို့ဖြင့် ဆောက်လုပ်အပ်သော အုတ်တိုက်ကျောင်း၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ အာယသ္မာ စ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည်ရင်း။ အာယသ္မာ စ နန္ဒိယော၊ အရှင်နန္ဒိယ မထေရ်မြတ်သည်ရင်း။ အာယသ္မာစ ကိမိလော၊ အရှင်ကိမိလ မထေရ်မြတ်သည်ရင်း။ ဂေါသိင်္ဂသာလဝနဒါယေ၊ နွားဦးချိုနှင့် တူသော အခွရှိသော အင်ကြင်းပင်ကို အကြောင်းပြု၍ ဂေါသိင်္ဂသာလဝနဟုဆိုအပ်သော တော၌။ ဝိဟရန္တိ၊ နေထိုင်တော်မူကြကုန်၏။ အထခေါ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ သာယန္ဟသမယံ၊ ညနေခင်း၌။ ပဋိသလ္လာနာ၊ တပါးတည်း ကိန်းအောင်းတော်မူရာမှ၊ ဝုဋ္ဌိတော၊ ထတော်မူ၍။ ဝါ၊ ထတော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ယေန၊ အကြင်အရပ်၌။ ဂေါသိင်္ဂသာလဝနဒါယော၊ ဂေါသိင်္ဂသာလဝနဟု ဆိုအပ်သော တောသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုတောရှိရာအရပ်သို့။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူပြီ။ ဒါယပါလော၊ တောစောင့်ဖြစ်သောသူသည်။ ဘဂဝန္တံ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကို။ ဒူရတောဝ၊ အဝေးမှသာလျှင်။ အာဂစ္ဆန္တံ၊ ကြွလာတော်မူသည်ကို။ အဒ္ဒသာ ခေါ၊ တွေ့မြင်ရသည်သာလျှင်တည်း။ ဒိသ္ဒာန၊

တွေ့မြင်ရ၍။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။တေံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားလေ၏။ "သမဏာ၊ ရှင်ရဟန်း....။ တေံဒါယံ၊ ဤတောအုပ်သို့။ မာ ပဝိသ၊ မဝင်ရောက်ပါလင့်။ တွေ့၊ ဤတောအုပ်၌။သန္တေ၁၊ ကိုယ်,နှုတ်, နှလုံး သုံးပါးလုံးကို ငြိမ်ဆိမ်အောင် ကျင့်သုံး ဆုံးမ၍ နေကြကုန်သော။ တယော၁၊ သုံးပါးကုန်သော။ကုလပုတ္တာ၁၊ အမျိုးကောင်းသားတို့သည်။ အတ္တ-ကာမရူပါ၊ မိမိတို့၏ ကိုယ်ကျိုး ကိုယ်စီးပွါးကို လိုလားသော သဘောရှိကြကုန် သည်ဖြစ်၍။ ဝိဟရန္တိ၊ နေထိုင်ကြပါကုန်၏။ တေသံ၊ ထိုအမျိုးကောင်းသား တို့အား။ အဖာသုကံ၊ မချမ်းသာခြင်းကို။ မာအကာသိ၊ မပြုပါလင့်"။ ဣတိ၊ ဤသို့။ တေံဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားလေ၏။

ဤသို့ အစရှိသော အားဖြင့် စူဠဂေါသိင်္ဂသုတ္တန် ဒေသနာတော်မြတ်ကို ဟောကြားတော်မူပါသည်။

ထိုသို့ ဟောကြားတော်မူအပ်သော စူဠဂေါသိင်္ဂသုတ္တန်ဒေသနာဝေါ်မြတ်၏ အဖွင့် သံဝဏ္ဏနာကို ပြုလုပ်တော်မူလိုသော အဋ္ဌကထာဆရာသည်—

ဧဝံ မေ သုတန္တိ၊ ဧဝံ မေ သုတံ-ဟူသည်ကား။ စူဠဂေါသိင်္ဂသုတ္တံ၊ စူဠဂေါသိင်္ဂသုတ်တည်း။

နာတိကရာ

ထိုစူဠဂေါသိင်္ဂသုတ်၌ နာတိကေ ဝိဟရတိ ဂိဉ္ဇကာဝသထေ-ဟူသော ပါဠိတော်၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်—

နာတိကေ ဝိဟရတီတိ၊ နာတိကေ ဝိဟရတိ-ဟူသည်ကား။ နာတိကာ နာမ၊ နာတိကာအမည်ရှိသော။ ကော၊ တခုသော။ ဘဋ္ဌာကော၊ တဖက်ဆည်း ကန်ကို။ နိဿာယ၊ အမှီပြု၍။ ဒ္ဝိန္နံ၊ နှစ်ယောက်ကုန်သော။ စူဠပိတိမဟာပိတိ ပုတ္တာနံ၊ ဘထွေး, ဘကြီး၏ သားဖြစ်ကုန်သော ပုဂ္ဂိုလ်တို့၏ ။ဒ္ဝေ၊ နှစ်ခု ကုန်သော။ ဂါမာ၊ ရွာတို့သည်။ သန္တိ၊ ရှိကြလေကုန်၏။ တေသု၊ ထိုနှစ်ရွာ တို့တွင်။ ကေသို၊ တခုသော။ ဂါမေ၊ နာတိက မည်သောရွာ၌။ ဝိဟရတိ၊ သီတင်းသုံးတော်မူ၏။

ဤသို့ နာတိကေ ဝိဟရတိ-ဟူသောပုဒ်ကို ဖွင့်ပြပါသည် အရှင်ဘုရား။

ဂိဥ်ကာဝသထ အုတ်ကျောင်း

ထို့နောက် ဂိဥ်ကာဝသထေ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

ဂိဥ်ကာဝသထေတိ၊ ဂိဥ်ကာဝသထေ-ဟူသည်ကား။ ဣဋ္ဌကာမယေ၊ အုတ်ဖြင့်ပြီးသော။ အာဝသထေ၊ ကျောင်းတိုက်၌။

ဆက်လက်၍ လျှောက်ထားပါဦးမည်ဘုရား၊ တပါးသောအခါ၌ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည် များစွာသော လူအပေါင်းကို ချီးမြှောက်ခြင်းကို ပြုတော်မူလျက် ဝဇ္ဇီတိုင်း၌ ခရီးဒေသစာရီလှည့်လည်ကြွသွားတော်မူသည်ရှိသော် နာတိကရွာသို့ အစဉ်အံ့းဖြင့် ရောက်ပါသည်၊ နာတိကရွာ၌ နေကြကုန်သော လူတို့သည် မြတ်စွာဘုရားအား ကြီးစွာသော အလှူဒါနကို ပေးလှူ၍ တရားစကားကို ကြားနာ၍ ကြည်ညိုသော စိတ်နှလုံး ရှိကြကုန်သည်ဖြစ်၍ မြတ်စွာဘုရား၏ သီတင်းသုံးရာဌာနကို ပြုလုပ်ကြကုန်အံ့ဟု တိုင်ပင်ကြကုန်၍ အုတ်တို့ဖြင့်သာလျှင် နံရံစောင်းတန်း တိုင်တို့ကို ပြုလုပ်ကြကုန်၍ ထိုနံရံစသည်တို့၌ သားရဲရုပ် အစရှိသည်တို့ကို ပြုကြကုန်လျက် ပြာသာဒ်ကို ပြုလုပ်၍ အင်္ဂတေဖြင့် လိမ်းကျံ၍ ခြူးပန်း ခြူးနှယ် အစရှိသော အမှုလုပ်ငန်းကို ပြီးဆုံးစေပြီး၍ မြေအခင်း အင်းပျဉ် အစရှိသည်တို့ကို ခင်းကြကုန်ပြီး၍ မြတ်စွာဘုရားအား အပ်နှင်းကြပါကုန်သည်၊ ဤအဆောက်အဦ၌ပင်လျှင် အဆင့်ဆင့်အားဖြင့် လူတို့သည် ရဟန်းအပေါင်း၏ ညဉ့်နေရာဌာန, နေ့နေရာဌာန, မဏ္ဍပ်, စင်္ကြံ အစရှိသည်တို့ကို ပြုလုပ်ကြပါကုန်သည်၊ ဤသို့ ဆောက်လုပ်၍ ထားအပ်သောကြောင့် ထို ကျောင်းသည် ကြီးကျယ်သော ကျောင်းတိုက်ကြီး တခု ဖြစ်၍လာပါသည်၊ ထိုကြီးကျယ်သော ကျောင်းတိုက်ကြီး ဖြစ်လာသည်ကို ရည်ရွယ်မှန်းထား၍ ဂိဥ်ကာဝသထေ-ဟူ၍ ဟောတော်မူအပ်ပါသည်၊ ဤသို့ ဖွင့်ပြပါသည်။

ဂေါသိဂ်သာလဝန

ဂေါသိဂ်သာလဝနဒါယေတိ၊ ဂေါသိဂ်သာလဝနဒါယေ-ဟူသည်ကား။ ထိုစကားရပ်၌ တခုသော ကြီးသော တောစိုးသစ်ပင်၏ ပင်စည်မှ နှံ့ခြုံသဏ္ဌာန်သည်ဖြစ်၍ အကိုင်းအခွ နှစ်ခုသည် ပေါ်ထွက်၍ လာပါသည်၊ ထို

သစ်ပင်ကို အကြောင်းပြု၍ အလုံးစုံသော တောတခုလုံးသည် ဂေါသိဂ်သာလ ဝန-ဟူသော အမည်သို့ရောက်ပါသည်။

ဒါယသည် တော၏အမည်

ဒါယ-ဟူသည် သာမညအားဖြင့် တော၏အမည်ပင် ဖြစ်ပါသည်။ ထို့ကြောင့်—

ဂေါသိဂ်သာလဝနဒါယေတိ၊ ဂေါသိဂ်သာလဝနဒါယေ—ဟူသည်ကား။ ဂေါသိဂ်သာလဝနအရပ်သည်၊ နွားဦးချိုနှင့်တူသော အင်ကြင်းပင်။ ဝါ၊ နွားဦးချိုနှင့်တူသော ဘခွရှိသော အင်ကြင်းပင်ကို အကြောင်းပြု၍ ဂေါသိဂ်-သာလဝန ဟု ခေါ်ဆိုအပ်သော တောဋ္ဌ။ ဝိဟာရန္တိ၊ သီဇင်းသုံးတော်မူကြကုန်၏။ ဤသို့ အနက်ကို ယူရမည်ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

သာမဂ္ဂိရသာကို ခံစားကြကုန်လျက်

ဝိဟာရန္တိဘိ၊ ဝိဟာရန္တိ-ဟူသည်ကား။ သာမဂ္ဂိရသံ၊ ညီညွတ်ခြင်းဟု ဆိုအပ်သော သာမဂ္ဂီ အရသာကို။ အနုဘာဝမာနာ၊ ခံစားကြကုန်လျက်။ ဝိဟာရန္တိ၊ နေထိုင်ကြပါကုန်၏။

မှန်ပါသည်။ ဤအမျိုးကောင်းသားတို့၏ ဥပရိပဏ္ဏာသကဋ္ဌ ပုထုဇဉ် အခါကာလကို ဟောခဲ့အပ်ပါသည်၊ ဤသုတ်ဋ္ဌကား ရဟန္တာဖြစ်သော အခါကာလကို ဟောဆိုလိုရင်း ဖြစ်ပါသည်၊ မှန်၏၊ ထိုအခါကာလဋ္ဌ ထိုအမျိုးကောင်းသား သုံးယောက်တို့သည် ရုအပ်သော သက်သာရာ ရှိကြကုန်သည် ဖြစ်၍ ရုအပ်သော မှိရာ တည်ရာ ရှိကြကုန်သည်ဖြစ်၍ ရုအပ်သော ပဋိသမ္ဘိဒါ ရှိကြကုန်သော ခီဏာသဝ ရဟန္တာပဂ္ဂိုလ်တို့သည် ဖြစ်ကြကုန်၍ အချင်းချင်း ညီညွတ်ခြင်း ဟု ဆိုအပ်သော သာမဂ္ဂီရသာကို ခံစားတော်မူကြကုန်လျက် ထိုတောအရပ်ဋ္ဌ သီတင်းသုံးတော်မူကြပါကုန်သည်၊ ထိုကဲ့သို့ သီတင်းသုံး၍ နေသည်ကို ရည်ရွယ်၍ ဝိဟာရန္တိဟု ဆိုပါသည်။

တပါးတည်း ကြွတော်မူခြင်း

ယေန ဂေါသိဂ်သာလဝနဒါယော၊ တေနုပသင်္ကမိတိ၊ ယေန ဂေါသိဂ်-သာလဝနဒါယော၊ တေနုပသင်္ကမိ-ဟူသည်ကား။ ဓမ္မသေနာပတိ ဟု ဆိုအပ်သော အရှင်သာရိပုတ္တရာ မဟာမောဂ္ဂလ္လာန် မဟာကဿပ ဤသို့သော အရှင်သာဝကမဟာသံဃာတော်မြတ်ကို ခံစားတော်မူကြကုန်၍ အယုတ်ဆုံးအားဖြင့် ဓမ္မဘဏ္ဍာဂါရိက

ဖြစ်တော်မူသော အာနန္ဒာ မထေရ်ကိုဂုဏ်း တစုံတယောက်သော မထေရ်, ရဟန်းတပါး၊ ဘိုမျှ မတိုင်ပင် အကြောင်းမကြားမူ၍ ကိုယ်တော်တိုင်သာ လျှင် သပိတ်သင်္ကန်းကိုယူ၍ ဆင်အုပ်မှ ဖဲ၍ ထွက်ခဲ့သော ဆင်မင်းကြီးကဲ့သို့ ဂုဏ်း၊ ခြသေ့ အစုအပေါင်းမှ ဖဲ၍ထွက်ခဲ့သော ကာဠသီဟ အမည်ရှိသော ခြသေ့နက်ကဲ့သို့ဂုဏ်း. လေသည် ဖြတ်တောက်၍ လွတ်အပ်သော တိမ်တိုက်ကဲ့ သို့ဂုဏ်း မြတ်စွာဘုရားသည် ထိုဆိုအပ်ခဲ့ပြီးသော ဂေါဒိဂ်သာလဝန အမည် ရှိသော ဓတောသို့ ချဉ်းကပ်ခဲ့ပါသည်။

အဘယ်ကြောင့် ကြွပါသနည်း

အဘယ့်ကြောင့် ဤနေရာ၌ မြတ်စွာဘုရားသည် တပါးထည်းတည်း ကြွတော်မူပါသနည်း၊ သုံးယောက်ကုန်သော အမျိုးသားတို့သည် ညီညွတ် ခြင်း၏ အရသာဟု ဆိုအပ်သော သာမဂ္ဂိရသာကို ခံစားကြကုန်လျက် နေကြ ကုန်၏၊ ထိုရဟန်းတို့ကို ချီးမြှောက်ခြင်း အကျိုးငှါဂုဏ်း နောင်လာနောက်သား သာသနာတော်ထမ်း ရဟန်းများကို သနားစောင့်ရှောက်တော်မူသော အား ဖြင့်ဂုဏ်း တရားကို အလေးအမြတ်ပြုသော အားဖြင့်ဂုဏ်း မြတ်စွာဘုရားသည် အဖော်မပါ တပါးတည်း ဤကဲ့သို့ ကိုယ်တိုင်ကြွတော်မူသည်ဟု ဆိုပါသည်။

မြတ်စွာဘုရား အကြံဖြစ်ပုံ

မြတ်စွာဘုရားအား ဤကဲ့သို့ အကြံဉာဏ် ဖြစ်ပါ၏။

အဟံ ဣမေ ကုလပုတ္တေ ပဂ္ဂဏှိတွာ ဥက္ကံသိတွာ ပဋိသန္ထာရံ ကတွာ ဓမ္မံ နေသံ ဒေသေဿာမီတိ။

အဟံ၊ ငါဘုရားသည်။ ဣမေ ကုလပုတ္တေ၊ ဤသုံးယောက်ကုန်သော အမျိုးသားတို့ကို။ ပဂ္ဂဏှိတွာ၊ ချီးမြှောက်၍။ ဥက္ကံသိတွာ၊ ချီးကျူး၍။ ပဋိသန္ထာရံ၊ စကားအစေ့အစပ်ကို။ ကတွာ၊ ပြု၍။ နေသံ၊ ထိုရဟန်းတို့အား။ ဓမ္မံ၊ တရားကို။ ဒေသေဿာမိ၊ ဟောရတော့အံ့။ ဤသို့ မြတ်စွာဘုရားအား အကြံအစည်ဖြစ်ပါသည်။ ဤသို့ ရှေးဦးစွာ ချီးမြှောက်လိုသောကြောင့် ကြွသည်ဟု ဆိုပါသည်။

နောင်အခါ အတုယူကြရန်

ထိုမှတပါးလည်း မြတ်စွာဘုရားအား အကြံဖြစ်ပါသေးသည်။

အနာဂတေ၊ နောင်သောအခါကာလ၌။ ကုလပုတ္တာ၊အမျိုးကောင်းသားတို့သည်။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ သမဂ္ဂဝါသံ၊ အညီအညွတ်နေထိုင်ခြင်းကို။ ဝသန္တာနံ၊ နေထိုင်ကြကုန်သော ရဟန်းတော်တို့၏။ သန္တိကံ၊ အထံသို့။ သယံ၊ ကိုယ်တော်တိုင်။ ဂန္တွာ၊ ကြွသွားတော်မူ၍။ ပဋိ-သန္ထာရံ၊ စကားအစေ့အစပ်ကို။ ကတွာ၊ ပြု၍။ ဓမ္မံ၊ တရားကို။ ကထေတွာ၊ ဟော၍။ တယော၊ သုံးယောက်ကုန်သော။ ကုလပုတ္တေ၊ အမျိုးကောင်းသားတို့ကို။ ပဂ္ဂဏှိ၊ ချီးမြှောက်တော်မူခဲ့ဘူးပြီ။ ကော နာမ၊ အဘယ်မည်သောပုဂ္ဂိုလ်သည်။ သမဂ္ဂဝါသံ၊ အညီအညွတ်နေထိုင်ခြင်းကို။ နဝသေယျ၊ မနေထိုင်ဘဲ ရှိရာအံ့နည်း။ ဣတိ၊ ဤ သို့။ သမဂ္ဂဝါသံ၊ အညီအညွတ်နေထိုင်ခြင်းကို။ ဝသိတဗ္ဗံ၊ နေထိုက် နေအပ် နေသင့်သည်ကို။ မညမာနာ၊ မှတ်ထင်ကြကုန်သည်ဖြစ်၍။ ခိပ္ပမေဝ၊ မကြာမတင် ဆောလျင်စွာသာလျှင်။ ဒုက္ခဿန္တံ၊ ဆင်းရဲ၏ ကုန်ဆုံးရာ နိဗ္ဗာန်ကို။ ကရိဿန္တိ၊ မျက်မှောက်ပြုကြကုန်လိမ့်လတ္တံ့။

ဤသို့ မြတ်စွာဘုရား ကြံစည်တော်မူပါသည်၊ ဤသို့ ကြံစည်၍ နောင်လာနောက်သား ရဟန်းများကို သနားစောင့်ရှောက်တော်မူသော အားဖြင့်လည်း တပါးထည်းတည်း ကြွတော်မူသည်ဟု ဆိုပါသည်။

ဘုရားရှင်တို့သည် တရားကို လေးစားကြကုန်၏

ဗုဒ္ဓါ စ နာမ၊ဘုရားရှင်တို့မည်သည်။ဓမ္မဂရုနော၊ တရားတော်ကို အလေးအမြတ်ပြုကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကြကုန်၏။ နေသံ၊ ထိုဘုရားရှင်တို့၏။ သောစဓမ္မဂရုဘာဝေါ၊ ထိုတရားတော်ကို အလေးအမြတ် ပြုသည်၏ အဖြစ်ကိုလည်း။ ရထဝိနီတေ၊ ရထဝိနီတသုတ်၌။ အာဝိကတောဝ၊ ထင်စွာပြုအပ်သည်သာလျှင်တည်း။

ဤသို့ တရားကို အလေးအမြတ်ပြုသည်၏ အဖြစ်ကြောင့် တရားကို ချီးမြှောက်တော်မူအံ့ဟု မြတ်စွာဘုရားသည် တပါးထည်းတည်း ကြွရောက်တော်မူပါသည်။

တောစောင့်သူ

ဒါယပါလောတိ၊ ဒါယပါလော-ဟူသည်ကား။ အရညပါလော၊ တော စောင့်တည်း။ ထိုတောစောင့်သည် ထိုတောကို အလိုရှိတိုင်းသော အရပ် ဌာနအားဖြင့် လူတို့သည် တောတွင်းသို့ဝင်၍ ထိုတော၌ပန်းကိုင်း သစ်သီးကို ရှင်း သစ်ပင်အစေးကိုရှင်း အဆောက်အဦ လုပ်စရာ သစ်ပင်ကိုရှင်း မဆောင် ယူဘဲ ရှိကြကုန်၏၊ ဤကဲ့သို့ မဆောင်ယူစေခြင်း အကျိုးငှါ စည်းရိုးစောင်းရမ်း များကို ကာရံ၍ ထားအပ်သော ထိုတော၏ ယှဉ်စပ်၍ ထားအပ်သော တံခါး ၌ ထိုင်၍ ထိုတောကို စောင့်ရှောက်၍နေသော တောစောင့်ဟု ဆိုလိုပါသည်။ ထို့ကြောင့် ဒါယပါလော ဟု ဆိုအပ်ပါ၏။

မိမိအကျိုး မလိုလားသူ

အတ္တကာမရူပါတိ၊ အတ္တကာမရူပါ-ဟူသည်ကား။ အတ္တနော၊ မိမိ၏။ ဟိတံ၊ အစီးအပွါးကို။ ကာမယမာနသဘာဝါ၊ အလိုရှိသော သဘောရှိကုန် သည်။ ဟုတ္ဝာ၊ ဖြစ်ကုန်၍။ ဝိဟရန္တိ၊ နေကြကုန်၏။

မှန်၏။ ဤမြတ်စွာဘုရားသာသနာတော်၌ အကြင်ပုဂ္ဂိုလ်သည် ရဟန်း ပြုပြီး၍ ဆေးကုခြင်း, စေတမန်သွားလာခြင်း, ဒကာ ဒကာမတို့ ခိုင်းစေ သည်ကို သွားလာခြင်း အစရှိသည်တို့၏ အစွမ်းအားဖြင့် နှစ်ဆဲတပါးသော မသင့်သော ရှာမှီးခြင်းတို့ဖြင့် အသက်မွေးခြင်းကို ပြု၏၊ ဤကဲ့သို့ အသက် မွေးခြင်းကို ပြု၍ နေသော ရဟန်းသည် မိမိ၏အကျိုးစီးပွါးကို အလိုရှိသော သဘောရှိသည်မဟုတ်။

မိမိအကျိုး လိုလားသူ

အကြင်ရဟန်းသည်ကား ဤသာသနာတော်၌ ရဟန်းပြုပြီး၍ နှစ်ဆဲ တပါးသော မသင့်သော ရှာမှီးခြင်းကို ပယ်၍ လေးပါးသော ပါရိသုဒ္ဓိသီလ၌ တည်၍ မြတ်စွာဘုရား၏ စကားတော်ဟု ဆိုအပ်သော ပါဋိတော် အဋ္ဌကထာ ဋီကာတို့ကို သင့်လျော်လျောက်ပတ်သော ဓုတင်တရားကို အဓိဋ္ဌာန်ဆောက် တည်၍ သုံးဆဲ့ရှစ်ပါးကုန်သော သမထကမ္မဋ္ဌာန်း အာရုံတို့တွင် စိတ်နှစ်သက်ရာ တခုခုသော ကမ္မဋ္ဌာန်းကိုယူ၍ ရွာနီးကျောင်းကို ပယ်ရှား၍ တောသို့ဝင် ရောက်၍ စျာန်သမာပတ်တို့ကို ဖြစ်စေ၍ ဝိပဿနာတရားဌာန် အမှုလုပ်ငန်းကို

ပြုလျက် သီတင်းသုံး၍ နေ၏၊ ဤကဲ့သို့ ပရိယတ် ပဋိပတ် လုပ်ငန်းတို့ကို ကြိုးပမ်းအားထုတ်၍ နေသော ရဟန်းသည် မိမိအကျိုးစီးပွါးကို လိုလားသော ရဟန်းမည်၏။

ထိုသုံးယောက်ကုန်သော အမျိုးကောင်းသားတို့သည်လည်း ဤကဲ့သို့ မိမိကိုယ်ကျိုး ကိုယ့်စီးပွါးကို လိုလားကုန်သော အမျိုးကောင်းသားတို့ ဖြစ်ကြပါကုန်သည်၊ ထို့ကြောင့် အတ္တကာမရူပါ ဝိဟာရန္တိ ဟု ဟောတော်မူအပ်ပါသည်။

မာ တေသံ အဖာသုကမကာသိတိ၊ မာ တေသံ အဖာသုကမကာသိ-ဟူသည်ကား။ ထိုအမျိုးကောင်းသား သုံးယောက်တို့အား မချမ်းသာခြင်းကို မပြုပါလင့်။ ဤသို့ မြတ်စွာဘုရားကို တားမြစ်ပါသည်။

တောစောင့်၏ စိတ်အထင်

တောစောင့်၏ အကြံသည် ဤကဲ့သို့ ဖြစ်သည်ဟု ဆိုပါသည်၊ ဤအမျိုးကောင်းသားတို့သည် ညီညွတ်ကြကုန်သည်ဖြစ်၍ နေကြကုန်၏၊ အခြို့သော ပုဂ္ဂိုလ်၏ ရောက်ရာ အရပ်၌ ငြင်းခုံခြင်း ခိုက်ရန်ပြုခြင်းတို့သည် ဖြစ်တတ်ကုန်၏၊ ဦးခြို့ထက်သော ကြမ်းတမ်းသော နွားကဲ့သို့ ထို၀ှ့ ဤ၀ှ့ ၀ှ့လျက် တည်နေတတ်၏၊ ထိုအခါ၌ ခရီးတခုထည်း၌ နှစ်ယောက်ကုန်သော ပုဂ္ဂိုလ်တို့၏ သွားရောက်ခြင်းသည် မဖြစ်နိုင်ပါ၊ တခါတရံ၌ ဤပုဂ္ဂိုလ်သည်လည်း ဤသို့ပြုလျက် ဤအမျိုးကောင်းသားတို့၏ အညီအညွတ်နေထိုင်ခြင်းကို ဖျက်ဆီးရာ၏၊ ဤပုဂ္ဂိုလ်သည် ရွှေအဆင်းနှင့်တူသော အဆင်းရှိသည်ဖြစ်၍ ကြည်ညိုဘွယ်ကိုလည်းဆောင်၏၊ ကောင်းသော အရုသာ၌ တပ်မက်မောသည်ဟုလည်း ထင်ရ၏၊ ရောက်သောအခါကာလမှစ၍ မွန်မြတ်သော ဆွမ်း ခဲဘွယ်ဘောဇဉ်တို့ကို လှူဒါန်းကြကုန်သော မိမိ၏အလုပ်အကျွေးဖြစ်ကုန်သော ပုဂ္ဂိုလ်တို့အား ဂုဏ်ကျေးဇူးစကားကို ဟောပြောခြင်း အစရှိသည်တို့ဖြင့် မမေ့မလျော့ သီတင်းသုံး၍ နေကြကုန်သော ဤအမျိုးကောင်းသားတို့၏ မမေ့မလျော့ သီတင်းသုံး၍ နေခြင်းကို ဖျက်ဆီးရာ၏၊ ထိုအမျိုးကောင်းသားတို့၏ အမြဲဖြစ်ကုန်သော နေရာထိုင်ခင်းတို့ကိုလည်း ပိုင်းခြား၍ ထားအပ်ကုန်၏၊ သုံးခုကုန်သော သစ်ရွက်မိုးသော ကျောင်းတို့ ၎င်း၊ သုံးခုကုန်သော စင်္ကြံတို့၎င်း၊ သုံးခုကုန်သော နေ့နေရာဌာနတို့၎င်း၊

သုံးခုကုန်သော ညောင်စောင်း အင်းပျဉ်တို့ဂုင်း၊ ဤသို့ ပိုင်းခြား၍ ထားအပ်ကုန်၏။။

ဤရဟန်းသည်ကား ကြီးသော ကိုယ်လည်းရှိ၏၊ သာ၍ သိက္ခာကြီးပုံလည်း ရသည်ဖြစ်လိမ့်မည်၊ ထိုရဟန်းကြီးသည် အခါမဟုတ်သည်၌ ဤအမျိုးကောင်းသားတို့ကို အိပ်ရာ နေရာမှ ထစေကောင်း ထစေလိမ့်မည်၊ ဤသို့ ထစေသည်ရှိသော် အလုံးစုံသော အခြင်းအရာအားဖြင့်လည်း ဤအမျိုးကောင်းသားတို့အား မချမ်းသာခြင်းသည် ဖြစ်ကောင်း ဖြစ်ပေလိမ့်မည်ဟု တောစောင့်က ကြံစည်ယူဆပါသည်။

ထို အမျိုးကောင်းသား သုံးယောက်တို့၏ မချမ်းသာမှုကို အလိုမရှိသည်ဖြစ်၍ မာ တေသံ အဖာသုကမကာသီတိ ဘဂဝန္တံ ဝါရေသိ။ တေသံ၊ ထိုအမျိုးကောင်းသား သုံးယောက်တို့၏။။ အဖာသုကံ၊ မချမ်းသာခြင်းကို။။ မာ အကာသိ၊ မပြုပါလင့်။။ ဣတိ၊ ဤသို့။။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။။ ဝါရေသိ၊ တားမြစ်လေ၏။။

ဘုရားရှင်ကို မသိ၍ တားမြစ်၏

ပန၊ သို့သော်လည်း။။ သေ-သော၊ ဤတောစောင့်သည်။။ ကိံ၊ အသိနည်း။။ ဇာနန္တော၊ သိလျက်။။ ဝါရေသိ၊ တားမြစ်သလော။။ အဇာနန္တော၊ မသိ၍။။ ဝါရေသိ၊ တားမြစ်သလော။။ ဣတိ၊ ဤသည်ကား။။ ပုစ္ဆာ၊ အမေးတည်း။။ အဇာနန္တော၊ မသိသည်ဖြစ်၍။။ ဝါရေသိ၊ တားမြစ်မိ၏။။ ဟိ၊မှန်၏။။ တထာဂတဿ၊ မြတ်စွာဘုရား၏။။ ပဋိသန္ဓိဂ္ဂဟဏတော၊ ပဋိသန္ဓေယူသော အခါ ကာလမှ။။ ပဋ္ဌာယ၊ စ၍။။ ဒသသဟဿစက္ကဝါဠကမ္ပနာဒီနိ၊ တသောင်းသော စကြဝဠာ တုန်လှုပ်ခြင်း အစရှိကုန်သော။။ ပါဋိဟာရိယာနိ၊ တန်ခိုးပြာဋိဟာတို့သည်။။ ကိဉ္စာပိ ပဝတ္တိံသု၊ အကယ်၍ကား ဖြစ်ကြလေကုန်ပြီ။။ ပန၊ ထိုသို့ပင် ဖြစ်ကြကုန်သော်လည်း။။ အရညဝါသိနော၊ တော၌နေကြကုန်သော။။ ဒုဗ္ဘလမနုဿာ၊ အားနည်းသော သူတို့သည်။။ သကမ္မပ္ပသုတာ၊ မိမိတို့၏ အမှုလုပ်ငန်း၌ အားထုတ်၍ နေကြကုန်သည်ဖြစ်၍။။ တာနိ၊ ထိုတန်ခိုးပြာဋိဟာတို့ကို။။ သလ္လက္ခေတုံ၊ မှတ်သားခြင်းငှါ။။ နသက္ကောန္တိ၊ မစုံမ်းနိုင်ကြကုန်။။ သမ္မာသမ္ဗုဒ္ဓေါ စ နာမ၊ မြတ်စွာဘုရားသည်လည်း။။ ယဒါ၊ အကြင်အခါ၌။။အနေကဘိက္ခုသဟဿပရိဝါရော၊ အထောင်မကသော ရဟန်း

အပေါင်း အခြံအရံရှိသည်ဖြစ်၍။ ဗျာမပဘာယ၊ တလံမျှလောက်သော ကိုယ်ရောင်တော်ဖြင့်။ အသီတိအနုဗျဉ္ဇနေဟိ၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့်။ ဒ္ဒတ္တိံ သမဟာပုရိသလက္ခဏသိရိယာစ၊ သုံးဆဲ့နှစ်ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတော်ကြီးတို့၏ အသရေဖြင့်။ ဗုဒ္ဓါနုဘာဝံ၊ ဘုရားရှင်တို့၏ တန်ခိုးဘေဇော် အာနုဘော်တော်ကို။ ဒဿေန္တော၊ ပြလျက်။ ဝိစရတိ၊ လှည့်လည်တော်မူ၏။ တဒါ၊ ထိုအခါ၌။ ဧသော၊ ဤသူသည်။ ကော၊ အဘယ်သူနည်း။ ဣတိ၊ ဤသို့။ အပုစ္ဆိတ္ထာဝ၊ မမေးမူ၍သာလျှင်။ ဇာနိ-တဗ္ဗော၊ သိအပ် သိသင့် သိထိုက်သည်။ ဟောတိ၊ ဖြစ်၏။ တဒါပန၊ ထိုဘေသို့ ကြွတော်မူသောအခါ၌ကား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ သဗ္ဗမ္မိ၊ အလုံးစုံလည်းဖြစ်သော။ တံဗုဒ္ဓါနုဘာဝံ၊ ထိုဘုရား၏တန်ခိုးတေဇော် အာနုဘော်တော်ကို။ စိဝရဂဗ္ဘေန၊ သင်္ကန်းအတွင်းဖြင့်။ ပဋိစ္ဆာ-ဒေတ္ဝာ၊ ဖုံးလွှမ်း၍။ ဝလာဟကဂဗ္ဘေန၊ တိမ်တိုက်ဖြင့်။ ပဋိစ္ဆန္နော၊ ဖုံးလွှမ်းအပ်သော။ ပုဏ္ဏစန္ဒောဝိယ၊ လပြည့်ဝန်းကြီးကဲ့သို့။ သယမေဝ၊ ကိုယ်တိုင်သာလျှင်။ပတ္တစိဝရံ၊သပိတ်သင်္ကန်းကို။အာဒါယ၊ယူ၍။အညာတကဝေသေန၊ မထင်ရှားသော ရဟန်းတပါး၏အသွင်အပြင်ဖြင့်။ အဂမာသိ၊ ကြွရောက်တော်မူပါသည်။ ဣတိ၊ ဤကဲ့သို့ ကြွရောက်တော်မူသည် ဖြစ်သောကြောင့်။ နံ၊ ထိုဘုရားရှင် ကိုယ်တော်မြတ်ကို။ အဇာနန္တော၀၊ မသိသည်ဖြစ်၍သာလျှင်။ ဒါယပါလော၊ တောစောင့်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ နိဝါရေသိ၊ တားမြစ်သည်ဟု ဆိုပါသည်။

တောစောင့်ကို ဟန့်တားခြင်း

အဿောသိ ခေါ အာယသ္မာ အနုရုဒ္ဓေါ ဒါယပါလဿ ဘဂဝတော သဒ္ဒံ မန္တယမာနဿ။ သုတ္ဝာန ဒါယပါလံ ဧတဒဝေါစ၊ မာ အာဝုသော ဒါယပါလ ဘဂဝန္တံ ဝါရေသိ၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တောတိ။

အာယသ္မာ အနုရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည်။ ဘဂဝတော၊ မြတ်စွာဘုရားနှင့်။ သဒ္ဒံ၊ တကွ၊ မန္တယမာနဿ၊ တိုင်ပင်ပြောကြား၍နေသော။ ဒါယပါလဿ၊ တောစောင့်၏။ ဝစနံ၊ စကားကို။ အဿောသိ ခေါ အဿောသိဝေ၊ ကြားတော်မူရသည်သာလျှင်တည်း။ သုတ္ဝာန၊ ကြားရ၍။ ဒါယပါလံ၊ တောစောင့်ကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြား

တော်မူ၏။ ကိ ံဝစနံ၊ အဘယ်စကားကို။ အဝေါစ၊ မိန့်ကြားတော်မူသနည်း။ အာဝုသော ဒါယပါလ၊ ငါ့ရှင်တောစောင့်။ ဘဂဝန္တံ၊ ဘုန်းတော်သခင်ဘုရား ရှင်ကို။ မာ ဝါရေသိ၊ မတားမြစ်ပါလင့်။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ် တော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော် မြတ်သည်။ အနုပဗ္ဗတ္တော၊ အစဉ်အားဖြင့် ကြွရောက်တော်မူလာပြီ။ ဣတိ၊ ဤသို့။ တေ ဝစနံ၊ ဤစကားကို။ အဝေါစ၊ ပြောကြားတော်မူ၏။

တေဒဝေါစ

ဤသို့ ဟောတော်မူအပ်သော ပါဠိတော်စကားရပ်၌ တေဒဝေါစ ဟူသော စကား၏ အဓိပ္ပါယ်အကျယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်သည်—

တေဒဝေါစာတိ၊ တေဒဝေါစ-ဟူသည်ကား။ မထေရ်မြတ်သည် မာသမဏာတိ ဟူ၍ တောစောင့်၏ စကားကို ကြားရသည်ဖြစ်၍ ကြံစည် အောက်မေ့တော်မူပါသည်။

မယံ တယော ဇနာ ဣဓ ဝိဟရာမ၊ အညေ ပဗ္ဗဇိတာ နာမ နတ္ထိ၊ အယဉ္စ ဒါယပါလော ပဗ္ဗဇိတေန ဝိယ သဒ္ဒိ ံ ကထေတိ၊ ကော နု ခေါ ဘဝိဿတီတိ။

တယောဇနာ၊ သုံးယောက်ဖြစ်ကုန်သော။ မယံ၊ ငါတို့သည်။ ဣဓ၊ ဤတောတွင်း၌။ ဝိဟရာမ၊ နေထိုင်ကြကုန်၏။ အညေ၊ တပါးကုန်သော။ ပဗ္ဗဇိတာနာမ၊ ရဟန်းတို့မည်သည်။ နတ္ထိ၊ မရှိကြလေကုန်။ အယဉ္စ ဒါယ-ပါလော၊ ဤတောစောင့်သည်လည်း။ပဗ္ဗဇိတေန ဝိယ၊ ရဟန်းတပါးနှင့်ကဲ့သို့။ သဒ္ဒိ ံ၊ တကွ။ ကထေတိ၊ စကားပြောဆိုဘိ၏။ ကော၊ အဘယ်ပုဂ္ဂိုလ်သည်။ ဘဝိဿတိ နု ခေါ၊ ဖြစ်ပါလိမ့်မည်နည်း။

ဤသို့ စဉ်းစားအောက်မေ့မိသည်ဖြစ်၍ နေ့သန့်စင်ရာအရပ်မှ ထ၍ တံခါး၌ ရပ်၍ လာလမ်းခရီးကို ကြည့်ရှုတော်မူသည်ရှိသော် ဘုန်းတော်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကို တွေ့မြင်ရလေ၏၊ မြတ်စွာဘုရားကလည်း မထေရ်၏ကြည့်ရှုသည်နှင့် တပြိုင်နက်သာလျှင် ကိုယ်တော်၏ အရောင်တော်တို့ကို လွှတ်တော်မူ၏၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့ဖြင့် တန်းဆာ

ဆင်အပ်သော တလံမျှလောက်သော ရောင်ခြည်တော်သည် ဖြန့်ကြက်၍ ထားအပ်သော ရွှေပုဆိုးကဲ့သို့ တင့်တယ်တော်မူ၏၊ မထေရ်မြတ်သည်—

အတူတကွ စကားပြောနေပါလျက် ဘုရားဟုမသိ

အယံ ဒါယပါလော ဖဏကတံ အာသိဝိသံ ဂိဝါယ ဂဟေတုံ ဟတ္ထံ ပသာရေန္တောဝိယ လောကေ အဂ္ဂပုဂ္ဂလေန သဒ္ဓိံ ကထေန္တောဝ နဲ ဇာနာတိ၊ အညတရဘိက္ခုနာ ဝိယ သဒ္ဓိံ ကထေတိတိ။

အယံဒါယပါလော၊ ဤတောစောင့်သည်။ ဖဏကတံ၊ ပါးပျဉ်းထ၍ နေသော။အာသိဝိသံ၊လျင်သော အဆိပ်ရှိသော မြွေကို။ဂိဝါယ၊ လည်ပင်း၌။ ဂဟေတုံ၊ ကိုင်ဖမ်းခြင်းငှါ။ ဟတ္ထံ၊ လက်ကို။ ပသာရေန္တောဝိယ၊ ဆန့်တန်းသောသူကဲ့သို့။ လောကေ၊ လူ့ပြည်နတ်ရပ် လောကဓာတ်၌။ အဂ္ဂပုဂ္ဂလေန၊ အမြတ်ဆုံးဖြစ်သော ဘုရားကိုယ်တော်မြတ်နှင့်။ သဒ္ဓိံ၊ တကွ။ ကထေန္တောဝ၊ စကားပြောဆိုလျက်သာလျှင်။ နဲ ဇာနာတိ၊ ဘုရားဟုမသိတတ်။ အညတရဘိက္ခုနာဝိယ၊ အမှတ်မထား မထင်မရှား ရဟန်းတပါးပါးနှင့်ကဲ့သို့။ သဒ္ဓိံ၊ တကွ။ ကထေတိ၊ စကားပြောဆိုဘိ၏။

ဤသို့ တောစောင့်ကို တားမြစ်တော်မူလိုသည်ဖြစ်၍ မာ အာဝုသော ဒါယပါလ-အစရှိသော စကားကို မိန့်တော်မူ၏၊ ဤသို့ အဋ္ဌကထာဆရာမြတ်တေဒဝေါစ ဟူသောပုဒ်ကို ဖွင့်ဆိုမိန့်ပြပါသည် အရှင်ဘုရား။

မြတ်စွာဘုရား ကြွလာပါပြီ

ထိုမှတပါး အထခေါ် အာယသ္မာ အနုရုဒ္ဓါ ယေနာယသ္မာ စ နန္ဒိယော အာယသ္မာ စ ကိမိလော၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတ္ဝာ အာယသ္မန္တံ စ နန္ဒိယံ အာယသ္မန္တံ စ ကိမိလံ တေဒဝေါ စ၊ အဘိက္ကမထာယသ္မန္တော၊ အဘိက္ကမထာယသ္မန္တော၊ သတ္ထာ နော ဘဂဝါ အနုပ္ပတ္တောတိ-ဤသို့ အစရှိသည်ဖြင့် ဆက်၍ ဟောကြားတော်မူပါသည်။

အရှင်အနုရုဒ္ဓါ မထေရ်မြတ်သည် မြတ်စွာဘုရားကို မြင်ပြီးသည်၏ အခြားမဲ့၌ အကြင်အရပ်၌ အရှင်နန္ဒိယ မထေရ်သည်ရှိ၏၊ အကြင်အရပ်၌ အရှင်ကိမိလ မထေရ်သည် ရှိ၏၊ ထိုမထေရ်တို့ရှိရာအရပ်သို့ ချဉ်းကပ်၍ ထို

မထေရ်တို့ကို “ငါ့ရှင်တို့....မြတ်စ္စာဘုရား ကြွရောက်တော်မူလာပြီ၊ ရှေးသို့ ချီတက်ကြကုန်လှည့်လော့” အစရှိသော အားဖြင့် အနုရုဒ္ဓါမထေရ်မြတ်က အမိန့်ရှိပါသည်။

ဘာကြောင့် ခရီးဦး မကြိုသလဲ

ထိုကဲ့သို့ အမိန့်ရှိသော စကားတော်အစဉ်၌ တေနုပသင်္ကမိ ဟူသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

တေနုပသင်္ကမီတိ၊ တေနုပသင်္ကမိ-ဟူသည်ကား။ ကသ္မာ၊ အဘယ်ကြောင့်။ ဘဂဝတော၊ မြတ်စ္စာဘုရား၏။ ပစ္စုဂ္ဂမနံ၊ ရှေးဦးစွာ ခရီးဦးကြိုဆိုခြင်းကို။ အကတ္ထာ၊ မပြုမူ၍။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူရသနည်း။

ဘုရားကို တွေ့ပါလျက်သားနှင့် ရှေးဦးစွာ ဘုရားကို ခရီးဦးကြိုဆိုခြင်း မပြုမူ၍ သီတင်းသုံးဘော်တို့ရှိရာသို့ ချဉ်းကပ်ရဘိသနည်းဟု အဋ္ဌကထာဆရာမြတ် စောဒနာထုတ်၍ မေးမြန်းအပ်ပါသည်။

ညီညွတ်မှုကို ပြခြင်းငှါ

ဤသို့ မထေရ်မြတ်၏ အကြံအစည်လည်း ဖြစ်သည်ဟု ဆိုပါသည်။

မယံ တယော ဇနာ သမဂ္ဂဝါသံ ဝသာမ။ သစာဟံ ဧကောဝ ပစ္စုဂ္ဂမနံ ကရိဿာမိ။ သမဂ္ဂဝါသော နာမ န ဘဝိဿတီတိ ပိယ-မိတ္တော ဂဟေတ္ဝာဝ ပစ္စုဂ္ဂမနံ ကရိဿာမိ။ ယထာ စ ဘဂဝါ မယ္ဟံ ပိယော၊ ဧဝံ သဟာယာနမ္ပိ မေ ပိယောတိ၊ တေဟိ သဒ္ဓိံ ပစ္စုဂ္ဂမနံ ကာတုကာမော သယံ အကတ္ထာဝ ဥပသင်္ကမိ။

တယောဇနာ၊ သုံးယောက်ဖြစ်ကြကုန်သော။ မယံ၊ ငါတို့သည်။ သမဂ္ဂဝါသံ၊ အညီအညွတ်နေထိုင်ခြင်းကို။ ဝသာမ၊ နေထိုင်ကြပါကုန်၏။ အဟံ၊ ငါသည်။ သစေ၊ အကယ်၍။ ဧကောဝ၊ တပါးထည်းတည်းသာလျှင်။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းကို။ ကရိဿာမိ၊ ပြုခဲ့ငြားအံ့။ သမဂ္ဂဝါသော နာမ၊ အညီအညွတ် နေထိုင်ခြင်းမည်သည်။ နဘဝိဿတိ၊ မဖြစ်တော့လတ္တံ့။ ဣတိ၊ ဤသို့။ ပိယမိတ္တော၊ ချစ်ခင်နှစ်သက်အပ်ကုန်သော မိတ်ဆွေသီတင်းသုံးဘော်ဖြစ်ကုန်သော အရှင်မြတ်တို့ကို။ ဂဟေတ္ဝာဝ၊ ခေါ်ယူပြီး၍သာလျှင်။ ပစ္စုဂ္ဂ-မနံ၊ မြတ်စ္စာဘုရားအား ခရီးဦးကြိုဆိုခြင်းကို။ ကရိဿာမိ၊ ပြုတော့အံ့။မယ္ဟံ၊ ငါသည်။ ဘဂဝါ၊ မြတ်စ္စာဘုရားကို။ ပိယောယထာစ၊ ချစ်အပ်သကဲ့သို့လည်း။

ဧဝံတထာ၊ ထို့အတူ။ မေ၊ ငါ၏။ သဟာယာနမ္မိ၊ သီတင်းသုံးဘော်နှစ်ဦးတို့ သည်လည်း။ ဘဂဝါ၊ မြတ်စွာဘုရားကို။ ပိယော၊ ချစ်နှစ်သက်အပ်၏။ ဣတိ၊ ဤသို့။စိန္တေတွာ၊ ကြံစည်၍ ။တေဟိ၊ ထိုသီတင်းသုံးဘော်နှစ်ဦးတို့နှင့်။ သဒ္ဓိံ၊ တကွ။ ပစ္စုဂ္ဂမနံ၊ ခရီးဦးကြိုဆိုခြင်းကို။ ကာတုကာမော၊ ပြုခြင်းငှါ အလိုရှိသည်ဖြစ်၍။ သယံ၊ မိမိကိုယ်တိုင်က။ အကတ္ထာဝ၊ ခရီးဦးကြိုဆိုခြင်းကို မပြုမူ၍သာလျှင်။ ဥပသင်္ကမိ၊ ချဉ်းကပ်တော်မူပြီ။

ဤသို့ တပါးထည်းတည်း ခရီးဦးကြိုဆိုခြင်းကို မပြုမူ၍ သီတင်းသုံးဘော်နှစ်ပါးနှင့် အတူတကွ ခရီးဦးကြိုဆိုခြင်းကို ပြုလိုသည့်အတွက်ကြောင့် အရှင် အနုရုဒ္ဓါမထေရ်မြတ်သည် ကြင်းကျန်သော သီတင်းသုံးဘော် နှစ်ပါးထံသို့ ချဉ်းကပ်သည်ဟု ဆိုပါသည်။

ကေစိဝါဒ

ဤနေရာ၌ အချို့ကုန်သော မထေရ်မြတ်တို့က ထိုမထေရ်တို့၏ သစ်ရွက်မိုးသော ကျောင်းတံခါးနားဌ စကြံ့ အစွန်းမှနေ၍ မြတ်စွာဘုရား၏ ကြွလာရာဖြစ်သော လမ်းခရီးသည်ဖြစ်၏၊ ထို့ကြောင့် မထေရ်တို့အား အမှတ်သညာကို ပေးလျက်သာလျှင် သွားသည်ဟု ကေစိဝါဒကို ထုတ်ပြပါသည်။

အဘိက္ကမထ အဓိပ္ပါယ်

ထိုမှတပါး အဘိက္ကမထာယသ္မန္တော အဘိက္ကမထာယသ္မန္တော။ အာယသ္မန္တော၊ အရှင်ဘုရားတို့.... ။ အဘိက္ကမထ၊ ရွေ့သို့ ချီတက်တော်မူကြပါကုန်လော့။ အာယသ္မန္တော၊ အရှင်ဘုရားတို့.... ။ အဘိက္ကမထ၊ ရွေ့သို့ချီတက်တော်မူကြပါကုန်လော့။ နော၊ ငါတို့၏။ သတ္ထာ၊ ဆရာဖြစ်တော်မူသော။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်သည်။ အနုပုတ္တော၊ အစဉ်အားဖြင့် ဆိုက်ရောက်တော်မူလာပြီ။ ဤသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က ကြင်းကျန်သော သီတင်းသုံးဘော် နှစ်ပါးတို့အား အကြောင်းကြားပါသည်၊ ဤကဲ့သို့ အကြောင်းကြားတော်မူအပ်သော ပါဠိတော်မြတ်၌ အဘိက္ကမထ ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ပြောကြားတော်မူလိုသော အဋ္ဌကထာဆရာမြတ်က—ဣတော၊ ဤအရပ်မှ။ အာဂစ္ဆထ၊ ရွှေးရှု့။ကြွလာကြပါကုန်လော့ဟု ဆိုလိုပါသည်။

ပါဒေ ပက္ခွာလေသိ

ထိုအခါ တပါးသော ရဟန်းသည် မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ယူတော်မူ၏၊ တပါးသော ရဟန်းသည် နေရာကို ခင်းကျင်းတော်မူ၏၊ တပါးသော ရဟန်းသည် ခြေဆေးရေကို တည်ထားတော်မူ၏၊ မြတ်စွာဘုရား သည် ခင်းထားအပ်သော နေရာ၌ သီတင်းသုံးတော်မူပြီး၍ ခြေထောက်တော် တို့ကို ဆေးကြောတော်မူသည်ဟု ပါဠိတော်အစဉ်၌ ဟောလျက်ရှိပါသည်။

ထိုကဲ့သို့ ဟောကြားတော်မူသော ပါဠိတော်တွင် "နိဿဇ္ဇ ဘဂဝါ ပါဒေ ပက္ခာလေသိ"ဟူသော ဝါကျ၌ ပါဒေ ပက္ခာလေသိ-ဟူသောပါဌ်ကို အဓိပ္ပါယ်အကျယ် ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

'ပါဒေ ပက္ခာလေသိတိ၊ ပါဒေ ပက္ခာလေသိ·ဟူသည်ကား။ ဝိကသိတ ပဒုမသန္နိဘေဟိ၊ ကားကားစွင့်စွင့် ပွင့်၍နေသော ပဒုမ္မာကြာပန်းနှင့်တူကြ ကုန်သော။ ဇာလဟတ္ထေဟိ၊ ကွန်ရက်ရွက်သော လက်တော်တို့ဖြင့်။ မဏိဝဏ္ဏံ၊ ပတ္တမြားအဆင်းရှိသော ။ဥဒကံ၊ ရေကို။ ဂဟေတွာ၊ ယူ၍။ သုဝဏ္ဏဝဏ္ဏေသု၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိကုန်သော။ ပိဋ္ဌပါဒေသု၊ ခြေဖမိုးတော်တို့၌။ ဥဒကံ၊ ရေကို။ အဘိသဉ္စိတွာ၊ သွန်းလောင်း၍။ ပါဒေန၊ ခြေထောက်တော် တခုဖြင့်။ ပါဒံ၊ ခြေထောက်တော်တခုကို။ ဃံသန္တော၊ ပွတ်တိုက်လျက်။ ပက္ခာလေသိ၊ ဆေးကြောတော်မူ၏။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့၏။ ကာယေ၊ ကိုယ်၌။ ရဇောဇလ္လံနာမ၊ မြူအညစ်အကြေးမည်သည်။ နဥပလိမ္ပတိ၊ မလိမ်း မကပ်။ ကသ္မာ၊ အဘယ့်ကြောင့်။ ပက္ခာလေသိ၊ ဆေးကြောတော်မူရတိ သနည်း။ ဣတိ၊ ဤသည်ကား။ ပုစ္ဆာ၊ 'အမေးတည်း။

ဘုရားခန္ဓာကိုယ်၌ မြူအညစ်အကြေး မရှိ

အမှန်အားဖြင့် ဘုရားရှင်တို့၏ ခန္ဓာကိုယ်၌ မြူအညစ်အကြေး လိမ်းကျံ ငြိကပ်ခြင်းမရှိပါ၊ ထိုသို့ပင် မရှိသော်လည်း ရေချိုးခြင်း, ရေသပ္ပါယ်ခြင်း, ခြေထောက်တော်ဆေးကြောခြင်း အစရှိသည်အားဖြင့် ပြုလုပ်တော်မူပါ သည်၊ အညစ်အကြေးမရှိပါဘဲလျက် အဘယ်ကြောင့် ခြေထောက်တော် တို့ကို ဆေးရသနည်းဟု အဋ္ဌကထာဆရာမြတ်က ပုစ္ဆာစကားရပ် ထုတ်၍ အဖြေကို မိန့်ကြားပါသည်၊ ခန္ဓာကိုယ်တော်မြတ်၏ ဥတုကိုယူခြင်းအကျိုးငှါ ခြေထောက်တော်ကို ဆေးကြောသည်ဟု ဆိုပါသည်။

တနည်းအားဖြင့်လည်း ထိုဝတ်ကြီးဝတ်ငယ်ကို ပြုကြကုန်သော မထေရ်တို့၏ စိတ်ဓာတ်ကို ရှင်လန်းစေခြင်းအကျိုးငှါ သူတို့ခပ်ထားသော ရေတို့ဖြင့် ခြေထောက်တော်တို့ကို ဆေးကြောတော်မူသည်ဟူ ဆိုပါသည်။

အမှေဟိ၊ ငါတို့သည်။အဘိဟဋ္ဌေန၊ရွှေးရှု့ဆောင်အပ်သော။ဥဒကေန၊ ရေဖြင့်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင် ကိုယ်တော်မြတ်သည်။ ပါဒေ၊ ခြေတော်တို့ကို။ ပက္ခာလေသိ၊ ဆေးကြောတော်မူပြီ။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ အကာသိ၊ ပြုတော်မူပြီ။

ထိုကဲ့သို့ ဝတ်ကြီး ဝတ်ငယ်ကို ပြုကြကုန်သော ရဟန်းတော်တို့၏ ကြီးကျယ်သော ဝမ်းမြောက်နှစ်သက်ခြင်းကို ဖြစ်စေသည်၏ အစွမ်းအားဖြင့် စိတ်သည် ပြည့်ဖြိုးခြင်း ဖြစ်ပါ၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် အညစ်အကြေးပင် မရှိလတ်ငြားသော်လည်း ခြေထောက်တော်တို့ကို ဆေးကြောသည်ဟု ဖွင့်ပြပါသည်။

အရှင်အနုရုဒ္ဓါ အကြီးဆုံး

ကေမန္တံ နိသိန္နံ အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ ဧတဒဝေါစ-အစရှိသည်ဖြင့် မြတ်စွာဘုရားသည် ဟောကြားတော်မူပါသည်။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ အာယသ္မန္တံ အနုရုဒ္ဓံ၊ အရှင်အနုရုဒ္ဓါကို။ တံဝစနံ၊ ဤစကားကို။ အဝေါစ၊ မိန့်ကြားတော်မူ၏။

ဤကဲ့သို့ မိန့်ကြားတော်မူသော ပါဠိတော်စကားရပ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ ဧတဒဝေါစာတိ အာယသ္မန္တံ အနုရုဒ္ဓံ ဘဂဝါ ဧတဒဝေါစ ဟူသည်ကား။ သော၊ ထိုအနုရုဒ္ဓါမထေရ်မြတ်သည်။ တေသံ၊ ထိုရဟန်းသုံးပါးတို့တွင်။ ဝုဍ္ဎတရောကိရ၊အကြီးဆုံး မထေရ်မြတ် ဖြစ်သတဲ့။

ထိုမထေရ်မြတ်ကို ချီးမြှောက်ခြင်းကို ပြုအပ်သည်ရှိသော် ကြွင်းသော မထေရ်နှစ်ပါးတို့အားလည်း ချီးမြှောက်ခြင်းကို ပြုအပ်သည်သာလျှင် ဖြစ်တော့၏ဟု အနုရုဒ္ဓါမထေရ်မြတ်ကိုသာလျှင် ကစ္စိ ဝေါ အနုရုဒ္ဓါ-အစရှိသော စကားကို မိန့်တော်မူသည်ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုပါသည်။

ဘိက္ခာစာရဝတ်ကို မေးမြန်းခြင်း

ထိုစကားရပ်၌ ကစ္စိ-ဟူသော ပုဒ်သည် မေးမြန်းခြင်းအနက်၌ ဖြစ်သော နိပါတ်ပုဒ်ဟု ဆိုပါသည်၊ ဝေါ-ဟူသောပုဒ်သည် တုမ္ဘသဒ္ဒါမှ ရုပ်ပြီး၍ လာသော သာမိအနက်၌ သက်သော ဝိဘတ်ဖြင့် ပြီးသော ပုဒ်ဟု ဆိုပါသည်။

ဤဆိုလတ္တံ့သော အဓိပ္ပါယ်ကို ဆိုလိုသည်ဟု အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ ကစ္စိ၊ အသ္ဍိနည်း။ တုမ္ဘာကံ၊ သင်ချစ်သားတို့ အား။ ခမနီယံ၊ ခန့်ကျန်းပါ၏လော။ ဝေါ၊ သင်ချစ်သားတို့၏။ ဣရိယာ ပထော၊ ဣရိယာပုထ်သည်။ ခမတိ၊ ခန့်ကျန်းပါ၏လော။ ကစ္စိ၊ အသ္ဍိနည်း။ ယာပနီယံ၊ မျတပါ၏လော၊ ကစ္စိ၊ အသ္ဍိနည်း။ ဝေါ၊ သင်ချစ်သားတို့၏။ ဇီဝိတံ၊ အသက်သည်။ ယာပေတိ ဃဋ္ဋိယတိ၊ မျတစေ့စပ်ပါ၏လော။ ကစ္စိ၊ အသ္ဍိနည်း။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ န ကိလမထ၊ မပင်ပန်းဘဲ ရှိကြပါကုန်၏ လော။ ကစ္စိ၊ အသ္ဍိနည်း။ တုမ္ဘာကံ၊ သင်ချစ်သားတို့အား။ သုလဘပိဏ္ဍံ၊ ရလွယ်သော ဆွမ်းရှိပါ၏လော။ သမ္မတ္တော၊ ဆွမ်းခံဘို့ရာ ရောက်၍လာကြကုန် သော။ ဝေါ၊ သင်ချစ်သားတို့အား။ ဒိသ္ဝာ၊ မြင်ကြရကုန်၍။ မနုဿာ၊ လူတို့သည်။ ဥဋ္ဌုက်ယာဂုံဝါ၊ တမ္မုတ်သော ယာဂုကိုငင်း။ ကဋ္ဌစ္ဆုဘိက္ခံဝါ၊ တယောက်ချိုသော ဆွမ်းကိုငင်း။ ဒါတဗ္ဗံ မညန္တိတိ၊ ပေးလှူအပ်သည်ဟူ၍ မှတ်ထင်ကြပါကုန်၏လောဟူ၍။ဘိက္ခာစာရဝတ်တံ့၊ဆွမ်းခံဝတ်အကျင့်တရားကို။ ပုစ္ဆတိ၊ မေးမြန်းတော်မူ၏။

ရဟန်းနှင့် ဆွမ်းခံဝတ်

အဘယ့်ကြောင့် မေးမြန်းတော်မူရလေသနည်း၊ ပစ္စည်းလေးပါးဖြင့် မပင်ပန်းမှသာလျှင် ရဟန်းတရားကို ကြိုးစားအားထုတ်ခြင်းငှါ တတ်နိုင်ပါ သည်၊ ထို့ကြောင့် မြတ်စွာဘုရားသည် ဆွမ်းဖြင့်မပင်ပန်းမှုကို မေးမြန်းတော် မူသည်ဟု ဆိုလိုပါသည်၊ တနည်းအားဖြင့်လည်း ဆွမ်းခံ၍ စားခြင်းသည် ရဟန်းတို့၏ ကျင့်ဝတ်တရားပင် ဖြစ်ပါသည်၊ ထို့ကြောင့် ထိုကျင့်ဝတ်တရား မပျက်ပြားသည်ကို သိတော်မူလိုသောကြောင့် မေးသည်ဟု ဆိုပါသည်။

သာမဂ္ဂိရသကို မေးတော်မူခြင်း

ထိုအခါ၌ ထိုအနုရုဒ္ဓါမထေရ်မြတ်က စကားတုံကို ပေးသည်ရှိသော် “အနုရုဒ္ဓါ တုမ္မေ ရာဇပဗ္ဗဇိတာ မဟာပုညာ။ မနုဿာ တုမ္ဟာကံ အရညေ ဝသန္တာနံ အဒတ္ဝာ ကဿ အညဿ ဒါတဗ္ဗံ မညိဿန္တိ၊ တုမ္မေ ပန ဧတံ ဘဉ္ဇိတ္ဝာ ကိံ နုခေါ မိဂပေါတကာ ဝိယ အညမညံ သံဃဋ္ဋေန္တာ ဝိဟရထ၊ ဥဒါဟု သာမဂ္ဂိဘာဝေါ ဝေါ အတ္ထီတိ၊....သာမဂ္ဂိဘာဝေါ ဝေါ အတ္ထို” ဟူ၍ မြတ်စွာဘုရားက မေးမြန်းတော်မူသော အဓိပ္ပါယ်ကို အဋ္ဌကထာဆရာမြတ် မိန့်ပြပါသည်။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ တုမ္မေ၊ သင်တို့သည်။ ရာဇပဗ္ဗဇိတာ၊ မင်းမျိုးမှ ရဟန်းပြုခဲ့ကြကုန်သည် ဖြစ်၍။ မဟာပုညာ၊ ကြီးမြတ်သော ဘုန်းရှိကြပေကုန်၏။ မနုဿာ၊ လူတို့သည်။ အရညေ၊ တောင်၌။ ဝသန္တာနံ၊ နေထိုင်ကြကုန်သော။တုမ္ဟာကံ၊ သင်ချစ်သားတို့အား။ အဒတ္ဝာ၊ မပေးမလှူကြကုန်ဘဲ။ အညဿ၊ တပါးသော။ ကဿ၊ အဘယ်ပုဂ္ဂိုလ်အား။ ဒါတဗ္ဗံ၊ ပေးလှူအပ်၏ဟူ၍။ မညိဿန္တိ၊ မှတ်ထင်ကုန်ကြတော့အံ့နည်း။ ပန၊ စင်စစ်သော်တမူကား။ တုမ္မေ၊ သင်ချစ်သားတို့သည်။ ဧတံ၊ ထိုဒကာ, ဒကာမတို့ သဒ္ဓါပြဋ္ဌာန်း၍ လှူဒါန်းသောဆွမ်းကို။ဘုဉ္ဇိတ္ဝာ၊ စား၍။ မိဂပေါတကာဝိယ၊ တောသားသမင်တို့ကဲ့သို့။ အညမညံ၊ အချင်းချင်း။ သံဃဋ္ဋေန္တာ၊ တိုးဝှေ့ထိခိုက်ကြကုန်လျက်။ ဝိဟရထနုခေါ၊ နေထိုင်ကြကုန်သလော။ ဥဒါဟု၊ ထို့သို့မဟုတ်။ သာမဂ္ဂိဘာဝေါ၊ အချင်းချင်းညီညွတ်သည်၏ အဖြစ်ဟု ဆိုအပ်သော သာမဂ္ဂီအဖြစ်သည်။ ဝေါ၊ သင်ချစ်သားတို့အား။ အတ္ထိ နု ခေါ၊ ရှိပါသလော။

ဤသို့ သာမဂ္ဂိရသဟု ဆိုအပ်သော အညီအညွတ် သီတင်းသုံးနေထိုင်ရခြင်း၏ အရသာကို မေးမြန်းတော်မူလိုသော မြတ်စွာဘုရားသည် “ကစ္စိ ပန ဝေါ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္ပဿန္တာ ဝိဟရထာဟိ အာဒိ” ....၊ ဤသို့ အစရှိသော စကားကို။ အာဟာ၊ မိန့်တော်မူပါသည်။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ ကစ္စိ၊ အသို့နည်း။ ဝေါ-တုမ္မေ၊ သင်ချစ်သားတို့သည်။ သမဂ္ဂါ၊ ကိုယ်စိတ်အားဖြင့် ညီညွတ်ကြကုန်သည်ဖြစ်၍။ သမ္မောဒမာနာ၊ အချင်းချင်း ဝမ်းမြောက်ကြကုန်သည်ဖြစ်၍။ အဝိဝဒမာနာ၊ ခိုက်ရန်

ငြင်းခုံ မရှိကြကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ ခီရောဒကီဘူတာ၊ နို့နှင့်ရေကို ရောရွက်ထားသကဲ့သို့ သဘောတရားတခုထည်း ဖြစ်ကြကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ ဝါ၊ တပါးနှင့်တပါး။ ပိယစက္ခူဟိ၊ ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့်။သမ္မဿန္တာ၊ကောင်းစွာ ကြည့်ရှုကြကုန်လျက်။ ဝိဟရထ နေ ခေါ၊ နေထိုင်ကြပါကုန်၏လော။ ဤသို့ အစရှိသော အားဖြင့် မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

ခီရောဒကီဘူတာ

ထိုကဲ့သို့ မေးမြန်းတော်မူသော စကားရပ်၌ ခီရောဒကီဘူတာ·ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ရှင်းပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ခီရောဒကီ ဘူတာတိ·အစရှိသည်ကို မိန့်ဆိုတော်မူပါသည်။

နွားနို့သည်ရင်း ရေသည်ရင်း အချင်းချင်း နှီးနှော၍ နေဘိသကဲ့သို့ အသီးအခြား ခွဲခြားရ မဖြစ်လေဘိသကဲ့သို့ တခုထည်း၏အဖြစ်သို့ ရောက်လေဘိသကဲ့သို့၊ အသို့နည်း၊ ထို့အတူပင် ချစ်သားတို့အားလည်း အချင်းချင်း ညီညွတ်သည်၏ အစွမ်းအားဖြင့် တခုတည်းသော စိတ်ရှိသည်၏အဖြစ်သို့ ရောက်သော စိတ္တုပ္ပါဒ် ရှိကြကုန်သည်ဖြစ်၍ နေထိုင်ကြပါကုန်၏လော-ဟူ၍ မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

ပိယစက္ခု

ထိုပါဠိတော်ရပ်၌ ပိယစက္ခူဟိ-ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ပိယစက္ခူဟီတိ-စသည်ဖြင့် မိန့်ဆိုတော်မူပါသည်၊ မေတ္တာစိတ်ကို ရှေးရှုဖြစ်စေလျက် ကြည့်ရှုသော မျက်စိတို့သည် ပိယစက္ခုမည်ကြပါကုန်သည်၊ အသို့နည်း၊ ထိုကဲ့သို့ ချစ်ခင်သော မျက်စိတို့ဖြင့် အချင်းချင်းကြည့်ရှုလျက် နေထိုင်ကြပါကုန်၏လော ဟူ၍ မေးမြန်းတော်မူပါသည်။

အရှင်အနုရုဒ္ဓါက လျှောက်ထားခြင်း

ထိုကဲ့သို့ မေးမြန်းသောအခါ၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "တဋ္ဌမယံ ဘန္တေ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ ခီရောဒကီဘူတာ အညမညံ ပိယစက္ခူဟိ သမ္မဿန္တာ ဝိဟရာမ"ဤကဲ့သို့ လျှောက်ထားပါသည်။

ဘန္တေ၊ မြတ်စွာဘုရား....။ တဿ၊ စင်စစ်။ မယံ၊ ဘုရားတပည့်တော်တို့သည်။ သမဂ္ဂါ၊ ညီညွတ်ကြကုန်သည်ဖြစ်၍။ သမ္မောဒမာနာ၊ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်သည်ဖြစ်၍။ အဝိဝဒမာနာ၊ တဦးနှင့်တဦး ခိုက်ရန်ငြင်းခုံမရှိကြကုန်သည်ဖြစ်၍။ ခီရောဒကီဘူတာ၊ နို့နှင့်ရေကိုရော၍ ထားသကဲ့သို့ သဘောတရား တခုထည်းရှိကြကုန်သည်ဖြစ်၍။ အညမညံ၊ အချင်းချင်း။ ပိယစက္ခူဟိ၊ ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့်။ သမ္မဿန္တာ၊ ကောင်းစွာကြည့်ရှုကြကုန်လျက်။ ဝိဟရာမ၊ နေကြပါကုန်၏ အရှင်ဘုရား။

ထိုကဲ့သို့ လျှောက်ထားအပ်သော ပါဠိတော်စကားအစဉ်၌ တဿ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က "တဿတိ ဧကံသတ္ထေ နိပါတော" တပါးသော အဘိုရှိသော အနက်၌ စင်စစ်ဟူသော အနက်၌ ဖြစ်သော နိပါတ်ပုဒ်ဟု ဆိုပါသည်၊ ဧကံသေန မယံ ဘန္တေတိ ဝုတ္တံ ဟောတိ-မြတ်စွာဘုရား....စင်စစ်အားဖြင့် ဘုရားတပည့်တော်တို့ နေကြပါသည်ဟု ဆိုလိုပါသည်။

ညီညွတ်ပုံအကြောင်း မေးမြန်းခြင်း

ထိုကဲ့သို့ လျှောက်ထားသော အခါ မြတ်စွာဘုရားက "ယထာ ကထံ ပန တုမှေ အနုရုဒ္ဓါ သမဂ္ဂါ သမ္မောဒမာနာ အဝိဝဒမာနာ" အစရှိသော အားဖြင့် ထပ်၍ မေးမြန်းတော်မူပြန်ပါသည်၊ "အဘယ်ကဲ့သို့သော နည်းလမ်းအားဖြင့် သင်ချစ်သားတို့သည် ညီညွတ်ကြကုန်၍ ဝမ်းမြောက်ဝမ်းသာ ရှိကြကုန်၍ ခိုက်ရန်ငြင်းခုံ မဖြစ်ကြကုန်မူ၍ နို့နှင့်ရေကို ရောစပ်ထားသကဲ့သို့ သဘောတရားတခုတည်း ရှိကြကုန်သည်ဖြစ်၍ အချင်းချင်း ချစ်ခင်နှစ်သက်သော မျက်စိတို့ဖြင့် ကြည့်ရှုကြကုန်လျက် နေထိုင်ကြပါကုန်သနည်း" ဟု မြတ်စွာဘုရားက တဖန်ပြန်၍ မေးမြန်းတော်မူပြန်ပါသည်။

ယထာ ကထံ ပန အဓိပ္ပါယ်

ထိုကဲ့သို့ မေးမြန်းတော်မူအပ်သော ပါဠိတော် စကားအစဉ်၌ ယထာ ကထံ ပန-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ယထာကထံ ပနာတိ ဧတ္ထ-စသည်ကို မိန့်ဆိုပါသည်၊ ယထာ ဟူသောပုဒ်သည် နိပါတ်မျှသာ ဖြစ်ပါသည်၊ ကထံ ဟူသော စကား

သည် အမေးပုစ္ဆာကို ဆိုကြောင်းဖြစ်သော စကားဖြစ်ပါသည်၊ အဓိပ္ပါယ်ကား သင်ချစ်သားဘိုသည် အဘယ်သို့လျှင် ဤကဲ့သို့ နေထိုင်ကြပါကုန်သနည်း၊ ဘယ်မည်သော အကြောင်းဖြင့် နေထိုင်ကြပါကုန်သနည်း၊ ထို အကြောင်းကို ငါဘုရားအား ထင်ရှားစွာ လျှောက်ထားကြပါကုန်ဦးလော့ ဟူ၍ ဆိုလိုပါသည်။

ထိုအခါ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က "ဣမ မယှံ ဘန္တေ ဧဝံ ဟောတိ" အစရှိသည်ဖြင့် လျှောက်ထားပါသည်။

ကာယကံ မေတ္တာ

ထိုကဲ့သို့ လျှောက်ထားအပ်သော စကားအစဉ်၌ မေတ္တံ ကာယကမ္မံ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က မေတ္တံ ကာယကမ္မန္တိ၊ မေတ္တံ ကာယကမ္မံ-ဟူသည်ကား။ မေတ္တစိတ္တဝသေန၊ မေတ္တာစိတ်၏ အစွမ်းအားဖြင့်။ ပဝတ္တံ၊ ဖြစ်သော။ ကာယကမ္မံ၊ ကိုယ်ဖြင့် ပြုအပ်သော အမှုတည်း။ အာဝိစေဝ ရဟောစာတိ၊ အာဝိစေဝ ရဟောစ-ဟူသည်ကား။ သမ္မုခါစေဝ၊ မျက်မှောက်၌ဌင်း။ ပရမ္မုခါစ၊ မျက်ကွယ်၌ဌင်း။ ဤမှတပါးသော မထေရ်တို့ လျှောက်ထားသော စကား၌လည်း ဤနည်း သည်သာလျှင် နည်းရှိ၏ဟု ဆိုပါသည်။

ထိုစကား၏ အဓိပ္ပါယ်အကျယ်ကို ပြောပြတော်မူလိုသော အဋ္ဌကထာ ဆရာမြတ်က "တတ္ထ သမ္မုခါ ကာယဝစီကမ္မာနိ"-စသည်ကို မိန့်ပါသည်။

မျက်မှောက်အတူနေ မျက်ကွယ်ခဲ့ခါ

ထိုစကားရပ်၌ မျက်မှောက်၌ ကာယကံ ဝစီကံ အမှုတို့ကို အတူတကွ နေသောအခါ၌ ရအပ်ကုန်၏၊ ဤမှတပါးသော မျက်ကွယ်တို့ကို ခဲ့ခါ၍ နေသော အခါကာလ၌ ရအပ်ကုန်၏၊ မနောကံကိုမူကား မျက်မှောက်, မျက်ကွယ် နှစ်ပါးသောဌာန၌ ရအပ်၏ဟု အဋ္ဌကထာဆရာ အဓိပ္ပါယ်ပြောပါသည်။

မျက်မှောက် ကာယကံ မေတ္တာ

အကျယ်ခဲ့၍ အဋ္ဌကထာဆရာမြတ် မိန့်ဆိုအပ်ပြန်ပါသည်ဘုရား၊ အတူတကွ နေကုန်သောပုဂ္ဂိုလ်တို့တွင် တပါးသောပုဂ္ဂိုလ်က အကြင်ညောင်စောင်း

အင်းပျဉ်ကိုဂုင်း အကြင်သစ်ဘဏ္ဍာ, မြေဘဏ္ဍာ စသည်ကိုဂုင်း အကြင် မြေစိုင်ခဲ ဘဏ္ဍာကိုဂုင်း အပြင်၌ မသင့်မတင့်ထားအပ်၏၊ ထိုပစ္စည်းဝတ္ထုကို မြင်၍ အဘယ်သူသည် ဤပစ္စည်းကို သုံးဆောင်သနည်း၊ ဤကဲ့သို့ မထီမဲ့မြင် မပြုမူ၍ မိမိကိုယ်တိုင်ထားသော ပစ္စည်းကဲ့သို့ ထိုပစ္စည်းများကိုယူ၍ သိုမှီးသော ပုဂ္ဂိုလ်အားဂုင်း၊ သုတ်သင်ရှင်းလင်းထိုက်သော နေရာကို သုတသင်ရှင်းလင်းသော ပုဂ္ဂိုလ်အားဂုင်း မျက်မှောက်၌ မေတ္တာကာယကံ ပြုသည်မည်ပါသည်။

မျက်ကွယ် ကာယကံမေတ္တာ

တပါးသောပုဂ္ဂိုလ်က ဖဲသွားခဲ့သည်ရှိသော် ထိုပုဂ္ဂိုလ်သည် မကောင်းသဖြင့် ထားအပ်သော ကျောင်းအိပ်ရာ နေရာ အသုံးအဆောင်ပစ္စည်းကို ထို့အတူ သိုမှီးသိမ်းဆည်းထားသော ပုဂ္ဂိုလ်အားဂုင်း သုတ်သင်ရှင်းလင်းထိုက်သော နေရာကို ကိုယ်တိုင်သုတ်သင်ရှင်းလင်းသော ပုဂ္ဂိုလ်အားဂုင်း မျက်ကွယ်၌ မေတ္တာကာယကံ မည်ပါသည်။

မျက်မှောက် ဝစီကံမေတ္တာ

အတူတကွ နေထိုင်သော ပုဂ္ဂိုလ်အား ထိုမထေရ်မြတ်တို့နှင့် အတူတကွ ချီမြှိန်ကောင်းမြတ်သော စကားကိုဂုင်း အစေ့အစပ်ဖြစ်သော စကားကိုဂုင်း အသက်ထက်ဆုံး အောက်မေ့အပ်သော စကားကိုဂုင်း တရားစကားကိုဂုင်း အသံပြုပြင်၍ ရွတ်ဆိုအပ်သော ပါဠိတော်သံကိုဂုင်း တရားဆွေးနွေးခြင်းကိုဂုင်း ပဥ္စာမေးမြန်းခြင်းကိုဂုင်း ပဥ္စာပြဿနာဖြေကြားခြင်းကိုဂုင်း ဤသို့ အစရှိသည်ကို ပြုသောအခါ၌ မျက်မှောက်၌ မေတ္တာဝစီကံပြုသည် မည်ပါသည်။

မျက်ကွယ် ဝစီကံမေတ္တာ

မထေရ်မြတ်တို့သည် ဖဲသွားကြကုန်သည်ရှိသော် ငါ၏ချစ်ခင်အပ်သော နန္ဒိယမထေရ်၊ ငါ၏ချစ်ခင်အပ်သော ကိမိလမထေရ်၊ ဤကဲ့သို့သော အကျင့် သီလနှင့် ပြည့်စုံတော်မူ၏၊ ဤသို့ အကျင့်အာစာရတရားနှင့် ပြည့်စုံတော်မူ၏၊ ဤသို့ အစရှိသော ဂုဏ်ကျေးဇူးစကားကို ပြောကြားကြခြင်းသည် မျက်ကွယ်၌ ဝစီကံ မေတ္တာ ဖြစ်ပါသည်။

မျက်မှောက်, မျက်ကွယ် မနောကံမေတ္တာ

ငါ၏ ချစ်ခင်လှစွာသော မိတ်ဆွေ နန္ဒိယ မထေရ်, ငါ၏ချစ်ခင်လှစွာသော မိတ်ဆွေကိုမိလမထေရ်သည် အနာရောဂါ ကင်းရှင်းပါစေ၊ ရန်မရှိပါစေလင့်၊ စိုးရိမ်ကြောင့်ကြမရှိပါစေလင့်၊ ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းနှင့် ပြည့်စုံပါစေဟု ဤကဲ့သို့ စိတ်ဖြင့် ဆောင်ယူ၍ မေတ္တာပို့၍ နေခြင်းသည် မျက်မှောက် မျက်ကွယ် နှစ်ပါးလုံး၌ပင် မေတ္တာမနောကံမည်သည်ဟု ဖွင့်ပြတော်မူပါသည် ဘုရား။

ခန္ဓာကိုယ်ကဲ့သော်လည်း စိတ်မှာမကဲ့ပြား

တဿ မယ္ဟံ ဘန္တေ ဧဝံ ဟောတိ၊ ယံ နူနာဟံ သကံ စိတ္တံ နိက္ခိပိတ္ဝာ ဣမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တေယျန္တိ။ သော ခေါ အဟံ ဘန္တေ သကံ စိတ္တံ နိက္ခိပိတ္ဝာ ဣမေသံယေဝ အာယသ္မန္တာနံ စိတ္တဿ ဝသေန ဝတ္တာမိ၊ နာနာဟိ ခေါ နော ဘန္တေ ကာယာ ဧကံ စ ပန မညေ စိတ္တာနိ။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား။ တဿ မယ္ဟံ၊ ထိုတပည့်တော်အား။ ဧဝံ၊ ဤသို့သော အကြံအစည်သည်။ ဟောတိ၊ ဖြစ်ပါ၏။ အဟံ၊ ငါသည်။ သကံစိတ္တံ၊ မိမိ၏စိတ်ကို။ နိက္ခိပိတ္ဝာ၊ ချထား၍။ ဣမေသံယေဝ အာယသ္မန္တာနံ၊ ဤသီတင်းသုံးဘော် အရှင်နှစ်ပါးတို့၏သာလျှင်။ စိတ္တဿ၊ စိတ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝတ္တေယျံ၊ လိုက်နာကျင့်သုံး၍ နေရမူကား။ ယံ နူန အဟောသာဓု၊ သြော် ကောင်းလေစွတကား၊ ဣတိ၊ ဤသို့။ မနသိကရိတ္ဝာ၊ နှလုံးသွင်း၍။ သောအဟံ၊ ထိုတပည့်တော်သည်။ သကံစိတ္တံ၊ မိမိစိတ်ကို။ နိက္ခိပိတ္ဝာ၊ ချထား၍။ ဣမေသံ ယေဝ အာယသ္မန္တာနံ၊ ဤသီတင်းသုံးဘော်အရှင်နှစ်ပါးတို့၏ သာလျှင်။ စိတ္တဿ၊ စိတ်၏။ ဝသေန၊ အစွမ်းအားဖြင့်။ ဝတ္တာမိ၊ ကျင့်သုံး၍ နေပါသည်ဘုရား။ ဘန္တေ၊ ဘုန်းတော်ကြီးတော်မူလှသော ကျေးဇူးရှင် မြတ်စွာဘုရား။ နော၊ ဘုရားတပည့်တော်တို့၏။ ကာယာ၊ ခန္ဓာကိုယ်တို့သည်။ နာနာဟိခေါ-နာနာဧဝ၊ တသီးတခြား ဖြစ်ကြပါကုန်သည်ဘုရား။ ပန၊ ထိုသို့ပင် ခန္ဓာကိုယ် တသီးတခြား ကဲ့ပြား၍နေငြားပါသော်လည်း။ စိတ္တံ၊ စိတ်သည်။ ဧကံ စ ပန မညေ၊ တစိတ်တည်းဟု ထင်မိပါသည်ဘုရား။ ဣတိ၊ ဤသို့။ အာယသ္မာ အနု-

ရုဒ္ဓေါ၊ အရှင်အနုရုဒ္ဓါမထေရ်မြတ်သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ ဧတံ ဝစနံ၊ ဤစကားကို။ အဝေါစ၊ လျှောက်ထားလေ၏။

ဤသို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က သီတင်းသုံးဘော် သုံးပါးတို့၏ အချင်းချင်း ညီညွတ်သည်၏ အဖြစ်ကို ကိုယ်ပင် ကွဲပြားငြားသော်လည်း စိတ်မကွဲမပြား တသားထည်း တသဘောထည်း ဖြစ်သည်၏အကြောင်းကို ကောင်းမွန်စွာ လျှောက်ထားအပ်သော ပါဋ္ဌိတော် စကားအစဉ်၌ နာနာဟိ ခေါ နော ဘန္တေ ကာယာ-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဌကထာဆရာသည်—

နာနာဟိ ခေါ နော ဘန္တေ ကာယာ

နာနာဟိ ခေါ နော ဘန္တေ ကာယာတိ၊ နာနာဟိ ခေါ နော ဘန္တေ ကာယာ-ဟူသည်ကား။ ဟိ၊ မှန်၏။ ကာယံ၊ ခန္ဓာကိုယ်ကို။ ပိဋ္ဌံဝိယ၊ မှုံညက်ကဲ့သို့ဌင်း။ မတ္တိကာဝိယစ၊ မြေညက်ကဲ့သို့ဌင်း။ ဩမဒ္ဒိတွာ၊ ဆုပ်နယ်၍။ ဧကတော၊ တပေါင်းထည်း တခုထည်း။ ကာတုံ၊ ပြုလုပ်ခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ ဤသို့ အဌကထာဆရာ ဖွင့်ပြပါသည်ဘုရား။

ဧကဥ္ဇ ပန မညေ စိတ္တံ

ထိုမှတပါး "ဧကဥ္ဇ ပန မညေ စိတ္တံ" ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြတော်မူလိုသော အဌကထာဆရာမြတ်သည်—

ဧကဥ္ဇ ပန မညေ စိတ္တန္တိ၊ ဧကဥ္ဇ ပန မညေ စိတ္တံ-ဟူသည်ကား။ နော၊ ဘုရားတပည့်တော်တို့၏။ စိတ္တံ၊ စိတ်သည်။ ဟိတဌေန၊ အကျိုးစီးပွါးကို လိုလားသော အနက်သဘောအားဖြင့်ဌင်း၊ နိရန္တရဌေန၊ ကြားမပြတ်သော အနက်သဘောအားဖြင့်ဌင်း။ အဝိဂ္ဂဟဌေန၊ မငြင်းမခုံသော အနက်သဘောအားဖြင့်ဌင်း။ သမဂ္ဂဌေန၊ ညီညွတ်သော အနက်သဘောအားဖြင့်ဌင်း။ ဧကမေဝ၊ တစိတ်ထည်းသည်သာလျှင်တည်း။ ဣတိ၊ ဤသို့။ ဒဿေတိ၊ ပြ၏။

တစိတ်ထည်းရှိပုံ အကျယ်

ကထံ၊ အဘယ်သို့လျှင်။ ဧတံ သကံစိတ္တံ၊ ထိုမိမိ၏စိတ်ကို။ နိက္ခိပိတွာ၊ ချထား၍။ ဣတရေသံ၊ ဤမှဘပါးကုန်သော။ သီတင်းသုံးဘော် အရှင်မြတ်

တို့၏ ။ စိတ္တဝသေန၊ စိတ်၏အစွမ်းအားဖြင့်။ ဝတ္တိ ံသူ၊ ကျင့်သုံး၍ နေကြပါကုန်သနည်း။ ဤသို့ အဋ္ဌကထာဆရာမြတ်သည် အမေးပုစ္ဆာထုတ်၍ တပါးသော ရဟန်း၏ သပိတ်၌ သံချေးအညစ်အကြေးထ၍ နေ၏။ တပါးသော ရဟန်း၏သင်္ကန်းသည် ညစ်နွမ်း၍ နေ၏၊ တပါးသောရဟန်း၏ အထူအပါးဖြစ်သော ကျောင်းကို မြေညက်ဖြင့် လိမ်းကျံခြင်းဟု ဆိုအပ်သော ပရိဘဏ္ဍအမှုသည် ဖြစ်၏၊ ထိုသို့ အသီးအသီး မိမိတို့၏ ကိစ္စရှိ၍ နေကြရာဝယ်ငှာ အကြင် ရဟန်း၏ သပိတ်၌ သံချေးအညစ်အကြေးသည် ထ၍ နေ၏၊ ငါ့ရှင်တို့.... ငါ၏ သပိတ်၌ သံချေး အညစ်အကြေးထ၍ နေလေပြီ၊ သပိတ်ဖုဘ်ခြင်းငှါ သင့်၏ဟု ပြောဆိုအပ်သည်ရှိသော် ဤမှဘပါးကုန်သော ရဟန်းတို့က ငါ၏ သင်္ကန်းသည် ညစ်နွမ်းနေသည်ဖြစ်၍ ဖုတ်ရပါလိမ့်ဦးမည်၊ ငါ၏ကျောင်း၏ အထူအပါးဖြစ်သော မြေညက်ဖြင့် လိမ်းကျံခြင်းဟုဆိုအပ်သော ပရိဘဏ်ကို ပြုရပါလိမ့်ဦးမည်ဟု ဤကဲ့သို့ မပြောကြားမူ၍ တောသို့ဝင်၍ ထင်းတို့ကို ဆောင်ယူခဲ့ပြီး၍ ထိုထင်းတို့ကို ဖြတ်တောက်၍ သပိတ်ဖုတ်အံ့သော အိုးထက်၌ မြေအထူအပါးကို လိမ်းကျံခြင်းကိုပြု၍၊ ထို့နောင်မှ သင်္ကန်းကိုမူလည်း ဖုတ်လျော်ကြပါကုန်သည်၊ အထူအပါး လိမ်းကျံခြင်း အစရှိသော ပရိဘဏ်ကိစ္စကိုလည်း ပြုကြပါကုန်သည်။

ငါ့ရှင်တို့ ငါ၏ သင်္ကန်းသည် ညစ်နွမ်း၍ နေပြီ၊ ဖုတ်လျော်ခြင်းငှါ သင့်၏ဟု ပြောကြားအပ်သည်ရှိသော် ငါ၏သင်္ခမ်းကျောင်းသည် အမှိုက်ထူထပ်၍ နေချေပြီ၊ အမှိုက်များကို လှဲဖယ်၍ မြေအထူ အပါး လိမ်းကျံခြင်းဟု ဆိုအပ်သော ပရိဘဏ်ကို ပြုခြင်းငှါသင့်၏ဟု ရှေးဦးစွာ ပြောကြားအပ်သည်ရှိသော် ထိုပြောကြားအပ်သောမထေရ်၏ စကားဌာလည်း ထိုဆိုခဲ့ပြီးသော နည်းအတိုင်းသာလျှင် ငါ့အား အခြားလုပ်ဘွယ်ကိစ္စ ရှိသေးသည်ဟု မပြောကြားမူ၍ ထိုရှေးဦးစွာပြောသော မထေရ်၏လုပ်ငန်းကို သာလျှင် ဝိုင်းဝန်းကူညီ၍ လုပ်ဆောင်ကြပါကုန်သည်။

ဤသို့ တစိတ်ထည်းရှိသည်၏အဖြစ်ကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြအပ်ပါသည်ဘုရား။

မမေ့မလျော့ နေထိုင်ကြကုန်၏လော

ထိုမှတပါး မြတ်စွာဘုရားက သာမဂ္ဂိရသ ဤကဲ့သို့ ညီညွတ်ခြင်း၏ အရသ်ာကို ခံစား၍နေကြသော အကြောင်းကို ကြားသိရသည်ဖြစ်၍—

စီစစ်ခက်း ၂—၁၈

သာဓု သာဓု အနုရုဒ္ဓါ၊ ကစ္စိ ပန ဝေါ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာ-ပိနော ပဟိတတ္တာ ဝိဟရထာတိ။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတ္ဝံ.... ။ သာဓု သာဓု၊ ကောင်းလေစ့ ကောင်းလေစ့။ အနုရုဒ္ဓါ၊ အနုရုဒ္ဓါတ္ဝံ.... ။ ကစ္စိ၊ အသ္ဝိနည်း။ဝေါ-တုမ္ဟေ၊သင်ချစ်သားတို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့သော သတိတရား ပြည့်စုံကြကုန်သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေထိုင်ကြပါကုန်၏လော။

ဤကဲ့သို့ တောတွင်း၌ အညီအညွတ် ကိုယ့်စိတ်ကို ဖယ်ထား သီတင်းသုံးဘော်တို့၏စိတ်အစွမ်းအားဖြင့် နေထိုင်ကြကုန်သော သင်ချစ်သားတို့သည် မမေ့မလျော့သော သတိတရား,ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယတရား လက်ကိုင်ထား၍ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍ နေကြကုန်၏လောဟု မြတ်စွာဘုရားက နောက်ထပ်တဖန် မေးမြန်းပြန်ပါသည်။

အရှင်အနုရုဒ္ဓါက ပြန်လျှောက်ခြင်း

ထိုကဲ့သို့ မေးမြန်းသော စကားကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က——

တဋ္ဌ မယံ ဘန္တေ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရာမာတိ။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော ကျေးဇူးတော်ရင် မြတ်စွာဘုရား။ တဋ္ဌ၊ တကယ်စင်စစ်၊ မယံ၊ ဘုရားဇာပည်တော်တို့သည်။ အပ္ပမတ္တာ၊ မမေ့မလျော့ကြကုန်သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်အပ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟရာမ၊ နေထိုင်ကျင့်သုံးကြပါကုန်သည် အရှင်ဘုရား။

ဤကဲ့သို့ အရှင်အနုရုဒ္ဓါ မထေရ်မြတ်က သီတင်းသုံးဘော်တို့ကိုယ်စား ခေါင်းဆောင်၍ မြတ်စွာဘုရားကို ပြန်၍ လျှောက်ထားပါသည်။

နေပုံနေနည်း မေးမြန်းခြင်း

ထိုသို့ လျှောက်ထားသောအခါ၌ မြတ်စွာဘုရားက—

ယထာ ကထံ ပန တုမ္ဟေ အနုရုဒ္ဓါ အပ္ပမတ္တာ အာတာပိနော ပဟိတတ္တာ ဝိဟရထာတိ။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ ကုမ္ဟေ၊ သင်ချစ်သားတို့သည်။ ကထံ၊ အဘယ်ကဲ့သို့။ အပ္ပမတ္တာ၊ မမေ့မလျော့သော သတိတရား ရှိကြကုန်သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာတို့ကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သည်ဖြစ်၍။ ပဟိဘတ္တာ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟရထ၊ နေကြကုန်ဘိသနည်း။

ဤသို့ မြတ်စွာဘုရားက နေပုံနေနည်း အဓိပ္ပါယ်ကို မေးမြန်းပါသည်ဘုရား။

နေထိုင်ကြပုံ အခြေအနေ

ဤကဲ့သို့ မေးမြန်းတော်မူသော အမေးစကားကို အရှင်အနုရုဒ္ဓါမထေရ်မြတ်က "ဣဓ ဘန္တေ အမှာကံ ယော ပဌမံ ဂါမတော ပိဏ္ဍာယ ပဋိက္ကမတိ"-အစရှိသည်ဖြင့် ဖြေကြားပါသည်ဘုရား။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား။ ဣဓ၊ ဤအရပ်၌။ အမှာကံ၊ ဘုရားတပည့်တော်တို့တွင်။ ယော၊ အကြင်ပုဂ္ဂိုလ်သည်။ ပဌမံ၊ ရှေးဦးစွာ။ ဂါမတော၊ ရွာမှ။ ပိဏ္ဍာယ၊ ဆွမ်းအလှူံငှါ လှည့်လည်ပြီး၍။ ပဋိက္ကမတိ၊ ပြန်လာခဲ့၏။ သော၊ ထိုပြန်လာခဲ့သော ရှေးဦးစွာ ရောက်သော ရဟန်းသည်။ အာသနာနိ၊ နေရာတို့ကို။ ပညပေတိ၊ ခင်း၍ထားပါသည်။ ပါနီယံ၊ သောက်ရေကိုဂင်း။ ပရိဘောဇနီယံ၊ သုံးဆောင်ရေကိုဂင်း။ ဥပဋ္ဌာပေတိ၊ တည်၍ထားပါသည်။ အဝက္ကာရပါတိံ၊ ဆွမ်းလှယ်ဇလုံကြီးကို။ ဥပဋ္ဌာပေတိ၊ တည်၍ထားပါသည်။ ယော၊ အကြင်ရဟန်းသည်။ ပစ္ဆာ၊ နောက်မှ။ ဝါ၊ နောက်ဆုံး။ ပိဏ္ဍာယ၊ ဆွမ်းအလှူံငှါ လှည့်လည်ပြီး၍။ ဂါမတော၊ ရွာမ၊ ပဋိက္ကမတိ၊ ပြန်လာခဲ့၏။ ဘုတ္တာဝသေသော၊ စားကြွင်းသည်။ သစေ ဟောတိ၊ အကယ်၍ရှိခဲ့ငြားအံ့။ သစေ အာကင်္ခတိ၊ အကယ်၍

အလိုရှိခဲ့ငြားအံ့။ ဘုဥ္ဇတိ၊ ဘုဉ်းပေး၏။ နော စေ အာဂစ်တိ၊ အကယ်၍ အလိုမရှိခဲ့ငြားအံ့။ အပဟာရိတေဝါ၊ စိမ်းစိုသော မြက်သစ်ပင်မပေါက်ရောက်သော နေရာ၌မူလည်း။ ဆဥ္ဆေတိ၊ စွန့်ပစ်၏။ အပဂါဏကေ ဝါ ဥဒကေ၊ ပိုးမွှားမရှိသော ရေထည်း၌မူလည်း။ ဩပိလာပေတိ၊ နှစ်မြှုပ်၏။ သော၊ ထိုနောက် ဆုံးမှ ရောက်၍လာသော ရဟန်းတော်သည်။ အာသနာနိ၊ နေရာထိုင်ခင်းတို့ကို။ ပဋိသာမေတိ၊ သိုမှီးသိမ်းဆည်း၍ထား၏။ ပါနီယံ၊ သောက်ရေကိုဂုဏ်း၊ ပရိဘောဇနီယံ၊ သုံးဆောင်ရေကိုဂုဏ်း။ ပဋိသာမေဘိ၊ သိုမှီးသိမ်းဆည်း၍ထား၏။ အဝက္ကာရုပါတိ ံ၊ ဆွမ်းလှယ်ဇလုံကြီးကို။ ပဋိသာမေတိ၊....၏။ ဘတ္တဂ္ဂံ၊ ဆွမ်းစားကျောင်းကို။ သမ္မဇ္ဇတိ၊ တံမြက်လှဲ၏။ ယော၊ အကြင် နောက်ဆုံးမှ ရောက်လာသော ရဟန်းသည်။ ပါနီယဃဋံဝါ၊ သောက်ရေအိုးကိုဂုဏ်း၊ ပရိဘောဇနီယဃဋံဝါ၊ သုံးဆောင်ရေအိုးကိုဂုဏ်း။ ဝစ္စဃဋံဝါ၊ ဝစ္စကုဋိအိုးကိုဂုဏ်း။ ရိတ္တံ တုစ္ဆံ၊ ရေမရှိဘဲ အချည်းနှီးဖြစ်၍ နေသည်ကို။ ပဿတိ၊ တွေ့မြင်၏။ သော၊ ထိုနောက်ဆုံးမှ ရောက်လာ၍ တွေ့မြင်သော ရဟန်းတော်သည်။ ဥပဋ္ဌာပေတိ၊ တည်ထား၏။ သစေ၊ အကယ်၍။ အဿ၊ ထိုရဟန်းအား။ အဝိသယ္ဟံ၊ မစွမ်းနိုင်သည်။ ဟောတိ၊ ဖြစ်ခဲ့ငြားအံ့။ ဟတ္ထဝိကာရေန၊လက်လှုပ်ပြသော အခြင်းအရာအားဖြင့်။ဒုတိယံ၊နှစ်ယောက်မြောက်သော သီတင်းသုံးဘော်ကို။ အာမန္တေတ္ဝာ၊ခေါ်၍။ဟတ္ထဝိလင်္ကေန၊ လက်ချင်းယှက်သဖြင့်။ ဥပဋ္ဌာပေမ၊ တည်ထားကြပါကုန်သည်။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ‥ ။ မယံ၊ ဘုရားတပည့်တော်တို့သည်။ တုမ္ဟစ္စယာ၊ ထိုရေအိုးကို မချိန်ခြင်းဟူသော အကြောင်းကြောင့်။ ဝါစံ၊ စကားကို။နတ္ထဝ ဘိန္နာမ၊ မခေါ်မပြောမဆိုကြပါကုန်ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား ‥ ။ ပဋ္ဌာ-ဟိကံ၊ငါးရက်တကြိမ် ငါးရက်တကြိမ်။ သဗ္ဗရတ္တိကံ၊ အလုံးစုံသောညဉ့်သုံးယံကာလပတ်လုံး။မယံ၊ဘုရားတပည့်တော်တို့သည်။ဧမိယာ၊တရားနှင့် စပ်သော။ ကထာယ၊ စကားဖြင့်။ သန္ဒိဿိဒါမ၊ကောင်းစွာနေထိုင်ကြပါကုန်၏ဘုရား။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင်ကျေးဇူးရှင် မြတ်စွာဘုရား....။မယံ၊ ဘုရားတပည့်တော်တို့သည်။ ဧဝံခေါ၊ ဤသို့သာလျှင်။ အပ္ပမတ္တာ၊ မမေ့မလျော့သော သတိတရားရှိကြကုန်သည်ဖြစ်၍။ အာတာပိနော၊ ကိလေသာ

တို့ကို ပူပန်စေတတ်သော လှုံ့လှုံ့ဆြကုန်သည်ဖြစ်၍။ ပဟိတတ္တာ၊ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟာရာမ၊ နေထိုင်ကျင့်သုံးကြပါကုန်၏ အရှင်ဘုရား။

သာဓု သာဓု အနုရုဒ္ဓါ

ဤကဲ့သို့ အရှင်အနုရုဒ္ဓါမထေရ်မြတ်က လျှောက်ထားသောအခါကာလ၌ မြတ်စွာဘုရားက သာဓု သာဓု အနုရုဒ္ဓါ-ဟု မိန့်တော်မူပါသည်၊ ထိုကဲ့သို့ မိန့်တော်မူသော သာဓု သာဓု အနုရုဒ္ဓါ-ဟူသော စကားကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

သာဓု သာဓု အနုရုဒ္ဓါတိ၊ သာဓု သာဓု အနုရုဒ္ဓါ-ဟူသည်ကား။ ဘဂဝါ၊ ဘုန်းတော်ခြောက်ပါးသခင် ဘုရားရှင်ကိုယ်တော်မြတ်သည်။ဟေဋ္ဌာ၊အောက်၌။ ဘန္တေ၊ မြတ်စွာဘုရား ···။မယံ၊ ဘုရားတပည့်တော်တို့သည်။ ပိဏ္ဍကေန၊ ဆွမ်းဖြင့်။ နစကိလမိမှ။ မပင်ပန်းကြပါကုန်ဘုရား။ ဣတိ၊ ဤသို့။ ဝုတ္တော၊ လျှောက်ထားအပ်သည်ရှိသော်။ သာဓုကာရံ၊ သာဓုနှုမော် ကောင်းချီးခေါ်ခြင်းကို။ နအဒါသိ၊ ပေးတော်မမူခဲ့။

ညီညွတ်မှု ရနိုင်ခဲလှ၏

အဘယ့်ကြောင့်ပေးတော်မမူခဲ့ပါသနည်း။မှန်၏၊ ဤဇဋိကာဟာရဟု ဆိုအပ်သော စားသောက် မျိုဝါးအပ်သော အာဟာရမည်သည် ဤသတ္တဝါတို့အား အပါယ်လေးဘုံတည်းဟူသော လောကဌ္ဌဂင်း နတ်လူလောကဌ္ဌဂင်း အမြဲတမ်းစားသောက်၍နေရသော အလေ့အကျင့် ဖြစ်သည်သာလျှင်တည်း၊ ဤလူနေလောကကြီးသည်ကား များသောအားဖြင့် တဦးနှင့်တဦး ငြင်းခုံခိုက်ရန်ဖြစ်ခြင်းသို့ ပြေးဝင်၍ နေကြပါသည်၊ အပါယ်လောကဌ္ဌဂင်း နတ်လူလောကဌ္ဌဂင်း ဤလူနတ်များစွာ သတ္တဝါတို့သည် အချင်းချင်း တဦးနှင့်တဦး ဆန့်ကျင်၍ နေကြကုန်သည်သာလျှင်တည်း၊ ထိုလူနတ် များစွာ သတ္တဝါတို့၏ အချင်းချင်း ညီညွတ်သော သာမဂ္ဂီကာလဟု ဆိုအပ်သော အချင်းချင်း ညီညွတ်သော ကာလမျိုးကို ရနိုင်ခဲလှပါသည်၊ တခါတရံ၌သာလျှင် ရတတ်ပါသည်။ ထို့ကြောင့် အညီအညွတ် နေထိုင်ခြင်း၏ ရခဲသည်၏အဖြစ်ကြောင့် ဤနေရာ၌ မြတ်စွာဘုရားသည် အညီအညွတ်နေထိုင်မသော အကြောင်းကို

လျှောက်ထားသော အရာ၌ သာဓု သာဓု ဟု ကောင်းချီးနုမော် သာဓုခေါ် တော်မူခြင်းကို ပေးတော်မူပါသည်။

ကစ္စိ ပန ဝေါ

ဤယခုအခါ၌ ထိုတော၌ သီတင်းသုံး၍ နေတော်မူကြကုန်သော ရဟန်းတော် သုံးပါးတို့၏ မမေ့မလျော့ နေထိုင်ကြောင်း ဖြစ်သော လက္ခဏာကို မေးမြန်းတော်မူလိုသော မြတ်စွာဘုရားသည် ကစ္စိ ပန ဝေါ အနုရုဒ္ဓါ-အစရှိသော စကားကို မိန့်တော်မူပါသည်ဘုရား။

ဤကဲ့သို့ မိန့်တော်မူသောစကားရပ်၌ ဝေါ-ဟူသောပုဒ်၏ အနက်မရှိသည်၏ အဖြစ်ကို နိပါတ်ပုဒ် ဟူ၍ မိန့်ဆို ဖွင့်ပြပါသည် ဘုရား၊ အနက်ရှိသည်၏ အဖြစ်ကို ယူမူကား ပစ္စတ္တဝစနံ ဝါ-ဟူ၍ ပဌမာဝိဘတ်နှင့် ပြီးသော ဝေါ-ဟု ဆိုလိုပါသည်ဘုရား၊ ထိုကဲ့သို့ ပဌမာဝိဘတ်နှင့် ပြီးသော အနက်ရှိသောပုဒ်ဖြစ်ခဲ့မူ ကစ္စိ တုမှေတိ အတ္ထော။ တုမှေ၊ သင်ချစ်သားတို့သည်။ ကစ္စိ၊ အသို့နည်း-ဟူသော အနက်ကို ယူရမည်ဟု အဌကထာဆရာ မိန့်မှာအပ်ပါသည်။

အမှာကံ စသည် အဖွင့်

အမှာကန္တိ၊ အမှာကံ ဟူသည်ကား။ တီသု၊ သုံးယောက်ကုန်သော။ အမှေသုဇနေသု၊ ဘုရားတပည့်တော်တို့တွင်။ပိဏ္ဍာယ ပဋိက္ကမတီတိ၊ ပိဏ္ဍာယ ပဋိက္ကမတိ-ဟူသည်ကား။ ဂါမေ၊ ရွာ၌။ ပိဏ္ဍာယ၊ ဆွမ်းအလို့ငှါ။ စရိတွာ။ လှည့်လည်ပြီး၍။ ပစ္စာဂစ္ဆတိ၊ ပြန်ကြွလာ၏ ဟူသော အဓိပ္ပါယ်ကို ဖွင့်ဆိုပါသည်။ အဝက္ကာရပါတိန္တိ၊ အဝက္ကာရပါတိံ-ဟူသည်ကား။ အတိရေက ပိဏ္ဍပါတံ၊ အပိုအလွန် ဖြစ်သော ဆွမ်းကို။ အပနေတွာ၊ ဖယ်၍။ ဌပနတ္ထာယ၊ ထားခြင်းအကျိုးငှါ။ ဧကံ၊ တခုသော။သမုဂ္ဂပါတိံ၊ ခွက်ကြီးကို။ ဓောဝိတွာ၊ ဆေး၍။ ဌပေတိ၊ တည်ထားပါသည်။ ဆွမ်းအပိုကို ဖယ်၍ ထားဘို့ရန် အလို့ငှါ အပိုကို သန့်သန့်ထားအပ်သော ဆွမ်းလှယ်ဇလုံကြီးဟု ဆိုလိုပါသည် ဘုရား။

ဆွမ်းစားကျောင်း၌ ကျင့်ဝတ်များ

ထိုပါဋ္ဌိတော်ပါဌ်၌ ယော ပစ္ဆာ ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဌကထာ ဆရာမြတ်က ထိုမထေရ်တို့သည် အတူတကွ တပေါင်း

တည်း သုံးပါးစလုံး ဆွမ်းခံရှာသို့ မဝင်ကြပါကုန်၊ ဤမထေရ်တို့သည် အမှန်အားဖြင့် ဖလသမာပတ်တို ချမ်းသာကို ခံစား၍ နေကြသော မထေရ်တို့ဖြစ်ကြပါကုန်သည်၊ စောစောကပင် ခန္ဓာကိုယ်သုတ်သင် ရှင်းလင်းခြင်းကိုပြု၍ ဝတ်ကြီး ဝတ်ငယ်ကို ဖြည့်ပြီး၍ ကျောင်းအိပ်ရာနေရာသို့ ဝင်ရောက်၍အပိုင်းအခြားကို ပြု၍ ဖလသမာပတ်ကို ဖြစ်စေ၍ ထိုင်နေကြကုန်သည်ဟုဆိုပါသည်။

ပဌမ ထေရ်

ထိုသုံးပါးသော မထေရ်တို့တွင် အကြင်မထေရ်သည် ရှေးဦးစွာ ထိုင်နေပြီး၍ မိမိ၏ ကာလအပိုင်းအခြား၏ အစွမ်းအားဖြင့် ရှေးဦးစွာ ထ၏၊ ထိုမထေရ်သည် ဆွမ်းအလိုငှါ လှည့်လည်ပြီး၍ ပြန်လည်ဆုတ်နစ်၍ လာခဲ့သည်ရှိသော် ဆွမ်းစားစရပ်သို့ ကြွလာတော်မူ၍ နှစ်ပါးကုန်သော ရဟန်းတို့သည် မရောက်လာကြသေးကုန်၊ ငါသည် ရှေးဦးစွာ ရောက်လာ၏ဟု သိပါသည် ဘုရား၊ ထိုအခါ၌ သပိတ်ကို ပိတ်၍ နေရာထိုင်ခင်းတို့ကို ခင်းထားခြင်းကိုပြု၍ အကယ်၍ သပိတ်ထည်း၌ ဆွမ်းသည် တပါးလောက်ရုံမျှသာ ဖြစ်ခဲ့ပါမူကား ထိုင်၍ ဘုဉ်းပေးပါသည်၊ အကယ်၍ သပိတ်ထည်းက ဆွမ်းသည်ပို၍ နေခဲ့ပါငြားအံ့၊ ဆွမ်းလှယ်ဇလုံကြီးထည်းသို့ ထည့်ပြီးမှ ထိုဆွမ်းလှယ်ဇလုံကြီးကို ပိတ်ထားပြီး၍ မိမိသပိတ်ထည်း၌ရှိသောဆွမ်းကို ဘုဉ်းပေးပါသည် ဆွမ်းဘုဉ်းပေးသော ကိစ္စပြီးသည်ဖြစ်၍ သပိတ်ကိုဆေး၍ ထိုသပိတ်ကို ရေမှကင်းသည်ကိုပြု၍ သပိတ်အိတ်ထည်း၌ သိုမှီးသိမ်းဆည်းပြီး၍ သပိတ်သင်္ကန်းကိုယူ၍ မိမိနေထိုင်ရာ ကျောင်းသန်မ်းသို့ ဝင်ရောက်ပါသည်။

ဒုတိယ ထေရ်

ဒုတိယဖြစ်သော ရဟန်းသည်လည်း လာ၍ သာလျှင် တပါးသော ရဟန်းသည် ရှေးဦးစွာ ရောက်နှင့်လေပြီ၊ တပါးသော ရဟန်းသည် နောက်ကျနေသေးသည်ဟု သိ၏၊ ထိုရဟန်းက သပိတ်ထည်းမှ ဆွမ်းသည် အတိုင်းအရှည် မျှတလောက်ရုံသာလျှင် ဖြစ်ခဲ့ငြားအံ့၊ ထိုအတိုင်းအရှည်မျှလောက်ရုံဖြစ်သော ဆွမ်းကို ဘုဉ်းပေးပါသည်၊ အကယ်၍ မိမိသပိတ်ထည်း၌ပါသော ဆွမ်းသည် နည်း၍နေခဲ့ငြားအံ့၊ မမျှတလောက်ငြားအံ့၊ ဆွမ်းလှယ်ဇလုံကြီးထည်းမှ ဆွမ်းကို အနည်းငယ်ယူ၍ ဘုဉ်းပေးပါသည်၊ အကယ်၍ အပိုအလွန်ဖြစ်၍ နေခဲ့ငြားအံ့၊ ဆွမ်းလှယ်ဇလုံကြီးထည်း၌ ထည့်ပြီးမှ ဘုဉ်းပေးနိုင်ရုံ

လောက်ဖြစ်သော ပမာဏဆွမ်းကိုသာလျှင် ဘုဉ်းပေး၍ ပဌမ မထေရ်ကဲ့သို့ မိမိသီတင်းသုံးရာ အရပ်ဌာနသို့ ဝင်ရောက်ပါသည်။

တတိယ ထေရ်

တတိယမြောက် နောက်ဆုံးဖြစ်သော ရဟန်းတော်သည်လည်း ကြွလာတော်မူ၍သာလျှင် ဒေ ပဌမံ အာဂတာ၊ အဟံ ပစ္ဆတောတိ။ပဌမံ၊ရှေးဦးစွာ။ ဒေ၊ နှစ်ပါးကုန်သော ရဟန်းတို့သည်။ အာဂဘာ၊ ကြွရောက်တော်မူလာကြကုန်ပြီ။အဟံ၊ ငါသည်။ ပစ္ဆတော၊ နောက်မှ။ အာဂတော၊ လာခဲ့ရ၏။ ဣတိ၊ ဤသို့။ ဇာနာတိ၊ သိပါ၏။ သောပိ၊ ထိုသိသော ရဟန်းသည်လည်း။ ဒုတိယတ္ထေရောဝိယ၊ ဒုတိယမထေရ်ကဲ့သို့။ ဘုဉ္ဇိတ္ဝာ၊ ဘုဉ်းပေးသုံးဆောင်တော်မူပြီး၍။ ကတဘတ္တကိစ္စော၊ ဆွမ်းစားပြီးသည်ဖြစ်၍။ ပတ္တံ၊ သပိတ်ကို။ ဓောဝိတ္ဝာ၊ ဆေးကြော၍။ ဝေါဒကံ၊ ရေမရှိသည်ကို။ ကတ္ဝာ၊ ပြု၍။ ထဝိကာယ၊ အိတ်၌။ ဩသာပေတ္ဝာ၊သွတ်သွင်း၍။ အာသနာနိ၊ နေရာတို့ကို။ ဥက္ခိပိတ္ဝာ၊ ချီမ၍။ ပဋိသာမေတိ၊ သိမ်းဆည်း၍ ထားပါ၏ဘုရား။ ပါနီယ ဃဋေဝါ၊ သောက်ရေအိုး၌သော်ငင်း။ ပရိဘောဇနီယဃဋေဝါ၊ သုံးဆောင်ရေအိုး၌သော်ငင်း။ အဝသေသံ၊ ကြွင်းကျန်သော။ ဥဒကံ၊ ရေကို။ ဆဋ္ဌေတ္ဝာ၊ စွန့်ပစ်၍။ ဃဋေ၊ ရေအိုးတို့ကို။ နိကုဇ္ဇိတ္ဝာ၊ မှောက်၍။ အဝက္ကာရပါတိယံ၊ ဆွမ်းလှယ်ဇလုံကြီးထည်း၌။ အဝသေသဘတ္တံ၊ အကြွင်းအကျန်ဖြစ်သော ဆွမ်းသည်။ သစေဟောတိ၊ အကယ်၍ ရှိခဲ့ငြားအံ့။ တံ၊ ထိုဆွမ်းကို။ ဝုတ္တနယေန၊ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့်။ဇဟိတ္ဝာ၊ မြက်သစ်ပင်မရှိရာအရပ်, ပိုးမွှားမရှိရာ ရေထည်း၌ စွန့်ပစ်ပြီး၍။ ပါတိံ၊ ခွက်ကို။ ဓောဝိတ္ဝာ၊ ဆေးကြော၍။ ပဋိသာမေတိ၊ သိုမှီးသိမ်းဆည်း၍ ထားပါသည်ဘုရား။ ဘတ္တဂ္ဂံ၊ ဆွမ်းစားကျောင်းကို။ သမ္မဇ္ဇတိ၊ တံမြက်လှည်းပါသည်။ တတော၊ ထို့နောင်မှ။ကစဝရံ၊ တံမြက်မှိုက်ကို။ ဆဋ္ဌေတ္ဝာ၊ စွန့်ပစ်၍။ သမ္မဇ္ဇနိံ၊ တံမြက်စည်းကို။ ဥက္ခိပိတ္ဝာ၊ ချီမ၍။ ဥပစိကာဟိ၊ ခြတို့မှ။ မုတ္တဋ္ဌာနေ၊ လွတ်ရာအရပ်၌။ ဌပေတ္ဝာ၊ ထား၍။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဒါယ၊ ယူ၍။ ဝသနဋ္ဌာနံ၊ နေရာအရပ်သို့။ ပဝိသတိ၊ ဝင်ရောက်ပါသည်။

ဣဒံ၊ ဤဆိုအပ်ခဲ့ပြီးသည်ကား။ ထေရာနံ၊ မထေရ်မြတ်တို့၏။ ဗဟိဝိဟာရေ၊ ကျောင်းအပြင်ဘက်၌။ အရညေ၊ တောထည်း၌။ ဘတ္တကိစ္စကရဏ

ဌာနေ၊ ဆွမ်းစားကိစ္စပြုရာ ဆွမ်းစားအရပ်၌။ ဘောဇနသာလာယံ၊ ဆွမ်းစား ကျောင်း၌။ ဝတ္တံ၊ အမြဲပြုအပ်သော ဝတ်တရားပါတည်း။ ဣဒံ၊ ဤဝတ်တရား ကို။ သန္ဓာယ၊ ရည်ရွယ်မှန်းထား၍။ ယောပစ္ဆာတိ အာဒိ၊ ယောပစ္ဆာ ဤသို့ အစရှိသော စကားကို။ ဝုတ္တံ၊ ဟောတော်မူအပ်ပါသည်ဟူ၍ အဌကထာဆရာ မြတ် ဖွင့်ဆိုအပ်ပါသည် အရှင်ဘုရား။

ကျောင်းတွင်းကျင့်ဝတ် အဖွင့်များ

ထိုမှ နောက်၌ ယော ပဿတိ-ဟူသော ပါဋ္ဌိတော်၏ အဓိပ္ပါယ်ကို အကျယ်ပြောပြတော်မူလိုသော အဌကထာဆရာမြတ်သည်—

ယော ပဿတီတိ အာဒိ ပန၊ ယော ပဿတိ-ဤသို့ အစရှိသော စကား သည်ကား။ နေသံ၊ ထိုရဟန်းတော် သုံးပါးတို့၏။ အန္တောဝိဟာရေ၊ ကျောင်း တွင်း၌။ ဝတ္တံ၊ ဆိုအပ်သော ဝတ်တရားတည်း။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ထိုစကားရပ်၌ ဝစ္စဃဋ္ဌံ-ဟူသည် အာစမနကုမ္ဘိ-ဟု ဖွင့်ပြပါသည်။ အာစမနကုမ္ဘိံ ဟူသည် သန့်သက်အိုးကို ဆိုလိုပါသည်။

ရိတ္တံ-ဟူသည် ရိတ္တကံ-ရေမရှိဘဲ နေသည်ကို ဆိုလိုပါသည်။ တုစ္ဆံ-ဟူသော စကားသည် ထိုရိတ္တံ-ဟူသောပုဒ်၏ ပရိယာယ်ပင် ဖြစ်ပါသည်ဟု ဖွင့်ပြပါသည်။

ထိုပါဋ္ဌိတော်စကားရပ်၌ အဝိသယှံ-ဟူသော ပုဒ်၏ အဓိပ္ပါယ်အကျယ်ကို ပြောလိုသော အဌကထာဆရာမြတ်သည်—

အဝိသယှန္တိ၊ အဝိသယှံ ဟူသည်ကား။ ဥက္ခိပိတုံ၊ မြှောက်ချီခြင်းငှါ။ အသက္ကုဏေယျံ၊ မစွမ်းနိုင်ခဲ့ငြားအံ့။ အတိဘာရိယံ၊ အလွန်ဝန်လေး၍ နေခဲ့ငြားအံ့ဟု ဆိုလိုပါသည်။

နှုတ်ဖြင့်မခေါ် လက်ယပ်၍ခေါ်၏

ဟတ္ထဝိကာရေနာတိ၊ ဟတ္ထဝိကာရေန-ဟူသည်ကား။ ဟတ္ထသညာယ၊ လက်ယပ်၍ ပြသော အမှတ်သညာဖြင့်။ တေ၊ ထိုမထေရ်မြတ်တို့သည်။ ပါနီယဃဋာဒီသု၊ သောက်ရေအိုး အစရှိသည်တို့တွင်။ တုစ္ဆကံ၊ ရေမရှိသော။

ယံကိဉ္စိ၊ အမှတ်မရှိ တစုံတခုသော အိုးကို။ ဂဟေတွာ၊ ယူ၍။ ပေါက္ခရဏိံ၊ ရေကန်သို့။ ဂန္တွာ၊ သွား၍။ အန္တောစ၊ အိုးတွင်း၌ဌင်း။ ဗဟိစ၊ အိုးပ၌ဌင်း။ ဓောဝိတွာ၊ ဆေးကြောသုတ်သင်ပြီး၍။ ဥဒကံ၊ ရေကို။ ပရိဿာဝေတွာ၊ စစ်၍။ တီရေ၊ ကမ်းနား၌။ ဌပေတွာ၊ ထား၍။ အညံ၊ တပါးသော။ ဘိက္ခုံ၊ ရဟန်းကို။ ဟတ္ထဝိကာရေန၊ လက်လှုပ်၍ပြသော အမှတ်သညာဖြင့်။ အာမန္တေန္တိ၊ ခေါ်တော်မူကြကုန်၏။

အချင်းချင်း နှုတ်မြွက်၍ မခေါ်ဘဲ မချီ မမနိုင်လျှင် လက်ယပ်၍ ခေါ်သည်ဟု ဆိုပါသည်။

ဘာကြောင့် အသံမပြုသနည်း

ဩဒိဿ ဝါ၊ အမည်ကို ထုတ်ဖော်ရည်ညွှန်း၍ သော်ဌင်း။ အနောဒိဿ ဝါ၊ အမည်ကို မထုတ်ဖော် မရည်ညွှန်း၍ သော်ဌင်း။ သဒ္ဒံ၊ နှုတ်ကမြွက်သော အသံကို။ နကရောန္တိ၊ မပြုကြပါကုန်။ ကသ္မာ ဩဒိဿ သဒ္ဒံ နကရောန္တိ။ အဘယ့်ကြောင့် ရည်ညွှန်း၍ အသံကို မပြုကြပါကုန်သနည်း ဟု အဋ္ဌကထာ ဆရာသည် မေးခွန်းထုတ်၍၊ တံ ဘိက္ခုံ၊ ထိုရဟန်းကို။ သဒ္ဒေါ၊ အသံသည်။ ဗာဓေယျ၊ ညှဉ်းဆဲရာ၏။ တိတ်တိတ်ဆိတ်ဆိတ်နေသော ရဟန်းတော်များ ဖြစ်၍ အော်ကြီး အော်ကျယ်နှင့် ခေါ်လိုက်ပါလျှင် ထိုအသံက ထိုရဟန်းတော်ကို ညှဉ်းဆဲရာ ကျလိမ့်မည်စိုးသောကြောင့် ဟစ်အော်၍မခေါ်ဟု ဆိုပါသည်။

အဘယ့်ကြောင့် မရည်ညွှန်းမူ၍ အသံကို မပြုကြကုန်သနည်းဟူငြားအံ့၊ မရည်ညွှန်းမူ၍ အသံကို ပေးခဲ့သည်ရှိသော် နှစ်ပါးစလုံးက ကြားခဲ့သည်ရှိသော် ငါအလျင်သွားမယ်၊ ငါအလျင်သွားမယ်-ဟူသော နှလုံးသွင်းဖြင့် နှစ်ပါးစလုံး ထွက်၍ လာကုန်ရာ၏၊ တပါးတည်းဖြင့် ပြီးမည့်ကိစ္စကို နှစ်ပါး လာခြင်းအားဖြင့် အချည်းနှီး ဖြစ်မည်ကို စိုးရိမ်သောကြောင့် မရည်ညွှန်းမူ၍လည်း အသံကို မပြုဟု ဆိုပါသည်။

ထို့နောက်မှ ဒ္ဒီဟိ၊ နှစ်ပါးကုန်သော ရဟန်းတော်တို့သည်။ ကတ္တဗ္ဗကမ္မေ၊ ပြုလုပ်အပ်သော အမှုကိစ္စ၌။ တတိယဿ၊ သုံးယောက်မြောက်သော ရဟန်းတော်၏။ ကမ္မစ္ဆေဒေါ၊ လုပ်ငန်းပြတ်ခြင်းသည်။ ဘဝေယျ၊ ဖြစ်ရာ၏။ သံယတပဒသဒ္ဒေါ ပန ဟုတွာ၊ စောင့်စည်းအပ်သော အသံ ရှိသည်ဖြစ်၍ သာလျှင်။ အပရဿ ဘိက္ခုနော၊ တပါးသော ရဟန်း၏။ ဒိဝါဌာနသန္တိကံ၊

နေ့သန့်ရာ အရပ်သို့။ ဂန္တာ၊ သွား၍။ တေန၊ ထိုရဟန်းသည်။ ဒိဋ္ဌဘာဝံ၊ မြင်သည်၏အဖြစ်ကို။ ဥတ္ဒာ၊ သိ၍။ ဟတ္ထသည်၊ လက်လှုပ်၍ ပြသောအမှတ်ကို။ ကရောတိ၊ ပြု၏။ တာယ သညာယ၊ ထိုလက်ယပ်၍ ပြသော သညာဖြင့်။ ဣတရော၊ ရဟန်းတပါးက။ အာဂစ္ဆတိ၊ ကြွတော်မူလာ၏။

ထို့နောင်မှ နှစ်ပါးကုန်သော ရဟန်းတော်တို့သည် လက်ချင်းယှက်၍ နှစ်ဖက်ကုန်သော လက်တို့၌ အိုးကိုထား၍ ရေကို တည်ကြကုန်သည်ဟု ဆိုပါသည်ဘုရား၊ ထိုစကားကို ရည်ရွယ်မှန်းထား၍ "ဟတ္ထဝိကာရေန ဒုတိယံ အာမန္တေတွာ ဟတ္ထဝိလဃ်ကေန ဥပဋ္ဌပေမ" ဟု ဆိုပါသည်။

ပဉ္စာဟိကံ အဓိပ္ပါယ်

ပဉ္စာဟိကံ ခေါ ပန-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို အကျယ်အားဖြင့် ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် ပဉ္စာဟိကံ ခေါ ပနာတိ၊ ပဉ္စာဟိကံ ခေါ ပန-ဟူသည်။ [တဆဲ့လေးရက်မြောက်သောနေ့၌ဝင်း၊ တဆဲ့ငါးရက်မြောက်သောနေ့၌ဝင်း၊] လဆုတ်လကွယ် ရှစ်ရက် နေ့၌ဝင်းဤသည် ရှေးဦးစွာ ပကတိ တရားနာ သောနေ့ဟု ဆိုလိုပါသည်၊ ထိုနေ့ကို ပျက်စီးခြင်းကို မပြုမူ၍ ငါးခုမြောက် ငါးခုမြောက် ဖြစ်သောနေ့များ၌လည်း မထေရ်နှစ်ပါးတို့သည် နေမမြင့်သေးသောအချိန်အခါကာလ၌ ရေမိုးချိုးတော်မူကြကုန်ပြီး၍ အနုရုဒ္ဓါ မထေရ်မြတ်၏ သီတင်းသုံးရာ အရပ်သို့ သွားကြပါကုန်သည်၊ ထိုအရပ်၌ သုံးပါးကုန်သော မထေရ်တို့သည် ထိုင်ကြကုန်သည် ဖြစ်၍ သုံးပုံကုန်သော ပိဋကတော်တို့တွင် အမှတ်မထား တပါးပါးသော ပိဋက၌ ပဥာပြဿနာကို မေးမြန်းကြပါကုန်သည်၊ အချင်းချင်းဖြေဆိုကြပါကုန်သည်၊ ဤကဲ့သို့ ပြုလုပ်၍ နေကြကုန်သော ထိုမထေရ်သုံးပါးတို့အား အရုဏ်သည် တက်၍သွားပါသည်၊ ထိုအရုဏ်တက်၍ သွားသည်ကို ရည်ရွယ်မှန်းထား၍ ဆိုလိုပါသည်။

ဤမျှလောက် မထေရ်မြတ်သည် မြတ်စွာဘုရားက မမေ့မလျော့နေခြင်း၏ အကြောင်းရင်းဖြစ်သော လက္ခဏာကို မေးတော်မူသဖြင့် မေ့လျော့သင့် မေ့လျော့ထိုက်သော အရာဌာနတို့၌ပင်လျှင် မမေ့လျော့ခြင်း၏ အကြောင်းကို ဖြေဆိုခြင်း ဖြစ်ပါသည်။

ဗာဟိရကိစ္စတို့၌လည်း မမေ့မလျော့

တပါးကုန်သော ရဟန်းတို့၏လည်း ဆွမ်းခံခြင်းဝတ် ကြွလာသောအခါ ကာလ၌ ထွက်သွားသောအခါကာလ၌ သင်္ကန်းဝတ်ခြင်း,သင်္ကန်းလဲလှယ်ခြင်း, သင်္ကန်းရုံခြင်း, ရှာတွင်း၌ ဆွမ်းအလို့ငှါ လှည့်လည်ခြင်း, တရားဟောခြင်း, အနုမောဒနာပြုခြင်း, ရှာမှထွက်၍ ဆွမ်းကိစ္စကိုပြုခြင်း, သပိတ်ဆေးခြင်း, သပိတ်ကို သိုမှီးခြင်း, သပိတ် သင်္ကန်းကို သိုမှီးခြင်း အစရှိသော ကျယ်ဝန်းသော အလုပ်ရှိကြပါကုန်သည်၊ ထို့ကြောင့် ထိုကဲ့သို့ မမေ့မလျော့အပ်သော ကျယ်ဝန်းသော အလုပ်တို့၌ပင်လည်း မမေ့မလျော့ကြောင်းကို လျှောက်ထားပါသည်၊ ထို့ကြောင့် မထေရ်မြတ်သည် ဘုရားတပည့်တော်တို့ ဤမျှလောက်သော ဌာနကိုလွှတ်၍ မေ့လျော့သော ကာလမည်သည် မရှိပါဟု ပြလိုသည်ဖြစ်၍ ပမာဒဋ္ဌာနေသုယော အပ္ပမာဒလက္ခဏံ ဝိဿဇ္ဇေသိ။ ပမာဒဋ္ဌာနေသုယော၊ မေ့လျော့ထိုက်သော ဌာနတို့၌ပင်လျှင်။ အပ္ပမာဒလက္ခဏံ၊ မမေ့မလျော့ခြင်းကို မှတ်ကြောင်း လက္ခဏာကို။ ဝိဿဇ္ဇေသိ၊ ဖြေဆိုတော်မူပါသတည်း။

ပဌမစျာန်ကို မေးမြန်းခြင်း

စူဠဂေါသိင်္ဂတောဠှိ သီတင်းသုံး၍ နေကြကုန်သော အရှင်အနုရုဒ္ဓါ, အရှင်နန္ဒိယ, အရှင်ကိမိလ မထေရ်မြတ်တို့၏ မမေ့မလျော့နေထိုင်ခြင်း၏ အကြောင်းကို မေးတော်မူသည်ဖြစ်၍ မြတ်စွာဘုရားအား မမေ့မလျော့ နေထိုင်ခြင်း၏အကြောင်းကို ဖြေကြားပြီးသော အခါကာလ၌ မြတ်စွာဘုရားက အနုရုဒ္ဓါမထေရ်မြတ်အား ကောင်းချီးနှုမော် သာဓုခေါ်ခြင်းကို ပေးတော်မူပြီး၍ ပဌမစျာန်ကို မေးမြန်းတော်မူလိုသည်ဖြစ်၍—

အတ္ထိ ပန ဝေါ အနုရုဒ္ဓါ ဧဝံ အပ္ပမတ္တာနံ အာတာပီနံ ပဟိတတ္တာနံ ဝိဟရန္တာနံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရော တိ။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ ဧဝံ၊ ဤသို့။ အပ္ပမတ္တာနံ၊ မမေ့မလျော့နေထိုင်ကြကုန်သော။ အာတာပီနံ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လဝီရိယရှိကြကုန်သော။ ပဟိတတ္တာနံ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့

စေလ့ဟတ်သော စိတ်ရှိကြကုန်သော။ ဝါ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလ့ဟတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟာရန္တာနံ၊ နေထိုင်ကြကုန်သော။ ဝေါ၊ သင်ချစ်သားတို့အား။ ဥတ္တရိမနုဿဓမ္မာ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော။ အဓိဂတော၊ ရအပ်သိအပ်သော။ အလမရိယဉာဏဒဿနဝိသေသော၊ အရိယာအဖြစ်ကို ပြုနိုင်သော ဉာဏ် အမြင်အထူးရှိသော။ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရခြင်းသည်။အတ္ထိ ပန၊ ရှိပါသလော။

ဤသို့ မြတ်စွာဘုရားက ပဌမစျာန်ချမ်းသာဖြင့် နေထိုင်နိုင်ကြပါကုန်၏ လော ဟူသော အမေးစကားကို မေးမြန်းတော်မူသော အခါကာလ၌ အရှင် အနုရုဒ္ဓါမထေရ်မြတ်က——

ကိံ ဟိ နော သိယာ ဘန္တေ။ ဣဓ မယံ ဘန္တေ ယာဝဒေဝ အာကခ်ါမ၊ ဝိဝိစ္စေဝ ကာမေဟိ ဝိဝိစ္စ အကုသလေဟိ ဓမ္မေဟိ သဝိတက္ကံ သဝိစာရံ ဝိဝေကဇံ ပီတိသုခံ ပဌမံ စျာနံ ဥပသမ္ပဇ္ဇ ဝိဟရာမ၊ အယံ ခေါ နော ဘန္တေ အမှာကံ အပ္ပမတ္တာနံ အာတာပီနံ ပဟိတတ္တာနံ ဝိဟရန္တာနံ ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင် မြတ်စွာဘုရား။ ကိံ ဟိ နော သိယာ၊ အဘယ်မှာလျှင် မရှိဘဲ ရှိပါတော့အံ့နည်း။ ဘန္တေ၊ ....အရှင်ဘုရား။ မယံ၊ ဘုရားတပည့်တော်တို့သည်။ ဣဓ၊ ဤတောတွင်း၌။ ယာဝဒေဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အာကခ်ါမ၊ အလိုရှိကြပါကုန်၏။ တာဝ၊ ထိုမျှလောက်သော ကာလပတ်လုံး။ ကာမေဟိ၊ ဝတ္ထုကာမကိလေသာကာမတို့မှ။ ဝိဝိစ္စေဝ၊ ကင်း၍ ဆိတ်၍သာလျှင်။ အကုသလေဟိ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မေဟိ၊ နိဝရဏတရားတို့မှ။ ဝိဝိစ္စဝေ၊ ကင်း၍ ဆိတ်၍သာလျှင်။ သဝိတက္ကံ၊ ဝိတက်နှင့်လည်းတကွဖြစ်သော။ သဝိစာရံ၊ ဝိစာရနှင့်လည်းတကွဖြစ်သော။ ဝိဝေကဇံ၊ နိဝရဏတို့မှ ကင်းခြင်း ဆိတ်ခြင်းကြောင့် ဖြစ်သော။ ပီတိသုခံ၊ ပီတိသုခရှိသော။ ပဌမံ၊ ရှေးဦးစွာသော။ စျာနံ၊ စျာန်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟရာမ၊ နေထိုင်ကြပါကုန်သည် ဘုရား။ ဘန္တေ၊ ဘုန်းတော်ခြောက်ပါးသခင် ကျေးဇူးရှင်မြတ်စွာဘုရား....။

အယံ၊ ဤကဲ့သို့ ပဌမစျာန်ဖြင့် နေထိုင်ခြင်းသည်။ အပ္ပမတ္တာနံ၊ မမေ့မလျော့သော သတိတရား ရှိကြကုန်သော။ အာတာပီနံ၊ ကိလေသာကို ပူပန်စေတတ်သော လုံလရှိကြကုန်သော။ ပဟိဘတ္တာနံ၊ ကိုယ်နှင့်အသက် မငဲ့ကွက်ဘဲ နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကြကုန်သည်ဖြစ်၍။ ဝိဟာရန္တာနံ၊ နေကြကုန်သော။ အမှာကံ၊ ဘုရားတပည့်တော်ဘို့အား။ ဥတ္တာရိမနုဿဓမ္မာ၊ လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်လွန်မြတ်သော။ အလမရိယဉာဏဒဿနဝိသေသော၊ အရိယာပုဂ္ဂိုလ်အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော။အဓိဂတော၊ ရအပ် သိအပ်သော။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရခြင်းပင် ဖြစ်ပါတော့သည် အရှင်ဘုရား။

ဥတ္တာရိမနုဿဓမ္မ အဓိပ္ပါယ်

ဤကဲ့သို့ မြတ်စွာဘုရားက မေးတော်မူ၍ အနုရုဒ္ဓါမထေရ်မြတ်က ဖြေကြားလျှောက်ထားအပ်သော စကားရပ်တွင် အတ္ထိ ပန ဝေါ·အစရှိသော စကားအစဉ်၌ ဥတ္တာရိမနုဿဓမ္မ-ဟူသော ပုဒ်၏အဓိပ္ပါယ်ကို အကျယ်ဖွင့်ပြလိုသော အဋ္ဌကထာဆရာမြတ်သည် တတ္ထ ဥတ္တာရိမနုဿဓမ္မာတိ-အစရှိသည်ကို မိန့်ဆိုပါသည်။

မနုဿဓမ္မတော၊ လူတို့၏ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက်။ ဥတ္တာရိ၊ အလွန်ဖြစ်သောဟု အဓိပ္ပါယ်ကို ဖွင့်ပြပါသည် ဘုရား။

အလမရိယဉာဏဒဿနဝိသေသော

ထို့နောက် အလမရိယဉာဏဒဿနဝိသေသော-ဟူသော ပုဒ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် အလမရိယဉာဏဒဿနဝိသေသော ဟူသည်ကား။ အရိယဘာဝကရဏသမတ္ထော၊ အရိယာ အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော။ ဉာဏဝိသေသော၊ ဉာဏ်အမြင်အထူးတည်း။

ကိ ံ ဟိ နော သိယာ

ထို့နောက် အရှင်အနုရုဒ္ဓါသည် လျှောက်ထားအပ်သော ကိ ံ ဟိ နော သိယာ ဘန္တေ-ဟူသော စကား၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌ

ကထာဆရာမြတ်သည် ကိ ံ ဟိ နော သိယာ ဘန္တေတိ၊ ....ဘန္တေ-ဟူသည်ကား။ ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....။ကသ္မာ၊ အဘယ့်ကြောင့်။ နာဓိဂတော၊ မရမရှိခြင်းသည်။ ဘဝိဿတိ၊ ဖြစ်ပါအံ့နည်း။ အဓိဂတောယေဝ၊ ရအပ်, သိအပ်သည်သာလျှင်တည်း။ ဤသို့ ဖွင့်ပြပါသည် ဘုရား။

ယာဝဒေဝ-ဟူသော ပုဒ်ကိုလည်း ယာဝဒေဝါတိ။ ယာဝဧဝ၊ အကြင်မျှလောက်သော ကာလပတ်လုံးသာလျှင် ဟူ၍ ဖွင့်ပြပါသည်။

ဒုတိယစျာန် စသည်

ဤကဲ့သို့ ပဌမစျာန်ကို မေးမြန်းရာ၌ ပဌမစျာန်ဖြင့် အလိုရှိသလို နေနိုင်ကြောင်းကို ဖြေကြားပြီးသည်၏ အခြားမဲ့၌လည်း ထိုနည်းတူစွာ ဒုတိယစျာန် အစရှိသည်တို့ကိုလည်း မြတ်စွာဘုရားသည် မေးမြန်းတော်မူပါသည်။

ဧဝံ၊ ဤသို့။ ပဌမဇ္ဈာနာဓိဂမေ၊ ပဌမစျာန်ရခြင်းကို။ ဗျာကတော၊ ပြောကြားအပ်ပြီးသည်ရှိသော်။ ဒုတိယဇ္ဈာနာဒီနံ၊ ဒုတိယစျာန်အစရှိသည်တို့ကို။ ပုစ္ဆန္တော၊ မေးမြန်းတော်မူလိုသည်ဖြစ်၍။ ဧတဿ ပန ဝေါတိ အာဒိ ံ၊ ဧတဿ ပန ဝေါ-ဤသို့ အစရှိသည်ကို။ အာဟ၊ ဟောတော်မူပါသည်။

ဤကဲ့သို့ ပဌမစျာန်ရရှိခြင်း၏ အကြောင်းကို ဖြေကြားပြီးသော အခါ ကာလ၌ မြတ်စွာဘုရားသည်—

သာဓု သာဓု အနုရုဒ္ဓါ၊ ဧတဿ ပန ဝေါ အနုရုဒ္ဓါ ဝိဟာရဿ သမတိက္ကမာယ ဧတဿ ဝိဟာရဿ ပဋိပဿဒ္ဓိယာ အတ္ထညော ဥတ္တရိမနုဿဓမ္မာ အလမရိယဉာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ-စသည်ဖြင့် မေးမြန်းပြန်ပါသည် အရှင်ဘုရား။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့....။ သာဓု သာဓု၊ ကောင်းပေစွ ကောင်းပေစွ။ အနုရုဒ္ဓါ၊ ချစ်သားအနုရုဒ္ဓါတို့....။ဧတဿ ဝိဟာရဿ၊ ဤပဌမစျာန်သမာပတ်ဖြင့် နေထိုင်ခြင်းကို။ သမတိက္ကမာယ၊ ကောင်းစွာ လွန်မြောက်ခြင်း အကျိုးငှါ။ဧတဿ ဝိဟာရဿ၊ ဤပဌမစျာန် သမာဓိဖြင့် နေထိုင်ခြင်းကို။ ပဋိပဿဒ္ဓိယာ၊ ငြိမ်းအေးစေခြင်း အကျိုးငှါ။ အညော၊ ပဌမစျာန်မှ တပါးသော။ ဥတ္တရိမနုဿဓမ္မာ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်

သော။ အလမရိယဉ္ဇာဏဒဿနဝိသေသော၊ အရိယာ အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော။အဓိဂတော၊ရအပ် သိမြင်အပ်သော။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရမှုသည်။ အတ္ထိ၊ ရှိပါသလော။

သမတိက္ကမာယ စသည်

ဤသို့စသောအားဖြင့် ပဌမစျာန်ကို မေးပြီးသည်၏ အခြားမဲ့၌ ဒုတိယစျာန် အစရှိသည်တို့ကို မေးမြန်းတော်မူပြန်ပါသည်။ ထို့ကဲ့သို့ မေးမြန်းရာ၌ သမတိက္ကမာယ ဟူသော ပါဠိတော်၏အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည် သမတိက္ကမာယာတိ သမတိက္ကမတ္ထာယ-ဟု ဖွင့်ပြပါသည်ဘုရား။ သမတိက္ကမတ္ထာယ၊ ကောင်းစွာ လွန်မြောက်ခြင်း အကျိုးငှါဟု ဆိုလိုပါသည်။ ပဋိပဿဒ္ဓိယာ ဟူသော ပုဒ်၏အဓိပ္ပါယ်ကိုလည်း ပဋိပဿဒ္ဓတ္ထာယ-တဖန် ငြိမ်းအေးစေခြင်း အကျိုးငှါ ဟူ၍ ဖွင့်ပြပါသည်ဘုရား။ ကြွင်းသော ပါဠိတော်စကားရပ်တို့၌ ဆိုအပ်ခဲ့ပြီးသော နည်းအားဖြင့် သိအပ်ပါသည်၊ နောက်ဆုံး ဖြစ်သော ပြဿနာဌ်မူကား လောကုတ္တရာဉာဏ်အမြင်၏ အစွမ်းအားဖြင့် ရအပ် သိအပ်သော နိရောဓသမာပတ်ကို မြတ်စွာဘုရားသည် မေးမြန်းတော်မူလိုသည် ဖြစ်၍——

နိရောဓသမာပတ်ကို မေးခြင်း

သာဓု သာဓု အနုရုဒ္ဓါ၊ တေဿ ပန ဝေါ အနုရုဒ္ဓါ ဝိဟာရဿ သမတိက္က-မာယ တေဿ ဝိဟာရဿ ပဋိပဿဒ္ဓိယာ အတ္ထညော ဉတ္တရိမနုဿဓမ္မာ အလမရိယဉ္ဇာဏဒဿနဝိသေသော အဓိဂတော ဖာသုဝိဟာရောတိ-ဟူ၍ မြတ်စွာဘုရားသည် နောက်ထပ်တဖန် မေးမြန်းပြန်ပါသည် အရှင်ဘုရား။

အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့.... ။ သာဓု သာဓု။ ကောင်းပေစွ ကောင်းပေစွ။ အနုရုဒ္ဓါ၊ အနုရုဒ္ဓါတို့.... ။ ဝေါ၊ သင်ချစ်သားတို့အား။ တေဿ ဝိဟာရဿ၊ ဤ နေဝသညာနာသညာယတနသမာပတ်ဖြင့် နေထိုင်ရခြင်းကို။ သမတိက္က-မာယ၊ ကောင်းစွာ လွန်မြောက်ခြင်း အဟူငှါ။ တေဿ ဝိဟာရဿ၊ ဤ နေဝသညာနာသညာယတန သမာပတ်ဖြင့် နေထိုင်ခြင်းကို။ ပဋိပဿဒ္ဓိ-ယာ၊ တဖန် ငြိမ်းအေးစေခြင်းအကျိုးငှါ။ အညော၊ နေဝသညာနာသညာယတန သမာပတ်မှ တပါးသော။ ဉတ္တရိမနုဿဓမ္မာ၊ လူတို့၏ ကုသိုလ်ကမ္မပထတရား ဆယ်ပါးထက် လွန်မြတ်သော။ အလမရိယဉ္ဇာဏဒဿနဝိသေသော၊

မြတ်သော အရိယာအဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင် အထူးရှိသော။ အဓိဂတော၊ ရအပ်သိအပ်သော။ ဖာသုဝိဟာရော၊ ချမ်းသာစွာ နေရခြင်းသည်။ အတ္ထိ၊ ရှိပါသလော။

အရှင်အနုရုဒ္ဓါ လျှောက်ပြခက်း

ဘန္တေ၊ ကျေးဇူးကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....။ ကိ ံ ဟိ နော သိယာ၊ အဘယ်မှာလျှင် မဖြစ်ဘဲ ရှိပါတော့အံ့နည်း။ ဘန္တေ၊ ဘုန်းတော် ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....။ကုဓ၊ ဤတောတွင်း၌။မယံ၊ ဘုရား တပည့်တော်တို့သည်။ ယာဝဒေဝ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ အာကခ်ိမ၊ ဝင်စားခြင်းငှါ အလိုရှိကြပါကုန်၏။ တာဝဒေဝ၊ ထိုမျှလောက် သော ကာလပတ်လုံး။ သဗ္ဗသော၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ နေဝသညာနာသညာယတနံ၊ နေဝသညာနာသညာယတနသမာပတ်ကို။ သမတိက္ကမ္မ၊ ကောင်းစွာ လွန်မြောက်ပြီး၍။ သညာဒေဝယိတနိရောဓံ၊ သညာဝေဒနာတို့၏ အကြွင်းမဲ့ ချုပ်သော နိရောဓသမာပတ်ကို။ ဥပသမ္ပဇ္ဇ၊ ပြည့်စုံစေ၍။ ဝိဟာရာမ၊ နေကြပါကုန်သည်ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား....။ နော၊ ဘုရားတပည့်တော်တို့၏။ပညာယစ၊အရိယာပညာဖြင့်လည်း။ဒိဿ၊ ရှုမြင်ကြ ကုန်သည်ဖြစ်၍။အာသဝါ၊ အာသဝေါတရားတို့သည်။ပရိက္ခီဏာ၊ ကုန်ခန်းကြ ပါကုန်ပြီ ဘုရား။

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသောမြတ်စွာဘုရား....။ ဧတဿ ဝိဟာရဿ၊ ဤကဲ့သို့ နေဝသညာနာသညာယတနသမာပတ်ဖြင့် နေထိုင်ခြင်းကို။ သမတိက္ကမာယ၊ ကောင်းစွာ လွန်မြောက်ခြင်းငှါ။ ဧတဿ ဝိဟာရဿ၊ ဤနေဝသညာနာသညာယဘနသမာပတ်ဖြင့် နေထိုင်ခြင်းကို။ ပဋိပဿဒ္ဓိယာ၊ တဖန် ငြိမ်းအေးစေခြင်း အကျိုးငှါ။ ဥတ္တရိမနုဿဓမ္မာ၊ လူတို့၏ ကုသိုလ်ကမ္မ ပထတရား ဆယ်ပါးထက်လွန်မြတ်သော။ အလမရိယဉာဏဒဿနဝိသေသော၊ အရိယာ၏အဖြစ်ကို ပြုခြင်းငှါ စွမ်းနိုင်သော ဉာဏ်အမြင်အထူးရှိသော။ အဓိ-ဂတော၊ ရအပ်သိအပ်သော။ အညော၊ တပါးသော။ ဖာသုဝိဟာရော၊ ချမ်းသာစွာနေထိုင်ရခြင်းသည်။ အယံ၊ ဤနိရောဓသမာပတ်ပင် ဖြစ်ပါတော့ သည်ဘုရား။

ဒီဃနခက်း ၂-၁၉

နိရောဓသမာပတ်ထက် လွန်သောချမ်းသာ မရှိ

ဘန္တေ၊ ဘုန်းတော်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား.... ။ ဣမမှာစ ဖာသုဝိဟာရာ၊ ဤနိရောဓသမာပတ်ဖြင့် နေထိုင်ရခြင်းမှ ။ ဥတ္တာရိတာရုံဝါ၊အထူး သဖြင့် သာလွန်သည်လည်း ဖြစ်သော ။ ပဏီတတာရုံဝါ၊ အထူးသဖြင့် မြတ်သည် လည်း ဖြစ်သော ။ အညံ၊ တပါးသော ။ ဖာသုဝိဟာရံ၊ ချမ်းသာစွာနေရခြင်း ကို ။ မယံ၊ ဘုရားတပည့်တော်တို့သည် ။ နသမနုပဿာမ၊ မတွေ့မမြင်ကြရ ကုန်ကော့ပါ အရှင်ဘုရား ။

ဤကဲ့သို့ အရှင်အနုရုဒ္ဓါအရှင်မြတ်က ရဟန်းသုံးပါးတို့သည် တောတွင်း၌ နိရောဓသမာပတ်ကို ဝင်စား၍ အလိုရှိတိုင်း နေထိုင်သည့် အကြောင်းကို လျှောက်ထားသော ပါဠိတော်စကားရပ်၌ အလမရိယဉာဏဒဿနဝိသေသော-အစရှိသော စကားကို လျှောက်ထားပါသည်၊ မထေရ်မြတ်သည်လည်း ပုစ္ဆာအားလျော်သဖြင့် ဖြေကြားတော်မူပါသည် ။

ဝေဒယိတသုခထက် အဝေဒယိတသုခက မွန်မြတ်၏

ထိုစကားရပ်၌ အကြင့်ကြောင့် ခံစားရသော ဝေဒယိတသုခထက် ခံစားအပ်သော သဘောမရှိသော အဝေဒယိတသုခသည် သာလွန်၍ ငြိမ်သက်၏၊ သာလွန်၍ မွန်မြတ်သည် ဖြစ်ပါ၏၊ ထို့ကြောင့် ထိုနိရောဓသမာပတ်ထက် လွန်မြတ်သော သမာပတ်ကို ချမ်းသာစွာ နေရခြင်းကို မတွေ့မမြင်ရပါဘုရား ဟု "အညံ ဖာသုဝိဟာရံ ဥတ္တာရိတရံ ဝါ ပဏီတတရံ ဝါ န သမနုပဿာမ"၊ ဟူ၍ လျှောက်ထားပါသည်ဘုရား ။

မြတ်စွာဘုရား ပြန်ကြသည့်အခါ

ဤကဲ့သို့ လျှောက်ထားပြီး၍ မြတ်စွာဘုရားသည် သာဓုနုမော်ခေါ်၍ သပိတ်သင်္ကန်းကိုယူ၍ နေရာမှထ၍ ကြွတော်မူသောအခါ ကျောင်းပရိဝုဏ်အတွင်း တောဝတ်သို့ ရောက်သည်တိုင်အောင် မထေရ်မြတ်သုံးပါးတို့သည် မြတ်စွာဘုရားအား သပိတ်သင်္ကန်းကိုယူ၍ လိုက်ပို့ကြပါကုန်သည်ဘုရား၊ ထိုကဲ့သို့ လိုက်ပို့ကုန်သော ရဟန်းသုံးပါးတို့အား မြတ်စွာဘုရားသည် အခါကာလအား လျော်ပတ်သော တရားစကားဖြင့် ချီးမြှောက်တော်မူပါသည်၊ ကောင်းစွာ ရှင်ပြစေပါသည်၊ ကောင်းစွာ ထက်စေပါသည် ။

ဓမ္မိယာ ကထာယ

ဤသို့ အစရှိသော စကားရပ်ဖြင့် မြတ်စွာဘုရားသည် ချီးမြှောက်တော်မူသောအခါကာလ၌ ဓမ္မိယာ ကထာယ-ဟူသော စကားကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်သည်—

ဓမ္မိယာ ကထာယာတိ၊ ဓမ္မိယာ ကထာယ-ဟူသည်ကား။ သာမဂ္ဂိရသာ-နိသံသပ္ပဋိသံယုတ္တာယ၊ အညီအညွတ် နေထိုင်ရခြင်းကြောင့် ဖြစ်သော အရသာ၏ အကျိုးအာနိသင်နှင့် ယှဉ်စပ်သော။ ဓမ္မိယာ၊ တရားနှင့် ယှဉ်စပ်သော။ ကထာယ၊ စကားဖြင့်။ သမုတ္တေဇေတိ၊ ကောင်းစွာ ထက်စေပါသည်ဘုရား။

သာမဂ္ဂိရသကိုသာ ဟောရခြင်းမှာ

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တေ၊ ထိုရဟန်းတော်သုံးပါးတို့သည်။ စတူသု၊ လေးပါးကုန်သော။ သစေ့သု၊ သစ္စာတရားတို့၌။ ပရိနိဋ္ဌိတ-ကိစ္စာ၊ ပြီးဆုံးပြီးသောကိစ္စ ရှိကြပါကုန်သည်ဘုရား။ တေန၊ ထို့ကြောင့်။ တေသံ၊ ထိုရဟန်းတော်သုံးပါးတို့အား။ ပဋိဝေဓတ္ထာယ၊ ထိုးထွင်း၍ သိခြင်းအကျိုးငှါ။ ကိဉ္စိ၊ တစုံတခုသော။ ဂဃေတဗ္ဗံ၊ ဟောပြောအပ်သော တရားစကားသည်။ နတ္ထိ၊ မရှိတော့ပါပြီ။ ပန၊ သို့သော်လည်း။ သာမဂ္ဂိရသေန၊ အညီအညွတ်နေထိုင်ရခြင်းကြောင့် ဖြစ်သော အရသာအားဖြင့်။ အယဉ္စ အယဉ္စ အာနိသံသောတိ၊ ဤသည်လည်း ဤသည်လည်း အကျိုးအာနိသံသတည်းဟု။ သာမဂ္ဂိရသာနိသံသမေဝ၊ အညီအညွတ် နေထိုင်ရခြင်းကြောင့် ဖြစ်ပေါ်သော အရသာ၏ အကျိုးတရားကိုသာလျှင်။ နေသံ၊ ထိုရဟန်းတို့အား။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ကထေသိ၊ ဟောကြားတော်မူပြီ။ ဤသို့ ဓမ္မိယာ ကထာယ-ဟူသော ပုဒ်ကို ဖွင့်ဆိုအပ်ပါသည်ဘုရား။

လိုက်ပို့ရာမှ ပြန်လာကြပုံ

ထိုအခါ မြတ်စွာဘုရားကို အစဉ်လိုက်၍ ပို့ကြပြီး၍ မြတ်စွာဘုရား၏ သပိတ်သင်္ကန်းကိုယူ၍ မြတ်စွာဘုရား ခွင့်ပြုသည့် အရပ်မှ ပြန်လာခဲ့သည့် အကြောင်းကို—

ဘဂဝန္တံ အနုသံယာယိတ္ဝာတိ၊ ဘဂဝန္တံ အနုသံယာယိတ္ဝာ-ဟူသည်ကား။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ အနုဂန္ဓာ၊ အစဉ်လိုက်ပို့ကြကုန်ပြီး၍။ တေ၊ ထိုရဟန်းတော်တို့သည်။ ဘဂဝတော၊ မြတ်စွာဘုရား၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ ဂဟေတ္ဝာ၊ ယူ၍။ ထောကံ၊ အနည်းငယ်။ အာဂမံသုကိရ၊ လိုက်၍သွားကြကုန်သတတ်။ အထ၊ ထိုအခါ၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိဟာရဿ၊ ကျောင်း၏။ ပရိဝေဏပရိယန္တံ၊ စည်းရိုးပရိဝုဏ်အဆုံးသို့။ ဂတ-ကာလေ၊ ရောက်သောအခါကာလ၌။ မေ၊ ငါဘုရား၏။ ပတ္တစီဝရံ၊ သပိတ်သင်္ကန်းကို။ အာဟရထ၊ ဆောင်ယူခဲ့ကြကုန်လော့။ တုမ္ဟေ၊ သင်ချစ်သားတို့သည်။ ဣဓေဝ၊ ဤအရပ်၌သာလျှင်။ တိဋ္ဌထ၊ ရပ်တည်ရစ်ကြကုန်လော့။ ဣတိ၊ ဤသို့။ ဝတ္ဝာ၊ ဆို၍။ ပက္ကာမိ၊ ဖဲကြတော်မူပါသည်။ တတော ပဋ္ဌ-နိဝတ္တိတ္ဝာတိ၊ တတော ပဋ္ဌနိဝတ္တိတ္ဝာ-ဟူသည်ကား။ တတောဋ္ဌိတဋ္ဌာနတော၊ ထိုရပ်ရာအရပ်မှ။ နိဝတ္တိတ္ဝာ၊ ပြန်လည်ဆုတ်နစ်ခဲ့ကြကုန်ပြီး၍။

အရှင်အနုရုဒ္ဓါအား အပြစ်တင်ကြပုံ

ကျောင်းသို့ ရောက်သောအခါ အရှင်နန္ဒိယနှင့် အရှင်ကိမိလတို့က “အရှင်အနုရုဒ္ဓါမထေရ်မြတ်ဘုရား....။အရှင်ဘုရားကို တပည့်တော်တို့သည် ဤမည် ဤမည်သော သမာပတ်ကို ဝင်စား၍ နေကြပါကုန်သည်၊ ဤမည် ဤမည်သော ဝိဟာရနှင့် နေထိုင်ကြပါကုန်သည် ဟူ၍ မလျှောက်ထား မပြောကြားပါဘဲနှင့် အရှင်ဘုရားသည် တပည့်တော်တို့၏ ဤမည် ဤမည်သော သမာပတ်နှင့် နေထိုင်ပုံ၊ ဤမည် ဤမည်သော ဝိဟာရရှိပုံကို မြတ်စွာဘုရားအား လျှောက်ထားရလေသလော” ဟူ၍ စောဒနာဝင်ကြပါသည်ဘုရား။

ဤကဲ့သို့ စောဒနာဝင်သောစကား၌ ကိ ံ နု ခေါ မယံ အာယသ္မာတော-အစရှိသော စကား၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာ မြတ်သည်—

ကိ ံ နု ခေါ မယံ အာယသ္မာတောတိ၊ ကိ ံ နု ခေါ မယံ အာယသ္မာတော-ဟူသည်ကား။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ နိဿာယ၊ အမှီပြု၍။ ပဗ္ဗဇ္ဇာဒိနိ၊ ရဟန်းအဖြစ် အစရှိသည်တို့ကို။ အဓိဂန္ဆာပိ၊ ရပင်ရငြားကုန်သော်လည်း။ အတ္တာနေ၊ မိမိ၏။ ဂုဏကထာယ၊ ဂုဏ်ကျေးဇူးကို ပြောကြားသော စကား၌။ အဋ္ဌိယမာန၊ ရှက်နိုးတော်မူကြကုန်သည်ဖြစ်၍။ အဓိဂမပ္ပိစ္ဆတာယ၊ တရား

အထူးကို သိခြင်း၌ နည်းပါးသော အလိုရှိသည်၏ အဖြစ်ကြောင့်။ အာဟံသု၊ ပြောကြားကြပါကုန်ပြီ။ ဤကဲ့သို့ အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်ဘုရား။

ဣမာသဉ္ဇ ဣမာသဉ္ဇာတိ၊ ဣမာသဉ္ဇ ဣမာသဉ္ဇ-ဟူသည်ကား။ပဌမဈာ-နာဒီနံ၊ ပဌမစျာန် အစရှိကုန်သော။ လောကိယလောကုတ္တရာနံ၊ လောကီ လောကုတ္တရာတရားတို့၏။

ဤသမာပတ်တို့ကို ဝင်စားတဲ့အကြောင်းကို အရှင်ဘုရားအား တပည့်တော်တို့ မပြောကြားရပါကုန်၊ တပည့်တော်တို့က မပြောကြားပါဘဲနှင့် အရှင်ဘုရားသည် တပည့်တော်တို့ ဝင်စားပုံကို မြတ်စွာဘုရားအား လျှောက်ထားခြင်းသည် ရှက်နိုးယောင် ရှိလှပါသည်ဟု လျှောက်ထားကြပါကုန်သည်ဘုရား။

အဘိညာဉ်ဖြင့် သိခြင်း

ထိုအခါ အရှင်အနုရုဒ္ဓါမထေရ်မြတ်က "ငါ့ရှင်တို့က ငါ့အား ဤကဲ့သို့ မပြောကြားသည်ကား မှန်ပေ၏၊ သို့ရာတွင် ငါသည် ငါ၏စိတ်ဖြင့် ငါ့ရှင်တို့၏ ဝင်စားသော သမာပတ်ကို သိရပေသည်၊ နတ်တို့ကလည်း ငါ့ရှင်တို့သည် ဤမည် ဤမည်သောနေ့၌ ဤမည် ဤမည်သော သမာပတ်ဖြင့် နေထိုင်ကြသည့် အကြောင်းကို လျှောက်ထားလှာသည်၊ ထို့ကြောင့် ငါသည် သိရပေသည်" ဟူ၍ အရှင်အနုရုဒ္ဓါမထေရ်မြတ်က ပြန်ပြောအပ်သော စကားရပ်၌-

စေတသာ စေတော ပရိစ္စ ဝိဒိတောတိ၊ စေတသာ စေတော ပရိစ္စ ဝိဒိတော-ဟူသည်ကား။ အဇ္ဇ၊ ယနေ့။ မေ၊ ငါ၏။ အာယသ္မန္တော၊ အရှင်ကောင်းတို့သည်။ လောကိယသမာပတ္တိယာ၊ လောကီသမာပတ်ဖြင့်။ ဝီတိ-နာမေသုံ၊ ကုန်လွန်စေကြကုန်ပြီ။ အဇ္ဇ၊ ယနေ့။ လောကုတ္တရာယ၊ လောကုတ္တရာ သမာပတ်ဖြင့်။ ဝီတိနာမေသုံ၊ ကုန်လွန်စေကြကုန်ပြီ။ ဣတိဧဝံ၊ ဤသို့။ စိတ္တေန၊ မိမိစိတ်ဖြင့်။ စိတ္တံ၊ သီတင်းသုံးဘော်တို့၏ စိတ်ကို။ ပရိစ္ဆိန္ဒိတ္ဒာ၊ ပိုင်းခြား၍။ ဝိဒိတံ၊ သိအပ်ပြီ။ ဤသို့ ဖွင့်ပြပါသည်ဘုရား။

နတ်တို့က လျှောက်ထားခြင်း

နတ်တို့က လာရောက်၍ လျှောက်ထားသော အကြောင်းကိုလည်း ဒေဝတာပိ မေတိ၊ ဒေဝတာပိ မေ-ဟူသည်ကား။ ဘန္တေ အနုရုဒ္ဓ၊ အို အရှင်

အနုရုဒ္ဓါဘုရား.... ။အင်္ဂ၊ ယနေ့။ အယျော နန္ဒိယတ္ထရော၊ အရှင်နန္ဒိယမထေရ်သည်။အင်္ဂ၊ ယနေ့။အယျော ကိမိလော ထေရော၊ အရှင်ကိမိလမထေရ်သည်။ ဣမာယ စ ဣမာယ စ သမာပတ္တိယာ၊ ဤမည်ဤမည်သော သမာပတ်ဖြင့်လည်း။ ဝိတိနာမေသိ၊ ကုန်လွန်စေပါပြီ။ ဣဘိဝေံ၊ ဤသို့။ အာရောစေသုံ၊ လျှောက်ထားကြကုန်ပြီ။ ဣတိအတ္ထော၊ ဤကား အနက်ဟူ၍ အဌကထာဆရာမြတ် မိန့်ဆိုအပ်ပါသည်။

မြတ်စွာဘုရားမေး၍ ဖြေခြင်းဖြစ်သည်

ထိုမှ နောက်၌ အရှင်အနုရုဒ္ဓါမထေရ်မြတ်က မြတ်စွာဘုရားသည် ပဥ္စာပြဿနာ မေးအပ်သည်ဖြစ်၍ ဖြေဆိုသောကိစ္စမှာ ငါ့အား မနှစ်သက်စရာမရှိပါ ဟူ၍ ပြန်ကြားသော စကားရပ်၌—

ပဥ္စာဘိပုဋ္ဌေနာတိ၊ ပဥ္စာဘိပုဋ္ဌေန-ဟူသည်ကား။ မယာ၊ ငါသည်။ တမ္မိ၊ ထိုငါရှင်တို့ဝင်စားသော သမာပတ်ကိုလည်း။ သယံ၊ကိုယ်တိုင်။ ဝိဒိတံ၊ သိအပ်ပြီ။ ဒေဝတာဟိ၊ နတ်တို့သည်။ အာရောစိတံ၊ ပြောကြားအပ်၏။ ဣတိ၊ ဤသို့။ တ္တေကေနေဝ၊ ဤမျှလောက်ဖြင့်သာလျှင်။ မေ၊ ငါ၏။ မုခံ၊ ခံတွင်းသည်။ သင်္ခံ၊ ပြောကြားခြင်းငှါ စွမ်းနိုင်ပါ၏။ ဝါ၊ ပြောကြားခြင်းငှါလျှောက်ပတ်ပါ၏။ ဣတိ၊ ဤသို့။ ကထံ၊ စကားကို။ သမုဋ္ဌာပေတ္ဝာ၊ ဖြစ်စေပြီး၍။ အပုဋ္ဌေနေဝ၊ မမေးမမြန်းဘဲနှင့်။ မေ၊ ငါသည်။ နကထိတံ၊ မပြောကြားအပ်ပါ။ ပန၊ စင်စစ်သော်ကား။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ပဥ္စာဘိပုဋ္ဌေန၊ ပြဿနာကို ရှေးရှု၍မေးတော်မူသဖြင့်။ ပဥ္စံ၊ ပြဿနာကို။ အဘိပုစ္ဆိတေန၊ ရှေးရှု၍မေးမြန်းတော်မူသဖြင့်။ ဝါ၊ မေးမြန်းတော်မူသည်။ သတာ၊ ဖြစ်၍သာလျှင်။ ဗျာကတံ၊ ဖြေကြားအပ်ပါသည်။ တတြ၊ ထိုသို့မေး၍ ဖြေကြားရာ၌လည်း။ မေ၊ ငါ့အား။ ကိံ နု ရောစထ၊ အဘယ်ကြောင့်မနှစ်သက်နိုင်ဘဲ ရှိကြပါကုန်သနည်းဟု လျှောက်ထားဖြေဆိုပါသည်ဘုရား။

နတ်ဘီလူးက ကြေညာခြင်း

ထိုကဲ့သို့ မထေရ်မြတ်တို့ အချင်းချင်း ပြောဆိုသော စကားရပ်ကို **ဒီဃပရဇန** အမည်ရှိသော နတ်ဘီလူးကို ဝေဿဝဏ်နတ်မင်းကြီးက မြတ်စွာဘုရား၏ သပိတ် သင်္ကန်းကို ယူဆောင်ရန် စေလွှတ်လိုက်ပါသည်၊ ထိုစေလွှတ်

လိုက်သော ဒီဃပရဇန အမည်ရှိသော နတ်ဘီလူးက ဘုရားကြွသွားပြီးသည့် နောက်အဘို့၌ မထေရ်မြတ်တို့သည် အဘယ်စကားကို ပြောကြားကြလေကုန် သနည်း ဟူ၍ ကိုယ်ရောင်ကို ဖျောက်၍ မထင်ရှားသောကိုယ်ဖြင့် နားထောင် သောအခါ မထေရ်အချင်းချင်း ပြောပြသော စကားကို ကြားရပါသည်၊ ကြားရသည်ဖြစ်၍ ဤမျှလောက် မိမိတို့ တရားထူး ဂုဏ်အထူးကို လျှို့ဝှက် လိုသော မထေရ်တို့၏ အကြောင်းကို လောကဓာတ်တခုလုံး သိအောင်ကြေ ညာမည် ဟူ၍ နတ်၏တန်ခိုးအားဖြင့် ကြေညာလိုက်သည်မှာ ဗြဟ္မာ့ပြည် အထိ ထိုမထေရ်မြတ်တို့၏ ဂုဏ်တန်ခိုးတို့သည် ဂုဏ်ကျေးဇူးတို့သည် ပြန့်နှံ့၍ သွားသည်ဟု ဟောတော်မူပါသည်ဘုရား။

ဒီဃပရဇန နတ်ဘီလူး

ထိုကဲ့သို့ ဟောတော်မူသော ပါဠိတော်ရပ်၌ ဒီဃော-ဟူသော ပုဒ်၏ အဓိပ္ပါယ်ကို ဖွင့်ပြတော်မူလိုသော အဋ္ဌကထာဆရာမြတ်က ဒီဃောတိ၊ ဒီဃော ဟူသည်ကား။ မဏိ မာဏိဝရော ဒီဃော၊ အထော သေရိသကော သဟ-ဤသို့လာသော နှစ်ကျိပ်ရှစ်ယောက်ကုန်သော နတ်စစ်သူကြီးတို့တွင် တယောက် အပါအဝင် ဟူ၍ ဆိုပါသည်။ ပရဇနော-ဟူသည် ထိုနတ်ဘီလူး၏ အမည်ပင် ဖြစ်ပါသည်။

ယေန ဘဂဝါ တေနုပသင်္ကမိ-ဟူသည်ကား ထိုနတ်ဘီလူးသည် အကြင် အရပ်၌ မြတ်စွာဘုရားသည် ရှိ၏၊ ထို့အရပ်သို့ ဝေဿဝဏ်ဟု နတ်မင်းကြီးသည် စေလွှတ်အပ်သည်ဖြစ်၍ ထိုအရပ်သို့ သွားပြီး မြတ်စွာဘုရားကို ကိုယ်တိုင် သပိတ်သင်္ကန်းယူ၍ ဂိဉ္ဇကာဝသထ ဟု ဆိုအပ်သော အုတ်ကျောင်း၌ ရှိသည် ဖြစ်၍ ဂေါသိင်္ဂသာလဝန ဟု ဆိုအပ်သော အင်ကြင်းဥယျာဉ်တော၏ အတွင်း၌ မြင်၍ မြတ်စွာဘုရားသည် ကိုယ်တိုင် သပိတ် သင်္ကန်းကို ယူ၍ ဂေါသိင်္ဂ သာလဝန ဟု ဆိုအပ်သော အင်ကြင်းဥယျာဉ်တော၌ သုံးပါးကုန်သော အမျိုးကောင်းသားတို့၏ အထံသို့ ကြွတော်မူသည်၊ ယနေ့မျှားမြတ်သော ဒေသနာတော်သည် ဖြစ်ပေလိမ့်မည်၊ ငါသည်လည်း ထိုဒေသနာတော်ကို ကြားနာခြင်းအဘို့ ရှိသည်ဖြစ်ရာ၏၊ မထင်မရှားသော ကိုယ်ဖြင့် မြတ်စွာ ဘုရား၏ ခြေရာအစဉ်ကို လိုက်၍ မနီးမဝေးသော အရပ်၌ ရပ်တည်ပြီး တရားကိုနာ၍ မြတ်စွာဘုရား ကြွသွားတော်မူသော်လည်း မပြန်သေးဘဲနှင့် ဆိုင်းငံ့၍ နေရစ်ခဲ့သည့် အကြောင်းကို အဋ္ဌကထာဆရာမြတ် ဖွင့်ပြပါသည်။

ဂုဏ်ကို နှမြောကြကုန်၏

ဣမေ ထေရာ၊ ဤမထေရ်မြတ်တို့သည်။ ကိံ ကရိဿန္တိ၊ အသို့ပြုကြကုန် အံ့နည်း။ ဣတိ၊ ဤသို့။ ဒဿနတ္ထံ၊ ကြည့်ရှုခြင်းအကျိုးငှါ။ တတ္ထဝ၊ ထို အရပ်၌ပင်လျှင်။ ဌိတော၊ ရပ်တည်၍ နေခဲ့၏။ အထ၊ ထိုဒခါ၌။ တေ ဒ္ဝေ ထေရေ၊ ထိုနှစ်ပါးကုန်သော မထေရ်မြတ်တို့ကို။ အနုဂ္ဂဟတ္ထံရံ၊ အနုဂ္ဂဟငှါ မထေရ်ကို။ ပလိဝေဌေန္တော၊ ရစ်ပတ်၍ နေကြသည်တို့ကို။ ဝါ၊ စကားအားဖြင့် စောဒနာတက်၍ ရစ်ပတ်၍ နေကြသည်တို့ကို။ ဒိဿ၊ တွေ့မြင်ရသည် ဖြစ်၍။ ဣမေ ထေရာ၊ ဤမထေရ်မြတ်တို့သည်။ ဘဂဝန္တံ၊ မြတ်စွာဘုရားကို။ နိဿာယ၊ အမှီပြု၍။ ပဗ္ဗဇွာဒယော၊ ရဟန်းအဖြစ် အစရှိကုန်သော။ သဗ္ဗ ဂုဏော၊ ရဟန္တာဖြစ်သည်တိုင်အောင် အလုံးစုံသော ဂုဏ်ကျေးဇူးတို့ကို။အဓိ-ဂန္ဆာပိ၊ ရကြကုန်သော်လည်း။ ဘဂဝတော၀၊ မြတ်စွာဘုရားအားသာလျှင်။ မဉ္ဆရာယန္တိ၊ ပြောပြဘို့ရာ ဝန်တိုနှစ်မြာ၍ နေကြကုန်၏။နသဟန္တိ၊ မပြောရဲကြကုန်။ အဘိဝိယ၊ အလွန်အကဲသာလျှင်။ နိလိယန္တိ၊ ပုန်းကွယ်၍ နေကြကုန်၏။ ပဋိစ္ဆာဒေန္တိ၊ ဖုံးလွှမ်း၍ ထားကြကုန်၏။ ဒါနိ၊ ယခုအခါ၌။ တေသံ၊ ထိုရဟန်းတော်တို့အား။ ပဋိစ္ဆာဒေတုံ၊ ဖုံးလွှမ်းခြင်းငှါ။ န ဒဿာမိ၊ မပေးတော့အံ့။ ပထဝီတော၊ မြေကြီးမှ။ ယာဝဗြဟ္မလောကာ၊ ဗြဟ္မာ့ပြည်တိုင်အောင်။ ဧကေသံ၊ ထိုရဟန်းတော်သုံးပါးတို့၏။ ဂုဏော၊ ဂုဏ်ကျေးဇူးတို့ကို။ ပကာသေဿာမိ၊ ထင်ရှားပြတော့အံ့။ ဣတိ၊ ဤသို့။ စိန္တေတ္ဝာ၊ ကြံစည်၍။ ယေန၊ အကြင်အရပ်၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အတ္ထိ၊ ရှိ၏။ တေန၊ ထိုအရပ်သို့။ဥပသင်္ကမိ၊ ချဉ်းကပ်လေပြီ။ဤကဲ့သို့ ဖွင့်ပြပါသည် အရှင်ဘုရား။

ရှည်မြင့်စွာ ချမ်းသာသုခ ဖြစ်လေရာ၏

ဤကဲ့သို့ မြတ်စွာဘုရားထံသို့ ချဉ်းကပ်၍ ဘီလူးက "ဤအရပ်၌ မြတ်စွာဘုရားသည် သီတင်းသုံးတော်မူ၏၊ ဤ မထေရ်မြတ် သုံးပါးတို့သည်လည်း သီတင်းသုံးတော်မူ၏၊ ဝဇ္ဇီတိုင်းသားတို့သည် အရေတော်လေစ့ မြတ်စွာဘုရား" ဟူ၍ လျှောက်ထားသောအခါ မြတ်စွာဘုရားက နောက်ထပ်တဖန် ဘီလူး လျှောက်ထားသော စကားကို "မှန်ပေ၏" ဟု ထောက်ခံ၍ မြတ်စွာဘုရား ကိုယ်တော်မြတ်က "အကြင်အမျိုးအိမ်မှ ဤမထေရ်တို့သည်ထွက်၍ ရဟန်းပြုကြကုန်၏၊ ထိုမထေရ်မြတ်တို့၏ သီလအစရှိသော ဂုဏ်ကျေးဇူးတို့ကို

အောက်မေ့ကြသော အမျိုးသည် ရှည်မြင့်စွာသော ကာလပတ်လုံး ကျေးဇူး ရှိရာ၏၊ ထို့အတူ အနှယ်၊ ထို့အတူ ရွာသူရွာသား၊ ထို့အတူ ဇနပုဒ်သူ ဇနပုဒ်သား၊ ထို့အတူ မြို့သူမြို့သား၊ ထို့အတူ ဒိစတြိတ်သူ ဒိစတြိတ်သား၊ ထို့အတူ တိုင်းသူပြည်သား၊ ထို့အတူ နတ်နှင့်တကွသောလူ၊ ထို့အတူ မင်းနှင့် တကွသော လောကလူသား အပေါင်းသည် ထိုမထေရ်မြတ်တို့၏ သီလအစရှိ သော ဂုဏ်ကျေးဇူးကို အာရုံပြု၍ ကြည်ညိုနိုင်ကြမူကား ရှည်မြင့်စွာသော ကာလပတ်လုံး ချမ်းသာခြင်း အကျိုးငှါ ဖြစ်လေရာ၏”ဟူ၍ မြတ်စွာဘုရား သည် ဟောကြားတော်မူပါသည်။

ပုဒ်-အဖွင့်များ

အနုဿာဝေသုန္တိ၊ အနုဿာဝေသုံ-ဟူသည်ကား။မဟန္တံ၊ ကြီးစွာသော။ သဒ္ဒံ၊ အသံကို။ သုတ္ဝာ၊ ကြားကြ၍။ သာဝေသုံ၊ အဆင့်ဆင့် ကြားကြလေ ကုန်ပြီ။ သဗ္ဗတ္ထ၊ အလုံးစုံသော ပုဒ်တို့၌။ သေ နယော၊ ဤနည်းသည်လျှင် နည်းရှိ၏။

ယာဝဗြဟ္မလောကာတိ၊ ယာဝဗြဟ္မလောကာ-ဟူသည်ကား။ ယာဝ အကနိဋ္ဌဗြဟ္မလောကာ၊ အကနိဋ္ဌဗြဟ္မာ့ဘုံတိုင်အောင်။ တဉ္စေပိ ကုလန္တိ၊ တဉ္စေပိ ကုလံ-ဟူသည်ကား။ အမှာကံ၊ ငါတို့၏။ ကုလတော၊ အမျိုးမှ။ နိက္ခမိတ္ဝာ၊ ထွက်၍။ ဣမေ ကုလပုတ္တာ၊ ဤအမျိုးကောင်းသားတို့သည်။ ပဗ္ဗဇိတာ၊ ရဟန်းပြုခဲ့ကြလေကုန်၏။ ဧဝံ၊ ဤသို့။ သီလဝန္တော၊ သီလကျေးဇူးနှင့် ပြည့်စုံကြလေကုန်၏။ ဂုဏဝန္တော၊ ဂုဏ်ကျေးဇူးနှင့် ပြည့်စုံကြပေကုန်၏။ အာစာရသမ္ပန္နာ၊ အကျင့်အာစာရနှင့် ပြည့်စုံကြပေကုန်၏။ ကလျာဏဓမ္မာ၊ ကောင်းသော အကျင့်တရားရှိကြပေကုန်၏။ ဣတိဧဝံ၊ ဤသို့။တဉ္စေပိ ကုလံ၊ ထိုအမျိုးသည်လည်း။ ဧတေ တယော ကုလပုတ္တေ၊ ဤသုံးယောက်ကုန်သော အမျိုးကောင်းသားတို့ကို။ ပသန္နစိတ္တံ၊ ကြည်ညိုသောစိတ်ကို။ အနုဿရေယျ၊ အောက်မေ့ရာ၏။ ဣတိဧဝံ၊ ဤသို့။ သဗ္ဗတ္ထ၊ အလုံးစုံသော အရာဌာနတို့၌။ အတ္ထော၊ အနက်ကို။ ဒဋ္ဌဗ္ဗော၊ မှတ်အပ်၏။

ဤသို့ မြတ်စွာဘုရားသည် အနုသန္ဓေအားလျော်စွာသာလျှင် ဒေသနာ တော်ကို ပြီးဆုံးစေပါသည် အရှင်ဘုရား။

စီစစ်ခက်း ၂-၂၀

ထိုသို့ ပြီးဆုံးသော အခါကာလ၌ **ဒီဃပရဇနအမည်ရှိသော** နတ်ဘီလူးသည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော **စူဠဂေါသိင်္ဂ** ဒေသနာတော်မြတ်ကို လှန်မင်းစွာ အားရမ်းနှစ်သက် ဝမ်းမြောက်ခြင်း ရှိသည်ဟူ၍ နိဂုံးချုပ်ပါသည် အရှင်ဘုရားတို့။

စူဠဂေါသိင်္ဂသုတ် စီစစ်ခဏ်း ပြီး၏

မဇ္ဈိမနိကာယ် စီစစ်ခဏ်း ပြီးပြီ

၅-၆-၁၀-၈—၁၀၀၁—၂၅-၂-၅၉—၃၀၀၀။

ပြင်ဆင်ဖတ်ရှုရန်

စာမျက်နှာ	ကြောင်းရေ	ဤကို	ဤသို့ဖတ်ပါ
၁၂	၇	ယင်းသိ	ယင်းသို့
၁၇	၉	သက်နှ်းကိ	သက်နှ်းကို
၁၇	၂၃	ရတော်မသော	ရတော်မူသော
၁၇	၂၆	ထိသို့	ထိုသို့
၂၁	၈	ဆိတဲ့	ဆိုတဲ့
၂၃	၂၃	အကုန်လံး	အကုန်လုံး
၂၅	၂၄	မရပါဘးတဲ့	မရပါဘူးတဲ့
၂၆	၂၂	သားချင်လို့	သွားချင်လို့
၃၀	၂၁	တောထွက်တယ်ဆိတာ	တောထွက်တယ်ဆိုတာ
၃၇	၂၃	ပူဆေးရမယ်	ပူဆွေးရမယ်
၃၈	၂၆	ဒီလိ	ဒီလို
၄၀	၁၈	သွားပုံကိရင်း	သွားပုံကိုရင်း
၄၂	၈	သိဖြစ်ပါသောကြောင့်	သို့ဖြစ်ပါသောကြောင့်
၄၅	၁၃	ထားတယ်လိ	ထားတယ်လို့
၄၉	၂၀	ထုတ်ဆောင်နိုင်ဘိရာ	ထုတ်ဆောင်နိုင်ဘို့ရာ
၅၀	၂၅	မဟုတ်ပါဘးတဲ့	မဟုတ်ပါဘူးတဲ့
၅၁	၇	လုပ်နေကြမလဲလိ	လုပ်နေကြမလဲလို့
၅၂	၁၆	ဒါပေမယ်လိ	ဒါပေမယ်လို့
၅၂	၁၇	ပါပြီလားလိ	ပါပြီလားလို့
၅၆	၆	သူတိက	သူတို့က
၅၆	၂၄	ဝေဒိတဗ္ဗာ-လိ	ဝေဒိတဗ္ဗာ-လို့
၅၇	၁	အကျင့်တေတဲ့	အကျင့်တွေတဲ့
၆၀	၁	အဘမဲ့ကဲ့သိ	အဘမဲ့ကဲ့သို့
၆၃	၂၂	သမ္ပာဒေထ-လိ	သမ္ပာဒေထ-လို့
၆၅	၂၁	နှစ်တိပတ်လုံး	နှစ်တို့ပတ်လုံး
၇၃	၉	စာချန်တော်ကိ	စာချန်တော်ကို

စီစစ်ခဏ်း ၂–၂၁

စာမျက်နှာ	ကြောင်းရေ	ဤကို		ဤသို့ဖတ်ပါ
၉၂....	....၂၀....	....မဟာထေရ်တိကို....	....	....မဟာထေရ်တို့ကို.
၉၉....	.... ၂....	....အသက်တမ်းတည်။	....	....အသက်တမ်းသည်။
၁၀၃....	.... ၅....	....ဤသိ....	....	....ဤသို့
၁၀၆....	....၁၁....	....သွားခြင်းသိ	....	....သွားခြင်းသို့
၁၃၄....	....၂၆....	....တရားနှစ်ပါးတိတ္ထင်	....	....တရားနှစ်ပါးတို့တွင်
၁၉၄....	....၁၉....	....ထိုကဲ့သိ	....	....ထိုကဲ့သို့
၁၉၈....	.... ၆....	....အမေ့ခံတိ	....	....အမေ့ခံတို့
၂၂၅....	.... ၁....	....အဘိရှိသော	....	....အဘို့ရှိသော
၂၃၆....	....၂၁....	....မိမိကိုင်တိုင်	....	....မိမိကိုယ်တိုင်
၂၅၅....	....၁၂....	....နေကြကုန၏	....	....နေကြကုန်၏